# သခင်ဘသောင်း

# ပန်းသာမစာအုပ်



[illegible]

“.... သခင်ဘသောင်းသည် မြန်မာဂန္ထဝင်တွင် *ပန်းသာမစာအု* တည်းဟူသော မယ်က်ဆိုးလေး တစ်ယောက်ကို ဖန်တီးပေးလိုက်လေပြီ။.... ဖတ်သူတို့၏ စိတ်နှလုံးကို သိမ်းကျုံးဆွဲငင်နိုင်သော သတ္တိကို ထောက်၍ ဝေဖန်ရပါမူကား *ပန်းသာမစာအု* သည် ခေတ်မြန်မာဝတ္ထုများအနက် ပြိုင်ဘက်ကင်းသောဝတ္ထု ဖြစ်ပေသည်။”

[ **ဦးသန့်**၊ ပန်းတနော် အမျိုးသားကျောင်းအုပ်ကြီး ]

“စာအုပ်ကို စ၍ ဖတ်မိသည်နှင့်တစ်ပြိုင်နက် မလွှတ်နိုင်တော့ပြီ။ .... *ပန်းသာမစာအု*ကို ဖွဲ့နေသောကြောင့် နံနက်သုံးနာရီတီးမှ အိပ်ရာထဲ ဝင်လေသည်။ အိပ်ရာထဲ ရောက်သော်လည်း သူ၏စိတ်ထဲတွင် စာအုပ်၏ အရသာကို ခံစားနေသောကြောင့် တော်တော်နှင့် အိပ်မပျော်နိုင်။”

[ **သိပ္ပံမောင်ဝ**၊ နိုဝင်ဘာ ၁၉၃၉. ]

“မြန်မာဝတ္ထုလောကတွင် ဩဇာကြီးမားသော ဝတ္ထုတစ်ပုဒ် ဖြစ်လာ၏။”

**မလိခ**၊ မြန်မာဝတ္ထုအညွှန်း ]

# သခင်ဘသောင်း [ ၁၉၀၁-၁၉၈၁ ]

မကွေးတိုင်း နတ်မောက်မြို့နယ် ဌေးရိုးဒိုင်ကုန်းရွာတွင် အဖ ဦးမြစ်၊ အမိ ဒေါ်လေးခင်တို့က ၁၉၀၁ ခုနှစ် ဖေဖော်ဝါရီ ၇ ရက် ကြာသပတေးနေ့တွင် ဖွားမြင်သည်။ မွေးချင်း လေးယောက်အနက် ဒုတိယမြောက် ဖြစ်သည်။

၁၉၀၆ ခုနှစ်တွင် တောင်တွင်းကြီးမြို့ ဗိမာန်ကျောင်း၌ မြန်မာစာ စတင်သင်ကြားသည်။ ထို့နောက် မြို့သစ်မြို့ ဦးစိုးမင်း၏ တိုင်းရင်းမြန်မာမူလတန်းကျောင်း၊ တောင်တွင်းကြီးမြို့ အင်္ဂလိပ်-မြန်မာ အစိုးရအလယ်တန်းကျောင်း၊ မန္တလေးမြို့ ဗုဒ္ဓသာသန နုဂ္ဂဟ အထက်တန်းကျောင်း (B.T.N)တို့တွင် ပညာသင်ကြားခဲ့သည်။ ၁၉၂၀ ပြည့်နှစ် ဆယ်တန်းတွင် ပညာသင်ကြားနေစဉ် ကိုလိုနီ ပညာရေးစနစ်ကို သပိတ်မှောက်ခဲ့ပြီးနောက် ၁၉၂၁ ကျောင်းမှ ထွက်ခဲ့ကာ နိုင်ငံရေးလောကသို့ ဝင်ခဲ့သည်။

၁၉၂၂-၂၃ ခုနှစ် အမျိုးသားကျောင်းများ ပေါ်ပေါက်လာသောအခါ မန္တလေး၊ ရွှေဘို၊ ပုသိမ်မြို့များတွင် စေတနာ့ဝန်ထမ်း အမျိုးသားကျောင်းဆရာအဖြစ် ဝင်ရောက် အမှုထမ်း သည်။ ၁၉၂၄-၂၅ ခုနှစ်တွင် နယူးဘားမား အင်္ဂလိပ်သတင်းစာ လက်ထောက်အယ်ဒီတာ၊ ထို့နောက် အတွင်းဝန်ရုံးရှိ ကင်းဝန်မင်းကြီး ပိဋကတ်တိုက်တွင် လက်ထောက် ပိဋကတ်တိုက်မှူး၊ ဂန္ထလောကမဂ္ဂဇင်း မြန်မာပိုင်း တည်းဖြတ်သူ၊ မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်း၏ အတွင်းရေးမှူး၊ တို့ဗမာအစည်းအရုံး၏ အာဘော်ဖြစ်သော တို့ဗမာသတင်းစဉ် အတွဲ(၁)၊ အမှတ် (၁)ကို စီစဉ်ထုတ်ဝေခဲ့သည်။ သခင်အမည်ကို စတင် သုံးစွဲသူ ဖြစ်သည့်ပြင် တို့ဗမာအစည်းအရုံး စတင် တည်ထောင်သူများအနက် တစ်ဦးအပါအဝင် ဖြစ်ခဲ့သည်။ ၁၉၄၂ ခုနှစ် ဂျပန်ခေတ်ဦးတွင် ဘာသာပြန်ဌာန၌ ခေတ္တဝင်ရောက်လုပ်ကိုင်ခဲ့သည်။ လွတ်လပ်ရေး ရပြီးနောက် မြန်မာ့ရုပ်ရှင် အဆင့်အတန်း မြှင့်တင်ရေး အကဲဖြတ်အဖွဲ့ဝင်၊ 'မြန်မာနှင့်ကမ္ဘာ' စာစောင် အယ်ဒီတာအဖွဲ့ဝင်၊ အသံလွှင့်ရုံ ပြန်ကြားရေးဌာန၊ ပြန်ကြားရေးရုံး စိစစ်ရေးမှူး၊ ရုပ်ရှင်စိစစ်ရေး အဖွဲ့တို့တွင်လည်း တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

၁၉၁၉ ခု ရှစ်တန်းကျောင်းသား ဘဝကပင် ဗဟိုစည်သတင်းစာတွင် မြန်မာဘာသာဖြင့် လည်းကောင်း၊ နယူးဘားမား သတင်းစာတွင် အင်္ဂလိပ်ဘာသာဖြင့် လည်းကောင်း ဆောင်းပါးများ စတင် ရေးသားခဲ့သည်။ ၁၉၂၇ ခုနှစ်ထုတ် ဂန္ထလောက မဂ္ဂဇင်း၏ တတိယအကြိမ်မြောက် ဘာသာပြန်ပြိုင်ပွဲမှ စတင်၍ ငါးကြိမ်ဆက်တိုက် ပထမဆု ရရှိခဲ့သည်။ ထင်ရှားသည့် စာအုပ်များမှာ ဆရာဝန်ပါပဲ(၁၉၂၈)၊ ပန်းသာမစာအု(၁၉၃၆)၊ တိုက်သဘော်ဝံပုလွေ (၁၉၄၀)၊ တိုင်းပြည့်ရှန်သူ (၁၉၄၁)၊ တစ်ထောင့်တစ်ည (၁၉၅၈)၊ မျက်မမြင် တိုင်းပြည် (၁၉၆၀)၊ သူစိုးအာမက် (၁၉၆၁)၊ ဒေးဗစ်ကော့ပါးဖီး(၁၉၆၁)၊ ဗုဒ္ဓ၏ စကြဝဠာတရား (၁၉၇၅) တို့ ဖြစ်ကြသည်။ 'ကမ္ဘာ့ရာဇဝင်ချုပ်' ဖြင့် ဝေလမင်းသားဆု(၁၉၂၉-၃၀)၊ 'ကမ္ဘာပတ်လည် ရက်ရှစ်ဆယ်'ဖြင့် ယူနက်စကို ဘာသာပြန်ဆု (၁၉၅၉-၆၀)၊ ၁၉၈၀ ပြည့်နှစ် ဇွန်လ ၇ ရက်နေ့တွင် နိုင်ငံတော်ကောင်စီ၏ နိုင်ငံ့ဂုဏ်ရည် ပထမဆင့်ဘွဲ့ ချီးမြှင့်ခြင်း ခံရသည်။

၁၉၈၁ ခုနှစ် ဧပြီလ ၂၁ ရက်၊ ညနေ ၅ နာရီ ၃၀ မိနစ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ဇနီး ဒေါ်သန်းကြည်နှင့် သားတစ်ယောက်၊ သမီးတစ်ယောက် ကျန်ရစ်ခဲ့သည်။

## နဂါးနီစာအုပ်တိုက်ထုတ် ပန်းသာမစာအု စာအုပ်မှ
## ဆရာမောင်ထင်၏ နိဒါန်း

သခင်ဘသောင်းကို ကျွန်ုပ် သိရှိရသည်မှာ သခင်ဘဝနှင့် သိရှိရခြင်း မဟုတ်၊ **စာရေးဆရာ** ဦးဘသောင်း ဘဝနှင့် သိရှိရခြင်း ဖြစ်ချေသည်။

**သခင်ဘသောင်းကို**လည်း ကျွန်ုပ် ယခု နိဒါန်းရေးသည့် အချိန်အထိ **မှတ်မှတ်ရရ** နှစ်ခါမျှသာ မြင်ဖူးသည်။ မြင်ဖူးသည် ဆိုရာ၌လည်း ကိုယ်တိုင် ကိုယ်ကျပ် တွေ့ကြုံဖူးသည်လည်း မဟုတ်၊ ကျောင်းနေစဉ်က တက္ကသိုလ် သမဂ္ဂ စကားပြောပွဲ တစ်ခုတွင် နိုင်ငံရေးစကား ထ ၍ ပြောဆိုသည်ကို မှတ်မိသည်။ ရန်ကုန်ညစျေးတန်း ကျူလယာဆိုင်ရှေ့တွင် လောင်းကွတ် အင်္ကျီရှည်ကြီးကို ဖိုသီဖတ်သီ ဝတ်၍ သံတိုသံစ ကိရိယာများကို ကိုင်တွယ် ၍ ကြည့်ရှုနေသည်ကိုလည်း မြင်ဖူးလိုက်သည်။ သို့ဖြစ်၍ ကျွန်ုပ်နှင့် သခင် ဘသောင်း ဆက်သွယ်ရေးမှာ ၎င်း၏ အရေးအသားမှ တစ်ဆင့် ဆက်သွယ် ရခြင်းပင် ဖြစ်သည်။ ဤသို့ ဆက်သွယ်ရာ၌ ကျွန်ုပ်သည် သခင်ဘသောင်း ၏ နိုင်ငံရေးဝါဒ၌ သဘောပေါက်လောက်အောင် နိုင်ငံရေးအထုံ မပါသော် လည်း သူ၏ စာပေဝါဒ၌ သဘောချင်း ကြိုက်ညီသော စာပေအထုံ ပါခဲ့လေ သည်။ ယင်းသို့ ဖြစ်ရကား ယခု သူရေးသော စာကို နိဒါန်းသွယ်ရခြင်းသည် ကျွန်ုပ်၏ ထူးမြတ်သော လာဘ်သပ်ပကာကြီး ဖြစ်ရုံမျှမကသေး၊ စိတ်ကြီး ဝင်စရာလည်း ဖြစ်ချေသေးသည်။

ရာပြည့်စာအုပ်တိုက်

သို့သော် သူ၏စာကို နိဒါန်းဆင်ရာ၌ စာပေအရေးအသားတွင် ထိုမျှ ထက်မြက်သော ဉာဏ်စွမ်းရှိသူ တစ်ဦးအား ထိုထက်မြက်မှုနှင့် လိုက်လျောစွာ သူ၏ ဉာဏ်စွမ်းနှင့် လက်စလက်နကို ထုတ်ဖော်ရန် အရေးမှာ မလွယ်ကူလှကြောင်းကို သိရသောအခါ မိမိ စိတ်ကြီး ဝင်ခဲ့သမျှတို့မှာ ရှက်စရာချည်းပင် ဖြစ်၍ နေလေသည်။ သို့သော် ရှက်သွေးကြောင့် ကျွန်ုပ်မှာ မရေးဝံ့ဝံ့၊ ရေးဝံ့ဝံ့ မဖြစ်ခဲ့။ သခင်ဘသောင်း ကဲ့သို့သော စာရေးဆရာ တစ်ဦးသည် ကျွန်ုပ်တို့ အမွှမ်းတင်မှပင် ထင်ရှားတော့မည် မဟုတ်။ သူ၏ ကာမာဝစရနှင့် သူ အကျိုးပေးမည် ဖြစ်သည်။ သို့သော် ကျွန်ုပ်မှာ ပွဲဦးထွက် အပျိုတော် သဘောမျှသာ ဖြစ်ချေရကား ရွှေပွဲလာ ပရိသတ်တို့၏ စိတ်ဇော အာသာကို ပိုမို တက်ကြွစေနိုင်လျှင် ကျွန်ုပ်၏ လိုရင်းသည် အပြီးသို့ တိုင်ပေသည်။

သခင်ဘသောင်းသည် ယခုခေတ် မြန်မာစာပေ တည်းဟူသော ဇာတ်ခုံပေါ်တွင် "ဆရာဝန်ပါပဲ" ဟူသော ပြဇာတ်ကလေးနှင့် စခန်း ထ သည်။ မူရင်းစာရေးဆရာ မော်လရဲသည် ဤလူ့လောကကြီးကို ထိမထင် ပြက်ရယ်ပြုသည်၊ သရော်သည်၊ လှောင်သည်၊ ရွတ်ချသည်၊ ရွဲ့ရှာသည်။ လောကီသားတို့ အဖို့ လောကကြီးသည် နှစ်လို့ဖွယ် ဖြစ်သည်။ ဘဝသည် တပ်မက်ဖွယ် ဖြစ်သည်။ သို့သော် ကံအကြောင်းတရား၏ ဖောက်လှဲ ဖောက်ပြန် ပြုကျင့်ခြင်းကို ခံရဖူးသူတို့အဖို့ လူလောကနှင့် လူ့ဘဝကြီးတစ်ခု လုံးသည် ရယ်စရာသက်သက်ကြီး ဖြစ်သည်။ မော်လရဲသည် ဟက်ဟက် ပက်ပက် ရယ်လေသည်။ သို့သော် သူ၏မျက်စိ၌ မျက်ရည်စကလေးတွေ စု၍ နေလေသည်။ မော်လရဲ ဤသို့ ရယ်ခြင်းမှာ လောကကြီးသည် ပျော်စရာ ကောင်း၍ ရယ်ခြင်း မဟုတ်။ သူ၏အဆုံးသည် ဒုက္ခတည်းဟူသော သစ္စာတရားတစ်ခုကို မြင်၍ လူ့ဘဝ၏ လေးနက်သော အဓိပ္ပာယ်ကို ကြံဆ မိခြင်းကြောင့် ဖြစ်သည်။ ထိုကြောင့် သူ၏ စာတို့မှာ ရယ်စရာဟု ဆိုသော် လည်း ရယ်ရန်မျှကိုသာ မရည်ရွယ်။ လောကဇာတ်ခုံပေါ်တွင် ရယ်စရာ

အပိုင်းမှ နေ၍ နက်နက်နဲနဲ တွေးတောစရာ အခန်းသို့ ဆောင်ကြဉ်းတတ်သည်မှာ မော်လရဲ၏ ဉာဏ်စွမ်းပင် ဖြစ်သည်။ လူ့ဘဝကို တွေးတောဆင်ခြင်မှု၌လည်း မဆုံးသေး။ လူ့ဘဝ၏ နက်နဲသော အဓိပ္ပာယ်ကို ဖော်ပြချေသေးသည်။ ဤသို့ ဆောင်စွမ်းနိုင်ရန်မှာလည်း ရှေးဘုံပေါ်မှာ စံရသူတို့သည် မည်ကဲ့သို့ ဘဝ၏ လေးနက်သော အဓိပ္ပာယ်ကို တွေ့နိုင်ချေမည်နည်း။ လောကထဲတွင် အထွေအထူး တွေ့ဖူး သိဖူး၊ ကြားဖူး မြင်ဖူး၊ ခံဖူး စံဖူးသူတို့၏ အရသာ သာလျှင် ဖြစ်သည်။ ထို လောက၏ အရသာအမျိုးမျိုးကို ခံစားဖူးသူ ရေးသော ထိုစာမျိုး မြန်မာပြည်တွင် ရှားပါးလှသည်။ အကြောင်းမူကား မြန်မာပြည်သည် ဘယ်ခေတ် ဘယ်ခါကမှ မနှိုင်း မယှဉ်သာသော ဒုက္ခ သုခတို့နှင့် တွေ့ကြုံခဲ့ရဖူးသေးသည် မဟုတ်။ ဤထမင်းရည်ချောင်းစီးနေသော မြန်မာပြည်၊ ရှေးခေတ်ဝယ် စာရေးဆရာတို့သည် ရွှေထီးရွှေနန်း ရွှေကြငှန်း ရွှေစေတီတို့နှင့်သာလျှင် ရင်းနှီးနေခဲ့ရသဖြင့် လူ့ဘဝဟူသည် ရွှေရောင်ထလျက် ပြိုးပြိုးပြက်ပြက် တစ်ခဲနက်လျှင် မက်စရာကြီး တစ်ခုဟု ထင်မြင်ခဲ့ကြလေသည်။

ယင်းကဲ့သို့ ရယ်ရာမှ ဣန္ဒြေဆည်ယူရသော၊ ဟားတိုက်နေရင်း မျက်ရည်လည်ရသော အရေးအသားမျိုးကို မြန်မာစာပေတွင် ဖြည့်စွက်သူမှာ သခင်ဘသောင်း ဖြစ်လေသည်။ ဘာသာပြန်မှုသည် လွယ်ယောင်နှင့် ခက်လှသည်။ မြန်မာ့အတွေးနှင့် လူမျိုးခြားအတွေး တူကြသည် မဟုတ်။ အသွင်မတူသည်ကို အိမ်သူဖြစ်အောင် လုပ်ဖို့မှာ မလွယ်ကူ။ သူတစ်ဦး၏ စာကို ဘာသာပြန်ရသည်မှာ သူ၏ အာဘော်ကို သိဦးမှ ဖြစ်မည်။ သူ၏ အာဘောဂကို သိအောင်မှာလည်း သူကဲ့သို့ ဒုက္ခသုခ တွေ့ဖူး ကြုံဖူးဦးမှ ဖြစ်မည်။

သခင်ဘသောင်းသည် ဦးစွာ တီထွင် လမ်းပြပြုသူတို့၏ အရသာကို ကောင်းစွာ ခံစားဖွဲ့ဖူးပြီ။ ဆရာဝန်ပါပဲ ပြဇာတ်ရေးသူ၏ ကျော်စောကိတ္တိကိုလည်းကောင်း၊ သခင်သင်း၏ ဦးစွာ တည်ထောင်ခဲ့ရခြင်းဟူသော ဂုဏ်ကိုလည်းကောင်း ဒို့ဗမာသတင်းစဉ်မှနေ၍ လောကကြီးနှင့်တကွ လောကရှိ

ဘုံသားတို့ကို ဟက်ဟက်ပက်ပက် ပြက်ရယ်ပြုရသော ဇိမ်ကို လည်းကောင်း၊ မင်းတိုင်ပင် အရွေးခံ၍ တိုင်းပြည်ကို စိတ်တိုင်းကျ ကြံစီမံဖန်တီးလိုသော အာသာကို လည်းကောင်း၊ ကြံသမျှ အရေးနိမ့်ရသော ကြမ္မာကံ၏ ဒဏ်ကို လည်းကောင်း၊ ဖောဖောသီသီ ဘဝမှ အချည်းနှီးသော ဘဝသို့ သက်ဆင်းရသော ဒုက္ခ၏ ဝေဒနာကို လည်းကောင်း၊ နာမည်ကျော်ဘဝမှ သူတကာ လက်ညှိုးထိုးခံရသော ဘဝ၏ မချမ်းမြေ့ဖွယ်ကို လည်းကောင်း ဤသို့ လောကဓံ ဟင်းလေးအိုးကြီး၏ အရသာတို့ကို စုံစေ့စွာလျှင် ခံစားခဲ့ဖူးပြီ ဖြစ်လေရကား သခင်ဘသောင်း၏ စာတို့သည် လောကီသားတို့၏ ဖြစ်တတ် ပျက်တတ်သော တရားသဘောများ ပြည့်နှက်လျက် ရှိတတ်သည်။

ယခုတစ်ဖန်တုံလည်း လုံခြုံတိတ်ဆိတ်သော ထောင်နန်းအတွင်းမှ ခန္ဓာကိုယ်သည် ချုပ်ချယ်ခြင်း ခံနေရသော်လည်း စိတ်သည် လွတ်လွတ် လပ်လပ် လှည့်ပတ် သွားလာ ကျက်စားရင်း ဤမည်သော "အု" ၏ အကြောင်းအရာ အတ္ထုပ္ပတ္တိကို ရေးသားလိုက်ပြန်လေပြီ။ ဤစာ၌ မော်လရဲ ကဲ့သို့ ငိုရာမှ ရယ်၊ ရယ်ရာမှ ငိုရသော သဘောမျိုး အကျုံးမဝင်တော့ပြီ။ ပူဆွေး ဝမ်းနည်းစရာတို့ကို အရင်းတိုင်း ဖောက်သည် ချလိုက်လေပြီ။ တောခလေ့၏ သာယာကြည်နူးဖွယ်သော သဘာဝ အတွင်းမှ လောက၏ အကြောင်းကို စားမြုံ့ပြန်ထားလေသည်။ ဒုက္ခ သုခတို့ကြောင့် မတုန်လှုပ်၊ ကောင်းသည် ဆိုးသည် ဟူသော သဘောကို ဂရုမထား၊ မိန်းမ ယောကျ်ား စသည်သော လူ့ဘုံသားတို့ကို ကစားစရာပမာ အလိုရှိတိုင်းသာလျှင် စီမံ ခြယ်လှယ် ဖန်တီးနေသော ကံကြမ္မာ၏ စွမ်းပကားအဟုန်တို့ကို ဤစာတွင်း၌ ထင်လင်းစွာ ပြထားပေသည်။ လူ့ဘဝအကြောင်းကို နက်နဲသိမ်မွေ့စွာ ထုတ်ဖော်၍ လွမ်းခန်းကို ဖော်ထားပေသည်။ လွမ်းခန်း ဆိုသဖြင့်လည်း လွမ်း၍ချည်း နေရန် မဟုတ်။ တရားရစရာတွေ တစ်ပြုံတစ်ခေါင်းကြီး ပါပါသေးသည်။ အလွမ်းဇာတ်သဘောမှာ နိဂုံး၌ စိတ်၏ အေးချမ်း ငြိမ်သက် တည်ကြည်ရာ ဖြစ်သည်။ ဒုက္ခ သုခ ဝေဒနာ ခံစားမှုတို့၏ နောက်ဆုံး၌

တရား တည်းဟူသော အလင်းရောင်၏ အောက်ဝယ် မတုန်မလှုပ် တည်ကြည်သော စိတ်ဓာတ်ကို ရခြင်းသည် ဤစာ၏ သဘောပင် ဖြစ်သည်။ ဆရာဝန်ပါပဲ ဇာတ်နှင့် တစ်ဖက်တစ်လမ်း သမသတ်ဖြစ်သည်ဟု ဆိုရငြားသော်လည်း ဒုံရင်း၌ သဘောတစ်ခုတည်း ပူးပေါင်းမိကြသည်ကို တွေ့ရပေမည်။ အကြောင်းမူကား ဆရာဝန်ပါပဲ ရေးစဉ်က သခင်ဘသောင်းနှင့် ယခု အုကို ရေးသော သခင်ဘသောင်းတို့ နှစ်ဦးစလုံးသည် လူ့ဘဝ၏ နက်နဲသော သဘော အဓိပ္ပာယ်ကို နှစ်ဖက်နှစ်လမ်း ခွ၍ ရှာခဲ့ကြရာ၊ နောက်ဆုံး၌ ခရီး၏ အဆုံးဖြစ်သော လောကဓံတရားတွင် လာ၍ ဆုံတွေ့ကြလေသည်။

ကျွန်ုပ်မှာ သခင်ဘသောင်း၏ ကိုယ်တွင်းရေးကို ရေးနေသည် မဟုတ်။ သူ၏ စိတ်တွင်းရေးကိုသာလျှင် တွေး၍ နေသည်။ ထို့ကြောင့် သူ၏ စိတ်နေစိတ်ထားသည် ဤသို့ ဖြစ်မည်ဟု ခန့်မှန်းရသည်။ မော်လရဲကို ဘာသာပြန်ရာ၌ သခင်ဘသောင်းသည် လူငယ်တို့၏ စိတ်အားထက်သန်မှုဖြင့် လောကကြီးကို ပြက်ရယ်ပြုရင်း ဝမ်းနည်းပူဆွေးစရာတွေ တွေ့ခဲ့ပြီ။ ယခု အုကို ရေးရာ၌ ဝမ်းနည်းပူဆွေးခြင်း ဟူသော လောကဓမ္မကို ကြံ့ကြံ့ခံနိုင်၍ တရားတည်းဟူသော အလင်းရောင်အောက်ဝယ် ငြိမ်သက်သော သမ္မာပတ်ဖြင့် ရေးသည်ဟု သဘောရမိလေသည်။

ကျွန်ုပ်တို့သည် တစ်ရံရောအခါက လူငယ်တို့၏ ခေါင်းဆောင်ဖြစ်ဖူးသူ၊ လူငယ်တို့၏ စိတ်ဓာတ် ထက်သန်ဖူးသူ သခင်ဘသောင်းကို တွေ့ခဲ့ ကြုံခဲ့ရပြီ။ ယခုတစ်မူ လောကဓံတရားတို့ ဖိစီးနှိပ်စက်ခြင်းဖြင့် သံဝေဂ ရ၍ ကံကြမ္မာသဘောကို မတုန်မလှုပ် ခံယူနိုင်သော လူကြီးဘဝသို့ ရေးရှုလာသော ဦးဘသောင်းကို ဤသူ ရေးသော "အု" ကို ဖတ်ရင်း မြင်ကြ တွေ့ကြရပေလိမ့်မည်။

မောင်ထင်

# အခန်း ၁

ပေပင်ကုန်းရွာ တောင်တံခါးအနီးတွင် ပင်လုံး ပုဆိုးနှစ်ပတ်လောက် တုတ်၍ မော်ကြည့်သူတို့ ခေါင်းပေါင်းကျွတ်ခမန်း မြင့်မားခဲ့ညားသော လက်ပံပင်ကြီးသည် မိမိ၏ နီမြန်းသော အပွင့်တို့ဖြင့် သက်ရှိ ယာဉ်ပျံတစ်မျိုးဖြစ်သော ဆက်ရက် အဘိုးအို၊ ဆက်ရက် အမယ်အို၊ ဆက်ရက် အိမ်ထောင်ရှိ၊ ဆက်ရက် အိမ်ထောင်မဲ့၊ ဆက်ရက် တစ်ခုလပ်၊ ဆက်ရက် တစ်မယားကွာ၊ ဆက်ရက် အပျို၊ ဆက်ရက် လူပျို၊ ဆက်ရက် ကျောင်းသား၊ ဆက်ရက် ကျောင်းသူ စသော ဆက်ရက်ပေါင်း များစွာတို့အား ဂုဏ်ရှိဂုဏ်မဲ့ မကျန် ဖိတ်ကြား၍ ဧည့်ခံပွဲကြီး ကျင်းပလျက် ရှိလေသည်။ ကမ္ဗလာနီ အဆင်းကို ဆောင်သော လက်ပံပွင့်တို့သည် မြိန်ရှက်စွာ စားသုံးကြသော ဆက်ရက်တို့အား နတ်သုဓာကို ဆက်ပြီးနောက် မိမိတို့၏ ဝတ္တရားသည် တစ်ပွင့်ပြီး တစ်ပွင့် အလှည့်ကျ စုတေစိတ် ကျရမည် ဖြစ်သည့်အလား လေထဲ၌ စကြာလည်ကာ တဖုတ်ဖုတ် မြေပြင်သို့ သက်ဆင်းလျက် ရှိကြလေသည်။ လက်ပံပင်ခေါင်းကို ပုံးရည်ကျို၍ ငရုတ်သီးထောင်း စပ်စပ်နှင့် ပလုတ်ပလောင်း လွေးလိုကြသော ဇာတိချက်ကြွေ ပေပင်ကုန်းသူ အပျိုဖြန်းကလေး တစ်စုသည် ဓာတ်ဆီမပါ၊ စက်ဆီ မထည့်ရဘဲ ပျံဝဲချင်ရာသို့ ပျံဝဲနိုင်သော မိုးပျံယန္တရား ဆက်ရက်များ၏ ပွဲတော်ကျ လက်ပံပွင့်များကို သူ့ထက်ငါ လုယက်ကာ ကောက်လျက် နေကြလေသည်။

မှာပြည့်စာအုပ်တိုက်

အခါကား နီမြန်းသော အဆင်းရှိသော်လည်း ရန့်ကင်းသဖြင့် "အဆင်းလှဆန်း လူ့ပေါက်ပန်း" ဟု လင်္ကာဓိုရ် ဆရာတို့ စံထား စပ်ဆိုကြသော ပေါက်ပန်းပင်နှင့် လဲ လက်ပံတို့ ဖူးပွင့်ကြသဖြင့် "တပို့တွဲ ပေါက်လဲရယ်တဲ့ ငုံစီစီ၊ ဖူးတံကချို၊ သည်ရာသီ ဘာဟီကွယ့် အပြောင်း" ဟုလည်း ဖွဲ့တတ် နွဲ့တတ်သူတို့ လွမ်းဆွတ်ဖွယ် ဖွဲ့နွဲ့သီဆိုကြသည့် တပို့တွဲ ကုန်၍ တပေါင်းဆန်းစ အခါဖြစ်သည်။ လေရူးတသုန်သုန်ထသော အခါလည်း ဖြစ်သည်။ ပေပင်ကုန်းရွာ တစ်ဝိုက်ရှိ သစ်ပင်ကြီး သစ်ပင်ငယ်တို့လည်း ပူအိုက်သောအခါဖြစ်၍ မိမိတို့၏ အဝတ်အထည်နှင့် တူသော မြရည်စွတ်သည့် စိမ်းစိုဝေဆာသော အရွက်များကို ချွတ်ပယ်ကာ လေညင်းခံလင့်ကြသည်။ ပေါက်ပင်တို့သည် " ပြည်တွင်း အရေး၊ ပေါက်နှင့် ကျေးသို့" ဆိုသကဲ့သို့ ကျေးငှက်၏အရောင်နှင့် ခွဲမရအောင် အစိမ်းရောင်ချင်းတူသော အရွက်ကိုဆောင်သည့် ရွက်ဟောင်းတို့ကို အကုန်အစင်ခြွေ၍ ပေပင်ကုန်းထိပ်က လက်ပံပင်မင်းကြီးကို အားကျမခံလိုသည့်အလား ပင်လုံးကျွတ် ပွင့်၍နေကြသဖြင့် တစ်တောလုံး နီမြန်းလျက် ရှိလေသည်။ ထိုကဲ့သို့ ပေါက်လဲတို့သည် သူသာ ငါနိုင် စင်ပြိုင်ပွင့်၍နေကြသော ပူပြင်းသည့် ရာသီတွင် အသက် ငါးဆယ်ကျော် ခြောက်ဆယ်တွင်းရှိ အဘိုးအို တစ်ယောက်သည် တောင်းအိုတစ်ခုကိုထမ်း၍ ဘောက်ဆတ်ဘောက်ဆတ်နှင့် ပေတစ်ရာပေါ်မှ လျှောက်၍ ပေပင်ကုန်းရွာဘက်သို့ လာလျက် ရှိလေသည်။

"မြန်မာအို ကျောင်းကြို ကျောင်းကြား" ဟု ဆိုရိုးရှိသကဲ့သို့ အဆိုပါ အဘိုးအိုမှာ အသက်အရွယ် ကြီးရင့်၍ ပုတီးနှင့်နေရန်သာ တော်သော်လည်း အူမ မတောင့်သဖြင့် သီလ စောင့်နိုင်ရှာဟန် မတူချေ။

"ကောက်လျှင်ကြီးဆန် နီတာလံနှင့်၊ ငါးသန်သေးနပ် ရေလုံပြုတ်များနှင့် တစ်လုတ်ကယ် ဝဝစားလိုက်ရ၊ အာဂပါးစပ် လူဖြစ်ကျိုး နပ်လေငဲ့" ဟု ဆိုရမလောက် ဆင်းရဲခြင်းနှင့် ရင်းနှီးစွာ ဆက်ဆံနေသူတို့သည် နေ့စာ နေ့၊ ညစာ ည မရ ရအောင် အပြေးအလွှား ရှာဖွေရခြင်းဖြင့်သာ အချိန်

ကုန်လွန်ရလေသဖြင့် နောင် တမလွန်၏ အကျိုးကို သတိရနိုင်ခဲ့မှု ဖြစ်ပြီး လျှင် နောင်ခါလာ နောင်ခါဈေးကြောင်း ပေါက်ရာကို ရောင်းဖို့သာ အောက် မေ့ကြရလေသည်။

အဆိုပါ တောင်းအိုကို ထမ်း၍လာသော အဘိုးအိုသည် ဖိနပ် မစီး နိုင်သဖြင့် ကွဲ၍နေသော ဖနောင့်နှစ်ဖက်နှင့် ခလုတ်တိုက်၍ ပုပ်သော ခြေမ၊ ပွဲ၍နေသော ခြေသည်းတို့ဖြင့် တန်ဆာဆင်အပ်သော ထိုးကွင်းဒူးကျ ထိုးထား သည့် ပေါင်နှစ်ချောင်းနှင့် ခါးတွင် စည်းထားသော ပုဆိုးဖင်ပေါက်၊ ကျော တွင် အုပ်လျက်ရှိသော သူများ ပေးကမ်းသည့် အင်္ကျီဖားဖားကြီးမှ တစ်ပါး အခြား အဖိုးထိုက် အဖိုးတန် ကိုယ်ပိုင်ပစ္စည်း တစ်စုံတစ်ရာ ရှိဟန် မရသော် လည်း သူ့မျက်နှာထားမှာ ပျော်ပျော်နေ သေခဲ ဆိုသော တရားကို လက်သုံး ထားသည့်အလား ပျော်ရွှင်နေပုံ ရလေသည်။ အဘိုးအိုမှာ ဆေးကောင်း တစ်ခု ရှိဟန်တူသည်။

အကြင်သူသည် မိမိ ခံစားနေရသော ဒုက္ခကို တဒင်္ဂပဟာန်မျှ မေ့ နိုင်သည်ဖြစ်မူ ထိုသူမှာ ထိုခံစားနေရသော ဒုက္ခမှ တဒင်္ဂပဟာန်မျှ ကင်း လွတ်၍ တဒင်္ဂ နိဗ္ဗာန်ကို ရနိုင်လေသည်။ နိဗ္ဗာန်ဆိုသည်မှာ ဒုက္ခတို့ ဆိတ်ရာ ဖြစ်သည်။

အဘိုးအို၏ မျက်နှာကို ကြည့်ရခြင်းအားဖြင့် အဘိုးအိုမှာ ဖြတ်လမ်းမှ သွား၍ နိဗ္ဗာန်ကို ရောက်နေဟန် တူသည်။ အဘိုးအို၏ နိဗ္ဗာန်မှာ တော မထွက်၊ ကမ္မဋ္ဌာန်း မထိုင်၊ ဝိပဿနာ မပွားရဘဲနှင့် ရနိုင်သော နိဗ္ဗာန် ပေတည်း။ လောကတွင် ပျော်ရာ နိဗ္ဗာန်၊ မြိန်ရာ ဟင်းကောင်း ဆိုသည် မဟုတ်လော။ အဘိုးအိုသည် ကန်သာဈေးမှ အပြန်တွင် ဖိုးရွှဲကြီးတို့ ထန်းတောသို့ဝင်၍ “အပျော်ရည်” တစ်မြူကို အုန်းမှုတ်ခွက်ပဲ့တွင် ထန်းစစ် ကြောဖြင့် စစ်၍ ပဲကြီးလှော်ကို တစ်စေ့ချင်းဝါးကာ ကျွတ်တမ်းဝင်ခဲ့လေ ပြီ။ ခရီးသွားခါနီးတွင် ထိုကဲ့သို့ အပျော်ရည်သုံးခြင်းကို သူတို့ အရပ်စကား ဖြင့် မြင်းဖြူစီးသည်ဟု ခေါ်ကြလေသည်။ ဤနည်းဖြင့် မြင်းဖြူစီး၍ ခြေကျင်

လာလျက်ရှိသော အဘိုးအိုသည် အဘယ်မှာ မပျော်ဘဲ ခံနိုင်အံ့တော့နည်း။ အောက်ပြည် အောက်ရွာတွင် အလုပ်ပင်ပန်းစွာ လုပ်ကြရသော ကုလား ကူလီတို့သည် မိမိတို့၏ ပင်ပန်းဆင်းရဲခြင်းမှ တစ်ခဏမျှသော်လည်း ကင်းလွတ်စေခြင်း အကျိုးငှာ ညနေတိုင်း ညနေတိုင်းတွင် ကစော်ဆိုင်၌ အမဲသားဟင်း၊ ငါးကြော် စသည်တို့နှင့် သူ့ထက်ငါ လုယက်ကာ တပျော် တပါးကြီး ကျွတ်တမ်းဝင်ကြခြင်းမှာ ထိုအဘိုးအိုထံမှ နည်းကိုများ ရကြ၍ လော မသိ။

အဘိုးအိုသည် တစ်စုံတစ်ခုသော အရာကို စိတ်ကူး၍ လာလေဟန် ဖြင့် တစ်ခါတစ်ရံတွင် ခေါင်းကို ဆတ်ခနဲ ဆတ်ခနဲ ညိတ်လေသည်။ သို့ရာတွင် စင်စစ်သော်ကား သူ့စိတ်၌ မည်မည်ရရ ဘာမျှ စိတ်ကူးမိခြင်း မရှိချေ။ အဘိုးအိုသည် ပေပင်ကုန်းနှင့် ကန်သာရွာ စပ်ကြားတစ်ဝက် မန်ကျည်းပင်ဟု ခေါ်ကြသော ဇရပ် ဦးပျဉ်းကလေးနှင့် မန်ကျည်းပင်အို ကြီး အနီးသို့ ရောက်သောအခါ မိမိတို့ ပေပင်ကုန်းဘက်မှ ကန်သာသို့ ရှေးရှုသွားလျက် ရှိသော ဖောင်းဝတ်ရောင် မြင်းကို စီး၍လာသည့် ခရီးသွား တစ်ဦးနှင့် တွေ့လေသည်။ ထိုအခါ မြင်းနှင့် လာသော ခရီးသွားက 'ဘယ့် နှယ် မြို့စားကြီး၊ ဘယ်က ကြွလာပါသလဲ' ဟု မေးလေသည်။

အဘိုးအိုက 'အို ကြက်မကလေး နှစ်ကောင်ရှိတာ မနက်က ကန်သာ ဈေးကို သွားရောင်းလာခဲ့ရတယ်။ ပရိယေသန ဝမ်းစာဆိုတော့ လုပ်ရတာပဲ' ဟု ပြန်ပြောလေသည်။

မြင်းနှင့် လာသူက 'လောကဆိုတာ ဒီလိုပေါ့ မြို့စားမင်းရယ်၊ မှန်ကင်း တစ်လှည့်– ထင်း တစ်လှည့်ဆို မဟုတ်လား' ဟု တရားချပြီးလျှင် မြင်းကို လမ်းထိုးစီး၍ သွားလေသည်။ အဘိုးအိုလည်း တောင်းအိုကို ထမ်းမြဲ ထမ်းလျက် ပေပင်ကုန်းဘက်သို့ ဆက်၍ လာခဲ့လေသည်။ နှစ်လှမ်း သုံးလှမ်း လောက် လှမ်းမိသောအခါ အဘိုးအိုသည် တစ်စုံတစ်ခုကို သတိရသည့် ပုံဖြင့် ကပျာကယာ လှည့်တည့်၍ 'နေစမ်းပါဦး ဆရာလေးရာ၊ ဟို တစ်လ

နှစ်လ လောက်တုန်းကလည်း ဆရာလေးနဲ့ ကျုပ်နဲ့ ဒီ မန်ကျည်းပင်ကြီး နားမှာပဲ တွေ့ကြတယ်'

'အင်း၊ ဟုတ်ပေမပေါ့'

'ဒီတုန်းကလည်း ဆရာလေးက ကျုပ်ကို "ဘယ့်နှယ် မြို့စားမင်း၊ ဘယ်က ကြွလာပါသလဲ" လို့ မေးတယ်'

'မေးမိပေမပေါ့'

'အဲဒီ အရင်ကလည်း တစ်ခါ ဒီနားမှာပဲ ထင်တယ်၊ ဟို မြောက်ကျောင်း ဘုန်းကြီးပျံတုန်းက တစ်ခါ တွေ့ကြတယ်'

'ဟုတ်ပါလိမ့်မယ်'

'အဲဒီတုန်းကလည်း ဆရာလေးက ကျုပ်ကို ဒီလိုပဲ "ဘယ့်နှယ်လဲ မြို့စားမင်း၊ ဘယ်က ကြွလာပါသလဲ" လို့ မေးတယ်'

'ဟုတ်ကဲ့၊ မေးမိမပေါ့'

'ဒီတော့ ဆရာလေးရာ၊ ကျုပ်ကို ဘယ်လိုသဘောနဲ့ မြို့စားမင်းလို့ ခေါ်ရတာလဲ။ ကျုပ်ဟာ မြို့စား၊ ရွာစား နေနေသာသာ ဆယ်အိမ်ခေါင်း တောင်မှလည်း မဟုတ်ဘူးဆိုတာ ဆရာလေးလည်း အသိသားပဲ။ ပေပင်ကုန်းက အင်မတန် ဆင်းရဲတဲ့ မိုးပန်းအောင် ဆိုတာလည်း ဆရာလေး အသိပဲနော်။ ဆင်းရဲလွန်းလို့ မနက်ချောက်ချက် ညချောက်ချက်ကလေး အလျှင် မမီ မီအောင် ယင်းကလေးများကို ကန်သာဈေး၊ ရွာသစ်ဈေးကို ဈေးနေ့အခါ ဈေးနေ့အခါ လှည်းနဲ့ သွားသွားပြီး ရောင်းနေရတယ် ဆိုတာလည်း ဆရာလေး သိမှာပေါ့'

'သိပါတယ် မြို့စားမင်း၊ သိပါတယ်'

'ဒီလို သိလျက်များနဲ့ ကျုပ်ကို ဆရာလေးက ဘယ့်နှယ်ကြောင့် မြို့စားမင်း၊ မြို့စားမင်းနဲ့ တစ်ခါလည်း မဟုတ်၊ နှစ်ခါလည်း မဟုတ် တွေ့ဟိုင်း တွေ့ကိုင်းပဲ ခေါ်နေရတာလဲ'

'အို၊ ဒီလို ခေါ်တာကတော့ ကျုပ်ဝါသနာမို့ပဲ ဆိုပါတော့လေ'

ရာပြည့်စာအုပ်တိုက်

'အနို့ ဆရာလေးရာ၊ ဆရာလေး ဝါသနာကလည်း နာပဲ နာနိုင်လွန်းလှတယ်၊ တွေ့တိုင်း....'

'ဒီလိုလေ ဦးပန်းအောင်၊ ဒီလို။ ဦးပန်းအောင်က ဒါလောက် သိချင်လို့ မေးမင့် ကျုပ်ကလည်း ပြောရတာပနော်၊ ဒီလို ဒီလို။ ကျုပ်ကိုတော့ ယင်းမာပင်က ဓာတ်ဆရာ ဆရာချိန် ဆိုတာ သိရဲ့ မဟုတ်လား။ တချို့က လည်း မှတ်စု ဆရာချိန်လို့ ခေါ်တယ်။ ကျုပ်က ရာဇဝင်လေး ဘာလေး လိုက်စား မှတ်သားတတ်လို့'

'ဆရာလေးကို ယင်းမာပင် ဆရာလေး ဆိုတာ ကျုပ်တို့က ကောင်း ကောင်း သိတာပ။ ဆရာလေးကသာ ကျုပ်တို့လို အနုညာတ လူတွေကို မသိချင် မသိမှာပါ ဆရာလေးရဲ'

'နေစမ်းပါဦး ဦးပန်းအောင်ရဲ့၊ ဦးပန်းအောင်ဟာ ပန်းသာမြို့စားရဲ့ အဆက် ဆိုတာ တကယ့်ကိုပဲ မသိဘူးလား'

'မသိပါဘူး ဆရာလေးရာ။ ဘုရားပေးပေး၊ ကျမ်းပေးပေး၊ ပေးချင်တဲ့ သစ္စာပေးပါ။ ဒီအကြောင်းကို ဘာမှ ကျုပ် မသိရိုး အမှန်ပါပဲ'

'ကိုင်း ကိုင်း၊ ဒီအကြောင်း ဦးပန်းအောင် မသိသေးဘူးဆိုမှ ပြောရ တာပနော်။ ကျုပ်ကလည်း သောကြာသားလိုပဲ၊ တယ် လျှာရှည်တယ်။ ကိုင်း လာလာ၊ ဇရပ်ပေါ် ထိုင်ကြဦးစို့။ မတ်တတ်ကြီးဆိုတော့ ဦးပန်းအောင် ညောင်းရော့မယ်'

ဦးပန်းအောင်နှင့် ဆရာချိန်တို့သည် ဇရပ်ဘေးတွင်ရှိသော ရတနာ မဥ္ဇူဘုရားမှ လေသင့်တိုင်း သာယာစွာ မြည်လျက်ရှိသော ဆွဲလဲသံများကို နားခံရင်း ဇရပ် ဦးပျဉ်းကလေးပေါ်၌ ထိုင်ကြလေသည်။

'ဒီလိုဗျ ဦးပန်းအောင်ရဲ့။ ဦးပန်းအောင်ရဲ့ အဘိုးရဲ့ အဘိုးဟာက အလောင်းမင်းတရားကြီးဘုရား လက်ရုံးတစ်ဆူ အားကိုးတော်မူတဲ့ ဝန်ရှင် တော် ဆားကျင်မင်းကြီးရဲ့ သားကြီး ဩရသဗျ။ သူ့ဘွဲ့တော်က နေမျိုး ဗျူဟရာဇာလို့ ခေါ်တယ်။ ဘုရင်မင်းမြတ်ကြီးက မြတ်နိုးတော်မူတာနဲ့ ပန်းသာ

မြို့ကို အပိုင်စားပေးတယ်။ ဆရာတော် ဦးဂန္ဓမာကျောင်းက ကြေးပုရပိုက်ထဲမှာ အဲဒီလိုပဲ အတိအလင်း ဆိုတယ်'

'ကျေးဇူးတင်လိုက်တာ ဆရာလေးရယ်။' ဒီအကြောင်းကို ကျုပ် ဒီတစ်ခါပဲ ကြားဖူးသေးတယ်။ ဆိုစမ်းပါဦးဆို'

'အဲဒီ ဗျဋ္ဌရာဇာရဲ့သား သူရသိင်္ဂ ဆိုတာလည်း မြင်းစီး လှံထိုး အလွန်တရာ ကျင်လည်သတဲ့။ ယောကျ်ားကောင်း မောင်းမ တစ်ထောင် ဆိုတဲ့အတိုင်း မယားတွေ ယူလိုက်တာကလည်း မှိုလိုပေါက်လို့တဲ့။ သူ့မယား တစ်ယောက်ဟာက ဟို ကျုပ်တို့ ရိုးမတောင်ခြေ သာယာကုန်းက သူကြီး သမီး မယ်ရွှေဖြူတဲ့။ မယ်ရွှေဖြူက တယ်ချော တယ်လှ ဆိုကိုး ဦးပန်းအောင်ရဲ့။ အဲဒီ မယ်ရွှေဖြူက ပေါက်ဖွားတာက ဦးပန်းအောင်တို့ရဲ့အဘိုး နာရသိန် ရန်နှင် ဘွဲ့ခံ ဦးပန်းထွေး တဲ့။ သူ့ကျတော့ ပန်းသာမြို့ကို မစားရတော့ဘူး။ လူက လူရွှတ်ကြီး ဆိုကိုးဗျ။ အဲ သူ့လက်ထက်ကျတော့ သူ့အဖေတို့ သူ့အဘိုးတို့ လက်ထက်က ကျန်ရစ်ခဲ့သမျှ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား၊ လယ်ယာ ကိုင်းကျွန်းမှ စလို့ ကုန်ပါလေရော တဲ့'

'ပြောစမ်းပါဦး ဆရာလေးရယ်။ ဟုတ်လိုက်တာ'

'အင်း၊ ဒါနဲ့ ဦးပန်းအောင်တို့ အဖေ လက်ထက်ကျတော့ ဖြူကာ ပြာကာကျလို့။ ဦးပန်းအောင် အဖေက လက္ခဏာ ပါးရှားတဲ့ အတူတူတော့ မထင်ရှားတဲ့ ဆင်းရဲသားလို နေတာကပဲ ကောင်းဦးမယ်ဆိုပြီး ဦးပန်းရွှန်း ဆိုတဲ့ နာမည်ကိုယူပြီး လယ်ယာလုပ်ကိုင် စားရှာတာကိုး။ ဒါနဲ့ ဦးပန်းအောင် ကိုလည်း ဘာမှ သူ မပြောခဲ့ဘူးပေါ့။ ဦးပန်းအောင်ရဲ့ အမေကလည်း ဦးပန်းအောင် နို့မခွဲခင်ကပဲ ဆုံးရှာတယ်။ ဒီတော့ ဦးပန်းအောင်ဟာ ရှေးတုန်း က အတိုင်း မျိုးရိုးမတိမ်ကောဘူးလည်း ဆိုမယ်၊ ကျုပ်တို့ မြန်မာဘုရင်များ လည်း ရှိမယ်ဆိုရင် ပန်းသာမြို့ကို စားရမှာကိုး ဦးပန်းအောင်ရဲ့။ ဒါကြောင့် ကျုပ်က ဦးပန်းအောင်ကို မြို့စားမင်းလို့ ခေါ်တာပ။ ချောင်းရိုး မြောင်းရိုးသာ တိမ်ကောတယ်၊ လူမျိုးဆိုတာ မတိမ်ကောဘူး ဆို မဟုတ်လား။ ကျုပ်တို့

မြန်မာပြည်မှာ ဦးပန်းအောင်တို့လို မျိုးရိုးအစဉ်အလာ မပျက်တဲ့လူဟာ အင်မတန် ရှားတာပ။ ကျုပ်တို့ မြန်မာဘုရင်များသာ ရှိမယ်ဆိုရင် ဦးပန်းအောင်တို့ဟာ အင်မတန် မျက်နှာကြီးတွေထဲကပေါ့' ဟု ဆရာချိန်သည် ဇာတိရိုးရာကို သူ သိသမျှ၊ မှတ်မိသမျှ ပြန်ပြောလေသည်။

ထိုအခါ ဦးပန်းအောင်က 'ဟုတ်လိုက်လေ ဆရာလေးရယ်။ ကျုပ် ဒီအသက် ဒီအရွယ် ရောက်လာပြီး ဒီအကြောင်းကို ဒီတစ်ခါပဲ ကြားဖူးသေးတယ်။ ဟုတ်မှ ဟုတ်ရဲ့လား ဆရာလေးရဲ့'

'အို ဦးပန်းအောင်နှယ် ဆိုမကောလေ၊ ကျုပ်က မဟုတ်တာ အလကား လုပ်ကြံ ပြောပါ့မလားလို့။ ဦးပန်းအောင့်မျက်နှာ ဟိုဘက် စောင်းလိုက်စမ်းပါ။ ဟာ ဟုတ်ပါတယ်၊ ဦးပန်းအောင်တို့ ပန်းသာမြို့စားမျိုးဟာ ဒီမျက်နှာပေါက်မျိုးပါပဲ။ နှာရောင်ကလေးက နည်းနည်းကောက်တယ်။ နဖူးနေပုံကလေး ဘာလေးတော့ နည်းနည်းပျက်နေပြီ။ ပျက်ဆို အမျိုးကလည်း တစ်စတစ်စ တိမ်ကောလာပြီဟာကိုး'

'အနို့ နေစမ်းပါဦး ဆရာလေးရယ်၊ ကျုပ်တို့ အမျိုးများ ဘယ်မှာ ရှိကြသေးတယ်လို့များ သတင်းကြားမိသလဲ'

'ဩော် ဦးပန်းအောင်နှယ်မကောလေ၊ အမျိုးဆိုတာ တိမ်ကောသွားပြီ ဆိုတဲ့နောက်တော့ ဘယ်ရှိတော့မလဲ။ အရင်က ဦးပန်းအောင်တို့ ဦးလေး၊ ဦးကြီး၊ ဘထွေး၊ ဘကြီးတို့ အလောင်းတွေတော့ တခမ်းတနား ဂူကြီးတွေ သွင်းထားတာတွေတော့ ရှိကြသေးရဲ့။ တစ်ခါလောက် တတ်နိုင်ရင် ပန်းသာမြို့ဘက်ဆီ လျှောက်သွားစမ်းပါလား။ ပန်းသာမြို့ တောင်စူးစူး ခရီးတစ်တိုင် ပျော့ပျော့လောက်အကွာ စည်ပင်သာ လှည်းလမ်းအနီးမှာ သရက်တောကြီး ရှိလေရဲ့။ အဲဒီ သရက်တောကြီးရဲ့ အရှေ့ဘက် တစ်ခေါ်လောက်မှာ ထန်းတောကြီးတစ်ခု ရှိတယ်။ ဒီထန်းတောကြီးရဲ့ တောင်ခွေးတစ်ဟောင်လောက်မှာ အဓိကရ ညောင်ညိုပင်ကြီး ရှိတယ်။ အဲဒီ ညောင်ညိုပင် အနီးမှာ ဘုရားပျက်ကြီးတစ်ခု ရှိတယ်။ မန်ကျည်းချိုပင်ကြီး

လည်း တစ်ပင် ရှိတယ်။ ကျုပ်တို့ ငယ်ငယ်တုန်းက အဲဒီမှာ သွားသွား ခူးကြတာပ။ ဒီဘုရားပျက်ကြီး ပရိဝုဏ်အတွင်းမှာ ဂူအိုကြီးတွေ အများအပြား တွေ့လိမ့်မယ်။ အဲဒီ ဂူအိုကြီးတွေဟာ ဦးပန်းအောင်တို့ ဆွေစု မျိုးစုရဲ့ သချိုင်းတွေပေါ့။ အဲဒီ ဘုရားပရိဝုဏ်ရဲ့ အရှေ့ဘက် မုခ်ဝမှာ ဦးပန်းအောင်တို့ အဘိုးများ ဆောက်ထားခဲ့တဲ့ တိုင်ကြီးတွေ တစ်ဖက်လောက် တစ်ဖက် လောက် ရှိတဲ့ ဇရပ်ကြီးဟာလည်း အခုထက်ထိပဲ ရှိရှာသေးတယ်။ ခါးပန်း တွေမှာလည်း လက်တစ်ဝါး လက်တစ်ဝါးလောက်ရှိတဲ့ သံမှိုကြီးတွေ စွဲလို့။ လက်မနေနိုင်၊ ခြေမနေနိုင်ရှိတဲ့ နွားကျောင်းသားတွေ ဓားစမ်းကြလွန်းလို့ ဇရပ်တစ်ခုလုံးလည်း ဓားရာချည်းပဲ။ ဘေးက ထရံနဲ့ အထက် မျက်နှာကြက် မှာတော့ စကားထာ ဝှက်ချင်တဲ့ ခရီးသွားတို့၊ ဉာဏ်စမ်းချင်တဲ့ ရှင်လိင်ပြန် တို့၊ အယုတ္တ အနတ္တ ရေးလိုတဲ့ ကာလသားတို့ မီးသွေးခဲနဲ့ ဟိုစာ ဒီစာ၊ **ဟိုအရုပ် ဒီအရုပ် အမျိုးမျိုး အဖုံဖုံ** ရေးထားကြတယ်။ အဲဒီ ဇရပ်အိုကြီး **မြောက်ဘက်က** ရေတွင်းအိုကြီး အနီးမှာ ကိုင်းကိုင်းကြီး ပေါက်နေတဲ့ တရုတ်စကားပင်အိုကြီး အောက်မှာတောင် တလောက သိုက်စာကျလို့ ရှမ်းဆရာကြီးတစ်ယောက် လာပြီး သိုက်တူးသွားသေးတယ်။ သိုက်တော့ မပေါက်ပါဘူးဆို ထင်ပါရဲ့.'

'အနို့ နေစမ်းပါဦး ဆရာလေးရယ်။ အဲဒီ ဇရပ်ကြီး အနီးအနားမှာ ကျုပ်တို့ မိတ်ဆွေမျိုးထဲက ရွှေတွေငွေတွေများ မြှုပ်ထားခဲ့တယ်လို့များကော မကြားမိဘူးလား။ တစ်ဆိတ် စဉ်းစားပြီး ပြောစမ်းပါဦးတော့ကော'

'ဒီလိုတော့ဖြင့် မကြားမိဘူး။ ကျုပ်ကလည်း ရာဇဝင်သမား သက် သက်မို့ သိုက်အကြောင်းကို ဂရုမထားမိဘူး'

'အနို့ ဆရာလေးရယ်၊ ကျုပ် ဘယ်လိုလုပ်ရရင် ကောင်းပါ့မလဲ။ ကြည့်ပြီး ပြောစမ်းပါဦးတော့ကော ဆရာလေးဆို။ သြော် လက်စသတ်တော့ ဖိုးပန်းအောင်ဟာ ရွှေထုပ်တဲ့ မြပဝါ ပေါ့နော်။ ဟား ဟား ဟား နေရာကျ

လိုက်တာ ဆရာလေးရယ်။ ကိုင်း ကျုပ် ဘယ်လိုလုပ်ရရင် ကောင်းပါ့မလဲ ပြောစမ်းပါဦး ဆရာလေးရဲ့'

'ဘယ်လိုမှ လုပ်လို့ ဖြစ်မှာ မဟုတ်တော့ဘူး။ ခရီးက လွန်နေကြပြီ ဟာကိုး။ မြို့စားမင်းတို့အမျိုးက တိမ်ကောသွားပြီ ဆိုမှတော့ ဖိုးသူတော် ပြောစမျိုးပဲ။ မရှိဘူးဆိုရင် အုန်းမှုတ်ခွက်တောင် မရှိဘူး။ အခုလည်း မြို့စား မင်းတို့ အမျိုးဟာ မြို့စားမင်း တစ်ယောက်ပဲ နောက်ဆုံးပိတ် ကျန်တော့တာမို့ ဥစ္စာဆင်မြင်း ပေါများခြင်းကား ယိုယွင်းနောက်ဆုံး ရှိချေ၏ ဆိုတဲ့ အနိစ္စ သဘောကိုသာ တရားယူရုံပဲ ရှိတော့တယ်။ ကိုင်း နေလည်း နည်းသွားပြီ၊ ကျုပ်လည်း ဝါးတစ်ရာ ရောက်အောင် သွားရဦးမယ်' ဆိုကာ မြင်းပေါ် တက်လေသည်။

ထိုအခါ ဦးပန်းအောင်က 'ဖြည်းဖြည်းပေါ့ ဆရာလေးရာ။ မသွားခင် ဆရာလေးကျေးဇူးကို နည်းနည်းဆပ်လိုက်စမ်းပါရစေဦး။ ဖိုးချစ်တို့ ထန်း တောမှာ အရည်းကြီးကြိုက်ကလေး တစ်မြူစီလောက် သွားပြီး လုပ်ကြရရင် မကောင်းပေဘူးလား။ ကျုပ်က ငွေစ ထုတ်ပါမယ် ဆရာလေးရ' ဟု ဖိတ်မန္တက ပြုလေသည်။

ဆရာချိန်က 'ရှိပါစေတော့ မြို့စားမင်းရယ်၊ နောက်မှပဲ အေးအေး ဆေးဆေး လုပ်ကြသေးတာပေါ့နော်။ ဒီနေ့ မြို့စားမင်း ကန်သာဈေးကလည်း လုပ်လာခဲ့ပြီ မဟုတ်လား။ လွန်ရင် မကောင်းဘူး။ ကိုင်း သွားဦးမယ်' ဆိုကာ မြင်းကို အသားကျ စီး၍ သွားလေသည်။

ဦးပန်းအောင်သည် ဇရပ် ဦးပျဉ်းကလေးပေါ်တွင် အိပ်မက် မက် သကဲ့သို့ ကျန်ရစ်လေသည်။ အတော်ကြာ တွေဝေနေခိုက်တွင် ဘုရားဆွဲလဲသံ တို့သည် ဓာတ်စခန်းအချတွင် လေပြေထိုး၍ ပေးသကဲ့သို့ တင်တုံ၊ တင်တုံ၊ တင်တုံဟု တိုးဖော့နေသော လေ၏ အဟုန်ဖြင့် အစီအရီ မြည်ကြသဖြင့် ဦးပန်းအောင်သည် အိပ်ရာမှ လန့်၍ နိုးသောသူကဲ့သို့ ဘေးတွင် ချ၍ထား သော တောင်းအိုကြီးကို ကောက်ကာထမ်း၍ စိုက်စိုက် စိုက်စိုက်နှင့် မိမိနေရာ

ပေပင်ကုန်းဘက်သို့ လာခဲ့လေသည်။ ငါးရွာတွင်းလောက် သွားမိ၍ စပါးလှည်းများ စခန်းချရာဖြစ်သော ဟင်းကုတ်ပင်ကြီး အနီးသို့ ရောက်သောအခါ ပခုံးပေါ်မှ တောင်းကိုချ၍ ယေတစ်ရာဘား မြက်ခင်းပေါ်တွင် ဆောင့်ကြောင့်ထိုင်ကာ စဉ်စားခန်း ဝင်လေသည်။

ဦးပန်းအောင်သည် ဆရာချိန် ပြောခဲ့သော အကြောင်းတို့ကို အနုလုံ ပဋိလုံ စဉ်းစားပြီးနောက် နှစ်သက်အားရ ရှိလှသဖြင့်–

“ပတ္တမြားမှန်ရင်ဗျာ၊ နွံမှာ နစ်စေတော့၊ မညစ်လိုက်ပါတဲ့ သည်အရောင်၊ အလိုဗျာ တိုးလို့ပါတဲ့ပြောင်” ဟူသော မိမိ ငယ်ငယ်က ရဖူးသော သီချင်းကလေးကို တိုးတိုး တစ်ပိုဒ်၊ ကျယ်ကျယ် တစ်ပိုဒ်၊ မတိုးမကျယ် တစ်ပိုဒ် ဆိုသလို ဥဒါန်းကျူးကာ နေလေသည်။

ထိုအခိုက်တွင် ဦးပန်းအောင်နှင့် တစ်ရွာတည်းနေ ဖြစ်သော ပိန်ရှည်ရှည် လုလင်ပျိုတစ်ယောက်သည် ဦးပန်းအောင် သွားမည့် ပေပင်ကုန်းဘက်သို့ ရှေးရှုလာလျက် ရှိလေသည်။ ဦးပန်းအောင်သည် ထိုလုလင်ပျိုအား မြန်မြန်လာခဲ့ရန် လက်ယပ်၍ ခေါ်လေသည်။ ထိုလုလင်ပျို အနားသို့ ရောက်လာသောအခါ ဦးပန်းအောင်က ‘ဟေ့ သူငယ်၊ ဒီတောင်းကို ယူစမ်းပါကွယ်။ မင်းကို ငါ ခိုင်းစရာ ရှိတယ်’ ဟု ပြောလေသည်။

ထိုအခါ လုလင်ပျိုသည် သူ့လက်မှ ကိုင်၍လာသော ပလွေကို ခါးတွင်ထိုးပြီးလျှင် ခါးထောက်၍ ဦးပန်းအောင်အား မျက်မှောင်ကြုတ်ကာ ခေါင်းဆုံးခြေဆုံး ကြည့်လျက် ‘နေစမ်းပါဦး ဘကြီးအောင်ရ၊ ဘကြီးအောင်က ဘာမို့ ကျုပ်ကို ဟေ့ သူငယ်လေး ဘာလေး ခေါ်ပြီး တောင်းကို ယူစမ်းတွေ ဘာတွေနဲ့ လုပ်ရတာလဲ။ ကျုပ်လည်း ပေပင်ကုန်းသား၊ ဘကြီးအောင်လည်း ပေပင်ကုန်းသားပဲ။ ပေပင်ကုန်းသား အချင်ချင်းများ ဘကြီးအောင်က ဘာ ဟေ့ သူငယ်တွေ ဘာတွေနဲ့ မျက်နှာကြီး အတည်ထားပြီး ပြောနေရတာလဲ။ ကျုပ်အကြောင်းလည်း ဘကြီးအောင် သိတာပဲ။ ဘကြီးအောင်အကြောင်းလည်း ကျုပ် သိတာပဲ’

'ဟော့၊ မင်း ငါ့အကြောင်းကို သိသလား။ ဟုတ်ပြီဟော့၊ ဟုတ်ပြီဟော့။ ငါ့အကြောင်းက တော်တော့်လူ သိတာ မဟုတ်ဘူး။ မင်း ငါ့အကြောင်းကို သိတယ် မဟုတ်လား၊ ကိုင်း ကိုင်း၊ ဒါဖြင့် ဟော့ ပေါက်တူး၊ ငါ မင်းကို တစ်ခု ခိုင်းချင်တယ်။ ငါ့အကြောင်းက ဒီလိုကွယ့်။ ငါက မင်းတို့လို သာမြင် ဈောင်ည အနုညာတ ဆင်းရဲသားထဲက မဟုတ်ဘူးကွယ့်။ ငါလည်း ဒီနေ့ ညနေမှပဲ သိတယ်။ တို့အမျိုးက ပန်းသာမြို့စားမျိုးကွယ့်' ဟု မြိန်ရေရှက်ရေ ပြောပြီးလျှင် လက်နှစ်ဖက်ကို အညောင်းဆန့်ကာ ဓမ္မတာတရားက ခင်းပေးသော မြကော်ဇောပေါ်တွင် ညာဘက်ဒူးကို ကွေးကာ ဘယ်ဘက်ဒူးပေါ်တွင် ချိတ်၍ စန့်စန့်ကြီး စက်တော်ခေါ်ကာ နေလေသည်။

ပေါက်တူးသည် ဦးပန်းအောင် ပြောသော စကားများကို ယုံရလည်း ခက်၊ မယုံရလည်း ခက် ဆိုသော မျက်နှာထားမျိုးနှင့် ဘာမျှ စကားပြန် မပေးဘဲ စိုက်၍ ကြည့်နေလေသည်။

ထိုအခါ ဦးပန်းအောင်က 'ပန်းသာမြို့စားမင်း ဧယျာသိဒ္ဓိ ဦးပန်းအောင် ဆိုတာ တခြား ဟုတ်ပါရိုးလား။ အခု မင်းရှေ့မှာ ရှိတဲ့ ဒီ ငါပကွယ့်။ အေးလေ.... ရှေးတုန်းကလို တို့အမျိုး မတိမ်ကောရင်၊ မြန်မာ ရှင်ဘုရင်လည်း ရှိသေးရင် ပြောပါတယ်။ ပန်းသာကိုလည်း မင်း ရောက်ဖူး တယ် မဟုတ်လား' ဟု ဦးပန်းအောင်က မေးလေသည်။

'ရောက်ဖူးပါသော်ကောဗျာ။ ဒီနှစ် ဘုရားပွဲတုန်းကတောင် ကျုပ်တို့ ရောက်သေးတာပဲ'

'အဲဒီ ပန်းသာမြို့ကြီးရဲ့....'

'ပန်းသာဟာ မြို့ကြီး မဟုတ်ပါဘူး ဘကြီးအောင်ရ။ အားကြီး ပျင်းစရာကောင်းတဲ့ ရွာတန်းရှည်ကြီးပါဗျ'

'အေးကွယ် ရှိပါစေ၊ မြို့ပဲဖြစ်ဖြစ် ရွာပဲဖြစ်ဖြစ် အဲဒါ အရေးမကြီး ပါဘူး။ ငါ ပြောချင်တာက' ဆို၍ မိမိအား ဆရာချိန် ပြောခဲ့သော အကြောင်း တို့ကို လုံးစေ့ပတ်စေ့ ပြန်ပြောလေသည်။

လုလင်ပျိုသည် "သြော်၊ သည်လိုလား" ဆိုသော မျက်နှာထားမျိုးနှင့် နားထောင်၍ နေလေသည်။

'ကိုင်း ကိုင်း၊ မင်း ငါပြောတာ နားလည်ပြီ မဟုတ်လား။ ဒီတောင်းကို ယူ၊ ပြီးတော့ တို့ရွာကိုသွား၊ ငှက်ခါးတောင် ထန်းတော ရောက်တော့ လှည်းလိုက်တဲ့ သာပြဲတို့ တဲကိုဝင်၊ ငါ့ဆီကို လှည့်တစ်စီး လွှတ်လိုက်လို့ ပြော၊ ထန်းရည်တစ်မြူနဲ့ ပဲကြီးလှော် တစ်ပဲဖိုးလောက်လည်း ထည့်ယူခဲ့ ပစေ။ အဲဒီက ပြီးတော့မှ တို့အိမ်ကို သွား။ ရောက်တော့ ဘုမကို ဆန်ပြီးအောင် မဖွပ်နှင့်နဲ့၊ ငါလာအောင် စောင့်နေဦး၊ ပြောစရာ သတင်းထူးပါတယ်လို့ ပြောလိုက်။ မှတ်မိလား'

လုလင်ပျိုသည် ဦးပန်းအောင်အား "ဘကြီးအောင် ပြောတာတွေ ကျုပ် မယုံသေးပါဘူးဗျာ" ဟူသော မျက်နှာထားနှင့် စကားပြန် မပေးဘဲ စိုက်ကြည့်နေလေသည်။ ထိုအခါ မြို့စားမင်း ဦးပန်းအောင်သည် မိမိ အိတ်ကပ်ထဲ၌ ပဝါစုတ်ကလေးနှင့် တရိုတသေ နှစ်ရှည်လများ လုံခြုံစွာ ထုပ်ထားသော ကျပ်ပြားတစ်ပြားကို ယူ၍ 'ဟော့ သူငယ် ရော့၊ မင်းကို ဆုလာဘ် သနားရတာပကွယ်' ဟု ဆိုကာ ပေးလိုက်လေသည်။

ငွေစတို့ တန်ခိုးမည်သည် ဂုဏ်ရစေခြင်း၊ တရားနိုင်စေခြင်း၊ အခြံအရံ ပေါများစေခြင်း အစရှိသော အနန္တတန်ခိုးနှင့် ပြည့်စုံရကား ငြင်းဆန်၍ နေသော လုလင်ပျိုအား မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အတွင်း၌ ဦးပန်းအောင်၏ အနွံတာဆုံးသော အစေခံ အဖြစ်သို့ ရောက်စေလေသည်။

'မှန်လှပါ၊ ကျေးဇူးကြီးလှပါ။ တခြား ဘကြီးအောင် ခိုင်းစေတော်မူချင်သော အရာများ ရှိသေးလျှင်လည်း အမိန့်ရှိတော်မူပါဦး' လုလင်ပျိုက ရိုသေစွာ ပြန်ပြောလေသည်။

'ဟော့ ဘယ်က ဘကြီးအောင် နေပြန်ပလဲကွယ့်၊ မြို့စားမင်းလို့ ခေါ်တာ မဟုတ်ဘူး'

'မှန်လှပါ မြို့စားမင်း ခင်ဗျား'

ထို့နောက် မြို့စားမင်း ဦးပန်းအောင်သည် လက်နှစ်ဖက်ကို ယှက်၍ ခေါင်းအုံးသဖွယ် ဇက်အောက်မှ မ လျက် ဘယ်ဘက်ခြေတွင် ချိတ်၍ ထားသော ညာဘက်ဒူးကို စည်းစိမ်နှင့် နှန့်ပြီးလျှင်–

'ဟေ့ တပည့်ရေ၊ ဒီလိုကွယ့်၊ ဘုမ်ကို တွေ့တဲ့အခါကျတော့ ငါက မှာလိုက်တယ်လို့ပြော။ ဒီနေ့ ကြက်သားဟင်း ချက်ထားလိုက်လို့။ တကယ်လို့ ကြက် မရဘူးဆိုရင် မယ်ခိုတို့အိမ်က ငါးရံ့ခြောက် တစ်ပြားလောက် ဝယ်ပြီး ဆီပြန်ချက်ထားလို့။ ငါးရံ့ခြောက်မှ မရရင် ဘဲဥ ဝယ်ပြီး ကြော်လို့။ ပဲကြီးဟင်းကလည်း တစ်ခွက် ပါပေစေလို့'

'မှန်လှပါ၊ စိတ်ချတော်မူပါ'

လုလင်ပျိုသည် ဦးပန်းအောင်၏ အမိန့်ကို ကျပ်ပြားက ခိုင်းစေသလောက် ရှိသေနိုင်သမျှ ရှိသေစွာ နာခံပြီးနောက် တောင်းကိုထမ်း၍ ပေပင်ကုန်းဘက်သို့ ရှေးရှုထွက်ခဲ့လေသည်။ ထိုအခိုက်တွင် ပေပင်ကုန်းဘက်မှ ဆိုင်းသံ ဗုံသံတို့ကို ကြားရလေသည်။ ထိုအခါ ဦးပန်းအောင်က 'ဟေ့ တပည့်ရေ၊ နေပါဦးကွ။ အခု ဆိုင်းသံဟာ ဘာလဲဟေ့။ ငါ့ကို ကြိုဖို့တော့ ဟုတ်ပါဘူး ထင်ပါရဲ့' ဟု မေးလေသည်။

လုလင်ပျိုက 'ဦးဖြိုးသာတို့ အရီးစာတို့ အလှူဝတ်လှည့်တဲ့ဆီက ဆိုင်းသံပါ။ မြို့စားမင်း သမီး မစာအုတို့တောင် ပါပါသေးတယ်' ဟု ပြန်ပြောလေသည်။

'အေးကွယ်၊ သတိရပြီ သတိရပြီ။ လူဆိုတာ ဒီလိုပဲဟေ့။ ကြီးကျယ်တဲ့ ကိစ္စကြီးများ စိတ်ဝင်စားနေတော့ ဒီလိုပဲ သတိလစ်တတ်တယ်။ ကိုင်းကိုင်း၊ သွားပေရော့ တပည့်။ ၄က်ခါးတောင် ထန်းတောဝင်ပြီး လှည်းပြောဖို့၊ ဟိုဒင်းပါ ယူခဲ့ဖို့ မမေ့နဲ့ဟေ့နော်။ ဒင်းတို့ အလှူဝတ်လှည့်တာ ငါလည်း လှည်းနဲ့ လျှောက်ပြီး စစ်ဆေးလိုက်ဦးမယ်'

ပေပင်ကုန်းရွာသား လုလင်ပျို ပေါက်တူးသည် ဦးပန်းအောင်ဆီမှ ထွက်ခွာခဲ့လေသည်။ ဦးပန်းအောင်သည် ဥဒဟို လေသိမ်းတိုင်း ယိမ်းနွဲ့၍

နေသော တောပန်းတို့၏ အလယ်တွင် တင့်တယ်စွာ စံမြန်းရင်း တစ်ကိုယ်ထီးတည်း စိတ်ကူးဖဲရိုက်ကာ ကျန်ရစ်လေသည်။

## အခန်း ၂

ဦးပန်းအောင်အဖို့ သတင်းထူး ကြားရသောနေ့တွင် ပေပင်ကုန်းရွာ တောင်တံခါးအနီး လက်ပံပင်ကြီးတွင် ပျော်ရွှင် မြိန်ရှက်စွာ စားပွဲထိုင်၍ နေကြသော ဆက်ရက်တို့သည် မြို့စားမင်း ဦးပန်းအောင်အတွက် သြဘာပေးပွဲကြီး ကျင်းပကြသည့်အလား ခါတိုင်း ခါတိုင်း နေ့များထက် ထူး၍ ဆူညံလျက် ရှိကြလေသည်။ ဦးပန်းအောင်၏သမီး အရွယ်၏ တင့်တယ်ခြင်းနှင့်ပြည့်စုံသော ၁၆ နှစ်ရွယ် ပေပင်ကုန်း တစ်ရွာလုံးက "အု" ဟု အဖျားကိုဆွတ်၍ နှစ်သက်ဖွယ်ခေါ်ကြသော မယ်စာအုသည် အလှူဝတ်လှည့် လိုက်ရန် အတွက် တောလိုက်ဘာဝ ရှိတတ်သမျှသော ဝတ်ကောင်းစလှများကိုဖြိုးလိမ်းဝတ်ဆင်၍ မိမိတို့၏ ဗိမာန်ဖြစ်သော လေးပင် သုံးခန်း သက်ငယ်မိုး၊ ဝါးကပ်ကာ အိမ်ကလေးမှ ခါတိုင်းထက် ထူးခြားစွာ ဖြိုးလိမ်းဝတ်ဆင်ထားသဖြင့် ရှိုးတိုးရှန့်တန့် ဖြစ်နေသော မျက်နှာထားကလေးနှင့် ထွက်၍လာသော အခါကလည်း အဆိုပါ လက်ပံပင်ပျော် ရွှေငှက်တော်တို့သည် "မြို့စားမင်း သမီး လာပြီ၊ မြို့စားမင်း သမီး လာပြီ" ဟု သောင်းသောင်းဖြဖြဆီး၍ သြဘာပေးသကဲ့သို့ တစ်ခဲနက်သော အသံဖြင့် ဆူညံစွာ အော်မြည်ကြသဖြင့် မယ်စာအုမှာ ရှက်ကိုးရှက်ကန်းဖြစ်၍ ခြေလှမ်းများပင် မှားရတော့မလောက် ရှိလေသည်။

မယ်စာအုသည် မိမိတို့ အပျိုဖော်အများနှင့် အလှူဝတ်လှည့်ရာတွင် ကွမ်းတောင်ကိုင်ကာ လိုက်ပါသွားလေသည်။ ရွာပြင် မနီးမဝေးရှိ ညောင်ပင်ကြီးသို့ ရှင်လောင်းသုံးပါးကို နတ်ပြရန် သွားကြပြီးနောက် တောကျောင်း

ဘုန်းကြီးထံသို့ အကန်တော့ ဝင်ခါနီးတွင် မိမိနှင့် ဘေးချင်းယှဉ်၍ ကွမ်းတောင် ကိုင်လာသော အပျိုဖော်ကလေးက–

'ဟော့ အုရေ၊ ဟိုမယ် ကိုယ်တို့အဖေ ဒီနေ့ ဘာဖြစ်လာလဲဟော့။ ကြည့်စမ်း၊ လှည်းကြီး ဘာကြီးနဲ့' ဆို၍ ပေါင်းမိုး မပါသော လှည်းပေါ်တွင် လှည်းနောက်မြီးဘက်သို့ ခေါင်းထား၍ လက်နှစ်ဖက်ကိုယှက်ကာ ခေါင်းအုံးလျက် ညာဘက်ဒူးကို ဘယ်ဘက် မကွေးတကွေး ဒူးပေါ်တွင်ချိတ်၍ မျက်စိကို မပွင့်တပွင့် ထားကာ မိန်းပြီးလျှင် ပါးစပ်က 'ပတ္တမြား မှန်ရင်ဗျာ၊ နွံမှာ နစ်စေတော့။ အို ပတ္တမြား မှန်ရင်ဗျာ နွံမှာ နစ်စေတော့' ဟူသော သီချင်းကို သီဆို၍လာသော ဦးပန်းအောင်ဘက်သို့ မေးငေါ့၍ ပြလေသည်။

အုသည် သူ့အဖေ ဦးပန်းအောင်၏ မူမမှန်သော အဖြစ်ကို မြင်သောအခါ မျက်နှာပျက်၍ သွားပြီးလျှင် 'ညည်းကလဲအေ၊ တို့အဖေ လှည်းကြုံလို့ စီးလာတာပါ။ လူကြီးဆိုတော့ မောတာပေါ့ အေရဲ့' ဟု ရုတ်တရက် မိန်းမဉာဏ်ဖြင့် စကားဖာလိုက်လေသည်။

'ဒါလားအေ လှည်းကြုံ။ ကိုသာပြိတို့ အငှားလိုက်တဲ့ လှည်းပါတော့။ မယုံရင် အတိုင်ဘက်က နွားပြာကြီးကို ကြည့်ပါလား။ ကိုသာပြိတို့က ငွေစ မရဘဲ သူတို့လှည်းကို ဘယ်သူ့ကိုမှ တင်တာ မဟုတ်ဘူးတော့' ဟု အု၏ အပျိုဖော်ကလေးက ပြန်ပြောလေသည်။ အုသည် ဦးပန်းအောင် လုပ်လာပုံ မဟန်သဖြင့် အလိုလိုမှ ဝမ်းထဲက ရှက်နေခိုက်တွင် ဘေးက ထပ်၍ လှောင်ပြောင်လိုက်သောအခါ အထူးပင် အရှက်ပို၍ ငိုတော့မလို ဖြစ်သွားလေသည်။ သူ့အဖော်ကလေးအား 'ညည်းတို့ ငါ့ကို မပြောင်ကြနဲ့။ ငါ မကြိုက်ဘူးတော့' ဟု ငိုသံပါပါနှင့် ပြောလေသည်။ မျက်ရည်များလည်း လည်၍ လာလေသည်။ အု၏ အပျိုဖော်ကလေးတို့သည် အု ငိုတော့မလို ဖြစ်သည်ကို မြင်ကြသဖြင့် ဆက်၍ မပြောင်ဘဲ နေကြလေသည်။ အုသည် ရှက်အားပိုကာ သူ့အဖေဘက်သို့လည်း မကြည့်၊ ဘယ်သူ့ကိုမှလည်း စကားမပြောဘဲ လိုက်ပါသွားလေသည်။ တောကျောင်း ဘုန်းကြီးကို ကန်တော့

ခါနီးဆီလောက်ကျမှသာ ဣန္ဒြေဆည်၍ရပြီးလျှင် အပျိုဖော်ကလေးတို့နှင့် ကောင်းမွန်စွာ စကားပြောနိုင်လေသည်။ ဘုန်းကြီးကို ကန်တော့၍ ပြီးကြသောအခါ တီးမှုတ် လိုက်ပါလာကြသော ကာလသားတို့သည် ဘုန်းကြီးကျောင်းကိုလှည့်ကာ ပျော်ရွှင်စွာ ကခုန် တီးမှုတ်ကြလျက် နေကြလေ၏။ အုတို့ အပျိုဖော်ကလေး တစ်သိုက်မှုကား ကျောင်းပရိဝုဏ်အတွင်း အရှေ့တောင်ဘက်နားရှိ တာတိုင်းမွှေး စင်ကြီးအောက်တွင် အမောဖြေကာ နေကြလေသည်။

ထိုအခိုက်တွင် ကျောင်းတောင်ဘက် ပေတစ်ရာလမ်းပေါ်၌ ကြိုးစဉ်ငယ်လိုက် အရွယ်အားဖြင့် လည်းကောင်း၊ ရုပ်ရည်အားဖြင့် လည်းကောင်း ညီအစ်ကိုတော်ပုံရသော ရုပ်ကြီးသား လုလင်ပျို သုံးယောက်သည် လှည်းတစ်စီး၏ရှေ့ မနီးမဝေးမှ လျှောက်၍ လာကြလေသည်။ အုတို့ ဘုန်းကြီးကန်တော့လာသူ တစ်စုတို့ စုဝေး၍နေသည်ကို မြင်သောအခါ ထိုလုလင်ပျိုသုံးယောက်သည် ကျောင်းပရိဝုဏ် တံခါးရှေ့တွင် ရပ်ကာ ကြည့်နေကြလေသည်။ အငယ်ဆုံးဖြစ်သူ မောင်ဒေဝသည် တံခါးဝက လှမ်းကြည့်ရသည်ကို အားမရသဖြင့် 'အစ်ကိုကြီးနဲ့ အစ်ကိုလေးတို့ သွားနှင့်ကြ။ ကျွန်တော် အခုပဲ လိုက်ခဲ့မယ်' ဆိုကာ ပြောပြောဆိုဆိုနှင့် စီးလာသော နောက်ပိတ်ဖိနပ်ကို ကပျာကယာချွတ်ကာ ကျောင်းဝိုင်းထဲသို့ ဝင်သွားလေသည်။

အုနှင့် တကွသော ပေပင်ကုန်းသူ ပျိုမယ်မင်းကလေးတို့သည် ရုပ်ရည်သန့်ပြန့် ဝတ်ပုံစားပုံ ဟန်ကျသော ရုပ်ကြီးသား မောင်ဒေဝအား မြိန်ရှက်စွာဝိုင်း၍ မျက်စိစားပွဲ ထိုင်ကြလေသည်။ မောင်ဒေဝသည် မိန်းကလေးအများ၏အလယ်သို့ ရောက်သွားသောအခါ အဖိုအမဓာတ်တို့ ထုံးစံအတိုင်း အနည်းငယ် ရှိုးတိုးရှန့်တန့် ဖြစ်သွား၍ ဣန္ဒြေဆည်၍ ရနိုင်စေခြင်း အကျိုးငှာ မိမိနှင့် ရှေးဦးစွာတွေ့သော ကျေးတောသူ ပျိုမယ်မင်းတစ်ဦးအား 'ဟိုမှာ ပွဲရှိသလား' ဟု ပါးစပ်ထဲ၌ အလျင်ဆုံး ပေါ်လာသော စကားဖြင့် မေးလိုက်လေသည်။ အမေးခံရသော ပျိုမယ်မင်းကလေးသည်လည်း မောင်ဒေဝ ကဲ့သို့

ရှက်ကိုးရှက်ကန်းဖြစ်ကာ ရုတ်တရက် စကားပြန်မပေးတတ်ဘဲရှိရာ ပို၍ နှုတ်သွက်သော ပေပင်ကုန်း၏ မျက်နှာဖုံးကလေး တစ်ဦးက ကြားဝင်၍ 'ပွဲမဟုတ်ဘူးတော့၊ ဘုန်းကြီးကန်တော့ လာတာပါ' ဟု ဖြေလိုက်လေသည်။ ပထမ အမေးခံရသူကလေးမှာ ပန်းသာမြို့စား အနွယ်ဝင် အု မဟုတ်ချေ။ ထိုအခါတွင် အုမှာ တာတိုင်းမွေးပွင့် ရှာလျက် ရှိသဖြင့် ရပ်ကြီးသား လူယဉ်ကျေးကလေး တစ်ဦးနှင့် နီးကပ်စွာ တွေ့မြင်လိုက်ရခြင်း တည်းဟူသော တောင့်တအပ်သော လာဘ်ကြီးနှင့် လွဲသွားလေသည်။ မောင်ဒေဝ အမေးခံရသူနှင့် မောင်ဒေဝအား ဖြေလိုက်ရသူကလေး နှစ်ဦးမှာ ဘယ်ပူတူးမကလေး နှစ်ဦး ဖြစ်သည်ဟု မှတ်တမ်းမကျန်ရစ်သော်လည်း ထိုမယ်ကံကောင်း နှစ်ဦးအား အု တို့နှင့် အတူပါလာကြသော ပေပင်ကုန်းသူ မယ်ဒေဝီကလေးတို့က အလွန် စန်းပွင့်သူကလေးနှစ်ဦး ဖြစ်သည်ဟု ယူဆကြလေသည်။ ထိုအခါတွင် ဝေဇယန္တာ သီချင်းသည်လည်း ခေတ်စားခိုက် ဖြစ်သဖြင့် အဆိုပါ နှုတ်သွက်သော ကျေးတောသူမကလေးကပင် စတင်၍ သူတို့အနားတွင် အတီးသမားတို့ အပ်ထားခဲ့သော ဗျပ်စောင်းကို ကောက်၍ 'တော်တို့ ရပ်ကြီးသားတွေ ဝေဇယန္တာသီချင်း တီးတတ်မှာပေါ့။ တီးပြစမ်းပါလားတော့်' ဟု တောင်းပန်လေသည်။ အု နှင့်တကွသော ထိုသူငယ်မ၏ အဖော်တစ်စုက "ဒီကောင်မဟာ တယ်ရဲတဲ့ ကောင်မပဲ" ဟု ယူဆကြသော်လည်း သူ၏တောင်းပန်ခြင်းကို ကန့်ကွက်လိုသူ တစ်ယောက်မျှ မရှိ။ အားလုံးကုန် အကြွင်းမဲ့ ထောက်ခံလိုသော ဆန္ဒသာ ရှိကြလေသည်။ ထိုတောင်းပန်ချက်ကို ကြားရသော မောင်ဒေဝမှာလည်း မိမိသည် ရတနာပုံနေပြည်တော်တွင် ပညာသင်ကြားလာဖူးသူ ဖြစ်သဖြင့် ထိုဝေဇယန္တာ သီချင်းသာမက သီချင်းကြီး၊ သီချင်းခန့်၊ ပတ်ပျိုး၊ ယိုးဒယား တို့ကိုပါ ကောင်းစွာ သီတတ် ဆိုတတ် တီးတတ် မှုတ်တတ်သည့် အဖြစ်ကို ပြလိုသော စိတ်ပေါ်လာခြင်းကြောင့် တစ်ကြောင်း၊ အမဓာတ် သဘောက ခိုင်းစေရာကို အဖိုဓာတ် သဘောသည် လည်းကောင်း၊ အဖို သဘောက ခိုင်းစေရာကို

အမဓာတ် သဘောသည် လည်းကောင်း၊ ရှောရှောရှူရှူ လုပ်ပေးချင်သော စိတ်၏ အဆင်းတွန်းချက်ကြောင့် လည်းကောင်း စူဠလိပ်ကြီးကို ရေကန်ထဲသို့ ချရန် လုပ်ကြသောအခါ ငိုရှာသကဲ့သို့သာ ချုံးချုံးချကာ ငိုချင်လေတော့သည်။ ဤသို့အားဖြင့် မောင်ဒေဝသည် "ဝေဇယန္တာနန်းဘုံ၊ မြမန်းလေး မြမန်း ဇေယခုံ" အစချီသော ဝေဇယန္တာ သီချင်းကို ဗျပ်ဆောင်းတီး၍ အကွက်ကျကျ သီဆို၍ ပြလိုက်သည်မှာ ပေပင်ကုန်းသူကလေးတို့၏ နားတွင် ဗေလုဝ နတ်စောင်းသံနှင့် နင်လား ငါလား ထင်မှတ်ရှာရလေသည်။ အဖိုဓာတ် ဖြစ်သော မောင်ဒေဝ အဖို့မှာလည်း မိမိနားတွင် ခြံရံလျက်ရှိသော ကျေးတောသူ ဆွေယမင်းကလေးတို့အနက် ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် မည်သူမည်ဝါကိုမျှ ခွေး ယပင်း စမသတ်သေးသော်လည်း အားလုံးတို့၏ အပေါ်တွင် ဓမ္မဓိဋ္ဌာန် အားဖြင့် သိမ်းကျုံး၍ "ပန်းချီဇကော" လျက် ရှိပြီးလျှင် ဝမ်းထဲတွင် ဖိုးကျိုင်း တုတ်ကာ နေလေသည်။ ထိုအခိုက်တွင် ဖော့ဖယောင်းဥ ကဲ့သို့ ပျော့ပျောင်းနုသော မြို့စားမင်း ဦးပန်းအောင်၏ သမီးချော မယ်စာအုမှာ သူများလို ဇက်မရဲရှာသဖြင့် နောက်ဘက်နားမှာသာနေ၍ "ဒီလူ့နှယ်တော်၊ ကျုပ်ဘက်များကို ယောင်လို့တောင်များမှ လှည့်မကြည့်ဘူး" ဟု အပြစ်တင်ချင်သလိုလို၊ မောင်ဒေဝ အနားသို့ ပိုး၍ နီးကပ်ရသူကလေးများကိုပင် မနာလိုချင်သလိုလို ဖြစ်ကာ နေလေသည်။

မောင်ဒေဝသည် ဝေဇယန္တာ သီချင်းကို တီးပြီး၍ 'နောက်သီချင်း တစ်ပုဒ် ထပ်ဆိုပါဦး' ဟု ပွဲတောင်းသဖြင့် ရေငတ်ခိုက်တွင် ရေတွင်းထဲသို့ ကျလေသည်။ ရွှေရင်ဆောင် သီချင်းကို ထပ်၍ လက်စွမ်းပြမည့် အလုပ်တွင် ဘုန်းကြီးကျောင်းကို လှည့်၍ တီးမှုတ်ကြသော ကာလသားတို့ မိမိတို့ဘက်သို့ နီး၍လာသဖြင့် 'ဩော် နေတောင် နည်းသွားပြီ၊ အစ်ကိုကြီးတို့ အစ်ကိုလေး တို့ကို မမီဘဲ နေနေရော့မယ်' ဆိုကာ ဗျပ်စောင်းကို ချ၍ ကပျာကယာ ထွက်လာလေသည်။ အထွက်တွင် လူသူမနီး တောနက်ကြီးထဲ၌ ရန်သူ့ဘေးမှ လွတ်ကင်းစွာ ပေါက်နေသော တင့်တယ်သည့် ဝါးပိုးမျှစ်စို့ကြီးနှင့်

တူသော မယ်စာအုနှင့် မျက်နှာချင်း ဆုံမိလေသည်။ မောင်ဒေဝ၏ စိတ်ထဲတွင် ဘာလို့မှန်း မသိ၊ ရှိန်းခနဲ ဖြစ်သွားလေသည်။ မယ်စာအု၏ စိတ်ထဲမှာလည်း ထိုနည်းလည်းကောင်း ဖိန်းခနဲ ဖြစ်သွားလေသည်။ မောင်ဒေဝ၏ စိတ်သည် ကျေးတောသူကလေးများ အပေါ်တွင် ယခင်က ဓမ္မဓိဋ္ဌာန်စိတ်ဖြင့် ထုံးစံအတိုင်း တိမ်းညွှတ်ခဲ့သည်ဖြစ်မူ မယ်စာအုနှင့် မျက်နှာချင်းဆုံမိသော အခါတွင် ထိုဓမ္မဓိဋ္ဌာန်စိတ်သည် ပုဂ္ဂလဓိဋ္ဌာန်စိတ်၏ နယ်စပ်ကို ဖြတ်ကျော်မိလေသည်။ "ဩော် ငါ့နှယ်၊ ဒီ ဇယ်ကလေးတော့ စောစောက မမြင်ဘူးနော်" ဟု နောင်တရလေသည်။ မယ်စာအု၏ မျက်လုံးကလေးများကို ကာလီဒါသကျမ်း အလိုဖြင့် ကြည့်မည်ဆိုသော် သူ့ဘက်သို့ တစ်ခါမျှ လှည့်၍ မကြည့်မိသည့်အတွက် မောင်ဒေဝအား "တော်ကြီးဟာ တယ်ဆိုး" ဟု အပြစ်တင်ချင်သလိုလို နေသည်ကို တွေ့နိုင်လေသည်။

မောင်ဒေဝမှာ နေနည်း၍သွားပြီ ဖြစ်သဖြင့် သူ့စိတ်ထဲ၌ "လမင်းထက် နှစ်လေးသာ အေးမြလိုက်တာ" ဟု ထင်ရသော မယ်စာအု၏ မျက်နှာကလေးကို အားရပါးရ ကြည့်မနေအားဘဲ သုတ်သီးသုတ်ပျာနှင့် ကျောင်းပရိဝုဏ်အတွင်းမှ ထွက်၍ သူ့အစ်ကို နှစ်ယောက်ကို မီအောင် ခြေကုန်သုတ်၍ ပြေးလေသည်။ ရောင်ခြည်တစ်ထောင်ဆောင်သော နေမင်းကြီးသည် နေ့စဉ် နေ့စဉ် ကမ္ဘာကို အလင်းပေးရန် ထွက်ပေါ်လာပြီးလျှင် မိမိတာဝန်ပြီးသည့်အခါတွင် မောပန်းစွာ အနောက် ဂေါယာကျွန်းသို့ ဝင်၍သွားရန် မျက်နှာကြီး နီမြန်းနေသောအခါ ဖြစ်သည်။ မောင်ဒေဝမှာ ထိုနေမင်းကြီးကို အမီလိုက်ရမည် ဖြစ်သည့်အလား နောက်သို့ ပြန်မလှည့်ဘဲ ရှေ့သို့သာလျှင် အမီ ကုတ်၍ ပြေးလေသည်။ ကုန်းတက်ကလေးသို့ ရောက်သောအခါ ကိုယ်ရှိန်သတ်၍ မည်သည့်အကြောင်းကြောင့် မသိ၊ နောက်သို့ လှည့်ကြည့်မိလေသည်။ ထိုအခါ ကျောင်းတွင်းတွင် ကျန်ရစ်ခဲ့သော ပေပင်ကုန်းသူကလေးများသည် သူ့ကို မေ့လျော့ကြပြီ ဖြစ်ကြသကဲ့သို့ တစ်ယောက်မျှ မမြင်ရတော့ချေ။ သို့ရာတွင် ကျောင်းပရိဝုဏ်တံခါးနားတွင် ဟိုသင်း လုပ်

သလို၊ သည်သင်း လုပ်သလိုနှင့် တရစ်ဝဲဝဲ လုပ်၍နေသော မိန်းမပျိုကလေး တစ်ယောက်ကို တွေ့မြင်ရလေသည်။ ထိုမိန်းမပျိုကလေးမှာ ပုံပန်းသဏ္ဍာန် ကို ကြည့်ရခြင်းအားဖြင့် အု ဖြစ်သည်ကို သိလေသည်။ မောင်ဒေဝသည် အုက သူ့ကို နှုတ်ဆက်ခြင်း၊ လောကဝတ်စကား ပြောဆိုခြင်း မပြုမိခဲ့သည့် အတွက် စိတ်မကောင်း ဖြစ်နေရစ်ရှာသည်ကိုလည်း ဝမ်းတွင်းပါ ဉာဏ်ဖြင့် ရိပ်မိလေသည်။ မောင်ဒေဝ၏ စိတ်၌ "သြော်၊ ငါ ဒီကောင်မကလေး ဘယ်သူ ဘယ်ဝါလဲ ဆိုတာ မေးမှ မမေးခဲ့လေခြင်း" ဟု နောင်တရလျက် ရှိလေသည်။ အုကလေး၏ ဣန္ဒြေရပုံ၊ ဖွင့်၍ မပြောသော်လည်း နှစ်သက် ဖွယ် ကောင်းသော မျက်လုံးကလေး နှစ်လုံးမှ မိမိထံ ဝိုင်ယာလက် ရိုက်ကြား လိုက်ပုံ၊ သူ ဝတ်ဆင်ထားပုံကလေး မခို့တရို့ နေပုံတို့ကို ထောက်ထားရခြင်း ဖြင့် အုကို နှုတ်မဆက်ခဲ့မိခြင်းသည် မိမိ၏ မိုက်မဲခြင်းပင် ဖြစ်သည်ဟု အောက်မေ့မိလေသည်။ သို့ရာတွင် အချိန်လွန်မှ နောင်တရနေ၍ အကျိုး မထူးတော့ဟု နှလုံးပိုက်ကာ အု၏ စိတ်ကို ဖျောက်ပြီးလျှင် မိမိ၏ အစ်ကို နှစ်ယောက်ကို မီရန် ကြိုးစား၍ ပြေးလေသည်။

မောင်ဒေဝသည် အု စိတ်ကို ဖျောက်နိုင်သော်လည်း အု အဖို့မှာ ဘယ်လို ဘယ်လိုဖြစ်သည် မပြောတတ်။ ပြန်ခါနီးမှ မျက်နှာချင်း တစ်ခါ ဆိုင်၍ မျက်စိချင်း တစ်ခါသာ ဆုံလိုက်ရသော တစ်ရွာသား မောင်ဒေဝကို ရုတ်တရက် မေ့လို့ မရနိုင်အောင် ရှိလေသည်။ အုသည် ပဝါပါးကိုလည်း မီးပွား မထုပ်နဲ့၊ တစ်ရွာသားလည်း ရည်းစားမလုပ်နဲ့ ဆိုသော စကားပုံကို နားမထောင်ဘဲ လွမ်းဖို့ ဇာတာများ ပါလေရော့လား မသိ။

## အခန်း ၃

အုသည် ကိုယ့်ညှော်သည်ကလေး၏ မျက်နှာကိုသာ တရစ်ဝဲဝဲ မြင်နေသဖြင့် ထိုနေ့ ညနေအဖို့တွင် များစွာရွှင်ပျခြင်း မရှိချေ။ အုနှင့် အဖော်တစ်သင်းတို့

လည်း ဘုန်းကြီးကန်တော့ပွဲ ပြီးသဖြင့် ကိုယ်စီကိုယ်င အိမ်ပြန်ရန် နှစ်ယောက် တစ်တွဲ၊ သုံးယောက်တစ်တွဲ ဆိုသလို လူစုခွဲကြလေသည်။ အုသည် အိမ်ပြန် ခါနီးတွင် သူ့အဖေ လုပ်ပုံကိုင်ပုံ မှုမမှန်သည်ကို သတိရသဖြင့် ဘာများ ဖြစ်လာပါလိမ့်ဟု စိတ်ထဲတွင် တွေး၍ ပူပန်သောက ရောက်မိလေသည်။

အိမ်သို့ ရောက်သောအခါ သူ့အမေ ချွေးတလုံးလုံးနှင့် မောင်း ထောင်းနေသည်ကို တွေ့လေသည်။ ချွေးတလုံးလုံးနှင့် နေသော်လည်း ဒေါ် ဘုမမှာ သီချင်းအဆို မပျက်ချေ။ ထိုနေ့တွင် ခါတိုင်း ခါတိုင်း နေ့များထက် ထူး၍ပင် ပျော်ရွှင်နေဟန် ရသည်။

'မိန်းကလေးရေ၊ ပြန်လာပလား။ လာစမ်းပါဦး သမီးချောကြီးရယ်။ အမေ့သမီး ကြည့်လိုက်ရမှပဲ အမေ အားရှိတယ်။ ငါ ညည်းအဖေ့ဆီ လိုက် သွားချင်လို့။ ညည်း မလာနိုင်တာနဲ့ ငါ စောင့်နေတယ်။ ဒီနေ့ ဘယ်လို သတင်းထူးတယ်ဆိုတာ ညည်း သိရင်တော့ သိပ်ဝမ်းသာမှာပဲ' ဟု ဒေါ်ဘုမ သည် မိမိတို့ မျှော်လင့်ခြင်း၏ တည်ရာ ဖြစ်သော သမီးချော မယ်စာအုကို ဆီး၍ ပြောလေသည်။

'ကျုပ် မရှိတုန်းမှာ ထူးတဲ့ သတင်းလား'

'ဒါပ မိန်းကလေးရဲ့'

'ညနေက အဖေ လှည်းကြီး စီးပြီး မဟုတ်မဟတ် လုပ်သွားတာ ဒါကြောင့်လား။ ကျုပ်တော့ အဖေ လုပ်ပုံကို သိပ်ရှက်တာပဲ။ ရေထဲတောင် ဆင်းသေလိုက်ချင်တယ်'

'ငါ့သမီးက ဘာမသိ ညာမသိနဲ့ သေချင်မနေစမ်းပါနဲ့ဦး။ မိန်း ကလေးရဲ့၊ ဒီနား တိုးစမ်းပါဦးအေ့။ တို့ဟာ သာမြင်ညောင်ညှ အောက် တန်းစား ဆင်းရဲသားထဲက မဟုတ်ဘူးတဲ့ တော့်။ မြန်မာပြည်မှာ တို့လို အမျိုးအဆွေ ကောင်းတာတောင် ခပ်ရှားရှားတဲ့ တော့်။ တို့အမျိုးက ဟို အလွမ်းမင်းတရားကြီး လက်ထက်က စ လာတာတဲ့တော့်။ ပန်းသာမြို့မှာ

လည်း ကိုယ့်အဖေဘက်က ဘိုးတွေ ဘေးတွေရဲ့ ဂူကြီးတွေဟာ ကရိကထ ပဲတဲ့ တော့်။ ကိုယ့်အဖေက မြို့စားမင်းတဲ့တော့်။ မိန်းကလေးရေ၊ ညည်း ဒီသတင်း ကြားရတာ ဝမ်းမသာဘူးလားအေ့။ ညနေက ညည်းအဖေ လှည်း ငှားစီးလာတာ အသာကြောင့်ပေါ့ သမီးရဲ့။ သူတကာ ပြောသလို မူးလာလို့ မဟုတ်ပါဘူးတော့်။ မြို့စားရင့်မကြီးဖြစ်ပြီး ခြေကျင်လာလို့ တော်ပါ့မလား အေ့။ အဲသာကြောင့် အဲသာကြောင့်....'

'ဒီသတင်းကို ကြားရတာ ဝမ်းတော့ သာစရာပါပဲ။ ဒါပေမဲ့ ကျုပ်တို့ မှာ ဘယ်လိုများ အကျိုးထူးဖို့ ရှိသလဲ'

'ဩော်၊ ထူးပြီလား မိန်းကလေးနယ်ဆို။ ဒီသတင်းကို တစ်ယောက် စကား တစ်ယောက်နား ကြားသွားလို့ရှိရင် တို့အဆက်ထဲက ချမ်းသာတဲ့ လူတွေ ကြားပြီး ဆွေမျိုးစပ်ရန် တို့ဆီကို ဝိုင်းပြီး လာကြမှာပေါ့အေ့။ ဒီ အကြောင်းကို ညည်းအဖေ ကန်သာဈေးက အပြန်မှာ ကြားလာသတဲ့တော့်။ သူမှ ခရေစေ့ တွင်းကျ ပြောတတ်တယ်။ ငါကတော့ သူ့လို စီကာပတ်ကုံး မပြောတတ်ဘူး အေ့'

'အနို့ နေစမ်းပါဦး၊ အခု အဖေ ဘယ်မှာလဲ'

ထိုအခါ ဒေါ်ဘုမသည် ဦးပန်းအောင် ဘယ်ကိုသွားသည်ဟု တိုက် ရိုက် မပြောသေးဘဲ ဝေ့လည်ကြောင်ပတ်လုပ်၍ ဦးပန်းအောင်မှာ နှလုံးရောဂါ ရှိကြောင်း၊ တပ်ကုန်းက ဓာတ်ဆရာ ဦးစိန်ထူးကို သွားပြရာ ရောဂါမှာ စိုးရိမ်ရကြောင်း၊ အဆင်မသင့်လျှင် လောလောဆယ်ဆယ် သေချင် သေမည် ဖြစ်ကြောင်း၊ အဆင်သင့်လျှင်လည်း နောက် လေးငါးနှစ် ခံချင် ခံမည် ဖြစ်ကြောင်းတို့ကိုသာ ပြန်ပြောလေသည်။

'ထိတ်စရာ လန့်စရာတွေ ပြောမနေစမ်းပါနဲ့ အမေရယ်။ အခု အဖေ ဘယ်မှာလဲ၊ ကျုပ် မေးတာကို ပြောစမ်းပါ'

'ကိုယ့်အဖေ ရှိပါတယ်တော့်။ ဘယ်မှ မသွားပါဘူး။ အဲဒီသတင်း

ကြားရတာနဲ့ ဝမ်းသာလွန်းလို့ ချက်ကြီးတို့ တဲဘက်ကို အခုပဲ ထွက်သွားတယ်။ နက်ဖြန်မနက်လည်း ရွာဟောင်းဈေးကို ထင်းသွားရောင်းဖို့ ရှိလို့ သန်းခေါင်ကျော်က ထပြီး သွားရမှာမို့ အားပြည့်အောင်လို့'

'အို၊ အမေတို့ဟာတွေ နေရာမကျပါဘူး။ အားပြည့်အောင်လို့ လူစုံတဲ့ တဲကို သွားပြီး ထန်းရည်သောက်တယ် ဆိုတာ ရှက်စရာကြီး။ နို့ အမေက တားမထားလိုက်ဘူးလား။ အမေကလည်း အလိုတူပဲ ထင်တယ်'

'အမေကတော့ သဘောတူတယ်လို့ မဟုတ်ဘူးပေါ့ သမီးရယ်။ အမေ ပြောလို့ကော မိန်းကလေး အဖေက နားထောင်ချင်မှ ထောင်တာပဲ။ ကိုင်းအေ စိတ်မဆိုးပါနဲ့။ စောစောထဲကပဲ အမေ လိုက်ခေါ်မလို့၊ မိန်းကလေး ပြန်မလာနိုင်တာနဲ့'

'ဒါဖြင့် ကျုပ် ခု လိုက်ခေါ်မယ်'

'အို၊ အမေ လိုက်ခေါ်ပါ့မယ် သမီးရဲ့။ ညည်း လိုက်ခေါ်လို့ ညည်း အဖေက ရှမှာလိုက်လို့။ စပါးတောင်းထဲက ဗေဒင် စကြာ ဘုတ်အုပ်ကို ယူပြီး ဘုရားစင်ပေါ်မှာ သိမ်းထားလိုက်စမ်းပါ'

ဒေါ်ဘုမသည် ပြောပြောဆိုဆိုနှင့် ဆေးလိပ်ကြီးကို မီးညှိ၍ ချက်ကြီးတို့ တဲသို့ ထွက်သွားလေသည်။

ဦးပန်းအောင်အား ချက်ကြီးတို့ တဲသို့ လိုက်၍ ခေါ်ရခြင်း၊ ဦးပန်းအောင်၏ ဘေးတွင် ထိုင်၍ ဦးပန်းအောင် ထန်းရည်မူးသံဖြင့် အာလေးလေးနှင့် တွေ့ကရာ ရှစ်သောင်းကို လျှောက်၍ ပြောသည်ကို ပြောင်းဖူးဖက်လိပ်ကြီး တဖွားဖွားသောက်၍ နားသောတ ဆင်ရခြင်း စသည်တို့ကား ဒေါ်ဘုမ အဖို့တွင် သားသမီးတို့ကို မွေးမြူရခြင်း ဒုက္ခ၊ အိမ်မှုကိစ္စရိယာကို နေဝင်နေထွက် မအားအောင် လုပ်ရခြင်းဒုက္ခ စသည်တို့ကို မေ့လျော့ရာ မေ့လျော့ကြောင်း ဖြစ်သဖြင့် စကြဝဠာတေးမင်း စည်းစိမ်နှင့် မလဲချင်လောက်အောင် ကောင်းသော စည်းစိမ်ကြီးတစ်မျိုး ဖြစ်လေသည်။ ထိုအခိုက်တွင် ဒေါ်ဘုမသည် ဤလောကကြီးမှာ ဒုက္ခဘုံကြီး ဖြစ်သည်ဆိုသော တရားကိုပင်

ယုံလိုသောဆန္ဒ မရှိဘဲ မိမိနှင့် ဦးပန်းအောင်မှာ သမီးရည်းစား ဘဝ၌ပင် ရှိကြသေးသကဲ့သို့ စိတ်ကူးများ ငယ်မူပြန်လျက် ရှိလေသည်။

ထိုအခိုက်တွင် အုသည် မိမိအမေ မှာခဲ့သည့်အတိုင်း ဗေဒင်စကြာ စာအုပ်ကို ဘုရားစင်ပေါ်၌ သိမ်းထားပြီးနောက် မိမိအမေသည် အဘယ် ကြောင့် ထိုနေ့တွင်မှ ထူးထူးခြားခြား ဗေဒင်စကြာ စာအုပ်ကို ယူ၍ ကြည့်ရ လေသနည်းဟု တွေးတောလျက် ရှိလေသည်။ ဦးပန်းအောင်သည် ပန်းသာ မြို့စား အဆက်ဖြစ်သည် ဆိုသောအကြောင်းနှင့် ပတ်သက်၍ ဗေဒင်စကြာ စာအုပ်ကို ယူကြည့်မည်ဟု ထင်သော်လည်း သူ့ဇာတာကို အထူးတလည် သိလိုသောကြောင့် ယူကြည့်လိမ့်မည်ဆိုသော အဖြစ်ကိုမူကား စိတ်၌ မဥပါဒ် မိပေ။

အုသည် ဗေဒင်စကြာ စာအုပ်ကို သိမ်းထားပြီးနောက် မိမိအောက် အသက် ၁၃ နှစ်ရွယ် ညီမ မကြေးမြင်နှင့် ဒေါ်ဘုမ လက်စသတ်မသွားသော ဆန်တစ်ဆုံကို ဆက်၍ ဖွပ်ကြလေသည်။ အုတွင် မကြေးမြင်အောက် ၉ နှစ်ရွယ် မောင်စိန်းအောင် အပြင် အခြား မောင်ငယ်၊ ညီမငယ် ၅ ယောက် ရှိသေးသည်။

အုတို့ မောင်းထောင်းပြီးသောအခါ ညဥ့်နက်လှလေပြီ။ ဦးပန်းအောင် ကို အခေါ်သွားသော ဒေါ်ဘုမလည်း မပေါ်လာသေး။ အုမှာ အဖေ ဦး ပန်းအောင်အတွက် စိတ်ပူရတဲ့ အထဲတွင် အမိ ဒေါ်ဘုမအတွက်လည်း နောက်ထပ် စိတ်ပူရပြန်လေသည်။

'မောင်စိန်းအောင်၊ မောင်လေးရေ၊ နင် သွားဝံ့တယ် မဟုတ်လား။ သွား၊ ကိုချက်ကြီးတို့တဲ လိုက်သွားစမ်း။ အဖေနဲ့ အမေကို မြန်မြန်ပြန်လာ ကြပါလို့ ပြော။ ထမင်းလည်း အခုထက်ထိ မစားရသေးဘူး၊ ဆာလှပြီလို့' ဟု ပြောကာ သူ့မောင်ကလေးကို လွှတ်လိုက်လေသည်။

မောင်စိန်းအောင်သည် သွက်လက်စွာ ဆင်း၍ သွားလေသည်။ ထမင်းအိုး တစ်လုံးချက်လောက် ကြာသော်လည်း မောင်စိန်းအောင်သည်

ပြန်၍ ပေါ်မလာ။ ထမင်းအိုး နှစ်လုံးချက်လောက် ကြာသော်လည်း ထိုနည်းလည်းကောင်း။ ဦးပန်းအောင်သည် ကျန်းမာသည်လည်း မဟုတ်၊ သန်းခေါင်ကျော်လျှင်လည်း အအိပ်ပျက်ခံ၍ ရွာဟောင်းဈေးကို ထင်းသွားရောင်းစရာ ရှိသေးသည်။ အသက်ကလည်း ကြီး၊ မမာလည်း မမာ၊ အအိပ်ပျက်ခံရဖို့လည်း ရှိနေသည့် အထဲတွင် မြို့စားမင်း ဖြစ်သည့် အကြောင်းကို ဒီလောက်တောင် ညဥ့်နက်ခံ၍ အောင်ပွဲကျင်းပနေခြင်းမှာ မသင့်လျော်။ ဤသို့ လူကြီးစိတ်နှင့် ပူပန်တတ်သော သမီးလိမ္မာကလေး အုသည် တွေးတော ပူပန်လျက် ရှိရကား "ဟယ်၊ ငါကိုယ်တိုင် လိုက်မသွားလို့ ပြီးမှာ မဟုတ်ပါဘူး" ဟု သက်မချကာ အိပ်ပျော်နေသော မယ်ကြေးမွှင်တို့ကို မနိုးဘဲ အိမ်ကိုပိတ်၍ မှောင်ကြီးမည်းကြီးထဲတွင် ချက်ကြီးတို့ တဲသို့ လိုက်၍ သွားလေသည်။

## အခန်း ၄

ချက်ကြီးတို့ တဲသည် ပင်ကျရည် ကောင်းကောင်း ရနိုင်သောတဲဟု နာမည်ကျော်သောတဲ ဖြစ်သည်။ ထန်းရည်ခါးနှင့် ကြက်သားကို ကြိုက်သော သမ္မတ ဖိုးမင်းကျော် ဂိုဏ်းသားတို့ စည်းဝေးရာ အစည်းအဝေးသဘင်၏ တည်ရာလည်း ဖြစ်သည်။ ပေပင်ကုန်းမှာ စင်စစ်အားဖြင့် မြင်းဖြူရှင်၏ နယ်တော် ပယ်တော်ပင် မှန်သော်လည်း မြင်းဖြူရှင်သည် သမ္မတ ဖိုးမင်းကျော်လောက် သန်းခေါင်ကို နေ့ မမှတ်သဖြင့် မွှန်မြတ်သော၊ တိုင်းရင်းဖြစ် သုဒ္ဒါရည်ကို ဆောင်သော၊ ကြည်ညိုဖွယ်ကောင်းသော၊ ထန်းတော ပေတော ကြီးတို့၏ မင်းမှုရာဖြစ်သော ပေပင်ကုန်းဇာတိ မင်းယောကျ်ားများအနက် မသောက်ရသည့် အခါတွင် သီလစောင့်သော ဖိုးကျောင်းဒကာ ဦးမင်းကျော် ကို မြင်းဖြူရှင်ထက် ပို၍ မြတ်နိုးကြသူတို့ များလေသည်။ ထိုမြတ်နိုးကြသူ

တို့ စာရင်းတွင် ပန်းသာမြို့စားကြီး ဦးပန်းအောင်သည် အထက်နားက ပါသူ ဖြစ်လေသည်။

ချက်ကြီး၏ သက်လျာ ဂေါက်တေးသည် ဧည့်ကောင်းစောင်ကောင်း တို့အား တစ်မြုပြီး တစ်မြု ထည့်ပေးနေရသဖြင့် လက်မလည်နိုင်ရသည့် အထဲတွင် အပြင်ဘက်မှ ခြေသံကြားသဖြင့် 'ရပ်ဝေးက မိတ်ဆွေများ လာကြ တာနဲ့ တစ်ခါတစ်ရံ ထမင်းစားကောင်းရုံ ဆိုသလို ဘုံဆိုင်သွင်းလို့ ကျန်တာ ကလေး ဝိုင်းပြီး မြည်းနေကြတာပါတော်' ဟု ဘုရားရှိခိုးကို ရွတ်သကဲ့သို့ အပြင်က ခြေသံကြားတိုင်း ဘေးဆီးရန်ကာ ဂါထာကလေးကို ရွတ်လေ သည်။ ဒေါ်ဘုမသည် တဲထဲသို့ သွားလမ်း လာလမ်းကို ကောင်းစွာ သိနေသူ ဖြစ်သည့်အတိုင်း ဆိုက်ဆိုက်မြိုက်မြိုက် ဝင်သွားသော အခါကျမှ၊ မိမိတို့၏ ဖောက်သည် ဦးပန်းအောင်၏ တောင်ညာစံဒေဝီ မဟေသီ ဒေါ်ဘုမ ဖြစ်သည် ကို သိသဖြင့် ဂေါက်တေးက 'အို၊ အရီးဘုကလဲ လန့်လိုက်တာတော်။ တကတဲ ကျုပ်က သူကြီးများ လာပြန်သလားလို့။ တစ်နေ့ကပဲ ယစ်မျိုး ပျာတာနဲ့ သူကြီးနဲ့ လာကြလို့ ကြက်က တစ်ကောင်၊ ထန်းရည်က နှစ်မြု၊ ငွေစက တစ်ပြား ပေးလိုက်ရသေးတယ်။ အစိုးရ ဆိုတာ ရလေ လိုလေ အိုတစ္ဆေ ဆိုတာလိုမို့ ထပ်ပြီးများ လာပြန်သလားလို့' ဟု ပြောလေသည်။ သမ္မတ ဖိုးမင်းကျော်၏ အစည်းအရုံးဝင်တို့သည် ဒေါ်ဘုမ ဝင်လာသည်ကို မြင်သောအခါ သိဟောင်းကျွမ်းဟောင်း မိတ်ဆွေဟောင်းကြီးတစ်ဦး ဖြစ် သည့် အတိုင်း ပျူငှာစွာ ဆီးကြိုနှုတ်ဆက်ကြပြီးနောက် သူ၏သက်ထား မြို့စားကြီး ဦးပန်းအောင် ရှိရာဘက်သို့ ညွှန်ပြကြလေသည်။

စည်းစိမ်တော် ယစ်မူးလျက်ရှိသော ဦးပန်းအောင်သည် "ပတ္တမြား မှန်ရင်ဗျာ နွံမှာ နစ်စေတော့" ဆိုသော သီချင်းကိုသာ ဆိမန်း မန်းသကဲ့သို့ တတွတ်တွတ် သီဆိုလျက် ရှိသည်။ ဒေါ်ဘုမသည် အပါးသို့ကပ်၍ 'ဒီမယ် ကိုရင်အောင်ရဲ့၊ ပြောချင်တာကလေး တစ်ခုရှိလို့ ကျုပ် လိုက်လာတာတော့။

ဒီဘက် လှည့်စမ်းပါဦး။ အို၊ ကျုပ်ကိုတောင် မမြင်ဘူးလား။ သိပ်မူးနေပြီ ထင်တယ်' ဟု ဆိုကာ လက်မောင်းကို ဆွဲ၍ လှုပ်လေသည်။

ဦးပန်းအောင်သည် မျက်တောင်ကို စင်း၍ ဒေါ်ဘုမ မျက်နှာကို ကြည့်လျက် စကားပြန်မပေးဘဲ "ပတ္တမြား မှန်ရင်ဗျာ နွံမှာ နစ်စေတော့" ဆိုသော သီချင်းကိုသာ ဥဒါန်းကျူးပြန်လေသည်။

ထိုအခါ ဂေါက်တေးက 'ဦးကြီးပန်း၊ တိုးတိုးတော့ တိုးတိုး၊ အစိုးရ တွေ လာဖမ်းနေရင် ကျုပ်တို့ ထမင်းအိုး ကွဲနေပါဦးမယ်။ အရီးဘုရဲ့ ကြည့် ပြောပါဦး' ဟု ပြောလေသည်။

'ဟော့ ဂေါက်တေးရေ၊ တို့အကြောင်း ညည်း ကြားပြီးပလားဟေ့။ ညည်းတို့ကို ကိုရင်အောင် ပြောပြီးပြီ ထင်တယ်'

'ပြောသလောက်တော့ ပြောပြီးပြီ ဆိုပါတော့။ အနို့ နေစမ်းပါဦး၊ ငွေစ ရလမ်းများကော မြင်သလား အရီးဘုရဲ့'

'ဒါတော့ ဘယ်ပြောနိုင်ဦးမလဲ အေ့။ လောကမှာ လုံထမ်းလာတာ သာ မြင်ရတယ်၊ ကံထမ်းလာတာကို မမြင်ရဘူးဆို မဟုတ်လားအေ့။ ငွေစ မရတောင် ငွေစရမယ့်ဘက်ကို နီးသွားရင် အခုအတိုင်းထက်တော့ ဟန်ကျ တာပေါ့အေ့' ဟု ဒေါ်ဘုမက ပြောပြီးနောက် ဦးပန်းအောင်ဘက်သို့ လှည့်၍ 'ဒီမှာ ကိုရင်အောင်ရဲ့၊ ကျုပ်တို့အကြောင်းကို ဆရာလေးဆီက တော် ကြား လာတယ် ဆိုကတည်းက ကျုပ် အကြံတစ်ခု ရနေတယ်။ မြောက်ကုန်းမြို့မှာ ပန်းသာခင်လေး ဆိုတာ ရှိတယ်။ ပစ္စည်းလည်း တယ်ပေါသတဲ့။ အဲဒါ ကျုပ်တို့ အဆက်ထဲက နေမှာတော့' ဟု ဆက်လက်ပြောလေသည်။

'အေး အေး၊ ဟုတ်ပြီ။ သည်တော့ကာ....'

'သည်တော့ ကျုပ်က မိန်းကလေးကို ဆွေမျိုးစပ်ဖို့ လွှတ်ချင်တယ် တော့်'

'အေး အေး၊ မြောက်ကုန်းမြို့မှာ ပန်းသာခင်လေး ဆိုတာတော့ တစ်ယောက်ရှိတယ်။ ဆရာလေးကလည်း မေ့နေလို့ ထင်ပါရဲ့။ ဒီအကြောင်း

ကို မပြောဘူး။ သို့ပေမင့်ကွယ်၊ ဒင်းတို့က အဖျားအနားထဲက နေမှာပါ။ တို့လို ပန်းသာဆက် အရင်းအချာထဲက ဟုတ်မယ် မထင်ပါဘူး'

ထိုကဲ့သို့ ဦးပန်းအောင်တို့ ဇနီးမောင်နှံ ဆွေးနွေး တိုင်ပင်နေခိုက်တွင် မောင်စိန်းအောင် ရောက်လာသော်လည်း အရေးကြီးသော ပြဿနာကြီးများကို ဆွေးနွေးနေခိုက် ဖြစ်သဖြင့် ဇနီးမောင်နှံ နှစ်ဦးလုံး သတိမမူမိကြချေ။

'အရင်းတွေ အဖျားတွေ အသာ ထားစမ်းပါဦး ကိုရင်အောင်ရဲ့။ ကျုပ် သဘောကတော့ ရင်းသော ဖျားသော အရိုးများသော ချေးခါးသော လုပ်မနေချင်ဘူး။ မိန်းကလေးကိုသာ လွှတ်ပြီး ဆွေမျိုးစပ်ချင်တာပဲ။ အဲဒီ ပန်းသာခင်လေး ဆိုတာက ငွေစ သိပ်ပေါသတဲ့ တော့်။ မိန်းကလေးကို မြင်ရင်လည်း သူ သဘောကျမှာပါပဲ'

ထိုအခါ မောင်စိန်းအောင်က ဝင်တဲ့၍ 'ဟုတ်တယ်ဗျ၊ အဲဒီတော့မှ ကျုပ်တို့ပါ လိုက်သွားပြီး မြင်းရထားတွေ ဘာတွေစီး၊ ပိုးပုဆိုးတွေ ဘာတွေပါ ဝတ်ရမှာဗျ' ဟု ပြောလေသည်။

'ဟဲ့ ကြည့်စမ်း၊ လူကလေး။ နင် ဘယ်တုန်းက ရောက်နေသလဲ။ သွား သွား၊ လူကြီးတွေ ပြောတဲ့အထဲ ဒီလို ဝင်မပြောရဘူး။ ဟိုနားမှာ သွားပြီး ကစားနေချေ။ အမေတို့ အခုပဲ လာခဲ့မယ်။ ဘယ့်နှယ်လဲ ကိုရင်အောင်ရဲ့။ ကျုပ် ပြောတာကို သဘောကျရဲ့လား။ နောက် အဆက်ဖြစ်ပြီး မိန်းကလေး ဟိုကို ရောက်သွားတယ်ဆိုရင် မင်းကတော် စိုးကတော် ဖြစ်လမ်းလည်း ရှိတယ်တော့်'

'ဘယ့်နှယ်ကြောင့် နင်က ဒီလို ပြောနိုင်သလဲ ဘုမရဲ့'

'အို ကိုရင်အောင့်နှယ်ဆို၊ ဘုမက ပြောလိုက်ရင် အရမ်းပြောတာ မဟုတ်ဘူးတော့်။ ပိုင်မှ နိုင်မှ ပြောတာ။ ဘုမက အိမ်က ဗေဒင်စကြာ ဘုတ်အုပ်ကို ကြည့်လာခဲ့ပြီတော့်။ မိန်းကလေး ဇာတာဟာ ကတော်ဆယ်ပါး တစ်ပါး ပါတဲ့ ဇာတာတဲ့တော့်။ ပြီးတော့ ကိုရင်အောင်လည်း အသိသား

နဲ့ဟာ။ ရွှေပင်နားမှ ရွှေကျေး ဖြစ်နိုင်တာ။ ပြီးတော့ ကိုရင်အောင်လည်း အကြားဖူးသားနဲ့ဟာ။ တစ်ရွာမပြောင်း သူကောင်း မဖြစ်ဆို မဟုတ်လား။ ရှေးက လူကြီး သူမတွေက မဟုတ်ဘဲနဲ့ ပြောခဲ့ပါ့မလား တော့်'

'အေးပါ၊ ဒီ ရွှေပင်နားတာတွေ တစ်ရွာမပြောင်းတာတွေ ထားစမ်းပါဦး။ မိန်းကလေးကကော သွားမတဲ့လား'

'မိန်းကလေးကိုတော့ ဒီအကြောင်း မပြောရသေးဘူး။ ဒါပေမဲ့ မိန်းကလေး အတွက်တော့ ဘုမ ရှိပါတယ်၊ မပူပါနဲ့။ ဟိုကို ပို့ထားရင်တော့ မြေကြီးကို လက်ဝါးနဲ့ ပုတ်ရင်သာ လွဲချင် လွဲမယ်။ မင်းကတော် စိုးကတော် ဖြစ်မှာကတော့ မလွဲဘူး။ မိန်းကလေးကလည်း လိမ္မာပါတယ်။ မိဘက ကောင်းတယ်ဆို ဘာ ငြင်းမလဲ'

'ဒါက နှင့်အတွေးပါ ဘုမရယ်။ မိန်းကလေး စိတ်က တစ်မျိုးဟာ။ သူများနဲ့ တူတာ မဟုတ်ဘူး'

'ဒါတော့ ကျုပ်သမီး အကြောင်း ကျုပ် ပိုသိပါတယ်။ ကျုပ် ကြည့်ပြီး စီမံပါ့မယ်'

ထိုကဲ့သို့ ဦးပန်းအောင်တို့ ဇနီးမောင်နှံသည် ချက်ကြီးနှင့် ဂေါက်တေးတို့၏ သက်ယယ်မီး၊ ဝါးကြမ်းခင်း၊ ထန်းရည်နံ့ သင်းလှိုင်သော တဲနန်းတော်အတွင်း၌ တီးတိုး တီးတိုး တိုင်ပင်ကြခြင်းကို ဦးပန်းအောင်တို့၏ သောက်တော်ဖော် သောက်တော်ဖက်တို့ ကောင်းစွာ မကြားရသော်လည်း တစ်ခွန်းကြား၊ နှစ်ခွန်းကြားနှင့်ပင် အရေးကြီးသော အချက်များကို ပြောနေကြသည့် အကြောင်း၊ မယ်စာအုသည် မကြာမီပင် မင်းကတော် စိုးကတော် ဖြစ်လိမ့်မည့် အကြောင်း ဖြစ်သည်ဟု ရိပ်မိကြပြီးလျှင် တစ်ယောက်သော ယစ်ထုပ်ကြီးက 'အုက မိန်းမချောကလေးကွယ့်။ တို့ တောရွာက လူတွေနဲ့ မတန်ပါဘူးကွယ်။ ရပ်ကြီးသားနဲ့ပဲ တန်ပါတယ်။ သို့ပေမယ့်ဟော့ ဘုမတို့ဟာ သေချင်တဲ့ကျား တောပြောင်း ဆိုသလို မဖြစ်အောင် သတိရှိရင်တော့ ကောင်းတာပဲ' ဟု အခြား ယစ်ထုတ်တို့အား ပြောလျက် ရှိလေသည်။

ထို့နောက် ဦးပန်းအောင်နှင့် ဒေါ်ဘုမတို့ ဆွေးနွေးရေးပြီး၍ အားလုံးသော ကျွတ်တမ်းဝင် ပုဂ္ဂိုလ်တို့နှင့် အာလာပ သလ္လာပ ပြောကြဆဲတွင် အပြင်ဘက်မှ ခြေသံများ ကြားပြန်လေသည်။ ဂေါက်တေးသည် ထုံးစံအတိုင်း "ရပ်ဝေးက မိတ်ဆွေများ လာကြတာနဲ့" အစချီသော ရွတ်ဖတ်သရဇ္ဈာယ်မြဲ ဘေးဆီးရန်ကာ မန္တန်ကို တွတ်တွတ် တွတ်တွတ်ဖြင့် ရွတ်ပြန်လေသည်။ အပြင်က လာသူမှာ မယ်စာအု ဖြစ်မှန်း သိသောအခါကျမှ 'ဩော် အုကလဲအေ၊ အသံလေး ဘာလေး ပြုရောပေါ့။ တို့ လန့်လိုက်တာ၊ အစိုးရ မှတ်လို့' ဟု ပြောလေသည်။

မယ်စာအု ရောက်လာသည်နှင့် တစ်ပြိုင်နက် ကိုယ့်လိပ်ပြာ ကိုယ်မလုံသဖြင့် ဒေါ်ဘုမသည် နှုတ်သွက်သွက် လျှာသွက်သွက်ဖြင့် 'မိန်းကလေးရေ၊ ဘာလို့ မှောင်ကြီးမည်းကြီးထဲ လိုက်လာရသလဲအေ။ အမေတို့ လာမှာပေါ့ မိန်းကလေးရဲ့။ ဟောဒီမှာ ဂေါက်တေးတို့နဲ့ စကားကောင်းနေတာနဲ့' ဟု ပြောပြောဆိုဆို ထ၍ လာလေသည်။ ဦးပန်းအောင်လည်း ခွက်ထဲကျန်သော ဖိုးမင်းကျော်၏ သောက်တော်ရည်ကို ကပျာကယာ မော့တဲ့ပြီးလျှင် ထ၍ လိုက်သွားလေသည်။

ဦးပန်းအောင်မှာ မွန်းတိမ်းအချိန် ကန်သာဈေးက စ၍ စဉ်တိုက်သောက်လာခဲ့သဖြင့် အတော်ပင် "ထို" ၍ နေလေသည်။ လမ်းကိုပင်ကောင်းအောင် မလျှောက်နိုင်သဖြင့် အုနှင့် ဒေါ်ဘုမတို့ တစ်ဖက်တစ်ချက်တွဲ၍ ခေါ်သွားရလေသည်။ မြို့စားမင်းသည် စံမြန်းတော်မူရာ အိမ်ကုပ်တော်သို့ ရောက်သောအခါ ကိုယ့်ကိုယ်ကိုယ် အားပေးသည့်အလား "ပတ္တမြားမှန်ရင်ဗျာ နွံမှာနစ်စေတော့" ဆိုသော သီချင်းကို ကျူးရင့်ပြန်သဖြင့် 'အချိန်မတော် လူကြားရင် ရှက်စရာကြီး။ တိတ်စမ်းပါ ကိုရင်အောင်ရဲ့' ဟု ဒေါ်ဘုမက အတော် ခဲယဉ်းစွာနှင့် တားထားရလေသည်။

အု မှာမူကား မြို့စားမျိုး ဖြစ်ခြင်း၊ ရွာစာမျိုး ဖြစ်ခြင်းတို့ကို စိတ်မဝင်စားအားဘဲ ဦးပန်းအောင်သည် ရွာဟောင်းဈေးသို့ ထင်းသွား၍ ရောင်းမှ

ရောင်းနိုင်ပါ့မလား ဟုသာ တွေးတောပူပန်လျက် ရှိသဖြင့် 'အမေ ဒီလိုဆိုရင် ထင်းတွေ ဘယ်သူ သွားရောင်းမလဲ။ အဖေလည်း သွားနိုင်မှာ မဟုတ်ဘူး' ဟု ပြောလေသည်။

ဦးပန်းအောင်က 'ငါလား၊ သွားနိုင်ပါတယ် မိန်းကလေးရဲ့။ ကွမ်းတစ်ရာ နှစ်ရာ ညက်လောက်ဆို အဖေ ကောင်းသွားမှာပေါ့' ဟု မူးယစ်သူတို့ ဓမ္မတာအတိုင်း အာလေးလေးဖြင့် ပြောလေသည်။

ထို့နောက် သန်းခေါင်ကြက် တွန်သဖြင့် အသီးသီး ကိုယ့်အိပ်ရာ ကိုယ်ဝင်၍ အိပ်ကြလေသည်။ ည နာရီပြန် ၂ ချက်ခွဲ ၃ နာရီလောက် အချိန်တွင် ဒေါ်ဘုမသည် သူ့သမီး အိပ်ရာသို့ သွားပြီးလျှင် 'မိန်းကလေးရေ ထစမ်းပါဦးအေ့။ ညည်းအဖေတော့ သွားနိုင်မှာ မဟုတ်ဘူး' ဟု ပြောလေသည်။

'အဖေ မသွားနိုင်ရင်လည်း တစ်ယောက်ယောက် သွားမှ ဖြစ်မှာပေါ့။ မသွားလို့ ဘယ်ဖြစ်မလဲ'

'ဖိုးရွှဲ ဖြစ်ဖြစ်၊ ဟို ညည်းကို ပိုးတိုးကိုး ကောင်ကလေးဟာ ဘယ်သူ၊ အေးလေ တလုပ်ဖြူ။ အဲ တလုပ်ဖြူ ဖြစ်ဖြစ် နိုင်းမှပဲ ထင်တယ် အေ့'

'အို အမေကလဲ၊ မတော်တာပဲ။ သူများကို သွားခိုင်းလို့ ကိုယ့်အရှက် ကိုယ် ခွဲသလို နေမှာပေါ့ အမေရဲ့။ ဒီလို ဒီလိုကြောင့် အဖေ မသွားနိုင်ဘူး ဆိုတာ သူများတွေ သိသွားရင် ရှက်စရာကြီး။ မောင်လေးကို ထည့်လိုက်၊ ကျုပ်နဲ့ မောင်လေးနဲ့ နှစ်ယောက် သွားမယ်'

ထိုအကြံကို ဒေါ်ဘုမက သဘောတူသဖြင့် အုတို့ မောင်နှမ နှစ်ယောက်သည် အိပ်ချင်မူးတူးနှင့် ထင်းလှည်းကြီးကို တကျည်ကျည်နှင့် မောင်း၍ သွားကြလေသည်။

အုတို့ မောင်နှမ နှစ်ယောက်သည် အိပ်ချင် ပြေစေခြင်းငှာ ထွေရာလေးပါးတို့ကို ပြောကြလေသည်။

'အစ်မကြီးရေ'

'ဘာလဲ မောင်လေးရဲ့'

'တို့ဟာ အစိုးရမျိုးထဲက ဆိုတာ နင် ဝမ်းမသာဘူးလား'

'မောင်လေးက နင် နင်နဲ့ မပြောနဲ့ဆို။ ဘာထူးပြီး ဝမ်းသာရမှာလဲ မောင်လေးရဲ့။ အခု အစိုးရမျိုးထဲက မဟုတ်ပါဘူးဟဲ့။ ရှေးတုန်းက အစိုးရမျိုး ထဲက ပါ'

'အနို့ အစ်မကြီး အဖိုးရကတော် ဖြစ်မယ် ဆိုတာကော....'

'မောင်လေးနော်၊ နင် ဘာ မဟုတ်တာတွေ လျှောက်ပြောနေတာ လဲ'

'ကျုပ်က အဟုတ်ပြောတာ အစ်မကြီးရဲ့။ ငွေစတွေပေါတဲ့ ကျုပ်တို့ ဆွေမျိုး ပန်းသာခင်လေး ဆိုတဲ့ မိန်းမကြီးက အစ်မကြီးကို အစိုးရကတော် ဖြစ်အောင် လုပ်ပေးမှာတဲ့ဗျ'

'ကြည့်စမ်း၊ ကြည့်စမ်း။ မောင်လေး နင့်ကို ဒါတွေ ဘယ်သူ ပြော သလဲ။ တို့မှာ ဆွေမျိုးဆိုလို့ ခမည်းပေးဖို့တောင် မရှိဘူး။ ဒါနဲ့များ ငါ့ကိုပဲ အစိုးရကတော် ဖြစ်အောင် လုပ်ပေးဦးမလေး ဘာလေးနဲ့၊ ရယ်ချင်လိုက် တာကွယ်။ ဟာ ဟာ ဟ ဒေါက်၊ ကောက်ရိုးပုံက မျောက်'

'အံမာ ကျုပ်က တကယ် ပြောနေတာ အစ်မကြီးရ။ မနေ့ညက ကိုချက်ကြီးတို့ တဲမှာ အမေက အဖေ့ကို ပြောနေတာ ကျုပ် ချောင်းပြီး နားထောင်နေတယ်ဗျ။ မြောက်ကုန်းမြို့မှာ ကျုပ်တို့ ဆွေမျိုးတစ်ယောက် ရှိတယ်တဲ့။ ငွေစတွေလည်း သိပ်ပေါတယ်တဲ့။ အမေက သူ့ဆီ အစ်မကြီးကို ပို့ထားမယ်တဲ့။ အဲဒီတော့မှ အစ်မကြီး အစိုးရကတော် ဖြစ်မှာတဲ့ဗျ'

'တော်ပါ မောင်လေးရယ်၊ ရောက်တတ်ကရ ပြောမနေပါနဲ့'

'အစ်မကြီးရေ ကြယ်တွေဟာလည်း ကမ္ဘာတွေပဲလား'

'အေး'

'ကျုပ်တို့ ကမ္ဘာလိုပေါ့နော်'

'ဒါတော့ ငါ မသိဘူး။ ဟုတ်မှာပေါ့။ တို့ ဥသျှစ်ပင်ပေါ်က ဥသျှစ်

သီးတွေလိုပေါ့။ ဝန်းဝန်းစက်စက်နဲ့ လှတာလည်း လှတာပေါ့။ အချို့ တစ်လုံးတလေလည်း အပုပ် ပါတာပေါ့'

'အနို့ ကျုပ်တို့ နေတဲ့ ကမ္ဘာက ဘယ်လို ကမ္ဘာမျိုးလဲ။ ဝန်းဝန်းစက်စက် ထဲကလား၊ အပုပ်ထဲကလား'

'အပုပ်ထဲက'

'ဒါဖြင့် ကျုပ်တို့ သိပ်ကံဆိုးတာပေါ့နော် အစ်မကြီး။ ဝန်းဝန်းစက်စက်တွေ အပေါသားနဲ့၊ ဒီအပုပ်ကြီးပေါ် လာရောက်နေရတာ'

'ဟုတ်တာပေါ့ မောင်လေးရဲ့'

'အစ်မကြီး ပြောတာ တကယ်ပဲလား။ အနို့ ကောင်းတဲ့ ကမ္ဘာပေါ်မှာ ကျုပ်တို့ နေရမယ်ဆိုရင် သိပ်ကောင်းမှာပဲနော်။ ဘယ်လိုနေမလဲ.... သွားကြည့်ချင်လိုက်တာ'

'ဘယ်လိုနေမလဲဟဲ့၊ ကောင်းတဲ့ကမ္ဘာမှာ သွားပြီး နေရမယ်ဆိုရင် အဖေမှာလည်း ဒီလို ချောင်းတဟွတ်ဟွတ် ဆိုးမနေရဘူး။ ဒီလိုလည်း ထင်းရောင်း မသွားနိုင်အောင် သိပ်ပြီးလည်း ထန်းရည်မူးနေမှာ မဟုတ်ဘူး။ အမေလည်း မောင်း တထောင်းထဲ ထောင်းနေရမှာ မဟုတ်ဘူးပေါ့'

'ပြီးတော့ အစ်မကြီးလည်း ငွေစရှိတဲ့ ဆွေမျိုးဆီ သွားကပ်ပြီး အစိုးရကတော် ဖြစ်အောင် ငွေစရှိတဲ့ အစိုးရကို ယူမနေရတော့ဘဲနဲ့ ကိုယ့်ဟာကိုယ် အစိုးရကတော် ဖြစ်မှာပေါ့နော်'

'မောင်လေးနော်၊ နင် ဒီ အစိုးရကတော် အကြောင်း နောက်ထပ် မပြောနဲ့။ ငါ မကြိုက်ဘူး'

ထို့နောက် မောင်စိန်းအောင်သည် စကားပြောစရာ မရှိသဖြင့် အိပ်ပျော်သွားလေသည်။ အသည် သူ့အဖေ မျိုးရိုးဂုဏ်အတွက် ဝင့်ဝါပုံ၊ သူ့အမေသည် သူ့အတွက် မင်းထဲ စိုးထဲမှ သမက်လောင်းကို အထင်ကြီးနှင့် ကပြင်ကြီး အိပ်ကာ မျှော်လင့်ပုံ၊ သူ၏ ကြင်ဖက်လောင်းက သူ့အား ကျေးတောသူမ မယ်ကာကကလေး ဖြစ်သဖြင့် အထင်အမြင်သေးပုံ စသည်

တို့ကို ကုလားဖန် အမျိုးမျိုးထိုး၍ စိတ်ကူးဖဲရိုက်ရင်း အိပ်ပျော်မှန်းမသိ အိပ်ပျော်သွားလေသည်။

ထိုသို့ အရသာရှိစွာနှင့် အိပ်ပျော်နေရင်း ရာကျော် ခေါင်ကွမ်း ကွမ်း တော့မည့် အလုပ်တွင် ဂုမ္ဘဏ်တစ်ထောင်တို့ တစ်ပြိုင်နက် ကြွေးကြော်လိုက် သကဲ့သို့ "ဂျုန်း" ခနဲ မြည်သော အသံကြီးကို ကြားရသဖြင့် လန့်နိုးလေ သည်။ နိုး၍ ကြည့်လိုက်သောအခါ မိမိတို့ မောင်နှမ စီး၍လာသော ထင်း လှည်းမှာ ထုံးစံအတိုင်း ပေတစ်ရာလမ်းပေါ်တွင် မရှိဘဲ လမ်းဘေးက မြောင်း ထဲတွင် ကျ၍ မမှောက်ရုံတမယ်သာ ကျန်တော့လေသည်။ အလှဲ့ဘက်က ကောက်သော နွားရွှေကြီးမှာလည်း ဟောဟဲ ဟောဟဲနှင့် အသက်ပြင်းစွာ ရှူလျက်ရှိပြီးလျှင် နံရိုးကြားမှလည်း ရှူးရှူး ရှူးရှူးနှင့် လေထွက်လျက် ရှိသည်ကို တွေ့ရလေသည်။

ထိုအခိုက်တွင် မြင်းစီးလာသော လူကြီးတစ်ယောက်က 'ဟေ့ သူငယ်မ၊ မင်းနွားတွေက တယ်ရိုင်းတာကိုး။ ငါ့မြင်း မြင်တာနဲ့ လန့်ပြီး ပြေးကြတယ်။ မင်းတို့ကလည်း အိပ်ပြီး လိုက်လာကြတာကိုး' ဟု မြင်းပေါ်မှ ဆင်းပြီး အုတို့ လှည်းအနီးသို့ လာပြောလေသည်။ အုသည် နွားရွှေကြီး၏ ကံကြမ္မာကို ဆင်း၍ ကြည့်လေသည်။ နွားရွှေကြီး၏ နံရိုးကြားတွင် လမ်း ဘေးမှ ရှားငုတ်တိုကြီး စူးသဖြင့် အပေါက်ကြီး ဖြစ်ပြီးလျှင် သွေးများ ဒလဟော ယိုဆင်းလျက် ရှိလေသည်။

အုသည် ကြံရာမရသဖြင့် နွားရွှေကြီး၏ နံရိုးကြားက အပေါက်ကြီး ကို လက်ဝါးနှင့် သွား၍ ပိတ်လေသည်။ သွေးတို့ကား မိုးဦးကျစတွင် လာသော ချောင်းရေကဲ့သို့ ပိတ်ပင်တားဆီး၍ မရ။ အုမှာ အဝတ်အစားများ ပေကျံရုံသာ ရှိလေသည်။

မြင်းစီးခရီးသွား ယောကျ်ားကြီးလည်း နွားများကို ကူညီ ဖြုတ်ပေး လေသည်။ သို့ရာတွင် ဒဏ်ရာရသော နွားရွှေကြီးမှာ ထိုဒဏ်ရာနှင့်ပင် နွားဇာတ် သိမ်းရှာလေသည်။

'ဟော့ သူငယ်မ၊ မိုးလည်း လင်းလာပါပြီကွယ်။ မကြောက်ပါနဲ့။ ငါ ဟိုရှေ့က ဆယ်တော်ရွာကို သွားမလို့။ အဲဒီကျမှ နွားတစ်ကောင် ငှားပြီး ယူခဲ့မယ်' ဟု အားပေးခဲ့ပြီးလျှင် မြင်းကိုစိုင်း၍ သွားလေသည်။

ထိုနောက် မကြာမီပင် မိုးထိန်ထိန်လင်းလေသည်။ အနီးပတ်ဝန်းကျင်ရှိ သက်မဲ့လောကကြီးနှင့်တူသော တောအလုံးလည်း ချိုးသံ၊ ခါသံ၊ တောငှက်သံတို့ဖြင့် စည်ကားစွာ ရှိလေသည်။ အုသည် နွားရှေ့ကြီး၏ ရုပ်အလောင်းကို ကြည့်၍ 'ငါ့ကြောင့်ပဲ၊ ငါ့ကြောင့်ပဲ။ တစ်ခါဖြင့် ကိုယ်ကျိုးနည်းကြပြီ။ အဖေတို့ အမေတို့ ဘာနဲ့ လုပ်စားကြတော့မလဲ။ မောင်လေးရေ၊ ဘယ့်နှယ်လုပ်ကြမတုံး။ တစ်ခါဖြင့် ခက်တော့တာပဲ' ဟု အခြောက်ငိုငိုကာ အကလေးတို့၏ ချမ်းသာခြင်းဖြင့် အိပ်ပျော်လျက် ရှိသော မောင်ကလေးအား လှုပ်ကာ နှိုးလေသည်။ မောင်စိန်းအောင်သည် အိပ်ရာမှ နိုးသောအခါ 'အစ်မကြီး၊ နွားရှေ့ကြီး သေပြီလား။ နောက်ကို ဘယ်တော့မှ ပြန်မရှင်တော့ဘူးလား။ အနို့ ဘယ့်နှယ်လုပ်ကြမတုံး' ဟု မေးကာ ကြက်သေသေ၍ နေလေသည်။

'မောင်လေးရေ၊ တဲ့တော့ ခက်တာပဲ။ အဖေတို့ အမေတို့ကို ဘယ်လိုပြန်ပြောကြမတုံး'

'အစ်မကြီးရေ၊ ကျုပ်တို့ နေတဲ့ ကမ္ဘာက အပုပ်ကြီးမို့ ဒီလိုဖြစ်တာထင်ပါရဲ့နော်'

အုတို့ မောင်နှမနှစ်ယောက်သည် မြင်းစီးသွားသော လူကြီး အလာကိုလည်ပင်းတရှည်ရှည်နှင့် မျှော်နေကြလေသည်။ ပျော်ရွှင်သည့် အခါတွင်အချိန်သည် အကုန် အင်မတန်မြန်သော်လည်း ပူပန်သောက ရောက်နေသည့်အခါများတွင် များစွာ ကုန်ခဲလေသည်။ ကုန်ခဲရုံသာမက လုံးလုံး မကုန်ဘဲနှင့် ရပ်နေသည်ဟုပင် ထင်ရလေသည်။ သို့သော် နောက်ဆုံးတွင် မြင်းစီးခရီးသွားကြီးသည် သူ ဝန်ခံသွားသည့်အတိုင်း ဝဖြိုးသော နွားကြီးတစ်ကောင်

ကို ဆွဲ၍ လာပြီးနောက် သေသွားသည့် နွားရှေကြီး အစား တပ်ပြီးလျှင် ရွာဟောင်းဈေးသို့ မောင်း၍ သွားလေသည်။

ထိုနေ့ ညနေပိုင်း ရောက်သောအခါ အုတို့ မောင်နှမနှစ်ယောက်နှင့် မြင်းစီးခရီးသွားကြီးသည် လှည်းပေါ်တွင် နွားရှေကြီး ရုပ်အလောင်းကို တင်၍ ပေပင်ကုန်းဘက်သို့ လာလျက် ရှိလေသည်။ အုသည် သူ့မိဘများကို ဘယ်လိုလုပ် ပြောရပါ့မလဲဟု များစွာ ပူပန်လျက် ရှိသည်။ ဝမ်းထဲ၌လည်း "ငါ့ကြောင့်ပဲ၊ ငါ့ကြောင့်ပဲ" ဟု သူ့ကိုယ်သူ ကြီးစွာ အပြစ်တင်လျက် ရှိသည်။

သို့ရာတွင် ပေပင်ကုန်းသို့ ရောက်သောအခါ ဦးပန်းအောင်နှင့် ဒေါ်ဘုမတို့မှာ ၎င်းတို့အဖို့ အဖိုးအနဂ္ဃထိုက်တန်သော နွားရှေကြီးမှာ စကြဝဠာ မန္တာတ်မင်းတို့သော်မှ မလွန်ဆန်နိုင်သော မရဏာမင်း၏ နိုင်ငံသို့ လိုက်ပါ သွားရှာရလေပြီ ဆိုသော အကြောင်းကို သိနှင့်ပြီး ဖြစ်ကြသဖြင့် "လောက ဆိုတာ ဒီလိုပဲ" ဟု သံဝေဂသံပါပါ ညည်းညူခြင်းမှတစ်ပါး အုအား တစ်စုံ တစ်ရာ အပြစ်တင်ခြင်း မရှိကြချေ။ သို့ဖြစ်ရာ အု၏ ပူပန်ကြောက်လန့်ခြင်း တို့မှာ လောကတွင် လူတို့သည် တစ်စုံတစ်ခုသော အရေးနှင့် ကြုံတွေ့လျှင် ပူပန်ကြောက်လန့်ဖွယ် ရှိသည်ထက် လောကွတ်ကောင်းစွာ ပို၍ ပူပန် ကြောက်လန့်တတ်ကြသည့်အတိုင်း လိုသည်ထက် ပို၍ ပူပန်ခြင်းမျှသာ ဖြစ်လေသည်။

နွားရှေကြီး၏ သားရေကို သားရေဝယ်သော ကုလားအား ရောင်း မည်ပြုရာ ကုလားသည် ဘေးက အပေါက်ကြီး ရှိသည်ကို ရမယ်ရှာ၍ အလကားနီးနီးလောက် ရမှ ဝယ်နိုင်မည့် အကြောင်းကို ပြောလေသည်။ မြို့စားကြီး ဦးပန်းအောင်သည် မိမိ၏ ဇာတိသွေးကိုပြရန် အခါဖြစ်သည်ဟု ယူဆပြီးလျှင် 'ဟေ့ ငါးမတ်နဲ့ မပြောနဲ့၊ ငါးရာပေးတောင် မရောင်းဘူးကွ။ ကုလားက လူပါးဝလို့။ တို့အမျိုးဟာ နွားရေကို ရောင်းစားမှ ထမင်းစား ရမယ့် အမျိုး မဟုတ်ဘူး။ တို့ဟာ တို့နဲ့ အမှုထမ်းဘက် မြင်းသားကိုတောင်

ဘယ်တော့မှ စားခဲ့တာ မဟုတ်ဘူး။ အခုလည်း နွားရွှေကြီးဟာ တို့အမှုကို ထမ်းလာတာလည်း ကြာပြီ။ ဒီတော့ သူ့အသားကိုလည်း တို့ မစားဘူး။ သူ့အရေကိုလည်း တို့ မရောင်းဘူး။ ယာထဲသွားပြီး မြှုပ်ပစ်မယ်' ဟု ဆိုကာ ပြောပြောဆိုဆို အုတို့၊ မကြေးမြွင်တို့၊ မောင်စိန်းအောင်တို့နှင့် ကလေးတွေကို ခေါ်၍ 'ဟေ့ သားတွေ၊ သမီးတွေ.... လာကြ။ ပေါက်တူးတို့ တူးရွင်းတို့ ယူခဲ့ကြ' ဟု ဆိုပြီးလျှင် ထွက်သွားလေသည်။ ရွာမြောက်ဘက် အနီးရှိ သူတို့ယာထဲသို့ သွားပြီးလျှင် တွင်းကြီး နက်နက်တူးပြီး နွားရွှေကြီး၏ အလောင်းကို ဖုတ်ကြည်းသင်္ဂြိုဟ်ကြလေသည်။ 'နွားရွှေကြီးရေ၊ အမျှ.... အမျှ' ဟု ဆိုကြပြီးနောက် ကလေးတို့သည် ရှိုက်ကြီးတငင် ငိုကြလေ၏။ အုမှာမူကား ငိုနိုင်သည်ထက် စိတ်သောက ပို၍နေသောကြောင့် မျက်ရည်များ ခန်းခြောက်သွားသဖြင့် သညာကင်းသော သူကဲ့သို့ မတုန်မလှုပ် ရပ်ကာ နေပြီးလျှင် ဝမ်းထဲ၌ကား "ငါ့ကြောင့်ပဲ၊ ငါ့ကြောင့်ပဲ" ဟု မချိတရိ နောင်တ ကြီးစွာ ဖြစ်လျက် ရှိလေသည်။

## အခန်း ၅

ဦးပန်းအောင်တို့တွင် လှည်းတစ်စီးနှင့် နွားတစ်ရှဉ်းသာ အသက်မွေးဖို့ ရှိရာ၊ နွားရွှေကြီး သေသွားသောအခါ နေရေးထိုင်ရေး ကျပ်တည်း ကျဉ်း မြောင်း၍ လာလေသည်။

အုသည် သူ့မိဘနှစ်ပါးနှင့် တကွ ညီမလေး၊ မောင်ကလေးများ တို့၏ ဆင်းရဲလာသည်မှာ သူ့ကြောင့် ဖြစ်သည်ဟု ယူဆသောကြောင့် တစ်နေ့ထက်တစ်နေ့ စိတ်မကောင်းဖြစ်လျက် ရှိလေသည်။ ပါးစပ်က ဖွင့်၍ မပြောသော်လည်း ကျေးဇူးရှင် မိဘနှစ်ပါးကို ဘယ်ကဲ့သို့ လုပ်ကျွေးသမှု ပြုရပါမည်နည်း ဟုသာ အကြံထုတ်လျက် ရှိလေသည်။

ထိုအခိုက်တွင် ဒေါ်ဘုမက အုကို ခေါ်၍ နေရေးထိုင်ရေးအတွက် တိုင်ပင်လေသည်။

'မိန်းကလေးရေ သမီး၊ အမေ့ဆီ လာစမ်းပါဦးအေ။ ပြောစရာလေး ရှိလို့။ မိန်းကလေးဟာ လိမ္မာတယ်နော်၊ အမေ့စကားကို နားထောင်တယ် နော်'

'ဘာလဲ အမေ၊ ပြောစရာ ရှိတာကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ။ သွယ်ဝိုက်ပြီး ဗာရာဏသီ ချဲ့မနေစမ်းပါနဲ့'

'ဒီလိုလေ သမီးရဲ့။ အမေ ပြောချင်တာက လောကဆိုတာ ဒီလိုပေါ့၊ ဆင်းရဲ တစ်ခါ၊ ချမ်းသာ တစ်လှည့် တဲ့။ အဲဒီတော့ အခု တို့မှာ ဆင်းရဲ ရပေမယ့် နောက်တော့ ချမ်းသာချင်လည်း ချမ်းသာဦးမှာပဲ။ ဒီတော့ သိပ်ပြီး လည်း စိတ်မပူပါနဲ့ အေ။ အမေ ပြောချင်တာက ဒီလို သမီးရဲ့....'

'ပြောပါ အမေရဲ့၊ မထိတ်သာ မလန့်သာ၊ တကတဲမှပဲ'

'ဒီလိုလေ သမီးရဲ့။ လောကကြီးမှာ ဘုရားတောင် အမှီမရှိဘဲ မပွင့် နိုင်ဘူး တဲ့။ ဒီတော့ တို့မှာ ဒီလိုနေကြလို့ မဖြစ်ဘူး။ မိန်းကလေး အဖေ ကလည်း ကောင်းကောင်းမာတာ မဟုတ်ဘူး။ ဒီတော့ တို့မှာ မိတ်ကောင်း ဆွေကောင်းကလေးများ ရှာဦးမှ ထင်တယ်အေ့။ မြောက်ကုန်းမြို့မှာ တို့ အမျိုးထဲက ပန်းသာခင်လေး ဆိုတာ ရှိတယ်။ မြောက်ကုန်းမှာတော့ ပန်းသာ ခင်လေး ဆိုရင် အကျော်ဇေယျပဲ။ ငွေစလည်း အားကြီးတောင့်တယ်။ အဲဒီ တော့ သူ့ဆီကို မိန်းကလေး သွားချေပြီး ဆွေမျိုးလည်း စပ်ရင်း တို့ ဆင်းရဲ နေတဲ့ အခါမို့ စောင်မ ကြည့်ရှုပါလို့ သွားပြီး ပြောရရင် မကောင်းဘူးလား'

'ရှက်စရာကြီး အမေရယ်၊ မသွားချင်ပါဘူး။ တကယ်လို့ သူနဲ့ ကျုပ်တို့နဲ့ ဆွေမျိုးတော်ရင်လည်း တစ်ယောက် တစ်ယောက် ခင်ခင်မင်မင် ရှိရင် တော်ရောပေါ့။ စောင်မ ကြည့်ရှုဖို့တော့ သွား မပြောချင်ပါဘူး'

'ဩော် သမီးကလဲ မိုက်လိုက်တာ။ ဟိုရောက်သွားတယ် ဆိုရင် တစ်နည်းနည်းနဲ့ ညည်းလက် ညည်းခြေ ဖြစ်သွားမှာပေါ့အေ့။ ပြီးတော့လည်း

ညည်း မသိပါဘူး။ ဒီပြင် ဟန်ကျနိုင်တာတွေလည်း အပုံကြီး ရှိပါသေးတယ်'

အုသည် သူ့အမေ၏ ကြံစည်ပုံတို့ကို သဘောမကျ။ တကယ်ဆိုလျှင် ဒေါ်ဘုမသည် အကျိုးအကြောင်းကို လက်ဦး မေးမြန်းစုံစမ်းကြည့်သင့်သေးသည်။ ပန်းသာခင်လေးသည် ငွေစ ပေါသလောက် စိတ်ကောင်းရှိသော်တော်ပါ၏။ ငွေစ ပေါသလောက် မကောင်းသောစိတ် ရှိပါသော် မခက်ပါလော။ ငွေစ ရှိခြင်းနှင့် နှလုံးကောင်းခြင်းသည် ဒွယ် ဒွယံ အတူယှဉ်တွဲဖြစ်ပေါ်နိုင်ခဲသည်ကိုလည်း လူတိုင်းလောက်ပင် အသိဖြစ်သည်။ ထို့ပြင် ငွေစမဲ့သော ဆွေမျိုးအဖြစ်နှင့် ဆွေဆက် မျိုးဆက် သွားရမည့် အလုပ်သည်လည်း အင်မတိ အင်မတန် မျက်နှာငယ်သောအလုပ် မဟုတ်ပါလော။ အရွယ်နှင့် မလိုက်အောင် စဉ်းစားတတ်သဖြင့် ဒေါ်ဘုမထက် သမီး တစ်လကြီးသော အုသည် ဤသို့ တွေးတော ဆင်ခြင်မိလေသည်။

'အမေရယ် ကျုပ် ဒီမှာပဲ အလုပ်တစ်ခုခု ရှာလုပ်ပါရစေ။ သူစိမ်းတွေ ကြားထဲမှာ သွားပြီး မျက်နှာငယ် မခံပါရစေနဲ့'

'အို မိန်းကလေးက တယ်ခက်တာကိုးအေ့။ လူကြီးက သိလို့ပြောရင်နားထောင်မှပေါ့။ "မိဘစကား နားမထောင် သားတစ်ကောင်နဲ့ တိုးလိုးတွဲလဲ" ဆိုတာ မကြားဖူးဘူးလားအေ့။ ကိုင်း ကိုရင်အောင်လည်း တော့်သမီးကို ကြည့်ပြီး ပြောဦးလေ။ မိန်းကလေးက ကျုပ် ပြောတာကို နားမထောင်ပေမယ့် ကိုရင်အောင် ပြောတာတော့ နားထောင်မှာပါပဲ'

'ဘုမရေ ငါတော့ ငါ့သားတွေ သမီးတွေ ဘယ်မှ သွားတာ မကြိုက်ဘူး။ တကယ်ဆိုရင် ငါက အကြီးပဲ။ လာခြင်း လာရင် သူတို့သာ ငါ့ဆီကိုစပြီး လာထိုက်တာပေါ့'

'ဩော် ကိုရင်အောင်ကလဲ၊ ဆန်မရှိ သောက်စားကြီးကိုတော့။ ခုခေတ်က မနေထွန်းတာတော့။ ကြီးတာ ငယ်တာတွေ နားလည်တာ မဟုတ်ဘူး။ ငွေစရှိရင် ပြီးတာပဲ'

အု စိတ်ထဲ၌ ထိုကဲ့သို့ သူ့မိဘများ အခက်အခဲနှင့် ကြုံတွေ့နေရခြင်းမှာ သူများကြောင့် မဟုတ်၊ သူ့ကြောင့် ဖြစ်သည်ဟု တွေးမိပြန်သဖြင့် သူ့အမေ အလိုအတိုင်း လိုက်တော့မည်ဟု နှလုံးပိုက်မိလေသည်။

'အမေရယ် အမေ့စကားကိုပဲ နားထောင်ပါတော့မယ်။ နွားရွှေကြီးကို ကျုပ်က သတ်ပစ်မိပေတာကိုး။ ပန်းသာခွင်လေးဆီကို သွားတော့ သွားပါမယ်။ စောင်မကြည့်ရှုဖို့ အကြောင်းတော့ ကျုပ် ပြောမယ်လို့ တာဝန်မခံပါရစေနဲ့။ ကျုပ်ကို အစိုးရ တစ်ယောက်ယောက်နဲ့ စပ်ပေးဖို့ ဟာတွေဘာတွေလည်း စိတ်ကူးမနေပါနဲ့။ အရူးမဟုတ် အကောင်းမဟုတ်၊ လူကြားရင် ရှက်စရာကြီး။ ကျုပ်တို့ သူကြီးသမီး မလှစု အစိုးရကတော် လုပ်ချင်တာ၊ အခုတော့ ဘယ့်နှယ် ဖြစ်နေသလဲ'

'အေး ငါ့သမီး ပြောတာ ဟုတ်တယ်ဟော့။ ဒါမှ အဖေ့သမီးကွ'

'ငါ ဒီလို စိတ်ကူးတယ်လို့ ညည်းကို ဘယ်သူ ပြောသလဲ'

'ကျုပ် သိပါတယ် အမေရယ် ဖုံးမနေပါနဲ့။ ကျုပ် ကြားပြီးပါပြီတော့်။ ဒါပေနဲ့ အမေ့စကား အတိုင်းပဲ ကျုပ် သွားပါမယ်'

နောက်တစ်နေ့ နံနက်တွင် အုသည် လှည်းကြုံစီး၍ မြောက်ကုန်းမြို့သို့ လိုက်သွားလေသည်။

မြောက်ကုန်းမြို့သည် ရှေးဟောင်းမြို့ ဖြစ်သဖြင့် မြို့ရိုးပျက်၊ ကျုံးပျက်များဖြင့် ခြံရံလျက် ရှိလေသည်။ မြို့အရှေ့ဘက်၌ ကြာမျိုးငါးပါးနှင့် ပြည့်စုံသော ကန်ကြီးလည်း ရှိသေးသည်။

မြောက်ကုန်းမြို့ မင်းပိုင်းရပ်ကွက်တွင် သီးပင် ပွင့်ပင် အမျိုးမျိုးနှင့် ပြည့်စုံသော၊ နတ်တို့၏ ဥယျာဉ်ကဲ့သို့ သာယာကြည်နူးဖွယ်ကောင်းသော ဥယျာဉ်ဖြင့် ဝန်းရံလျက်ရှိသော ဘိုဆန်သည့် သုံးထပ်တိုက်ကြီးတစ်ခု ရှိလေသည်။

အုသည် ထိုသုံးထပ်တိုက် ဝင်းထဲသို့ ဝင်သွားပြီးလျှင် ရုတ်တရက် လူသူလေးပါးကို မမြင်သဖြင့် အထဲသို့ ဆက်၍ ဝင်သွားရ ကောင်းမလား၊

နောက်ကိုပဲ ပြန်တုံ့ရ ကောင်းမလား ဟု ဝေခွဲ၍ မရနိုင်ဘဲ ရှိလေသည်။ "ဪ ငါ့နှယ် လာမှ လာမိလေခြင်းနော်" ဟုလည်း အောက်မေ့မိလေသည်။ ထိုအိမ်ကြီးမှာ ပန်းသာမြို့စားအဆက် ပန်းသာခင်လေး နေသောအိမ် ဖြစ်သဖြင့် ရှေးဆန်ဆန် ဆောက်လုပ်၍ ထားလိမ့်မည်ဟု တွေးထင်မိခဲ့သော်လည်း အု စိတ်တွင် တွေးထင်မိသကဲ့သို့ ရှေးဆန်သော အခြင်းအရာဟူ၍ တစ်ခုမျှ မတွေ့ရချေ။ ထိုသို့ ဖြစ်လေရာ အု စိတ်၌ "ငါ လာမိတာတော့ မှားပြီ" ဟု အောက်မေ့လေသည်။

ထိုကဲ့သို့ အဆင်းနှင့်အတက် ဘယ်ဘက်ကို နင်းရမှန်း မသိသော အခိုက်တွင် အသက်နှစ်ဆယ်နှင့် အစိတ်အတွင်း ဘိုဆံတောက်နှင့် အသားညိုညို၊ ထောင်ထောင်မောင်းမောင်း၊ မီးခိုးရောင် ရှမ်းဘောင်းဘီ (သို့မဟုတ် ဘောင်းဘီ ခပ်ပွပွ) နှင့် ရှပ်အင်္ကျီ နှစ်ထပ် လက်မာကို ဝတ်၍ ဆေးတံကို ခဲလျက် သုံးထပ်တိုက်ဘက်မှ ထွက်လာသော ယောကျ်ားပျိုတစ်ယောက်သည် အုဆီသို့ ရှေးရှုလာပြီးလျှင် 'အလို ကျုပ်နှမချော ဘာကိတ်။ အခု ကျုပ်နှမ လာတဲ့ ကိစ္စက မောင်ကြီးနဲ့ပဲ ပြီးနိုင်မလား။ မေမေ့ကို တွေ့မှ ပြီးနိုင်မလား' ဟု ပျူငှာစွာ မေးလေ၏။

'ကိစ္စရယ်လို့တော့ မရှိပါဘူး။ ကျွန်မ ဘာကြောင့် လာတယ်လို့ ပြောရမှာတောင် ခပ်ကြပ်ကြပ်ပဲ'

'ဒါဖြင့် အပျင်းပြေ အလည်အပတ် လာတယ် ဆိုပါတော့'

'အို ဒီလို အပျင်းပြေ အလည်အပတ် လာတာလည်း မဟုတ်ပါဘူး။ ဒီလိုပါ မောင်ကြီးတော့်၊ အေးလေ ယောင်လို့၊ ဒီလိုပါ မောင်ကြီးရှင့်။ ပြောရမှာက ရယ်စရာကြီး' ဟု စကား အဆုံးသတ်၍ မရခင် ကိုယ့်ဟာကိုယ် အရှက်ပြေအလို့ငှာ အုသည် နှုတ်ခမ်းနီကလေး နှစ်ခုကို ချစ်ဖွယ်ရာ ဖွင့်ဟ၍ ပြုံးလိုက်လေသည်။ ယောကျ်ားပျိုသည် အု၏ သွားကလေးများ မပေါ်တပေါ် ရှက်ကိုးရှက်ကန်း ပြုံးလိုက်သည်ကို မြင်လိုက်ရသောအခါ လျှပ်စစ်ခလုတ်ကို နှိပ်လိုက်သကဲ့သို့ ကျောသား၊ ရင်သားများပင် ဆတ်ဆတ်တုန်

သလိုလို ဖြစ်သွားပြီးလျှင် မူလ ပြကတေ့စိတ် ပျောက်လျက် ပယောဂ ဝင်၍ လာလေသည်။

ထိုအချိန်တွင် အုမှာ ၁၆ နှစ် အရွယ်ခန့်ဖြစ်၍ အရွယ်၏ တင့်တယ်ခြင်းဖြင့် ပြည့်စုံနေသည့်အခါ ဖြစ်ရာ ထိုအရွယ်၏ တင့်တယ်ခြင်း တစ်ခုတည်းနှင့်ပင် ယောကျ်ားပျို တစ်ထောင်အနက် ကိုးရာကိုးဆယ့်ကိုးယောက်တို့၏ စိတ်ကို ယိုဖိတ်ခြင်း ဖြစ်စေမည်ကား ထုံးစံမျှသာ ဖြစ်ချေသည်။ အုမှာ ကျန်းမာခြင်း လာဘ်ကြီးနှင့်လည်း အထူး ပြည့်စုံပြန်ရကား တင့်တယ်ရုံသာ တင့်တယ်သည် မဟုတ်၊ စိုပြည်ခြင်း၏ တည်ရာလည်း ဖြစ်သည်။ သည်အထဲမှာ ထပ်၍ ပြုံးစိစိ လုပ်လိုက်ပြန်သောအခါ ယောကျ်ားပျို၏ စိတ်တွင် နုံးချည့်ချည့် ဖြစ်သွားသည်ကား ယေဘုယျအားဖြင့် သူသူကိုယ်ကိုယ် ယောကျ်ားပျိုတို့ ဖြစ်ကြမည့် ဓမ္မတာပေတည်း။ အုမှာ လှသည်ဟု ဆိုဖို့ရန်လည်း ခဲယဉ်းသည်။ အဘယ်ကြောင့်ဆိုသော် အရွယ်ပျိုခြင်းကလွဲ၍ အဝတ်အစားကိုလည်း မဝတ်စား မဆင်ယင်တတ်။ ဝတ်စားတတ်ဆင်ယင်တတ်သည် ဆိုသည့်တိုင်အောင်လည်း ဝတ်စားဆင်ယင်ဖို့ မရှိ။ ကျေးတောသူတို့အလိုက် ဆံတောက်ဖားဖားကြီးတွင် ပန်းစည်းကြိုး အနီကြီးကို စည်း၍၊ မျက်နှာက နနွင်း အနည်းငယ်ရော၍၊ ဝါကြင့်ကြင့်နေသော သနပ်ခါးကို မညီမညာ လိမ်း၍ထားရာ ကုပ်နှင့် နားနောက်ဘက်တွင်လည်း သနပ်ခါး မရောက်၍ မည်းလျက် ရှိသည်။ သို့ဖြစ်ရာ အု၏ ချစ်စရာကောင်းသည် ဆိုခြင်းမှာ အာဂန္တု မနော၊ ပြကတေ့ သဘောသာ ဖြစ်လေသည်။ ကုံထံ ကြွယ်ဝသော လူရည်တတ်တို့၏ သမီးဖြစ်၍ မြို့ကြီး ရပ်ကြီး၌သာ မွေးဖွားသူ ဖြစ်ပါမူ သူ့ရုပ် သူ့ကိုယ်နှင့်လိုက်အောင် ဝတ်စားဆင်ပြင်ထားသဖြင့် ပန်းချီကျော်တို့ပင် စံပြုလောက်သော မြန်မာအမျိုးသမီးလေး တစ်ဦး ဖြစ်ဖွယ် ရှိလေသည်။ ပန်းသာခင်လေး၏သား ဘဂ်လားပြန် ပန်းသာမောင်မောင်မှာ နွားကျမ်းကို ကျွမ်းကျင်သူတို့သည် နွားပိန်ကို အသားထိုး၍ ကြည့်တတ်သလို အုကိုလည်း စိတ်ကူးဖြင့် အရွယ်နှင့်လိုက်၊ ရုပ်ရည်နှင့်

ပန်ရ၊ ကိုယ်လုံး ကိုယ်ဟန်နှင့်လည်း သဟဇာတ ဖြစ်သော ဝတ်ကောင်း စားလှနှင့် ပြင်ဆင် မွမ်းမံ၍ ကြည့်မိလေဟန် တူသည်။

အုက ဆက်၍ ပြောပြန်သည်မှာ–

'သိပ်ရယ်ချင်တာပဲ။ ကိုယ့်ဟာကိုယ် ဘာလို့ လာတယ်လို့တောင် မပြောတတ်ဘူး'

'ပြောသာ ပြောပါ၊ မရယ်ချင်ပါနဲ့။ မောင်ကြီးက အဲသလို ရယ်ချင်စရာ ကောင်းတာမျိုးမှ နားထောင်ချင်တာ'

'အမေက နင် သွားချည်တဲ့။ ကျွန်မ့ကလည်း သွားချင်လာတာပါပဲ။ ဒါပေမဲ့ ကျွန်မစိတ်ထဲက ဒီလို တွေ့ရလိမ့်မယ် မထင်ဘူး။ သိပ်ရယ်ချင်တာပဲ။ အမေက မိန်းကလေး သွားပြီး ဆွေမျိုးစပ်ချည်တဲ့။ ကျွန်မတို့လည်း ပန်းသာဆက်ထဲက ပါပဲ တဲ့'

'ဩော် ကျုပ်နှမက ဆင်းရဲတဲ့ ဆွေမျိုးထဲက ဆိုပါတော့....'

'ဟုတ်ကဲ့ရှင့်'

'မောင်ကြီးတို့ အဘိုး ဦးမင်းရောင်ဘက်က တော်တာပေါ့'

'မဟုတ်ဘူးရှင့်၊ ပန်းသာမြို့စားဘက်က....'

'အင်း အင်း မောင်ကြီးက မှားလို့။ ပန်းသာမြို့စားဘက်က ပြောတာ'

'ကျွန်မတို့အိမ်မှာ ကျွန်မတို့အဘိုး သုံးတဲ့ တံဆိပ်တော်လည်း အခုထက်ထိ ရှိပါသေးတယ်၊ ဟင်္သာမောင်နဲ့ရုပ်နဲ့။ ကျွန်မတို့ ကစားပစ်လိုက်လို့ ပျက်တောင်ကုန်ပြီ။ ကျွန်မတို့လည်း မသိဘူး၊ တစ်နေ့ကမှ....' ဟု ဆိုကာ ဆက်လက် ဇာတ်လှန်လေသည်။

'အင်း အင်း၊ ဟုတ်တယ် ဟုတ်တယ်။ မောင်ကြီးတို့ အသုံးပြုတာလည်း ဟင်္သာမောင်နဲ့ တံဆိပ်တော်ပဲ'

'ဒါနဲ့ အမေကလည်း မိန်းကလေးရယ်တဲ့၊ ညည်း သွားချည်ပါတဲ့၊ တို့ ဆွေချင်းမျိုးချင်းဆိုတာ ခင်ခင်မင်မင်ရှိရင် ကောင်းပါတယ်တဲ့။ ကျွန်မတို့

နွားရှေ့ကြီးလည်း တစ်နေ့ကပဲ သေသွားတယ်။ ပြီးတော့ ကျွန်မကို့ဟာ ပန်းသာ ဆက်ထဲက ရှေးကတည်းက အဆက်မပြတ် လာခဲ့တာ တဲ့’

‘ဒီတော့ ကျုပ်နှမရဲ့ အမေကို ကျေးဇူးတင်စရာကြီးပဲ။ ကျုပ်နှမကို လွှတ်လိုက်တာ မောင်ကြီးတော့ အများကြီး ဝမ်းသာတာပဲ။ ဒီတော့ အခု ကျုပ်နှမ လာခဲ့တာက ဆွေမျိုးဆက်မိအောင်လို့ တစ်ခါတစ်ခေါက် အလည် ရောက်လာတယ် ဆိုပါတော့’ ဟု ပြောပြီးလျှင် ပန်းသာမောင်မောင်သည် စေတနာသက်သက် မဟုတ်ဘဲ ပယောဂ ဖက်သော ကြည့်ခြင်းမျိုးဖြင့် မြိန်ရှက်စွာ ကြည့်လိုက်ရာ အုမှာ ရှက်စနိုးဖြင့် မျက်လွှာကလေးများကို မခို့တရို့ ချပြီး ‘ဟုတ်ကဲ့ရှင့်’ ဟု လိုက်လေသည်။

‘မောင်ကြီးတို့ဆီ လာတာ မများပါဘူး။ အနို့ ကျုပ်နှမက ဘယ်မှာ နေပါသလဲ။ နာမည်ကတော့ ဘယ့်နှယ်ခေါ်သလဲ’

‘ကျွန်မတို့ နေတဲ့ရွာက ပေပင်ကုန်းလို့ ခေါ်ပါတယ်။ ကျွန်မနာမည် ကတော့ မယ်စာအုလို့ ခေါ်ပါတယ်။ ဒါပေမဲ့ တစ်ရွာလုံးက အု လို့ပဲ ခေါ်ကြပါတယ်’

‘ဩော် ပေပင်ကုန်းမှာ နေတယ်၊ နာမည်က အု တဲ့။ အင်း နာမည် လေးကဖြင့် ချစ်စရာလေး။ လူနဲ့လည်း လိုက်အောင်ပဲ မှည့်တတ်ပါပေတယ်။ “ပုလဲဥ နှင်းပေါက် ကင်းထောက်တဲ့ ရာသီ” လို့ ဒါကြောင့်လည်း စာစပ် တဲ့ လူတွေက စပ်ကြတာ ထင်ပါရဲ့’

အုသည် မကြားဟန်ပြု၍ အခြား ပြောစရာ ရှိသည်တို့ကိုသာ ဆက်လက်ပြောပြီးနောက် ‘ကျွန်မ ဒီနေ့ ညနေပဲ စီးလာခဲ့တဲ့ လှည်းကြုံနဲ့ ပြန်လိုက်မလို့’ ဟု ပြောလေသည်။

‘လိုက်တာပေါ့၊ စောပါသေးတယ်။ သူတို့ ဝါးရုံစုထိအောင် သွားမယ် ဆိုရင် တော်တော်နဲ့ ပြန်မလာသေးပါဘူး။ မပြန်ခင် တစ်ခါတလေ ရောက် လာတဲ့အခါ ဥယျာဉ်ထဲ လျှောက်ကြည့်ပါဦးလား။ နို့မို့ ထိုင်စောင့်နေရရင် ပျင်းစရာကြီး’

အုမှာ မြန်နိုင်သမျှ မြန်မြန်ကြီး ပြန်ပြေးလိုသော်လည်း ပြန်၍ မဖြစ်သဖြင့် ပန်းသာမောင်မောင်၏ အလိုကို မလိုက်ချင် လိုက်ချင်နှင့် လိုက်ကာ ဥယျာဉ်ထဲသို့ လျှောက်၍ ကြည့်လေသည်။ စားရကံ ကြုံ၍ မုတ်ဆိတ်ပျားစွဲလျက် ရှိသော ပန်းသာမောင်မောင်သည် ရာသီမဟုတ်ဘဲနှင့် ပွင့်နေသော ပန်းအမျိုးမျိုး၊ အသီးအမျိုးမျိုးတို့ကို တစ်မျိုးပြီးတစ်မျိုး လောကွတ်ကောင်းစွာနှင့် ပြလေသည်။

'ဆီးတော်သီး စားမလား'

'မှည့်ပလားတော့်၊ အေးလေ ယောင်လို့။ မှည့်ပလားရှင့်'

'မှည့်ပြီ၊ စားမလား'

ပန်းသာမောင်မောင်သည် ဆီးတော်သီး ခူး၍ 'ပါးစပ် ဟ ဟ' ဆိုကာ အုအား အတင်း ပါးစပ်အဟ ခိုင်းပြီးလျှင် ခွံ့ပေးလေသည်။ အုသည် 'ဟင့်အင်း ကျွန်မဟာ ကျွန်မ စားပါမယ်' ဟု ငြင်းသော်လည်း မရ။ ဇဝဇဉ်သို့ အုသည် စိတ်မပါတစ်ဝက် ပါတစ်ဝက်နှင့် ဥယျာဉ်ထဲတွင် ပန်းသာမောင်မောင် ခေါ်ရာသို့ တကောက်ကောက် လိုက်ကာ နေရလေသည်။ အုသည် ဆီးတော်သီးစား၍ ဝ သောအခါ ပန်းသာမောင်မောင်သည် သူ့၌ပါလာသော ဆွဲခြင်းကလေးထဲသို့ ဆီးတော်သီးတွေ ခူးထည့်လေသည်။ ထိုနောက် နှင်းဆီခြံဘက်သို့ ခေါ်သွားပြီးလျှင် နှင်းဆီပွင့် အမျိုးမျိုးကို ခူး၍ 'ရော့ ရင်ဘတ်ထဲမှာ ပွေ့ထား' ဆိုကာ ပေးလေသည်။ မပွေ့မပိုက်နိုင်လောက်အောင် များလာသောအခါ လက်ဆွဲခြင်းထဲတွင် ထည့်ပြန်လေသည်။ နောက်ဆုံး ဘယ်မှ ထည့်စရာ မကျန်သောအခါ အု၏ ခေါင်းတွင် ဝေနေအောင် ပန်ပေးပြန်လေ၏။ အုသည် လက်မအားသည် တစ်ကြောင်း၊ ငြင်း၍ ရမည် မဟုတ်သည်လည်း တစ်ကြောင်း စသည်တို့ကြောင့် ငြိမ်၍သာ နေလေသည်။ ထိုအတောအတွင်း၌ အုမှာ အိပ်မက် မက်သကဲ့သို့ ဖြစ်လျက် နေလေသည်။ ထိုနောက် ပန်းသာမောင်မောင်သည် လက်ပတ်နာရီကို ကြည့်ပြီးလျှင် 'အု ညစာ စားဖို့ ဘာရှိမလဲ၊ မောင်ကြီး သွားကြည့်ဦးမယ်။ ဒီက စားပြီး

တာနဲ့၊ ဟိုက လှည်းလာတာနဲ့ အချိန် အဆင်သင့်ပဲ နေမယ်’ ဆိုကာ အုကို ပန်းခြံထဲက ထိုင်ခုံပေါ်တွင် ထားခဲ့ပြီးလျှင် သုံးထပ်တိုက်ဘက်သို့ ထွက်သွား၍ မကြာမီပင် လက်ဆွဲခြင်းတစ်ခုတွင် စားစရာ အပြည့်အစုံ ထည့်၍ ယူလာလေသည်။ သခင်၏ အလိုကို သိသော အစေခံတို့သည် ပန်းသာမောင်မောင်၏ တစ်ယောက်ချင်း ဧည့်ခံပွဲနားသို့ ဘယ်သူမျှ မသီ လာကြ။ အုသည် ပါလာသော စားဖွယ်သောက်ဖွယ်တို့ကို စားလေသည်။

‘အု ဆေးအနံ့ ခံနိုင်ရဲ့လားဗျာ။ မောင်ကြီး ဆေးတံ သောက်တော့ မနော်’

‘သောက်ပါရှင့်၊ ကိစ္စမရှိပါဘူး’

ပန်းသာမောင်မောင်သည် ဆေးတံကို ခဲ၍ တလူလူ တက်၍နေသော မီးခိုးများ၏နောက်မှ အုကို လ ငပုပ်ဖမ်းရန် ချိန်၍နေလေသည်။ အုသည် စားသောက်ပြီးသဖြင့် ‘လှည်းလာချိန် နီးပြီ၊ ကျွန်မ ပြန်တော့မနော်’ ဟု နှုတ်ဆက်၍ သွားဖို့ ပြင်လေသည်။

‘အနို့ နေပါဦး။ ကျုပ်နှမ နာမည်က ဘယ်သူတဲ့။ မောင်ကြီးက မေ့သွားလို့’

‘ပေပင်ကုန်း တစ်ရွာလုံးက အု လို့ ခေါ်ကြတယ်ရှင့်’

‘အနို့ အုတို့နွားကြီး သေသွားတယ် ဆို’

‘ကျွန်မ သတ်ပစ်တယ် ဆိုပါတော့’ ဟု ပြောကာ နွားရွှေကြီး သေရပုံ အကြောင်းကို ဆက်လက်ပြောပြပြီးနောက် မျက်ရည်များ လည်လာ လေသည်။

‘ဒါကြောင့် အဖေ့အတွက် ကျွန်မ ဘယ်လို လုပ်ပေးရမှန်း မသိလို့၊ သိပ်စိတ်ညစ်တာပဲ’

‘ဒါလောက်လည်း စိတ်မညစ်ပါနဲ့လေ။ ဘယ်လို လုပ်ပေးရ ကောင်း မလဲလို့ မောင်ကြီး စဉ်းစားပါဦးမယ်။ မေမေ့ကို ပြောရင် အုအတွက် မေမေ အလုပ်တစ်ခုခု ရှာပေးနိုင်ပါလိမ့်မယ်။ ဒါပေမဲ့ ပန်းသာဆက်တွေ ဘာတွေ အကြောင်းတော့ ဆွေမျိုးဆက်မနေပါနဲ့။ ဟုတ်မယ် မဟုတ်ပါဘူး’

'ကျွန်မကလည်း မဟုတ်တာဘဲ သဘောကျပါတယ်'

စင်စစ်ဆိုသော် ပန်းသာခင်လေးနှင့် သား ပန်းသာမောင်မောင်တို့မှာ ပန်းသာမြို့စား၏ အဆက်အနွယ်များ မဟုတ်။ ပန်းသာမြို့မှ သာမန် ကုန်သည်ထဲကပင် ဖြစ်သည်။ ကုန်သွယ်ခြင်း အလုပ်ဖြင့် ငွေစ အမြောက် အမြား စုမိသောအခါ ငွေစ၏ မျက်နှာကိုထောက်၍ မရှိဆင်းရဲသူတို့က ပန်းသာခင်လေး၊ ပန်းသာမောင်မောင်ဟု မြှောက်ပင့်ခေါ်ကြရင်းနှင့် ငယ် နာမည် ပျောက်ပြီးလျှင် ပန်းသာမြို့စား အဆက်ကဲ့သို့ ထင်ရခြင်း ဖြစ်လေ သည်။ ပန်းသာမောင်မောင်၏ ဖခင် ကွယ်လွန်သူ ဦးကျော်ထင်ကိုပင် အချို့က ပန်းသာမြို့စားဟု မြှောက်ပင့်ခေါ်ဝေါ်စ ပြုကြလေပြီ။ အသေစော ပေလို့သာ၊ အသေမစောလျှင် သူ့ကိုလည်း ပန်းသာမြို့စား အစစ်ကဲ့သို့ပင် ထင်ကြရပေလိမ့်မည်။ ပန်းသာခင်လေးနှင့် သား ပန်းသာမောင်မောင်တို့မှာ သူများက ခေါ်ဖန်များသဖြင့် သူတို့ကိုယ်သူတို့ တကယ့် ပန်းသာမြို့စား အဆက်အနွယ်ဟု ထင်ကာ နေကြလေသည်။

အုသည် ပန်းဥယျာဉ်ထဲမှ ထွက်၍ ပန်းအိပင်နှင့် ဇီဇဝါရုံ စပ်ကြား လမ်းအကွေ့ကလေးရှိ လူသူလေးပါး မမြင်နိုင်သော နေရာသို့ ရောက်သော အခါ ပန်းသာမောင်မောင်သည် အု၏ မျက်နှာရှိရာသို့ သူ့ခေါင်းကိုငုံ့ပြီးလျှင် တစ်ခါလောက် တစ်ခါလိုက်ရန် ကြံမိလေသည်။ သို့ရာတွင် ဒီတစ်ခါ အလျှင်စလို ပါးအိုနီကလေးကို မွှေးလိုက်မိလျှင် နောက် အရှည် လာဘ်တိတ် ဖွယ် မြင်သဖြင့် သူ့ခေါင်းကိုသူ ဇက်ချုပ်ကာ အုအား ချမ်းသာပေးလိုက် လေသည်။

ဤနည်းဖြင့် ထိုအရာသည် စ လုံးရေ စ လေသည်။ အုသည် ပန်းသာမောင်မောင်နှင့် ထိုကဲ့သို့ လာ၍တွေ့ရခြင်း၏ အနက်အဓိပ္ပာယ်ကို အကွင်း အကွင်း မုန့်တီဟင်းသို့ သိမည်ဆိုသော် "သြော် ငါ့နှယ်၊ ဘယ့်နှာ ကြောင့် တွေ့ချင်တဲ့လူ၊ တွေ့ထိုက်တဲ့လူနဲ့ မတွေ့ရဘဲ မတွေ့ချင်တဲ့လူ၊ မတွေ့ထိုက်တဲ့လူနဲ့ လာတွေ့ရပါလိမ့်မလဲနော်" ဟု ညည်းညူကောင်း

ညည်းညူရှာပေလိမ့်မည်။ အု စိတ်ထဲ၌ တွေ့ချင် တွေ့ထိုက်သောသူမှာကား တစ်ခါသာ မြင်လိုက်ရပြီး ပျောက်ကွယ်သွားလေပြီ။ အုကိုပင် သတိရ ကောင်းမှ ရပေတော့မည်။ လောကသည် ဆန်းကြယ်စွ။ ရတာလည်း မလို၊ လိုတာလည်း မရ။ ချစ်လိုသည့် အခိုက်တွင် ချစ်လိုသူနှင့် ကြုံကြိုက်ခဲသည်။ ဓမ္မတာတရားသည် တစ်စုံတစ်ယောက်သောသူကိုမျှ မြင်သင့်သည့်အရာကို မြင်ထိုက်သောအခါတွင် "ဟဲ့၊ ဒီမှာ ကြည့်" ဟူ၍ ညွှန်ပြခြင်း မရှိ။ တွေ့လို သော အရာကိုလည်း "ဟဲ့၊ ဒီမှာလေ" ဟု ကူ၍ ရှာဖွေပေးခြင်း မပြု။ အုသည် ပန်းသာမောင်မောင်နှင့် တွေ့ရခြင်းမှာ သူ့ရင်တွင်း၊ နှလုံးတွင်းက တောင့်တနေသူနှင့် တွေ့ရခြင်း မဟုတ်။ အု တွေ့လိုသူ၊ အု ချစ်လိုသူ၊ အု ချင်ခြင်းဖြစ်သူမှာ ဘယ်ဆီ ဘယ်စခန်းတွင် ရောက်၍နေသည်မျှ မသိ။ အခါနှောင်းမှ အလာကောင်းမည် ထင်သည်။ "နောက်ကျလျှင် နောက်ချေး နှင့် သလဲ" ဟု ရွှေယုန်နှင့် ရွှေကျား သက်ငယ်ရိုတ်သွားတုန်းက ပြောသကဲ့ သို့ ဖြစ်ခဲ့သော် ကြေကွဲဖွယ်ပင် ဖြစ်တော့သည်။

ပန်းသာဆက် လက်သစ် ပန်းသာမောင်မောင်သည် အု ပြန်သွား သောအခါ အု ထိုင်သွားသော ခုံရှည်ပေါ်တွင် ထိုင်ပြီးလျှင် သကာအိုးပေါ် မှောက်လျက်လဲလာသော မျက်နှာမျိုးဖြင့် တစ်ယောက်တည်း ကျယ်လောင် စွာ ရယ်၍ "ဖိုးမောင်မောင်တို့ စန်းထချင်တော့ ဒီလိုပဲ။ တယ် နိပ်တဲ့ ဟာမလေးပါလား" ဟု ပီတိဖြစ်ကာ နေလေသည်။

## အခန်း ၆

အုသည် ပန်းသာမောင်မောင်၏ တိုက်မှ သူ့ရွာသို့ပြန်ရန် ထွက်၍လာသော အခါ မွန်ထူနေသဖြင့် မြေကြီးကိုပင် ခြေနှင့်နင်းရမှန်း မသိဘဲ ရှိလေသည်။ လှည်းပေါ်တွင် ပါသော အဖော်ခရီးသွားတို့က မေးကြ၊ မြန်းကြ၊ ပြောဆို

ကြသည်ကို တစ်ခွန်းချင်း တစ်ခွန်းချင်း ပြန်ပြောလို့သာ ပြောရသည်၊ သူ့ဟာသူ ဘာပြော၍ ပြောမှန်း မသိချေ။ ထို့နောက် ဘယ်သူ့ကိုမျှ စကား မပြောဘဲ တစ်ယောက်တည်း စဉ်းစားခန်း ဝင်၍ နေလေသည်။ ခရီးဖော် မိန်းမကြီးတစ်ယောက်က 'ဟော့ သူငယ်မ၊ ညည်းပန်းတွေ တယ်ပေါပါလား အေ့။ နှင်းဆီပန်းကြီးတွေက လှလိုက်တာ။ ဘယ်ကများ ရလာပါလိမ့်' ဟု ပြောသောအခါကျမှ သူ့ခေါင်းတွင် ဝေနေအောင် ပန်းသာမောင်မောင် ပန်ပေးလိုက်သော ပန်းများကို သတိရ၍ ခရီးဖော်များ မျက်စိလွှဲခိုက်တွင် တစ်ပွင့်ချင်း တစ်ပွင့်ချင်း စမ်း၍ဖြုတ်ကာ လက်ဆွဲခြင်းထဲသို့ ထည့်လေ သည်။ ခေါင်းပေါ်တွင် ရှေ့တည့်တည့်မှ ပန်၍ထားသော တကြုကြု ရနံ့ ပေး၍နေသည့် မြန်မာနှင်းဆီပွင့်ကြီးကို ဘယ်ဘက်လက်ဖြင့် စမ်း၍ ခေါင်းမှ ဖြုတ်သောအခါ အညှာနားက ဆူးတစ်ချောင်းသည် လက်သူကြွယ်ကို စူး သဖြင့် ပတ္တမြားအဆင်းနှင့် တူသော သွေးပေါက် သွေးဥကလေးပင် ထွက်၍ လာလေသည်။ လက်သူကြွယ်ကို နှင်းဆီဆူး စူးခြင်းကား နိမိတ်မကောင်းဟု ယူဆသဖြင့် အုမ္မာ စိတ်လေး၍ သွားလေသည်။ အုသည် ထိုနေ့ညတွင် ညောင်ချင်ရွာ သူ့အမေဘက်က ဆွေမျိုးနီးစပ်တော်သော အရီးမယ်တို့ အိမ်တွင် ဝင်အိပ်၍ နောက်တစ်နေ့ ညနေမှ ပေပင်ကုန်းသို့ ပြန်လေသည်။ သူတို့အိမ်သို့ ရောက်သောအခါ ဒေါ်ဘုမ၏ မျက်နှာကို အကဲခတ်ရခြင်း အားဖြင့် တစ်ခုခု ထူးခြားသောအကြောင်း ရှိနေပြီဟု သိရလေသည်။

'ကိုင့် ဘယ့်နှယ်လဲ မိန်းကလေး၊ အမေ မပြောဘူးလားအေ့။ အမေ တို့ တွေးလိုက်ရင် ပြေးကြည့်သထက်တောင် မှန်သေးတယ် မှတ်ပါ။ အခု တော့ အမေ့စကားကို ယုံပြီ မဟုတ်လား။ ဒါကြောင့် လူကြီးသူမများက မိဘစကား နားမထောင် သားတစ်ကောင်နဲ့ တိုးလိုးတွဲလဲလို့ ဆိုတာပေါ့အေ့'

'ကျုပ် မရှိတုန်း ဘာများ အကြောင်းထူးသလဲ'

ဒေါ်ဘုမသည် မှိုရသော မျက်နှာထားမျိုးနှင့် အုကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီးလျှင်–

'အခု ညည့်းဘက်ကို တစ်ခါတည်း ပါလာပြီ မဟုတ်လား။ ဒါကြောင့် အစကတည်းက သွားချည်ပါ မိန်းကလေးရဲ့၊ သွားချည်ပါ မိန်းကလေးရဲ့နဲ့ တဖွဖွ ပြောနေတာပေါ့' ဟု မစားရ ဝခမန်း ပြောလေသည်။

'အမေ့ကို ဘယ်သူ ပြောလို့ သိနေတာလဲ'

'မနက်ကပဲ လူကြုံနဲ့ ငါ့ဆီ စာရောက်လာပြီတော့။ သူတို့က ပန်းသာခင်လေးက ညည်းကို သူ့အတွက် မနက် မနက်ကို အရဏ်ဆွမ်း လာပြီး ချက်ပေးလှည့်ပါတဲ့တော့။ ဒါက ညည့်းအကဲကို သိရအောင် သွေးစမ်းတဲ့ သဘောပေါ့။ နောက် အချိန်တန်လို့ ညည်းကို သဘောကျပြီဆိုတဲ့ တစ်နေ့ကျတော့ ဆွေပဲ မျိုးပဲဆို လုပ်မှာပေါ့။ ဒီသဘောပါပဲအေ့။ အမေတို့ တွေးကြည့်လိုက်ရင် ပြေးကြည့်သထက် မှန်ပါသေးတယ်'

'ကျုပ်နဲ့ ပန်းသာခင်လေးနဲ့မှ မတွေ့ခဲ့ဘဲနဲ့'

'သူ့အိမ်က တစ်ယောက်ယောက်တော့ တွေ့ခဲ့မှာပေါ့'

'သူ့သားကို တွေ့တယ်'

'တွေ့တော့ မိန်းကလေးကို သူ့ဆွေမျိုးလို့ ပြောတယ် မဟုတ်လား'

'ကျုပ်နှမလို့တော့ ခေါ်တာပဲ'

'အေးပါ၊ ဒါ့ကြောင့် အမေပြောတယ် မဟုတ်လား။ ဒါဟာ ဒါပေါ့အေ့။ ကိုရင်အောင်ရေ၊ သူက မိန်းကလေးကို ကျုပ်နှမလို့ ခေါ်သတဲ့တော့။ ဒီတော့ သူက သူ့အမေကို ပြောလို့ သူ့အမေက ညည့်းကို ခေါ်ထားချင်တယ် ဆိုတာ ဖြစ်လာတာပေါ့အေ့'

'ဒါပေမဲ့ ကျုပ်မှ အချက်အပြုတ် ကောင်းကောင်း မတတ်ဘဲနဲ့'

'ဒါကတော့အေ၊ ဘယ်သူမှ မွေးကတည်းက တတ်လာတယ်လို့ ရှိမလဲ။ မှဆိုး စိုင်သင်ပေါ့ မိန်းကလေးရဲ့။ ထမင်းဟင်း ချက်တာပြုတ်တာများ ခဲခဲယဉ်းယဉ်း လုပ်လို့။ ပြီးတော့ ဒီအလုပ် ဆိုတာကလည်း ပရိယာယ်ပေါ့ အေ့။ တကယ်ဆိုတော့ ညည့်းကို ဆွေမျိုးမို့ ခေါ်ထားချင်တာပါ'

'ကျုပ် သွားလို့ တော်မယ် မထင်ပါဘူး အမေရယ်။ စာက ဘယ်သူ့ဆီက စာလဲ။ ကျုပ် ကြည့်စမ်းပါရစေ'

'တကတဲ စစ်လိုက် ဆေးလိုက်တာအေ။ ညည်းက အစိုးရ ပေါက်စ ကျနေတာပဲ။ ရော့တော့် ရော့။ ကြည့်တော်မူ၊ ကြည့်တော်မူ' ပန်းသာခင်လေးဆီက စာ ဆိုသည့် စာထဲတွင် ယောကျ်ားလက်ရေးဖြင့် ပန်းသာခင်လေးက မစာအုအား အရဏ်ဆွမ်း ကူ၍ချက်ဖို့ အလိုရှိကြောင်း၊ သဘောကျပါက အခကြေးငွေကို ရက်ရောစွာ ပေးမည်ဖြစ်ကြောင်း ရေးထားလေသည်။

'ဟင်၊ စာကလည်း ဒါပဲလား အမေရဲ့'

'အို၊ မိန်းကလေးကလည်း အခုမှ အစရှိသေးတာ။ ဒါလောက်ပဲ ပါမှာပေါ့အေ့။ ညည်းအကြောင်းမှ ကောင်းကောင်း မသိသေးဘဲနဲ့၊ သမီးရယ် တူမရယ် ဆိုပြီး တစ်ခါတည်း လာပြီး လည်ပင်းကို ဖက်ပါ့မလား လို့'

'ကျုပ်တော့ အဖေတို့ အမေတို့နဲ့ နီးနီးပဲ နေချင်တာပဲ'

'ဘာလို့ ညည်းက မသွားချင်ရတာလဲ လို့'

'မပြောချင်ပါဘူး အမေရယ်၊ ဘာလို့ လို့လဲ မပြောတတ်ဘူး'

အုသည် ပန်းသာခင်လေးဆီကို သွား၍ မနေလို မနေရပြား၊ မိမိ ရွာထဲတွင် ဆန်ဖွပ်၊ မောင်းထောင်း၊ နွားကျောင်း၊ ရေခပ် စသော အလုပ် တစ်ခုခုကို လိုက်လံစုံစမ်းလေသည်။ သို့ရာတွင် ဟန်မကျ။ ရွာနီးချုပ်စပ် သို့ပါ လှမ်း၍ စုံစမ်းသော်လည်း ဘယ်ကမှ ရတ်တရက် ရလမ်း မမြင်။ အု၏ သဘောမှာ အလုပ်တစ်ခုခု ရလျှင် ထိုအလုပ်မှ ရသော ငွေစကို စု၍ သေသွားသော နွားရှေ့ကြီးအစား နွားတစ်ကောင် ဝယ်၍ သူ့အဖေနှင့် သူ့အမေအား ပေးရန် ဖြစ်သည်။ တစ်ညနေတွင် အလုပ်ရှာရာမှ မောမော ပန်းပန်းဖြင့် အိမ်သို့ ပြန်လာသောအခါ မောင်စိန်းအောင်သည် ဝမ်းသာအားရ နှင့် ပြေးလာပြီးလျှင် 'အစ်မကြီးရေ၊ မြောက်ကုန်းက ကျုပ်တို့အစ်ကိုကြီး အခုပဲ လာသွားတယ်ဗျ' ဟု ဆီး၍ ပြောလေသည်။

'မိန်းကလေးရေ၊ ပုန်းသာမောင်မောင် အခုပဲ မြင်းကြီးနဲ့ လာသွား

တယ်တော့။ လမ်းကြုံတာနဲ့ ဝင်လာသတဲ့တော့။ သူ့အမေက မေးခိုင်းတယ်တဲ့။ ညည်း လာမှာလား၊ မလာဘူးလားလို့။ ပန်းသာမောင်မောင်က ညည်းကို ကြည့်ရတာတဲ့၊ သိပ်ပြီး ရိုးသာပုံ၊ တည်ကြည်ပုံ ရတယ်တဲ့။ ညည်းဟာ ရွှေကိုယ်လေး ငွေကိုယ်လေးနဲ့တောင် မလဲနိုင်အောင် အဖိုးတန် မိန်းကလေး ဆိုတာကိုလည်း သူ သိပါတယ်တဲ့တော့။ ပြီးတော့ သူက ညည်းကို သိပ်ပြီး အရေးပေးတာပဲတော့' ဟု ဒေါ်ဘုမက ပြုံးစိစိနှင့် ပြောလေသည်။

အုသည် သူ့ကိုယ်သူ အထင်အမြင်များစွာ သေးနေခိုက်တွင် လူစိမ်းသူစိမ်း တစ်ယောက်က ထိုကဲ့သို့ အထင်အမြင်ကြီးသည့် အကြောင်းကို ကြားရသောအခါ ဝမ်းသာမိသလိုလို ရှိလေသည်။

'ကျုပ်အပေါ်မှာ ဒီလို အထင်အမြင်ကြီးတာလည်း ကျုပ် ကျေးဇူးတင်ပါရဲ့။ အမေတို့ စကားလည်း ကျုပ် မပယ်ချင်ပါဘူး။ ဒါပေမဲ့ ဟိုကျတော့ ဘယ်လိုနေရ ထိုင်ရမယ်ဆိုတာ သိရတာလည်း မဟုတ်ဘူး။ သိရရင်တော့လည်း ဘယ်နေ့ သွားရ သွားရ အရေးမကြီးပါဘူး'

'ပန်းသာမောင်မောင်က တယ်ချောတဲ့ လူပါလား ဟေ့'

'ကျုပ်တော့ ချောတယ် မထင်ပေါင်'

'ချောချော မချောချောလေ၊ ဒါက အရေးမကြီးပါဘူး။ လသာခိုက်နှိုးငင့်ဖို့က အရေးကြီးပါတယ်။ ဟဲ့ ပြီးတော့ စိန်လက်စွပ်ကြီး ဝတ်လို့ဟဲ့'

'ဟုတ်တယ် အစ်မကြီးရ။ ဆေးတံ့ကို ပါးစပ်ထဲက ဖြုတ်လိုက်တော့ ကျုပ် မျက်စိတောင် ကျိန်းသွားသဗျ။ အမေ အမေ၊ ဘာလို့ ကျုပ်တို့ အစ်ကိုကြီးက ဆေးတံကို ခဏခဏ ဘယ်ဘက်လက်နဲ့ ကိုင်ကိုင်ပြီး ပါးစပ်ထဲက ဖြုတ်ချည် တပ်ချည် လုပ်ရတာလဲ'

'အေး အေး၊ လူကလေး ပြောတာ ဟုတ်တယ်၊ စိန်းအောင် ပြောတာ ဟုတ်တယ်'

'သွားဖို့ မသွားဖို့ ကျုပ် စဉ်းစားစမ်းပါရစေဦး အမေရယ်'

အုသည် ထိုသို့ ပြောပြီးနောက် အခန်းထဲမှ ထွက်၍သွားလေသည်။

အု ထွက်သွားသောအခါ ဒေါ်ဘုမသည် အု၏ အကြောင်းကို ဦး ပန်းအောင်နှင့် ဆက်၍ ဆွေးနွေးလေသည်။

'ကိုရင်အောင်ရဲ့၊ ကျုပ်သမီးက သမီးဆိုလည်း ဆိုစလောက်ပဲ။ လူငယ် အချင်းချင်းတော့ တစ်ခါတည်း အောင်လာခဲ့ပြီတော့။ မုတ်ဆိတ် စွဲနေတဲ့ ပျားမှ ဒင်း ရအောင် မဖွပ်နိုင်ရင် ဒင်းဟာ ဆင်းရဲဇာတာ အင်မတန် ပါလွန်းလို့လို့ အောက်မေ့ရမှာပဲ'

'ဘုမရေ၊ ငါ့သဘောတော့ ငါ့သားတွေ သမီးတွေ ငါ့ဆီက ဘယ်မှ မသွားစေချင်ဘူး။ တကယ်ဆိုရင် တို့အမျိုးထဲမှာ ငါက အသက်အကြီးဆုံး ပဲ။ လာခြင်း လာရင် ငါ့ဆီသာ တခြားဆွေမျိုးတွေက လာဖို့ ကောင်း တယ်'

'အသက်ကြီးတာတွေ ဝါကြီးတာတွေ ခဏထားစမ်းပါဦး ကိုရင် အောင်ရဲ့။ လသာခိုက်ကို ကောင်မကလေး သွားပြီး မိုင်းငင့်စမ်းပါစေဦး။ ကောင်လေးက ကောင်မလေးအပေါ်မှာ အတော် စွဲလမ်းနေပြီတော့။ ခေါ်တာ တောင် ကျုပ်နှမ တဲ့။ သူ့ကို ရမှ မိန်းကလေးဟာ လူရတတ်ကတော် ဖြစ်ပြီး ဂုဏ်သရေ ရှိသွားမှာတော့။ ဒီတော့မှသာ ပန်းသာဆက်ဟာ ပြန်ပြီး ထင်ပေါ်လာနိုင်မှာ ကိုရင်အောင်ရဲ့။ ဘုမတို့ တွေးလိုက်ရင် လွဲခဲပါတယ် တော့'

'အေး အေး၊ ဘုမ ပြောတာ ဟုတ်စရာ ရှိတယ်။ ဒါကြောင့် ပန်းသာ မောင်မောင်ခမျာ ကိုယ်တိုင် လိုက်လာတာနဲ့ တူတယ်။ သူ့အကဲခတ်ရတာ မိန်းကလေးကို အတော်ခင်နေပုံ ရတယ်။ တော်ရုံ တန်ရုံနဲ့တော့ ဘာ သူကိုယ်တိုင် လိုက်လာမတုံး'

ဒေါ်ဘုမနှင့် ဦးပန်းအောင်တို့ အရင်းမစိုက် စိတ်ကူးဖဲ ရိုက်နေခိုက် တွင် အုသည် အိမ်နောက်ဘက် နွားတင်းကုပ်ထဲ၌ လူးလာခေါက်တုံ့ လျှောက်ရင်း နွားရှေ့ကြီး အစာကျွေးနေကျ နေရာသို့ ရောက်သွားလေသည်။ "ငါ့ကြောင့်ပဲ၊ ငါ့ကြောင့်ပဲ၊ နွားရှေ့ကြီး သေတာ ငါ့ကြောင့်ပဲ" ဟူသော

ဥပါဒါန်သည် အုအား လာ၍ တိုက်ခိုက်ပြန်လေသည်။ ဒေါ်ဘုမသည် ဦးပန်းအောင်နှင့် စည်းလားရိုက်ပြီးသဖြင့် အု ရှိရာသို့ လိုက်လာလေသည်။

'ဘယ့်နှယ်လဲ မိန်းကလေးရေ၊ အမေတို့ ပြောတာ သဘောမကျဘူးလား'

'ကျုပ်နဲ့ ပန်းသာခင်လေးနဲ့ တွေ့ခဲ့ရရင်လည်း အကောင်းသား'

'မိန်းကလေး ဟိုရောက်သွားတယ် ဆိုရင် တွေ့ရမှာပေါ့၊ ပထမ ဟိုသွားမယ် မသွားဘူး ဆိုတာ ပြောပါဦးအေ့'

'အမေ ကျုပ်တော့ ဘာပြောရမှန်း မသိဘူး။ အမေတို့ဟာ အမေတို့ပဲ ကြည့်ပြီး လုပ်ကြပေတော့။ နွားရှေ့ကြီးက ကျုပ်ကြောင့် သေတာကိုး။ ဒီတော့ အစားရအောင် ကျုပ်ပဲ ရှာပေးရမှာပဲ။ သွားတော့ သွားချင်ပါရဲ့၊ ဟိုမှာ ပန်းသာမောင်မောင် ရှိနေတာကို ကျုပ် သဘောမကျဘူး'

သည်နေရာတွင် အုသည် ဒေါ်ဘုမနှင့် သဘောကွဲလွဲလျက် ရှိသည်။ အုသည် ပန်းသာမောင်မောင် ရှိသည့်အတွက် မသွားချင်။ ဒေါ်ဘုမသည် ပန်းသာမောင်မောင် ရှိသည့်အတွက်ပင် အုကို သွားစေချင်သည်။ အုအား ပန်းသာမောင်မောင်နှင့် ပေးစားပြီးနောက် ကတော်ဆယ်ပါး တစ်ပါး အပါအဝင် ဖြစ်စေမည် ဆိုသော ဒေါ်ဘုမ၏ ဝါဒသည် တစ်အိမ်လုံးသို့ ကောင်းစွာ ပျံ့နှံ့နေပြီ ဖြစ်သဖြင့် အုက မသွားချင်သလိုလို ဘာသလိုလို လေသံပစ်လိုက်သည်နှင့် တစ်ပြိုင်နက် ဗုစုခရ မကျန် အိမ်လုံးကျွတ် အစည်းအဝေးကြီးက ဝိုင်း၍ လေးနက်စွာ ကန့်ကွက်ကြလေသည်။

'ဟင့်အင် ဟင့်အင်၊ အစ်မကြီးက မသွားဘူးတဲ့။ ဒါဖြင့် ကျုပ်တို့ နွားကြီးတစ်ကောင်လည်း ရမှာ မဟုတ်တော့ဘူး။ ငွေစတွေလည်း ရမှာ မဟုတ်တော့ဘူး။ အစ်မကြီးလည်း အဝတ်လှလှတွေ ဝတ်ရမှာ မဟုတ်ဘူး။ ဟီး ဟီး' ဟု ဆူညံစွာ ငိုကြလေသည်။ ကလေးတွေက မျက်ရည်ဖြင့် ပြင်းထန်စွာ ဝိုင်း၍ ကန့်ကွက်ကြသည်ကို ဒေါ်ဘုမက လေးနက်စွာ

ထောက်ခံလေသည်။ မြို့စားမင်း ဦးပန်းအောင်ကား မည်သည့်ဘက်ကမျှ မဲမပေး။

'ဒါလောက်တောင် အမေ့စိတ်ထဲက သွားစေချင်ရင် ကျုပ် မငြင်းပါဘူး၊ သွားပါ့မယ်'

'အဲ၊ ဒီလိုမှပေါ့ မိန်းကလေးရဲ့။ အရွယ်ဆိုတာ အမြဲ တည်နေတာ မဟုတ်ဘူး သမီးရဲ့။ တော်တော်ကြာ အရွယ်လွန်သွားတော့ မိုးလွန်မှ ထွန်ချ ဖြစ်နေတတ်တယ်။ အမေတို့က ပျိုရာက အိုလာခဲ့တာ။ ဒီတော့ မိန်းကလေး အတွက် ဘယ်လိုလုပ်ရင် ကောင်းမယ်ဆိုတာ အမေတို့ ပိုသိတာပေါ့အေ့။ မိဘစကား နားထောင်ရင် မမှားနိုင်ပါဘူးအေ့'

'ကျုပ်စိတ်ထဲတော့ နောက်နွားတစ်ကောင် ထပ်ဝယ်ဖို့ ငွေစရဖို့ သွားတယ်လို့ပဲ ထားမယ်။ တခြား ဘာကတော်ဖြစ်ဖို့၊ ညာကတော်ဖြစ်ဖို့ တွေကို နားမလည်ဘူး။ ဒီအကြောင်းတွေကို ကျုပ် မရှိတဲ့အခါ ရွာထဲ လျှောက်ပြီးလည်း ပြောမနေပါနဲ့ဦး။ ရှက်စရာကြီး'

ဒေါ်ဘုမသည် ရွာထဲလျှောက်ပြီး ပါးစပ်မောင်း မခတ်ပါဟု ဝန်မခံ။ ပန်းသာမောင်မောင် လာပြီး အုအကြောင်းကို နှစ်သက်စကား ပြောသွားကတည်းက မောင်းသမား ကောင်းကောင်းကို ငှား၍ ဟစ်ချင်လှလေပြီ။ မျိုးရိုးဇာတိ အဆက်အနွယ်ကလည်း ကောင်း၊ ရုပ်ကြီးသားလည်း ဖြစ်၊ ငွေစပိုင်ရှင်လည်း ဟုတ်သော သမက်တစ်ယောက်ကိုရဖို့ သူ့တွက်ကိန်းနှင့်သူ တစ်ကျပ်မှာ သုံးမတ်လောက် သေချာနေသောအခါတွင် ဒေါ်ဘုမမှာ အဘယ် မှာလျှင် ဝမ်းသာလုံး မဆို့ဘဲ ခံနိုင်အံ့နည်း။ ရွာထဲ၌ ပထမဆုံး တွေ့ရသော သူက စပြီး သည်အကြောင်းကို မပြောရလျှင် အဘယ်မှာ သည်အလုံး ကျနိုင်ပါမည်နည်း။ ဝမ်းသာလုံး ဆို့ခြင်းသည် အန္တရာယ်တစ်မျိုး ဖြစ်သည်။ အန္တရာယ်ကို လွှယ်မထားကောင်း။ ဤကား ဒေါ်ဘုမ၏ တွေးတောချက် ပေတည်း။

နောက်တစ်နေ့တွင် အုသည် ပန်းသာခင်လေးထံသို့ အလိုရှိသော နေ့တွင် စ၍ အလုပ်ဝင်ပါမည့် အကြောင်းနှင့် စာပြန်လိုက်လေသည်။

ပန်းသာခင်လေး ထံမှလည်း အု လာမည်သိရ၍ ဝမ်းသာကြောင်း၊ နောက်တစ်နေ့တွင် အုကိုခေါ်ရန် လှည်းလွှတ်လိုက်မည့်အကြောင်း၊ အုသည် ထိုအခါတွင် လိုက်လာဖြစ်အောင် လိုက်လာဖို့ အသင့် ပြင်ဆင်ထားရန် အကြောင်းနှင့် စာပြန်လာလေသည်။ ပန်းသာခင်လေး၏လက်ရေးကလည်း ကြာလေ ကြာလေ ယောကျ်ားလက်ရေးနှင့် တူလေ ဖြစ်သည်ဟု အု စိတ်ထဲတွင် ထင်မိလေသည်။

"ကိုယ့်ဆွေမျိုးထဲက လာမယ့်ဟာပဲ။ တကယ်ဆိုရင် လှည်းယဉ် လွှတ်လိုက်ရောပေါ့။ အခုတော့ လှည်းကြမ်းကြီး လွှတ်လိုက်မယ် ဆိုတော့ တယ် မဟုတ်သေးပါဘူး" ဟု ဦးပန်းအောင် စိတ်တွင် မကျေမနပ် ဖြစ်မိလေသည်။

အုသည် သွားမည်ဟု စိတ်ကို ပိုင်းဖြတ်ပြီးပြီ ဖြစ်သဖြင့် သို့လော သို့လော ရှေ့တိုးနောက်ငင် မဖြစ်တော့ချေ။ ဆွမ်းကူချက်ရမည့် အလုပ် ဆိုသည်မှာလည်း ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ ဆိုသကဲ့သို့ နှစ်မျိုးနှစ်တန် အကျိုးရှိနိုင်သော အလုပ်သာ ဖြစ်သည်ဟု သူ့စိတ်သူ ဖြေလေသည်။ အုသည် မြန်မာဘာသာ စတုတ္ထတန်း အောင်ပြီး ဖြစ်သဖြင့် ပေပင်ကုန်းရွာ ထဲက ဦးကျော်ခေါင် ကျောင်းတွင် လက်ထောက် ဆရာမကလေး ဝင်လုပ် မည်ဟုလည်း ကြံမိသေးသည်။ သို့ရာတွင် ကျောင်းဆရာကြီး ဦးကျော်ခေါင် ကိုယ်တိုင်ပင် ကျောင်းသားများက တစ်သီတင်းလျှင် တစ်စလယ်ကျ ကျောင်း လခ အဖြစ်နှင့် ပေးကြသည့် ဆန်ကလေးများဖြင့် အသက်ကလေး တစ် ချောင်းကို မနည်းကြိုးစား၍ မွေးရသည့် အဖြစ်ကို သိရသောအခါ လက် ထောက်ဆရာမ လုပ်ခြင်းသည် ငတ်ဆေးဖော်သည်နှင့် ခြားနားမည် မဟုတ် သောကြောင့် ထိုအကြံ လျှော့လိုက်လေသည်။ ထိုကဲ့သို့ အလုပ် လက်မဲ့ရေး နှင့် ကြုံကြိုက်နေရသည့် အခါတွင် အရဏ်ဆွမ်း ချက်ရသော အလုပ်မှာ

အမတ်ချုပ်ကြီး ရာထူးလောက်ပင် ဝင်ကြေးဖြောင့်သော အလုပ်ဟု မှတ်ထင်ရလေသည်။ "အခါလည်လောက် အောင့်အည်း၍ လုပ်လိုက်လျှင် အဖေ့ဖို့ နွားတစ်ကောင်တော့ ဝယ်နိုင်မှာပဲ" ဟု အု စိတ်၌ အောက်မေ့လေသည်။ အုသည် ဒေါ်ဘုမထက် အမြော်အမြင် ရှိသဖြင့် ကတော် တစ်ကတော်တော် ဖြစ်ရန်ဆိုသော သူ့အမေ၏ အကြံကို လေးနက်စွာ မယူဆချေ။ ဒေါ်ဘုမသည် ဘာဖြစ်ဖြစ် ပေါ့ပေါ့သာ ယူလေ့ရှိသည်။ အု သူ့ဝမ်းထဲက ကျွတ်သည်နှင့် တစ်ပြိုင်နက် ဒေါ်ဘုမသည် သမက်လောင်း ရှာလျက် ရှိလေသည်။ ဉစ္စာပေါ၊ ရုပ်ချော၊ အမေကြိုက်၊ အိမ်ပါ သမက်လောင်း ပန်းသာမောင်မောင်သည် မခေါ်ပင့်ချေ။ အိမ်တိုင်ရာရောက်ပင် ရောက်လာခဲ့ချေပြီ။ သူ့သမီးအုသည် အလောင်းမှန်၍ ရထားပျံ ဆိုက်ခြင်းသာ ဖြစ်ရမည်။ ဗေဒင်စကြာဘုတ်အုပ်ကလည်း အုသည် ကတော်ဆယ်ပါး တစ်ပါး အဝင်အပါ ဖြစ်ကြောင်းနှင့် ဒေါ်ဘုမ၏ တွက်ကိန်းတို့ကို ထောက်ခံသည်။ "ဒေါ်ဘုမ၊ ဒေါ်ဘုမ၊ တိုင်းလုံးကျော်သည့် ဒေါ်ဘုမ" ဤသို့ ဒေါ်ဘုမသည် ပီတိသောမနဿ ဖြစ်လျက် ရှိလေသည်။

## အခန်း ၇

ပန်းသာခင်လေးထံ သွားရမည့်နေ့တွင် အုသည် ရွာဦးကျောင်းက ဆွမ်းချက်နှိုးသည့် ကုလားတက် ခေါက်သော အချိန်တွင် ထ၍ ပြင်စရာ၊ ဆင်စရာများကို ပြင်လျက်နေလေသည်။ အိမ်ခေါင်တိုင်ပေါ်က တောက်တဲ့ကြီးသည် မမြည်စဖူး "တောက်တဲ့၊ တောက်တဲ့" ဟု ပီသစွာ ခုနစ်ခွန်း မြည်လေသည်။ အုသည် တောက်တဲ့မြည်သံကို ကြားသောအခါ ကြက်သီးမွေးညင်းများ ထလျက် တောက်တဲ့ တောက်တဲ့ဟု မကြားဘဲ "တောက်တီး တောက်တဲ့၊ တောက်တီးတောက်တဲ့" ဟု မြည်သလို ကြားမိသဖြင့် 'ဖွဟဲ့၊ နင့်ခေါင်း

ပုံးရည်ကျို၊ နင့်ကို ချဉ်ရည်ချက်၊ ခုနစ်ရက်သား ခုနစ်ရက်သမီးများ စားကြ' ဟု ငှက်ဆိုးထိုးသည့် အခါတွင် ပေပင်ကုန်း ရွာသူရွာသားတို့ ဆိုလေ့ရှိကြသည့် ယတြာချေ ဂါထာကလေးကို ရွတ်မိလေသည်။ ပြင်စရာ ဆင်စရာတို့ကို ပြင်ဆင်ပြီးနောက် ယူငင်စရာလေးများ ရှိသမျှကို ထုပ်ပိုးပြီးလျှင် ဝတ်ကောင်းစလှကို မဝတ်ဘဲ အလုပ်အကိုင် လုပ်သည့်အခါတွင် ဝတ်နေကျဖြစ်သော ရိုးရိုး အဝတ်များကိုသာ ဝတ်၍ ဆွမ်းခံဝင်ချိန်လောက်တွင် အခန်းထဲမှ ထွက်၍လာလေသည်။

ဒေါ်ဘုမသည် သူ့သမီး လုပ်ပုံ ကိုင်ပုံကို မကျေနပ်။ ဤသို့ အပြစ်တင်သည်။

'မိန်းကလေးက တယ် အပြောရခက်တာကိုး အေရဲ့။ ခရီး သွားခါနီး လာခါနီး အင်္ကျီသစ် လုံချည်သစ်ကို ဝတ်မှပေါ့အေ့။ ဆွေကောင်းမျိုးကောင်း ဆီ သွားမယ့်ဥစ္စာပဲ။ ဒီလို လက်နီးဖတ်ကြီးကို ဝတ်သွားလို့ တော်ပါ့မလား အေရဲ့။ လူမှာ အဝတ်၊ တောင်းမှာ အကွပ်ဆိုတာ မှတ်ထားမှပေါ့'

'အမေ၊ ကျုပ် အခုသွားမှာ ကြွားဖို့ မော်ဖို့ သွားမှာ မဟုတ်ဘူး။ အလုပ်လုပ်ဖို့ သွားတာပဲ။ ဒီလိုဝတ်ရင် တော်ရောပေါ့'

'အလုပ်လုပ်ဖို့ သွားတယ်ဆိုတာလည်း ဟုတ်ပါတယ် မိန်းကလေးရဲ့။ ဒါပေမဲ့ လာစမ်းပါဦး။ အမေ တိုးတိုး ပြောစမ်းပါရစေ။ အလုပ်လုပ်ဖို့ဆိုတာက ပထမတော့ လူကြားကောင်းအောင် ပြောရတာပေါ့အေ။ တကယ်တော့၊ နောက်တော့ သူ့ဟာနဲ့သူ ဖြစ်လာမှာပေါ့။ အဲဒီတော့ ရောင်းကုန်ဆိုတာ ဗန်းသားကို ထုတ်ပြမှ ကောင်းတာအေ့'

'အမေ့ သဘောအတိုင်းပဲ၊ ကျုပ်တော့ နားမလည်ဘူး။ အမေ ကောင်းတယ်ဆိုရင် ပြီးတာပဲ။ အမေ စိတ်တိုင်းကျသလိုသာ စီမံပါတော့'

အုသည် သူ့အပေါ်တွင် သဘောကျသလို စီမံရန် ဒေါ်ဘုမအား အာဏာကုန် လွှဲအပ်လိုက်လေသည်။ "မိဘစကား နားထောင်ပြား သံပြားကျောက်စောင်း ကျိုသော်ပြောင်းသည်" ဟူ၍လည်း မှတ်ရဖူးသည်။ "မိဘ

စကား နားမထောင် သားတစ်ကောင်နှင့် တိုးလိုးတွဲလဲ” ဆိုတာကိုလည်း မကြာသေးမီကပင် သူ့အမေက ပြောသေးသည်။

‘ကျုပ် အမေ့စကားကို နားထောင်ပါ့မယ်’

‘အေး၊ ဒါမှ အမေ့သမီးတော့်။ အမေ့သမီးက တယ် လိမ္မာတာကိုး။ ဒါကြောင့် အမေက ချစ်တာပေါ့’

ဒေါ်ဘုမသည် သူ့သမီး ပြောချက်ကို ဘဝင်ခွေ့လှသဖြင့် အုအားအားရပါးရ နမ်းလေသည်။ ထိုနောက် တရော်ရည်နှင့် ကင်ပွန်းသီးပြုတ်ရည်ကို ဇလုံကြီးထဲတွင် ထည့်ပြီးလျှင် သမီးတော် တပင်တိုင် ဒေဝီအား ခေါင်းဆေးမင်္ဂလာ ပြုပေးလေသည်။ ပြီးလျှင် အုစ၏ တံကောက်အောက် ရောက်အောင် ရှည်သော ဆံပင်များကို နာနာပါအောင် တဘက်နှင့်တိုက်၍ ရေခြောက်စေလေသည်။ ထို့နောက် အလှူ ဝတ်လှည့်လိုက်သည့်နေ့က ဝတ်သော ရေမချရသေးသည့် အသစ်စက်စက် ပဒုမ္မာအင်္ကျီနှင့် မန္တလေး လုံချည် ပန်းရောင်ကလေးကို ဝတ်စေလေသည်။ သနပ်ခါးကိုလည်း ခြေဆုံး ခေါင်းဆုံး လိမ်းစေပြီးလျှင် ဖားလျားချ၍ထားသော ဆံပင်အဖျားတွင် အဆင်သင့် နတ်တို့ ဖန်ထားသကဲ့သို့ ပွင့်နေသော ဖြူဖွေးမွှေးကြိုင်သည့် ဘိတ်စံပယ်ပွင့်ကြီး ခြောက်ပွင့်၊ ခုနစ်ပွင့်ကို တွဲလွဲချည်၍ ပေးလေသည်။ ခြေထောက်တွင်လည်း တရိတသေ သိမ်းဆည်းထားပြီးနောက် အလှူအတန်းပွဲလမ်းသဘင် သွားသည့်အခါများမှ တစ်ခါတလေ ထုတ်ပြီးစီးသော ကြက်သွေးရောင် ကတ္တီပါ ပိန်းတန်းဖိနပ်ကို စီးလေသည်။ ဒေါ်ဘုမသည် သူ့သမီးကို မင်္ဂလာဆောင် သတို့သမီးဟု အောက်မေ့နေလေသလော မပြောတတ်။ စိတ်တိုင်းကျ ပိုင်ပိုင်နိုင်နိုင် ပြင်ဆင်ထားပြီးနောက် ပန်းချီဆရာသည် သူရေးသောအရုပ်ကို လှ မလှ၊ ဟန် မဟန် သိသာနိုင်ရန် နောက်သို့ဆုတ်ကာ ခပ်လှမ်းလှမ်းမှနေ၍ ကြည့်သည့်အလား ဒေါ်ဘုမသည် ဝါးပိုးမျှစ်စို့ကြီးနှင့် တူသော နထွားမကြီး မစာအုကို ဖြီးလိမ်း ဆင်ပြင်ထားပြီးနောက် နောက်သို့ နှစ်လှမ်း၊ သုံးလှမ်းဆုတ်ကာ ကြည့်လေသည်။ အုတွင် လက်ဝတ်လက်စား

မရှိသော်လည်း ပန်းသာမောင်မောင် ဆင်အံ့သော၊ ဆင်မည်ဖြစ်သော၊ ဆင်လတ္တံ့သော စိန်နားကပ်၊ စိန်လည်တုန်၊ စိန်ဘီး၊ စိန်လက်ကောက်၊ ဖက်ဖူးရောင် ရှုလတီလုံချည် စသည်တို့ဖြင့် ဒေါ်ဘုမသည် စိတ်ကူးဖြင့်ဆင်ကာကြည့်မိ၍လား မသိ၊ သူ့သမီးကို သိကြားမင်း၏ မိဖုရား သုဇာတာထက်ပင် ဝတ်ပုံစားပုံ စတိုင်ကျသေးသည်ဟု ထင်မိလေသည်။

'ကိုရင်အောင်ရဲ့၊ ဒီနား လာစမ်းပါဦးတော့်။ မိန်းကလေးဟာ ကိုယ့်ငါးချဉ်မို့ ကိုယ်ချဉ်တာ မဟုတ်ဘူး။ တကယ့်ကို မင်းကတော်ရုပ် ပေါက်တာတော့်။ တော့်အကောင် မိန်းကလေးကို မြင်ရင် ဘယ်နည်းနဲ့မှ မစွဲဘဲ နေနိုင်မှာ မဟုတ်ဘူး။ ကျုပ် ပြောရင် ယုံပါတော့်။ ဒါပေမဲ့နော် ကိုရင်အောင်၊ ပြောလိုက်ပါပေရဲ့။ မိန်းကလေးရှေ့မယ် ဘာမှ ဒီအကြောင်းတွေ သွားပြောမနေနဲ့ဦး။ ကောင်မကလေးက တစ်ခါတစ်ခါ တဇောက်ကန်းကြီး။ သူမကြိုက်တာ သွားပြီး ပြောမိရင် "ဟင့်အင်း၊ မသွားချင်တော့ဘူး" နဲ့ လုပ်ချင် လုပ်ဦးမှာ။ ဒါကြောင့် ကျုပ်တောင် အတော်ချော့ပြီး ယင်းသွင်းနေရတယ်။ ကျုပ်တို့ ကြံတဲ့အတိုင်းများ အပေါက်အလမ်း တည့်မယ် ဆိုရင်တော့ ကိုရင်အောင့်နှယ်၊ ဆရာချိန်ကို ပုဆိုးနှစ်ထည် ဝယ်ပြီး ကန်တော့ရမယ် တော့်။ မောင်မင်းကြီးသား ပန်းသာမြို့စား အဆက်ဆိုတာ သူ ပြောပေလို့'

ဦးပန်းအောင်သည် ခေါင်းညိတ်ကာ နားထောင်လျက် ရှိလေသည်။

ဒေါ်ဘုမသည် သမီး တစ်ခုကို အရင်းပြု၍ အာဟာရဖြစ်ရုံ ဝရုံသာ မဟုတ်ဘဲ၊ ပျို့အောင် အီအောင် စိတ်ကူးချင်တိုင်း ကူးပြီးသောအခါ သမီးနှင့်တကယ် ခွဲရမည်ကို စိတ်နှလုံး ပူပန်စ ပြုလေသည်။

အုသည် လှည်းလာချိန် နီးပြီဖြစ်သဖြင့် သူ့အဖေနှင့် အမေတို့အား လက်အုပ်ချီကာ ရှိသေစွာ ကန်တော့လေသည်။ ဦးပန်းအောင်သည် ထိုနေ့မှာ မိမိတို့ အဖို့တွင် အောင်ပွဲနေ့ကြီး ဖြစ်သဖြင့် ခါတိုင်း ခါတိုင်းနေ့များထက် သုဒ္ဓါရည် တစ်မြူ ပို၍ သုံးဆောင်ထားသောကြောင့် ခေါင်းမထူနိုင်

အောင် ရှိရာမှ အာလေးလျှာလေးနှင့် 'ဘုန်းကြီးပါစေ သက်ရှည်ပါစေဗျာ၊ ကြံတိုင်းအောင်လို့ ဆောင်တိုင်း မြောက်ကြပါစေဗျာ' ဟု ဆုပေးလေသည်။

'ဆွေချင်းခြံတော့ လုံ၊ မျိုးချင်းထပ်တော့ မြတ် ဆိုတဲ့အတိုင်း တို့ အမျိုးဟာလည်း ပြန်ပြီး ထွန်းကားဦးမှာပေါ့နော်။ အေး အေး ပန်းသာ မောင်မောင်လေးလည်း ပြောလိုက်ပါကွယ်။ ပန်းသာမြို့စား ဆိုတဲ့ ဘွဲ့ကို ငွေစ တစ်ထောင်ရရင် ငါ သူ့ကို တစ်ခါတည်း အပိုင်လွှဲပေးလိုက်မယ်လို့။ အေး အေး တစ်ထောင်ထက် နည်းလို့တော့ မဖြစ်ဘူးဟေ့။ အေးလေ ခုခေတ်က ငွေစရှားတဲ့ ခေတ်ကြီးဆိုတော့ ငါးရာလောက် ရရင်ပဲ တော်ပါပြီ။ ကိုင်းကွယ် နှစ်ရာ့ငါးဆယ်ပဲ ပေးပါတော့လို့ ပြောလိုက်ပါ။ နှစ်ရာ့ငါးဆယ် များသေးတယ် ထင်ရင်လည်း နှစ်ရာပေါ့ကွယ်။ နှစ်ရာတောင်မှ များသေး တယ် ထင်ရင် တစ်ရာ့အစိတ်ပေါ့ကွယ်။ တစ်ရာ့အစိတ်ထက် လျှော့လိုတော့ မကောင်းဘူး။ အေးလေ နောက်ဆုံးပိတ် ဈေးကုန်ပြောလိုက်မယ်။ အစိတ် ထက်တော့ ဘယ်နည်းနဲ့မှ မလျှော့ဘူးလို့။ ဒါထက် လျှော့ရင်လည်း တို့ ပန်းသာမျိုးဟာ ဂုဏ်ရှိတော့မှာ မဟုတ်ဘူး'

အုသည် ဦးပန်းအောင်၏ ပါးစပ်တွင်းမှ ချက်ကြီးတို့တဲက ထန်းရည် က ပြောသော အသံများကို နားမဝင်။ မိဘ မောင်ဖား ညီမကလေးများနှင့် ဥမကွဲ သိုက်မပျက် မနေရဘဲ တစ်ကျေးတစ်ရွာသို့ ထွက်ခွာသွားရတော့မည် ဖြစ်သဖြင့် လွမ်းဆွတ်ကြေကွဲ ဝမ်းနည်းပက်လက်ဖြစ်ကာ စကားပြန်ပေး ခြင်းထက် ဟစ်၍သာ ငိုချင်ရှာလေသည်။ သာမန်အခါတွင် ချစ်ဖွယ်ကောင်း သော ကြည်လင်သည့် မျက်လုံးကလေး နှစ်လုံးမှာလည်း ပူနွေးနေ်ငြိသော မျက်ရည်တို့ဖြင့် ပြည့်လျက်ရှိလေသည်။ အုသည် မျက်ရည်ကို ဆည်ကာ စကားပြန်မပေးဘဲ လှည်းလာမည့်ဘက်သို့ ထွက်ခွာခဲ့လေသည်။ ဒေါ်ဘုမ သည်လည်း ဝမ်းနည်းစ ပြုလေပြီ။

'မိန်းကလေးရေ၊ အမေ လိုက်ပို့ဦးမယ်ဟေ့'

'အစ်မကြီးကို ကျုပ်တို့လည်း လိုက်ပို့ဦးမှာပေါ့' ဟု ဆိုကာ ကျန်

ကလေးများလည်း တစုတရုံးကြီး လိုက်လာကြလေသည်။ အိမ်နီးပါးချင်း များကလည်း ဝမ်းသာအားရ နှုတ်ဆက်လိုက်ကြလေသည်။ အု စိတ်ထဲက ဝမ်းမသာသည့် အဖြစ်ကိုကား မည်သူမျှ မရိပ်မိကြ။ အုကို ခေါ်ရန် လွှတ်လိုက်သော လှည်းသည် ပေတစ်ရာပေါ်က တံတားကြီးတစ်ခု ပျက်နေ၍ ပေပင်ကုန်းရွာထဲထိအောင် မလာနိုင်သဖြင့် ဒေါ်ဘုမတို့ သားအမိတစ်စုသည် ထိုတံတားပျက်ကြီးအထိ လိုက်ပို့ကြလေသည်။ အု၏ ရှိစုမဲ့စု ပစ္စည်းကလေးများ ထည့်သော ကျွန်းသေတ္တာကလေးနှင့် ထန်းခေါက်ဖာကလေးကို ရွာထဲမှ သူငယ်တစ်ယောက်က လှည်းပေါ်သို့ လိုက်ပို့လေသည်။

'အမေ အမေ၊ အခု အစ်မကြီး သွားတာ အစိုးရကတော် လုပ်ဖို့ သွားတာနော်' ဟု ကလေးများက မေးကြသည်။

'အမေနော် ကြည့်ပြောထား၊ ကျုပ်ကို မဟုတ်တာတွေ မပြောစေနဲ့' ဟု အုက မျက်စိပျက်ပျက် မျက်နှာပျက်ပျက်ဖြင့် ပြောလေသည်။

'ဟဲ့ တိတ်တိတ်နေကြစမ်း။ ဘာမဟုတ်တာတွေ လျှောက်ပြောနေကြတာလဲ။ မိန်းကလေး အခု သွားတာ အလုပ်လုပ်ဖို့ သွားတာဟဲ့။ နွားတစ်ကောင် ထပ်ဝယ်ဖို့' ဟု ဒေါ်ဘုမက အု စိတ်ကျေအောင် ဝင်၍ ဖာလေသည်။

အုသည် တံတားပျက်ကြီးကို ကျော်၍ လှည်းရှိရာသို့ သွားလေသည်။ ဒေါ်ဘုမတို့ သားအမိတစ်စုသည် လှည်းထိအောင် လိုက်မပို့ကြဘဲ အု သွားသည်ကိုသာ စောင့်၍ ကြည့်နေကြလေသည်။ အုသည် လှည်းပေါ်သို့ တက်မည့် အလုပ်တွင် လှည်းယဉ်ကလေး တစ်စီးသည် နွားခြုံသံ တညံညံနှင့် မောင်းလာပြီးလျှင် အု တက်မည်လုပ်သော လှည်းနားသို့ ရောက်သောအခါ မှူလ လာရင်းဘက်သို့ ပြန်ကွေ့ကာ ရပ်လေသည်။ လှည်းပေါ်တွင် လှည်းမောင်းလာသူ တစ်ယောက်သာ ပါလေသည်။ ထိုသူသည် အဝတ်အစား ကောင်းမွန်သပ်ရပ်စွာ ဝတ်လာ၍ အသက်မှာ ၂၀ နှင့် အစိတ်အတွင်း ဖြစ်သည်။ ဆေးတံကိုလည်း ခဲလျက်ရှိသည်။ ထိုလှည်းသမားသည် အခြားသူ

မဟုတ်။ မကြာမီက ဒေါ်ဘုမတို့ အိမ်သို့ မြင်းနှင့် ရောက်လာဖူးသော ပန်းသာမောင်မောင်ပင် ဖြစ်လေသည်။

ပန်းသာမောင်မောင်သည် လှည်းယဉ်ပေါ်သို့ အုကို အတက်ခိုင်းလေသည်။ အုသည် ရုတ်တရက် မတက်သေးဘဲ ငြင်းနေလေသည်။

ဒေါ်ဘုမသည် သူ့သမီးအား လှည်းယဉ်ဖြင့် လာ၍ ကြိုပေသည်ဟု ဝမ်းသာခြင်းမက ဝမ်းသာလှသဖြင့် လက်ခုပ်တီးကာ ဩဘာပင် ပေးမိလေသည်။ ဒေါ်ဘုမသည် ပျိုရာက အိုလာသူ ဖြစ်သဖြင့် ထိုအဓိပ္ပာယ်ကို နားမလည်ဘဲ ရှိမည်မဟုတ်ချေ။ သို့ရာတွင် သည်ယုန်မြင်၍ သည်ချုံကို ဒေါ်ဘုမပင် ထွင်၍ ပေးလေသလောဟု တွေးမည် ဆိုလည်း တွေးနိုင်သေးသည်။

'အမေ အမေ၊ အစ်မကြီးကို အစိုးရကတော် ဖြစ်အောင် လုပ်ပေးမယ့် ကျုပ်တို့ အစ်ကိုကြီးဆိုတာ ဒါလား' ဟု ဒေါ်ဘုမနှင့် ကြံရာပါ ကလေးများက မေးကြပြန်လေသည်။

အုသည် လှည်းယဉ်ပေါ် တက်ရ ကောင်းမလား၊ မတက်ရ ကောင်းမလားဟု မဝေခွဲနိုင်အောင် ရှိလေသည်။ မဝေခွဲနိုင်ရုံသာ မဟုတ်၊ "ငါ့ဟာ ဟန်မှ ဟန်ပါ့မလား" ဟုပင် တွေးတောပူပန်မိဟန် တူသည်။ အုကို ရုတ်တရက် အတက်ခိုင်း၍ မရသဖြင့် ပန်းသာမောင်မောင်သည် လှည်းယဉ်ပေါ်မှ ဆင်းလာပြီးလျှင် 'တက်လေ ဘာဖြစ်လို့လဲ၊ တက်ပါလား' ဟု တိုက်တွန်းလေသည်။ အုသည် သူ့အမေတို့ဘက်သို့ လှည့်ကြည့်ပြီး အတန်ကြာ တွေနေပြီးမှ တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့် လှည်းယဉ်ပေါ်သို့ တက်လေသည်။ အုသည် နွားရှေ့ကြီး သေသည့် အကြောင်းကို စဉ်းစားမိဟန် တူသည်။ အု အပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ပန်းသာမောင်မောင်သည် လှည်းကို ကွေ့ကာ အပြေးမောင်းလေသည်။ အု၏ ကျွန်းသား သေတ္တာကလေးနှင့် ထန်းခေါက်ဖာကလေး တင်သော လှည်းကြမ်းကြီးမှာ နောက်တွင် ကျန်ရစ်ခဲ့လေသည်။

သူတို့ မျက်စိအောက်က အု ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက်

ကလေးများသည် ပျော်သောစိတ် ပျောက်ကြပြီးနောက် 'အစ်မကြီး အစိုးရ ကတော်လုပ်ဖို့ မသွားရင် ကောင်းမှာပဲ ဟီး ဟီး' ဟု ဆိုကာ သံပြိုင်ငိုကြလေသည်။ ဒေါ်ဘုမလည်း မျက်ရည်တွေတွေ ကျလေသည်။ အိမ်သို့ ရောက်သော အခါ ဟာတာတာကြီး ဖြစ်လျက် နေသည်။

'ကိုရင်အောင်ရေ၊ ကျုပ်တော့ မိန်းကလေး လွှတ်လိုက်မိတာ မှားတယ် ထင်တာပဲ။ ဘာလို့လဲ ဆိုတာတော့ ကျုပ်လည်း မပြောတတ်ဘူး'

'ဘုမရယ်၊ နင့်ဟာ မဟုတ်သေးပါဘူးဟယ်။ အနို့ နင် အစတုန်းကတော့ ဘာလို့ ဒီလို မပြောသလဲ ဟ'

'မပြောဆို ကိုရင်အောင်ရယ်၊ အစကတော့ ကျုပ်လည်း ဒီလို မတွေးမိဘူး။ ဒါပေမင့်လေ၊ တစ်ရွာမပြောင်း သူကောင်းမဖြစ်ပေါ့ ကိုရင်အောင်ရယ်။ ကိုရင်အောင်ရေ ပြောလို့သာ ပြောရတယ်။ အခုနှယ် စိတ်မျိုးသာ ဆိုရင် မိန်းကလေးကို ကျုပ် ဘယ်နည်းနဲ့မှ မလွှတ်ဘူး။ ပထမဦးဦးဆုံး ဒီသူငယ်ဟာ ရိုးရဲ့ ဖြောင့်ရဲ့လား၊ မိန်းကလေးအပေါ်မှာ နှမသားချင်းလို စောင့်ရှောက်မယ် ဆိုတဲ့စိတ် ရှိရဲ့လားဆိုတာ စုံစမ်းကြည့်ဦးမှာပဲ။ အဲဒီလို စုံစမ်းကြည့်လို့ သဘောကျရင်လည်း လွှတ်ပေါ့'

'အေး တကယ်ဆိုတော့ အဲသလိုသာ လုပ်ဖို့ ကောင်းတာပေါ့ ဘုမရ'

'ကိုရင်အောင်ရယ် အခုမှတော့ မထူးပါဘူး။ လွှတ်မိပြီးပြီဟာပဲ။ မိန်းကလေးဟာ ဗေဒင်စကြာ ဘုတ်အုပ်ထဲက ဆိုတဲ့အတိုင်း ကတော်ဇာတာ ပါရင် လိမ့်လိမ့်လဲလဲ ဖြစ်နိုင်မယ် မထင်ပါဘူး။ လက်ဦးမယ် အကောင်း မကြံဘူးဆိုတောင် နောက်ကျတော့ စိတ်ကောင်းဝင်လာမှာပဲ။ မိန်းကလေးမှာ တစ်ခုကောင်းလည်း အရှိသားပဲတော့။ ကောင်ကလေးကို အကဲခတ်ရတာလည်း မိန်းကလေးအပေါ်မှာ အရှူးအမူး မေတ္တာရှိနေတယ် ဆိုတာ အထင်ရှားသားပဲ'

'မိန်းကလေးမှာ တစ်ခုကောင်း ရှိတယ် ဆိုတာက ဘာလဲ ဘုမရ'

'ဘာရမလဲတော့၊ ကိုရင်အောင် မသိဘူးလားလို့'

'ပန်းသာဆက်သွေး ပါတာ ပြောတာလား'

'ဘယ်က တော့် ပန်းသာဆက်သွေးကို ပြောရမှာလဲတော့်။ သူ့ မျက်နှာကလေးကို ပြောတာ။ ကျုပ် အပျိုတုန်းကလိုပေါ့ ကိုရင်အောင့်နှယ်ဆို'

## အခန်း ၈

မယ်သီတာကို ဒသဂီရိ လေယာဉ်ပျံနှင့် ဆောင်ယူသည့်အလား၊ ပန်းသာမောင်မောင်သည် အု လှည်းယဉ်ပေါ် တက်မိသည်နှင့် တစ်ပြိုင်နက် နွားနှစ်ကောင်ကို ငေါက်ငမ်း၍ အတင်းတရကြမ်း မောင်းပြေးလေသည်။ အုခမျာမှာ ကသိကအောက်နှင့် ပါသွားရှာလေသည်။ ပန်းသာမောင်မောင်သည် လှည်းမောင်းရင်း အုအား သမင်လည်ပြန် ကြည့် ကြည့်ပြီးလျှင် မြှောက်ပင့်ခြင်း အမျိုးမျိုး၊ ချီးမွမ်းခြင်း အဖုံဖုံကို တတ်သမျှ မှတ်သမျှ စက်ကုန်ခုတ်ကာ ရွတ်လေသည်။ အမရာ ကိန္နရီ မဒ္ဒီ သမ္ဘူလ တို့မှာ အု လောက်ပင် လှမည်၊ လိမ္မာမည်၊ ခြောက်ပစ်ကင်းမည် မထင်ကြောင်းတို့ကို ဝါစေ့ ဆိတ်ဝါးသကဲ့သို့ နားငြီးလောက်အောင် ဋီကာဖွင့်လေသည်။

အုမှာ ရင်တခုန်ခုန် နှလုံးတတုန်တုန်နှင့် နောင်ရေးကိုသာ တွေးတောပူပန်လျက် ရှိသဖြင့် ပန်းသာမောင်မောင်၏ အချစ်ဒေသနာကို ကြားတစ်ချက်၊ မကြားတစ်ချက်သာ ဖြစ်လေသည်။ အုသည် ပြကတေ့ သဘောအားဖြင့် မကြောက်တတ်သော်လည်း နွားရှေ့ကြီး သေပြီးကတည်းက သွေးပျက်၍ နေသဖြင့် လှည်း မြန်မြန် မောင်းသည့် အခါတွင် အထူး ကြောက်လေသည်။

ကြောက်မှန်းသိလေ ဖြဲခြောက်လေ လုပ်ရန်မှာ ပန်းသာမောင်မောင်၏ တာဝန်ကဲ့သို့ ဖြစ်လျက် ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် အုက ကြောက်မှန်းသိလေ လှည်းကို အတင်းစိုင်းလေ လုပ်လျက် ရှိသောကြောင့်

တည်း။ ထိုအခိုက်တွင် မျက်စိတစ်ဆုံးလောက်ရှိသော လမ်းဆင်းကြီးတစ်ခုကို တွေ့ရလေသည်။ ပန်းသာမောင်မောင်၏ အချက်ပေါ်လေပြီ။ အုသည် သူ့လက်တွင်းရေ ဖြစ်နေသောကြောင့် ခန္တီစလျက်သာ နေရလေသည်။ ပန်းသာမောင်မောင်သည် လမ်းဆင်းကြီးတွင် နွားနှစ်ကောင်ကို အတင်းမောင်းတော့မည် ပြင်လျက် ရှိလေပြီ။

'နွားတွေ မောလှပါပြီ မောင်ကြီးရယ်။ ဖြည်းဖြည်းမောင်းပါလား'

'ဘာလို့လဲ၊ ကြောက်လို့လား။ ပန်းသာဆက်ကလည်း ဒါလောက်တောင်ပဲ သွေးနည်းသလား။ မောင်ကြီးကတော့ လှည်းများ စီးရင်လေ၊ နွားတွေကို ခွာစုန်စိုင်းရမှ အားရတယ်။ အဲဒီလိုမှ မောင်ကြီးက ပျော်တယ်'

'ဒါပေမဲ့၊ ကျွန်မ ပါတုန်းတော့ သိပ်မမောင်းစေချင်ဘူး'

'သိပ်မမောင်းတာကတော့ ဟုတ်ပါရဲ့။ မောင်ကြီးတစ်ယောက်တည်း သဘောနဲ့ ပြီးတာ မဟုတ်ဘူး'

'မောင်ကြီး သဘောနဲ့ မပြီးလို့ ဘယ်သူ့ကို တိုင်ပင်နေရဦးမှာလဲ'

'ကြည့်ပါလား၊ အတိုင်ဘက်က စအုကြီးက သိပ်ဆိုးတာ။ အခုတင်တုန်းကလည်း ရှုးရှုးရဲရဲနဲ့လုပ်ပြီး မောင်ကြီးဘက်ကို လှည့်ကြည့်သေးတယ်။ အု မမြင်လိုက်ဘူးလား။ သူ ဒီလို လှည့်ကြည့်ရင် စိုးရိမ်ရတယ်။ ထင်ရာကို စွတ်ပြီး ဆွဲချင် ဆွဲသွားတာ'

'မောင်ကြီးကလည်း ကြောက်ပါတယ်ဆိုလေ ကြောင်ကြီးနဲ့တို့ ဆိုသလို မလုပ်ပါနဲ့'

'အို အုနှယ်၊ အုကို မောင်ကြီးက ခြောက်နေတာ မဟုတ်ဘူး။ ရွှေမြင်တင် စူးရဲစေရဲ့။ မောင်ကြီးက တကယ်ပြောတာ။ တကယ်ဆိုတော့ မောင်ကြီးလည်း သူ့ကို ကောင်းကောင်းနိုင်တာ မဟုတ်ဘူး'

'ဒါနဲ့များ ဒီလိုနွားမျိုး ဝယ်ထားရသေးသလား'

'အု ဒီလို ပြောမယ်ဆိုလည်း ပြောစရာပဲ။ မောင်ကြီးကံကိုက မကောင်းဘူး ထင်ပါရဲ့။ ပထမ သူ့ဥစ္စာရှင်ဟာလည်း သူ ချောက်ထဲ

ဆွဲချသွားတာနဲ့ ပွဲချင်းပြီး သေရှာသတဲ့။ မောင်ကြီးတို့ လက်ထဲ ရောက် ရောက်ချင်းပဲ သူ့ကြောင့် မောင်ကြီးတောင် သေတော့မလို့၊ သီသီကလေး လိုသွားတယ်။ သူလည်း မောင်ကြီး ညှဉ်းလို့ ကံကောင်းလို့ မသေတယ်။ အခုထက်ထိပဲ ထင်ရာကို စွတ်ပြီး ဆွဲချင်တဲ့အကျင့် မပျောက်သေးဘူး။ သူ့ကို လှည်းကပြီး မောင်းမိမှဖြင့် အသည်းတအေးအေးနဲ့ နေရတာပဲ။ လှည်းပေါ်က ဆင်းမှပဲ စိတ်အေးရတယ်'

ထိုသို့ ပြောရင်းဆိုရင်း လမ်းဆင်းသို့ ရောက်သဖြင့် နွားနှစ်ကောင် သည် သူတို့ အလိုအလျောက်လား၊ ပန်းသာမောင်မောင်၏ ပယောဂကြောင့် လား မသိ၊ လှည်းယဉ်ကလေးကို ဂျုံးဂျုံး ဂျုံးဂျုံးနေအောင် ဆွဲ၍ ပြေးကြလေ သည်။ လှည်းယဉ်ကလေးမှာ လမ်းကလည်း အဆင်းဖြစ်ပြန်၊ အပြေးလည်း မောင်းပြန်သဖြင့် ဂျုံးဂျိုင်း ဂျုံးဂျိုင်းနှင့်၊ တစ်ခါတစ်ရံ ဘယ်ဘက်ဘီးက မြင့်သွားလိုက်၊ တစ်ခါတစ်ရံ ညာဘက်ဘီးက မြင့်သွားလိုက်၊ တစ်ခါတစ်ရံ စောင်း၍ မှောက်သွားတော့မလိုလို ဖြစ်လိုက်၊ တစ်ခါတစ်ရံ ဘီးနှင့် မြေကြီး နှင့် မထိသည့်အခါ မထိလိုက်၊ တစ်ခါတစ်ရံ ခယောင်းခဲကြီးများသည် ဘေးသည် "ဝိ" ခနဲ နေအောင် ဝင်သွားလိုက်နှင့် အုမှာ ဆန်ကောထဲတွင် ဆီးဖြူသီးကို ထည့်၍ လှိမ့်သကဲ့သို့ ရှိလေသည်။ လှည်းပေါ်တွင် အောက်က ကောက်ရိုးတစ်ထပ်ခင်း၍ ကောက်ရိုးပေါ်ကမှ ဖျာကြမ်း၊ ဖျာကြမ်းပေါ်ကမှ နီးကြောဖျာ၊ နီးကြောဖျာပေါ်ကမှ သင်ဖြူး၊ သင်ဖြူးပေါ်ကမှ ကော်ဇောကို ခင်းလျက် ရှိသည်။ အုသည် ကြောက်ကြောက်နှင့် လှည်းရုံတိုင်ကို တအား ကိုင်ထားလေသည်။ လှည်း ဆောင့်ဖန် များသောအခါ ကော်ဇောသည် သင်ဖြူးပေါ်တွင် ရပ်တည်မနေနိုင်ဘဲ နိမ့်ရာ လှည်းဦးဘက်သို့ ရွေ့သွားလေ သည်။ အုလည်း ကော်ဇောနှင့်အတူ ပါ၍ သွားသဖြင့် လှည်းသမားနှင့် ကျောချင်းကပ်မိလျက် ရှိလေသည်။ လှည်းဆောင့်ဖန် များလတ်သော် လက် ကလေးများ နာစပြုလာသဖြင့် လှည်းရုံတိုင်ကို လွှတ်လိုက်ပြီးလျှင် သူ့ကိုယ် ရွေ့၍ သွားနှင့်သော လှည်းဦးစီးဘက်သို့ ပြောင်း၍ ကိုင်မိလေသည်။

'အို အုရဲ့။ ဘယ့်နှယ် မောင်ကြီးလက်ကို လာကိုင်ရတာလဲ။ နှစ်ယောက်စလုံး လိမ့်ကျသွားလိမ့်မယ်။ ခါးကို ဖက်ထားပါ'

အုသည် ကြောက်အားလန့်အားနှင့် သူ့ဟာသူ ဘာလုပ်၍ ဘာလုပ်မိမှန်း မသိဘဲ လှည်းဆရာကြီး ခါးကို ဖက်ကာ လိုက်ပါသွားလေသည်။ အု တင်လာသော ပဝါပါးကလေးနှင့် အု၏ ခေါင်းလျှော်ပြီးခါစ ဆံပင်များသည် လေထဲတွင် တံခွန်လွင့်သကဲ့သို့ ရှိလေသည်။ ထိုကဲ့သို့ ဇရုန်းသုန်းကားဖြစ်ရင်းနှင့်ပင် လှည်းယဉ်ကလေးသည် မြေညီသို့ ရောက်သွားလေသည်။ မြေညီသို့ ရောက်သွားလျှင် ရောက်သွားချင်း အုသည် လှည်းဆရာကြီးခါးမှ မိမိ လက်ကလေး နှစ်ဖက်ကို ကပျာကယာ ဖြေလိုက်လေသည်။

'မောင်ကြီး လုပ်ပုံက လူလို လုပ်တာ မဟုတ်ပေမယ့် ဘာမှမဖြစ်လို့ တော်ပါသေးရဲ့'

'အုနော်၊ ဘာ လူပါးဝစကား ပြောတာလဲ'

'ဘာ လူပါးဝရမှာလဲ၊ ဟုတ်တာ ပြောတာပဲ'

'အု လိမ့်မကျတာဟာ မောင်ကြီးခါးကို ဖက်ထားရလို့ မဟုတ်လား။ အခုမှ ကျေးဇူးကန်းစကား မပြောပါနဲ့'

အုသည် ဘာမျှ စကားပြန် မပေး။ ပန်းသာမောင်မောင်၏ ခါးကို ဖက်မိခြင်းမှာ ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် ပန်းသာမောင်မောင်၏ ခါးပဲ ဟူသော သဘောထားနှင့် ဖက်မိခြင်း မဟုတ်ချေ။ ကြောက်လန့်နေသည့်အခါ ဖြစ်သဖြင့် ရေနစ်သူ၏ ဖက်ခြင်းကဲ့သို့ တွေ့မိတွေ့ရာ ဖက်ခြင်းမျှသာ ဖြစ်လေသည်။ အုသည် စကားမပြောဘဲ သူ့အဖြစ်ကိုသူ စဉ်းစားကာ လိုက်သွားလေသည်။ ထို့နောက် အကြောက်ပြေ၍မှ အသက်ရှူ မမှန်တတ်သေးခင် လမ်းဆင်းတစ်ခုနှင့် တွေ့ပြန်လေသည်။

'ကိုင်း၊ ဘယ့်နှယ်လဲ အု။ လမ်းဆင်းတစ်ခုနဲ့ တွေ့ပြန်ပြီ'

'ရှိကြီးခိုးပါရဲ့ မောင်ကြီးရယ်၊ ဒီတစ်ခါတော့ ဖြည်းဖြည်းမောင်းပါ'

'အတက် တွေ့ခဲ့ပြီးလို့ အခု အဆင်းကို ရောက်တာပေါ့ အုရဲ့။ မောင်ကြီး ဘယ်တတ်နိုင်မလဲ'

ပြောရင်းဆိုရင်း ပန်းသာမောင်မောင်သည် သူနှင့် ကြဲရာပါဖြစ်သော နွားနှစ်ကောင်ကို အချက်ပေးလိုက်ပြန်လေသည်။ သခင်၏အလိုကို သိသော နွားနှစ်ကောင်သည် ဒုန်းဒုန်း ဒုန်းဒုန်းနှင့် ဒုတိယမွှ ကြပြန်လေသည်။ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ ဖြစ်သည်။ ပန်းသာမောင်မောင်သည် ဝမ်းထဲတွင် တခိခိဖြစ်လျက် ရှိလေသည်။ အု ခမျာမှာကား ကြောက်ရှာလှလေပြီ။ ဆေးသမား မထောင်းတာသော်လည်း လူနာမှ မခံချို။

'အု၊ အခုတင်က ဖက်သလို မောင်ကြီး ခါးကို ဖက်ထားလေ'

'အားကြီး ဖက်မယ်၊ စောင့်နေ'

အုသည် လှည်းရံတိုင်ကို မြဲနိုင်သမျှ မြဲစွာ ကြိုးစား၍ ကိုင်ထားလေသည်။ လက်က လှည်းရံတိုင်ကို ကိုင်ထားနိုင်သော်လည်း သင်ဖြူးပေါ်မှာ ခင်း၍ထားသော ကော်ဇောကိုကား ထိန်း၍ မရသောကြောင့် အု၏ကိုယ်သည် လှည်းဦးစီးဘက်သို့ ရွေ့၍နေလေပြီ။ ပန်းသာမောင်မောင်သည် တမင်အကြံနှင့် သင်ဖြူးပေါ်မှာ ကော်ဇောခင်း၍ လာခဲ့လေသလော မသိ။ သည်လိုတွေးမည်ဆိုလျှင်လည်း ရိုင်းသည်ဟု မဆိုသာ။ သို့ရာတွင် တမင်လုပ်သည် ဖြစ်စေ၊ မလုပ်သည် ဖြစ်စေ သင်ဖြူးပေါ်မှာ ကော်ဇော ထပ်၍ ခင်းထားခြင်းမှာ ပန်းသာမောင်မောင်၏ အကြံကို အားပေးကူညီပြုလျက် ရှိလေသည်။

'ဘယ့်နှယ်လဲ အု၊ ဖြည်းဖြည်း မောင်းစေချင်သလား'

'မောင်းစေချင်တာပေါ့ မောင်ကြီးရဲ့'

'မောင်းစေချင်ရင် အုရဲ့ ညာဘက်ပါးကလေးကို တစ်ရှုပ်'

အုသည် ရှက်အားပိုသဖြင့် မျက်နှာကလေး နီမြန်း၍ သွားပြီးလျှင် ပန်းသာမောင်မောင်နှင့် ဝေးနိုင်သမျှဝေးအောင် ရွေ့၍ထိုင်လေသည်။ ပန်းသာမောင်မောင်သည် နွားနှစ်ကောင်ကို ကြိမ်သုတ်ပြန်လေသည်။ နွားနှစ်ကောင်

လည်း ဆရာကောင်း တပည့်ပီပီ ဂျုံးဂျုံး ဂျုံးဂျုံးနေအောင် ပြေးကြပြန်လေသည်။ အုသည် ငိုချင်မတတ် ကြောက်ရှာပြန်လေသည်။

'နမ်းရမှပဲ ဖြည်းဖြည်း မောင်းမှာလား'

'နမ်းရမှပဲ အုရဲ့

'ဒီလိုဆိုရင် မောင်ကြီး သဘောပဲ၊ မောင်ကြီး လက်ခုပ်တွင်း ရောက်ိ'

'အုက ဒီလိုတော့လည်း အလိမ္မာသားနဲ့'

ပန်းသာမောင်မောင်သည် ထမ်းပိုးကြိုးများကို ဆွဲ၍ တင်းလိုက်ရာ လှည်းကလေးသည် ရပ်၍ သွားတော့မလောက် နှေး၍ သွားလေသည်။ ပန်းသာမောင်မောင်သည် တစ်ရှုပ်တည်းနှင့် တစ်မိုးစာလောက် ဖူလုံအောင် အု၏ သနားစရာ သနပ်ခါး တို့၍ထားသော ပါးမို့ကလေးပေါ်တွင် သူ၏ မွှတ်သိပ်နေသော နှာခေါင်းပွပွကြီးကိုတင်၍ ပင့်သက်ရှူကာ ဒီတစ်ခါဖြင့် သေချာ ပြီဟု တအားကျုံး၍ နမ်းလိုက်လေသည်။ အုသည် အပျိုစိမ်းကလေး တို့၏ ဓမ္မတာအတိုင်း ကြောက်စိတ်နှင့် ခေါင်းကလေးကို တိမ်းလိုက်ရာ ပန်းသာမောင်မောင်၏ ခဲလေသမျှတို့မှာ သဲရေကျ ဖြစ်ရလေသည်။ ပန်းသာ မောင်မောင်သည် သူ၏ သိုင်းလေသမျှ၊ ဝိုင်းလေသမျှ အလကား ဖြစ်ရလေ သဖြင့် တရှူးရှူး တရှားရှား ဖြစ်၍နေလေသည်။

'ဒီလို လူပါးဝရင် ငါက တစ်ခါတည်း နှစ်ယောက်စလုံး လိမ့်ကျ သေအောင် လုပ်လိုက်မှာ။ အစတုန်းကတော့ ကောင်းပြီ ကောင်းရဲ့ပြောပြီး အခုတော့ ဘာ လူပါးဝတာလဲ'

'ကျွန်မကို အနိုင်မကျင့်ရဘဲ မအေးဘူးဆိုရင် မောင်ကြီး သဘော အတိုင်းပါပဲ။ ကျွန်မကတော့ မောင်ကြီးဟာ ဆွေချင်းမျိုးချင်းမို့ စောင့်ရှောက် လိမ့်မယ် ထင်ပြီး လိုက်လာတာပဲ'

'ဒီ ဆွေချင်း မျိုးချင်းတွေကို ဝတ္ထုဆရာတွေ ရေးဖို့ အသာ ကလေး ထားလိုက်စမ်းပါ။ အခု အရေးကြီးတာကိုသာ မောင်ကြီး အလိုရှိ ပါတယ်'

'ကျွန်မကို ဘယ်သူ နမ်းတာမှ မကြိုက်ဘဲနဲ့။ ဒီလိုမှန်းသိရင် အစ ကတောင် လိုက်မလာပါဘူး'

အုသည် မျက်ရည်ကျ၍ လာလေသည်။ ပန်းသာမောင်မောင်သည် သူ လိုသောအချက်ကို မရဘဲနှင့် စစ်ပြေငြိမ်းမည် မဟုတ်။ အုသည် လက်နက် ချင်း မတူသဖြင့် ဆက်၍ စစ်ဖြစ်နေနိုင်သော အင်္ဂါနှင့် မပြည့်စုံသောကြောင့် ပန်းသာမောင်မောင် တောင်းဆိုသော စည်းကမ်းနှင့်ပင် စစ်ပြေငြိမ်းစာချုပ်ကို လက်ခံလိုက်ရလေသည်။ ပန်းသာမောင်မောင်သည် အု၏ ပါးပြင်ကလေး ပေါ်တွင် အောင်တံဆိပ် ခတ်နှိပ်ပြီးသည်နှင့် တစ်ပြိုင်နက် အုသည် စစ် ပြေငြိမ်း စာချုပ်၏ အတွင်းသဘောကို ပယ်ဖျက်ပစ်သည့်အလား နှာခေါင်း အဆိပ်ငွေ့သင့်သော သူ့ပါးကလေးအား လက်ဝါးနှင့် နာနာပါအောင် ပွတ်၍ ပစ်လေသည်။

ထိုသို့ ပြုလုပ်သည်ကို စစ်အောင်သော ပန်းသာမောင်မောင်သည် သူကဲ့သို့သော ဘုန်းရှင် သမ္မာရှင်အား မထီလေးစား ပြုလုပ်သည်ဟု မျက်မာန် တော်ပွားပြီးလျှင် 'အောင်မယ်၊ တောသူမက လူပါး၀လို့' ဟု ရေရွတ် လေသည်။

အုမှာကား မဖြစ်ဖူးမြဲ ထူးကဲသော အဖြစ်နှင့် လူ့ပြည်ရောက်သည့် တစ်ဆယ့်ခြောက်နှစ် အတွင်း၌ ပထမအကြိမ် စ၍တွေ့ရခြင်း ဖြစ်သော ကြောင့် ဒိန်းတလိန်းနှင့် ရှိန်းဖိန်းသွားသဖြင့် ပန်းသာမောင်မောင် ရေရွတ် သည့် အသံကို ကြားသော်လည်း အဓိပ္ပာယ်ကို မသဲကွဲလိုက်ချေ။ အုသည် သူ အလိုမတူဘဲနှင့် အတင်း ပြီးမြောက်သွားသော ဖောဋ္ဌဗ္ဗာရုံကို ပျောက်ပ စေခြင်း အကျိုးငှာ တတ်နိုင်သမျှ ကြိုးစားကာ လက်နှင့်ပွတ်၍ ဖျက်ချေ လိုက်လေပြီ။ ထိုသို့ ပွတ်ဖျက်ပစ်ခြင်းကြောင့် ပန်းသာမောင်မောင်သည် သူ့အပေါ်၌ မကြေနိုင် မခံနိုင် ဖြစ်နေသည်ကို တစ်မျိုးတစ်မည်အားဖြင့် ရိပ်မိသောကြောင့် ဘာမျှ စကားပြန် မပေးဘဲ ရေ့တည့်တည့်ကိုသာ စိုက် ကြည့်ကာ လိုက်ပါသွားလေသည်။ ထိုအတွင်း၌ ကံဆိုးမ သွားလေရာ

မိုးလိုက်၍ ရှာပြန်လေသည်။ အဘယ်ကြောင့်ဆိုသော် အုသည် အသက်ကိုမှ မှန်အောင် မရှုနိုင်သေးခင်ပင် ချောင်းကမ်းပါး အဆင်းတစ်ခုနှင့် တွေ့ပြန်သောကြောင့်တည်း။ တောမီးလောင်လျှင် တောကြောင် လက်ပမ်းပေါက်ခတ်သည်။ အု၏ အခက်ကား ပန်းသာမောင်မောင်၏ အချက်တည်း။

'ကိုင်း၊ မကြီးရွှေစာ။ ဒီတစ်ခါ ကောင်းကောင်း ပေးရင်ပေး၊ မပေးရင်တော့ နှစ်ယောက်စလုံး အသေပဲ မှတ်ပေတော့။ လက်နဲ့ ပွတ်ပစ်တာတွေ ဘာတွေ မလိုချင်ဘူး' ဟု စိတ်ဆိုးမပြေသေးသော အသံနှင့်ပြောကာ ပန်းသာမောင်မောင်သည် ကမ်းပါးအဆင်းတွင် နွားနှစ်ကောင်ကို အတင်း ရိုက်၍ မောင်းလေသည်။

'ဒါတော့ မောင်ကြီး သဘောပေါ့။ အို ကျွန်မ ပဝါ လွင့်ကျသွားပြီ'

ထိုအခိုက်တွင် အု၏ ပဝါပါးကလေးသည် လွင့်၍ ကျသွားလေသည်။

'ကိစ္စမရှိပါဘူး၊ ဒီက သွားကောက်ပေးမယ်'

'ကိစ္စမရှိပါဘူး၊ ကျွန်မဟာ ကျွန်မ သွားကောက်ပါ့မယ်'

အုသည် ပြောပြောဆိုဆိုနှင့် လှည်းအရှိန် နှေးသွားလျှင် သွားချင်းလှည်းနောက်မြီးမှ ခုန်ချလိုက်လေသည်။

'မောင်ကြီးက ပြောလို့ ပြောတာ မဟုတ်ဘူး။ အုက ပဝါ မပါမှ သာပြီး ကြည့်ကောင်းသေးတယ်။ ကိုင်း တက်လေ၊ ဘာလို့ မတက်သေးသလဲ'

'တော်ပြီ၊ ကျွန်မ လှည်းမစီးတော့ဘူး။ အစက ဒီလိုမှန်း မသိလို့ စီးမိတာ'

'တကယ်ပြောတာလား'

'တကယ် မဟုတ်ဘူး၊ နှစ်ကယ် ပြောတာ။ ကျွန်မ ခြေကျင်ပဲ လိုက်မယ်'

'မြို့ရောက်ဖို့ အဝေးကြီး ရှိသေးတယ်'

'ဝေးရုံမကလို့ မရောက်ဘဲနေနေ။ နောက်ကလှည်း မီလာတော့မှ စီးတော့မယ်'

'အာဂလည်တဲ့ တောသူမ၊ ပဝါကို တမင် ချပစ်လိုက်တာပေါ့လေ'

အုသည် "ချပစ်လိုက်ရတာပေါ့ရှင်။ မချလို့ ဘယ့်နှယ် လုပ်မလဲ" ဟု ပြောသော မျက်နှာထားဖြင့် စကားပြန်မပေးဘဲ နေလေသည်။

ပန်းသာမောင်မောင်မှာ မြွေပွေးကို ပိုးထိသဖြင့် များစွာ မခံချိမခံသာ ဖြစ်ပြီးလျှင် အုအား မကြားကောင်း မနာသာ ရောက်တတ်ရာရာ ဆဲဆို ရေရွတ်လေသည်။ ထိုသို့ ဆဲဆိုရေရွတ်ရရုံနှင့် အားမရသေးသဖြင့် လှည်းကို နောက်ပြန် လှည့်၍ အုဘက်သို့ လိုက်လေသည်။ အုသည် လမ်းဘေး မြောင်းစပ်က ကျီးပင်ပေါ်သို့ တက်ပြေးလေသည်။

'ရှင်ကြီး ပြောတဲ့ စကားတွေဟာ မိကောင်းဖခင် သားသမီး ပြောမယ့် စကားမျိုးတွေ မဟုတ်ဘူး။ ပြောရတဲ့လူက မရှက်ပေမယ့် ကြားရတဲ့လူ နားရှက်စရာကြီး။ ကျွန်မတို့ ဆင်းရဲပေမယ့် ဒီလို အယုတ္တ အနတ္တစကား မျိုးတော့ ပြောလည်း မပြောတတ်ဘူး၊ ကြားလည်း မကြားတတ်ဘူး။ ရှင့်ကို ကျွန်မ မုန်းတယ်၊ ရွံတယ်။ ရှင်နဲ့ မလိုက်တော့ဘူး။ အမေတို့ဆီ ပြန်မယ်'

ပန်းသာမောင်မောင်သည် အု သစ်ပင်ပေါ်သို့ တက်ပြေးသောအခါ စိတ်ဆိုးပြေပြီးလျှင် ဟက်ဟက်ပက်ပက်ရယ်၍ 'အု မောင်ကြီးကို ဒီလို ပြောတဲ့အတွက် မောင်ကြီး စိတ်မဆိုးပါဘူး။ ပိုပြီးတောင် ချစ်ပါသေးတယ်။ ကိုင်း မောင်ကြီး မှားပါပြီ။ မောင်ကြီး ဝန်ချပါမယ်။ ကျေပါ။ နောက်ကို အု မကြိုက်တာ မောင်ကြီး ဘာမှ မလုပ်ပါဘူး။ ပေးချင်တဲ့သစ္စာ ပေးပါ။ ဘဝဆက်တိုင်း ယောကျ်ားဘဝကို မရဘဲ ရှိရပါစေရဲ့။ ကိုင်း၊ ဆင်းခဲ့ပါ တော့' ဟု စုံဆယ်ဖြာလေသည်။

သို့သော် ခဲမှန်ဖူးသော စာသငယ်သည် လက်ဆော့သော ကလေးကို မြင်တိုင်း လန့်၍ နေမည်သာတည်း။ တစ်ခါသေဖူးသော အုသည် ပျဉ်ဖိုးကို နားလည်ပေပြီ။ ရန်သူတောင် လက်နက်ချလျှင် ကျေရသည်မှာ မှန်ပါ၏။

ရာပြည့်စာအုပ်တိုက်

သို့ရာတွင် ပန်းသာမောင်မောင်နှင့် ပေပင်ကုန်းသူ မယ်စာအုတို့ စစ်ပြေငြိမ်းရန် အရေးတွင် ပန်းသာမောင်မောင် လက်နက်ချပြီလော။ ပန်းသာ မောင်မောင်သည် သူ လက်လှမ်းမမီသော နေရာသို့ အု ရောက်နေခိုက်တွင် တောင်းပန်ဝန်ချသော စကားတို့ကို စကားမို့ဆို့.များမို့ ချိုသော်လည်း နောင်အုသည် သူ့ကို ယုံစားမိ၍ သူ့လက်တွင်းသို့ ပြန်ရောက်သွားသောအခါ လူကြီးစကား ပြီးပြီးပျောက်ပျောက် လုပ်ခဲ့သော် အုဘက်က ဘယ်သူလာ၍ စစ်ကူပေးပါမည်နည်း။ စစ်ပြေငြိမ်း စာချုပ်တို့ မည်သည်မှာလည်း ပါးကိုက်လျှင် နားကိုက်နိုင်သူ အချင်းချင်း ချုပ်ဆိုမှသာ တည်မြဲနိုင်လေသည်။ ပန်းသာမောင်မောင်နှင့် အုတို့မှာ ထိုကဲ့သို့ လက်နက်တူမျှကြသူ နှစ်ဦးမဟုတ်။ ထို့ကြောင့် အုသည် ကြောက်တတ်မှသာ ဝန်ကင်းမည် ဖြစ်သောကြောင့် လှည်းပေါ်သို့ မတက်ဘဲ "ငါ ဘယ်လိုအဖြစ်မျိုး ရောက်နေပါလိမ့်မလဲ" ဟု စဉ်းစားကာ လှည်းအနီးမှ ခြေကျင် လိုက်သွားလေသည်။

ဖုတ်ဖက် ဖုတ်ဖက်နှင့် လှည်းနောက်မှ အု ခြေကျင်လျှောက်၍ နေရသည်ကို မြင်သောအခါ ပန်းသာမောင်မောင်မှာ များစွာ စိတ်မကောင်းဖြစ်လေသည်။ အုသည် သူပြောသောစကားကို ယုံမည်ဆိုလျှင်ပင် မှားနိုင်ဖွယ်ရာ မရှိ။ သို့ရာတွင် အကယ်၍ မှားခဲ့သော် သူများ နစ်နာမည် မဟုတ်။ သူ့မှာသာ နစ်နာမည် ဖြစ်သောကြောင့် ကိုယ်၏ ပင်ပန်းခြင်းကို ပမာဏမပြုနိုင်ချေ။ ထိုအတောအတွင်း၌ သူ့အမေ ရွာသို့ ပြန်ရ ကောင်းမလား၊ မြောက်ကုန်းမြို့သို့ ဆက်၍လိုက်ရ ကောင်းမလားဟု မချိနိုင် မချနိုင် ဖြစ်ကာနေလေသည်။ ထိုမျှလောက်သော အကြောင်းကလေးနှင့် လမ်းတစ်ဝက်မှ ပြန်သွားရမည်ဆိုသော် မိမိ အဖေအဖို့ နွားတစ်ကောင် ဝယ်ပေးနိုင်ဖို့ ကိစ္စကြီးသည် ရေတိမ်တွင် နစ်ရချေတော့မည်။ သူအများကလည်း "ညည်းနှယ်အေ၊ ကလေးကလား နိုင်လိုက်တာ။ ဘာမဟုတ်တာကလေးနဲ့များ ပြန်လာတယ်လို့" ကဲ့ရဲ့ကြတော့မည်။ ပြီးလျှင်လည်း သူ့ကျွန်းသေတ္တာကလေးနှင့် ထန်းခေါက်ဖာကလေးကို ဘယ်လို ပြန်ယူရပါမည်နည်း။ သို့နှင့် အု မှာ

"ဟယ်၊ တတ်နိုင်ပါဘူး။ ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်ပေ့ါ" ဟု စိတ်ကို တင်းကာ လိုက်ပါသွားရင်းနှင့် နေဝင်ရီတရော အချိန်တွင် မြောက်ကုန်းမြို့ သို့ ရောက်သွားလေသည်။

## အခန်း ၉

ပန်းသာခင်လေး၏ အိမ်တွင် အုစ၏ အလုပ်မှာ နံနက် ၄ နာရီလောက်တွင် ဆွမ်းထချက်ရခြင်း၊ ဆွမ်းတော်ပွဲ ပြင်ရခြင်း၊ ဘုရားတင်ရန် ဥယျာဉ်ထဲမှ ပန်းများကို ခူးရခြင်း၊ အားလပ်သော အချိန်တွင် ပန်းသာခင်လေး၏ ဝေယျာဝစ္စ ကူညီ ဆောင်ရွက်ပေးရခြင်း စသော မပင်ပန်းလှသော အိမ်တွင်းမှု အလုပ်များသာ ဖြစ်လေသည်။ အုသည် တောသူမကလေး ဖြစ်သည့်အတိုင်း ရိုးသားသောကြောင့် သူနှင့် ပန်းသာခင်လေးတို့မှာ ဆွေမျိုးတော်စပ်သည် ဆိုသော အကြောင်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ပြောထားခြင်း မရှိသည့် အဖြစ်ကိုလည်း မရိပ်မိရှာ။

ပန်းသာခင်လေးသည် အသက် ခြောက်ဆယ်ခန့် အရွယ်ရှိ၍ မျက်စိ နှစ်ကွင်း အလင်းမရသော ဒုက္ခိတ ဖြစ်သည်။ အုသည် သူ၏ ပြုဖွယ် ဝတ္တရားများကို အထူး ဝီရိယစိုက်၍ ကျေပွန်စွာ ဆောင်ရွက်လေသည်။ ရောက်၍ သုံးလေးရက်လောက် အကြာတွင် အုသည် မိုးမလင်းမီ ထ၍ ဆွမ်းချက်ရန် ဆွမ်းဆန် ဆေးနေလေသည်။ ထိုအခိုက်တွင် မီးဖိုချောင်နံဘေး ဇလပ်ရုံနှင့် မြတ်လေးရုံကြားမှ တစ်စုံတစ်ယောက်သော သူသည် ဖြုန်းခနဲ ထွက်လာသဖြင့် အုမှာ ရင်ထဲတွင် ဖိုခနဲ ဖြစ်သွားပြီးလျှင် 'အမယ်လေး' ဟုပင် လန့်၍ အော်လိုက်မိလေသည်။

'အုရဲ့ မောင်ကြီးပါ၊ မကြောက်ပါနဲ့'

'အချိန်မတော်ကြီး ဘာလို့ လာရသလဲ။ မတော်တဆ သူများတွေ မြင်ကုန်ရင် မကောင်းထင်ကုန်မှာပေါ့'

'အို၊ မောင်ကြီး လာတာ တခြားကြောင့် မဟုတ်ပါဘူး။ အု တစ်ယောက်တည်း မီးဖိုထဲမှာ လက်မလည်ရင် ကူပြုလုပ်ပေးမလို့ပါ'

'မလိုပါဘူး၊ ကျွန်မဟာ ကျွန်မ လုပ်နိုင်ပါတယ်'

'အို၊ မီးမမွှေးရသေးရင် မောင်ကြီး မွှေးပေးမလေ'

'သွားပါ မောင်ကြီးရဲ့၊ ကျွန်မ မွှေးတတ်ပါတယ်' ဟု ဆိုကာ မီးဖိုထဲမှ ထွက်သွားလေသည်။

'အမယ်လေး အုက အကဲပါလိုက်တာ။ ကိုင်းပါ မောင်ကြီး မလာပါဘူး။ အုဟာ အု သဘောရှိ လုပ်ပါ'

ထိုနောက် အုသည် မီးဖိုထဲတွင် ချက်စရာ ပြုတ်စရာတို့ကို ဆက်ကာ ချက်ပြုတ်နေလေသည်။

ဇလပ်ရုံနှင့် မြတ်လေးရုံကြားက ဘကြီးသားသည် မသွားနိုင်သေးဘဲ စကားရှာ၍ တစ်လုံးသွင်း၊ နှစ်လုံးသွင်း သွင်းရန် ကြိုးလှသော မဟာဝီရိယဖြင့် စောင့်လျက် ရှိလေသည်။

'အု ဒီမှာ၊ အု အနားကို မလာနဲ့ ဆိုရင် မောင်ကြီး မလာပါဘူး။ အု စကားကို မောင်ကြီး နားထောင်ပါမယ်။ ဒါပေမဲ့ အု စကားကို နားထောင်ရတာ လွယ်တယ်တော့ မအောက်မေ့နဲ့။ အုလို သန္ဓေသူတမျှ ကျက်သရေရှိတဲ့ မိန်းကလေးတစ်ယောက်ကို မျက်စိအောက်တွင် မြင်နေရပြီး အနားကို မကပ်ရဘူး ဆိုတဲ့ အလုပ်ဟာ။ ကိုင်းလေ၊ မောင်ကြီး သွားပါတော့မယ်။ အုရေ ဒါထက် မောင်ကြီး တစ်ခုပြောရဦးမယ်။ အု လိုချင်တာများ ရှိရင်လေ ဘာပဲ လိုချင် လိုချင် မောင်ကြီးကို ပြောနော်။ မေမေ့ကို မပြောနဲ့' ဟု မှာကာ ပန်းသာမောင်မောင်သည် တပ်ခေါက်၍ သွားလေသည်။

အုသည် ပန်းသာမောင်မောင်ကို ခဏခဏ တွေ့မြင်ရသဖြင့် ရိုးသွားပြီးလျှင် အကြောက်ပြေစ ပြုလေသည်။ သို့ရာတွင် အကြောက်ပြေခြင်းသည် အချစ်ဝင်ခြင်း မဟုတ်။ သူသည် ပန်းသာခင်လေး၏ အပေါ်တွင် မှီခိုနေရသူဖြစ်၍၊ ပန်းသာခင်လေးမှာလည်း မျက်မမြင် ဒုက္ခိတ ဖြစ်သောကြောင့်

ပန်းသာမောင်မောင် ပြုပြင်သမျှ ခံနေရသူ ဖြစ်သဖြင့် ပန်းသာမောင်မောင်၏ အပေါ်၌ နေရာတကာတွင် ဆန့်ကျင်ဘက် မလုပ်ဝံ့။ ပန်းသာမောင်မောင်သည် အခြား ပညာဘက်တွင် စာမေးပွဲ မအောင်သော်လည်း နောက်ပိုးအတတ်တွင် အစမ်းစာမေးပွဲ အတော်များများစွာကို ဂုဏ်ထူးနှင့် အောင်မြင်ခဲ့ပြီး ဖြစ်သည့်အတိုင်း အုကို သူ့ဘက်သို့ စိတ်ညွတ်၍ မလာ လာအောင် ချောင်းကြည့် ပြုံးပြန်၊ လသာတုတ်ခြစ်၊ ခြေအေးဝမ်းရောင်၊ ခွေးဟောင်ပြန်ပြေး စသော မြန်မာ့နိယာမ လက်ဟောင်း ပိုးနည်းကြီးများနှင့်တကွ နောက်ဆုံးပေါ် မင်းတိုင်ပင်ပိုး၊ ဝန်ကြီးချုပ်ပိုး၊ ဘုရားလူကြီးပိုး စသော ပိုးနည်းတစ်ထောင်တို့ဖြင့် မီးကုန်ယမ်းကုန် ပိုးလျက် ရှိလေသည်။

တစ်နေ့နံနက် အိမ်ဦးခန်း ဘုရားဆောင်တွင် ပန်းသာခင်လေး ဆွမ်းကပ်၍နေခိုက် အုသည် ပန်းသာခင်လေး၏ အခန်းတွင်း၌ ရှင်းစရာ လင်းစရာများကို ရှင်းလင်းမည်ဟု တိုက်ပေါ်သို့ တက်လာလေသည်။ အခန်းထဲသို့ မဝင်မီ လှမ်း၍ကြည့်လိုက်ရာ ခုတင်၏ဘေးတွင် ကာထားသော ကန့်လန့်ကာ အောက်မှ ခြေနှစ်ဖက် ပေါ်၍နေသည်ကို တွေ့ရသည်။ ထိုခြေနှစ်ဖက်မှာ အခြားသူ၏ ခြေနှစ်ဖက် မဖြစ်နိုင်။ ပန်းသာမောင်မောင် နောက်ပိုး၏ ခြေနှစ်ဖက်သာ ဖြစ်မည်ဟု သိ၍ အခန်းထဲသို့ မဝင်ဘဲ ချာခနဲ လှည့်ကာ ပြန်သွားလေသည်။ ထိုအခါမှစ၍ အုသည် အခန်းထဲသို့ အမှတ်တမဲ့ မဝင်မိစေရန် သတိကြီးစွာ ထားလေသည်။ ပန်းသာမောင်မောင်လည်း ထိုကဲ့သို့ အတင်း "နသား ဘာယား" ဖို့ အကြံမှာ များစွာ ဟန်ကျပုံ မပေါ်သည်ကို သိ၍ ထိုအကြံကို လျှော့လိုက်လေသည်။

အုသည် အနေ အနည်းငယ် ကြာသွားသောအခါ အိမ်နီးပါးချင်း မိန်းမဖော်များနှင့် အသိအကျွမ်း ဖြစ်လေသည်။ မြောက်ကုန်းသူ မြောက်ကုန်းသားတို့သည် ပျော်ပျော်နေ သေခဲသည် ဆိုသောတရားကို များစွာ ကြိုက်ကြလေသည်။ သူတို့မြို့နှင့် ခရီးနှစ်တိုင် ပျော့ပျော့လောက်ကွာသော ဝေဠုဝန်ရွာအနီးရှိ ဝေဠုဝန်တောင်တွင် သုံးဆယ့်ခုနစ်မင်း အရှင်ကြီးတို့ ပျော်စံရာ

အဓိကရ နတ်ကွန်းကြီး ရှိသည်။ ထိုနတ်ကွန်းသို့ အနီးတစ်ဝိုက်မှ လပြည့် လကွယ်နေ့တို့တွင် မိမိတို့ဆိုင်ရာ အရှင်သခင်များကို ဖောင်းတော်ဆက်ရန် နှင့် ပူဇော်ပသရန် အလို့ငှာ ယောကျ်ား၊ မိန်းမ၊ လူကြီး၊ လူငယ် မရွေး ပျော်ပျော်ပါးပါး စုရုံးသွားရောက်ကြစမြဲ ဖြစ်သည်။ အု ရောက်သွားပြီးနောက် ပထမအကြိမ်ကြုံသော ဝါဝင်ပွဲတော်နေ့မှာ အဆိုပါ နတ်ကွန်းတွင် အထူး စည်ကားသောနေ့ ဖြစ်လေသည်။ အုသည် ထိုနတ်ကွန်းသို့ အရပ်ထဲမှ မိန်းမဖော်များနှင့် တစ်ခေါက် နှစ်ခေါက် ရောက်ဖူးသည်။ ဝေဠုဝန်တောင်၏ ပြကတေ့ သဘောအားဖြင့် သာယာပျော်မွေ့ဖွယ် ကောင်းခြင်း၊ ဝေဠုဝန် နတ်ကွန်းက အရှင်ကြီးများသည် အမြဲ ပျော်ပျော်နေတတ်ခြင်း စသည်တို့ ကြောင့် အုမှာ ဝေဠုဝန် နတ်ကွန်းသို့ သွားရောက် လည်ပတ်ရခြင်းကို နှစ်သက်လေသည်။

အဆိုပါ ဝါဆိုလပြည့် နေ့တွင် အုမှာ အိမ်တွင် အနည်းငယ် ပို၍ အလုပ်ရှုပ်သဖြင့် အရပ်ထဲမှ အဖော်များ ဝေဠုဝန် နတ်ကွန်းသို့ သွားသည့် အချိန်၌ တစ်ပါတည်း လိုက်မသွားနိုင်။ သူနှင့် မသိသော လှည်းကြုံဖြင့်သာ လိုက်သွားရလေသည်။ ထိုနေ့မှာ ဝေဠုဝန် နတ်ကွန်းတွင် အုတို့ အမေ ဘက်က ဆိုင်ရာ သမ္ဘတ ဖိုးမင်းကျော်တို့ စန်းထသောနေ့ ဖြစ်လေသည်။ ဖိုးမင်းကျော်ကို အမှီပြု၍ အသက်မွေးသော "အိပ်လိုရဟာန်း၊ စားလိုမှန်း၊ ပုစ္ဆန်းလုပ်ရမည်" ဆိုသော ပုစ္ဆန်းခေါ် နတ်ထိန်းတို့သည်လည်း အထူး "အောတိုက်" သောနေ့ ဖြစ်လေသည်။ အုသည် နတ်ကွန်းသို့ ရောက်သွား လျှင် မိမိအဖော်များကို ရှာလေသည်။ ရုတ်တရက် မတွေ့သဖြင့် သမ္ဘတ ဖိုးမင်းကျော်အဖို့ သောက်ပွဲကျင်းရန် တိုင်းရင်းဖြစ် ဝံသာနု အရက်တစ်ပုလင်း နှင့် အသည်းကြော်ကို ဝယ်ပြီးလျှင် နတ်ပွဲလာသူများ ထုံးစံအတိုင်း နတ်ကွန်း တွင် သွား၍ ပသလေသည်။ နတ်ကွန်းမှာ နတ်ကွန်းပိပိ မူးကြမြူးကြ ပျော်ကြ ရွှင်ကြသူတို့ ဆိုင်းတခြိမ့်ခြိမ့်နှင့် ကခုန်ကြလျက်ရှိသော နေရာတည်း။ အခြားသူများသည် ယောကျ်ား မိန်းမ မရွေး ကခုန်ပျော်ပါး၍ နေကြသည်ကို

မြင်သောအခါ အုမှာလည်း ဝမ်းတွင်းမှ လှိုက်လှဲစွာ ပျော်ရွှင်လာသဖြင့် လက်ကို မြှောက်ချင်သလို၊ ခြေကို ကြွချင်သလိုပင် ဖြစ်၍ လာလေသည်။ “သန်းခေါင်ကို နေ့မှတ်ပါလို့ အရပ်ကလေးကိုတဲ့ အားမနာ ပါးမနာ၊ အိုလေ အိမ်နီးချင်းကိုတဲ့ အားမနာ ပါးမနာ၊ မသောက်ရရင် သီလစောင့်တယ် ဖိုးကျောင်းဒကာ” ဆိုသော သီချင်းကို နတ်ကတော်တစ်ဦး ဆိုသံ ကြားသော အခါ အုမှာ သူ့အဖေ မြို့စားကြီး ဦးပန်းအောင် ချက်ကြီးတို့တဲတွင် ညဥ့်နက် သန်းခေါင်သွား၍ သောက်လေ့ရှိသည်များကို သတိရမိလေသည်။ အုသည် အဖော်များကို ရှာမတွေ့သဖြင့် ကခုန် မြူးထူးနေကြသည့် ပရိသတ်၏ နောက်နားမှ ခပ်ကုပ်ကုပ်ကလေး ကြည့်ကာ စောင့်နေလေသည်။ ထိုအခါ နေပင် အတော် နည်းသွားလေပြီ။

‘ဘယ့်နှယ် ကျုပ်နှမချော၊ မိုးချုပ်လှပါပကော။ အခုထက်ထိ မပြန် သေးဘူးလား’ ဟု နောက်မှ ယောကျာ်းတစ်ယောက်က မေးလိုက်သဖြင့် လှည့်ကြည့်လိုက်ရာ ထိုမေးသူမှာ ပန်းသာမောင်မောင် “နိုး” ဖြစ်သည်ကို သိရလေသည်။ အုသည် “ဩော် ဘယ့်နှယ် သည်မှာမှ သူနဲ့ လာတွေ့နေရ ပါလိမ့်မလဲ” ဟု ဝမ်းထဲတွင် ထိတ်ခနဲဖြစ်၍ သွားလေသည်။

‘ကျွန်မ ပြန်မလို့ပဲ။ အဖော်တွေ စောင့်နေတယ်’

‘အု အဖော်တွေကလည်း အခုထက်ထိ မလာကြသေးဘူးလား။ မောင်ကြီး လှည်းကြုံရှာပေးမယ်လေ’

‘ရှိပါစေတော့ မောင်ကြီးရယ်၊ ကျွန်မ အဖော်တွေနဲ့ပဲ ကျွန်မ ပြန် ပါ့မယ်’

ပန်းသာမောင်မောင်သည် အခါအခွင့်ကို သိသော နိုးပေါက် ဖြစ် သဖြင့် ‘ဒါဖြင့်လည်း အု သဘော’ ဟု ဆိုကာ ထွက်သွားလေသည်။ အုသည် စောင့်ရသည်မှာ အနည်းငယ် ညောင်းလာသဖြင့် အညောင်းပြေ အညာပြေ ဈေးဆိုင်များ ရှိရာသို့ လျှောက်သွားလေသည်။ နောက်တစ်ပတ် နတ်ကွန်း ဘက်သို့ လျှောက်လာသောအခါ သူ့အဖော်များမှာ ဝေဠုဝန်တောင်ထိပ်မှ

ကျောက်ပန်းခွေများကို ဝေနေအောင် ပန်ပြီး လာကြသည်ကို တွေ့လေသည်။ ပါးစပ်ကလည်း သီချင်းတကြော်ကြော်ဆို၍ လာကြလေသည်။ အုကို တွေ့သောအခါ 'ဟော့ကောင်မ၊ လာပါအေ့၊ ကရအောင်' ဟု နတ်ကွန်းဘက်သို့ ဆွဲ၍ ခေါ်သွားလေသည်။ အုသည် 'ညည်းတို့ပဲ ကကြပါအေ၊ ငါ ကြည့်နေပါမယ်' ဟု ငြင်းပြီးလျှင် ဘေးမှ စောင့်နေလေသည်။ သူ့အဖော်များသည် ဆိုင်းဆရာအား မနဲ့ကလေး တစ်ပဲဖိုး တီးပါဦး၊ မင်းညီနောင် တစ်ပဲဖိုး တီးပါဦး၊ ကိုကြီးကျော် တစ်ပဲဖိုး တီးပါဦး စသည်ဖြင့် နတ်ဆိုင်းအမျိုးမျိုး တီးခိုင်းပြီးလျှင် အပျော်ကြီး ပျော်ကာ က ၍ နေကြလေသည်။ အုသည် စောင့်ရသည်မှာ ပျင်းလှလေပြီ။ က နေကြသော အဖော်တို့သည် အုကို ဖုတ်လေတဲ့ငါးပိ ရှိလေတယ်မှ အောက်မေ့ကြဟန် မတူ။ အုသည် တသမ်းသမ်း တဝေဝေနှင့် ရှိလေပြီ။ သက်ကြီးခေါင်းချ ကြက်လည်း တွန်ပြီးလေပြီ။ ညဥ့်လည်း နက်လှပြီ။ ပြန်ရမည့် ခရီးကလည်း ဝေးသည်။ ထိုအခိုက်တွင် ပန်းဆိုင်နားမှ ဝါးလုံးခွဲသကဲ့သို့ ဟက်ဟက်ပက်ပက်ရယ်သော ယောကျ်ားသံ တစ်ခုကို ကြားရလေသည်။ အုသည် ရယ်သံ ကြားရာဘက်သို့ ယောင်၍ လှည့်ကြည့်လိုက်ရာ ပန်းသာမောင်မောင် ဖြစ်၍နေသည်ကို တွေ့ရလေသည်။

'ဘယ့်နှယ်လဲ ကျုပ်နမချောရဲ့၊ အခုထက်ထိတောင်မှ မပြန်သေးဘူးလား။ ညဥ့်နက်လှပါပကော' ဟု ပြောပြီးလျှင်၊ အုအား 'ခဏ' ဟု ခေါင်းညိတ်ကာ ခေါ်လိုက်လေသည်။ အုသည် ညောင်းလည်း ညောင်း၊ အိပ်လည်း အိပ်ချင်စ ပြုလာပြီးလျှင် 'အိမ်လည်း ပြန်ချင်လှပြီ။ သူတို့ကိုလည်း စောင့်မနေချင်တော့ဘူး' ဟု ပန်းသာမောင်မောင် အနားသို့ ရောက်သောအခါ ပြောမိလေသည်။

'စောင့်မနေချင် မနေနဲ့ပေါ့ အုရဲ့။ ဒါပေမဲ့ မောင်ကြီး အခု လာတာ မြင်းနဲ့ လာတာ။ အု ပြန်ချင်တယ်ဆိုရင် ရွာထဲမှာ လှည်းတစ်စီး ငှားပြီး မောင်ကြီး လိုက်ပို့မယ်'

အုသည် ဝမ်းသာမိလေသည်။ သို့ရာတွင် "ပေပင်ကုန်းက အလာ

တုန်းကလို ဖြစ်နေတော့ ဘယ့်နှယ်လုပ်မလဲ” ဟု တွေးမိပြန်သဖြင့် ‘ကျေးဇူးတင်ပါတယ် မောင်ကြီးရယ်။ ဒါပေမဲ့ မောင်ကြီးကို ဒုက္ခပေးရာ ရောက်နေပါမယ်။ သူတို့နဲ့မှပဲ ပြန်ပါတော့မယ်။ အခုမှတော့ သန်းခေါင်ထက် ညဥ့်မနက်တော့ပါဘူး’ ဟု ပြောလိုက်လေသည်။

‘ဒါဖြင့်လည်း မကြီးရွှေစာ့ သဘောပဲ။ မောင်ကြီးလည်း ဖြည်းဖြည်းမှပဲ ပြန်တော့မယ်’ ဟု ပြောကာ ပန်းသာမောင်မောင်သည် လက်လျှော့ကာနေရလေသည်။

ပန်းသာမောင်မောင်သည် နတ်ကွန်းဘေးမှ လျှောက်၍ ‘ဟေ့ တို့မြို့ကလူတွေ မပြန်ကြသေးဘူးလားဟေ့။ ညဥ့်နက်လှပြီ’ ဟု အော်ကာသတိပေးလေသည်။ အချို့သော သူတို့က ‘အေး ဟုတ်တယ်ဟေ့၊ တို့အရပ်က လူတွေ လာကြ။ ပြန်ကြစို့ဟေ့’ ဟု သံယောင်လိုက်လေသည်။ နတ်ကွန်းပေါ်တွင် အပျော်ကြူး၍နေကြသော သူတို့လည်း ညဥ့်နက်သည့်အဖြစ်ကိုသတိရကြပြီးလျှင် ပြန်ကြဖို့ လူစုခွဲကြလေသည်။ အုစ၏ အဖော် မိန်းမများလည်း သူတို့တွင် ယူစရာ သယ်စရာ တောင်း ပလုံး စသည်တို့ကို ကိုယ်စီကိုယ်င သယ်ပိုးကာ ပြန်ကြလေသည်။ အချို့မှာ ကိုယ့်လူသိုက်နှင့်ကိုယ်လှည်းစီးကာ ပြန်ကြလေသည်။ အု မီ၍ လိုက်ရမည့် အဖော်များမှာ ဖြတ်လမ်းမှ ခြေကျင် ပြန်ကြလေသည်။ အုသည် ထိုအဖော်များနှင့် ရော၍ လိုက်သွားလေသည်။ ထို နတ်ကွန်းပြန်တို့ အထဲတွင် အုတို့ အရပ်ထဲမှ ခပ်စွာစွာမိန်းမပျိုနှစ်ယောက်လည်း ပါလေသည်။ လယ်ကွင်းထဲသို့ ရောက်သွားသောအခါ တိုင်းရင်းသမက ဖိုးမင်းကျော်၏ သစ္စာတော်ရည်ကို ချိုမြိန်စွာ သောက်သုံးခဲ့သော မြောက်ကုန်းသား အချို့သည် ယစ်ရှိန် မပြေသေးသဖြင့် လမ်းကိုဖြောင့်အောင် မလျှောက်နိုင်ဘဲ ဟိုထိုး သည်ထိုး ထိုးလျက် ရှိကြလေသည်။

‘ဟေ့ ဘွင့်ရေ၊ ညည်းကျောပေါ်က တန်းလန်းကြီးဟာ ဘာလဲဟေ့’ ဟု တစ်ယောက်သော မိန်းမက ၊သူ့ရှေ့က တောင်းကို ရွက်သွားသောလုံးကြီးပေါက်လှ မိန်းမပျိုတစ်ယောက်ကို မေးလေသည်။

'ဟုတ်တယ်တော့၊ ညည်းကျောပေါ်မှာ သကာရည်တွေ ထင်တယ်။ ကျစ်ဆံမြီးကြီးလိုပဲ မည်းလို့' ဟု အခြားတစ်ယောက်က ထောက်ပေးလေသည်။

ဘွင့်မှာ အုတို့ နေသော တိုက်နှင့် မနီးမဝေး ခလောက်ဆွဲ အိမ်တွင် နေသည်။ ဘွင့်နှင့် သူ့ညီမ ဆင့်တို့မှာ နှုတ်သီးကောင်း လျှာပါး ဖြစ်သဖြင့် လူတိုင်းလောက်ပင် ဆလံတိုက်ကြရလေသည်။ တစ်ရံခါသော် ဆင့်၏ ရည်းစား ငါးရာနှစ်လီတွင် ပန်းသာမောင်မောင်လည်း တစ်ဦး အပါအဝင် ဖြစ်ခဲ့ဖူးသည်။ တစ်နည်းကား ပန်းသာမောင်မောင်၏ မောင်းမလောင်း နှစ်ထောင်ဝက်တွင် ဆင့်သည် တစ်ဦး အပါအဝင် ဖြစ်ခဲ့ဖူးလေသည်။ မြောက်ကုန်းသို့ အု ရောက်လာသောအခါ ပန်းသာမောင်မောင်သည် အသစ်ကို တွေ့၍ အဟောင်းကို မေ့သည်ဟု ဆင့် စိတ်ထဲတွင် ဥပါဒါန်ဖြစ်လျက် ရှိလေသည်။

မိန်းမဖော်တို့သည် ဆင့်၏ကျောကို ကြည့်ပြီးလျှင် 'ငါ မပြောလား မိဂျမ်းတုတ်ကဲ့။ နင့်ကျော ဖုတ်တွေ ပေလို့' ဟု ညာသံပေးကာ ဝိုင်း၍ ရယ်ကြလေသည်။ ထိုရယ်ကြသူတို့ အထဲတွင် အုသည်လည်း ဝင်၍ ပါမိလေသည်။ အားလုံးရယ်ကြသော အသံတို့အနက် ငွေဆွဲလဲအသံနှင့်တူသော ထူးသော အသံကလေးဖြင့် ရယ်လိုက်သည်ကို ကြားရသောအခါ ဆင့်သည် "ကျောင်းတော်က ရန်စကြောင့် ဗောင်းတော်လုံ့ခ" သကဲ့သို့ ဖြစ်လေသည်။ ဆင့်သည် ခေါင်းပေါ်က တောင်းကို ကပျာကယာ ချတဲ့၍ အင်္ကျီ လက်နှစ်ဖက်နှင့် ထဘီကို ဒူးလောက်ထိအောင် ပင့်ပြီးလျှင် အု ရှိရာသို့ ပြေးလာတဲ့ပြီး နောက် 'ဟေ့ တောသူမ၊ နင်က ဘာ လူပါးဝတာလဲ။ နင်က ပါးကောင်းလို့ ဖိနပ် တောင်းသလား။ နင်က နင့်လင်ကို အားကိုးပြီး ငါ့ကို ရန်စတာလား။ နင်လို တောသူမမျိုးတော့ ငါက' ဟု ဆိုကာ ရန်စွယ်နှင့် ငေါငေါ ပြောလေသည်။

'သူများတွေ ရယ်တာနဲ့ လိုက်ပြီး ရယ်မိတာပါအေ။ ကိုယ်တို့ကို ရန်စတာ မဟုတ်ပါဘူး' ဟု အုက အချိုခံနှင့် ပြောလေသည်။

'သူများ ရယ်ပေနဲ့၊ နင် ရယ်စရာ မဟုတ်ပါဘူး။ ပါးနှစ်ဖက် ပိတ်ပြီး တီးလိုက်လို့ သွားချေးယိုးဒယား က သွားမယ်။ ငါ့ဖိနပ်က ပါးရှေးတာ မဟုတ်ဘူး' ဟု ပြောကာ ဆင့်သည် အုအား ရိုက်တော့မည် တကဲကဲ ချိန်၍ နေလေသည်။

'ငါက ကိုယ်တို့တစ်တွေလို ရန်ဖြစ်တတ်တဲ့ အစားထဲက မဟုတ်ဘူး တော့။ ကိုယ် မကြိုက်ရင် ငါ နောက်မရယ်ဘူး' ဟု အုက ပြန်ပြောလေသည်။

'တော်ပါ ဆင့်ရယ်၊ ဒီလို တောသူစုတ်ကို အဖက်လုပ်ပြီး ပြောမနေ ပါနဲ့' ဟု ဆင့်၏ အဖော်တို့က ဝိုင်း၍ ပြောကြပြန်လေသည်။

မတရားမှုကို မကြိုက်သော အချို့ ယောကျ်ားများက 'ဟော့ သူငယ်မ က အေးအေးနေလေ။ သူ မကြိုက်ရင် မင်းကလည်း မရယ်နှင့်ပေါ့' ဟု ကြားဝင်၍ ဖျန်ဖြေကြလေသည်။

အုသည် ထိုပရိသတ်ကို ရှောင်၍ သူ့ဟာသူ တစ်ယောက်တည်းပင် ပြန်တော့မည်ဟု နောက်ချန်ကာ လိုက်လေသည်။

ထိုအခိုက်တွင် ပန်းသာမောင်မောင်သည် နောက်မှ မြင်းနှင့် လိုက် လာပြီးလျှင် 'အု ဘာဖြစ်သလဲ။ လာ၊ မောင်ကြီးနောက် စီးလိုက်ခဲ့။ ဒီကောင်မ တွေနဲ့ လိုက်နေရင် အလကား ရန်များနေမယ်' ဟု ဖိတ်မန္တကပြုလေသည်။

အုသည် ရှေ့တိုးလည်း ထမ်းပိုး၊ နောက်ဆုတ်လည်း လှည်းတုတ် ဖြစ်၍ နေလေသည်။ အဘယ်ကြောင့်ဆိုသော် ပန်းသာမောင်မောင်မှာ ယုံချင် မှ ယုံရမည် ဖြစ်ပြီးလျှင် နန်းမတော် မဘွင့်တို့ လူသိုက်နှင့်လည်း လိုက်၍ မဖြစ်သောကြောင့်တည်း။ ဘွင့်တို့ လူသိုက်သည် သူ့အား သက်သက်မဲ့ စော်ကားသည်ကိုလည်း အု စိတ်ထဲမှာ များစွာ နာလျက်ရှိသည်။ ရှက်လည်း ရှက်သည်။ ထိုအခိုက်တွင် ပန်းသာမောင်မောင်၏ မြင်းကောင်း အသေတိုရ် ကို စီး၍ လိုက်သွားရပါချေသော် သူ့ကို အနိုင်ကျင့်ကြသူတို့ အပေါ်တွင်

အောင်ပွဲ ဖေယျ အောင်တပ်ကြီး ချသည်နှင့်သာ တူမည်ဟု တွေးတော မိသဖြင့် သစ်ငုတ်တို တစ်ခုပေါ်မှနေ၍ ပန်းသာမောင်မောင် ဖိတ်ကြားချက် အတိုင်း မြင်းပေါ်သို့တက်၍ လိုက်သွားလေသည်။ မရွယ်ဘဲနှင့် စော်ကဲမင်း ဖြစ်သော ပန်းသာမောင်မောင်သည် 'အု မောင်ကြီးခါး ကောင်းကောင်း ဖက်ထားနော်' ဟု ဆိုကာ မြင်းကို အသားကျ စီး၍ သွားလေသည်။

'ဟော့ ဆင့်ရေ၊ ဟိုကောင်မ ညည့်းကောင့်မြင်းပေါ် ပါသွားပါပကော' ဟု ဘွင့်က ပြောလေသည်။

'ဒီကောင်မကို ငါ ဖိနပ်နဲ့ မရိုက်လိုက်ရတာ နာတယ်အေ။ ဒီလိုမှန်း သိရင် သွားတစ်ချောင်းမှ မကျန်အောင် ရိုက်လိုက်ပါရဲ့' ဟု ဆင့်က နောင်တ စကား ပြောလေသည်။

'အေးပါအေ၊ ဒီလိုမှန်းသိရင် ငါတောင် ကူရိုက်ပါရဲ့' ဟု ဆင့်နှင့် ရာထူးချင်း တူခဲ့ဖူးသော မိန်းမပျိုတစ်ယောက်က ဝင်၍ ထောက်ခံပြန်လေ သည်။

'ကျားကြောက်လို့ အရှင်ကြီးကိုးရင် အရှင်ကြီး ကျားထက် ဆိုးမှာ ပါအေ၊ မပူပါနဲ့' ဟု နန်းမတော် ဘွင့်တို့၏ မိခင်က ပြောလေသည်။

## အခန်း ၁၀

ပန်းသာမောင်မောင်နှင့် အုတို့သည် နှစ်ယောက်သား မြင်းနှင်၍ သွားလေ သည်။ ပန်းသာမောင်မောင်သည် သူ ထင်သည်ထက် မှန်းခြေကိုက်၍ နေ သဖြင့် ဝမ်းသာလျက် ရှိသည်။ အုလည်း သူ့ရန်သူများအပေါ်တွင် အောင်ခဲ့ ရသဖြင့် ဝမ်းသာလျက် ရှိသည်။ နှစ်ယောက်စလုံး တစ်ယောက် တစ်မျိုးစီ ဝမ်းသာနေကြသည်။ အခြား အကြောင်းများကို စဉ်းစားမိသောအခါ အုမှာ များစွာ ဝမ်းမသာလှ။ မြင်းကို ဖြည်းဖြည်း မောင်းရန် အုက ပြောသည်။

ပန်းသာမောင်မောင်သည် အု ပြောသည့်စကားကို နားထောင်၍ ဖြည်းဖြည်း ပင် မောင်းသည်။

'အုရေ၊ မနိုပ်ဘူးလားဟေ့။ ဒီကောင်မတွေကို ဒီလို လုပ်မှ ကောင်း တယ်'

'ဟုတ်ကဲ့၊ မောင်ကြီးကို ကျေးဇူး အများကြီးတင်ဖို့ ကောင်းတာပဲ'

'အနို့ ကျေးဇူးကော မတင်ဘူးလား'

အုသည် စကားပြန် မပေး။

'အု ဘာလို့ မောင်ကြီး နမ်းတာကို သဘောမကျသလဲ'

'ဒါတော့ မောင်ကြီးကို့မှ မေတ္တာမရှိဘဲကိုး'

'တကယ့်ကို မေတ္တာ မရှိဘူးလား'

'တစ်ခါတစ်ခါ မောင်ကြီးကို သိပ်စိတ်ဆိုးတယ်'

'ဆိုးလိမ့်မယ်လို့တော့လည်း မောင်ကြီး အထင်သားပဲ။ စိတ်ဆိုးရင် ဘာလို့ မောင်ကြီးကို မပြောသလဲ'

'ဘာထူးပြောဖို့ လိုသလဲ။ မောင်ကြီး အသိသားပဲ။ ပြီးတော့ မောင်ကြီးတို့ဆီမှာ လာနေရတော့ ကျွန်မ ဘာပြောဝံ့မလဲ'

'အုကို ချစ်စကား ကြိုက်စကားတော့ မောင်ကြီး ခဏ ခဏ မပြောမိ ပါဘူး၊ ဟုတ်လား'

'ခဏ ခဏတော့ မပြောမိဘူးပေါ့။ ဒါပေမဲ့ တစ်ခါ တစ်ခါတော့ ပြောတာပဲ'

'ဘယ်နှခါလောက် ပြောမိသလဲ'

'ဘယ်နှခါ ပြောတယ် ဆိုတာ မောင်ကြီး ပိုသိတာပေါ့'

'ပြောတဲ့ အခါတိုင်းပဲ စိတ်ဆိုးသလား'

အုသည် စကားပြန်မပေး။ အု စိတ်ဆိုးသည်ကို ပန်းသာမောင်မောင် သည် သဘောကျသည်။ အဘယ်ကြောင့်ဆိုသော် စိတ်ဆိုးခြင်းသည် လုံးလုံး လျစ်လျူပြုခြင်းထက် မေတ္တာရှိမည့်ဘက်ကို ပို၍ နီးသောကြောင့်တည်း။

အု ထံမှ စကားပြန် မရသဖြင့် ပန်းသာမောင်မောင်သည် နောက်ထပ် မေးခွန်း မထုတ်တော့။ မြင်းကိုသာ ခပ်ဖြည်းဖြည်း ဆက်၍ ခရီးနှင်သွားလေသည်။ ထိုအတောအတွင်းတွင် ထိန်လင်းလျက်ရှိသော လပြည့်ဝန်းကြီးကို တိမ်မိုက် တိမ်ပုပ်တို့သည် အနိုင်ကျင့်ကာ ဖုံးအုပ်ထားကြလေသည်။ မိုးနှင်းများလည်း တမှုန်မှုန် ကျလာလေ၏။ အုသည် ငိုက်မျဉ်းစ ပြုလေသည်။ မနက် ကလည်း လေးနာရီလောက် ထ၍ ဆွမ်းချက်ရသည်။ ထို့နောက် အလုပ်များ လည်း ခါတိုင်းနေ့ထက် ပို၍ လုပ်ရသည်။ ဝဋ္ဋုဝန် နတ်ကွန်း ရောက်သော အခါလည်း တစ်နေ့လုံး တောင်လျှောက် မြောက်လျှောက်နှင့် အတော် ပန်း၍နေသည်။ နန်းမတော် မဘွင့်တို့ စော်ကားလိုက်သဖြင့်လည်း စိတ်နှလုံး အတော်ကြီး ချောက်ချားနေသည်။ အချိန်ကလည်း နာရီပြန် တစ်ချက်ကျော် လောက် ရှိသွားပြီ။ တစ်ခါသော် ငိုက်မျဉ်းခြင်းကို သည်းမခံနိုင်သဖြင့် သတိလစ်၍ မြင်းသည်ကျော်ကြီး၏ နောက်ကျောကိုမှီကာ တစ်ရေးမိတ်မိ သလိုလိုပင် ရှိလေသည်။ အုနှင့် ပန်းသာမောင်မောင်တို့မှာ ဖြတ်လမ်းက လာသည်ဖြစ်လျက် အဘယ်ကြောင့် နာရီပြန်တစ်ချက် ထိုးပြီးသည်တိုင် အောင် မြောက်ကုန်းမြို့သို့ ပြန်မရောက်ပါသနည်း။ အမှန်သော်ကား ပန်းသာ မောင်မောင်၏ ပယောဂကြောင့်လော မသိ။ မြောက်ကုန်းသို့ သွားသော လမ်းခွဲကို လွန်၍ လာခဲ့ပြီ ဖြစ်လေသည်။

ပန်းသာမောင်မောင်သည် လမ်းမှားလာကြောင်းကို သိသဖြင့်၊ မြင်းကို ရပ်ပြီးလျှင် မြင်းကုန်းနှီးပေါ်တွင် တင်ပါးလွှဲထိုင်၍ အုအား လိမ့် မကျသွားစေရန် လက်ဖြင့် ဖြည်းညင်းစွာ အု၏ ခါးကလေးကို ဖက်လိုက် လေသည်။ အုသည် သူ့ခါးကို ဖက်လာသော လက်ကို ချက်ချင်းဖြုတ်ပြီးလျှင် လက်ပိုင်ရှင်အား တွန်း၍ပစ်လေသည်။ ပန်းသာမောင်မောင်သည် ကံကောင်း ၍သာ လိမ့်မကျချေ။

'အုက လွန်ပြီကွယ်။ ဒါတော့လည်း အကဲဆတ်လွန်းတယ်။ မောင်ကြီးက လိမ့်ကျသွားမှာ စိုးလို့ ဖက်မိတာကိုပဲ'

အုသည် ပန်းသာမောင်မောင် ဆင်ခြေပေးသည်မှာ ဟုတ်မှ ဟုတ်ပါရဲ့လားဟု သံသယ ဖြစ်ပြီးနောက် ဟုတ်တယ် ထင်ပါရဲ့လေ ဟု သဘောရလေသည်။

'ကျွန်မ မသိလို့ တွန်းမိတာပါ။ စိတ်မဆိုးပါနဲ့'

'မောင်ကြီး အပေါ်မှာ ဒီလို အယုံအကြည် မရှိဘူးဆိုရင် မောင်ကြီး စိတ်ဆိုးမှာပဲ။ ဘာလဲ၊ အုက မောင်မောင် ခေါ်လို့ ထီးရိုးရှည်တာလား။ အခု အုနဲ့ မောင်ကြီးနဲ့ စတွေ့တာ လေးငါးလလောက် ရှိပြီ။ ဒီလေးငါးလအတွင်းမှာ အုဟာ မောင်ကြီးအပေါ်ကို သိပ်ပြီး အထင်သေး အမြင်သေး လုပ်တယ်။ ရပ်တန်းတွင် ရပ်ရင် ကောင်းတယ်'

'ကျွန်မ နက်ဖြန်ခါပဲ အမေတို့ဆီ ပြန်ပါ့မယ်'

'ဟင့်အင်း မပြန်ရဘူး။ မောင်ကြီးကို အု အယုံအကြည် ရှိတယ်ဆိုရင် မောင်ကြီး ခါးဖက်တာကို ခံနေရမယ်။ ဖက်မယ်နော်။ ဘယ်သူမှ မြင်တာမှ မဟုတ်ဘဲ။ အုနဲ့ မောင်ကြီးနဲ့ နှစ်ယောက်တည်း ရှိတာပဲ။ အုနဲ့ မောင်ကြီးနဲ့ဟာ တစ်ယောက်အကြောင်း တစ်ယောက် သိနေကြပြီဟာပဲ။ မောင်ကြီးက အုကို ချစ်တယ်ဆိုတာလည်း အု အသိ။ မောင်ကြီး စိတ်ထဲမှာတော့ တစ်လောကလုံးမှာ အုကလွဲရင် ဖွဲနဲ့ဆန်ကွဲချည်း အောက်မေ့တယ်။ အုထက် ချောတာ လှတာလည်း ရှိတယ် မထင်ဘူး။ တကယ်ဆိုတော့လည်း မရှိဘူး။ အုဟာ အချောဆုံးပဲ။ အုကို မောင်ကြီးရဲ့ ရည်းစားဦးကလေးလို့ သဘောထားပါရစေလား'

အုသည် ပူထူရှိန်းဖိန်း သွားပြန်ပြီးလျှင် တတ်နိုင်သမျှ ရန်းဖယ်ပစ်လေသည်။ 'ရှိကြီးခိုးပါရဲ့ မောင်ကြီးရယ်၊ မတော်တာတွေ မပြောပါနဲ့။ ကျွန်မ မောင်ကြီး မေးတာတွေ နားမလည်ဘူး။ ဘာပြောရမှန်းလဲ မသိဘူး'

ပန်းသာမောင်မောင်သည် ပြောပြောဆိုဆိုနှင့် ပညတ်သွားရာ ခါးတော်ပါလျက် အု၏ နွဲ့လိုသော ခါးကလေးကို ဖိမ်ရှိရှိနှင့် ဖက်၍ ထားလိုက်လေသည်။ အုသည် နောက်ထပ်၍ မငြင်းဆန်။ ပန်းသာမောင်မောင်သည် မြင်းကို

နေးနိုင်သမျှ နေးစွာ သွားစေလေသည်။ သူတို့နှစ်ယောက်သည် ဖြတ်လမ်းက လာကြပါလျက် ကြာလွန်းလှသဖြင့် အု စိတ်ထဲမှာ သင်္ကာမကင်း ဖြစ်လာလေသည်။

'ဘယ့်နှယ်လဲ၊ ကျွန်မတို့ ဘယ်ရောက်နေသလဲ'

'ကျွန်းတောကြီးနား ရောက်နေတယ်'

'ဒါဖြင့် ကျွန်မတို့ လမ်းမှားလာပြီပေါ့'

'လကြီးက သာက သာပါဘိသနဲ့။ လမ်းမှားလည်း ဘာဖြစ်လဲ အုရယ်။ ခုလို မြင်းလှျောက်စီးနေရတာ အပျင်းတောင် ပြေသေးတယ်'

'ဒါဖြင့် မောင်ကြီး ကျွန်မကို လိမ်ပြီး ခေါ်လာတာပေါ့'

အုသည် ပန်းသာမောင်မောင်၏ လက်ချောင်းများကို တစ်ချောင်းပြီး တစ်ချောင်း ဖြေ၍ သူ့ခါး ဖက်ထားသည်ကို တွန်းဖယ်ပစ်လေသည်။

'မောင်ကြီးအပေါ်မှာ ကျွန်မ အယုံအကြည် ရှိရမယ်ဆိုလို့၊ ဩော် ငါ သူ့အပေါ် အထင်မှားမိတယ်လေ ဆိုပြီး မောင်ကြီး စိတ်ကျေနပ်ပါစေတော့လို့ ကျွန်မက အသာငြိမ်နေတယ်။ အခုတော့ ကြည့်စမ်း၊ မောင်ကြီး လုပ်ပုံဟာ ကောင်းသလား။ ကျွန်မကို အောက်ချပေးပါ။ ကျွန်မ ခြေကျင် ပြန်မယ်'

'အု ဘယ်နည်းနဲ့မှ ခြေကျင်ပြန်လို့ ရမှာ မဟုတ်ဘူး။ လကြီးလည်း မိုးရိပ်တွေ ဖုံးနေပြီ။ ပြီးတော့ မိုးနှင်းတွေ ကျလို့လည်း ဘာမှ မမြင်ရဘူး။ မြို့နဲ့လည်း အပုံကြီး ဝေးလာခဲ့ပြီ။ အခုနေ အု ခြေကျင်ပြန်သွားရင် တောထဲမှာ မျက်စိလည်နေမှာပေါ့'

'မျက်စိလည်ရုံ မကလို့ ဘယ်ကိုပဲ ရောက်ရောက် ကျွန်မကိုသာ အောက်ချပေးပါ။ ရှိကြီးခိုးပါရဲ့၊ အောက်ကိုသာ ချပေးပါ'

'ကိုင်း၊ ဒါလောက်တောင် အောက်ဆင်းချင်ရင် မောင်ကြီး ချပေးပါမယ်။ ဒါပေမဲ့ တစ်ခုတော့ တာဝန်ခံရမယ်။ တာဝန်မခံချင်ရင် ချမပေးဘူး။ အခု ဒီနေရာကိုရောက်အောင် အုကို မောင်ကြီး ခေါ်လာခဲ့ပြီ။ ဒီတော့

မောင်ကြီးမှာ အုကို အိမ်ရောက်အောင် ပြန်ပို့ဖို့ ဝတ္တရားရှိတယ်။ မောင်ကြီးကို စိတ်ဆိုးချင်လည်း ဆိုးတာပေါ့။ ဒါပေမဲ့ အုကို အိမ်ရောက်အောင်တော့ ပြန်ပို့ခွင့် ပြုပါ။ အုဟာ အု သွားမယ်ဆိုလို့တော့ ဘယ်နည်းနဲ့မှ ပြန်ရောက်မှာ မဟုတ်ဘူး။ မိုးနှင်းတွေကျနေလို့ ဘာမှ မမြင်ရလို့ မောင်ကြီးတောင်မှ ဘယ်ဆီ ရောက်နေမှန်း မသိဘူး။ မောင်ကြီး လိမ်ပြောတာ မဟုတ်ဘူး။ အု ဒီနားက မောင်ကြီး ပြန်လာအောင် စောင့်နေမယ်ဆိုရင် မောင်ကြီး လမ်းသွားရှာလိုက်ဦးမယ်။ မြင်းကိုလည်း ကြည့်ထားလိုက်။ မောင်ကြီး ပြန်လာတော့ ဘယ်ဆီကို ရောက်နေကြတယ်၊ ဘယ်က ဘယ်ကိုသွားရင် မြို့ကို ရောက်မယ် ဆိုတာကို မောင်ကြီး အကုန်ပြောပြမယ်။ အဲဒီတော့မှ အု သဘောအတိုင်း ပြန်တာပေါ့။ ခြေကျင် ပြန်ချင်တယ်ဆိုလည်း ခြေကျင်၊ မြင်းနဲ့ ပြန်ချင်တယ်ဆိုလည်း မြင်းနဲ့ပေါ့'

အုသည် ပန်းသာမောင်မောင် ပြောသော အချက်များကို သဘော တူပြီးလျှင် မြင်းပေါ်မှ တင်ပါးလွဲ လျှော၍ ဆင်းလိုက်လေသည်။ နှာခေါင်း သွက်သော ပန်းသာမောင်မောင်သည် အု မြင်းပေါ်က အဆင်းလိုက်တွင် နှင်းဆီခဲကဲ့သို့ အေးစက်၍နေသော ပါးမို့ကလေးကို အမြတ်တော်ကြေး တစ်ရှုပ်ကောက်လိုက်ပြီးလျှင် မြင်းပေါ်မှ ခုန်ဆင်းလိုက်လေသည်။

'မြင်းကို ကျွန်မ ကိုင်ထားရမလား'

'မလိုပါဘူး၊ သူ့ခမျာလည်း ဒီညအတွက် အတော်ပဲ မောနေရှာပြီ။ ဒီတော့ ဘယ်မှ သွားမှာ မဟုတ်ဘူး'

ပန်းသာမောင်မောင်သည် မြင်းဇက်ကြိုးကို သစ်ကိုင်းတစ်ခုတွင် ချည်ထားခဲ့ပြီးနောက် သစ်ပင်ရိပ် တစ်ခုအောက်တွင် အု ထိုင်နေရစ်ရန် သစ်ရွက်ခြောက်များကို စုပုံ၍ အသိုက်သဖွယ် ပြုလုပ်ပေးသည်။

'ကိုင်း၊ အု ဒီသစ်ရွက်ခြောက်တွေပေါ်မှာ ထိုင်နေရစ်နော်။ မောင်ကြီး အခုပဲ ပြန်လာမယ်' ဟု ပြော၍ ပန်းသာမောင်မောင်သည် လမ်းရှာရန် ထွက်သွားလေသည်။ လေးငါး ခြောက်လှမ်းလောက် သွားမိသောအခါ

ပြန်လှည့်လာပြီးလျှင် ‘ဒါထက် စကားမစပ် အုရေ၊ အုတို့ အဖေလေ နွားကြီး တစ်ကောင် ရပြီတဲ့ဗျ။ လူတစ်ယောက်က ဝယ်ပေးသတဲ့’ ဟု ပြောလေသည်။

‘ဘယ်က လူတစ်ယောက်က ဝယ်ပေးသတဲ့လဲ။ မောင်ကြီးပေါ့လေ’ ဟု အုက မေးလေသည်။ ပန်းသာမောင်မောင်က ‘ဟုတ်တယ်’ ဟု ခေါင်း ညိတ်လေသည်။

အုသည် “သြော် ငါ့နယ်၊ ဒီလို အခါကြီးထဲမယ်မှ လာပြီး သူ့ကို ကျေးဇူးတင်ဖို့ ဖြစ်ရလေတယ်” ဟု တွေး၍ စိတ်မချမ်းမသာ ဖြစ်လေသည်။

‘ကျေးဇူးပါပဲ မောင်ကြီးရယ်’

‘ကလေးတွေလည်း အဝတ်အစားတွေ၊ ကစားစရာ ကလေးတွေ ရကုန်ပြီ’

‘မောင်ကြီးက အလကားပဲ ဒုက္ခရှာတယ်။ ကျွန်မ သဘောကတော့ မောင်ကြီးက ကျွန်မကို ဘာမှ ကျေးဇူးမပြုစေချင်ပါဘူး’

‘ဘာလို့’

‘အားနာရမှာမို့ပေါ့’

‘အုရယ်၊ မောင်ကြီးကို နည်းနည်းကလေးမှ မေတ္တာမရှိဘူးလား။ မောင်ကြီးအပေါ်မှာ မချစ်သော်လည်း အောင့်ကာနမ်း၊ မနမ်းသော်လည်း ပင့်သက် ရှူထိုက်ပါတယ်’

‘ကျေးဇူးအများကြီး တင်ပါတယ်။ ဒါပေမဲ့’ ဟု ပြောပြီးနောက် အုသည် ဆက်၍မပြောဘဲ ပန်းသာမောင်မောင်က သူ့ကို စွဲလမ်း၍ ထိုကဲ့သို့ ပံ့ပိုးပေးကမ်းသည့် အဖြစ်ကို ရုတ်တရက် တွေးမိပြီးလျှင် မျက်ရည်များ ဖြိုင်ဖြိုင်ကျကာ ရှိုက်ကြီးတငင် ငိုလေသည်။

‘မငိုပါနဲ့ အုရယ်၊ ငိုရင် အလှတွေ ပျက်ကုန်လိမ့်မယ်။ ကိုင်းကိုင်း ဒီမှာ ထိုင်နေရစ်။ မောင်ကြီး လမ်းသွားရှာဦးမယ်။ အု ချမ်းသလား၊ ဘာမှ ခြုံစရာ ထူထူထဲထဲလည်း မယူလာခဲ့ဘဲကိုး’

‘ဒီလို ညဉ့်နက်နေမယ်မှန်း၊ ပြီးတော့ ဒီလို မြင်းစီးလာရမှန်းမှ

မသိဘဲကိုး။ ပြီးတော့လည်း မိုးမချုပ်ခင်ဘဲ အိမ်ပြန်ရောက်လိမ့်မယ် ထင်လို့ အင်္ကျီထူထူလည်း ဝတ်မလာခဲ့ဘူး’

ပန်းသာ မောင်မောင်သည် သူ့နက်ပြာရောင် သက္ကလတ် တိုက်ပုံအင်္ကျီကို ချွတ်ပြီးလျှင် အုကို ယုယစွာ ထွေး၍ ပေးခဲ့လေသည်။

ပန်းသာမောင်မောင်သည် မှောင်ကြီး မည်းကြီးထဲတွင် သူတို့နှစ်ယောက် ဘယ်ဆီ ဘယ်စခန်းသို့ ရောက်၍ နေသည်ကို သိရန် လိုက်၍ စုံစမ်းလေသည်။ အုသည် ပန်းသာမောင်မောင် သစ်ရွက်ခြောက်များပေါ်တွင် တဂျွမ်းဂျွမ်းနှင့် နင်း၍သွားသော ခြေသံများကို ကြားရလေသည်။ နောက်ဆုံးတွင် ဝေး၍သွားသဖြင့် ခြေသံများ မကြားရတော့။ ထိုအခိုက် လမင်းကြီးသည်လည်း ထိုညအဖို့တွင် မိမိ၏စခန်း တစ်ခါတည်း သိမ်းတော့မည်ကဲ့သို့ တိမ်ပုပ်ကြားမှ မထွက်တော့။ မိုးနှင်းတို့လည်း ပို၍ ကျပြန်သဖြင့် အုတို့ရောက်နေသော ကျွန်းတောကြီးမှာ ပို၍ပင် မှောင်မည်း၍ သွားလေသည်။ အုမှာ ပူထူနေသဖြင့် ကြောက်ရကောင်းမှန်း မသိ။ သူ့အဖြစ်ကိုသာ သူတွေး၍နေလေသည်။ ပန်းသာမောင်မောင်လည်း ဟိုစမ်း သည်စမ်း စမ်း၍ လမ်းပန်းကို ရှာလေရာ နောက်ဆုံးတွင် သူ ကောင်းကောင်း မှတ်မိသော ကုန်းကလေး တစ်ခုကို ရောက်သွားသဖြင့် သူတို့ ဘယ်ဆီ ရောက်နေကြသည် ဟု သိလေသည်။ ပန်းသာမောင်မောင်သည် ထိုကုန်းကလေးမှ လှည့်၍ ပြန်ခဲ့လေသည်။ သို့ရာတွင် ကျွန်းတောကြီး တစ်တောလုံးအား မှောင်မင်းကြီးသည် ဝါးမျိုထားသကဲ့သို့ ဘာကိုမျှ မမြင်ရသဖြင့် ပန်းသာမောင်မောင် အုဆီသို့ ပြန်ရောက်ဖို့မှာ မလွယ်ချေ။ ဟိုစမ်း သည်စမ်း စမ်း၍ စိတ်မှန်းနှင့် အု ကျန်ရစ်ခဲ့သည့်ဘက်သို့ ပြန်လာလေရာ နောက်ဆုံးတွင် မြင်းခွာသံကို ကြားလေသည်။ ခွာသံကြားရာသို့ မှန်း၍လာရာ ကံအားလျော်စွာ အု နေဖို့စု၍ ပုံပေးခဲ့သော သစ်ရွက်ခြောက်ပုံကြီးကို ဝင်၍ တိုက်မိလေသည်။

‘အုရေ မောင်ကြီး ပြန်လာပြီဟေ့’

အုက စကားပြန်မပေး။ ပန်းသာမောင်မောင်သည် လက်နှင့် စမ်း၍

ရှာလေရာ သူ ခြုံပေးခဲ့သော အင်္ကျီစကို စမ်းမိလေသည်။ အုစ၏ အသက်ရှုသံများကို ကြားရသောအခါ အုမှာ မောမောပန်းပန်းဖြင့် အိပ်မောကျကာနေသည်ကို သိရလေသည်။ ပန်းသာမောင်မောင်သည် အုဘေးမှ အသာထိုင်၍ မှောင်မိုက်ထဲတွင် ရေးရေးကလေး ဖြူဖွေးနေသော အုစ၏ မျက်နှာကလေးပေါ်သို့ နီးကပ်စွာ သူ့မျက်နှာကို အပ်ကြည့်ရာ အုစ၏ နှာခေါင်းပေါက်ကလေးများမှ ရှူထုတ်လိုက်သော လေကလေးများ ထိခိုက်နေသဖြင့် သူ့မျက်နှာမှာ နွေး၍ သွားလေသည်။ အုစ၏ မျက်တောင်ကလေးများကြားတွင် ပုလဲဥကလေးများနှင့် တူသော မျက်ရည်ပေါက်ကလေးများသည်လည်း တွဲလဲကလေးတွေ ခိုလျက် ရှိကြလေသည်။

မှောင်အထုသည် တောအလုံးကို ဖုံးအုပ်လျက်ရှိသည်။ တောအလုံးသည် ဆိတ်ငြိမ်လျက်ရှိသည်။ တောငှက်တို့လည်း ကျွန်းပင်ကြီးများပေါ်တွင် နှစ်ခြိုက်စွာ အိပ်ပျော်လျက် ရှိကြသည်။ မှောင်အထုသည် မှောင်စ ရှိလျှင် မှောင်ချင်ချင် ဆိုသကဲ့သို့ ကြာလေ မှောင်လေ ဖြစ်လေသည်။ ထိုအခိုက်တွင် အုစ၏ ကိုယ်စောင့်နတ်များသည် ဘယ်ဆီကို သွား၍ ဘာလုပ်နေကြလေသနည်း။ တာဝန်ပေါ့ကြပါပေသည်။

## အခန်း ၁၁

အုသည် ဝေဠုဝန် နတ်ကွန်းမှ ပြန်လာပြီးနောက် တစ်လလောက် ကြာသောအခါ တစ်နေ့သောနံနက် ဝေလီဝေလင်း အချိန်တွင် ဆွဲခြင်း ခပ်ကြီးကြီး တစ်ခုကို ဘယ်ဘက်လက်မောင်းတွင် မနိုင့်တနိုင် ချိတ်၍ မြောက်ကုန်းမြို့မှ ပေပင်ကုန်းသို့ ရှေးရှုလျက် မရွှင်သော မျက်နှာထားနှင့် လမ်းတစ်ခုကို တဖြည်းဖြည်း တက်လျက်ရှိသည်။ ထိုလမ်းတက်သည် လွန်ခဲ့သော လေးငါးခြောက်လလောက်က ပေပင်ကုန်းမှ လာစဉ်တွင် ပန်းသာမောင်မောင်

လှည်းယဉ်ကလေးကို အပြေးမောင်း၍ချသော လမ်းဆင်းပင် ဖြစ်သည်။ ယပေင်ကုန်းဘက်က လာစဉ်က လမ်းဆင်းသည် ယပေင်ကုန်းဘက်သို့ ပြန်လာသောအခါ လမ်းတက်ဖြစ်၍ နေလေသည်။ လမ်းတက်ကို တက်ရခြင်းသည် လမ်းဆင်းကို ဆင်းရသလောက် မလွယ်။ အုသည် ကြိုးစားကာ တက်လျက်ရှိသည်။ အုမှာ အရင်က လွယ်လွယ်နှင့် ဆင်းခဲ့သောလမ်းကို ခဲယဉ်းစွာ လမ်းတက် အဖြစ်နှင့် တက်ရသော ကာယိက ဒုက္ခနှင့်သာ တွေ့ရသည် မဟုတ်၊ မိမိ၏ နောင်ရေးအဖို့လည်း စေတသိက လမ်းတက်နှင့် စ၍ တွေ့ရလေပြီ။ မြောက်ကုန်းမြို့မှ တစ်ယောက်တည်း ပြန်လာခဲ့သော အုသည် ယခင် ပေပင်ကုန်းက မျှော်လင့်ချက် အမျိုးမျိုးနှင့် ထွက်၍ လာခဲ့သော အုနှင့် များစွာ ခြားနား၍ သွားလေပြီ။ အရင်က အုသည် အထီးဆို ယင်ဖိုမှ မသန်းဖူးသော အု ဖြစ်သည်။ ယခု အုမှာ ဝေဠုဝန် နတ်ကွန်းက မြင်းစီး၍ ပြန်ခဲ့သည့် အကာလ ညအခါကစ၍ ဆိုင်းမပါ ဗုံမပါနှင့် ဖူးစာနတ်၏ နယ်တွင်းသို့ နယ်ပြောင်းခဲ့ပြီးသော တစ်မျိုးအု ဖြစ်ခဲ့လေပြီ။ တစ်သက်မှ တစ်ခါကြုံရသော အု၏ အပျိုဘဝသည် သဇီဝ သဘောမှ နိဇီဝ သဘောသို့ ပြောင်းသွားခဲ့လေပြီ။ အုသည် သည်အု သည်အုပင် ဖြစ်သော်လည်း သည်အု သည်အုလည်း မဟုတ်တော့ပြီ။ အုသည် လမ်းတက်၏ အဆုံးသို့ ရောက်သောအခါ အမောပြေ အနည်းငယ်နား၍ ပေပင်ကုန်းဘက်သို့ လှမ်း၍ ကြည့်ရာမှာ လိပ်ပြာလန့်သဖြင့် နောက်သို့ ပြန်၍ ကြည့်မိလေသည်။ လှည်းယဉ်ကလေး တစ်စီးသည် အု လာသည့်ဘက်မှ လာ၍ အု တက်ခဲ့သော လမ်းတက်ကို တက်လျက် လာသည်ကို မြင်ရလေသည်။ လှည်းပေါ်မှ လူတစ်ယောက်သည် အုအား 'နေဦး နေဦး' ဟု လက်ပြလျက် ရှိလေသည်။ အုသည် ထိုလက်ပြသူကို ရပ်စောင့်နေသည်။ မကြာမီပင် လှည်းယဉ်ကလေးနှင့် လူသည် အု၏ အနီးသို့ ရောက်လာလေသည်။

'ဘာလို့ ဒီလို တိတ်တိတ်ကလေး ထွက်ပြေးရတာလဲ။ တကယ်ဆိုရင် မောင်ကြီးကို အကျိုးအကြောင်းပြောဖို့ ကောင်းတယ်။ အု မနေချင်ဘူး

ဆိုရင် ဘယ်သူမှ တားနိုင်တာမှ မဟုတ်ဘဲနဲ့။ အခုတော့ ကြည့်စမ်းပါဦး၊ အု လုပ်ပုံက အမှတ်တမဲ့။ မောင်ကြီး အိပ်ရာက အစောကြီး နိုးပေလို့ပေါ့။ မနိုးရင် သိလိုက်ရမှာတောင် မဟုတ်ဘူး။ မမိ မိအောင်ဆိုပြီး နွားနှစ်ကောင်ကို အတင်း ရိုက်မောင်းလာလို့သာ မီတယ်။ နွားတွေကို ကြည့်စမ်းပါဦး။ ဟောဟဲ ဟောဟဲဖြစ်ပြီး မောလွန်းလို့။ ပြီးတော့လည်း တကယ်လို့ အု ပြန်ချင်သပ ဆိုရင် မောင်ကြီး လှည်းနဲ့ လိုက်ပို့မှာပေါ့။ အခုလို ခြေကျင်ပြန်ဖို့ ဘာလိုသလဲ။ အခု မောင်ကြီး လိုက်လာတာလည်း အု ပြန်မလိုက်ချင်ဘူးဆိုရင် ပေပင်ကုန်းကို ရောက်အောင် လိုက်ပို့မလို့ပါ'

'ပြန်လိုက်ဖို့တော့ မပြောနဲ့တော့'

'ပြန်မလိုက်ဘူးလို့ မောင်ကြီးလည်း ထင်တာပါပဲ။ ကိုင်း၊ မလိုက်ရင်လည်း ရွာကို လိုက်ပို့မယ်။ ဆွဲခြင်းကို တင်'

အုသည် ဘာမျှမပြောဘဲ ဆွဲခြင်းကို လှည်းပေါ်တင်ကာ လှည်းပေါ်သို့ တက်လေသည်။ ယခင်က ပန်းသာမောင်မောင်နှင့်ယှဉ်၍ လှည်းစီးရမည်ကို ကြောက်ခဲ့သော်လည်း ယခု မကြောက်တော့။ ပန်းသာမောင်မောင်ကမူ ယခင်က ထိုလမ်းတက်ကြီး အရောက်တွင် အု၏ ဝါစုကဲ့သို့ နုသော ပါးပြင်ကလေးကို မနမ်းရ နမ်းရအောင် အတင်း ကြိုးစားခဲ့သည်များကို မေ့လေပြီ။ သို့ရာတွင် အုမှာ ထိုအကြောင်းကို မမေ့နိုင်သေး။ ပန်းသာမောင်မောင်သည် စိတ်မပါဘဲနှင့် စကားမရှိ စကားရှာကာ ဟိုသင်း ပြော၊ သည်သင်း ပြော ပြောလျက်ရှိသည်။ အုသည် တစ်ခါတစ်ခါ အင်း အဲ လိုက်ခြင်းမှတစ်ပါး အထူးတလည် စကားရှည်စွာ ပြန်ပြောခြင်း မပြု။ ဤနည်းဖြင့် ပျင်းပျင်းရိရိနှင့် ပေပင်ကုန်းသို့ နီး၍ လာလေသည်။ ရွာဦးကျောင်းထိပ်က ပဒေသာကဲ့သို့ ဝေဆာစွာ သီး၍နေသော ပေပင်ကြီးကို မြင်ရသောအခါ အုမှာ မျက်ရည်သွယ်သွယ် ကျလေသည်။

'ဘာလို့ ငိုရတာလဲ'

'သြော် ငါ မွေးတဲ့ရွာကို ပြန်ရောက်လာပါပလား ဆိုပြီး သတိရမိလို့ ငိုတာပါ'

'ဒါတော့ ဒီရွာမှာ မမွေးရင်လဲည်း တစ်နေရာရာမှာ မွေးရမှာပေါ့။ ဘယ်သူဖြစ်ဖြစ် ဒီလိုချည်းပေါ့'

'ကျွန်မ အစကတည်းက မွေးမလာရင် ကောင်းမှာပဲ'

'မွေးလာတာ မွေးမလာတာနဲ့ မဆိုင်ပါဘူး။ အု အစတုန်းက မြို့ကို မလာချင်ရင်လည်း မလာဘဲ နေနိုင်တာပဲ။ ကိုယ့်ဟာကိုယ် လာချင်လို့ လာပြီးမှတော့ ငိုနေလို့ ဘာလုပ်ဦးမှာလဲ။ လာတာလည်း မောင်ကြီးကို ချစ်လို့ လာတာ မဟုတ်ဘူးဆိုတာ မောင်ကြီး သိပါတယ်'

'ဒါတော့ ဟုတ်ပါတယ်။ အစကသာ မောင်ကြီးကို ကျွန်မ မေတ္တာ ရှိလို့ လာရင် ကျွန်မကိုယ် ကျွန်မ အခုလောက် စက်ဆုပ်မှာ မဟုတ်ဘူး။ အခုတော့ ကျွန်မ ရုတ်တရက် သတိလစ်ပြီး ဒီလို ဖြစ်ရတာပဲ'

ပန်းသာမောင်မောင်သည် မဲ့ရွဲ့ မေးငေါ်ကာ နားထောင်လျက် ရှိလေသည်။

'အမှုလွှန်မှပဲ မောင်ကြီး သဘောကို ကျွန်မ တွေးမိတယ်'

'ဒါတော့ မိန်းမတိုင်း ဒီလို ပြောကြတာချည်းပဲ'

'ရှင် ဒီစကားမျိုး မပြောနဲ့။ နောက်ထပ်ပြောရင် ဒီဆွဲခြင်းနဲ့ ပေါက်ချလိုက်မယ်။ မိန်းမတိုင်း ဒီလို ပြောကြပေမယ့် တချို့မိန်းမက တကယ် စိတ်ထဲက ပါလို့ ပြောတယ်ဆိုတာ ရှင် မသိဘူးလား'

'စိတ်မဆိုးပါနဲ့၊ မောင်ကြီး မှားသွားလို့ပါ။ အားလုံး မောင်ကြီး အပြစ်ချည်းပါပဲ။ မောင်ကြီးကို စိတ်မကောင်းအောင် ထပ်ကာ ထပ်ကာ ပြောမနေပါနဲ့။ အု သဘောကျ ကျေနပ်အောင် မောင်ကြီး စောင့်ရှောက်ပါ့မယ်။ နောက်ကို အု ပင်ပင်ပန်းပန်း လုပ်ဖို့ မလိုရအောင် မောင်ကြီး ကြည့်ရှုပါ့မယ်။ အစစ အရာရာမှာ သူများနဲ့တူ ဝတ်ရ စားရရင် ပြီးရောပေါ့'

'နောက်ကို မောင်ကြီး ပေးတာ ကမ်းတာကို ဘာမှ မယူတော့ဘူးလို့ ပြောပြီးပြီ မဟုတ်လား။ ကိုယ့်စိတ်က မေတ္တာမရှိဘဲနဲ့ သူများ ပေးတာကို ယူနေရင် ကျွန်မဟာ ငွေစ ရှာစားတဲ့ အစားထဲကနဲ့ ဘာထူးဦးမှာလဲ'

'လူကို မမြင်ရဘဲ အုံ ပြောတာသာ ကြားရမယ် ဆိုရင်ဖြင့် အုံကို ပန်းသာမြို့စား အဆက်တင် မကဘူး၊ ဘုရင့်သမီးတော်လား လို့တောင် မှတ်ရမှာ ဟား ဟား ဟား ဟား။ ကိုင်း၊ အုံ မောင်ကြီးလည်း ဒါ့အပြင် မပြောတတ်ဘူး။ ဒီတော့ ဘာတွေ ညာတွေ စကားရှည်မနေပါနဲ့တော့။ မောင်ကြီးကတော့ မွေးကတည်းက မကောင်းခဲ့တာ။ အခုလည်း မကောင်းဘူး၊ နောက်လည်း ကောင်းမှာ မဟုတ်ဘူးပဲလို့ ထားပါတော့။ သို့ပေမဲ့ မောင်ကြီး ပြောတာကို ယုံပါ။ နောက်ကို ဘာမှ အုံ မကောင်းအောင် မောင်ကြီး မလုပ်တော့ပါဘူး။ ဒီတော့ နောက်ဆုံး မောင်ကြီး တစ်ခု တောင်းပန်ပါရစေ။ အုံ ဘာပဲဖြစ်ဖြစ် တစ်ခုခု အလိုရှိမယ်၊ တစ်ခုခု အခက်အခဲနဲ့ တွေ့မယ်ဆိုရင် မောင်ကြီးဆီကို အကြောင်းကြားလိုက်ပါ။ အုံ အလိုရှိတာကို ရအောင် မောင်ကြီး တာဝန်ခံပါ့မယ်။ မောင်ကြီးတော့ မြို့မယ် ရှိချင်မှ ရှိမယ်။ မေမေနဲ့ နေရတာ စိတ်ညစ်လို့ ရန်ကုန် ခဏ သွားလည်မလို့။ သို့ပေမဲ့ အုံဆီက စာလာတယ်ဆိုရင် မောင်ကြီးဆီကို ပို့လိုက်မှာပဲ'

အုံသည် သူ့ကို ပေပင်ကုန်းထိအောင် လိုက်မပို့ရန် ပြောသဖြင့် ပေတစ်ရာဘေး နတ်စင်ကလေးနှင့် ညောင်ပင်ကြီးအောက်တွင် လှည်းကို ရပ်ထားလေသည်။ ပန်းသာမောင်မောင်သည် လှည်းပေါ်မှ ဆင်းပြီးလျှင် အုံကို ချိုင်းမှချီ၍ ချလေသည်။ ဆွဲခြင်းကိုလည်း အုံ ဘေးတွင် ချပေးလေသည်။ အုံသည် ပန်းသာမောင်မောင်ကို အနည်းငယ် မော်ကြည့်ပြီးနောက် ဆွဲခြင်းကိုကောက်၍ သူ့ရွာဘက်သို့ ခရီးဆက်ရန် ပြင်လေသည်။

ပန်းသာမောင်မောင်သည် ပါးစပ်မှ ဆေးတံကိုဖြုတ်၍ အုံအနားသို့ လာပြီးလျှင် 'ဒီလိုပဲ သွားတော့မလား။ တစ်ခါလောက် မွှေးလိုက်ပါရစေဦး' ဟု ပြောလေသည်။

'သဘောအတိုင်းပဲ။ ကျွန်မကို မောင်ကြီး နိုင်တာကိုး' ဟု ပြောကာ ပန်းသာမောင်မောင့်ဘက်သို့ လှည့်ပြီးလျှင် မျက်နှာကို မော့၍ပေးလေသည်။

ပန်းသာမောင်မောင်သည် စိတ်မပါတစ်ဝက်၊ ပါတစ်ဝက်နှင့် ကျောက်ရုပ်ကဲ့သို့ တုန်လှုပ်ခြင်း မရှိသော အုစ်၏ ပါးကလေးကို နမ်းလေသည်။

ထိုအခိုက်တွင် အုမှာ လမ်းပေါ်ရှိ သစ်ပင်များကိုသာ အာရုံစူးစိုက်ကြည့်ရှုလျက် ရှိသဖြင့် သူ့ဟာသူ ဘာကို လုပ်၍ ဘာကို လုပ်မှန်းပင် ကောင်းစွာ မသိ။ အုသည် ပန်းသာမောင်မောင်၏ အလိုကို လိုက်နာပြီးနောက် သွားမည် ပြုလေသည်။

'ဟိုဘက်ပါးကော မမွေးရဘူးလား'

အုသည် ယခင်ကကဲ့သို့ ပူထူဖိန်းရှိန်းခြင်းမရှိဘဲ ပန်းသာမောင်မောင်ပြောတိုင်းသာ လိုက်နာ၍ ကျန်သော ပါးတစ်ဖက်ကို လှည့်၍ပေးလေသည်။ ပန်းသာမောင်မောင်လည်း ရှေးနည်းတူ ကျန်သေးသမျှသော အချစ်ဓာတ်ရှိန်ဖြင့် နှာခေါင်းတစ်မြုပ် သုံးသပ်တော်မူပြန်လေသည်။

'အု မောင်ကြီးကို တစ်ခါမှ ပြန်မနမ်းဖူးဘူး။ မောင်ကြီးကိုတော့ အု ဘယ်တော့မှ ချစ်မှာ မဟုတ်ဘူး ထင်ပါရဲ့'

'မချစ်ပါဘူးလို့ဆိုတာ ဘယ်နှခါ ထပ်ပြောရဦးမှာလဲ။ မောင်ကြီးကို ကျွန်မ ဘယ်တုန်းကမှ စိတ်ထဲက ဝမ်းထဲကပါပြီး မေတ္တာမရှိခဲ့ဖူးဘူး။ နောက်ကိုလည်း မေတ္တာရှိမှာ မဟုတ်ဘူး။ ကျွန်မ မုသားတစ်လုံးလောက် သုံးလိုက်မယ်ဆိုရင် ကျွန်မမှာ အများကြီး အကျိုးရှိမယ် ဆိုတာကို ကျွန်မ သိပါရဲ့။ သို့ပေမဲ့ မေတ္တာမရှိဘဲနဲ့တော့ မေတ္တာရှိတယ် လုပ်မနေချင်ဘူး။ အစတုန်းကတည်းက မေတ္တာရှိရင် ရှိတယ် ပြောမှာပေါ့။ ဘာမှ ဖုံးထားစရာ မရှိပါဘူး။ မောင်ကြီးကို ကျွန်မ မေတ္တာမရှိတာတော့ အမှန်ပဲ'

ပန်းသာမောင်မောင်သည် သူ့စိတ်၌ ထိခိုက်လာ၍လား၊ လိပ်ပြာမလုံ၍လား မသိ။ သက်မချပြီးလျှင် 'ဘာမှ ဒါလောက် စိတ်မကောင်းဖြစ်နေဖို့ မလိုပါဘူး။ အုကို မောင်ကြီး မြှောက်ပြောနေဖို့လည်း မလိုပါဘူး။ ဒီတော့ မောင်ကြီး ပြောတာကို ယုံပါ။ မောင်ကြီးက လောကအကြောင်းလည်း သိလို့ တစ်ကြောင်း၊ အုရဲ့ အကျိုးကို လိုလို့လည်း တစ်ကြောင်း

ပြောတာပါ။ အုမှာ ဘာမှ စိတ်ငယ်ဖို့ မရှိဘူး။ ဒီဆိတစ်ဝိုက်မှာဆိုရင် အုနဲ့ အလှပြိုင်မယ့် မိန်းမ မောင်ကြီး မမြင်ဘူး။ ဆင်းရဲသားထဲက ဖြစ်ဖြစ်၊ လူချမ်းသာထဲက ဖြစ်ဖြစ်။ အဲဒီတော့ မောင်ကြီးက နည်းနည်း သတိပေးချင်တယ်။ အုရဲ့ အလှ အချောတွေကို သိပ်ပြီး ဝှက်မထားဘဲနဲ့ ထုတ်ပြီး ဗန်းပြနိုင်သမျှ ဗန်းပြရင် အုမှာ အကျိုးရှိမှာပဲ။ ဒါထက် အုရယ်၊ ပြန်လိုက်ခဲ့ပါလား။ ဒီလို အု ပြန်သွားတာကို မောင်ကြီး မကြည့်နိုင်ပါဘူး’

‘လိုက်ဖို့ စကားကို တော်ပါ။ ကျွန်မ မောင်ကြီး အကြောင်းကို သိကတည်းက စပြီး ကျွန်မစိတ်ကို တစ်ခါတည်း ပိုင်းဖြတ်လိုက်တာပဲ။ တကယ်ဆိုတော့ အမှုမလွှန်ခင်က မောင်ကြီးအကြောင်းကို သိဖို့ ကောင်းတာပေါ့။ ဒီတော့ ပြန်လိုက်ဖို့ကို မပြောပါနဲ့တော့။ ပြောလို့ အလကားနေမှာပဲ’

‘ဒါဖြင့် လေးငါး ခြောက်လလောက်သာ ပေါင်းလိုက်ရတဲ့ ကျုပ်နှမချော သွားပေရော့။ တားမရရင်လည်း မတတ်နိုင်ဘူးပေါ့’

ယခင်က အုအပေါ်တွင် အောင်ပွဲကျင်းပခဲ့သော ပန်းသာမောင်မောင်သည် ယခုအခါတွင် လက်လျှော့ကာ ပြန်သွားလေသည်။

အုသည် ဆွဲခြင်းကို လက်မောင်းတွင်ချိတ်လျက် သတိကင်းနေသော သူကဲ့သို့ စိုက်စိုက် စိုက်စိုက်နှင့် လာလေသည်။

အတော်ကလေး လျှောက်မိသောအခါ နောက်မှ ခရီးသွား ယောက်ျားတစ်ယောက် မီလာပြီးလျှင် အုအား ကြော်ငြာစာရွက်တစ်ခု ပေးလေသည်။ ထိုကြော်ငြာမှာ ကမ္ဘဒ္ဓာန်းဂိုဏ်းမှ ထုတ်ဝေသော ကြော်ငြာစာရွက် ဖြစ်လေသည်။ အုသည် ကြော်ငြာစာရွက်ကို ဖတ်၍ကြည့်ရာ “ဘယ်သူမပြု နင့်အမှု” ဟု စာလုံးကြီးကြီးနှင့် ရေးထားသော ခေါင်းစဉ်ကြီးကို တွေ့လေသည်။ သူ့အဖြစ်ကို သူ မလုံသဖြင့် ခေါင်းကြီး၍ သွားလေသည်။ ရှေ့သို့ ဆက်မဖတ်ဘဲ ခရီးသွား ယောက်ျားအား ‘နေပါဦး ဦးကြီးရယ်၊ ကိုယ်က လုပ်တာ

မဟုတ်ဘဲနဲ့ သူများက လုပ်လို့ ခံရတာတော့ ဘယ်လိုပြောမလဲ’ ဟု မေးလေသည်။

‘ကိုယ့်အမှု ကိုယ်လုပ်တာချည်းပေါ့။ ဘယ်မှာ သူများက လုပ်တာရယ်လို့ ရှိမလဲ။ လူတွင်ပါလို့ နွား ကျားကိုက်တယ်ဆို မဟုတ်လား လုံမလေးရဲ့’

‘ကျုပ်တော့ ဦးကြီး ပြောတာ မယုံပါဘူး။ လောကမှာ ဖြစ်သမျှဟာ ကိုယ်လုပ်တဲ့အမှုချည်း ဖြစ်ရမယ်ဆိုရင် ခက်ကုန်ရောပေါ့။ အနို့ နေပါဦး၊ အခု ဦးကြီး ပြောနေတာကိုကော ဦးကြီး ယုံရဲ့လား’

‘အလို ခက်ပဲ ခက်ရချည့် လုံမလေးရယ်။ ဦးကြီး ပြောတာကိုမှ ဦးကြီး မယုံရင် ဘယ်သူပြောတာကို ဦးကြီးက ယုံရဦးမှာလဲ’

‘ဦးကြီးတို့ စာတွေက လူတစ်ဖက်သား စိတ်မကောင်းစရာကြီးတွေပဲ’

‘အံမာ၊ ဒီစာတွင် မကဘူး။ ဒီစာထက် ကဲတာတွေတောင် ရှိသေးတယ်။ ဒါမှသာ လူတွေ နောင်တ တရား ရမှာပေါ့။ ဒီအကြောင်းကို သူငယ်မ ပိုပြီးသိချင်ရင် ကမ္မဋ္ဌာန်းဆရာကြီး ဆရာကြီးဦးဖြိုးဒင် ဆိုတာ မြို့လှမှာ ရှိလေရဲ့။ အဲ သူ့ဆီကိုသွားရင် သူငယ်မ သဘောကျလောက်အောင် ပြောပြလိုက်လိမ့်မယ်။ ဦးကြီးတော့ သိပ် မပြောတတ်ဘူး’ ဟု ပြောပြီးနောက် ခရီးသွား ယောကျ်ားကြီးသည် လမ်းခွဲ၍ သွားလေသည်။

အုသည် ခရီးသွား ယောကျ်ားကြီးအား စကားပြန်မပေးလိုက်ဘဲ မျက်လွှာကိုချ၍ ရင်တခုန်ခုန်နှင့် ဆက်၍ လာခဲ့လေသည်။

ပေပင်ကုန်း ရွာကလေးကို လှမ်း၍ မြင်လိုက်သောအခါ စိတ်ညှိုးငယ်၍ သွားလေသည်။ သူတို့အိမ်သို့ ရောက်သွားသောအခါ သူ့အမေနှင့် အဆင်သင့် တွေ့လေသည်။

‘ဟဲ့ မိန်းကလေး၊ ဘယ့်နှယ်လဲ၊ ဘာဖြစ်လို့ ပြန်လာသလဲ။ အခုညည်း အိမ်ထောင်ပြုဖို့ ပြန်လာတာလား’

'မဟုတ်ပါဘူး အမေရယ်'

'ဒါဖြင့် အလည်လား'

'ဟုတ်ကဲ့၊ အလည်ပဲ ဆိုပါတော့၊ ဘယ်တော့မှ မပြန်တော့မယ့် အလည်ပါပဲ'

'ဟဲ့ မိန်းကလေးရဲ့ ညည်းဟာ ဘာဖြစ်လာတာလဲ အေရဲ့။ မထိတ်သာ မလန့်သာ ရှိလိုက်တာ။ ညည်းမောင်က ညည်းကို မယူဘူးတဲ့လား'

'မောင်လည်း မဟုတ်ဘူး၊ ကျုပ်ကိုလည်း ယူမှာ မဟုတ်ဘူး' ဒေါ်ဘုမသည် သမီးချောအား သေချာစွာ အကဲခတ်နေလေသည်။

'လာစမ်းပါဦး မိန်းကလေးရဲ့၊ ညည်းဟာ စကား ကုန်အောင် ပြောစမ်းပါဦး'

အုသည် သူ့အမေဆီကို သွားပြီးလျှင် သူ့အမေ၏ လည်ပင်းပေါ်တွင် မျက်နှာအပ်လျက် သူ့အဖြစ်အပျက်ကို ပြောလေသည်။

'ဒါနဲ့တောင် ညည်း သူ့ကို ရအောင် မယူနိုင်ဘဲကိုးအေ့။ ဒီလို ဖြစ်ပြီးတဲ့နောက်တော့ ဘယ်မိန်းမပဲ ဖြစ်ဖြစ် ရအောင် ယူမှာပေါ့အေ့။ ညည်းက တယ်ဖျင်းတာကိုး'

'ရအောင် ယူလိမ့်မယ်လို့လည်း ဘယ်မိန်းမကပဲဖြစ်ဖြစ် ထင်မှာပဲ'

'အခုတော့အေ၊ ညည်းဟာက ဒီလို တန်းလန်းကြီး လုပ်လာခဲ့တော့ ပွဲထဲပြတာလို ဖြစ်နေပြီ။ ရွာထဲမယ်လည်း ညည်းနဲ့သူနဲ့ အကြောင်းကို ဟိုးလေးတကျော် ပြောနေကြပြီအေ့။ ဒီတော့ အခု ဒီလို ဖြစ်လာခဲ့တယ် ဆိုတော့ ခွကျကုန်တာပေါ့။ တကယ်ဆိုရင် ညည်းအလိုချည်း ညည်း မလိုက်ဘဲ အမေတို့ အဖေတို့ အကျိုးကို ငဲ့ဖို့ကောင်းတယ်။ ညည်းပဲ စဉ်းစားကြည့်ပါဦး၊ အမေ့မှာဆိုရင်လည်း တစ်နေ့လုံး လုပ်လိုက်ရတာ ဖတ်ဖတ်ကို ဆာလို့။ မောင်းထောင်းပြီး ရေခပ်၊ ရေခပ်ပြီး ထင်းခွေ၊ ထင်းခွေပြီး ဟင်းရွက်ခူးနဲ့ နေထွက် နေဝင် အားရတယ်ပဲ မရှိဘူး။ တစ်ခါတလေ ယားလို့တောင် မဖျောက်အားဘူး။ ညည်းအဖေဆိုရင်လည်း ကောင်းကောင်းမာတာ မဟုတ်

ဘူး။ အသက်ကလည်း ကြီးပြီ။ ဒီတော့ ညည်းကို အမေတို့ အားကိုးမိတာပေါ့။ ဒီက ညည်း လိုက်သွားတဲ့နေ့ကလည်း ညည်းတို့နှစ်ယောက် လှည်းယဉ်ကလေး အတူတူ စီးသွားကြတော့ "ဩော် သူတို့နှစ်ယောက်နှယ်၊ ရှေ့သွားနောက်လိုက် ညီလိုက်တာ၊ နတ်ဖက်ပေးသလို ကျနေတာပဲ" လို့တောင် ငါ့စိတ်ထဲက အောက်မေ့မိသေးတယ်။ ပြီးတော့ အမေတို့ကို သူ ပေးထားတာတွေကိုလည်း ညည်းပဲ ကြည့်ပါဦး။ ငါ့စိတ်ထဲကတော့ သူ ဒါတွေ ပေးတာဟာ တို့နဲ့ ဆွေမျိုးတော်လို့သာ ပေးတာပဲလို့ အောက်မေ့တယ်။ တကယ်လို့ သူနဲ့ တို့နဲ့ ဆွေမျိုး မတော်ဘူးဆိုရင် သူ ပေးတာတွေဟာ ညည်းကို ခင်လို့ပေါ့။ ဒါနဲ့များ ညည်း သူနဲ့ အိမ်ထောင်ပြုရအောင် မလုပ်ခဲ့ဘူးဆိုတာဟာ အံ့ပါရဲ့'

ဤသို့ ဒေါ်ဘုမသည် သူ့စိတ်ကူးနှင့်သူ အုအား အပြစ်တင်လေသည်။ သို့ရာတွင် အကယ်၍ အုကပင် သူနှင့် အိမ်ထောင်ပြုချင်သည် ထားစေကာမူ အု တစ်ယောက်တည်း၏ အလိုနှင့် မပြီးနိုင်ဘဲ ပန်းသာမောင်မောင်ကပါ လိုလားမှ ဖြစ်နိုင်သောအချက် ဖြစ်သည်ကို ဒေါ်ဘုမ မသိ။ အုသည် ပန်းသာမောင်မောင်၏ အလိုကို စ၍ လိုက်မိသောအခါတွင် သွေးနဲ့ကိုယ် သားနဲ့ကိုယ် ဖြစ်၍ သွေးသားကို မထိန်းနိုင်ခြင်းကြောင့်သာ လိုက်မိခြင်း ဖြစ်ဖွယ်ရာရှိသော်လည်း တစ်ကြောင်းအားဖြင့်လည်း နောက်ဆုံးတွင် သူနှင့် တင့်တင့်တယ်တယ် ဇနီး ခင်ပွန်း ဖြစ်ရလိမ့်မည်ဟု ထင်မှတ်သောကြောင့်သာ လိုက်ခဲ့မိခြင်း ဖြစ်ရာသည်။ ပန်းသာမောင်မောင်သည် အုအား သားမယားအဖြစ်နှင့် ထားဖို့အကြောင်း တစ်ခါမျှ မပြောဖူးချေ။ အကယ်၍ ပြောဖူးသည် ဆိုသည့် တိုင်အောင်လည်း ယုံချင်မှ ယုံရဦးမည်။ ယုံရသည် ဖြစ်စေ၊ မယုံရသည်ဖြစ်စေ တစ်ခါတလေလောက် ပြောဖူးသည် ဆိုလျှင် တော်ပါသေးသည်။ ယခုမှာမူ သည်အကြောင်းကို တစ်ခါ ဆို၍ တစ်ခါမျှ မပြောဖူးသဖြင့် အုမှာ အဘယ်ခံချိအံ့နည်း။ ဒသမ မယားပင် ဖြစ်စေကာမူ အတိအလင်း သူ၏ မယားဟူသော ဂုဏ်ကိုရလျှင် ခံသာသေး

သည်။ သူ၏ မယားအဖြစ်သို့ ရောက်လမ်း လုံးလုံး မရှိဘဲနှင့် သူ၏ အလိုတော်ပြည့်ရုံ တိတ်တိတ်ပုန်း ခြေတော်အတင်ခံနေရမည်ဆိုသော် သူ၏ ကြေးစားအပျော်မနှင့် ဘာခြားဦးမည်နည်း။ ပန်းသာ့မောင်မောင်သည် ငွေစ ပေါခြင်းကြောင့် သူ့ကို အထင်သေးရသလော။ ငွေစ ပေါသူလည်း အရိုးနှင့် အသားနှင့်၊ ငွေစ ရှားသောသူလည်း အရိုးနှင့် အသားနှင့်ပင် ဖြစ်သည် မဟုတ်လော။ တစ်ခုသော အရိုးနှင့် အသားက အခြား တစ်ခုသော အရိုး အသားအား အာဂန္တုက ဖြစ်သော ငွေစ ရှိမှုကလေးကို အကြောင်းပြု၍ အထင်အမြင်သေးခြင်းသည် တရားပါသလော၊ မျှတပါသလော။ လူတို့သည် ငွေစရှိခြင်းကြောင့် ပို၍ စိတ်နှလုံး ယုတ်ညံ့ကောင်းပါသလော ဟူ၍ အပ ဖြစ်သော၊ ငွေစ၏တန်ဖိုးကို အသိအမှတ် မပြုသော၊ ကမ္ဘာမိခင်လောင်း ဖြစ်သော အုသည် မာန်တက်ဟန်တူသည်။ တိုင်းလုံးကျော်သော ဒေါ်ဘုမ သည် သူ့သမီး၏ စိတ်ထားကို သဘောမပေါက်။ ဒီအခါမျိုးတွင် အု ဒီလို လုပ်ခဲ့ခြင်းသည် အများ လုပ်ရိုးလုပ်စဉ်နှင့် မညီညွတ်။ သို့ရာတွင် အများ လုပ်ရိုးလုပ်စဉ်နှင့် ညီညွတ်သည် ဖြစ်စေ၊ မညီညွတ်သည် ဖြစ်စေ အုမှာ ပြန်လာခဲ့လေပြီ။ အုသည် ပန်းသာမောင်မောင်ကို လုံးလုံးလျားလျားကြီး မေတ္တာသက်ဝင်ခဲ့ဖူးသည် မရှိ။ ယခုလည်း မသက်ဝင်။ အစ ကတည်းကပင် ကြောက်၍ လွတ်အောင် ရှောင်နိုင်သမျှ ရှောင်ခဲ့လေသည်။ ခိုကိုးရာမဲ့ခိုက် တွင် အမျိုးမျိုး ဉာဏ်ဆင်ကာ ဖမ်းသဖြင့် မပြေးနိုင်၍ အမိခံရပြီးနောက် သူ "နှူး" လေသမျှကို သတိလစ်ခိုက် ခဏတွင် ယုံမိလေသည်။ ထို့နောက် သူ့အကြောင်းကို သိသည်နှင့် တစ်ပြိုင်နက် တိတ်တဆိတ် ထွက်ပြေးခဲ့လေ သည်။ အုသည် ပန်းသာမောင်မောင်ကို မုန်းလှသည် မဟုတ်၊ သို့သော် ချစ်ကား မချစ်။ သူ့အိမ်မှ ထွက်လာပြီးသည်က စ၍ သူ့ကို ဟင်းရွက် ကန်စွန်းရွက်လောက်မျှ အဖိုးမထားတော့ပြီ ဖြစ်သဖြင့် လူကဲ့ရဲ့ လွတ်ရုံပင် သူ့ကို လင် မလုပ်ချင်တော့။

'ဒီလိုဆိုရင်လဲအေ၊ ဒီ အခြေအနေမျိုး မရောက်အောင် သတိနဲ့ နေရောပေါ့'

'ဩော် အမေ အမေ၊ တယ်ခက်တဲ့ အမေပါလား။ ကျုပ် အိမ်က ထွက်သွားတုန်းက လောကအကြောင်းကို ဘာမှ နားလည်သေးတာ မဟုတ်ဘဲလား အမေရဲ့။ အမေ အစတုန်းက ဘာလို့ သင်မပေးလိုက်သလဲ။ ယောကျ်ားများနဲ့ ဆက်ဆံရင် သတိနဲ့ ဆက်ဆံလို့ အမေ ပြောလိုက်ရင် ကျုပ် ဒီလိုအဖြစ်မျိုး ရောက်ပါ့မလား။ ငွေစရှိတဲ့ လူတွေရဲ့ သားသမီးတွေမှာတော့ ဝတ္ထုစာအုပ်တွေ ဖတ်ရလို့ ယောကျ်ားများဟာ ကြောက်စရာကောင်းတယ်ဆိုတဲ့ အကြောင်းတွေကို သိနိုင်တယ်။ ကျုပ်မှာတော့ ဒီလိုလည်း သိခဲ့တာ မဟုတ်ဘူး။ အမေကလည်း ကူပြီး စောင့်ရှောက်ပေးတာ မဟုတ်ဘူး။ ဒီတော့ ကျုပ်ကို အပြစ်တင်မနေပါနဲ့တော့။ အမေ့ကြောင့် ဖြစ်ရတာပဲ'

'ကိုင်း အေ၊ ဖြစ်မိတာလည်း ဖြစ်မိပါစေတော့။ အမေ့ အပြစ်ပါပဲ။ အမေက ညည်းကို သတိမပေးလိုက်တာကတော့ ဒီလိုလားအေ။ ကောင်လေးက ညည်းအပေါ်မှာ မေတ္တာရှိနေပုံရတယ်။ ဒီတော့ ညည်းနဲ့ သူနဲ့ နောက်ကို အကြောင်းပါဖို့ လမ်းရှိတယ်လို့ ငါ ပြောလိုက်ရင် ညည်းစိတ်က တစ်မျိုးဆိုတော့ လိုက်သွားချင်မှ သွားဦးမှာ။ ညည်း လိုက်မသွားပြန်ဘူး ဆိုရင်လည်း လာဘ်ဦးကို ဖယ်လိုက်ရာ ကျနေဦးမှာအေ့။ ဒါနဲ့ ငါလည်း ညည်းကို အရွယ်ကလေးရှိတုန်းမှာ တော်တဲ့လူနဲ့ ဖြစ်ချင်ရင် ဖြစ်သွားပါစေလို့လည်း အောက်မေ့မိတယ်။ လောကကြီးက တယ်ခက်တယ်အေ့။ သိပ်ပြီး မိန်းကလေးရယ်လို့ ဣန္ဒြေကောင်းနေပြန်မှဖြင့်လည်း ဟန်မကျဘူး။ ကျောင်းဒကာတုပ် သမီးတွေ အပျိုဟိုင်းကြီးတွေ ဖြစ်နေတာ ကြည့်ပါလား။ ကိုင်း အေ၊ ဖြစ်ပြီးသားတော့ ရှိပါစေတော့။ တို့ကံပေါ့။ "ဉစ္စာကံပေး မရသေး၊ နှောင့်နှေးဗျာပါ မရှိရာ" ဆိုတဲ့ လူကြီးသူမ စကားလည်း ရှိသားပဲ'

မြောက်ကုန်းမြို့ တိုက်ပွဲ၌ အုမှာ တပ်လန်၍ မလှတမ ဆုတ်ခွာလာခဲ့ရသော်လည်း သူ့အဖော် ပေပင်ကုန်းသူ အပျိုကလေးတို့ကမူ ထိုကဲ့သို့ မထင်ကြချေ။ မိမိတို့နှင့် ရေခပ်ဘက်၊ ထင်းခွေဘက်၊ နွားကျောင်းဘက်၊ ဟင်းရွက်ခူးဘက် ဖြစ်သော ကျေးတောသူမကလေး မစာအုသည် တပ်တောင်တာမိုလ်ထု လူမစုရဘဲ ငွေပိုင်ရှင် ရပ်ကြီးသားတစ်ဦး အပေါ်တွင် "အောင်ပွဲဖေယျ အောင်တပ်ကြီး ချ" ခဲ့ပြီဟု မှတ်ယူကြလျက်၊ ဝတ်ကောင်းစလှဝတ်ဆင်၍ အုကို ဩဘာပေးရန် စုရုံး လာရောက်ကြလေသည်။ အချို့ကအုသည် မင်းကတော် စိုးကတော် ဖြစ်တော့မည် ဆဲဆဲဖြစ်၍ သနပ်ခါးခြေဆုံးခေါင်းဆုံးလိမ်းပြီး အသားမွေးလျက် နေလိမ့်မည် အမှတ်ဖြင့် သနပ်ခါးခေါက် လက်ဆောင် ယူလာခဲ့ကြလေသည်။ အချို့က တရော်၊ အချို့ကကင်ပွန်းသီး၊ အချို့က ဆိပ်ဖလူးပွင့်၊ ချရားပွင့်၊ ဇွန်ပွင့်၊ စံပယ်ပွင့် စသဖြင့်အသီးသီး ကိုယ်စီကိုယ်င လက်ဆောင် နောက်မကျစေရန် ကြိုးစား ရှာကြလာကြလေသည်။

အုမှာ သူ့အဖော်ကလေးများကို မြင်ရသောအခါ "လူ မြင်လျှင်အမူလုပ်၍ မပူရပ်နှင့်" ပြုံးကာ နေရသော်လည်း သူ့ဝမ်းထဲကမူ "နင်မသိဘူးဟဲ့နော် ကြော့မှုံး" ဆိုသကဲ့သို့ နေမထိ ထိုင်မသာ ဖြစ်လျက်ရှိလေသည်။ ဒေါ်ဘုမကား သူ့သမီးနှင့် သမက်လောင်း ပန်းသာမောင်မောင်မှာ "စလယ်ဝင် ဖင်မမည်းခင်က မောင်နှင့်မယ်နှင့် ကွဲ" ခဲ့ကြသော်လည်းသိတင်းကျွတ်ပွဲတော်မီ ပြန်ပေါင်းထုပ်ပွဲကြီး ကျင်းပနိုင်လိမ့်မည်ဟု မျှော်လင့်ချက် ရှိသဖြင့် ငိုအားထက် ရယ်အားသန်လျက် ရှိလေသည်။

'ဟော့ မိန်းကလေးရေ၊ ဟောဒီမှာ ညည်းအဖော်တွေ လာနေတယ်ဟော့။ ထွက်ကြိုလိုက်ပါဦး'

'ဟုတ်ကဲ့ အမေ၊ ဟုတ်ကဲ့။ ဟော့ကောင်မတွေ လာကြဟော့ လာကြ'

'ဟော့ ကောင်မ၊ ညည်း အတော်ဝလာပါလားအေ့။ အစိုးရကတော် ဖြစ်ခါနီးလို့ ထင်တယ်။ ညည်းတို့ အစိုးရကတော်လောင်း ဆိုတော့ မြို့မှာ အစားကောင်း အသောက်ကောင်းတွေ သိပ်စားနေရမှာပေါ့နော်'

'လာမှာ ကောင်းကောင်း လာစမ်းပါအေ့၊ ညည်းတို့က ငါ့ကို ခနဲ့ မနေကြပါနဲ့'

'သမီးရေ၊ ညည်းအဖော်တွေ ကာဖီ ဖျော်တိုက်ပါအေ။ ဘီစကွတ် မုန့်လည်း ရှိသေးတယ် မဟုတ်လားအေ့။ ကျွေးပါအေ၊ ကျွေးပါ။ တို့ တောမယ် ဒီလိုဟာမျိုး မစားရပါဘူး'

'အရီးဘုတို့က တယ် အောတိုက်နေတာပေါ့လေ။ သမီးချော မျက်နှာနဲ့။ ကျုပ်တို့တော့ ဝအောင် စားရလိမ့်မယ်တော့။ အားမနာနိုင်ဘူး'

'ကိုင်း၊ ထိုင်ကြအေ။ ညည်းတို့က ဘာလဲ၊ ဖင်မပါတဲ့ ရွာက လာသလား။ ထိုင်ကြပါအေ့'

အုသည် မှိုင်းလုံးကော်ဇောကြီးကို ခင်း၍ ပေးလေသည်။ ဒေါ်ဘုမသည် 'ငါ ရေနွေး သွားတည်လိုက်ဦးမယ်' ဆိုကာ မီးဖိုချောင်ဘက်သို့ သွားလေသည်။ အုသည် ပန်းသာမောင်မောင်၏ ပိုးကြေး ပန်းကြေးများ ဖြင့်သော ကော်ဖီပန်းကန်များကို သိမ်းထားရာမှ သွား၍ ယူလေသည်။ သူ့အဖော်များသည် အုကို ခြေဆုံးခေါင်းဆုံး စိန်းစိန်းပါအောင် ကြည့်ကြလေသည်။ တစ်ယောက်က 'ဒီကောင်မ သိပ်ထွားလာတာပဲ။ ဝလည်း သိပ်ဝလာတယ်အေ့။ သွေးရိုးသားရိုးမှ ဟုတ်ကဲ့လား မသိဘူး။ အခု သူ ဝတ်ထားတဲ့ ဖဲတွန့်အင်္ကျီဟာလည်း သူ့အကောင်က ပေးလိုက်တာပဲ ထင်တယ်အေ့။ တို့ကောင်မမို့ တို့ပြောတာ မဟုတ်ဘူး။ ဒီကောင်မက တော်တော်ချောတယ် အေ့။ ဒါကြောင့် သူ့အကောင်က စွဲတာ ထင်ပါရဲ့အေ' ဟု ပြောလေသည်။ ထိုအခါ အခြားတစ်ယောက်က 'စွဲဆို ဘာပြောကောင်းမလဲ။ ချောင်းထဲမှာ သွားလျှော်လို့တောင် မကျွတ်ဘူးပေါ့အေ့' ဟု ပြောလေသည်။ ကျန်အဖော် တို့လည်း သဘောကျသဖြင့် ဝါးခနဲ ဟားတိုက်ကြလေသည်။ သူ့အဖော်

များသည် ဘာကို ပြော၍ နေသည်ဟု အသေအချာ မကြားရသော်လည်း အုံ စိတ်ထဲမှာကား သူ့အကြောင်း ပြောပြီး ရယ်ကြမှာပဲဟု အောက်မေ့ကာ စိတ်မလုံဘဲ ရှိလေသည်။ ဒေါ်ဘုမကား နားစွင့်၍ နေသောသူ ဖြစ်သဖြင့် သူတို့ ပြောသမျှ ဆိုသမျှကို ကြားလိုက်၍ ရေနွေးကျိုရင်း ဖရဏာပီတိ ဝွမ်းဆီထိလျက် ရှိလေသည်။

အုသည် ကော်ဖိပန်းကန်များကို ယူ၍ မီးဖိုထဲသို့ ပို့ပြီးနောက် သူ့အဖော်များနှင့် ဝိုင်းဖွဲ့ကာ ဟိုသင်း ပြော၊ သည်သင်း ပြောနှင့် စိတ်ပျော်လက်ပျော် ဖြစ်လျက် ပျော်သလိုလိုပင် ဖြစ်၍လာလေသည်။ သူ့စိတ်ထဲ၌ လည်း "ညည်းတို့ တောသူကလေးတွေဟာ ဘာမှ လောကအကြောင်း နားမလည်သေးဘူး။ ငါက စာမေးပွဲ အောင်လာခဲ့ပြီတော့" ဟု ပြောချင်သလိုလို လျှာယားရှိ၍ပင် လာမိလေသည်။ သူ့အဖော် ရိုးရိုးမိုက်မိုက် ကလေးများကလည်း အုထံမှ မင်းကတော်ဖြစ်နည်း နိဿရည်းကလေးများကို ဒူးပုဆစ် ချကာ တောင်းလိုသော ဆန္ဒများ ပေါ်လာကြလေသည်။

"မင်းကတော်ကြီး" အုသည် "ကာဖိ" ကို ကျကျနန ကိုယ်တိုင်ဖျော်ပြီးလျှင် ဧည့်ကောင်း စောင်ကောင်းတို့အား တိုက်ကျွေး ဧည့်ခံလေသည်။ သူ့အဖော်များလည်း စားလိုက်၊ သောက်လိုက်၊ ဟားတိုက်လိုက်နှင့် ဆူညံလျက် ရှိသည်မှာ လက်ပံပင် ဆက်ရက်ကျသည်နှင့် နင်လား ငါလား ရှိလေသည်။

အုမှာ ရယ်ဖော် ပြုံးဖော်များ အနားတွင် ရှိနေသောအခါတွင် လောက၌ ပူဖို့ ပင်ဖို့၊ စိတ်ညစ်ဖို့၊ သောကဖြစ်ဖို့ စသော အကြောင်းတရားများ မရှိလေသကဲ့သို့ပင် ထင်မိလေသည်။ သို့ရာတွင် ရယ်ဖော်ပြုံးဖော်တို့သည် သူ့ကို အမြဲလာ၍ ဖျော်ဖြေနိုင်ကြသည် မဟုတ်ရကား အချိန်ကုန်၍ သူတို့ ပြန်ကြသည်နှင့် တစ်ပြိုင်နက် မနီးမဝေးတွင် တရစ်ဝဲဝဲ စောင့်ဆိုင်း၍နေသော စိတ်ညစ်ခြင်းသည် အုအား ဝင်၍ ပူးကပ်မြဲ ပူးကပ်ပြန်၍ အုသည် သေမင်းပြည်သို့ပင် တစ်ခါတည်း လိုက်သွားချင်သလို ဖြစ်လေသည်။

သို့ရာတွင် တစ်လလောက် ကြာသောအခါ စိတ်ကို တင်းနိုင်သမျှ တင်း၍ "ပေါက်တဲ့နဖူး မထူးတော့ဘူး" ဟု ရဲဆေးတင်ပြီးလျှင် ဥပုသ်နေ့တွင် တောင်ကျောင်းသို့ ဥပုသ်စောင့် လိုက်သွားလေသည်။ တာတိုင်းမွေးပင်ကို မြင်သောအခါ အလှူ့ဝတ်လှည့် လိုက်စဉ်က တွေ့လိုက်ရသော မောင်ဒေဝကို သတိရပြီးလျှင် "ဩော် ပန်းသာမောင်မောင်ဟာ ဝေဇယန္တာ အတီးကောင်းတဲ့ ဟို စောင်းသမား ရပ်ကြီးသားကလေးများ ဖြစ်ရင် ကောင်းပါလေရဲ့" ဟု တောင့်တမိလေသည်။ ဖူးစာနတ်သည် အဘယ်ကြောင့် အရိုးအမိုက်မကလေး အုအား သူ မြတ်နိုးသော မောင်ဒေဝနှင့် တွေ့အောင် ကူညီမှိုင်းမခြင်း မပြုဘဲ မတွေ့ချင်သော ပန်းသာမောင်မောင်နှင့်မှ မရှောင်သာသည့် အမြှောင်ကြားသို့ ရောက်အောင် ကြဲဆောင်၍ တမင် ဆင်ဖဲရိုက်ပေးလာသနည်း။ ဘယ်သူ့ကို ဘယ်သူနှင့် ဖူးစာဖက်၍ ပေးရသော် တော်မည်၊ ဘယ်သူ့ကို ဘယ်သူနှင့် ဖူးစာဖက်၍ ပေးရသော် တော်မည် မဟုတ်ဟု ချင့်ချိန်နိုင်သော ဉာဏ်မရှိလျှင်လည်း ဖူးစာနတ်သည် မိမိရာထူးမှ နုတ်ထွက်၍ ပေးသင့်လေသည်။ ယခုကဲ့သို့ သူ့ဖူးစာ မင်ရည်ကျဲနှင့် တောရမ်းတောင်ရမ်း လက်တည့် စမ်း၍ မနေထိုက်။ အကယ်၍ ဖူးစာနတ်သည် နတ်သားမဟုတ်ဘဲ လစားစား အမတ်ကြီးတစ်ဦးသာ ဖြစ်ပါမူ မင်းတိုင်ပင်တစ်ယောက်ယောက်အား ကျေနပ်လောက်အောင် နေ့တွက်ခရီးစရိတ်နှင့် တကွ "ငင်းသုံး" စရိတ်တို့ကိုပါ ပေးပြီးလျှင် အယုံအကြည်မရှိ ဟူသော အဆိုကို အသွင်းခိုင်းဖို့သာ ကောင်းလေတော့သည်။

အုသည် ဘီးမဆင် မှန်မသဘဲ ပိုးတွန့်ပဝါဖြူကို ဖိုးရိုးဖားရားခြုံ၍ သီလယူနေကြသော ပရိသတ်၏ နောက်ဘက်နားမှ ခပ်ယုံ့ယုံ့ကလေး ပုပ်ပန်းလျက် ရှိလေသည်။ သီလယူ ပရိသတ်တို့သည် အုကိုသာ စောင်းမြှောင်းကြည့်ရှု၍ လက်တို့ ခြေတို့ တစ်ဦးနှင့်တစ်ဦး တီးတိုးပြောလျက် နေကြလေသည်။ သူတို့ တိုးတိုး တိုးတိုး သဖန်းပိုး လုပ်နေကြသည်မှာ သူ့အကြောင်းပင်ဖြစ်မှန်း သိသဖြင့် အု စိတ်ထဲ၌ "ဩော်၊ ငါ့နှယ် ယောင်လို့မှ ဥပုသ်စောင့်

လိုက်လာမိတယ်” ဟု နောင်တဖြစ်၍ အိမ်ကိုသာ မြန်မြန် ပြန်ပြေးချင်စိတ် ပေါ်လာလေသည်။

သီလယူပြီးသည်နှင့် တစ်ပြိုင်နက် ဘယ်သူ့ကိုမှ နှုတ်မဆက်ခဲ့ဘဲ အုသည် တစ်ယောက်တည်း အိမ်သို့ အလစ်သုတ်ခဲ့လေသည်။ ထိုအခါမှစ၍ အုသည် နေ့အချိန်တွင် အိမ်ထဲက အိမ်ပြင်သို့ တစ်ခါတည်း မထွက်တော့။ ည ညကျမှသာ အိမ်ဘေးဘက် ဖရုံစင်နှင့် ချဉ်ပေါင်ခြံထဲတွင် ထွက်၍ ဇီးကွက် လုပ်ကာ အညောင်းပြေ အညာပြေ လမ်းလျှောက်လေ့ ရှိသည်။ ယေပင်ကုန်း ရွာသူရွာသားတို့သည် အုကို မမြင်တာ ကြာသဖြင့် မြောက်ကုန်းမြို့ သူ့ဆွေမျိုး လူရတတ်များထံသို့ ပြန်သွားကြပြီဟု မှတ်ထင်ကြလေသည်။

အုမှာ ကဲ့ရဲ့ ခုနစ်ရက်၊ ချီးမွမ်း ခုနစ်ရက် ဆိုသော တရားကို နှလုံးသွင်းနိုင်သူ မဟုတ်။ ကိုယ့်စိတ်နှင့် ကိုယ့်ကိုယ် ထင်သလို နေပါသော်ကောဟုလည်း သဘောမထားနိုင်။ သူပြုမိသော အပြစ်မှာ ဘယ်လိုအပြစ်ဖြစ်သည်ကိုလည်း မစစ်ဆေးတတ်။ ကုန်ရှုံးလျှင် တစ်ခေါက်၊ လင်ကုန်ရှုံးလျှင် တစ်သက်လုံး မှောက်တတ်သည် ဆိုသောစကားကို ဘုရားဟောတရား မှတ်ထင်ပြီးလျှင် လောကတွင် သူ့ထက် အကျင့်ပျက်သောသူ မရှိပြီဟု အောက်မေ့ကာ နှလုံးမသာယာဘဲ ရှိလေသည်။ “မင်းငါးဆက်သွယ်၊ ရှင်ဘို့မယ်၊ နန်းလယ်တင်သည်သာ” ဆိုသော လင်္ကာကို ကြားဖူးပါမူ သူ့စိတ်ကိုသူ အနည်းငယ် ဖြေနိုင်မည်လော မသိ။ စင်စစ်သော်ကား အု၌ အပြစ်ရှိသည်ဆိုမူ သူ့အပြစ်သည် ဘယ်ကဲ့သို့သော အပြစ်မျိုးပေနည်း။ လောကထုံးစံနှင့် ဆန့်ကျင်နေသော အပြစ်ကား မှန်ပါသည်။ သို့သော် ကမ္ဘာနိယာမနှင့် ဆန့်ကျင်သောအပြစ် ဟူ၍ကား မဆိုနိုင်။ သူ့စိတ်ထဲ၌ကား လောကထုံးစံနှင့် ကမ္ဘာနိယာမကို ခွဲခြား၍ မသိရှုံမှုမက အချို့သော သူသူငါငါတို့ကဲ့သို့ လောက၏ထုံးကို ရိုသေမြတ်နိုးသူတစ်ဦး ဖြစ်ရကား၊ သူ့အဖြစ်ကို သူ ယူကျုံးမရနိုင်အောင် ရှိပြီးလျှင် သူ ထိုကဲ့သို့ ဖြစ်ရသည့်အတွက် ကပ်ဆေး

မိုးကြီး ခုနစ်ကြိမ် ရွာပေးမှသာ တစ်လောကလုံး ပြန်၍ သန့်ရှင်းတော့မည် ကဲ့သို့ ထင်မှတ်ကာ "ပူပုံတော်အေး မတွေ့နိုင်" ဘဲ ရှိရာလေသည်။

## အခန်း ၁၃

လောကအလုံးသည် ရပ်တည်၍နေသည် မရှိရကား ပေပင်ကုန်းရွာသို့ အု ပြန်ရောက်လာသော မိုးဥတုသည် အစဉ်အတိုင်း ကုန်မြောက်၍ ဆောင်း ဥတုသို့ ကူးပြောင်းပြီးလျှင် ထိုဆောင်းဥတုလည်း အလှည့်ကျ စုတေ၍ နွေဥတုသို့ ရောက်လေသည်။ ထိုနွေဥတုလည်း မိုး ဆောင်းတို့ကဲ့သို့ပင် တည်မြဲသောသဘော မရှိရကား "တအုံအုံ အခိုးလျှံမီးတွေနှင့်၊ ကဆုန် နယုန် မိုးသံနီး"သောအခါသို့ ရောက်ခဲ့လေသည်။ ထိုအခါကား အုတို့ရွာနေ တစ်ဝိုက်တွင် ယာခုတ်ကြ၊ မီးရှို့ကြနှင့် တောင်သူတို့ အလုပ် စကြသောအခါ ဖြစ်သည့်အတိုင်း ပေပင်ကုန်းရွာ၏ မြောက်ဘက် မနီးမဝေးသော ယာခင်း တစ်ခုတွင် မိန်းမငယ်တစ်ယောက်သည် အမှိုက်များကို စုလိုက်၊ မီးရှို့လိုက် နှင့် အလုပ်များ ရှုပ်ထွေးလျက် ရှိလေသည်။ ထိုမိန်းမငယ်ကား အခြားသူ မဟုတ်၊ အုပင် ဖြစ်သည်။ အနီးအနား ယာခင်းများ၌လည်း အခြားသော ပေပင်ကုန်း ရွာသူရွာသားတို့သည် ကိုယ်စီကိုယ်င ကိုယ့်ယာကို ကိုယ် ရှင်းလင်း သုတ်သင်လျက် ရှိကြလေသည်။ အုသည် အမှိုက်များကို မီးရှို့ နေရင်း တစ်ခါတစ်ခါ ရွာဘက်သို့ လှည့်၍လှည့်၍ မျှော်မိလေသည်။ အချိန် မှာ မွန်းတည့်ခါနီး ဖြစ်သည်။ အတန်ငယ် ကြာသောအခါ တစ်ဆယ့်လေးနှစ် ခန့် အရွယ်ရှိသော အပျိုပေါက်ကလေးတစ်ယောက် တစ်စုံတစ်ခုကို ရင်ခွင် တွင် ပိုက်၍ အု ရှိရာသို့ လာလျက်ရှိလေသည်။ သူနှင့်အတူ ဆယ့်နှစ်နှစ်ရွယ် ခန့် ယောကျ်ားကလေး တစ်ယောက်လည်း အထုပ်ငယ်တစ်ခုကို ဆွဲလျက် ပါလာလေသည်။ ဆယ့်လေးနှစ်ရွယ် လုံမငယ် ပွေ့ချီ၍လာသော အရာမှာ

ခပ်ဝေးဝေးက မြင်ရသောအခါ ယမင်းရုပ်ကလေးနှင့် တူသော်လည်း အမှန်မှာ နို့စို့အရွယ် ကလေးငယ်ကလေး ဖြစ်လေသည်။

'ညည်းတို့ ထမင်းပို့ လာတာ ဒီကနေ့ တယ် နေမြင့်ပါလားဟေ့' ဟု ပြောပြီးလျှင် အုသည် သူ့ညီမထံမှ ကလေးကို လှမ်း၍ ယူလိုက်လေသည်။ မကြေးမြှင်သည် သူ့တူကလေးအား အုဆီသို့ လှမ်း၍ပေးပြီးလျှင် မောင်စိန်းအောင်၏လက်မှ ထမင်းထုပ်ကိုယူ၍ ယာစည်းရိုးအနီးရှိ ဖလံပင်ရိပ်တွင် အု ထမင်းစားရန် ပြင်ပေးလေသည်။ အုသည် မင်းကတော်အဖြစ် မရောက်ရဘဲနှင့် ပန်းသာမောင်မောင်ထံမှ အမြတ်ရခဲ့သော မိမိရင်သွေး၊ ဒေါ်ဘုမ၏ မြေးဦးကလေးကို ယူပြီးလျှင် မိခင်တို့၏ ဝတ္တရားကို ကျေပွန်စွာ ဆောင်ရွက်သောအားဖြင့် ကိုယ်ကျပ်အင်္ကျီကို မရဲတရဲ အသာလှန်ပြီးလျှင် အဖမဲ့ သားကလေးအား နို့တိုက်လေသည်။ အနီးရှိသော ယာခုတ်သမားတို့လည်း အု ရှက်စနိုးဖြစ်မည်စိုး၍ မမြင်ဟန်ပြုပြီးလျှင် နောက်ကျောခိုင်းကာ နေကြလေသည်။

'ဟေ့ ကြည့်ကြပါဦး၊ ကောင်မကလေးက သူ့ကလေးတော့ သူ ချစ်သားပဲ ဟေ့'

'သြော် ဝှက်ထော်နှယ်၊ ပြောမှ ပြောပလေ။ ကိုယ့်ရင်သွေး ကိုယ် မချစ်ဘဲ နေပါ့မလားအေ့။ ညည်းဖြစ်ရင်ကော မချစ်ဘဲ နေမလားလို့'

'ဒုတ်မက ဒီလို မပြောပါနဲ့အေ။ ငါဆိုရင် ဘာ ဒီလို အဖြစ်ခံမလဲ အေ့'

'ဒါတော့အေ၊ ညည်းက ကိုယ်တိုင်ဖြစ်တာ မဟုတ်လို့ ပြောတာပေါ့။ ဒါပေမဲ့ မပြောပါနဲ့အေ။ သူ့ခမျာ သနားပါတယ်'

'ပြောလို့သာ ပြောပါတယ်အေ။ တကယ်ဆိုတော့ ဒီကောင်မလေးမှ ဒီလို ရွေးပြီးတော့ ဖြစ်ရတယ် ဆိုတာ ငါလည်း သနားတာပါပဲ'

ဤသို့ အုနှင့် မလှမ်းမကမ်းတွင် ယာခုတ်၍နေကြသူ တစ်စုထဲမှ မိန်းမ နှစ်ယောက်တို့သည် စကားတင်းဆိုလျက် ရှိကြလေသည်။

ရာပြည့်စာအုပ်တိုက်

အုသည် တစ်နေ့သောအခါတွင် ဖြစ်ပြီးသောအမှုကို ပူနေ၍ အကျိုးမရှိ။ လုပ်စရာရှိသော အလုပ်ကို လုပ်ခြင်းသာ မိမိအကျိုးနှင့် ယှဉ်သည်ဟု စိတ်ကို ပိုင်းဖြတ်လိုက်ပြီးလျှင် ယာထဲသို့ ထွက်၍ အလုပ် လုပ်နေခြင်း ဖြစ်လေသည်။ စင်စစ်သော်ကား လွန်ပြီးသော အမှုသည် လွန်ပြီး ဖြစ်သည်။ လက်ရှိ မဟုတ်။ ပြန်ခေါ်၍လည်း မရ။ ကြာလျှင် ဘာမှ မဖြစ်လေသကဲ့သို့ ပင် မေ့လျော့သွားလိမ့်မည်။ ပို၍ ကြာခဲ့သော် သူကိုယ်တိုင်လည်း သေမင်း နိုင်ငံသို့ ကောက်ကောက်ပါအောင် လိုက်၍ ပျောက်သွားရလိမ့်မည်။ သည် အတောအတွင်း၌ သူ သည်လိုဖြစ်ရသည့်အတွက် အနီးဝန်းကျင်၌ ရှိကြသော သစ်ပင် ဝါးပင်တို့လည်း အစိမ်းအစို ပျက်ကြသည် မဟုတ်။ ပန်းမန် ချုံနွယ် တို့လည်း အဖူးအပွင့် မပျက်။ ကျေးငှက် သာရကာ တမာ ဥဩတို့လည်း ပျော်ရွှင်စွာ မြည်တွန်မြဲ မြည်တွန်လျက် ရှိကြသည်။ နေမင်းကြီးလည်း နေ့စဉ် နေ့စဉ် အထွက်မပျက်။ ကြယ်၊ လ၊ နက္ခတ်တို့လည်း ညဥ့်အခါ ထွက်ပေါ်မြဲ ထွက်ပေါ်ကြသည်။ လောကအလုံးသည် သာယာမြဲ သာယာ လျက် ရှိသည်။ သို့ဖြစ်လျက် သူတစ်ယောက်တည်း ထူးပြီး ပူပင်သောက ရောက်နေသော် အဘယ်မှာ ကောင်းနိုင်အံ့နည်း။ ဤသို့ တွေးတောမိ၍လော၊ သို့မဟုတ် လူ့စိတ်တို့သည် အစဉ်ထာဝရ ဆက်၍ ပူပန်နေခြင်းငှာ မစွမ်း၍ လော မသိ။ အုသည် တဖြည်းဖြည်းနှင့် စိတ်ညစ်ပြေစ ပြုလေသည်။ စိတ် သည် ညစ်တော့မည် ဆိုလျှင်လည်း ညစ်သထက် ညစ်သထက် တိုး၍ တိုး၍ ညစ်ညစ်လာတတ်ပြီးလျှင် မညစ်တော့ဘူး ဆိုလျှင်လည်း တစ်နေ့ တခြား အညစ် ပြေ၍ ပြေ၍ သွားမြဲ ဖြစ်သည်။

နောက်ဆုံးတွင် အုသည် သူ့သားငယ်ကိုသူ လူသူလေးပါးရှေ့၌ အထင်ခံ အမြင်ခံ ချီဝှံစ ပြုလေသည်။ မိန်းကလေးတို့၏ တာဝန်ကြီးတစ်ခု မှာ အရွယ်ရောက်လာသည့်အခါ ကမ္ဘာ၌ လူမျိုး ပြတ်မသွားရအောင် သား သမီး မွေးမြူပေးဖို့ ဖြစ်လေသည်။ အုသည် အရွယ်ရောက်ပြီး မိန်းကလေး တစ်ယောက် ဖြစ်သည့်အတိုင်း သူ့တာဝန်မှာလည်း အခြားမိန်းမတို့၏

နည်းတူ လူမျိုး အဆက်ပြတ်မသွားစေခြင်းငှာ သားသမီး မွေးမြူပေးရန် ဖြစ်သည်။ အုသည် ထိုတာဝန်ကို ရပ်ရွာထုံးစံနှင့် မညီသောနည်းဖြင့် ပြီး မြောက်စေခဲ့လေသည်။ ဤအချက်ကြောင့် အုမှာ စိတ်မကောင်း။ အုသည် သူ့ကိုယ်သူ များစွာ အပြစ်တင်သည်။ အများကလည်း သူ့ကဲ့သို့ပင် အပြစ် တင်ကြဖွယ် ရှိသည်။ သို့ရာတွင် ဓမ္မတာတရားကမူကား အုကို အပြစ်တင် လိမ့်မည် မဟုတ်။ အဘယ်ကြောင့်ဆိုသော် ဓမ္မတာတရားသည် ဘယ်သူနှင့် ဘယ်သူသည် ဘယ်စည်းကမ်းအရ ဘယ်လိုစုံမက်၍ သားသမီး ရစေမှသာ ကမ္ဘာ၏ လူမျိုးမပြတ်ရေး ပြီးမြောက်စေမည်ဟု သတ်မှတ်ထားခြင်း မရှိသော ကြောင့်တည်း။

ကမ္ဘာ၏ မိခင်စိတ်ကို မလွန်ဆန်နိုင်သော အုသည် ပန်းသာ မောင် မောင့် အပေါ်တွင် စိတ်နာ၏ သူ့ရင်သွေးကလေးကိုပင် မချစ်ချင်သလိုလို ဖြစ်သည် ထင်ရသော်လည်း စင်စစ်ကား အားလုံးသော မိခင်တို့၏ ဓမ္မတာ အတိုင်း ချစ်ခင်သည်သာ ဖြစ်လေသည်။ အဘယ်ကြောင့် သိရသနည်းဟူမူ သားငယ်ကို နို့ဝအောင် တိုက်ပြီးသည်နောက် သူ့ရှေ့၌ မှောက်ချိပြီးလျှင် အတော်ကြာကြာကြီး စိုက်၍ ကြည့်နေပြီးသော် အကြိမ်ကြိမ် အဖန်ဖန် အားရပါးရကြီး နမ်းရှုပ်လေသောကြောင့်တည်း။

မကြေးမြင့်နှင့် မောင်စိန်းအောင်တို့ မောင်နှမ နှစ်ယောက်သည် သူတို့ တူကလေးကို နို့တိုက်ပြီးလျှင် အိမ်သို့ ပြန်ကြလေသည်။ အုသည် ယာထဲ၌ လုပ်စရာရှိသော အလုပ်များကို ဆက်ကာ လုပ်ပြီးနောက် ညနေ နွားရိုင်းသွင်းချိန်တွင် ပြန်ခဲ့လေသည်။ အိမ်သို့ ရောက်သောအခါ ယခင်က ရပ်ရွာထုံးစံကို ကျူးလွန်မိ၍ ပူရသော အပ အပူ မဟုတ်ဘဲ ထိုအပူထက် အဆများစွာ ပိုကဲသော နိယာမအပူနှင့် တွေ့ရလေသည်။ ပန်းသာ မောင် မောင်နှင့် ဖြစ်မှားမိသော အပူမှာ ပြကတေ့သဘော အပူ မဟုတ်ဘဲ သူများ ကဲ့ရဲ့မည်စိုး၍ ဖြစ်ရသော အပအပူမျှသာ ဖြစ်လေသည်။ အကယ်၍ အု သည် ကဲ့ရဲ့မေးငေါ့မည့်သူ မရှိသော လူသူမနီးသည့် တောအုပ်ကြီး၌ နေရ

သည် ဖြစ်ပါမူ၊ ပန်းသာမောင်မောင်နှင့် ကျူးလွန်မိခြင်းကို ယခုလောက် စိတ်မကောင်းဖြစ်မည် မဟုတ်။ ထို့ပြင်လည်း အု ဖြစ်ရသည့်အမှုကို တစ်ပါးသော သူတို့ကသာ မကဲ့ရဲ့ကြဘဲနှင့် "ဒါဟာ ဓမ္မတာပဲ၊ မဆန်းပါဘူး" ဟု ဝိုင်း၍ ပြောကြမည် ဆိုသော် အုသည် အလျှင်း ပူချင်မှ ပူချေမည်။ ထိုကြောင့် ထိုအပူကို အပ အပူဟု ဆိုခြင်း ဖြစ်သည်။ သို့ရာတွင် အုသည် မောမောပန်းပန်းနှင့် အိမ်သို့ ပြန်ရောက်သွားသည့်အခါတွင် တွေ့ရသော အပူမှာကား ဓမ္မတာအပူ၊ နိယာမအပူ ဖြစ်လေသောကြောင့် သူတစ်ပါးတို့၏ ထင်မြင်ချက်ကို အမှီပြု၍ ဖြစ်သော သာမညအပူ၊ အပအပူ မဟုတ်ချေ။ ထိုအတွင်းပူ၊ နိယာမပူကား အခြားမဟုတ်။ သူ့နို့စို့သားကလေးသည် ယာထဲမှ အပြန်တွင် နေပူမိ၍ အသည်းအထန် နေမကောင်းဖြစ်နေခြင်းပေတည်း။ သူ့သားငယ် နေမကောင်းဘူးဟု ကြားရသည်နှင့် တစ်ပြိုင်နက် အုမှာ ငယ်ထိပ်ကို အဆိပ်ပြင်းသော မြွေခဲသကဲ့သို့ မျက်လုံးများပင် ပြာ၍ သွားလေသည်။ အုသည် ပန်းသာမောင်မောင်နှင့် မတင့်မတယ် ပေါင်းသင်းခဲ့ရာမှ ရသော ကလေးဖြစ်၍ ရှက်မိခြင်း၊ ကြောက်မိခြင်းတို့သည် တစ်မုဟုတ်ချင်း ပျောက်ကွယ်၍ သွားကြလေသည်။ အဘယ်ကြောင့်ဆိုသော် တိတ်တိတ်ပုန်း ညား၍ရသော သားပင် ဖြစ်ဖြစ်၊ တင့်တောင့်တင့်တယ် လူကြီးစုံရာ၌ တောင်းရမ်းပြီး ညား၍ရသော သားပင်ဖြစ်ဖြစ် မိခင်ဖြစ်သော အုအဖို့တွင် သားမှာ သားပင် ဖြစ်သည်။ "တိတ်တိတ်ပုန်း ရလာခဲ့တဲ့ သားကလေး တစ်ယောက်အတွက် ဒါလောက်ပဲ ဖြစ်နေရသလား၊ ညည်း မရှက်ဘူးလား" ဟု ဘယ်သူကပြောပြော အုသည် နားဝင်လိမ့်မည် မဟုတ်။ မိခင်တို့ မည်သည် တစ်ယောက်တည်းသော သားကို ချစ်ခင်ယုယမြဲအတိုင်း အုသည်လည်း မိုးမမြင် လေမမြင် ချစ်ခင်လေသည်။ "ငါ့ဟာငါ တိတ်တိတ်ပုန်း ဖြစ်မိတာကို ဒင်းက အထုပ်အပိုးနှင့် သက်သေလိုက်ခံပြီး ငါ့အရှက်ကို တမင် ခွဲတယ်" ဟု ယခင်က သူ့သားငယ်အပေါ်တွင် စိတ်ဆိုးမိသလိုလို ဖြစ်ခဲ့ခြင်းတို့လည်း တိမ်ပုပ်ကို လေသုတ်သကဲ့သို့ ပျောက်လေသည်။

ကလေးသည် အရွယ်ကလည်း နု၊ ဥတုကလည်း ပြင်းသောကြောင့် ဆေးကုရဲ ရနိုင်ပုံ မပေါ်။ ဒေါ်ဘုမနှင့် အုတို့သည် သူငယ်နာ အုပ်ဆေး၊ ကျဗဟုံး၊ ချွေးထုတ်ဆေး၊ ဇာတိဝင် စသော ဆေးမြီးတို၊ ဆေးမြီးရှည်တို့ဖြင့် တတ်သမျှ မှတ်သမျှ အမျိုးမျိုး လက်တည့်စမ်းကြလေသည်။ သို့ရာတွင် အု၏မျက်ရှု သားရွှေဥသည်ကား အကဲ့ရဲ့ ရက်စက်သော ဤလူ့ပြည်၌ အရှက်ကွဲခံကာ ဆက်လက်နေလိုသော ဆန္ဒရှိပုံ မရ။ အုသည် သားကလေး မသက်သာသဖြင့် အိပ်ရာထဲတွင် တလူးလူး တလိမ့်လိမ့်နှင့် အိပ်မပျော်နိုင်ဘဲ ရှိလေသည်။ အမိုက်မှောင်တို့သည် ကြောက်ခြင်း၊ မတောက်တခေါက် တွေးတောခြင်း စသည်တို့ကို အားပေးတတ်မြဲ ဖြစ်သည့်အတိုင်း ညဥ့်နက်သန်းခေါင်တိုင်အောင် အိပ်၍ မပျော်နိုင်သော အုအား အမျိုးမျိုး အဖုံဖုံ တွေးတောမိစေလေသည်။

"သြော် ငါ့သားကလေးဟာ ကင်ပွန်းလည်း မတတ်ရသေး၊ နာမည်လည်း မမှည့်ရသေး၊ ကံဆိုး ကံဆိုးနဲ့သာ ပြောင်ခေါ်နေရသေးတယ်။ အခုနယ်များ မတော်လို့၊ ဖွ၊ လွဲလေ ဖယ်လေ၊ သေများသွားရင် ပြီးပါရောနို့ပြီး ရှင်လည်း မပြုရသေးဘူး။ အပါယ်လေးဘုံက တက်ရှာတော့မှာ မဟုတ်ဘူး ထင်ပါရဲ့။ တစ္ဆေပြည် ရောက်သွားလို့ တစ္ဆေမင်းကြီးက ဟဲ့ နင့်အဖေဘယ်သူလဲဆိုရင် ဘယ်လို ပြောရှာပါ့မယ်။ နို့ဆာရှာရင်လည်း ဘယ်သူသွားလို့ တိုက်ပါ့မယ်။ တစ္ဆေများဟာ ထမင်းလုံး တစ်လုံးကိုတောင် နှစ်ယောက် ဦးပဲ့ထမ်းရတယ် ပြောတယ်။ သြော် ငါ့သား ကံဆိုးလေးဆိုရင် ထမင်းလုံးကလေးများ တွေ့ဦးတော့၊ ထမ်းနိုင်ရှာမှာ မဟုတ်ဘူး။ တစ္ဆေပြည်မှာ နို့လည်း စို့ရတော့မှာ မဟုတ်ဘူး။ ပြီးတော့ ညကြီးမင်းကြီးမှာ သရဏဂုံလည်း ဘယ်လို တင်ရပါ့မယ်။ သရဏဂုံ မတင်ရလို့ ငရဲပြည် ရောက်သွားရင် ငရဲခွေးကြီးတွေက အစွယ်ကြီးတွေကလည်း ငှက်ပျောဖူးကြီးတွေလောက်ရှိတယ် ပြောတယ်။ ငါ့သားလေးမှာ ဘယ်မှလဲ ပြေးနိုင်ရှာမှာ မဟုတ်ဘူး။ မြတ်စွာဘုရား၊ တပည့်တော်မမှာ အပြစ်ရှိရင် ပေးချင်တဲ့အပြစ် ပေးတော်မူပါ

ဘုရား။ တပည့်တော်မ ခံပါမယ်။ တပည့်တော်မ သားကလေးကို ချမ်းသာပေးတော်မူပါ ဘုရား” အစ ရှိသဖြင့် အမျိုးမျိုး အတွေးခေါင်ကာ နေလေသည်။ ပေပင်ကုန်းမှ ပန်းသာ ခင်လေးထံသို့ အု သွားရန် ထသော နံနက်လေးနာရီ အချိန်လောက်တွင် ကံဆိုးကလေးသည် အု၏ သားအဖြစ်နှင့်ဆက်ကာ နေရဖို့ ရှက်သည့်အလား ဘဝတစ်ပါးသို့ ပြောင်းသွားရှာလေသည်။ အုသည် ကလေး၏ အလောင်းကို နမ်းကာ ရှုပ်ကာနှင့် သည်းထန်စွာငိုကြွေးလေသည်။ သူ့ညီမနှင့် မောင်လေးတို့လည်း သူနှင့်အတူ ဝိုင်းဝန်းကာငိုကြပြီးနောက် ‘အစ်မကြီး ကျုပ်တို့ဖို့ တူကလေးတစ်ယောက် နောက်ထပ်မွေးပေးပါဦးနော်’ ဟု တောင်းပန်ကြလေသည်။

အုမှာ သူ့ကလေး၏အလောင်းကို သရဏဂုံ မတင်ရဘဲနှင့် မြှုပ်လိုက်ရမည် စိုးသဖြင့် ဘုန်းကြီးသွားပင့်ရ ကောင်းမလား၊ သွားပင့်ပြန်လျှင်လည်း အချိန်မီပါ့မလား၊ အကယ်၍ မီပြန်လျှင်လည်း လှူဖွယ်တန်းရပ် မပါသဖြင့် ဘုန်းကြီးက ပင့်လို ရမှ ရပါ့မလားဟု တွေးတောပြီးနောက် အကြံတစ်ခုရသဖြင့် စိတ်အနည်းငယ် အေးသွားလေသည်။ ထိုအကြံမှာ သူကိုယ်တိုင်ဘုန်းကြီးကိုယ်စား သရဏဂုံတင်ရန် ဖြစ်လေသည်။ အိမ်ထဲတွင် သူ့အမေနှင့်အဖေတို့ မရှိခိုက်တွင် အုသည် ညီမငယ်၊ မောင်ငယ်တို့ကို ခေါ်၍ မိမိတတ်သမျှ မှတ်သမျှ “ပေလင်္ဂတံ ကာလင်္ဂတံ” တို့ကို ရွတ်၍ ကပျာကယာသရဏဂုံတင်လေသည်။ လက်တန်း သရဏဂုံတင်၍ အပြီးတွင် ကလေးငယ်တို့က “အာမဘန္တေ” ကြလေသည်။ ပြီးလျှင် မကြေးမြင်က ‘အမျှ အမျှ အမျှ၊ ယူတော်မူကြပါဗျို့’ ဟု အော်၍ မောင်စိန်းအောင် အမှုးရှိသောကလေးငယ်တို့က သာဓုသုံးကြိမ် ခေါ်ကြလေသည်။ ဤသို့ ရသေ့စိတ်ဖြေသရဏဂုံ တင်လိုက်ရပြီးနောက် အုသည် သူ့သားငယ်ကလေး အပါယ်ကိုရောက်တော့မည် မဟုတ်ဟု ယုံကြည်ကာ သားငယ်၏ အလောင်းကို မြှုပ်နှံသင်္ဂြိုဟ်လိုက်လေသတည်း။

## အခန်း ၁၄

လောကမှာ မမှားဖူးသော ရှေ့နေ၊ မသေဖူးသော ဆေးသမား မရှိ။ ကောင်းစွာ သင်ကြားအပ်သော ရှေ့နေနှင့် ကောင်းစွာ လေ့လာအပ်သော ဆေးသမားတို့ပင် မမှားဘဲ မနေနိုင်ခဲ့သော်၊ အလျှင်း သင်ကြားလေ့လာခြင်း မရှိသော ကျေးတောသူမ အရိုင်းကလေး အုမှာ အဘယ်မှာ မမှားဖူးဘဲ ခံနိုင်အံ့နည်း။ သို့ရာတွင် ရှေ့နေနှင့် ဆေးသမားတို့ မှားသောအခါ သူတို့ကိုယ်တိုင် ဘာမျှ မနစ်နာ။ အမှုသည်နှင့် လူနာတို့မှာသာ နစ်နာလေသည်။ ရှေ့နေသည် သူ မှားသည့်အတွက် အမှုသည်အား ရှေ့နေခ ပြန်၍မပေး။ ဆေးသမားလည်း သူ မှားသည့်အတွက် လူနာ၏ သမားခြေကြွ ဆေးဖိုးဝါးခကို မယူပါဟု မငြင်း။ သို့ဖြစ်ရာ ရှေ့နေနှင့် ဆေးသမားတို့မှာ ဘယ်နှခါပင် မှားသော်လည်း မထောင်းတာ။ သို့ရာတွင် အု၏ အမှားကား ကိုယ်မှားလျှင် ရှေ့နေနှင့် ဆေးသမားတို့၏ အမှားမျိုးကဲ့သို့ သူများခံရမည့် အမှားမျိုး မဟုတ်ဘဲ ကိုယ် မှားလျှင် ကိုယ်သာ ခံရမည့် အမှားမျိုး ဖြစ်ရုံသာမက တစ်ခါမှားလျှင် နောက်နောင်ကို ပြင်၍မရသော အမှားမျိုး ဖြစ်လေသည်။ အုသည် မလိမ္မာ တစ်ခါမိုက်စမြဲမို့ တစ်ခါမိုက်မိပြီးနောက် လိမ္မာ၍ လာလေပြီ။ သို့ရာတွင် လိမ္မာ၍ လာသောအခါတွင် လိမ္မာကျိုးနပ်ဖို့ ဘာမျှ မကျန်တော့သည့်အလား ပြုပြင်၍ မရနိုင်သော အခြေကို တွေးမိတိုင်း ကြေကွဲဖွယ်ပင် ကောင်းလေတော့သည်။

တစ်နေ့သော နံနက်ခင်းတွင် အုသည် ခေါင်းဖြီးရင်းနှင့် သူ့အဖြစ်အပျက်တို့ကို စဉ်းစားမိလေသည်။ လောကတွင် ကိုယ် ကောင်းလျှင် ခေါင်းဘယ်မှ မရွေ့ဘူး ဆိုပါလျက် အဘယ်ကြောင့် သူ့မှာ သူက လျှပ်ပေါ်လော်လည်ရသည် မဟုတ်ဘဲနှင့် ဝဋ္ဋဝန် နတ်ကွန်းမှ ပြန်လာသောညတွင် အပျိုဘဝမှ အအိုဘဝသို့ ရောက်ခဲ့ရလေသနည်း။ နောက်တစ်ဖန် အအိုဘဝသို့ ရောက်ရုံတွင် မနေရသေးဘဲ "ကံဆိုးကလေး"က ထက်ကြပ် လိုက်လာ

ပြီးလျှင် မိခင်ဘဝသို့ရောက်အောင် ပို့ရလေသနည်း။ လောကကြီးသည် တယ်ခက်တဲ့ လောကကြီးပါလား၊ ဘာမျှ ကိုယ် ဖြစ်စေချင်သလို မဖြစ်ပါ ကလား၊ တစ်နေ့တွင်လည်း ဘယ်နေ့ဟု အမှန်ပင် မပြောနိုင်သော်လည်း သူကိုယ်တိုင်ပင် သေရဦးမှာပါလား။ အသည် ဤသို့ စဉ်းစားပြီးလျှင် ထိတ်လန့်ခြင်း များစွာဖြစ်လျက် ရှိုးရှိုးမိုက်မိုက် ကလေးဘဝမှ စဉ်းစား ဆင်ခြင်တတ်သော မိန်းမကြီး ဘဝသို့ ရောက်လေသည်။ သူ၏ အဖြစ် အပျက်၊ အတွေ့အကြုံတို့ မှာ ရပ်ရွာကသာ မကဲ့ရဲ့ဘူးဆိုပါမူ တက္ကသိုလ် ဆရာကြီးထံ၌ ပညာရည်နို့ သောက်စို့ရသည်နှင့်သာ တူပေမည်။

အသည် အိမ်၌ သူ့အမေကို ကူညီလုပ်ကိုင်စရာ ရှိသော အလုပ်၊ ယာထဲ၌ သူ့အဖေကို ကူညီလုပ်ကိုင်စရာရှိသော အလုပ်များကို မနားမနေ လုပ်ကိုင်ပေးခြင်းမှတစ်ပါး ယခင် အပျိုဘဝကကဲ့သို့ အပြင်အပသို့ အလည် အပတ်ထွက်ခြင်း အလျှင်းမရှိသဖြင့် သူ့အကြောင်းကိုပင် ပေပင်ကုန်း ရွာသူ ရွာသားတို့ မေ့စ ပြုလေပြီ။ သို့ရာတွင် သူ့အကြောင်းကို သူများက မေ့နေ ကြပြီ ဖြစ်သော်လည်း သူ့စိတ်ထဲတွင်မူကား အိုးကင်းထဲမှ ချခါစ မုန့် ဖှားသလက်ကဲ့သို့ ပူပူနွေးနွေးပင် ရှိသေးသဖြင့် သူ့အကြောင်းကို သိနေသူတို့ ရှိသောအရပ်တွင် နေနေသမျှ ကာလပတ်လုံး သူ စိတ်ကောင်းနိုင်တော့မည် မဟုတ်သည်ကို သိလေသည်။ သူ့စိတ်ထဲ၌ တဖွားဖွား ဖြစ်ပေါ်နေသော၊ လိပ်ပြာမလုံသော အာရုံတို့သည် ကာလ အတော်ကြီး ရှည်ကြာမှသာ ပျောက်ပနိုင်လိမ့်မည်။ သူ့အကြောင်းကို ဘယ်သူမှ မသိသော အရပ်တွင် မထင်မရှား သွားလာ၍ နေရသော် လောကကြီး၌ မသေခင် ပျော်ပျော်နေရ လိမ့်ဦးမည်ဟုလည်း မျှော်လင့်မိလေသည်။ ယခင်က အဖြစ်အပျက်များကို အကြွင်းမဲ့ ဖျက်ဆီးဖြတ်တောက်ပစ်ခြင်း မပြုဘဲ မေ့လျော့၍ ရနိုင်လိမ့်မည် မဟုတ်။ အကြွင်းမဲ့ ဖျက်ဆီး ဖြတ်တောက်ပစ်ရန်လည်း အဝေးသို့ ပြေးမှသာ ဖြစ်နိုင်မည်။ ပေပင်ကုန်းတွင် ဆက်လက်နေ၍ မကိုက်။ အသည် ဤနည်း ဖြင့် သူ၏ ချက်မြှုပ်ရပ်ရွာကို ချစ်လျက်နှင့် ခွဲရန် ကြံရလေသည်။ သူ့အကြံ

မမြောက်ခင် အတောအတွင်း၌လည်း "အပျိုရည်သည် တစ်ခါပျက်ပြီးလျှင် နောက်ပြန်၍ ကောင်းမလာနိုင်တော့ဘူးလား" ဟုလည်း တစ်ခါတစ်ရံ အောက်မေ့မိသည်။ သက်ရှိဝတ္ထု အားလုံးတို့သည် ပြန်လည် ထူထောင် တတ်သော သဘော ရှိရကား အပျိုရည် တစ်ခုတည်းကျမှ အဘယ်ကြောင့် ပြန်လည် ထူထောင်နိုင်သော သဘော မရှိဘဲ နေလိမ့်အံ့နည်း။ ယခင်က သူ့ဇာတ်လမ်းကို လုံခြုံစွာသော ဖုံးဖိထားနိုင်သည် ဖြစ်ပါမူ ပျက်စီးသော အပျိုရည်ကို ပြန်လည်ထူထောင်၍ ပြချင်သောဆန္ဒပင် ရှိလေသည်။ သို့ရာတွင် ဘူးတစ်ရာ၏ အပေါက်ကို ပိတ်လို့သာ ရနိုင်မည်၊ လူတစ်ယောက်၏ ပါးစပ်ကိုကား ပိတ်ထားဖို့ ခဲယဉ်းစွ။ သူ့အကြောင်းကို သိသူမှာ တစ်ယောက်လည်း မက၊ နှစ်ယောက်လည်း မက။ တစ်ကျိပ်လည်း မက၊ နှစ်ကျိပ်လည်း မက။ တစ်ရပ် တစ်ရွာလုံး ဖြစ်လေသည်။ သို့ဖြစ်ရာ သူ၏ အိုပြီးမှ ပျိုဖို့ အကြံမှာ ရေဆန်လေဆန်တွင် တက်ကျိုးနှင့် လှော်ရမည့် ဝန်တင်လှေကဲ့သို့ များစွာ ခရီးရောက်ဖို့ မရှိသော အကြံလျှော့မွေးမျှသာ ဖြစ်လေသည်။

တန်ဆောင်မုန်းလ သစ်ရည်တက်သော သာယာသည့် အခါသမယတွင် အု၏ စိတ်နှလုံးသည် နီးစပ်ရာ သစ်ပင် ပန်းမန်တို့မှ ဓာတ်ကူး၍ ရွှင်မြူးတက်ကြွလျက် ရှိသည်။ ထိုအခိုက်တွင် ပေပင်ကုန်းမြောက်ဘက် ခရီး သုံးသောင်းလောက် ဝေးသော ရှားပင်စုရွာနေ ဒေါ်ဘုမ၏ သူငယ်ချင်းမ တစ်ယောက်က မြေပဲကောက်လိုက်ရန် အုကို လွှတ်ချင် လွှတ်လိုက်နိုင်သည့် အကြောင်းနှင့် လူကြုံတွင် စာပါးလိုက်လေရာ၊ အုမှာ ရေငတ်တုန်းတွင် ရေတွင်းထဲ ကျလေသည်။ ရှားပင်စုရွာသည် မြောက်ကုန်းမြို့နှင့် ဝေးသည်။ သူ ဝေးစေချင်သလောက် မဝေးသော်လည်း တော်တော်တော့ ဝေးသည်။ မြောက်ကုန်းက အကြောင်းကို ရှားပင်စုဆီက သိနိုင်မည် မဟုတ်။ ပို၍ ထင်ရှားသူတို့၏ သတင်းသည် ပို၍ ကျယ်ပြန့်စွာ နှံ့ပျံ့သော်လည်း၊ အုကဲ့သို့ မထင်ရှားသော ကျေးတောသူမကလေး၏ သတင်းမှာ သူ နေသောရွာ

တောင်တံခါးနှင့် မြောက်တံခါး အတွင်း၌ ဟိုးလေးတကျော် ဖြစ်သော်လည်း ရွှာပြင်ထွက်မိသည်နှင့် တစ်ပြိုင်နက် ပျောက်ပျက်လေတော့သည်။

ရှားပင်စုသို့ မြေပဲကောက်လိုက်မည့် အုသည် ယခင် ပန်းသာခင်လေး ထံသို့ ဆွေမျိုးစပ် သွားသည့် ပန်းသာမြို့စား အဆက်ဝင် အု မဟုတ်တော့ဘဲ အသစ် အု၊ ဆင်းရဲသူမ အု သာ ဖြစ်လေသည်။ အုသည် ပန်းသာဆက် “ဆပ်ပြာပူဖောင်း” များနှင့် မှတ်၍ ကစားချင်သောစိတ် မရှိတော့ချေ။ အရိပ်ပြလျှင် အကောင်ထင်သော ပန်းသာမြို့စားကတော် ဒေါ်ဘုမသည် သူ့သမီး စိတ်ထဲတွင် ဘယ်လို ဖြစ်နေသည်ကို သိသဖြင့် ပန်းသာဆက် အကြောင်းနှင့် စပ်၍ ရိပ်ကာသီကာတောင် လေသံမပစ်တော့ချေ။ “မိဘ စကား နားမထောင် သားတစ်ကောင်နှင့် တိုးလိုးတွဲလဲ” ဆိုသော အကြောင်း၊ “မိဘစကား နားထောင်ပြီးက သံပြားကျောက်စောင်း ကျိုသော် ပြောင်း သည်” ဆိုသော အကြောင်းနှင့်တကွ “ဘုမတို့ တွေးကြည့်လျှင် ပြေးကြည့် သထက် မှန်ပါသေးသည်” စသော အကြောင်းများကိုလည်း အာပေါင် အာရင်း သန်သန်နှင့် တစ်ဆင့်ခံ နိုင်ငံရေး တရားဟောဆရာ လက်သစ် ပေါက်စကဲ့သို့ ဝါစေ့ ဆိတ်မဝါးတော့ချေ။

အုသည် ဆွေမျိုးအစပ် မှားမိ၍ ပန်းသာဆက်ကိုပင် စိတ်နာသလိုလို ဖြစ်သော်လည်း၊ စင်စစ်သော်ကား သူ၏ အပစိတ်နှင့် အတွင်းစိတ်မှာ အဆီ အငေါ် မတည့်ကြချေ။ အဘယ်ကြောင့်ဆိုသော် ရှားပင်စုသို့ မြေပဲကောက် လိုက်ခြင်း၏ အကြောင်းရင်း တစ်ရပ်မှာ ထိုရှားပင်စုသည် မူလ ပန်းသာ မြို့နှင့် နီးစပ်စွာ တည်ရှိခြင်းကြောင့်တည်း။ လောကတွင် လူတို့သည် ယေဘုယျအားဖြင့် ရှေ့နောက် ညီခဲသည်။ အုသည်လည်း ယေဘုယျထဲကပင် ဖြစ်သည်။ ပန်းသာမြို့ဘက်သို့ အကယ်၍ ရောက်၍များ သွားပါချေသော် ပန်းသာ အဆက်ဝင်တို့သာ သိဃ်ါပြည်ကြီး ပျက်သကဲ့သို့ ပျက်စီးခြင်းသို့ ရောက်ကြရသည် မဟုတ်။ ပန်းသာဆက် အကြွင်းအကျန် နောက်ဆွယ် ဖြစ်သော သူ့ခမျာ ကိုယ်တိုင်လည်း ရေတိမ်တွင် နစ်ခဲ့ရသည့် အကြောင်း

ဘို့ကို ဆင်ခြင် သုံးသပ်နိုင်လိမ့်မည်ဟု အောက်မေ့လျက် ရှိလေသည်။ ဆို့ပြင် သူတို့ ပန်းသာဆက်များ နေရင်းရပ်ရွာသို့ ရောက်လျှင် သူ့အဖို့ တစ်ခုခု ထူးခြားလိမ့်ဦးမည် ဟူ၍လည်း တောရမ်းပယ်ဖွဲ့ မျှော်လင့်လျက် ရှိလေသည်။ အု၏ စိတ်ဓာတ်အလျဉ်သည် ပန်းသာသောင်ပိတ်၍ တစ်ခဏ တာမျှ ရပ်တန့် ဟန့်ဆီးခြင်းနှင့် တွေ့ကြုံခဲ့သော်လည်း စင်စစ်အားဖြင့် အရွယ်၏ ပျိုမျစ်ခြင်း မကုန်သေးသောကြောင့် ရှေ့သို့ဆက်၍ စီးမြဲစီးကာ ပျော်ရွှင်ခြင်း၏ အရသာကို ခံလိုသော နိယာမသဘော ပေါ်ပေါက်လျက် ရှိသည်မှာ ပတ်လည်ဝန်းကျင် သစ်ပင်နွယ်ပင်တို့တွင် ရာသီလိုက် တက်လျက် ရှိသော သစ်ရည်တို့ကပင် အရှုံးပေးရမလောက် ရှိလေသည်။

## အခန်း ၁၅

ဒုတိယအကြိမ် သူ့မိဘများထံမှ ထွက်ခွာလာခဲ့သော အခါသည်ကား မြောက်ကုန်းမြို့မှ ပြန်လာခဲ့ပြီးနောက် သုံးနှစ်ခန့် ကြာသောအခါ ဖြစ်သည်။ ထိုအခါ သူ့အသက်မှာ ၁၉ နှစ်၊ ၂၀ ခန့် ရှိပြီ။ လှတုန်းပတုန်း အရွယ်တက်တုန်း အခါဖြစ်၍ အလွန်တရာ ကြည့်၍ကောင်းသည်။

ရှားပင်စုရွာသည် ရိုးမ တောင်ခြေတွင် ရှိ၍ ပတ်ပတ်လည်တွင် ခင်တန်း ကုန်းတန်းများဖြင့် ဝန်းရံလျက်ရှိသည်။ ရွာသူရွာသားတို့သည် နှမ်းအလုပ်၊ မြေပဲအလုပ်ဖြင့် အသက်မွေးကြသည်။ အချို့ ဝါစိုက်သူများလည်း စိုက်ကြသည်။ ကျောင်းဒကာ ဦးထွန်းဘော်နှင့် ကျောင်းအမ ဒေါ်အေးမယ်တို့သည် ငွေကြေး အတော်တောင့်တင်း၍ နှမ်းနှင့် မြေပဲအလုပ်ကို အကြီးအကျယ် လုပ်ပြီးလျှင်၊ နှမ်းဆီနှင့် မြေပဲဆီများကို အရှေ့ဘက်သို့ ပို့၍ အရှေ့ဘက်မှ လက်ဖက်၊ ရှမ်းဖက်ခေါ် သနပ်ဖက်၊ ကြံသကာ စသော ရှမ်းကုန်များကို ယူဆောင် ရောင်းချလေသည်။ အရှေ့ဘက် ဆိုသည်မှာ

ရမည်းသင်း၊ ပျော်ဘွယ်မြို့ကို ပဲခူးရိုးမ၏ အနောက်ဘက်တွင် နေ့ထိုင်သူတို့က ခေါ်ကြသော အမည် ဖြစ်သည်။ ဒေါ်အေးမယ်သည် ယခင်တုန်းက ဒေါ်ဘုမနှင့် ကောက်စိုက်ဖော် နွားကျောင်းဖက် ဖြစ်သည်။ ဒေါ်အေးမယ်ကို အနှင့်တကွသော ယောကျ်ား၊ မိန်းမ လုပ်သားတို့က "ဒွေးလေးမယ်" ဟု ခေါ်ကြသည်။ ဒွေးလေးမယ်တို့အိမ်တွင် အနှင့် မတိမ်းမယိမ်းအရွယ် အခြားမိန်းမလုပ်သား လေးငါးယောက် ရှိသည်။ အချို့ လုပ်သားများသည် အလုပ်ချိန် ကုန်သောအခါ ကိုယ့်အိမ်ကိုယ် ပြန်အိပ်ကြသည်။ အနှင့် အခြားမိန်းကလေး သုံးယောက်မှာ အိမ်အနောက်ဘက်က တင်းကုပ်ကြီးထဲတွင် မြောက်ဘက်အဆွယ်၌ အခန်းကာ၍ နေကြသည်။ တင်းကုပ်ကြီး၏ တောင်ဘက်အဆွယ်တွင် သူတစ်ယောက်တည်း အခန်းကာ၍ နေသော ရပ်ကြီးသားလုလင်ပျိုတစ်ယောက် ရှိသည်။ အုတို့ အလုပ်မှာ မြေပဲခင်းသို့ ရောက်သောအခါ မြေပဲကောက်ရသည်။ အိမ်၌ နေသည့်အခါ နွားစာကျွေးခြင်း၊ နွားစာပြောင်းရိုးစဉ်းခြင်း၊ နွားစာ နှမ်းဖတ်စိမ်ခြင်း (သူတို့အရပ်တွင် နှမ်းဖတ်ကို နဘတ်ဟု ခေါ်သည်)၊ ဆီဆုံမောင်းခြင်း၊ ရွာတောင်ဘက်က ချောင်းထဲရှိ လက်ယက်တွင်းများတွင် ရေခပ်ခြင်း စသည်တို့ ဖြစ်သည်။ အုသည် ရှားပင်စုရောက်သောအခါ သူ့အကြောင်းကို သိသူ မရှိသဖြင့် လိပ်ပြာလုံခြင်းကြောင့် ဘစ်ကြောင်း၊ ထိုရွာ၏ ပြကတေ့ သာယာပျော်မွေ့ဖွယ် ကောင်းခြင်းကြောင့် တစ်ကြောင်း ပျော်ရွှင် ချမ်းမြေ့သောစိတ် ပေါ်လျက် "တကယ်ဆိုတော့ လောကကြီးဟာ အင်မတန် နေချင်စရာကောင်းသော လောကကြီးပါလား" ဟု အောက်မေ့မိလေသည်။ နတ်များ၊ သိကြားများ ကြွားဝါနေသော နန္ဒဝန် ဥယျာဉ်တော်ပင် ဤလူ့ဘောင်လောက် ပျော်ရွှင်ဖွယ် ကောင်းလိမ့်မည် မဟုတ်ဟု ထင်မိလေသည်။ စင်စစ်သော်ကား ရှားပင်စုရွာသည် ညို့ညို့မှိုင်းမှိုင်း ဆိုင်းဆိုင်းဝေဝေ ရှိသော ရိုးမတောင်တန်းများကို နောက်ခံပြုလျက် အနီးပတ်ဝန်းကျင်ရှိ ခင်တန်း၊ ကုန်းတန်းတို့လည်း သန်း၊ ဒဟတ်၊ သမုန်း၊ ကုက္ကို စသော သစ်ပင်မျိုးတို့ဖြင့် ဝေဝေဆာဆာ တန်ဆာဆင်လျက် ရှိပြီးလျှင်

ချိုးသံ၊ ခါသံ၊ ငှက်သံတို့ဖြင့်လည်း တစ်ရံမဆိတ် ဖြစ်လေသောကြောင့် စိတ်နှလုံး ချမ်းမြေ့ကြည်နူးဖွယ် ကောင်းသည်သာ ဖြစ်သည်။ တောင်ကုန်း ချိုင့်ဝှမ်း စသည်တို့တွင် အထက် တက်တုံ၊ အောက် သက်တုံဖြင့် ဥဒဟို တိုက်ခတ်လျက်ရှိသော လေစိမ်း လေသန့်ကလေးများကို ရှူရှိုက်ရခြင်းသည် လည်း ကိုယ်ကိုသာ ကျန်းမာသန်စွမ်းစေသည် မဟုတ်ဘဲ စိတ်နှလုံးကိုလည်း ကြည်လင် ရွှင်ပြုံးစေလေသည်။ သို့ဖြစ်ရာ ဘုန်းကြီးကြိုက်၊ မင်းကြိုက်၊ ကာလသားများနှင့် လားလားမျှ မထိုက်သော အရွယ်ကောင်းတုန်း ဖြစ်သည့် သက်ရှိ လောကကြီး၏ အစိတ်အပိုင်း တစ်စုဖြစ်သော အုမှာ လောက၌ ဆက်လက်၍ ပျော်ပျော်ကြီး နေလိုသောဆန္ဒ ပေါ်ပေါက်လာမည် ဆိုသော် အံ့သြဖွယ် မဟုတ်။

အုသည် သူ့အဖော် မငွေခင်၊ မရွှေမှုံ၊ မနန်းစိန်တို့နှင့် နံနက် လေး နာရီလောက်တွင် အိပ်ရာကထ၍ နေပူခံနိုင်စေရန် သနပ်ခါးကို ထူထူကြီး ဘဲကျားရိုက်ပြီးလျှင် တင်းတိမ်စတစ်ခုကို ခေါင်းပေါင်းလျက် မြေပဲကောက် ရန် လိုအပ်သော တောင်း၊ ပလုံး စသည်တို့ကို ယူ၍ ဝေလီဝေလင်း အချိန် တွင် မြေပဲခင်းသို့ သွားလေသည်။ တောလမ်းတွင် မည်သူမျှ ကဲ့ရဲ့ချုပ်ချယ် မည့်သူ မရှိသဖြင့် စိတ်ပျော်လျှင် ပျော်လိုက်၊ သီချင်းများကို တကြော်ကြော် ဟစ်အော်၍ ဆိုကြလေသည်။

အုတို့နှင့် တစ်တင်းကုပ်ထဲနေသော ရပ်ကြီးသား လုလင်ပျိုသည် ကျောင်းဒကာ ဦးထွန်းဘော်တို့နှင့်အတူ နံနက် နေထွက်တစ်ပြုလောက်တွင် မြေပဲခင်းသို့ လိုက်၍လာပြီးလျှင် သူကိုယ်တိုင် မြေပဲကောက်သည့်အခါတွင် ကောက်၍ တစ်ခါတစ်ရံ တစ်စုံတစ်ခုသော အကြံရှိသည့်အလား မြေပဲခင်း ကို လည်းကောင်း၊ မြေပဲကောက်သူများ မည်ကဲ့သို့ ကောက်ကြသည်ကို လည်းကောင်း၊ တစ်ယောက် တစ်ယောက် မည်မျှလောက် ရအောင် ကောက် နိုင်ကြသည်ကို လည်းကောင်း စေ့စပ်စွာ လိုက်၍ ကြည့်တတ်လေသည်။ ထိုလုလင်ပျိုသည် မိန်းကလေးများနှင့် အရောတဝင် ပြုလုပ်လေ့ မရှိ။ ဘာသိ

ဘာသာ နေလေ့ရှိသည်။ အုသည် ရှားပင်စု ရောက်သည့် အချိန်ကစ၍ မိုးမလင်းမီ အိမ်ကထွက်လာ၍၊ ညလည်း နေဝင်ရီတာရော အချိန်မှ ပြန်ရသော ကြောင့် ထိုလုလင်ပျို၏ ရုပ်ရည်ပုံပန်းကို တစ်ခါမျှ ကောင်းစွာ မမြင်ရချေ။ တစ်နေ့သောအခါ အုသည် မြေပဲကောက်နေရင်း ရေငတ်သဖြင့် ဆီးပင် အောက်တွင် ထားသော ရေဘူးထဲမှ ရေသောက်ရန် သွားသောအခါ ထို လုလင်ပျိုသည် မနီးမဝေး နဘူးချုံစပ် အရိပ်ကလေး၌ စာဖတ်လျက်နေသည် ကို တွေ့ရလေသည်။ ထိုအခါ အုမှာ မျက်စိမျက်နှာ ပျက်၍ သွားလေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုရုပ်ကြီးသား လုလင်ပျိုကို ဘယ်တုန်းကဟု အသေအချာ မပြောနိုင်သော်လည်း ယခင်က တွေ့မြင်ဖူးသလိုလို ရှိသော ကြောင့်တည်း။ "ဒီလူ့မျက်နှာကို ငါ မြင်ဖူးပါတယ်။ ဘယ်တုန်းက မြင်ဖူး ပါလိမ့်မယ်" ဟု ဟိုဘက်က လှည့်တွေး၊ သည်ဘက်က လှည့်တွေး တွေး လေရာ နောက်ဆုံးတွင် သတိရလေသည်။ ထိုလုလင်ပျိုမှာ အခြားသူ မဟုတ်။ ပန်းသာခင်လေးထံ ဆွေမျိုးစပ် မသွားခင် ပေပင်ကုန်းရွာ တောင် ကျောင်းသို့ အလှူလှည့် လိုက်စဉ်က မျက်စိတစ်မှိတ်လောက် အတွင်းတွင် သူနှင့် မျက်စိကြိုက် ကြိုက်ဖူးသော "အချစ်ဦး" စောင်းဆရာ မောင်ဒေဝပင် ဖြစ်လေသည်။

"ဟိုက်၊ တစ်ခါဖြင့် ကိုယ်ကျိုးနည်းပြီ။ ငါ့အကြောင်းကို သူ သိကုန် တော့မှာပဲ" ဟု တွေးတောမိပြီးလျှင် အုမှာ များစွာ စိတ်မချမ်းမသာ ဖြစ်မိ လေသည်။ မျက်စိပျက်ပျက်၊ မျက်နှာပျက်ပျက် ဖြစ်နေသောကြောင့် သူ့ အဖော်များကပင် ရိပ်မိ၍ 'ဟေ့ ကောင်မ၊ ညည်း ဘာဖြစ်လာတာလဲအေ့။ ညည်းမျက်နှာ ကြည့်ရတာ မကောင်းပါဘူး' ဟု ဝိုင်း၍ မေးကြလေသည်။ 'ဘာမှ မဖြစ်ပါဘူးအေ၊ နေပူလို့ ခေါင်းထဲက မူးလွန်းလို့ပါ' ဟု အုက လိမ်ပြောလေသည်။

အုသည် သူ့စိတ်ထဲက အိုးမလုံ အုံပွင့်၍ နေသော်လည်း မောင်ဒေဝ

ကမှ သူ့ကို အလျှင်း မှတ်မိပုံ မရသဖြင့် အနည်းငယ် စိတ်သက်သာရာ ရလေသည်။

အုသည် နောက်ဆုံး၌ သူ တွေ့ချင်သောသူနှင့် သူ တွေ့ရလေပြီ။ တွေ့ပုံကား လွမ်းလောက်ပါသည်။ သို့ရာတွင် အချိန်ကား နှောင်းလေပြီ။ အဘယ့်ကြောင့် အချိန်မနှောင်းခင်က ဤတွေ့ချင်သောသူနှင့် မတွေ့ရလေသနည်း။ မြောက်ကုန်းမြို့သို့ မရောက်ဖူးမီကသာ ယခုကဲ့သို့များ မောင်ဒေဝနှင့် တွေ့လိုက်ရမည်ဆိုသော် အတိုင်းထက်အလွန် တံခွန်နှင့် ကုက္ကားပင်ဖြစ်လိမ့်မည်။ ကောင်းဖို့အချိန်တွင် အကောင်းဖြစ်နိုင်မည့်သူနှင့် လွဲခဲ့ရ၍ ပဥ္စငါးပါး ခရီးလွန်ကုန်သော အခါကျမှ အကောင်းဖြစ်နိုင်မည့်သူကို လာ၍ တွေ့ရခြင်းကား ဖူးစာနတ်သည် အုကို လှောင်ခြင်းနှင့် တူသည်။ ဖူးစာနတ်သည် အကျိုးစား သန်လွန်းလှလေစွ။

အုသည် မောင်ဒေဝ အကြောင်းနှင့် ပတ်သက်၍ မေးမြန်းစုံစမ်းခြင်း မပြုဘဲ အမှုမဲ့ အမှတ်မဲ့ နေနိုင်သမျှ ကြိုးစား၍ နေလေသည်။ သူက နေနိုင်သော်လည်း သူနှင့် တစ်ခန်းတည်း အိပ်ဖော် မနန်းစိန်က မနေနိုင်။ တစ်ညသောအခါ အုသည် မောမောနှင့် စောစော အိပ်ရာဝင်လေသည်။ အိပ်ပျော်တော့မည်ကဲ့သို့ မှေးမှေး မှေးမှေး ဖြစ်နေခိုက်တွင် မနန်းစိန်က 'ဟော့ကောင်မအု၊ အိပ်ပလားအေ့။ အစောကြီး ရှိသေးတာပဲ' ဟု နှိုးပြီးလျှင် မောင်ဒေဝ အကြောင်းတို့ကို လယ်ကတွတ်က ရေလွှတ်သကဲ့သို့ တတွတ်တွတ် ပြောလေသည်။ ထိုအခိုက်တွင် အခြား အဖော်နှစ်ယောက်မှာ အိပ်ပျော်ကြလေပြီဖြစ်သဖြင့် မောင်ဒေဝ တရား မနာလိုက်ကြရ။

'ဟော့ ကောင်မ၊ ညည်း ကိုဒေဝ အကြောင်းကို သိလားအေ့'

'မသိပါဘူးအေ။ ညည်းတို့ပြောမှ သိမှာပေါ့အေ့။ သူက ရပ်ကြီးမှာ အေးအေးဆေးဆေး မနေဘဲ ဘာလို့များ ဒီတောကြီး တောင်ကြီးထဲလာပြီး အဆင်းရဲ ခံနေရမှန်း မသိဘူး။ ပေါက်ပေါက်ရှာရှာ ရှိလိုက်တာ'

'သူ ဒီ လာနေတာက ဒီလိုအေရဲ့။ သူ့အဖေက ဟို မြို့လှက

ကမ္ဘာ့ဗွာန်းဆရာကြီး ဦးဖိုးဒင်တဲ့အေ့။ ငွေစလေး ဘာလေး နည်းနည်းပါးပါး ရှိတယ်။ သူ့မယ် သား ၃ ယောက် ရှိတယ်အေ့။ အဲဒီ သား ၃ ယောက်ထဲမယ် တို့ ကိုဒေဝက အငယ်ဆုံးတဲ့ အေ့'

'ညည့်း ကိုဒေဝပါတော်၊ ငါ့တော့ ဆွဲမထည့်ပါနဲ့'

'အေးပါအေ၊ ငါ့ ကိုဒေဝပဲ ထားလိုက်ပါတော့။ ဒီလိုဆိုတော့ ငါက ဝမ်းနည်းသွားပါဦးမယ်။ သူ့အစ်ကို အကြီးဆုံးက ကိုမာဃတဲ့ အေရဲ့။ အခု ဘူအေ ဆိုလား ဘာလား မသိပါဘူးအေ၊ အောင်ပြီးလို့ မြို့အုပ် ဖြစ်သွား ပြီတဲ့ အေ့'

'ဘီအေ ဖြစ်ပါလိမ့်မယ် အေ'

'အေး အေး ဟုတ်တယ်။ ဘီအေတဲ့၊ ဘီအေတဲ့။ အဲဒါ အောင်ပြီးလို့ မြို့အုပ် ဖြစ်သွားပြီတဲ့ အေရဲ့။ သူ့အစ်ကိုလတ် ကိုသူရကတော့ ဒီနှစ်မှ ဘီအေ အောင်မတဲ့ အေ့။ သူတို့ ရန်ကုန် ကုလားကျောင်းမှာ နေသတဲ့'

'အင်္ဂလိပ်ကျောင်း ဖြစ်ပါလိမ့်မယ် နန်းစိန်ရဲ့'

'ကုလားလည်း အင်္ဂလိပ်၊ အင်္ဂလိပ်လည်း ကုလားပေါ့ အေရဲ့၊ ညည်းကလဲ။ ကိုဒေဝကတော့ သူက မြို့အုပ်တွေ ဘာတွေလည်း မလုပ်ချင် ဘူးတဲ့။ ဘီအေတွေ ဘာတွေ မအောင်ချင်ဘူးတဲ့။ မြေပဲတွေ နှမ်းတွေကြီးပြီး သူဌေးဖြစ်အောင် လုပ်ချင်သတဲ့အေ့။ ဒါနဲ့ သူအဖေကလည်း "ဒါဖြင့်လည်း မင်းသဘောပဲ" လို့ ဆိုပြီး တို့ဆီမှာ နှမ်းကြီးနည်း၊ မြေပဲကြီးနည်း၊ နှမ်း သိမ်းနည်း၊ မြေပဲကောက်နည်း၊ ဆီပွတ်နည်း အစုံပေါ့အေ့။ အဲဒါတွေကို သေသေချာချာ နားလည်အောင် လာသင်နေတာတဲ့ အေရဲ့။ သူက ရပ်ကြီး သားလည်း ဖြစ်ပြန်၊ လူရတတ်ထဲကလည်း ဖြစ်တော့ ဒွေးလေးမယ်တို့ ကလည်း သူ့ကို သိပ်အရေးပေးတယ်အေ့။ ကိုဒေဝက ဗျပ်စောင်းတီးလည်း တယ်ကောင်းတယ် အေရဲ့။ ညည်း ရောက်မှ တစ်ခါမှ မတီးသေးဘူးနော်။ ဟော့ကောင်မ အိပ်ပလား အေ့။ ပြောတာမှ မဆုံးသေးဘူး'

'မအိပ်သေးပါဘူးအေ၊ နားထောင်နေပါတယ်။ ပြောမှာသာ ဆက် ပြောပါ'

'သူ တန်ခူး လကုန်လောက်ကို ပြန်မယ် ပြောတယ်အေ့။ ပြန်ရင် သူတို့ရပ်ကြီးကို လိုက်လည်ရရင် ကောင်းမှာပဲနော်။ ဟေ့ကောင်မ၊ ညည်း ကော လိုက်မလည်ချင်ဘူးလား'

'ညည်းသာ လိုက်လည်ပါအေ။ ငါတော့ တောသူမပီပီ တောမှာပဲ နေချင်ပါတယ်။ ရပ်ကြီး မြို့ကြီးနဲ့ တို့လိုဟာနဲ့ မတော်ပါဘူး'

'တော်တော် မတော်တော်အေ။ အလကား လိုက်ရတယ်ဆို နည်း သလား အေရဲ့။ ရန်ကုန်တို့ မန္တလေးတို့ လိုက်ပို့စမ်းပါ ဆိုရင် ဘုရားလည်း ဖူးရရော မဟုတ်လားအေ့'

'ညည်းက ဘုရားလည်းဖူးရင်း လိပ်ဥလည်း တူးချင်သေးတယ် ထင်တယ်'

'ဒါတော့အေ၊ သာဘော ညာတမိ၊ ဘာပြောစရာ ရှိမလဲ။ ငါကတော့ ရရင်တော့ အချိုင်ချည်းပေါ့အေ။ ကိုယ်က ဘာရှုံးတာလိုက်လို့'

'တော်တော်ကြာတော့ ညည်း ဟိုဒင်းဖြစ်လာမှ ဟုတ်ပေ့ ဖြစ်နေ မယ်။ ရပ်ကြီးသားတွေက ကြောက်စရာ ကောင်းတယ်အေ့'

'ညည်းကို ဘယ်သူကပြောလို့ ညည်းက ရပ်ကြီးသားတွေအကြောင်း သိနေရတာလဲ အေရဲ့။ ညည်းက စာတွေ့လား၊ ငါတွေ့လား'

'ဒီလိုပေါ့အေ၊ သူပြော လူပြောနဲ့ ပြောရတာပေါ့အေရဲ့'

'ညည်းဟာ ပြောသံကြားနဲ့ဆိုရင် မဟန်သေးပါဘူးအေ။ ငါပြန်လာ အောင် စောင့်ပါဦး။ သည်တော့ ရပ်ကြီးသားဆိုတာ ဘာလဲ ဆိုတဲ့အကြောင်း ငါ ပြောပြပါမယ်'

သောင်မြစ်ကို ဆက်၍တူးလျှင် ပုတ်သင်ဥ ပေါ်တော့မည် စိုးသဖြင့် အုသည် ရပ်ကြီးသားအကြောင်းကို ဌီကာ ဆက်၍ မဖွင့်နိုင်ဘဲ ရှိလေ သည်။

ထိုနောက် အုနှင့် မနန်းစိန်တို့သည် မငွေခင်၊ မရွှေမှုံတို့နည်းတူ ပင်ပန်းသော တောသူမကလေးတို့၏ ဓမ္မတာအတိုင်း တခူးခူးနှင့် နှစ်ခြိုက်

စွာ အိပ်ပျော်ကြလေသည်။ ထိုညတွင် သူတို့နှစ်ယောက် ဘယ်လို အိပ်မက်များ မြင်မက်ကြသည်ကိုကား မှတ်တမ်းတင်ထားခြင်း မရှိ၍ မသိရ။

## အခန်း ၁၆

မောင်ဒေဝသည် "ခွကျ" သော လုလင်ပျိုတစ်ဦး ဖြစ်သည်။ (အများလုပ်သော အလုပ်ကို မလုပ်သောသူမှာ "ခွကျ" သူ ဖြစ်သည်။) သူ့စိတ်တွင် ဂုဏ်ပကာသနကို လုံးလုံး အလိုမရှိ။ ဂုဏ်ပကာသနကို လိုလားသူတို့ အဖို့တွင် မင်းအာဏာကို ဝေစုဝင်၍ ယူရခြင်းဖြစ်သော မြို့အုပ်၊ ဝန်ထောက်လုပ်ရခြင်းထက် မင်္ဂလာရှိသော အလုပ် မရှိ။ မင်းအာဏာကို ဝေစုဝင်၍ ယူနိုင်သူတို့မှာ ဂုဏ်ပကာသန သက်သက်ကိုသာ ရကြသည် မဟုတ်။ ငွေစလည်း ကောင်းစွာ ရကြလေသည်။ ထိုကဲ့သို့ ငွေစလည်း ရကြောင်း၊ ပကာသနလည်း ရကြောင်း ဖြစ်၍ စွယ်စုံကောင်းသော အလုပ်ကို မလုပ်ချင်သော သူမှ "ခွကျ" သူ မဟုတ်လျှင် လောကတွင် အဘယ်မှာ "ခွကျ" သူ ရှိတော့အံ့နည်း။ ဤသို့ ဂုဏ်ပကာသနနှင့် ငွေစကိုသာ ကိုးကွယ်ရာဟု မှတ်ယူကြသူတို့သည် ယုံကြည်ကြကုန်သည်။ မြို့အုပ်မင်း ဦးမာဃနှင့် မြို့အုပ်လောင်း ကိုသူရတို့သည် သူတို့၏ နောက်ဆုံးမွေးသော ညီထွေး မောင်ဒေဝကို ကောင်းစွာ "ခွကျ" သူ တစ်ဦး ဖြစ်သည်ဟု အသိအမှတ် ပြုကြလေသည်။ သို့ရာတွင် သူတို့၏ မွေးသဖခင် ဦးဖြိုးဒင်ကမူ လောကတွင် ဂုဏ်ပကာသနကို လုံးလုံး ပစ်ပယ်၍ မဖြစ်သော်လည်း ဂုဏ်ပကာသန တစ်ခုတည်းကိုလည်း ကောဓမ္မောထား၍ မဖြစ်သည်ကို ဟုတ်မှန်သည့်အတိုင်း ဆင်ခြင်မိလေသည်။ သို့ဖြစ်ရာ မောင်ဒေဝ လုပ်ပုံကိုင်ပုံကို ဘာမျှ ပြစ်တင်ရှုတ်ချခြင်း မပြုချေ။ 'ငါ့သား ကြိုက်သလိုသာ လုပ်။ အဖေ တတ်နိုင်သမျှ ကူညီစောင့်ရှောက်မယ်' ဟု အေးဆေးစွာ ပြောကာ ဦးဖြိုးဒင်သည်

ရာပြည့်စာအုပ်တိုက်

သားထွေး မောင်ဒေဝအား နှစ်သိမ့်စေလေသည်။ မောင်ဒေဝ၏ အစ်ကို နှစ်ယောက်တို့သည် မောင်ဒေဝကို အထင်သေးကြသည်။ မောင်ဒေဝက လည်း အပြန်အလှန် သဘောဖြင့် သူတို့ နှစ်ယောက်ကို အထင်မကြီး။

မောင်ဒေဝသည် ယခုခေတ်စကားနှင့် ပြောမည်ဆိုသော် ဒီမိုကရေစီ စိတ် ရှိသူ ဖြစ်သည်။ မရှိန္တမ်းပါး လုပ်စားကိုင်စား တောင်သူလယ်သမား စသည်တို့ကို "သူတို့လည်း ငါ့လို သွေးနဲ့ကိုယ် သားနဲ့ကိုယ်တွေပဲ။ ငါနဲ့ သူတို့နဲ့ ဘာမှ မထူးဘူး" ဟု ယူဆလေသည်။ ပြကတေ့ သဘောအားဖြင့် ဆင်ခြင်သုံးသပ်လိုသော နှလုံးဖြင့် အဖော်ကင်းမဲ့စွာ နေလိုသော ဆန္ဒလည်း ရှိလေသည်။ သို့ရာတွင် ဆင်းရဲသူ ဆင်းရဲသားတို့ နေပုံထိုင်ပုံ၊ ပေါင်းသင်း ဆက်ဆံပုံ စသည်တို့ကို ဟုတ်မှန်သည့်အတိုင်း သိရစေခြင်း အကျိုးငှာ ရှားပင်စုသို့ ရောက်စက တစ်ကိုယ်တည်းခွဲ၍ သူ့အကြံနှင့်သူ တစ်ကိုယ်ချင်း ဘာသိဘာသာ နေခဲ့သော်လည်း သူ့အကြံကို ကောင်းစွာ ဆင်ခြင်ပြီးသည်နှင့် တစ်ပြိုင်နက် တစ်ကိုယ်တည်း ခွဲ၍ မစားတော့ဘဲ အားလုံးသော အိမ်သူ အိမ်သားများနှင့် ဖော်ရွေစွာ နေပြီးလျှင် ထမင်းစားသော အခါ၌လည်း အားလုံး စားသော ထမင်းဝိုင်းတွင် ဝင်၍ တစ်ခါတည်း စားပါရစေဟု ဦးထွန်းဘော်နှင့် ဒေါ်အေးမယ်တို့အား ပြောလေသည်။ 'ဖြစ်ပါ့မလား ကိုဒေဝရယ်၊ ကိုဒေဝတို့ ရပ်ကြီးသားတွေ နေပုံထိုင်ပုံက တစ်မျိုး၊ ဒွေးလေး မယ်တို့ တောသူတောသားတွေ နေပုံထိုင်ပုံက တစ်မျိုးပဲ' ဟု ဒေါ်အေးမယ်က ကန့်ကွက်သော်လည်း မောင်ဒေဝက နားမထောင်။ 'အကျင့်ရသွားတော့ အတူတူပဲ နေမှာပေါ့ ဒွေးလေးမယ်ရယ်' ဟု ပြန်ပြောလေသည်။ ယခင်က သတိမမူ၍ ဂရုမပြင်ဘဲ နေခဲ့သော်လည်း အားလုံး စားသော ထမင်းဝိုင်းကြီး တွင် လက်ဦးဆုံး ဝင်၍ စားသောအခါ မြင်ရသူတို့ စေ့စေ့စပ်စပ် မကြည့်ဘဲ မနေနိုင်လောက်အောင် စိုပြည်တင့်တယ်ခြင်းနှင့် ပြည့်စုံသော အု၏ မျက်နှာ သော်တာဝင်းကို မြိန်မြိန်ရှက်ရှက်ကြီး မြင်ရလေသည်။ ယခင် အု အသံကို ကြားစက "ဒီအသံရှင်ကလေးဟာ ဘယ်သူပါလိမ့်" ဟု ဂရုစိုက်၍ မကြည့်မိ

ခဲ့သော်လည်း "သူအသံကလေးက သူများအသံနှင့် မတူဘူး၊ စာစာ စာစာနဲ့ ချစ်စရာကလေးပဲ" ဟုတော့ အောက်မေ့မိခဲ့ဖူးလေသည်။ မောင်ဒေဝ စိတ်တွင် အုကို မြင်သောအခါ "သူ့ကို ငါ မြင်ဖူးပါတယ်။ ဘယ်မယ် မြင်ဖူးပါလိမ့်မလဲ" ဟု အောက်မေ့မိလေသည်။

ဆင်းရဲသူ ဆင်းရဲသားတို့နှင့် အလိုက်သင့် အလျားသင့် ရောယှက်၍ နေသောအခါ မောင်ဒေဝ စိတ်တွင် ယခင်က သူတို့အပေါ်၌ အထင်အမြင် သေးမိခဲ့ခြင်းများသည် အပိုအလုပ် ဖြစ်သည်ကို ရိပ်မိစ ပြုလေသည်။ နောက်ဆုံးတွင် ဆင်းရဲသူ ဆင်းရဲသားတို့မှာလည်း လူသားများပင် ဖြစ်ပြီး လျှင် ခပ်သိမ်းသော လူတို့၏ ဓမ္မတာအလိုက် ရယ်စရာ အကြောင်းနှင့် တွေ့လျှင် ရယ်၍၊ ငိုစရာအကြောင်းနှင့် တွေ့လျှင် ငိုတတ်သော အခြင်းအရာကို တွေ့ရလေသည်။ ဆိုလိုသော အဓိပ္ပာယ်မှာ ဆင်းရဲသားနှင့် လူချမ်းသာဟူ၍ စိတ်ဝမ်းကွဲအောင် ခွဲ၍ ခေါ်ထားသော်လည်း အမှန်အားဖြင့် ဘူးမျှ မထာ ဘာမျှ မထူးချေ။

မျက်မှောက်ခေတ်ကြီးတွင် လူမျိုးခြားများ၏ နည်းတူ ကြီးပွားလိုလျှင် တစ်ခုခုကို ရောင်းဝယ် ဖောက်ကားမှသာ ဖြစ်နိုင်မည်ကို သိသဖြင့် မောင်ဒေဝသည် လယ်ထွက်ယာထွက် ပစ္စည်းများကို အကြီးအကျယ် ရောင်းဝယ် ဖောက်ကားနိုင်ရန် ကြံလျက်နေလေသည်။ ရှေးအစဉ်အလာ၊ မိရိုးဖလာ နည်းဖြင့် စိုက်ပျိုးခြင်းကို ရှေးဦးစွာ အောက်သက်ကျေစွာ နားလည်ပြီးမှ ယခု ခေတ်ပေါ်နည်းတို့ကို အသုံးပြုရန် ရည်ရွယ်ချက်ရှိသဖြင့် အိုင်အေခေါ် ဥပစာတန်းအရောက် မိမိသင်ကြားထားသော အင်္ဂလိပ်ပညာကို အလဟဿ မဖြစ်စေဘဲ အနောက်နိုင်ငံ လယ်ယာစိုက်ပျိုးနည်း ကျမ်းတို့ကိုလည်း ဝယ်ယူ ကြည့်ရှုလျက် ရှိလေသည်။

မောင်ဒေဝသည် ယခင် သူ့ဟာသူ အကြံထုတ်၍နေစဉ်က မနန်းစိန်၊ မငွေခင်၊ မရွှေမှုံတို့နှင့်တကွ နေ့အခါ နေ့အခါ ဦးထွန်းဘော်တို့ အိမ်ကို အလုပ်လာ၍ လုပ်ကြသော ကျေးတောသူ မယ်ဂေါ်ရီကလေးတို့ အပေါ်တွင်

ချစ်သည်လည်း မဟုတ်၊ မုန်းသည်လည်း မဟုတ်။ အချစ်နှင့် အမုန်းတို့ ခယကျော်သည့် နယ်ခြားစိတ်မျှသာ ရှိလေသည်။ သို့ရာတွင် အု ရောက်လာသောအခါ ယခင်ကကဲ့သို့ မနေတော့ဘဲ ခပ်သိမ်းသော သူသူငါငါ မယ်အဂှာကလေးတို့နှင့် ဖော်ဖော်ရွေရွေ ရောရောဝင်ဝင် နေသည်လည်း တစ်ကြောင်း၊ အုကလည်း ထိုထိုသို့သော အကြင် မအဂှာကလေးတို့အထဲတွင် တစ်သားမွေးပြီး တစ်သွေးလှနေခြင်းကြောင့် တစ်ကြောင်း၊ ယခင်လဲ တွေ့ဖူး မြင်ဖူးရှိခဲ့ခြင်းကြောင့် တစ်ကြောင်း၊ ဖူးစာနတ် ဖမ်းစားခြင်းကြောင့် တစ်ကြောင်းကာလသားစိတ် ပေါက်ကာ သီလပျက်စ ပြုလေသည်။ အဘယ်ကဲ့သို့ မောင်ဒေဝ သီလပျက်ကြောင်းကို သိရသနည်းဟူမူ သူ ဗျပ်စောင်းတီးသောအခါခါတိုင်းကဲ့သို့ အစောင်းအချိတ် မယ်ဘွဲ့ မိဘွဲ့ မပါသော သီချင်းများသာဆို၍ တီးသည် မဟုတ်ဘဲ "ခင့်မျက်နှာ မြင်သနေ့က၊ မရွှင်မြွေ မောင့်မှာ" စသော မယ်ဘွဲ့မျိုး၊ "ချစ်သမျှကို မြင်းမိုရ်ရွှေတောင်လုံးလိုပ" ဆိုသော သဈှာတိုင်မျိုးများနှင့်တကွ "အာကာကို လွှာပုံပြုပါလို့၊ မေယုကိုတဲ့ စုတ်တံချီ၊ သမုဒ်ကို မင်ရည်ဖျော်လို့၊ ချစ်တာတွေ စာစီကုံးရရင်ကွယ် ဆုံးစ မမြင်" စသော နောက်ပိုးတကာတို့၏ နန်းစဉ် လက်သုံးဖြစ်သော အချစ်ဋ္ဌီကာရိုးရာ သီချင်းကြီးတို့ကိုသာ ထပ်တလဲလဲ တီးသည်ကို တွေ့ရသောကြောင့်တည်း။ မောင်ဒေဝ၏ အချစ်ဓာတ်လမ်းမှာ အချီးနိဒါန်းမျှသာ ဖြစ်သေးသဖြင့် ခင်မှူ စိန် အု ထိုလေးခုသော အချစ်လက်မဲ့ ကျေးတောသူမကလေးတို့သည် "ဘုရားသိကြား မ လို့၊ ငါ့ကိုစောင်းတာ ဖြစ်ပါစေတော်၊ ငါ့ကိုစောင်းတာ ဖြစ်ပါစေတော့်" ဟု တိတ်တခိုး စိတ်ကြေးနန်းရိုက်ကာ နေကြမည်လော မသိ။ သို့ရာတွင် မောင်ဒေဝမှာ အကယ်၍ ဘယ်သူ့အပေါ်မှစိတ်မဥပါဒ်ဘဲ၊ ရသေ့စိတ်ဖြေ အချစ်နာ ပြေရုံသာ အမှတ်တမဲ့ တီးသည်မဟုတ်ဘဲ တမင် ပယောဂ ဖက်၍ ကုသပိုး ပိုးရန် တီးသည် ဖြစ်ဘိမူနောက်တိုးမကလေး အုကို စောင်းချိတ်ရန် တီးသည်ဟု ယူဆဖို့ အကြောင်းရှိလေသည်။ အဘယ်ကြောင့်ဆိုသော် အိမ်တွင် နွားစာစဉ်းရန် အလုပ်၊

နှမ်းဖတ်စိမ်ရန်အလုပ် စသော အု လုပ်ရန် တောက်တိုမည့်ရ အလုပ်များကို သူကချည်း ဦးအောင် လုပ်ထားနှင့်သောကြောင့် ဖြစ်သည်။ ထိုသို့ လုပ်ထားခြင်းမှာ တစ်ခါလည်း မက၊ နှစ်ခါလည်း မက။ ငါးခါ ခြောက်ခါလောက် ရှိသောအခါ အဘယ်မှာ အုသည် မရိပ်မိဘဲ နေနိုင်တော့အံ့နည်း။ အုသည် ထိုသို့ ရိပ်မိသည်နှင့် တစ်ပြိုင်နက် မြင်ရသူ နှံးချည့်ချည့်ဖြစ်စေရန် သွားကလေး မပေါ့တပေါ် ပြုံးစိစိ လုပ်ပြီးလျှင် 'ဒီက လုပ်စရာရှိတာတွေ ကိုဒေဝ လုပ်ထားနှင့်တယ်လား' ဟု လွတ်ခနဲ ရေလာမြောင်းပေး လုပ်လိုက်မိလေသည်။

မောင်ဒေဝသည် သူ့အကြံ ပေါ်သွားသဖြင့် အနည်းငယ် ရှက်ကိုးရှက်ကန်း ဖြစ်ပြီးလျှင် 'အလုပ်ဆိုတာ ဘယ်သူလုပ်လုပ် ပြီးတာသာ လိုရင်းမဟုတ်လား အုရဲ့။ ကိုဒေဝက အားအားနေရင် ပျင်းလွန်းလို့' ဟု ယောကျ်ားတို့ မာယာ သဲကိုးဖြာဖြင့် စကားဖာလိုက်လေသည်။

အု စိတ်ထဲ၌ "ဩော် သူ့ခမျာ ရှက်သွားရှာ ထင်ပါရဲ့၊ ငါ့နှယ် ယောင်လို့မှ မေးမိပလေတယ်" ဟု အားနာသွားကာ နောင်တဖြစ်လျက်သည်အကြောင်းကို နောက်ထပ် မပြောဘဲ အမှတ်တမဲ့ နေလိုက်လေသည်။

ညနေပိုင်း ရောက်သောအခါ သူ့စိတ်ထဲတွင် မကောင်းသေးသဖြင့် အုသည် ဩဇာပင်များအောက်တွင် တစ်ယောက်တည်း လျှောက်ကာ ဟိုစဉ်းစား၊ သည်စဉ်းစား စဉ်းစားကာ နေလေသည်။

ထိုအခိုက်တွင် မောင်ဒေဝသည် သူ့အခန်းထဲ၌ သူ့စောင်းကြိုးညှင်းလျက်ရှိသည်။ အုသည် လေဟုန်ကို တအိအိ စီး၍လာသော စောင်းသံများကို ပီတိသောမနဿဖြစ်စွာ နားစွင့်လျက် ရှိလေသည်။ ခပ်ဝေးဝေးက နားထောင်ရခြင်းထက် ခပ်နီးနီး ကပ်၍ နားထောင်ရသော် ပို၍ပင် နားဝင်ချိုလိမ့်ဦးမည်ဟု အောက်မေ့မိသဖြင့် မောင်ဒေဝ၏ အခန်းအနားသို့ နောက်ဘက်မှ သူခိုးကျင့် သူခိုးကြံ ခြေသံမကြားအောင်သွားကာ နားထောင်ပြန်လေသည်။ နားထောင်၍ ကောင်းမည် အလုပ်တွင် စောင်းဆရာသည်

ဆောင်းတီးရပ်ပြီးလျှင် တင်းကုပ်တွင်းက ထွက်၍ လာလေသည်။ အုသည် သူ့ကို မောင်ဒေဝ မမြင်စေရန် ကပျာကယာ နွားခြံဘက်သို့ ပြေးလေသည်။

'ဘာလို့ ထွက်ပြေးရတာလဲ အုရဲ့၊ ကိုဒေဝကို ကြောက်လို့လား'

'လိပ်ပြာလေး လှလွန်းလို့ လိုက်ဖမ်းတာပါ။ ကိုဒေဝကိုတော့ မကြောက်ပါဘူး'

'အနို့ ဘယ်သူ့ကို ကြောက်လို့လဲ'

'ဘယ်သူ့မှ ကြောက်လို့လည်း မဟုတ်ပါဘူး။ ကြောက်တော့လည်း ကြောက်တာပေါ့'

'ဘာကိုလဲ'

'ဘာကိုလို့လဲ မပြောတတ်ဘူး'

'ထမင်းအိုး တူးကုန်မှာ စိုးလို့လား'

'ဒီလိုလည်း မဟုတ်ပါဘူး'

'ဒါဖြင့် လူ့ပြည်မှာ နေရတာ ကြောက်တယ်ပေါ့'

'ကိုဒေဝ ပြောသလိုပဲ ထားပါတော့'

'ကိုဒေဝလည်းပဲ အုလိုပဲ၊ လူ့ပြည်မှာ နေရတာကို ခဏခဏပဲ ကြောက်မိတယ်။ လောကမှာ လူရယ်လို့ ဖြစ်နေရတာ သိပ်ကြောက်ဖို့ ကောင်းတာပဲ။ အု မကြောက်ဘူးလား'

'ကြောက်လွန်းလို့ ဒီကဖြင့် တစ်ခါတလေ တွေးတောင် မတွေးဝံ့ဘူး'

'ကိုင်း ဒါကိုတော့ ထားပါဦး။ အုဟာ ဘာလို့ ငယ်ငယ်ရွယ်ရွယ် ကလေးနဲ့ ဒီလို လေးလေးနက်နက် အကြောင်းတွေကို တွေးတတ်ရတာလဲ'

အုသည် ရုတ်တရက် စကားပြန် မပေးဘဲ နေလေသည်။

'ဒါဖြင့်ရင် အု၊ အု စိတ်ထဲမှာ ရှိတာ ကိုဒေဝကို ပြောပြစမ်းပါ။ ဘယ်သူ့ကိုမှ ကိုဒေဝ မပြောပါဘူး။ ကိုဒေဝ သိချင်လို့ပါ'

'ကိုဒေဝပဲ ကြည့်ပါလား။ လောကကြီးက မဆန်းဘူးလား။ သစ်ပင်တွေကလည်း သူတို့ကြည့်ရတာ နေရာတကာပဲ သူတို့ သိချင်တဲ့ မျက်စိ

မျက်နှာမျိုးတွေနဲ့၊ လူမြင်ရင် မျက်လုံးပြူးနေအောင် ကြည့်သလိုပဲ။ ချောင်းကလေးတွေ ရိုးကလေးတွေကလည်း ငါတို့ကို ခဏခဏ လာပြီး ကြည့်မနေကြနဲ့၊ ငါတို့ မကြိုက်ဘူး ဆိုကြသလိုလို။ ပြီးတော့ မနက်ဖြန်ခါတွေကိုလည်း ကြည့်စမ်းပါဦး၊ တစီတတန်းကြီး။ နက်ဖြန်ခါပြီးရင်း၊ နက်ဖြန်ခါရင်းပဲ။ အနီးဆုံး ကပ်နေတဲ့ နက်ဖြန်ခါကြီးက ပုရွက်ဆိတ်ခေါင်းကြီးလိုပဲ၊ သူက ရှေ့ဆုံးက။ သူ့နောက် တစ်ခုပြီးတစ်ခု လိုက်လာကြမယ့် နက်ဖြန်ခါ ဗုစခရတွေကလည်း ကြီးစဥ်ငယ်လိုက် စီနေလိုက်ကြတာ။ သူတို့ ကြည့်ရတာလည်း သိပ်ကြက်သီး ထစရာ ကောင်းတာပဲ။ ပြီးတော့ သူတို့က နင်တို့ သတိထားကြနော်။ ငါတို့လာရင် နင်တို့သေမယ့်ဘက် နီးနီးလာပြီသာ မှတ်ကြလို့ ပြောသလိုလို ပဲ။ ဒါတွေ စဉ်းစားလိုက်တော့ လူ့ပြည်မှာ လူရယ်လို့ ဖြစ်ရတာ သိပ် ကြောက်စရာကောင်းတာပဲ။ ဒါပေမဲ့ ကိုဒေဝတို့မှာတော့ အခုပြောတဲ့ ကြောက်စရာတွေကို စောင်းသံနဲ့ဖျောက်ပြီး လောကကြီးကို ပျော်စရာ ဖြစ်အောင် ဖန်ဆင်းနိုင်လို့ တော်ပါရဲ့'

မောင်ဒေဝသည် အု ပြောပုံဆိုပုံကို ကြားရသောအခါ အံ့အားသင့်ကာ နေလေသည်။ သူ့စိတ်ထဲ၌ အုမှာ ကျေးတောသူမ ရိုးရိုး အအကလေးဟု အောက်မေ့သော်လည်း အု ပါးစပ်မှ ထွက်လာသော စကားတို့မှာ စာရေးဆရာမတစ်ဦး ဝတ္ထုရေး၍ နေလေသလား ဟု ထင်မှတ်ရလောက်အောင် ရှိလေသည်။ အုသည် ပန်းသာမောင်မောင်၏ တက္ကသိုလ်တွင် ကျောင်းတက်ရက် မကြာခဲ့သော်လည်း အတွေ့အကြုံ ပညာရပ်တွေ စုံခဲ့၍ ယခုကဲ့သို့ လောကကြီး အကြောင်းကို နှံ့စပ် ကျေပွန်နေခြင်း ဖြစ်သည် ဟူသော အကြောင်းရင်းကို မောင်ဒေဝ မတွေးမိ။ "စပါးလည်း စကုဗျပ်၊ မယားလည်း တစ်ခုလပ်" ဟု ဆိုသည်မှာ သည်ဟာကြောင့်ပင် ဆိုသလော မသိ။ အုနှင့်ကိုယ် နစ်မွန်းခဲ့ရခြင်းသည် စိတ်ဖွံ့ဖြိုးခြင်း၏ အကြောင်း ဖြစ်လေသည်။

မောင်ဒေဝသည် မိဘဂုဏ်နှင့်လည်း ပြည့်စုံသည်။ ပညာဂုဏ်နှင့်လည်း ပြည့်စုံသည်။ ငွေစလည်း ပြည့်စုံသည်။ သို့ဖြစ်လျက် အဘယ့်ကြောင့်

ဆောကကို ငြီးငွေ့ရသနည်း။ အုသည် နားမလည်နိုင်အောင် ရှိလေသည်။ သူ့အဖို့မှာမူ လောကကြီးကို ငြီးငွေ့ဖို့အကြောင်း ကောင်းစွာ လုံလောက်သည်။ မောင်ဒေဝသည် တောလက် ကျေးရွာတွင် ရောက်၍ ဆင်းရဲသားများနှင့် ဒိုးတူပေါင်ဖက် လုပ်ကိုင်နေရသည်မှာ မှန်သည်။ သို့ရာတွင် သူနေရခြင်းမှာ မလွဲသာ၍ နေရခြင်း မဟုတ်။ သူ့သဘောနှင့်သူ နေခြင်းသာဖြစ်သည်။ သူ ပြန်ချင်သောနေ့ ပြန်နိုင်သည်။ သူ မလုပ်ချင်သော အလုပ်ကို မလုပ်ဘဲ နေနိုင်သည်။ နောင် ထွန်မှူယက်မှူ စသည်တို့ကို နားလည်လာသောအခါလည်း မြန်မာပြည်တွင် ကျော်ကြားသော သူဌေးကြီးတစ်ဦး အဖြစ်သို့ ရောက်၍ အခိုင်းခံ အစေခံ အပြည့်အစုံနှင့် လောကမှာ စည်းစိမ်ရှိရှိ နေရဖို့ လမ်းလည်း ရှိသည်။ သို့ဖြစ်ပါလျက် အဘယ့်ကြောင့် မောင်ဒေဝသည် လောကကြီးတွင် မပျော်မွေ့ရလေသနည်း။ အုသည် မောင်ဒေဝ အကြောင်းကို မစဉ်းစားတတ်အောင် ရှိလေသည်။ မောင်ဒေဝကလည်း အု အကြောင်းကို တွေး၍ မရ။ ဤသို့အားဖြင့် မောင်ဒေဝနှင့် အုတို့မှာ တစ်ယောက်အကြောင်း တစ်ယောက် အံ့သြခြင်းဖြင့်သာ ရောင့်ရဲကာ နေကြရလေသည်။

အုသည် သူ့အရေး သူ မြင်သဖြင့် ရင်လေးလျက် ရှိရကား သူ့ကိုယ်သူ အမြဲချုပ်တည်းကာသာ နေလေသည်။ သို့ရာတွင် သူ၏ အရွယ်အလိုက် တက်လျက်ရှိသော စိတ်ဓာတ်တို့ကို ချုပ်တည်းဟန့်တားနိုင်လိမ့်မည် မဟုတ်သည့် အဖြစ်ကိုကား ကောင်းစွာ မရိပ်မိချေ။

အုသည် အကင်းပါးသူ ဖြစ်၍ သူသည် မောင်ဒေဝကဲ့သို့ အစစခေါက်မိသော ပညာရှင်တစ်ဦးနှင့် နီးစပ်နိုင်ဖို့ ခဲယဉ်းသည့်အဖြစ်ကို တွေးမိတိုင်း စိတ်လေးလျက် ရှိလေသည်။ တစ်နေ့သ၌ မောင်ဒေဝသည် အု စိတ်နှလုံး ညှိုးငယ်နေသည်ကို မြင်လေသည်။

‘အု၊ ဘာဖြစ်လို့ မှိုင်နေရသလဲ’

‘ဘာမှ ဖြစ်တယ်လို့တော့ မဟုတ်ပါဘူး။ ကိုယ့်အကြောင်း ကိုယ်တွေးမိတာနဲ့ ရင်လေးလွန်းလို့’

'ဘာ အကြောင်းများကြောင့် ဒါလောက်တောင် ရင်လေးနေရတာလဲ အုရဲ့။ ကိုဒေဝတို့လည်း သိစမ်းပါရစေဦး'

'ဘာအကြောင်းရယ်လို့တော့ ထူးထူးထွေထွေ မဟုတ်ပါဘူး။ ဒီက ကိုဒေဝတို့လို ပညာသင်ခွင့် မရခဲ့တော့ အစစ အရာရာမှာ ဘာမှ မသိနားမလည်တော့ ကိုယ့်အဖြစ်ကိုယ် ဝမ်းနည်းမိလို့ပါ'

'အို၊ ဒါကြောင့်လား။ ဒါကြောင့်ဖြင့် ဝမ်းမနည်းပါနဲ့ အုရယ်။ ကိုဒေဝ တစ်ယောက်လုံး ရှိပါသေးတယ်။ အု ပညာသင်ချင်ရင် ကိုဒေဝ သင်ပေးပါမယ်။ အင်္ဂလိပ်စာ သင်ချင်သလား၊ တူရိယာတီးနည်း သင်ချင်သလား၊ သီချင်းဂီတကို သင်ချင်သလား။ ကိုဒေဝ တတ်သမျှ ကိုဒေဝ အကုန် သင်ပေးနိုင်ပါတယ်'

'ဒီအရွယ်ကြီး ကျမှ သင်နေလို့ လေး ထမ်းပိုးကျမှ အမော့်သင်သလို နေမှာပေါ့ ကိုဒေဝရဲ့'

'အို အုက၊ ဒီလို မြန်မာတွက် မတွက်စမ်းပါနဲ့။ ပညာဆိုတာ ငယ်တုန်းသာ သင်ရမယ်၊ ကြီးရင် မသင်ရဘူးလို့ မရှိပါဘူး။ ဘယ်တော့သင်သင် သင်ချင်တဲ့အခါမယ် သင်ရင် တတ်တာချည်းပါပဲ။ တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့မလဲ ဆိုသလို ဝီရိယကောင်းကောင်းနဲ့ မှန်မှန်သင်ဖို့သာ လိုတာပါ။ ကိုင်း၊ အု တကယ်....'

'ဟော၊ ပြေလေး လိုက်လာပြီ'

'အို၊ အု ဒီကြောင်ကို ချထားလိုက်စမ်းပါ။ ကိုဒေဝ မေးတာကို ပြောစမ်းပါဦး။ အု တကယ် ပညာသင်ချင်သလား။ သင်ချင်ရင် ကိုဒေဝ ရာဇဝင်ကို စပြီး သင်ပေးမယ်'

'သည်က....'

'သည်ကတွေ ဟိုကတွေ လုပ်မနေပါနဲ့။ အုကလို့ ပြောပါ။ တကတဲ သူတစိမ်းချင်း ပြောနေသလို မလုပ်ပါနဲ့'

'ဒီက၊ အေးလေ၊ အုက ပြောလို့သာ ပြောတာပါ။ အုလေ တစ်ခါတလေတော့ အခု အု သိပြီးသားထက် ဘာမှ ပိုပြီး မသိချင်ဘူး'

'ဘာလို့ ပိုမသိချင်ရတာလဲ အုရဲ့'

'သိလို့လည်း ဘာမှ ထူးမှာမှ မဟုတ်ဘဲ။ ရာဇဝင်ထဲမှာလည်း သူလို ကိုယ်လို ဖြစ်ပျက်ကြတာပဲ။ ဒီတော့ ဘာထူးလဲ။ ဩော် လောကကြီးမှာ ဒီလိုချည်းပါလား ဆိုပြီး စိတ်မကောင်းရရုံပဲ ရှိမှာပဲ'

'ဒါဖြင့် အု ဘာမှ မသင်ချင်ဘူးပေါ့'

'ဒါပေမဲ့ အု သင်ချင်တာတော့လည်း ရှိပါတယ်။ ဉပမာ ဆိုပါတော့၊ ဘာလို့ နေမင်းကြီးဟာ ကောင်းတဲ့လူရော၊ မကောင်းတဲ့လူရော၊ တရားတဲ့လူရော၊ မတရားတဲ့လူရော သူ့အလင်းရောင်ကို ပေးရသလဲဆိုတဲ့ အကြောင်းမျိုး ဆိုရင်တော့ သင်ချင်ပါရဲ့။ ဒီလို အု သင်ချင်တဲ့ ပညာမျိုးကျတော့ ဘယ်ကျမ်းကမှ သင်ပေးမှာမှ မဟုတ်ဘဲ'

'အု ဘာကြောင့် ဒီလို မဟုတ်မဟတ်တာတွေ လျှောက်ပြောနေသလဲ'

အုသည် ဘာမျှ စကားပြန်မပေးဘဲ ကြောင်ကလေးကို ရင်ခွင်ထဲ၌သာ ယုယစွာ ပွေ့ပြီးလျှင် နမ်းလျက်ရှိလေသည်။ မောင်ဒေဝသည် အု၏ မျက်နှာကို စေ့စေ့ကြည့်ပြီးလျှင် ခဏကြာသောအခါ တင်းကုပ်ထဲသို့ ဝင်သွားလေသည်။ အုသည် ကြောင်ကလေးကို ပွေ့လျက် စဉ်းစားကာ ကျန်ရစ်လေသည်။ "ငါ ဘာတွေများ လျှောက်ပြောမိပါလိမ့်မယ်" ဟုလည်း သူ့ကိုယ်ကို သူ အပြစ်တင်မိလေသည်။ မောင်ဒေဝသည် သူ့အပေါ်တွင် အထင်အမြင် မသေးစေရန်အတွက် သူ့မျိုးရိုးဇာတိကို ထုတ်ဖော်ပြောမည်ဟုလည်း ကြံမိလေသည်။ သို့ရာတွင် မောင်ဒေဝသည် မျိုးရိုးဇာတိကို အလေးပြုသူ ဟုတ်မဟုတ်ကို ပထမ စုံစမ်းကြည့်မှ တော်မည်ဟု အောက်မေ့ပြီးလျှင် ဒေါ်အေးမယ်ထံ သွား၍ 'ဒွေးလေးမယ်၊ ကိုဒေဝဟာ လူမှာအမျိုး ကြက်မှာအရိုး ဆိုတာကို ယုံရဲ့လား' ဟု မေးလေသည်။ ထိုအခါ ဒေါ်အေးမယ်က 'အမယ် မောင်ဒေဝလား၊ မောင်ဒေဝက လူတစ်မျိုးကလေးတော့။ သူ့မိဘတွေ သူ့ အစ်ကိုတွေနဲ့ တူတာ မဟုတ်ဘူး။ လူဆိုရင် အတူတူချည်းပဲ၊ ဘာမျိုးတွေ

ညာမျိုးတွေ မလိုချင်ဘူးဆိုပြီး တစ်နေ့ကတောင် ပြောနေသေးတယ်။ နန်းစိန်ဟာ သူကောင်းမျိုးဆိုလို့ "သူကောင်းမျိုးဆိုရင် ပဲကောင်းကောင်း ကောက်မှာမဟုတ်ဘူး။ နေရာမကျဘူး" လို့တောင် ပြောသေးတယ်တော့။ ပြီးတော့ တစ်နေ့ကလည်း ဒီးဒုတ်ခေါင်းက ကောင်လေးတစ်ယောက် လာပြီး သူ့ကို ခိုင်းချင်တာ ခိုင်းပါလို့ ပြောတော့ မောင်ဒေဝက "ဟေ့ကောင်၊ မင်းမယ် ဆွေတွေ မျိုးတွေ ရှိတယ် မဟုတ်လား" လို့ မေးတယ်။ ဒီတော့ ကောင်လေးက "မရှိပါဘူးဗျာ၊ ကျုပ်ဟာ တစ်ကောင်ကြွက်ပါ" လို့ ပြောတယ်။ ဒီတော့ မောင်ဒေဝက "အေး ငါက ဒီလိုကောင်မျိုးမှ ကြိုက်တာကွ။ မင်း နေရာကျမယ် ဟေ့။ ဒွေးလေးမယ် ဒီကောင်ကို ပြောင်းရိုးစဉ်းခိုင်းပါ။ သူ့အတွက် ကျွန်တော် ကြည့်ပြီး ပေးပါမယ်" လို့ ပြောတယ်တော့။ သူက ဆွေကြီးမျိုးကြီးထဲကပါလို့ ဆိုရင် အလကားနေရင်း မျက်မုန်းကျိုးနေတာတော့' ဟု ပြောလေသည်။

ဒေါ်အေးမယ်၏ စကားကို ကြားရပြီးနောက် အုသည် သူ့မျိုးရိုးဇာတိ အကြောင်းကို တော်ရာတွင် ထိုး၍ထားရလေသည်။ သည်အကြောင်းကို အမှတ်တမဲ့နှင့် ပါးစပ်က လွှတ်ခနဲ ထွက်မသွားသည်ကိုပင် သူ့ကိုယ်သူ ကျေးဇူးဘင်မိလေသည်။ ထို့နောက် မောင်ဒေဝ အကဲကို ခတ်ကြည့်ပြန်သောအခါ မောင်ဒေဝက သူ့ကို သဘောကျ၍နေခြင်းသည် သူ့ကို မထင်ရှားသော ကျေးတောသူမကလေး တစ်ယောက်ဟု မှတ်ယူနေခြင်းကြောင့်သာ ဖြစ်သည်ကို တွေ့ရလေသည်။

## အခန်း ၁၇

အုနှင့် မောင်ဒေဝတို့သည် တစ်ယောက်အကြောင်းကို တစ်ယောက် စိတ်ဝင်စားလျက် ရှိကြလေသည်။ မောင်ဒေဝ စိတ်တွင် အုအား "ဒီတောသူမကလေးနှယ် ဘယ်လို ချစ်စရာကောင်းတဲ့ တောသူမကလေးပါလိမ့်" ဟု

အောက်မေ့လေသည်။ အု စိတ်တွင် မောင်ဒေဝသည် စံနမူနာတင်အပ်သော၊ ရှိသေ မြတ်နိုးအပ်သော မင်းယောကျာ်းတစ်ယောက် ဖြစ်သည်ဟု ယူဆလေသည်။ တစ်ယောက်နှင့် တစ်ယောက်မှာ သမီးရည်းစားနယ်တွင်းသို့ မရောက်ကြသေးသော်လည်း တစ်ယောက်ကိုတစ်ယောက် သဘောကျ၍ နေကြလေပြီ။ သဘောကျ၍ နေကြရုံတွင်မက တောင်နှစ်လုံး စပ်ကြားတွင် စီးလျက်ရှိသော မြစ်နှစ်သွယ်သည် တစ်ခုနှင့်တစ်ခု ပေါင်းစပ်ဖို့သာ ရှေးရှုကြသကဲ့သို့ သူတို့နှစ်ဦးလည်း တစ်ဦးနှင့်တစ်ဦး နီးစပ်ဖို့ဘက်ကို စိတ်စောလျက်ရှိကြလေသည်။

သူတို့သည် တစ်ဦးနှင့်တစ်ဦး နေ့စဉ် နေ့စဉ် တွေ့မြင်လျက် ရှိကြသည်။ တွေ့မြင်ရသည့် အချိန်မှာလည်း သာမန်လူတို့ တစ်ဦးနှင့်တစ်ဦး တွေ့မြင်ကြရသော အခါမျိုး မဟုတ်။ မနက် မိုးမလင်းမီ ရောင်နီလာသော အခါမျိုး၊ ဝေလီဝေလင်း အခါမျိုး ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် တောင်သူတို့မှာ မိုးမလင်းမီကစ၍ အလုပ်ဝင်ရန် လယ်ထဲ ယာထဲ သွားကြရမြဲ ဖြစ်သောကြောင့်တည်း။ ထို့ပြင် အုမှာ စောစောနိုးတတ်သူ ဖြစ်သဖြင့် သူ့မိန်းမဖော်ကလေးများနှင့်တကွ မောင်ဒေဝကိုပါ ယာထဲသွားရန် နံနက်တိုင်း နှိုးရလေသည်။ မောင်ဒေဝ အိပ်ရာမှထ၍ အပြင်သို့ ရောက်သော အချိန်တွင် အုသည် သနပ်ခါး ဘဲကျားရိုက်ပြီး၍ သယ်စရာ ယူစရာ တောင်းပလုံး အဆင်သင့်နှင့် စောင့်လျက်ရှိလေပြီ။ မနန်းစိန်၊ မငွေခင်၊ မရွှေမှုံ စသော အအိပ်ကြီးမကလေးတို့ကား ဘယ်ဘက်စောင်းသူက ညာဘက်စောင်း၊ ညာဘက်စောင်းသူက ဘယ်ဘက်စောင်းပြီးလျှင် အင်းအင်း အဲအဲနှင့် အိပ်ရာထဲတွင် အပျင်းမွေးလျက် ရှိကြသေးသည်။ သို့ဖြစ်ရာ မောင်ဒေဝနှင့် အုတို့မှာ အပြင်ဘက်တွင် တိတ်တိတ်ပုန်း ချိန်း၍ထားသည့်အလားနှစ်ယောက်ထဲ မုတ်ဆိတ်ပျားစွဲလျက် ရှိကြလေသည်။ သူတို့နှစ်ယောက်သည် ဘယ်သူမှ မနိုးခင် နှစ်ယောက်ထဲ တွေ့ရအောင် အကြံနှင့် စောစောထကြခြင်း ဖြစ်ချင်လည်း ဖြစ်ဖွယ် ရှိလေသည်။ မိုးမလင်းသေးသဖြင့် တစ်ယောက်

တစ်ယောက်ကို မျက်စိ မျက်နှာ ကွဲပြားစွာ မမြင်ရကြသော်လည်း ပုတ်ကို နောက်ချေးကျံသကဲ့သို့ ထူထပ်သော သနပ်ခါးတို့ဖြင့် လိမ်းကျံအပ်သော အုစ၏ မျက်နှာသည် မှောင်ထဲတွင် ဖြူဖွေးဝန်းစက်၍နေရာ တစ်ခါတစ်ခါ မောင်ဒေဝ စိတ်ထဲတွင် မြေပေါ်တွင် လမင်းကြီး ရောက်၍ နေသလိုပင် အောက်မေ့မိလေသည်။ ဖြည်းညင်းစွာ တိုက်လျက်ရှိသော လေညင်းလှိုင်းကလေးများကိုစီး၍ ထက်အောက်ဝန်းကျင်သို့ အဆက်မပြတ် လမ်းသလားလျက် ရှိကြသော သင်းပျံ့သော အုစ၏ သနပ်ခါးနံ့တို့သည် မောင်ဒေဝ၏ ဆာလောင်၍နေသော နှာခေါင်းထဲသို့ အလုအယက် တိုးဝင်ကြပြီးလျှင် မောင်ဒေဝ၏ အသည်းနှလုံးကို အအိမ်လုပ်သော ပင့်ကူ၏ အမျှင်ကဲ့သို့ ခိုင်မြဲစွာ ချည်နှောင်ကြလေသည်။ မောင်ဒေဝသည် ထိုကဲ့သို့ အချည်နှောင်လာသော အချစ်ကြိုးတို့ကို ဆီး၍ ဖျက်ဆီး တားမြစ်ခြင်း မပြုရုံမျှမက ဝင်သက်ကို ခါတိုင်းထက် ပြင်းစွာ ရှူရှိုက်ခြင်းဖြင့်ပင် သူခိုးကို ဓားရိုးကမ်းလျက် ရှိလေသည်။ ဤနည်းဖြင့် မောင်ဒေဝမှာ အုစ၏ မြန်မာတိုင်းရင်းဖြစ် သနပ်ခါးနံ့ဖြင့် စုလျားရစ်ပတ်လျက် ရှိနေရာ "တခြားလူတွေ ဘယ်သူမှ မထကြပါစေနဲ့ဦး၊ မိုးလည်း မလင်းပါစေနဲ့ဦး"ဟူ၍ပင် ဆုတောင်းမိကောင်း ဆုတောင်းမိပေလိမ့်မည်။ မောင်ဒေဝသည် လွတ်လပ်စွာ အချစ်ဒီဂရီ တက်သည့် အခါဖြစ်၍ အုအား "မဒ္ဒီဒေဝီ" ဟူ၍ လည်းကောင်း၊ "အမရာဒေဝီ" ဟူ၍ လည်းကောင်း သူကြားဖူး မှတ်ဖူးသမျှ တော်ဝင်သည်ဆိုသော မိန်းမတို့၏ အမည်ဖြင့် ခေါ်လေသည်။

အုသည် ထိုကဲ့သို့ မြှောက်ပင့် ခေါ်ဝေါ်သောအခါ မျက်နှာ မထားတတ်သဖြင့် 'ကိုဒေဝကလည်း အုကို အုလို့ခေါ် ပြီးရောပေါ့။ အမရာဒေဝီတွေ မဒ္ဒီတွေ လုပ်မနေပါနဲ့။ ရှက်စရာကြီး' ဟု ပြောလေသည်။

ထိုနောက် မနန်းစိန်တို့၊ မငွေခင်တို့၊ မရွှေမှုံတို့ နိုး၍ 'ဟေ့ လာကြ၊ လာကြ၊ သွားမယ်။ နေတောင် မြင့်လှပြီ' ဟု ပြောပြီးနောက် ယာထဲသို့ စုရုံးကာ ထွက်သွားကြလေသည်။

ထိုနေ့သည် လပြည့်နေ့ ဖြစ်သဖြင့် လပြည့်နေ့တွင် ဆွမ်းကျွေးရန် အတွက် ညဥ့်ဦးကပင် ဟင်းကျွေးချက်စရာ ရှိသည်တို့ကို စုဝိုင်း၍ ချက်ကြ ပြုတ်ကြလေသည်။

မနန်းစိန်က 'ထမင်းအိုး အလယ်က ကွဲရင် ညည့်သည်ရောက်တတ် တယ်' ဟု ပြောလေသည်။

မငွေခင်က 'ပြီးတော့လည်းတော်၊ ရည်းစားရှိတဲ့လူများ ချက်ရင် ထမင်းအိုး အလယ်က မနပ်ဘူး တဲ့' ဟု ပြောလေသည်။

မရွှေမှုံက ဝင်၍ 'ကျုပ်တို့တော့ ရည်းစားမရှိပါဘူးတော်။ ကျုပ်တို့ တော့ စောင်းမပြောကြပါနဲ့' ဟု ပြောလေသည်။

'ဘာ ညည်းက အိုးမလုံ အုံပွင့်နေရတာလဲ ရွှေမှုံရဲ့' ဟု မနန်းစိန်က ပြောလိုက်ရာ အားလုံးက ဝါးခနဲ ရယ်ကြလေသည်။

ထိုအခါ ဒေါ်အေးမယ်က 'ညည်းတို့က ရည်းစားအကြောင်းတွေ ဘာတွေ ပြောနေကြလို့ ငါက သတိရလို့ ပြောလိုက်ရဦးမယ်။ ဟိုတစ်နှစ်က တို့အိမ်မှာ စာရင်းငှားလုပ်နေတဲ့ သာပြည့်ဆိုတာ ရှိတယ်။ သူက ရွာထဲမှာ ရည်းစားတွေ ထားထားပြီး ယူလည်း မယူဘဲကိုအေ့။ ဒါနဲ့ တစ်နေ့တော့ သူ နွားစာကျွေးနေတုန်း မဒုတ်မဆိုတဲ့ မိန်းမကြီးနဲ့ သူ့သမီးနဲ့ လာပြီး မဒုတ်မက "နေစမ်းပါဦးတော်၊ တော်တို့အိမ်မှာ သာပြည့်ဆိုတဲ့ မြွေပွေးကိုက် တစ်ကောင် ရှိသလား။ ဒီကောင်ကို ကျုပ် တွေ့ချင်တယ်" ဆိုပြီး လက်ထဲက လှည်းထမ်းပိုးကြီး တဝင့်ဝင့်နဲ့ လုပ်နေပါလေရော။ အဲဒီတော့ ဘကြီးသား သာပြည့်က ပုတ်နှစ်လုံးကြားက ချောင်းကြည့်ပြီး ဒူးတတုန်တုန်နဲ့ ကြောက် လှပြီပေါ့။ မဒုတ်မ သမီးကတော့ တရှုပ်ရှုပ်နဲ့ ငိုလို့။ မဒုတ်မက "ပြောကြ စမ်းပါတော့။ ဒီသေချင်းဆိုးကို ဒီကနေ့ ဟောဒီ ထမ်းပိုးကြီးထဲမယ် အသက် ပါသွားအောင် လုပ်ချင်လို့" ဆိုပြီး မေးပြန်ပါရော။ တို့ကလည်း "နေစမ်း ပါဦး မဒုတ်မရဲ့၊ ဘာဖြစ်လာတာလဲ။ ပြောစမ်းပါဦး၊ အကျိုးအကြောင်း ကလေးများကို" လို့ ပြောတာကို။ ဒီတော့ မဒုတ်မက "မအေးမယ်ရယ်

ဘာမှ ထူးထူးထွေထွေ ပြောမနေပါရစေနဲ့တော်။ ဒီကောင်သာ ကျုပ် တွေ့ချင်ပါတယ်။ ဒီကောင်သာ တွေ့ရင်တော့ ဒင်းကို အစိမ်းလိုက် ဝါးစားပြီးပဲ။ ကြည့်ပါလားတော့်၊ မိန်းကလေးကို အစက သူ မယူချင်ရင်လည်း ဘာလို့ ဒီလို ဖျက်လိုဖျက်ဆီး လုပ်ရတာလဲ။ အခု မိန်းကလေးမှာ ကိုယ်ဝန် ငါးလ ရှိနေပြီ။ ဒင်းလည်း ဒင့်အလိုပြည့်တာနဲ့ တစ်ခါတည်း ရှောင်နေတယ်” လို့ ပြောလို့မှ စကားမဆုံးသေးဘူး။ ပုတ်နှစ်လုံးကြားမယ် သာပြည့် ဝပ်နေတာကို မြင်သွားပါလေရောတော်။ ဒီတော့ ဘာပြောကောင်းမလဲအေ။ “ဟဲ့ သေချင်းဆိုး၊ ဟဲ့ အော့နာကျ၊ နင်တော့ သေပေရော့” ဆိုပြီး မဒုတ်မက ထမ်းပိုးကြီး ကိုင်ပြီး သာပြည့်ဆီ အတင်းပြေးပါလေရော။ သာပြည့်လည်း ကြောက်လွန်းလို့ ပုတ်နှစ်လုံးကြားက ထွက်ပြီး နှမ်းပုတ်ထဲ တစ်ခါ ဝင်ပြေးပါလေရော။ မဒုတ်မက အတင်းလိုက်ပြီး “ဟဲ့ သေချင်းဆိုး၊ ထွက်ခဲ့။ ဟဲ့ အမေ့လင်၊ နင် မထွက်ဘူးလား” ဆိုပြီး ပုတ်ကြီးကို ဘေးက တဗုန်းဗုန်း ရိုက်တာကိုအေ့။ ဒီတော့ သာပြည့်ကလည်း “ဟဲ့ ကမြင်းမကြီး၊ ဘာလို့ ထွက်ရမလဲဟဲ့” လို့ ပြန်ပြောတာကိုး။ မဒုတ်မက “ဟင်၊ နင်က ငါ့ကို ကမြင်းမကြီး ခေါ်ရသလား။ တကယ်ဆိုရင် နင် ငါ့ကို အခုအချိန်မယ် ယောက္ခမကြီးလို့ ခေါ်ဖို့ မဟုတ်လားဟဲ့” ဆိုပြီး ပုတ်ကို ဘေးက တအား လွဲလွဲပြီး ရိုက်တာကိုးအေ့။ သာပြည့်ကလဲည်း မတတ်နိုင်တော့ ‘ကြောက်ပါပြီ ဒွေးလေးဒုတ်ကယ်။ ဒွေးလေးဒုတ် သဘောကျတဲ့အတိုင်း ကျုပ် လုပ်ပါတော့မယ်။ ကျုပ် မှားမိသမျှကို ဝန်ချပါပြီ” ဆိုပြီး တောင်းပန်ရတာကိုး၊ မဒုတ်မက ဒါနဲ့ အားမရသေးဘူး။ “သေချင်းဆိုး၊ နင် အခုလိုက်ခဲ့ဦး” ဆိုပြီး သာပြည့် သျှောင်ကို ဆွဲပြီး ခေါ်သွားတော့ ဘကြီးသား ကိုသာပြည့် ကောက်ကောက် ကောက်ကောက်နဲ့ ပါသွားလေရောတော်။ တို့လည်း တခိခိနဲ့ ရယ်ကျန်ရစ်တာပေါ့’ ဟု ပြောလေသည်။

ဒေါ်အေးမယ် ပြောသည်ကို အားလုံးက ရယ်မောကာ နားထောင်နေကြလေသည်။ သို့ရာတွင် အုမှာ သူများကဲ့သို့ မရယ်နိုင်ဘဲ သူ့အဖြစ်ကို

သတိရသဖြင့် မျက်စိပျက်ပျက် မျက်နှာပျက်ပျက်နှင့် 'ဒီကနေ့ သိပ်အိုက်တာပဲ။ အိုက်လွန်းလို့ မူးသလိုလိုတောင် ဖြစ်လာပြီ။ အပြင်ဘက် လေတိုက်သွားခဲ့ဦးမယ်' ဟု စကားဖာကာ ထွက်သွားလေသည်။

ဒေါ်အေးမယ်သည် တကယ်မှတ်ထင်၍ 'ဟော့ အုရေ၊ ညည်းက တယ်နုသေးတာကိုအေ့။ ဒီလိုဆိုရင် တို့ဆီက အလုပ်မျိုးနဲ့ ညည်းနဲ့ ဖြစ်ပါ့မလား' ဟု ပြောလေသည်။

'ကိစ္စမရှိပါဘူး၊ အိုက်လို့ မူးတဲ့ဥစ္စာပဲ။ လေတိုက်ထဲ ထွက်လိုက်ပျော်သွားမှာပေါ့ ဒွေးလေးမယ်ရဲ့'

အု အိုက်ခြင်းမှာ လူအိုက်ခြင်း မဟုတ်ဘဲ စိတ်အိုက်ခြင်း ဖြစ်သည်ကို ဘယ်သူမျှ မရိပ်မိချေ။

နောက်တစ်နေ့မနက်တွင် လပြည့်နေ့ ဖြစ်သဖြင့် သူများတကာတွေ ဥပုသ်စောင့်သွားကြရန် ရွှင်ရွှင်ပျပျ လုပ်ကိုင်ပြင်ဆင်နေကြသော်လည်း အုမှာ ခါတိုင်းကဲ့သို့ ရွှင်ပျခြင်း မရှိချေ။ ခါတိုင်း ခါတိုင်း အရှေ့လောကဓာတ်မှ နေဝန်းကြီးသည် ရေးဦးစွာ နီမြန်းသော အရောင်ကိုဆောင်၍ ထွက်ပေါ်လာသောအခါတွင် အဖိုးမဖြတ်နိုင်သော နန်းစဉ် ပတ္တမြားကြီးသဖွယ် မှတ်ထင်ခဲ့သော်လည်း ထိုနေ့အဖို့တွင် စိတ်အိုက်ခိုက် ဖြစ်ရကား မိုးကောင်းကင်တွင် အနာကြီး ပေါက်၍ အသားနီလန်နေ သကဲ့သို့သာ မှတ်ထင်လေသည်။

ထိုနေ့တွင် အုသည် မိုးမချုပ်မီပင် ခေါင်းကိုက်သည်ပြော၍ အလျင်ဆုံး အိပ်ရာသို့ ဝင်လေသည်။ သူ့အဖော်သုံးယောက် ရောက်လာသောအခါမှာ အုသည် တစ်ရေးပင် ရလေပြီ။ အုသည် အိပ်ရာထဲမှ အသာ ခေါင်းထောင်၍ ကြည့်သောအခါ မနန်းစိန်တို့၊ မငွေခင်တို့၊ မရွှေမှုံတို့သည် သုံးယောက်သား ပြတင်းပေါက်တွင် ပြူတစ်ပြူတစ်လုပ်ကာ နေကြသည်ကို တွေ့ရလေသည်။

'နန်းစိန်ကလဲအေ၊ ညည်းလင်လိုပဲ။ သိပ်မတိုးပါနဲ့ဆို'

'ဟုတ်တယ်။ ငါလည်း ညည်းတို့လို ရှိတော့မပေါ့အေ့။ ငွေခင်ကို အဖယ်ခိုင်းပါလား'

'ငါတော့ မဖယ်နိုင်ပေါင်တော်။ ရွှေမှုံကို အဖယ်ခိုင်းပါလား။ ဘယ့်နှယ်လဲဟေ့ ရွှေမှုံ'

'ငါကတော့ ဖယ်မပေးကြီးထဲကတော့။ ညည်းတို့ နှစ်ယောက်လုံးကိုသာ အတင်း တွန်းချချင် ချလိုက်မှာ'

'ဟော့ ကောင်မ နှစ်ကောင်၊ နန်းစိန်တို့ ရွှေမှုံတို့။ ညည်းတို့ ဘယ်လိုပဲ တိုးနေနေ အလကားပါပဲအေ့။ ညည်းတို့ နှစ်ယောက်လုံး ဘယ်သူ့ကိုမှ ဟိုက ကြိုက်မှာ မဟုတ်ပါဘူး'

'အမယ်၊ မိငွေခင်က လူပါး၀လိုက်တာ။ တို့နှစ်ယောက်ကို ဟိုက မကြိုက်တာတော့ ထားလိုက်ပါဦး။ ညည်းကိုတော့ကော ဟိုက ကြိုက်မတဲ့လား အေ့'

'ငါက ငါ့ကို ကြိုက်မယ်လို့ ပြောတာ မဟုတ်ပါဘူး။ ညည်းတို့ နှစ်ယောက်ကို ကြိုက်မှာ မဟုတ်ဘူးလို့သာ ပြောတာပါ။ ငါ့ကို မကြိုက်ဘူးဆိုတာတော့ အထူးပြောဖို့ မလိုပါဘူး။ ငါကလည်း မကြိုက်ပါဘူးအေ့'

'အမယ်၊ ဒီကောင်မက သိပ်ပြီး ၀ါတဲ့ကောင်မ။ ညည်းကလားအေ့ သူ့ကို မကြိုက်တာ။ တစ်နေ့က သူ့လက်ကိုင်ပ၀ါလေး ကျနေလို့တောင် ညည်း ကောက်ပြီး အားရပါးရ နမ်းနမ်းနေသေးတယ် မဟုတ်လားအေ့။ ငါ ချောင်းကြည့်နေလို့ မြင်တယ်တော့်။ အခုမှ ဖုံးမနေပါနဲ့'

'အမယ်၊ ဒါက တစ်ခါတည်းပါတော်'

'တစ်တက်စားလဲည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန်ပေါ့အေ့။ တစ်ခါကြိုက်လည်း အကြိုက်၊ နှစ်ခါကြိုက်လည်း အကြိုက်ပေါ့အေ့'

'အေးပါအေ၊ ကြိုက်ပါတယ်။ ကြိုက်တော့ကော ဘာဖြစ်သေးလဲ။ ကိုယ့်စိတ်နဲ့ကိုယ် ကြိုက်တာပဲ'

'ညည့်းဟာညည်း ကြိုက်တာ ဘာမှ မဖြစ်ပါဘူး မကြီးငွေခင်ရဲ့။ ညည်းကြိုက်ရင် သူများလည်း ဒီလို ရှိမှာပေါ့အေ့'

'ဒါဖြင့် ညည်းတို့နှစ်ယောက်လည်း ကြိုက်တာပေါ့လေ။ ကမြင်းမတွေ အခုမှ ပေါ်တယ်'

'ဟုတ်တာပေါ့အေ့။ ဒါတော့ ငါလည်း ကြိုက်တာပေါ့။ ရွှေမှုံလည်း ကြိုက်တာပေါ့။ ဒါပေမဲ့အေ တို့သုံးယောက်စလုံး ဘယ်သူမှ ရမှာ မဟုတ်ပါဘူး။ ကြိုက်လည်း ကြိုက်ကြိုက်ပဲ နေမှာပါပဲ'

'ဘာလို့ မရမှာလဲ အေရဲ့။ နဖူးစာ ရှာလယ်ဆိုတာပဲ။ တို့ထဲက တစ်ယောက်ယောက်တော့ ရမှာပေါ့'

'တို့ သုံးယောက်ထဲက ဘာရနိုင်မလဲအေ့။ သူက အုကို မျက်စိကျနေတာပဲ'

'အေးတော့်။ ငါလဲ ဒီလိုပဲ ထင်တယ်'

'အံမယ်၊ သူက ကျပေမယ့် ဟိုကောင်မက သူ့ကို ဂရုမစိုက်ပါဘူးအေ့'

'အေးဟေ့၊ ဒါလည်း ဟုတ်တယ်။ အုက သူ့ကို ဂရုမစိုက်ပါဘူးတော့်။ ဒီကောင်မက ဘယ်လိုကောင်မမှန်း မသိဘူး'

'ငါ့အထင်တော့အေ တို့သုံးယောက်ရော၊ အုရော ဘယ်သူ့ကိုမှ သူ ယူမှာ မဟုတ်ပါဘူး။ သူက ရပ်ကြီးသား လူရတတ်ပဲ။ ယူချင်း ယူရင် သူတို့လို လူရတတ် ရပ်ကြီးသူ တစ်ယောက်ယောက် ယူမှာပေါ့။ တို့တစ်တွေတော့ သူတို့ မြေပဲ ကြီးတဲ့အခါမှာ မြေပဲကောက် ခေါ်ရုံလောက်ရှိမှာပါပဲအေ့'

မနန်းစိန်၊ မငွေခင်၊ မရွှေမှုံတို့သည် မောင်ဒေဝ လမ်းလျှောက်နေသည်ကို ချောင်းကြည့်ရင်း စိတ်ကူး ဖဲရိုက်၍ အပေါက်မတည့်ကြသဖြင့် တစ်ယောက်ပြီး တစ်ယောက် သက်ပြင်း ချရှာကြလေသည်။ အိပ်ရာထဲတွင် တလူးလူး တလွန့်လွန့်နှင့် နေသော မစာအုလည်း သက်ပြင်းချရှာလေသည်။ မနန်းစိန်သည် မြမျက်ရည် စမ်းစိမ့်လေသည်။ မငွေခင်သည် ကျမျက်ရည်တွေ ယိုဆင်းလေသည်။ မရွှေမှုံသည် ရွှာသွန်းမျက်ရည် ကျမိသည်။ အပုသည် အု၏ မျက်လုံးများကား မျက်ရည် ချောင်းရေလျှံလျက် ရှိလေသည်။

ထိုအခိုက်တွင် မောင်ဒေဝမှာ အိမ်ရှေ့က ညောင်ပင်ကြီးအောက်တွင် လှူးလာခေါက်တုံ့ လျှောက်လျက်ရှိလေရာ တင်းကုပ်တွင်း၌ မိန်းမနောက်ပိုး ကလေး တစ်စုတို့ ပူပုံပန်းနေကြသည့် အဖြစ်ကို မသိချေ။

သူတို့ အဖော်သုံးယောက်တို့ သဘောဖြူ အစူစင်း ဘွင်းဘွင်းကြီး ပြောနေသည်တို့ကို ကြားရခြင်းကား အုကို ပို၍ စိတ်မချမ်းမြေ့စေသော အကြောင်း ဖြစ်သည်။ အုသည် သူ့အဖော်သုံးယောက် အပေါ်တွင် မနာလို ဝန်တိုစိတ် မရှိ။ မောင်ဒေဝသည် မနန်းစိန်တို့ သုံးယောက်ထက် သူ့ကို ပိုသဘောကျ၍ နေသည့် အကြောင်းကိုလည်း သိသည်။ အကယ်၍ သူတို့ သုံးယောက်နှင့် မောင်ဒေဝကို အလုအယက် ပိုးရမည် ဆိုသည့်တိုင်အောင် သူ မကြောက်။ သူတို့သုံးယောက်အနက် မနန်းစိန်ကလေးက လွဲ၍ မငွေခင် နှင့် မရွှေမှုံတို့မှာ မောင်ဒေဝနှင့် ဘုန်းကြီးနှင့် ဘီးသာ ဖြစ်လိမ့်မည်။ မနန်းစိန် မှာ အပြောအဆိုကလေးလည်း သွက်၊ ရုပ်ရည်ကလည်း ကြည်၊ မောင်ဒေဝ ကလည်း သဘောကျတတလို ဖြစ်နေသဖြင့် မသကာ သူနှင့်သာ အကြိတ် အနယ် လုရဖို့ ရှိသည်။ မောင်ဒေဝကလည်း ဒေါ်အေးမယ်အား ရုပ်ကြီးသူ ထက် လယ်အကြောင်း၊ ယာအကြောင်း ကောင်းကောင်း နားလည်သော တောသူမကလေး တစ်ယောက်ယောက်ကိုသာ အိမ်ထောင်ပြုလိုကြောင်းနှင့် တစ်ခါပြောဖူးသည်။ သို့ဖြစ်ရာ နဂိုကလည်း ခင်လက်စ ရှိနေပြီး ဖြစ်သဖြင့် မနန်းစိန်နှင့် အိုးချင်းထားလျှင် အိုးချင်းထိဖို့ အကြောင်းရှိသည်။ သို့ရာတွင် မနန်းစိန်နှင့် အကြိတ်အနယ် အလုအယက် လုပ်ရသည့်တိုင်အောင် မောင် ဒေဝမှာ နောက်ဆုံးတွင် သူ့ဘက်သို့ ပါဖို့ လမ်းရှိသည်ကို အု သိလေသည်။ အု၏ စိတ်မကောင်းခြင်းမှာ သူ့အဖော် သုံးယောက်အနက် တစ်ယောက် ဘက်သို့ မောင်ဒေဝ ပါသွားလိမ့်မည်ကို စိုးရိမ်ခြင်းကြောင့် မဟုတ်။ သူ့ အကြောင်းကို သူ သိသဖြင့် မောင်ဒေဝကိုသာ မဟုတ်၊ ဘယ်ယောကျ်ား ကိုမျှ ယူရက်သောစိတ် မရှိတော့သောကြောင့် ဖြစ်သည်။ တစ်ခါတစ်ရံ "ကုန်ဆုံးကြွေးတင် ချစ်လင်မရ မယ်သီလ" ဟု ဆိုသည့်အတိုင်း အုသည်

“ပိတ်ဖြူဆုတ်ပြီး ဘိက္ခူ” လုပ်လိုသော ဆန္ဒပင် ပေါက်လျက် ရှိလေရာ “ကိုယ်လည်း မယူနိုင်တဲ့အတူတူ ရှားပင်စုမှာ တစ်ခဏမျှ တွေ့ကြ ဆုံကြသည့် အတောအတွင်း၌ သူ့စိတ်ကို ယိုဖိတ်အောင် မလုပ်ကောင်းပါဘူး” ဟူ၍လည်း အောက်မေ့ကာ လောကတွင် အကြောင်း မညီညွတ်သူတို့၏ ဓမ္မတာအတိုင်း တရားစိတ်ဝင်လျက် ရှိလေသည်။

တစ်နေ့သော မွန်းတည့်အချိန်လောက်တွင် အုနှင့် အဖော်တစ်စုသည် မနက်ပိုင်း မြေပဲကောက်ပြီး၍ မောမောနှင့် ချောင်းထဲသို့ ရေချိုးဆင်းကြလေသည်။ ထိုအခိုက်တွင် မောင်ဒေဝသည် တကယ်ပင် အိုက်၍ ပူ၍လော၊ သို့မဟုတ် သည်ယုန်မြင်လို့ သည်ချုံထွင်လို၍လော မသိ။ အုတို့ ရေချိုးဆင်းပြီးနောက် ကွမ်းတစ်ရာညက်လောက်တွင် ချောင်းထဲသို့ ရေချိုးဆင်းရန် လိုက်လာလေသည်။ မောင်ဒေဝသည် ငါးခုံးမကလေးများနှင့် ငါးသလဲထိုးကလေးတို့ ကူးကာ မြူးကာ နေကြသော တသွင်သွင် စီးဆင်းနေသည့် ကြည်လင်သော ရေစီးချောင်းကလေးကို မြင်၍ စိတ်ကြည်နူးသည်လည်း တစ်ကြောင်း၊ အု၏ အဖော်များ ပြန်ချင် ပြန်သွားနှင့်စေလိုသော ဆန္ဒရှိသည်လည်း တစ်ကြောင်းတို့ကြောင့် ရုတ်တရက် ရေမချိုးသေးဘဲ ရေစီးကြောင်းကို ဆန်၍ သွားလေသည်။ အုမှာ သူက ရိုးသော်လည်း သူ ထိန်း၍မနိုင်သော အတွင်းစိတ်ကလေးက မရိုးသဖြင့် အဝတ်များကို အချိန်ဆွဲကာ လျှော်၍ နေလေသည်။

‘ဟော့ ကောင်မ ထမင်းဆာလှပြီအေ့၊ သွားမယ်။ ညည်းက ဒီနေ့မှပဲ ရွေးပြီး အဝတ်လျှော်ရသလား’ ဟု မနန်းစိန်က မေးလေသည်။

‘ဒီနေ့မှ ရွေးလျှော်တယ်တော့ ဘယ်ဟုတ်မလဲအေ့။ အားတဲ့အခါ လျှော်ရတာပေါ့။ မကြာပါဘူးအေ၊ ခုပဲ ပြီးမှာပါ။ နေကြပါဦးအေ့’ ဟု အုကလည်း ယုတ္တိ ယုတ္တာရှိအောင် စကားဖာရလေသည်။

ထိုအခိုက်တွင် မောင်ဒေဝ ပြန်လာလေသည်။

‘ဘယ့်နှယ်လဲ မနန်းစိန်တို့ မငွေခင်တို့ မရွှေမှုံတို့၊ ပြန်ကြတော့ မလား။ အုကို မစောင့်တော့ဘူးလား’

'ပြန်တော့မယ်တော်၊ ကိုဒေဝလည်း အရှိသားပဲ။ ဒီကောင်မကိုတော့ ကိုဒေဝပဲ ကြည့်ပြီး ခေါ်ခဲ့ပါတော့။ ကိုဒေဝနဲ့ဆိုရင် ကျုပ်တို့ စိတ်ချပါတယ်' ဟု မနန်းစိန်က ခနဲ့တဲ့တဲ့ ပြောပြီးလျှင် မောင်ဒေဝနှင့် အုအား တမင် အခွင့်ပေးသည့်အလား သုံးယောက်သား ပြန်ကြလေသည်။

'ဟော့ကောင်မ အု၊ ကောင်းကောင်း နေရစ်နော်။ တို့ ပြန်လိုက်ဦးမယ်'

'ဟော့ကောင်မတွေ နေကြဦးအော့။ ငါလည်း လိုက်ပါ့မယ်'

'ညည်းကလည်း စာတ်သိချင်း ဝါမနေပါနဲ့။ ညည်း မလိုက်ချင်သေးပါဘူး။ ကိုဒေဝရယ် တစ်ဆိတ် ကြည့်ပြီး ခေါ်ခဲ့ပါနော်'

'ဟော့ နန်းစိန်နော်၊ ညည်း တော်တော် စကားတတ်။ ညည်းနဲ့ ငါနဲ့ ရန်ဖြစ်ရလိမ့်မယ်'

'ရန်ဖြစ်ဖို့ မလိုပါဘူးအေ။ ငါက ညည်းနဲ့ ရည်းစာလုဘက်မှ မဟုတ်ဘဲ'

အုသည် စကားပြန် မပေးတတ်သဖြင့် 'အေး၊ ညည်းတို့တော့ နေဦး' ဟု လက်သီးဆုပ်ကာ ပြလေသည်။

'ညည်း လက်သီးဆုပ်ပြတာက အမရာဒေဝီရဲ့ သဘောလားအေ့' ဟု ပြော၍ ရယ်မောကြပြီးလျှင် မနန်းစိန်တို့ ပြန်ကြလေသည်။

'ကိုဒေဝ သိပ်လှတာပဲနော်'

'ဘယ်သူလဲ'

'သူတို့လေ၊ နန်းစိန်တို့ ငွေခင်တို့ ရွှေမှုံတို့ပေါ့'

'ကြည့်လို့ အကောင်းကြသားပဲ။ သူတို့ ကြည့်ရတာ အမြဲ ရွှင်ရွှင် ပျပျပဲ'

'သြော် သူ့ခမျာများ သနားစရာ။ လှတယ်ဆိုတာလည်း ကြာကြာခံတာမျိုး မဟုတ်ဘူး။ ခဏပဲ'

'အု ပြောတာလည်း ဟုတ်တာပဲ'

'လယ်အလုပ် ယာအလုပ်တော့ သူတို့ ကောင်းကောင်းတတ်တာပဲ'

'ဒါလည်း ဟုတ်တာပေါ့။ ဒါပေမဲ့ အုထက်တော့ ပိုပြီး တတ်မယ် မဟုတ်ပါဘူး'

'မြေပဲကောက်တော့ သူတို့က ပိုပြီး ကျင်လည်တာပေါ့'

'တကယ်လား'

'တကယ်ပေါ့ ကိုဒေဝရဲ့၊ အုက ဘာလို့ မဟုတ်တာ လိမ်ပြောမလဲ။ ကိုဒေဝ အခုတွင်တုန်းက ဟိုကောင်မ မျက်နှာကို သေသေချာချာ ကြည့်လိုက်မိရဲ့လား'

'မကြည့်လိုက်မိပါဘူး၊ ဘယ်သူ့မျက်နှာတုန်း'

'နန်းစိန်လေ'

'ဘာဖြစ်လို့တုံး'

'ဘာဖြစ်ရမှာလဲ ကိုဒေဝရဲ့။ ကိုဒေဝကို မြင်တော့ မျက်နှာပျက်နေတာပေါ့'

'အနို့ သူက ဘာလို့ မျက်နှာပျက်ရတာတဲ့လဲ'

'ကိုဒေဝက သူ့ကို ကြည့်တာကိုး။ ဒီတော့ သူ့စိတ်ထဲက မလုံလို့ပေါ့'

'ကိုဒေဝကတော့ ရိုးရိုးပါ'

'ကိုဒေဝကတော့ ဟုတ်တာပေါ့။ ဒါပေမဲ့ သူ့စိတ်ထဲကတော့ ဘယ်လိုရယ်လို့ ဘယ်သိနိုင်မလဲ'

အုသည် သူ့ကိုယ်သူ မောင်ဒေဝနှင့် ချစ်စခန်း၊ ကြိုက်စခန်းသို့ မရောက်အောင် ဇက်ချုပ်၍ နေမည်ဟု ကြံစည်မိသော်လည်း "ကိုဒေဝ ရှင် ရပ်ကြီးသူကို မယူဘဲ လယ်အလုပ် ယာအလုပ်တတ်တဲ့ တောသူကို ယူချင်ရင် ကျွန်မကိုယူဖို့ စိတ်ကူးထည့်မနေနဲ့။ နန်းစိန်ကိုပဲ ယူလိုက်ပါ" ဟု ပြောလောက်အောင် မရက်ရောနိုင်သေးချေ။

အုသည် ထိုနေ့မှစ၍ မောင်ဒေဝနှင့် မတွေ့စေရန် အထူးသတိထား၍

ရှောင်လေသည်။ တစ်ရံတစ်ခါ အမှတ်တမဲ့ တွေ့လျှင်လည်း သူ့အဖော် သုံးယောက်၏ အကျိုးငှာ ရှောင်ဖယ်၍ သွားလေသည်။

သူ့အဖော်သုံးယောက် ဟိုနေ့ညနေတွင် ပြောနေကြသော စကားကို ကြားရသဖြင့် သူတို့သုံးယောက်၏ အပျိုရည်မှာ မောင်ဒေဝ လက်တွင်း၌ ရှိသည်ကိုလည်း မိန်းမချင်းဖြစ်၍ အု သိလေသည်။ မောင်ဒေဝသာ စည်းကမ်း မထားခဲ့သော် သူ့အဖော် သုံးယောက်မှာ သူကဲ့သို့ပင် ပူပွဲဆင်ကြရမည့် အဖြစ်ကိုလည်း သိလေသည်။ ယောကျာ်းတို့မည်သည် မိန်းမနှင့် ပတ်သက် လာလျှင် ဘယ်အခါမှ စည်းကမ်းထားလိမ့်မည်ဟု မထင်ခဲ့သဖြင့် ယခုကဲ့သို့ မောင်ဒေဝ မဆန်းပြားခြင်းကို အု စိတ်ထဲက "တယ်တော်တဲ့ လူပါလား" ဟု ချီးမွမ်းမိလေသည်။

## အခန်း · ၁၈

အုတို့ သူငယ်ချင်း လေးယောက်သည် တစ်နေ့သော ဥပုသ်နေ့တွင် တောရ ကျောင်းသို့ တရားလည်း နာရန်၊ အပျင်းလည်း ပြေစေရန် ဖြီးလိမ်းဝတ်စား ပြီး ထွက်သွားကြလေသည်။ ထိုနေ့တွင် တောရကျောင်း၌ ဆွမ်းကျွေး ပရိတ်နာရှိသဖြင့် အချို့သော ရွာသူရွာသားတို့သည် စောစောကပင် သွားနှင့် ကြလေပြီ။ လမ်းတစ်ဝက်လောက်တွင်ရှိသော ချောင်းကူးတံတားကလေး မှာ ပျက်လျက်ရှိသဖြင့် တောရကျောင်း သွားသူတို့မှာ ရေ ဒူးဆစ်လောက်ကို ဖြတ်မကူးဘဲနှင့် သွား၍မဖြစ်။ အုတို့ လေးယောက်သည် တံတားပျက်နေ သည့် အကြောင်းကို လာတုန်းက မသိကြ။ အနား ရောက်မှ ရှေ့လည်း တိုး၍ မသွားနိုင်၊ နောက်ပြန်ရမည်လည်းခက် ဖြစ်၍ နေကြလေသည်။ လှည်းနှင့် သွားကြသူတို့အဖို့မှာ လှည်းပေါ်မှလိုက်၍ ရွံ့ရေနှင့် ကင်းလွတ် နိုင်ကြသည်။ ထိုတံတားပျက်သည့် နေရာတွင် လှည်းများ၊ နွားများ အသွား

အလာ များသဖြင့် ရေရှိးရှိးသာမဟုတ်ဘဲ ခြေဖမိုး၊ ခြေမျက်စိ ကောင်းကောင်း မြုပ်သော ရွံ့နှစ်၊ နုံးနှစ်များဖြင့်လည်း ပေကျံလျက် ရှိသည်။ အဝတ်သစ်၊ အစားသစ်သာ ဝတ်ဆင်လာကြသည် မဟုတ်မူ ထိုမျှခန့်သော ရွံ့ရည် လောက်ကို ဘယ် ကျေးတောသူမကလေးများမှ အရေးလုပ်ကြလိမ့်မည် မဟုတ်။ သို့ရာတွင် အုတို့မှာ တရားနာသွားသည် ဆိုသော်လည်း စင်စစ်က အလှပြရန်သာ ဖြစ်သဖြင့် လက်စွမ်းကုန် ဖြီးလိမ်းပြင်ဆင် သွားကြသော ကြောင့် ရွံ့ရည်ကို ကြောက်၍ တောရကျောင်းသို့ ရောက်အောင် မသွားနိုင် သည် ဖြစ်စေ၊ ထိုရွံ့ရည်စခန်းမှ လှည့်၍ ပြန်လာရသည် ဖြစ်စေ သူတို့၏ အဓိက ရည်ရွယ်ချက်ကြီးသည် ပျက်စီးခြင်းသို့ ရောက်ရချေတော့မည်။

'ဟော့ ကောင်မ၊ ဘယ့်နှယ်လုပ်မလဲအေ့။ သစ်ချိုပင်လမ်းက လှည့် သွားမလား' ဟု မနန်းစိန်က အကြံပေးလေသည်။

'သစ်ချိုပင်လမ်းက လှည့်သွားတာကတော့ ဟုတ်ပါရဲ့။ ကျောင်းကို တရားနာမိချိန် ရောက်မှာ မဟုတ်ဘူးတော့' ဟု မငွေခင်က စိတ်ပျက်သံ ပစ်လေသည်။

'သူများတွေ တရားနာနေတုန်း တန်းလန်းကြီး ရောက်သွားရင် မျက်နှာပူစရာကြီးတော့။ ဒီလိုဆိုရင် မသွားတာကပဲ ကောင်းဦးမယ်။ ပြန်ကြ ပါစို့အေ' ဟု မရွှေမှုံက အားလျှော့ဖို့ တိုက်တွန်းလေသည်။

'ဟုတ်တယ်တော့။ သူများတွေ ဝိုင်းကြည့်နေမှဖြင့် မျက်နှာပူစရာ ကြီး။ ငါတော့ မျက်နှာ မထားတတ်ဘူး' ဟု အုက ထောက်ခံလေသည်။

'ဒါဖြင့် ဘယ်လို လုပ်ကြမှာလဲအေ့။ ညည်းတို့လင်ပဲ' ဟု မနန်းစိန်က စိတ်တိုသံ ပေးလေသည်။

ထိုအခိုက်တွင် ရှားပင်စုရွာဘက်မှ သူတို့ ကောင်းစွာ သိမြင်ဖူးသူ တစ်ယောက်သည် သူတို့ဆီသို့ ရှေးရှု၍ သုတ်သုတ် သုတ်သုတ်နှင့် လာလျက် ရှိလေသည်။

ရာပြည့်စာအုပ်တိုက်

'ဟောတော့၊ ပြောရင်းဆိုရင်း ညည်းလင် လိုက်လာပြီ' ဟု မငွေခင်က အသားလို၍ အရိုးတောင်းလေသည်။

'ငါ့လင် မဟုတ်ပါဘူးတော်၊ ညည်းလင်ပါ။ ညည်းက အလှူ့ရှင်မှန်း သိအောင် မဏ္ဍပ်တိုင် ဖင်နဲ့ ပေါက်မနေပါနဲ့' ဟု မနန်းစိန်က အဓိပ္ပာယ် ပြောင်းပြန်ထား ပြောလေသည်။

'အမယ် ငါ့လင် မဟုတ်ပါဘူးတော်။ ဟိုကောင်မ လင်ပါ' ဟု အုကို လက်ညှိုးထိုးကာ ထမင်းရည်ပူလာ၍ လျှာလွှဲလိုက်လေသည်။

'ဟုတ်တယ်တော့် ဟုတ်တယ်' ဟု မရွှေမှုံက လေးနက်စွာ ထောက်ခံလေသည်။

'ငါ့လင် မဟုတ်ပါဘူးတော်၊ ညည်းတို့သုံးယောက် လင်ပါ။ ဟိုတစ်နေ့ည ငါ အိပ်နေတုန်းက ညည်းတို့သုံးယောက် ပြောနေတာ ငါ ကြားပါတယ် တော့်။ ငါ့ကို ခေးစာခံ လုပ်မနေကြပါနဲ့' ဟု အုက နိဂုံးစကား ပြန်ကြားလေသည်။

ထိုအခိုက်တွင် မောင်ဒေဝသည် အနားသို့ ရောက်လာပြီးလျှင် သူတို့ ပြောနေကြသော စကားများကို ရိုးတိုးရိပ်တိပ် ကြားလိုက်၍ ဘာအကြောင်း ပြောနေကြသည်ကို သိသော်လည်း ကာလီဒါသ ကျမ်းအရ မကြားလေဟန် ပြုပြီးလျှင် 'ဘယ့်နှယ် ငွေတောင်သူကလေးတွေ၊ ရေဆီးနေလို့ ငွေတောင် ပြည် မပြန်နိုင်ကြဘူး မှတ်တယ်။ ကိုဒေဝ ဟိုဘက် ရောက်အောင် ပို့ပေးမလေ။ လေးယောက်စလုံးကို' ဟု ရိုင်းပင်းစကား ဆိုလေသည်။

'ကျုပ်တို့ကိုယ်က အလေးကြီးတော့်။ ကိုဒေဝ ပို့နိုင်ပါ့မလား' ဟု မနန်းစိန်က ခရာလေသည်။

'ကိုဒေဝ ကျောင်းတုန်းက အားသန်အောင် သံလုံး မ လာခဲ့တာတွေ ဒီလိုနေရာမျိုးမှ အသုံးမချရင် ဘယ်လိုနေရာမျိုး သွားပြီး အသုံးချရဦးမှာလဲ။ ကိုင်း စကားရှည်မနေနဲ့။ မနန်းစိန် လာခဲ့။ ကိုဒေဝ လည်ပင်းကိုဖက်'

မောင်ဒေဝသည်မနန်းစိန်ကို ပွေ့၍ ရေထဲတွင် ဗျပ်ဗျပ်ဖြင့် လျှောက်

ပြီးလျှင် တစ်ဖက်ကမ်းသို့ ပို့လေသည်။ ရေလယ်ကောင်ကျော်၍ ချုံကွယ်ကလေးသို့ ရောက်သွားသောအခါ မနန်းစိန် စိတ်တွင် မောင်ဒေဝသည် သူ့ပါးကလေးကိုများ "ဟိုဒင်း ပြုလိုက်လေမလား၊ ဟိုဒင်းပြုရင်လည်း ပြုလိုက်ပါစေတော်" ဟု ဆုတောင်းကာ မျက်စိမှိတ်လျက် မောင်ဒေဝ၏ ရင်ခွင်ထဲ၌ ခေါင်းကလေးကို ကပ်ကာ လိုက်ပါသွားလေသည်။ မောင်ဒေဝသည် သူ တောင့်တသကဲ့သို့ မပြုသောအခါ မောင်ဒေဝ၏ နောက်ကျောကြီးကို ဗုန်းဗုန်းပါအောင် ထုချင်လေတော့သည်။

မောင်ဒေဝသည် မနန်းစိန်ကို ထားခဲ့ပြီးနောက် ပြန်လာလေသည်။ သည်တစ်ခါ မငွေခင်၏ အလှည့် ဖြစ်သည်။ မငွေခင်သည် ရင်တခုန်ခုန်နှင့် နေလေသည်။

'သူ့လည်ပင်းဖက်ပြီး၊ သူ့မျက်နှာကို ကြည့်ပြီး လိုက်သွားရမှာ ရှက်စရာကြီး'

'လိုက်မှာ လိုက်ပါအေ၊ ညည်းက စကားရှည်လိုက်တာ'

'ဒီလိုပေါ့လေ၊ လောကဆိုတာ ဘာပဲဖြစ်ဖြစ် ခဏပဲ။ "ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံး ရှိချေ၏" လို့ ဆိုတာပဲ။ အခုလည်း ခဏပေါ့'

'ဟော့ ငွေခင်၊ ညည်းက ဘုန်းကြီးတွေ ဟောဖို့ကလေးများ ချန်ထားစမ်းပါဦးအေ့။ တရားဟောသံတွေ ဘာတွေနဲ့ လုပ်မနေပါနဲ့'

မောင်ဒေဝသည် အနားသို့ ရောက်လာပြီးလျှင် 'ကိုင်း မငွေခင်၊ မနန်းစိန် လိုက်တာ မြင်ရဲ့လား။ ကိုဒေဝ လည်ပင်းကို ဖက်' ဟု ဆိုကာ မငွေခင်ကို ပွေ့၍ သွားပြန်လေသည်။ မငွေခင်သည် စည်းစိမ်ကြီးစွာဖြင့် မျက်တောင်မဖွင့်ဘဲ မှိန်း၍ လိုက်သွားလေသည်။ သူလည်း မနန်းစိန်ကဲ့သို့ပင် ဆုတောင်း မပြည့်ရှာ။

ထိုနောက် မရွှေမှုံ အလှည့် ရောက်လေသည်။ မရွှေမှုံလည်း သူ့ဝမ်းထဲတွင် တဒိတ်ဒိတ်နှင့် နေရခြင်း အရသာနှင့် မောင်ဒေဝ၏ ရင်ငွေ့ကို

ခိုလှုံရခြင်း တည်းဟူသော အဖိုဓာတ်နှင့် တွေ့ရသော စည်းစိမ်မှတစ်ပါး မနန်းစိန်နှင့် မငွေခင်တို့ ခံစားရသော စည်းစိမ်ထက် ပို၍ မခံစားရရှာချေ။

နောက်ဆုံးတွင် အုစ၏အလှည့် ရောက်လေသည်။ အုသည် သူများကိုသာ "ဘာထူးတာလဲအေ၊ အသာ လိုက်မှာ လိုက်သွားတာ မဟုတ်ဘူး" ဟု အပြစ်တင်သော်လည်း ကိုယ်ဖို့ ကြုံသောအခါ သက်လုံ မကောင်းနိုင်ဘဲ ရှိလေသည်။ သူများထက်ပင် ပို၍ ရှက်ကိုးရှက်ကန်းဖြစ်ကာ ရင်ထဲတွင် တဒိတ်ဒိတ်မျှ မကဘဲ တဒိန်းဒိန်းဖြစ်၍ နေလေသည်။

'အု ကိုယ်က လေးက လေးနဲ့။ ကိုဒေဝ နိုင်ပါ့မလား။ ပြီးတော့လည်း အားနာစရာကြီး။ ကိုဒေဝလည်း ဒါလောက်ရှိ မောနေမှာပေါ့နော်။ အု ဖိနပ် ချွတ်ပြီး ရေထဲက ဆင်းသွားမယ်လေ'

'လာပါ အုရယ်၊ စကားပိုတွေ ပြောမနေပါနဲ့။ အု တစ်ယောက် ပို့ချင်တာနဲ့ သူတို့သုံးယောက်ကို ပို့တယ်ဆိုတာ အု အသိသား မဟုတ်လား အုရဲ့'

'သူတို့က အုထက် သာတယ်'

'ကိုဒေဝ စိတ်ထဲကတော့ ဒီလောကကြီးမှာ အုထက်သာတာ ရှိမယ် မထင်ပေါင်'

အုသည် ထိုစကားကို ကြားရသောအခါ ရှိန်းခနဲ ဖြစ်သွားလေသည်။

'အု ကိုယ်က သိပ်မလေးဘူးနော်'

'အုကို ပွေ့ရတာ စကြာမင်းရဲ့ မိဖုရားကြီး ပွေ့ရသလိုပဲ'

'ကိုဒေဝ စိတ်ထဲမှာ ဒီလို ထင်ရင် အုဟာ သိပ်ချောတာပေါ့'

'ချောတာတော့ ဘာပြောကောင်းမလဲ'

'ကိုဒေဝက အုကို မြှောက်နေတာပါ'

'ကိုယ်ထင် ခုတင် ရွှေနန်းဆို မဟုတ်လား အုရဲ့။ ကိုဒေဝ စိတ်ကိုက ထင်နေတာ။ ဘာမြှောက်ပြောဖို့ လိုမလဲ'

ဟိုဘက်ကမ်း ရောက်ပြီးသော လုံမဒီ သုံးဦးတို့ မမြင်နိုင်သော

ရေလယ် ချုံကွယ်ကလေးနားသို့ ရောက်သွားသောအခါ စိန်၊ ခင်၊ မှုံတို့ တောင်းသောဆုသည် အုတွင် လာ၍ ပြည့်တော့မည်ကဲ့သို့ ထင်ရလေသည်။ အဘယ်ကြောင့်ဆိုသော် သူ မကြိုက်သော မိန်းကလေးတို့ အပေါ်တွင် ပင့်သက်ရှူဖို့ စိတ်မဥပါဒ်မိသော်လည်း မောင်ဒေဝသည် အုအား အားရ ပါးရ တစ်နှစ်စာလောက် ဖူလုံအောင် နမ်းလိုက်မည် ကြံ၍ သူ့နှာခေါင်း ကိုပင် အု၏ ပါးကလေးနားသို့ ရောက်အောင် ငုံ့မိသောကြောင့်တည်း။ အုသည် မောင်ဒေဝ၏ အကြံကို မကန့်ကွက်လိုရုံသာမက လေးနက်စွာ ရင်တွင်း၊ ဝမ်းတွင်းမှ ထောက်ခံလိုသော်လည်း ခပ်သိမ်းသော မိန်းမတို့ ဓမ္မတာအလျောက် ရှက်စနိုးရကား မျက်စိကလေး နှစ်လုံးကို မှိတ်ကာသာ ငြိမ်၍ စောင့်လင့်လေသည်။ သို့ရာတွင် ဖိုးသာဝ နွားသိုးနှင့် တူသော မောင်ဒေဝ၏ နှာခေါင်းသည် လက်မတင်ကလေး အလိုကျမှ သဝေထိုးကာ သွားလေသဖြင့် မက်လု မက်လုနှင့် မိုးလင်းသွားလေသည်။

မောင်ဒေဝသည် အုအပေါ်တွင် ဝမ်းတွင်ကျိတ် ကြိုက်၍ နေခဲ့သော် လည်း တစ်ခါမျှ ချစ်ကြောင်းကို ဖွင့်၍ မပြောဖူးသေးသည်လည်း တစ် ကြောင်း၊ ယခုကဲ့သို့ တောမီးလောင်ရာတွင် တောကြောင် လက်ခမောင်း မခတ်လိုသည်လည်း တစ်ကြောင်း၊ ထိုအကြောင်းတို့ကြောင့် ပန်းဝင်ခါနီးမှ ဘေးသို့ သွေပြေးခြင်း ဖြစ်လေသည်။

မောင်ဒေဝသည် အုတို့ လေးယောက်ကို ပို့ပြီးနောက် သူ့ဟာသူ စိတ်မလုံသည့်အလား ကမန်းကတန်း ပြန်၍ ပြေးလေသည်။

ချောင်းကို ကူးပြီးသော လုံမပျိုတို့သည် ခြောက်လုံးသော မျက်စိ ဖြင့် အုနှင့် မောင်ဒေဝကို ဝိုင်း၍ အကဲခတ်ကြလေရာ မြွေမြွေချင်း ဖြစ်၍ ခြေကို မြင်ကြလေသည်။ မောင်ဒေဝသည် အု အပေါ်တွင် မေတ္တာသက်ဝင် လျက် ရှိသည်မှာ သူတို့စိတ်၌ တလင်းပြင်တွင် စပါးပုံကြီး ထားသကဲ့သို့ ထင်ရှားလှပေသည်။ လွင်ပြင်တွင် ဆင်သွားသလို လေးယောက်သား စကား မပြောဘဲ လျှောက်လာကြပြီးနောက် မငွေခင်က 'တို့တော့ မျှော်လင့်ဖို့

မရှိပါဘူးအေ့။ ဒီကောင်မ လက်ထဲပဲ ရောက်မှာပါပဲ’ ဟု ပြောပြီးလျှင် စိတ်မချမ်းမြေ့သော မျက်နှာဖြင့် အုကို ကြည့်လေသည်။

‘ရှင်ငွေခင်က ဘာလဲအေ့၊ ညည်းက စကားနောက် တရားပါ မပြောပါနဲ့.’

‘အုရယ်၊ ညည်းက စကားဖာမနေပါနဲ့အေ။ ကိုဒေဝက ညည်းကို ကြိုက်နေတာပါတော်။ တို့ မြင်ရပါတယ်။ ညည်းကို နမ်းမယ်လို့ ခေါင်းတောင် ငုံ့ပါသေးတယ်။ ညည်းက ပါပုံ မပေါ်လို့သာ သူ လျှော့သွားတာပါ’

‘မဟုတ်ရပါဘူးတော်၊ ညည်းတို့က ကြံကြီးစည်ရာ မပြောကြပါနဲ့.’

နောက်ပိုးမကလေး တစ်စုသည် အစက ပျော်ပျော်ရွှင်ရွှင်နှင့် ထွက်လာခဲ့ကြသော်လည်း လမ်းခုလတ်တွင် ရေဝေးကြာ ဖြစ်ကာ နေကြလေသည်။ သို့ရာတွင် ဝန်တိုမိစ္ဆာ မရှိတတ်သော တောသူ သဘောကြီးကလေးတွေ ဖြစ်သဖြင့် ဝမ်းနည်းသည် မှန်သော်လည်း အု အပေါ်တွင် မနာလိုမရှုဆိတ် မဖြစ်ကြ။ “လောကမှာ သည်လိုပဲ” ဟုသာ ယူဆကြလေသည်။

အုသည် သည်ဘဝ၌ ဘယ်ယောကျ်ားကိုမျှ မချစ်တော့ပါဘူးဟု စိတ်ပိုင်းဖြတ်ခဲ့သော်လည်း ထိုပိုင်းဖြတ်ချက်သည် “မြင်းမိုရ်တောင် ကျိုးမှာစိုး၍ ကျူရိုးနှင့် ကျားကန်”သကဲ့သို့သာ ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် သူက မချစ်ချင်သော်လည်း ရိုးတွင်းခြင်ဆီထိအောင် တစ်ကိုယ်လုံး ပြည့်လျှံလွှမ်းမိုး၍နေသော သူ့ ဩဇာမပိုင်သည့် “အချစ်” ဆိုသော သတ္တဝါကလေးက နေမည် မဟုတ်သောကြောင့်တည်း။ နေ့တိုင်း နေ့တိုင်း အရှေ့လောကဓာတ်မှ ထွက်ပေါ်သော နေဝန်းကြီးကို မထွက်ပေါ်ရန် တား၍ ရချင်လျှင် ရဦးမည်။ ဘယ် ဓာတုဗေဒ ဆရာမှ ဓာတ်ခွဲ၍ မရသော အိုခြင်း၊ နာခြင်းကင်းသော သည်အချစ် ဆိုသည့်၊ အကောင်အထည် မရှိသည့် စိတ္တဇရုပ်ကလေးကို မချစ်ပါနှင့် ဟု တားလျှင် ရလိမ့်မည် မဟုတ်။ အုသည် ဟိုအကြောင်းကြောင့်သာ မောင်ဒေဝကို မချစ်မိစေရန် သူ့စိတ်ကိုသူ အောင့်အည်း တားမြစ်ထားရသည်မှာ မှန်ပါသည်။ သို့ရာတွင် အောင့်အည်းတားမြစ်း

ထားခြင်းမှာ ဝမ်းထဲက မချစ်ခြင်း မဟုတ်။ သူ၏ နှလုံးအိမ် အနောတတ်မှ ဘသွင်သွင် စီးဆင်းလျက်ရှိသော အချစ်ဓာတ်တို့ကို အုသည် ဆက်လက်၍ ပိတ်ပင်တားမြစ်ခြင်းငှာ မတတ်နိုင်။ အုသည် သူ့အချစ်ဓာတ်ကို သူ ဇက်ချုပ်၍ ရတော့မည် မဟုတ်။ ဇက်ကို ပုံ၍ ပေးလိုက်သည်နှင့် တစ်ပြိုင်နက် သူ့အချစ်ဓာတ်သည် မောင်ဒေဝဆီသို့ ခွာစုံချ၍ ပြေးလိမ့်မည်။ သူ့အဖော် သုံးယောက်က မောင်ဒေဝအား တိတ်တိတ်ပုန်း ကြိုက်၍ နေကြကြောင်းကို သိသည့်အတွက် အတုမြင် အတတ်သင်သည့်အလား၊ မောင်ဒေဝကို ဆထက်တိုး၍ ထမ်းပိုးချစ်ပြန်လေသည်။ အချစ်သည် ကူးစက်တတ်သော စိတ်တစ်မျိုး ဖြစ်သည်။ မိန်းမများ အဖို့တွင် သာ၍ပင် အကူးစက်မြန်သည်။ သို့ရာတွင် အုသည် အချစ်ဝေ်၍နေသည် မှန်သော်လည်း သဘောကြီးသဖြင့် သူ့အဖော်မကလေးတို့ အပေါ်တွင် ငြူစူဝန်တိုခြင်း မရှိဘဲ ကရုဏာသက်လျက် ရှိလေသည်။

ညအိပ်ရာဝင်ချိန်တွင် အုသည် ကျမျက်ရည် တွေဆင်းလျက် 'ညည်းတို့ သူ့ကိုချစ်ရင် ငါ ရှောင်ပေးပါမယ်အေ။ ငါ့ကို ဘယ်လိုမှ မအောက်မေ့ကြပါနဲ့။ ဒါပေမဲ့ ငါ့ဝမ်းထဲကတော့ မချစ်ဘဲ မနေနိုင်ဘူးအေ့။ ငါ့အထင်တော့ သူ့စိတ်ထဲမှာ အတည်တကျ အိမ်ထောင်ပြုချင်တဲ့စိတ် မရှိဘူး ထင်ပါတယ်။ တကယ်လို့ အတည်တကျ အိမ်ထောင်ပြုချင်တဲ့စိတ် ရှိလို့ ငါ့ကို အိမ်ထောင်ပြုဖို့ ပြောတာတောင် ငါ လက်မခံပါဘူးအေ။ တကယ်ဆိုတော့ ငါ ဒီဘဝမှာ ယောကျ်ားယူမယ် မကြံတော့ပါဘူး' ဟု မနန်းစိန်အား ပြောလေသည်။

'ညည်း တစ်သက်လုံး ယောကျ်ားမယူဘဲ နေနိုင်ပါ့မလား အေရဲ့။ မဟုတ်တာကြီးကို'

'ငါ ယောကျ်ားယူဖို့ မဖြစ်ပါဘူးအေ။ ဒါပေမဲ့ ငါ့အထင်ကတော့ ငါ့ကို ဖယ်ထားပြီး ညည်းတို့အဖို့ ပြောရမယ် ဆိုရင် ညည်းတို့ကိုတော့ သူ ယူမယ် မထင်ဘူးအေ့'

'ငါလည်း ဒီလို ထင်တာပါပဲအေ။ အစကတည်းက အားမရှိပါဘူး။ ဒါကြောင့် ငါဖြင့်အေ သေသာ သေလိုက်ချင်တာပဲ'

မနန်းစိန်သည် ပူခြင်း၊ ဆွေးခြင်း၊ ညှိုးလျှခြင်း စသော ဘယ်အရသာနှင့်မျှ မတူသော ချစ်ခြင်း၏ အရသာကို စ၍ ခံစားရလေပြီ။ ထိုအခိုက်တွင် မငွေခင်နှင့် မရွှေမှုံတို့ တက်လာကြလေသည်။

'ဟော့ ငွေခင်တို့၊ ရွှေမှုံတို့ရေ။ ဒီကောင်မလည်း တို့အသင်းထဲ ပါလာပြီ တော့်။ ကိုဒေဝက သူ့ကိုလည်း ယူမှာ မဟုတ်ဘူးတဲ့တော့်။ ဒီတော့ တို့ သူနဲ့ ဘာမှ အဝေ မတည့်စရာ မရှိတော့ဘူး'

ဤနည်းဖြင့် မနန်းစိန် အစ၊ အ အဆုံးရှိသော တောသူမကလေးလေးယောက်တို့သည် သူတို့ဝမ်းထဲ၌ ရှိသမျှကို ဖုံးဖိက်မထားဘဲ ဘွင်းဘွင်းကြီး ဖွင့်၍ ပြောကြလေသည်။

'ငါလည်း ဖြစ်ချင်ရာ ဖြစ်ပစေတော့အေ၊ ခုမှတော့ မထူးဘူး။ ဟိုတလောက တယ်တောက အကောင်တစ်ယောက်က ငါ့ကို လာစပ်တာ နှစ်ခါတောင်မှပဲ။ ငါက လက်မခံလိုက်ဘူး။ အခုမှ သူ့ပြန်ယူရမယ် ဆိုရင်တော့ သေတာကပဲ ကောင်းဦးမယ်' ဟု မငွေခင်က သူ့အကြောင်း သူဖာတ်လှန်လေသည်။

'ညည်းတို့က ဖွင့်ပြောမှ ငါကလည်း ပြောလိုက်ရဦးမယ်။ မနက်က ချောင်းကို ကူးတုန်းကလည်း ငါ့ကို နမ်းများ နမ်းလိုက်မလားလို့ ငါက အသာကလေး မျက်စိမှိတ်ပြီး နမ်းပါစေတော်၊ နမ်းပါစေတော်လို့ ဆုတောင်းပြီး မှိန်းလိုက်သွားတယ်။ ဘကြီးသားက နမ်းတော် မမူဘူးတော့်။ ဒီတော့ ငါ ဒီမှာ မနေချင်ဘူး။ ရွာကို ပြန်တော့မယ်' ဟု မရွှေမှုံက ဖြောင့်ချက်ပေးလေသည်။

ယခင်က သူတို့ဟာသူတို့ ဝမ်းတွင်းကြိုက် ကြိုက်၍ နေကြစဉ်က မထောင်းတာလှသော်လည်း နံနက်ခင်းက မတူသည့် ဇာတ်ဖြစ်သော မောင်ဒေဝ၏ အပွေ့ခံလိုက်ရခြင်းသည် မီးလောင် လေပင့် ဖြစ်လေသည်။ သူတို့

အိပ်ခန်းသည် သူတို့စိတ်၏ အပူဓာတ်ဖြင့် ပေါက်ကွဲရခမန်း ဖြစ်လျက် ရှိလေသည်။ “ဒီအပူသည် ဘယ်ဆိုးပါကလား။ ဒီဟာကြောင့် ဒီအပူဟာ ဘာအပူနဲ့မှ မတူဘူး” ဟု ပြောကြခြင်း ဖြစ်ရာသည်။ လုံမငယ် လေးဦး သည် တူသောအပူ ရှိရကား သူပဲ၊ ငါပဲဟု စိတ်ဝမ်းကွဲပြားခြင်း မရှိဘဲ သနားညှာတာခြင်း မရှိသော အဖို အမ ဓာတ်တို့ တစ်သဘောတည်း သက်ဝင်လျက် ရှိလေတော့သည်။ သူတို့သည် တစ်ယောက်အပေါ် တစ်ယောက် မနာလို တိုရှည်စိတ် မရှိကြ။ အဘယ့်ကြောင့်ဆိုသော် မျှော်လင့်ချက် မရှိကြသောကြောင့်တည်း။ ဓမ္မတာ တရားသည် ယောကျ်ား မိန်းမ၊ အဖို အမကိုသာ အသိအမှတ်ပြု၍ ဘယ်ယောကျ်ားသည် ဘယ်မိန်းမနှင့် မထိုက်တန်၊ ဘယ်အဖိုနှင့် ဘယ်အမသာ ထိုက်တန်သည်၊ ဘယ်အမနှင့် ဘယ်အဖိုသာ ထိုက်တန်သည်ဟု သဘောမထားသော်လည်း လူတို့၏ ထုံးစံမှာ တစ်မျိုး ဖြစ်လေသည်။ သူတို့မှာ လူတို့၏ ထုံးစံအရ မောင်ဒေဝကို မကြိုက်ထိုက်ပေ။ ဓမ္မတာ၏ သဘောအရမှာ လွတ်လပ်စွာ ကြိုက်ပိုင်သည်သာ ဖြစ်ပေသည်။ သို့ရာတွင် လူတို့မှာ ဓမ္မတာ သဘောအရ နေထိုင်ကြသည် မဟုတ်သောကြောင့် မောင်ဒေဝနှင့် တောသူ နောက်ပိုးမကလေးတို့မှာ နီးစပ်ပါလျက် ထုံးစံတောင်ကြီး ခြားလျက် ရှိလေသည်။ မနန်းစိန်၊ မငွေခင်၊ မရွှေမှုံနှင့်တကွ အုတို့သည် ကိုယ့်အိပ်ရာထဲတွင် ကိုယ် တလူးလူး တလိမ့်လိမ့်နှင့် အချစ်စည်းစိမ်ကို ခံစားလျက် ရှိနေကြလေသည်။

‘ဟေ့ ကောင်မ၊ အုရေ။ အိပ်ပလားအေ့’

‘ဘာလဲ နန်းစိန်ရဲ့၊ မအိပ်သေးပါဘူးအေ့’

‘ငါလည်း မအိပ်သေးဘူးတော့်။ ရွှေမှုံကြီးလည်း မအိပ်သေးဘူးတော့်။ သူ့အမေ အဖေတွေက သူနဲ့ စပ်ပေးတယ်ဆိုတဲ့ ရပ်ကြီးသူမ အကောင်မဟာ ဘယ်လိုများ နေပါလိမ့်။ ငါ ကြည့်ချင်လိုက်တာ အေ’

‘အေး၊ ဟုတ်တယ်တော့်။ ငါလည်း ကြည့်ချင်လိုက်တာ’ ဟု မငွေခင် က ထောက်ခံလေသည်။

'ဒီအကြောင်း ညည်းတို့ ဘယ်သူပြောသလဲအေ့၊ ငါတော့ မကြားမိသေးဘူး' ဟု အုက စုံစမ်းလေသည်။

'ဒီအကြောင်း ညည်း မကြားသေးပေမဲ့ တို့က ကြားပြီးပြီတော့်။ သူ့ဖို့ စပ်ထားတယ်ဆိုတဲ့ ကောင်မက စာဖြူကျောင်း နေသတဲ့တော့်။ သူ့အဖေက ဆိပ်ပွဲစားကြီးတဲ့တော့်။ ငွေစလည်း တော်တော်ရှိသတဲ့။ ဒါပေမဲ့ အဲဒီ ကောင်မကို သူကတော့ သိပ်ပြီး သဘောမကျဘူး ဆိုပဲအေ့။ ဒါတော့အေ သူက သဘောကျကျ မကျကျ ညားဖြစ်မှာပါပဲ။ သူ့မိဘစကား သူ နားထောင်မှာပေါ့အေ့'

သူတို့သည် မောင်ဒေဝနှင့် ရည်မှန်းထားသည် ဆိုသော မိန်းကလေးအကြောင်းကို နားစွန်နားဖျားသာ ကြားဖူးသော်လည်း စိတ်ကူးခြင်းကို အားပေးသော အမှောင်ဓာတ် ဝန်းရံလျက် ရှိသဖြင့် တစ်ဆိတ်ကို တစ်အိတ် လုပ်ကာ ပြောလျက်နေကြခြင်း ဖြစ်လေသည်။ သူတို့အခန်းထဲတွင် နှုတ်ပိတ်ရေငုံ ဥပဒေများ၊ ဆယ့်နှစ် ဆယ့်နှစ်လီ ပုဒ်မများ မရှိသဖြင့် ပြောချင်ရာတွေကို လွတ်လပ်စွာ ဝအောင်၊ အီအောင်၊ နံချိုင့်အောင် ပြောကြပြီးလျှင် မောင်ဒေဝနှင့် သူ့ကြင်ရာလောင်း ရပ်ကြီးသူကလေးတို့၏ မင်္ဂလာ လက်ဆောင် အခမ်းအနားမှာ ဘယ်ပုံ နေလိမ့်မည်၊ မင်္ဂလာ အပြီးမှာ ဘယ်လို ပျော်ရွှင်စွာ နေကြလိမ့်မည်၊ သားဦး ကလေးလေးကို ဘယ်လို နာမည်မှည့်ကြလိမ့်မည်၊ သူတို့ လင်မယားနှစ်ယောက်သည် ဘယ်လို ဘုရားသွားအတူ၊ ကျောင်းသွားအတူ နေလိမ့်မည် အကြောင်းတို့ကိုပါ လွတ်လပ်စွာ ကိုယ်စီကိုယ်င စိတ်ကူးကြရင်း အိပ်ပျော်ခြင်းသို့ ရောက်ကြလေသည်။

မောင်ဒေဝတွင် သူ့မိဘများ စေ့စပ်ကြောင်းလမ်းထားသူ ရှိသည်ဟူသော သတင်းကို ကြားရသည့်အခါက စ၍ အုသည် မောင်ဒေဝက သူ့အပေါ်တွင် အတည်ကြံလိမ့်မည် ဟူသော ယူဆချက်ကို စွန့်လွှတ်လိုက်လေသည်။ မောင်ဒေဝက သူ့ကို ခင်ခြင်းမှာ အအားမနေတတ်သော အချစ်၏ တိုက်တွန်းချက်အရ လမ်းကြုံ၍ ကုန်ဝင်ဆစ်ခြင်းမျှသာ ဖြစ်ပေမည်။

စင်စစ်သော်ကား အုမှာ အလှဘက်တွင် လည်းကောင်း၊ အလိမ္မာဘက်တွင် လည်းကောင်း၊ အချစ်၏ တာဝန်ကို ထမ်းဆောင်ဖို့ဘက်တွင် လည်းကောင်း ဟု အရိုးအမိုက်ကလေး သုံးယောက်ထက် သာသည် မှန်သော်လည်း လူတို့ ထုံးစံအားဖြင့် ကြည့်မည်ဆိုသော် သူ့မှာ သူ့အဖော်ကလေး သုံးယောက် လောက် တန်ဖိုးမရှိရှာတော့ချေ။ သို့ဖြစ်ရာ အကယ်၍ မောင်ဒေဝသည် သူ့ကို လျစ်လျူပြုမည် ဆိုသည့်တိုင်အောင် ဝမ်းနည်းဖွယ် မရှိ။ သူ့အကြောင်း နှင့်သူ ဖြစ်ရသည်ဟု ဖြေနိုင်စရာ ရှိလေသည်။ ရှင်ဘို့မယ်ကို မင်းငါးဆက် နန်းတင်သော ထုံးစံများ ပြန်လည် ထွန်းကားမည်ဆိုသော် အု အား သူ၏ တန်ဖိုးအမှန်အတိုင်း အဖိုးဖြတ်၍ ဖြစ်ကောင်းပေလိမ့်မည်။ သည် အတော အတွင်း၌ ဖူးစာနတ်ကိုသာ စိတ်ဆိုးဖို့ ကောင်းလေသည်။

## အခန်း ၁၉

အခါကား တန်ဆောင်မုန်း နတ်တော် ကောက်လှော်စားအခါ ကုန်မြောက်၍ နတ်တော် ပြာသို ကြဲဖျားချိုသော အခါမှ တစ်ဖန်၊ နှာရည်ယိုရွဲ တပို့တွဲ အခါသို့ လွန်ပြီးနောက်၊ ပေါက်လဲငုံစီ ဖူးတံချီသော တပို့တွဲလလည်း အလှည့် ကျ စုတေ့၍ တပေါင်း တန်ခူး မိုးသားကျူးလျက်ရှိသော အခါပေတည်း။ ပူအိုက်၍ သစ်မျိုး ဝါးမျိုးတို့ သွေ့ခြောက်ကြသောအခါ ဖြစ်သောကြောင့် ပျင်းစရာလည်း ကောင်းလေသည်။ အင်ကြင်း၊ ရင်ခတ်၊ ပိတောက်၊ ကုက္ကို တို့ ပွင့်ကြသောအခါ ဖြစ်၍လည်း ကြည်နူးလွမ်းဆွတ်ဖွယ် ကောင်းပြန်လေ သည်။ ထိုအခါ မောင်ဒေဝမှာ အပြင် အပူကိုသာ ခံနေရသည် မဟုတ်၊ အတွင်းအပူသည်လည်း ပြဒါးချိန်တက်လျက် ရှိလေသည်။ ချစ်ခြင်းသည် အရသာရှိသော ပူခြင်းတစ်မျိုးပင် ဖြစ်လေရာ ဖော့ဖယောင်းစု ပျော့ပျောင်းန သော အုကလေးအတွက် ချစ်ရိုး မည်းမှောင် ချစ်စထောင်လျက်ရှိသူ မောင် ဒေဝသည် အဘယ်မှာ မပူဘဲ ခံနိုင်တော့အံ့နည်း။

လှအုံးမယ်နှင့် လှလေအုံး ခေါ်သော နွားမနှစ်ကောင်ကို နို့ညှစ်ရန် အတွက် အုစ၏ အလှည့်ကျသဖြင့် အုသည် နွားခြံထောင့်တွင် နို့ညှစ်လျက် နေလေသည်။ အခြား အိမ်သူအိမ်သားတို့သည် ရေခပ်သူ ခပ်၊ နွားစာစဉ်းသူ စဉ်း၊ ထမင်းချက်သူ ချက် ကိုယ့်အလုပ်နှင့်ကိုယ် မအားအောင် ရှိကြလေ သည်။ မောင်ဒေဝသည် အုနှင့် နီးစပ်စေရန် ရည်ရွယ်ချက်ဖြင့် တခြားအလုပ် ကို မလုပ်ဘဲ လှလေအုံးကို ယူပြီးလျှင် အုနှင့် မလှမ်းမကမ်း၌ နို့ညှစ်လျက် နေလေသည်။ သူ့အကြံမှာ နို့ညှစ်လို၍ မဟုတ်။ အုနှင့် နီးရန်သာ ဖြစ်သဖြင့် နို့ကို ကောင်းစွာမညှစ်ဘဲ အုကိုသာ မျက်စိဒေါက်ခံကာ ကြည့်လျက် ရှိလေ သည်။ အုသည် မောင်ဒေဝကို ဂရုမပြုဘဲ သူ့ဟာသူ နွားနို့ညှစ်ရင်း စဉ်းစား ခန်း ဝင်လျက် ရှိလေသည်။ မောင်ဒေဝသည် သူ၏ မျက်ရှုကြေးမုံ သက်လုံးပုံ အား ခြေဆုံး ခေါင်းဆုံး အဖန်ဖန် အပြန်ပြန် ကသိုဏ်းရှုလျက် ရှိလေသည်။ နဂိုက ချစ်ရင်း ကြိုက်ရင်းတွင် တစိမ့်စိမ့် ကမ္မဋ္ဌာန်း ရှုပြန်သောအခါ အချစ် ဓာတ်တို့သည် ဆူကြွ၍ လာလေသည်။ မောင်ဒေဝ စိတ်တွင် လောက၌ အုသည် အလှဆုံးဟုပင် ထင်မိလေသည်။ စင်စစ်သော်ကား အုမှာ လောက၌ အလှဆုံး မဟုတ်သည်ကို အများပင် သိမြင်နိုင်လေသည်။ အု၏ မျက်လုံး ကလေးများကဲ့သို့ ကြည်လင်သော မျက်လုံးကလေးများကို မောင်ဒေဝ မြင်ဖူးခဲ့လေပြီ။ သူ့မျက်တောင်ကဲ့သို့ ကော့သော မျက်တောင်၊ သူ့မျက်ခုံးစ ကဲ့သို့ သုံးရက်လနှင့်တူသော မျက်ခုံး မျက်စကလေးများကိုလည်း မြင်ဖူး ခဲ့လေပြီ။ သူ့နှာတံကလေးကဲ့သို့ ချစ်စရာကောင်းသော နှာတံ၊ သူ့ပါးအို့ ကလေးကဲ့သို့ ပုံ့ပုံ့ကလေး နေသော ပါးအို့ကလေးများကိုလည်း မောင်ဒေဝ သည် မြင်ဖူးသည်သာ ဖြစ်သည်။ သို့ရာတွင် အု၏ နှုတ်ခမ်းကလေးနှင့် သွားကလေးတွေ နေပုံမှာ အထူးပင် ပန်ရလှသဖြင့် ပွင့်သစ်စ နှင်းဆီပန်း ထဲတွင် ပုလဲဥ နှင်းပေါက်ကလေးများ ကင်းထောက်နေသည်နှင့်သာ တူလေ တော့သည်။ အုသည် တစ်ခါတစ်ရံ သွားကလေး မပေါ်တပေါ်နှင့် ပြုံးစိစိ လုပ်သည်ကို မြင်ရသောအခါ မောင်ဒေဝမှာ အူထဲ အသည်းထဲတွင် ဂျူးဂျိ

ဟုံးဟိနှင့် နုံးချည့်၍ သွားလေသည်။ သူ့စိတ်က အုကို အလှဆုံးဟု ထင်၍ နေသောကြောင့် မစွမ်းရင်းရှိရာတွင် ကန်စွန်းခင်း ထပ်၍ ငြိခြင်း ဖြစ်ချင်လည်း ဖြစ်ပေမည်။ သို့ရာတွင် ဘာကြောင့်ပင်ဖြစ်စေ မောင်ဒေဝ စိတ်ထဲတွင် မချိမဆံ့ဖြစ်၍ နေသည်မှာ အမှန်ပင် ဖြစ်သည်။ မောင်ဒေဝသည် မိမွေးတိုင်း ဖမွေးတိုင်းစိတ် ပျောက်၍ အချစ်စိတ် ပေါက်လျက် ရှိုးလပြီ။ ထိုအခိုက်တွင် အနီးအနား၌ လူသူလေးပါးလည်း မရှိ။ မောင်ဒေဝသည် ဘာမပြော ညာမပြော အုဆီသို့ ကောက်ကောက်ပါအောင် သွားတည့်ပြီးလျှင် အု ထိုင်နေသော ခွေးခြေကလေးဘေးမှ မြေကြီးပေါ်တွင် ဒူးနှစ်ဖက်ထောက်ပြီး အုကို အတင်း ဖက်ထားလေသည်။ အုသည် အမှတ်တမဲ့ ဖြစ်သဖြင့် အတော်လန့်၍ သွားလေသည်။ နောက် မော့်၍ ကြည့်လိုက်သောအခါ သူ၏ စုံမက်ခြင်း၏ တည်ရာ၊ သူ၏ မြတ်နိုးခြင်း၏ တည်ရာ ဖြစ်သော မောင်ဒေဝ ကန်တော့ပန်းဆင်နေမှန်း သိသဖြင့် ကန့်ကွက်ခြင်း တစ်စုံတစ်ရာ မပြုဘဲ ငြိမ်သက်စွာ ခံနေလေသည်။ အုသည် ကျေနပ်နှစ်သက်ခြင်း၏ အရသာဖြင့် မျက်ရည်များပင် လည်၍လာလေသည်။ မောင်ဒေဝသည် အု၏ ဝန်းစက်ပုံ့အိသော မျက်နှာကို စူးစိုက်ကာ ကြည့်ပြီးနောက် အားရပါးရ တစ်ရှုပ်ပြီး တစ်ရှုပ် ဆက်ကာဆက်ကာ နမ်းလိုက်လေသည်။ သို့ရာတွင် သူ နမ်းခြင်းမှာ အုကို မထိခိုက်။ အဘယ့်ကြောင့်ဆိုသော် ကာယကံ မမြောက်ဘဲ မနောကံ နမ်း နမ်းခြင်းမျှသာ ဖြစ်သောကြောင့်တည်း။

'အု စိတ်ဆိုးသလား။ ကိုဒေဝ ချစ်လွန်းလို့ပါ။ အုအတွက် ကိုဒေဝ ဘယ့်နှယ်ဖြစ်နေမှန်း မသိဘူး။ အုကို မရရင် ကိုဒေဝ သေမှာပဲထင်တယ်'

အုသည် ဘာပြန်ပြောရမှန်း မသိသဖြင့် ဘာမျှ ပြန်မပြော။

ထိုအခိုက်တွင် လှအုံးမယ်သည် အမြီး တဖျပ်ဖျပ် ခတ်ပြီးလျှင် နားရွက်များစွေ၍ အုနှင့် မောင်ဒေဝတို့ နှစ်ပါးသွားနေသည်ကို ကြည့်ပြီးလျှင် "ဘယ့်နှယ်လဲ၊ ငါ့ဘေးနားမှာ ရှေးအစဉ်အလာကစပြီး နို့ညှစ်တဲ့လူ တစ်ယောက်တည်း ရှိရိုးပါ။ ဒီတစ်ခါ ဘယ်က တစ်ယောက် တိုးနေပါလိမ့်

မလဲ" ဟု စိတ်ဆိုးလာ၍လော မသိ။ ကန်တော့ ကျောက်တော့မည်ကဲ့သို့ ခြေတလှုပ်လှုပ်ဖြစ်ကာ နေလေသည်။

'လှအုံးမယ် လန့်နေပြီ။ ကန်လိုက်လိမ့်မယ်။ သူက ဘာမှန်း ညာမှန်း သိတာ မဟုတ်ဘူး' ဆိုကာ အုသည် မောင်ဒေဝကို ဖယ်ရှားပြီးလျှင် ထိုင်ရာမှ ထ လိုက်လေသည်။ မောင်ဒေဝသည် ခိုင်မြဲစွာ ဖက်ထားသော လက်နှစ်ဖက်ကို ဆက်လက် ခိုင်မြဲစွာ ဆုပ်ကိုင်၍ အုအား သူ၏လက်တွင်းမှ လွတ်ခွင့် မပေးသေး။ အုသည် တစ်ခဏမျှ တွေနေပြီးနောက် မျက်ရည် ဖြိုင်ဖြိုင် ကျလာလေသည်။

'အို အု၊ ဘာလို့ ငိုရတာလဲ။ အလိမ္မာသားနဲ့၊ မငိုနဲ့လေ။ ငိုရင် အလှတွေ ပျက်ကုန်လိမ့်မယ်။ တိတ်ပါ'

အုသည် ရှေ့ရေးကို တွေး၍မြင်သဖြင့် ပူပင်သောက ရောက်ပြီးလျှင် မောင်ဒေဝ၏ ဖက်ထားသော လက်နှစ်ဖက်ကို ဖယ်ပစ်လေသည်။

'ကိုင်း အု၊ ကိုဒေဝက ချစ်တာကို အု သိပြီ မဟုတ်လား။ ဒါကြောင့် အု စိတ်ဆိုးရင်လည်း ခံရမှာပဲ။ ကိုဒေဝတော့ဖြင့် မနေနိုင်တာနဲ့ အုကို မပန်ကြားဘဲနဲ့ ဒီလို လုပ်မိတာပဲ။ အု မကြိုက်ဘူးဆိုရင် ကိုဒေဝ နောက်ကို မလုပ်ပါဘူး။ ဒီတစ်ခါ အပြစ်လွှတ်ပါ။ ဒီကောင်မလေးကို ငါ အတင်းကြံရင် ဒင်း ဘာမှ တတ်နိုင်မှာ မဟုတ်ဘူးလို့ အောက်မေ့ပြီး အနိုင်ကျင့်တဲ့ သဘောနဲ့ လုပ်တာလည်း မဟုတ်ပါဘူး။ ကိုဒေဝ မှားပါတယ်။ နှမချင်း မစာလို့ မအောက်မေ့ပါနဲ့'

'ဒီလိုတော့ မအောက်မေ့ပါဘူး'

အုနှင့် မောင်ဒေဝတို့သည် နောက်ခဏကြာသောအခါ ကိုယ့်နွားမ ကိုယ် အခြေမပျက် နို့ညှစ်မြဲ ညှစ်ကာ နေကြလေသည်။ ဒွေးလေးမယ် ရောက်လာသောအခါ မင်းသမီး၊ မင်းသား နှစ်ပါးသွားပြီးပြီ ဖြစ်၍ ညောင် ညိုပင် စခန်းက လမ်းခွဲ၍သွားလေပြီ။ ဟုတ္တိ ပတ္တိ၊ ဣန္ဓြေ ဣန္ဒြာနှင့် ကိုယ့်ဟာကိုယ် တခြားစီ နို့ညှစ်၍ နေကြသူနှစ်ဦးမှာ သူ မလာခင် ကွမ်း

ဘစ်ရာ ညက်လောက် ကလေးအတွင်း၌ သာမန် အသိအကျွမ်း ဘ၀မှ ရင်းနှီးသော သမီးရည်းစား ဘ၀သို့ ရောက်သွားကြပြီ ဖြစ်သည်ကိုကား ပျိုရာမှ အိုလာခဲ့သော ဒွေးလေးမယ်တောင်မှ မရိပ်မိလိုက်ချေ။

## အခန်း ၂၀

ထိုနေ့ ထိုအချိန်က စ၍ မောင်ဒေ၀ စိတ်သည် ချောက်ချားလျက် ရှိလေသည်။ အခြား အိမ်သူအိမ်သားများ အိပ်ရာ၀င်ကြသော အချိန်၌ မောင်ဒေ၀ သည် စိတ်ဂနာမငြိမ်တိုင်း အိမ်ရှေ့က ညောင်ပင်ကြီးအောက်တွင် လူးလာခေါက်တုံ့ လမ်းသလားလျက် ရှိလေသည်။

"မောင်ဒေ၀၊ မင်း သူများ သားပျို သမီးပျိုကို ဘယ့်နှယ် သွားလုပ်ရတာလဲ။ မင်း သူ့ကို တကယ်ယူမှာလား၊ စဉ်းစားနော် မောင်ဒေ၀။ မင်း စိတ်ထဲက တကယ်ယူမှာ မဟုတ်ဘူးဆိုရင်လည်း သူ့ခမျာ အလကား စိတ်ညစ်နေရှာပါ့မယ်။ သွားမစပါနဲ့" ဟု မောင်ဒေ၀သည် သူ့ကိုယ်သူ ဆုံးမလေသည်။

မောင်ဒေ၀ စိတ်တွင် မရှိနွမ်းပါးသော မိန်းကလေးတို့မှာ ထို မရှိနွမ်းပါးခြင်း အတွက်မှုနှင့် သူ့ထက် ဂုဏ်ယုတ်သည်၊ အောက်တန်းကျသည် ဟု မထားသည်မှာ မှန်သည်။ သို့ရာတွင် သူ့မိဘများနှင့် အခြား သူ့အပေါင်းအသင်းများက "မင်းနှယ်ကွာ၊ မိန်းမပဲ ဒါလောက်တောင် ရှားလွန်းလို့ ကောက်စိုက်မ ပဲကောက်သမ နွားကျောင်းသမကို ယူရသလား" ဟု တဲ့တိုးသော်လည်းကောင်း၊ စောင်းပါးရိပ်ခြည် သော်လည်းကောင်း ကဲ့ရဲ့ကြမည်ဆိုသော် ခံနိုင်ပါမည်လော။ သူ့အချစ်သည် ဘယ်သူကဲ့ရဲ့သည်ကို ပဏာမပြုဘဲ "ငါ့ဟာငါ ကြိုက်လို့ယူတာ ဘာဖြစ်သလဲ" ဟု ဆိုနိုင်လောက်အောင် ခိုင်မာသော အချစ်စစ် အချစ်မှန် ဟုတ်ပါသလော။ မောင်ဒေ၀သည် နွားခြ

ထဲတွင် ဓားပြကြဲ မကြဲခင်က ချစ်ခြင်း၊ ကြိုက်ခြင်းတို့၏ အကျိုးသက်ရောက်ဟန်ကို နက်နက်နဲနဲ မစဉ်းစားမိချေ။ နွားခြံတွင် အကြဲမြောက်သည့် အခါက စ၍ သူ့စိတ်တွင် ချစ်ခြင်း၊ ကြိုက်ခြင်းတို့၏ခရီးစဉ်ကို ကွက်ကွက်ကွင်းကွင်း တွေးမိလေသည်။ "သူ့ကို ငါ သွားစမိပြီ။ စ မိရင် ယူမှပဲ တော်မည်။ အမေတို့ အဖေတို့ကိုတော့ တော်အောင် ကြည့်ပြောတော့မည်" ဟု အကြံရ၍ စိတ်အိုက်ပြေသွားလေသည်။ မောင်ဒေဝတွင် အမျိုးသမီးတို့ကို စောင့်ရှောက်လိုသောစိတ် ရှိသည်ဖြစ်မှု ထိုစိတ်မှာ အများထုံးစံကဲ့သို့ ချမ်းသာကြွယ်ဝသော အမျိုးသမီးများကိုသာ စောင့်ရှောက်လိုသော မျက်နှာကြီးရာ ဟင်းဖတ်ပါသည့် စိတ်မျိုး မဟုတ်။ မောင်ဒေဝသည် အုကို ကိုယ်ထိလက်ရောက်သွား၍ မပွေ့ဖက်ခင်က တကယ်ယူဖို့၊ မယူဖို့နှင့် ပတ်သက်၍ လုံးလုံး မစဉ်းစားမိသည်မှာ မှန်သော်လည်း ဆင်းရဲသော တောသူမကလေး ဖြစ်သည့်အတွက် ကြောရရုံသာ ကြံမည်ဆိုသော မမြင့်မြတ်သော စိတ်မျိုး အလျှင်း မရှိရှာချေ။ ယခင် ဘာမျှ သူ မစဉ်းစားမိလျှင် သူ ယခု စဉ်းစားမိပြီ။ အုသည် အရွယ်ကလေးလည်း ကောင်းသည်။ လှလည်း လှသည်။ သွက်လက်ဖျတ်လတ်ခြင်းလည်း ရှိသည်။ အကင်းလည်း ပါးသည်။ သူ့ကိုလည်း ချစ်သည်။ သူကလည်း ချစ်သည်။ ဆင်းရဲတာနှင့် တောသူမကလေး ဖြစ်နေခြင်း တစ်ခုပဲ ဆိုစရာရှိသည်။ ဆင်းရဲတာနှင့် မယူကောင်းဘူး၊ အတည် မကြံကောင်းဘူး ဆိုသော ဝါဒမှာ ကောင်းသောဝါဒ မဟုတ်နိုင်။ သို့ဖြစ်ရာ အုကို ယူဖို့၊ မယူဖို့ အကျိုးအပြစ်များကို စစ်ဆေးရာ ယူဖို့ဘက်က အချက်များလေသည်။ အကယ်၍ မိဘတို့က သဘောမတူခဲ့သော် အနန္တော အနန္တ ငါးပါးတွင် တစ်ပါး အပါအဝင်ဖြစ်သော မိဘတို့စကားကို နားမထောင်၍ တော်ပါမည်လော။ သိဒ္ဓတ္ထမင်းသားသည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ စကားကို နားထောင်မိချေသော် ဘုရားအဖြစ်သို့ ရောက်နိုင်ပါမည်လော။ မိဘစကားကို နားထောင်ရမည်ဆိုသော အဆုံးအမဥ္စလည်း ခပ်သိမ်းသော အဆုံးအမတို့မှာ ကဲ့သို့ပင် နားမထောင်သင့်သည် အခါတွင် မထောင်အပ်

ဟူသော ခြွင်းချက် မရှိကောင်းပါလော။ မောင်ဒေဝ စိတ်တွင် ရှိကောင်းသည် သာဟု ထင်လေသည်။ မောင်ဒေဝသည် နောက်တစ်ရက် နှစ်ရက်လောက် ကြာသောအခါ သူ့မိဘများ၏ သဘောကို စုံစမ်းကြည့်ရန် မြို့လှသို့ မြင်းနှင့် သုတ်ခဲ့လေသည်။

သူ့အဖေအိမ်သို့ မရောက်ခင် မျက်စောင်းထိုး သုံးအိမ်ခြားလောက်တွင် အုတို့ အရွယ်လောက်ရှိသော ကာလဆန်ဆန် ဖြီးလိမ်းဝတ်စားထားသည့် မိန်းမပျိုတစ်ယောက်သည် အိမ်ရှေ့က ပန်းပင်များကို ရေလောင်းလျက် နေသည်ကို တွေ့ရလေသည်။ ထိုမိန်းမပျိုမှာ မောင်ဒေဝ အဖေများက မောင်ဒေဝနှင့် ပေးစားရန် ရည်မှန်းထားသော အင်္ဂလိပ်ကျောင်းသူမ မခင်သူ ဖြစ်လေသည်။ မောင်ဒေဝနှင့် မခင်သူတို့မှာ ကျောင်းနေဖက်များ ဖြစ်ကြသည်။ မောင်ဒေဝသည် မခင်သူကို တွေ့ဖို့ အားနာသဖြင့် မမြင်ဟန်ပြုကာ မြင်းနှင်သွားလေသည်။

မောင်ဒေဝ၏ အစ်ကိုအကြီး မြို့အုပ် မောင်မာဃသည် အခွင့်ယူ၍ သူ့မိဘများထံ အလည်လာခိုက် ဖြစ်သဖြင့် မောင်ဒေဝနှင့် တွေ့လေသည်။ သူ့အစ်ကိုအလတ် မောင်သူရလည်း ကျောင်းပိတ်ချိန် ဖြစ်သဖြင့် မြို့လှတွင် ရောက်လျက် နေလေသည်။

မောင်မာဃနှင့် မောင်သူရတို့သည် သူတို့ ညီအထွေးဆုံး ဖြစ်သော မောင်ဒေဝကို "ဒီကောင်တော့ အတော် နွားကျတဲ့ အကောင်ပဲ" ဟု ထင်ကြလေသည်။

မောင်ဒေဝသည် သူ့အစ်ကိုနှစ်ယောက်အား လောကကြီးအကြောင်း ဘာမှ မသိကြရှာဘူးဟု သနားလျက် ရှိလေသည်။

မောင်ဒေဝသည် သူ့အစ်ကိုနှစ်ယောက်က ခါတိုင်းကဲ့သို့ သူ့အပေါ်တွင် ကြင်ကြင်နာနာ မရှိသဖြင့် သူကလည်း ခပ်ရှောင်ရှောင်ပင် နေလေသည်။

မြို့လှသို့ ရောက်ပြီးနောက် နောက်တစ်နေ့တွင် သူ့အစ်ကို

နှစ်ယောက် မြို့ထဲသို့ အလည်အပတ် သွားကြသဖြင့် အိမ်တွင် သူ့အမေ၊ အဖေနှင့် သူသာ ရှိကြလေသည်။ မောင်ဒေဝသည် ဦးဖြိုးဒင်အနီးသို့ သွား၍ 'အဖေ၊ ကျွန်တော့်အသက်ဟာ မငယ်တော့ဘူး။ အခု အစိတ်ထဲ ရောက်နေပြီ။ ဒီတော့ ကျွန်တော် အိမ်ထောင်ပြုမယ်ဆိုရင် အဖေက ကန့်ကွက်ဦးမလား' ဟု မေးလေသည်။

'ငါ့သား အိမ်ထောင်ပြုမယ်ဆိုရင် အဖေက ဘာမှ ကန့်ကွက်ဖို့တော့ မရှိပါဘူး။ လောကဆိုတာ ပွင့်ချိန်တန် ပွင့်၊ သီးချိန်တန် သီးရမှာပေါ့။ အဖေတို့လည်း မိဘတို့ ဝတ္တရားအတိုင်း မင်းအဖို့ စိတ်ကူးထားတာပါပဲ။ ဘယ့်နှယ်လဲ ငါ့သား၊ ပွဲစားကြီးသမီး ခင်သူကလေးကို သဘောမကျဘူးလား။ ကောင်မကလေးက ရိုးရိုးသားသား လိမ်လိမ်မာမာကလေးပဲ။ အင်္ဂလိပ်စာ တတ်ပေမယ့် ဒီခေတ် မိန်းကလေးများလို ကြွစောင်းစောင်း မဟုတ်ဘူးကွယ့်။ ရတနာသုံးပါးကိုလည်း တယ်ပြီး ကိုင်းရှိုင်းရှာတယ်'

'မခင်သူကို ကျွန်တော်လည်း သဘောကျပါတယ်။ သူ့မယ် ဘာမှ အပြစ်ပြောစရာ မရှိပါဘူး။ ရုပ်ရည်ကလေးကလည်း လှ၊ ပညာကလေးကလည်း တတ်၊ လိမ်လည်း လိမ္မာ....'

'ဒါကြောင့် အဖေတို့က မင်းနဲ့ မှန်းထားတာပေါ့ကွယ့်။ မင်း ဘယ်တော့ဆီလောက်ကို လိုချင်သလဲ။ အဖေတို့က အကုန်ကြည့်ပြီး စီမံပေးမပေါ့'

'မခင်သူကလေးက နုနုနယ်နယ်လေး'

'အေးလေ၊ ဒါကြောင့် အဖေတို့က မင်းနဲ့ သဘောတူတာပေါ့ကွယ့်။ ကဲပါကွယ်၊ မင်း ဘယ်တော့ကို လိုချင်တယ်လို့သာ ပြောပါ။ သင်္ကြန်တက်ပြီးလောက်၊ ဘယ့်နှယ်လဲ။ မင်းလည်း ရှားပင်စုက အပြန်နဲ့'

'မခင်သူကလေးက မင်းကတော် စိုးကတော် ရုပ်ကလေး ပေါက်နေတာပဲ'

'ဟုတ်ပါတယ် မောင်ဒေဝရဲ့။ ဒါကြောင့် အဖေတို့က မင်းနဲ့ မှန်းထားပါတယ်လို့ ဆိုပကော'

'မဟုတ်ပါဘူး အဖေရဲ့။ ကျွန်တော် ပြောချင်တာက ကျွန်တော်က အစိုးရအမှုထမ်းလည်း လုပ်မှာ မဟုတ်ဘဲ။ လယ်နဲ့ ယာနဲ့သာ အသက်မွေးမှာ'

'ဒီတော့ ဘာဖြစ်သလဲ။ စီးတဲ့ရေ ဆည်တဲ့ကန်သင်း ဆိုသလို သူက အိမ်ကနေ စောင့်ရှောက်လိမ့်မပေါ့'

'ကျွန်တော် စိုးရိမ်တာက ကျွန်တော်က လယ်သမားဆိုတော့ ကြမ်းကြမ်း တမ်းတမ်း ရွံ့ထဲရေထဲ နေ့မရွေး ညမရွေး သွားနေရမှာ။ ဒီတော့ လယ်သမား မိန်းမဟာ လယ်ယာအကြောင်း နားလည်တဲ့ မိန်းမထဲကဆိုရင် သာပြီး မကောင်းဘူးလားလို့ ကျွန်တော်က ပြောတာပါ။ မင်းစိုးရာဇာမိန်းမဆိုတော့ သနပ်ခါး ခြေဆုံးခေါင်းဆုံးလိမ်း၊ အင်္ကျီခ၀ါချကို အမြဲ၀တ်ပြီး အိမ်က ဧည့်၀တ်စောင်၀တ် ကျေပွန်ဖို့လောက်သာ ဂရုစိုက်နေဖို့ လိုတယ်။ ကျွန်တော်တို့လို လယ်သမား မိန်းမကတော့ လင်ယောကျ်ားနဲ့ ကူဖော်လောင်ဖက် ဆိုသလို ရရင် ကျွန်တော့်မှာလည်း ပိုပြီး စိတ်ချမ်းသာလမ်းရှိလိမ့်မယ်လို့ ကျွန်တော် သဘောရလို့ပါ'

'အေး ငါ့သားပြောတာလည်း အဟုတ်ပဲဟော့။ အဖေက ဒီအကြောင်းကို မစဉ်းစားမိဘူး။ သည်တော့ကာ....'

'ကျွန်တော် ရှားပင်စုမှာ မိန်းကလေးတစ်ယောက်ကို မြင်ထားတယ်။ ဒီမိန်းကလေးက....'

ထိုအခိုက်တွင် ဦးဖြိုးဒင်၏ဇနီး ဒေါ်သက်ညှာသည် မောင်ဒေ၀တို့ သားအဖ စကားပြောသည့် အနားသို့ ရောက်လာလေသည်။

'နေပါဦး လူကလေးရဲ့။ လူကလေး မြင်ထားတယ် ဆိုတဲ့ မိန်းကလေးက အကျင့်စာရိတ္တ ကောင်းမှာပေါ့နော်။ ဂုဏ်သရေရှိတဲ့ အထဲကပဲလား'

'ဂုဏ်သရေရှိ ဆိုတာကတော့ ဒီလိုပါ အမေရယ်။ အကျင့်စာရိတ္တ ကောင်းကောင်းမွန်မွန် ဣန္ဒြေသိက္ခာနဲ့ လိမ်လိမ်မာမာ ရှိတာကို ဂုဏ်သရေ

ရှိတယ် ဆိုရင်ဖြင့် ဂုဏ်သရေရှိတဲ့ အထဲကပါပဲ။ ဂုဏ်သရေရှိတယ် ဆိုတာ ငွေစရှိတာကို ဆိုရင်ဖြင့်လည်း ဂုဏ်သရေ မရှိဘူးပေါ့'

'အနို့ အဲဒါတော့ ထားလိုက်ပါတော့။ အခု ငါ့သား ပြောတဲ့ သူငယ်မက အကျင့်စာရိတ္တတော့ ကောင်းရဲ့ပေါ့နော်'

'အကျင့်စာရိတ္တဘက်ကတော့ အမေ ဘာမှ ပြောစရာ မရှိဘူး။ အမရာ ကိန္နရီ မဒ္ဒီ သမ္ဗူလတို့တောင် သူ့ထက်တော့ မသာနိုင်ပါဘူး'

'ဒါပေမဲ့ကွယ် အမေ့သဘောတော့၊ ခင်သူကလေးနဲ့ပဲ ဖြစ်စေချင်တာပဲ။ ကောင်မကလေးက ပညာလည်း တတ်တယ်'

'ပညာတတ် ဆိုတာလည်း ကောင်းပါတယ်။ သူ့ပညာက ကျွန်တော်တို့ စီးပွားရေးမှာ အထောက်အပံ့ ဖြစ်မယ် ဆိုရင်ပေါ့။ အခု ကျွန်တော်ပြောတဲ့ မိန်းကလေးဟာလည်း စင်စစ်က ပညာသင်ခွင့် မရလို့သာ ပညာမတတ်ရှာတာပဲ။ ပညာသင်ခွင့်သာ ရရှာမယ့်ဆိုရင် မခင်သူတို့ထက် ညံ့မယ် မဟုတ်ပါဘူး'

'အေးကွယ်၊ ငါ့သားစိတ်က ဒီလောက် အာသာရှိနေရင် အမေတို့လည်း မဖျက်ပါဘူး။ သို့သော် စဉ်းစဉ်းစားစားပေါ့'

သူ့မိဘများသည် ရတ်တရက် ရှောရှောရှုရှု သဘောတူညီချက် မပေးသော်လည်း၊ နောက် သူတို့ကိုယ်တိုင် အုကို မြင်ရ၍ အု အကြောင်းကို သိလာသော အခါတွင် သဘောတူကြလိမ့်မည်ဟု မောင်ဒေဝ စိတ်၌ အောက်မေ့လေသည်။

ထိုအခိုက်တွင် ရှားပင်စုက တစ်ဝက်စီ သေချာနေကြသော ရနိုးမကလေးတို့သည် မောင်ဒေဝ ပျောက်သဖြင့် ဒေါင်းတောက်လျက် နေကြလေသည်။ မောင်ဒေဝကို နေ့စဉ် တွေ့မြင်နေကြသော အခါ၌ သူတို့စိတ်တွင် မောင်ဒေဝကို သည်လောက် စွဲလမ်းကြမှန်း မသိ။ မောင်ဒေဝကို မမြင်ရသည်နှင့် တစ်ပြိုင်နက် သူတို့စိတ်တွင် ကောင်းကင်က နေဝန်းကြီး ပြုတ်ကျသွားပြီး လျှင် ကမ္ဘာကြီး တစ်ခုလုံး မှောင်အတိ ကျနေဘိသကဲ့သို့ ထင်ကြလေသည်။

'ဒွေးလေးမယ်၊ ကိုဒေဝ တစ်ယောက် မမြင်ပါဘူး။ ဘယ်များ သွားသလဲ' ဟု နှုတ်သွက်၍ သူ့အသံကိုသူ စိတ်ချသော မနန်းစိန်က မေးလေသည်။

ကျန်သုံးယောက်တို့သည် မနန်းစိန်ကို များစွာ ကျေးဇူးတင်ကြလေသည်။ အဘယ်ကြောင့်ဆိုသော် မနန်းစိန် မေးသော မေးခွန်းမှာ သူတို့ကိုယ်တိုင် နှုတ်မရဲ၍ မမေးကြသော်လည်း၊ သူတို့နှုတ်ဖျားတွင် တရွရွဖြစ်၍နေသော မေးခွန်း ဖြစ်နေသောကြောင့်တည်း။

'ကိုဒေဝ ကိစ္စရှိလို့ သူ့မြို့ကို ခဏပြန်သွားတယ်။ ညည်းက ဘာလို့သိချင်ရတာလဲအေ့'

'ဘာမှကြောင့်တော့ မဟုတ်ပါဘူး။ မမြင်တာနဲ့ မေးတာပါ' ဟု မနန်းစိန်က ရှက်ကိုးရှက်ကန်းနှင့် ပြန်ပြောလေသည်။

'အနို့ သူ ဘယ်တော့ပြန်လာမလဲ' ဟု မငွေခင်က တစ်ဆင့်တက်စုံစမ်းပြန်လေသည်။

'ဒါတော့ ငါ ဘာပြောနိုင်မလဲအေ့။ သူ့ကိစ္စပဲ။ ငါ့ကိစ္စမှ မဟုတ်ဘဲ။ ငါက သူ့အကြောင်း ညည်းတို့ထက် ဘာပိုသိဦးမှာလဲ'

လုံမပျို လေးယောက်တို့စိတ်တွင် မောင်ဒေဝ မရှိသဖြင့် ဟာတာတာကြီး ဖြစ်လျက် နေပြီးလျှင် "ကိုဒေဝရယ် လာပါတော့၊ ကျီးကန်းသာလှပေါ့" ဟု တိတ်တိတ်ခိုး တမ်းတလျက် ရှိကြလေသည်။

မောင်ဒေဝ စိတ်၌လည်း သူ့မိဘများထံသို့ မလွဲသာ၍ သွားရသော်လည်း တစ်နာရီမျှ မပျော်ချေ။ ရှားပင်စုကိုသာ စိတ်တစောတည်း စောလျက်ရှိလေသည်။

မောင်ဒေဝသည် သူ့အစ်ကိုနှစ်ယောက်အား အုန်း၏ အကြောင်းနှင့် ပတ်သက်၍ လေသံမျှ မဟဝ့်ချေ။ သူ့အစ်ကိုနှစ်ယောက် စိတ်တွင် မောင်ဒေဝကို မွဲချင်၍ ပြာပုံဝပ်သော ခွေးကဲ့သို့ အထင်အမြင် သေးကြလေသည်။ အဘယ်ကြောင့်ဆိုသော် မောင်ဒေဝသည် လယ်သမားအလုပ်ကို လုပ်မည့်သူ

ဖြစ်သောကြောင့်တည်း။ လယ်သမားအလုပ်သည် စာရေး၊ စာချီ၊ မြို့အုပ်၊ ဝန်ထောက် အလုပ်မျိုးကဲ့သို့ ဂုဏ်သရေရှိသော အလုပ် ဟုတ်သည်ဟု မောင်မာဃနှင့် မောင်သူရတို့ မယူဆကြ။ လောကမှာ ကိုယ့်လယ်ကိုယ် လုပ်စား၍ ချမ်းသာသူ ဟူ၍ ဘယ်နှယောက်များ ရှိဖူးပါသနည်း။ ဤသို့ မြို့အုပ်မင်း မောင်မာဃနှင့် မြို့အုပ်လောင်း မောင်သူရတို့သည် ဆင်ခြင် ကြလေသည်။

မောင်ဒေဝသည် သူ့အစ်ကိုနှစ်ယောက်၏ စိတ်နေစိတ်ထားကို သိ သဖြင့် ပြန်ခါနီးတွင် နှုတ်တောင်ပင် မဆက်ခဲ့။ သူ့အစ်ကိုနှစ်ယောက်က လည်း လာပြီး နှုတ်ဆက်နေလျှင် လေကုန်နေဦးမည်ဟု အောက်မေ့ကြ လေသည်။

မောင်ဒေဝ၏ မိခင်သည် မောင်ဒေဝ စားရန် ထမင်းဟင်းများကို ကောင်းမွန်စွာ လုပ်၍ ပေးလိုက်လေသည်။ ဦးဖြိုးဒင်သည် မောင်ဒေဝအား မြင်းတစ်စီးနှင့် လိုက်ပို့လေသည်။

'ငါ့သား ရတနာသုံးပါးကို မမေ့နဲ့နော်။ ဩော် ရတနာသုံးပါး အကြောင်း ဆိုလို့ ပြောလိုက်ရဦးမယ်။ တစ်နေ့က မြောက်ကုန်းမြို့ကို အလှူတစ်ခုရှိလို့ အဖေ ရောက်သွားတယ်။ ဒီတော့ သင်္ဂြိုဟ်ငြင်းကြရင်းနှင့် ပန်းသာမောင်မောင် ဆိုတဲ့ ပန်းသာမြို့စား အဆက် အတုထဲက သူငယ် တစ်ယောက်နဲ့တောင် အဖေနဲ့ ကတောက်ကဆ ဖြစ်ခဲ့သေးတယ်'

'ပန်းသာမြို့က ဂူကြီးတွေထဲမှာ မြုပ်နှံထားတဲ့ ပန်းသာမြို့စား အဆက်ထဲက မဟုတ်ဘူးလား အဖေရဲ့'

'မဟုတ်ပါဘူး သားရယ်။ ဒင်းတို့က အတုထဲကပါ။ ပစ္စည်းလေး ဘာလေး ရှိတာနဲ့ နောက်မှပေါ်ထင် ခွေကြာပင် ဖြစ်လာတာပါ။ မူလ ပန်းသာဆက်က အမျိုးပြုတ်သွားတာ ကြာပါပြီ။ အဖေ့အထင်ဖြင့် အနှစ် သုံးလေးဆယ်လောက်တော့ ရှိပြီ ထင်တယ်။ အနို့ နေပါဦး၊ ငါ့သားက ရှေးက အမျိုးဟောင်း အနွယ်ဟောင်းတွေကို မြတ်နိုးသလား။ အဖေ့

အထင်ကတော့ အဖေ့ထက်ပဲ ငါ့သားက ရိုးရာ မလိုက်သေးတယ်လို့ မှတ်ဘယ်'

'ဒါက ဒီလိုပါ အဖေ။ တိုင်းရေး ပြည်မှုနှင့် ပတ်သက်လို့တော့ အမျိုးဟောင်း အနွယ်ဟောင်းတွေကို ကျွန်တော် အထင်မကြီးပါဘူး။ အဖေက ရှင်ဘုရင်ဖြစ်လို့ သား ရှင်ဘုရင် ဖြစ်ရမယ် ဆိုတာမျိုး။ အခုခေတ် စကားနဲ့ ပြောမယ်ဆိုတော့ အဖေက ဝန်ထောက် ဖြစ်တာနဲ့ သားကို မြို့အုပ်ခန့်ရမယ် ဆိုတာမျိုးတော့ ကျွန်တော် မယုံပါဘူး။ ဒါပေမဲ့ စာစီဖို့၊ ကဗျာဖွဲ့ဖို့၊ ထိုးဇာတ်ရေးဖို့၊ ရာဇဝင်တင်ဖို့ ဆိုသလို ကိစ္စတွေမှာဆိုတော့ ကျွန်တော်က အဲဒီလိုမျိုး အမျိုးဟောင်း အနွယ်ဟောင်းတွေကို သိပ်ပြီး သဘောကျတာပဲ'

'ဩော် ငါ့သားစိတ်က ဒီလိုလား။ အင်း အင်း ဒါထက် အခုတွင်က အဖေပြောတဲ့ အကြောင်းကို ဆက်ပြီး ပြောလိုက်ရဦးမယ်။ အဲဒီ ပန်းသာ မောင်မောင်ဆိုတဲ့ သူငယ်က လူပိန်းတွေထဲမှာ သွားပြီး "ဒါကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက ဟောတယ် မဟုတ်လား။ စိတ်တစ်ခုမှာ ရုပ် ၉၀ ရှိတယ်" လို့ ဆိုပြီး၊ မဟုတ်မဟုတ်တာတွေကို လျှောက်ပြောနေတာကိုး။ ဒီတော့ အဖေ့စိတ်က ဩော် ဒီသူငယ်နှယ် ခက်တော့တာပဲ။ နားမလည်တဲ့ လူတွေက သူပြောတာကို အဟုတ်မှတ်ပြီး နေကြမယ်ဆိုရင် သာသနာတော်ကြီးဟာ ညှိုးနွမ်းရချေတော့မယ်လို့ ပူပန်မိတာနဲ့ သူ့ဆီ သွားပြီး "ဒီမယ် မောင်၊ မောင်ပြောတဲ့ စကားဟာ မှားနေတယ်။ စိတ်တစ်ခုမှာ ရုပ်ပေါင်း ၉၀ ရှိတယ်လို့ ဆိုတာ မဟုတ်ဘူး။ စိတ်တစ်ခု ယုတ် ၉၀ လို့ ဆိုတာ။ အဓိပ္ပာယ်က စိတ်ပေါင်း ၈၉ စိတ် ရှိတယ်လို့ ဆိုတာ။ တစ်ခုယုတ် ဆိုတာက တစ်ခုလျော့နေတယ်လို့ ဆိုတာ။ ၉၀ မှာ တစ်ခုလျော့နေတယ် ဆိုတော့ ၈၉ လို့ အဓိပ္ပာယ်ရတယ်။ ဒါက ပါဠိအသုံးအနှုန်းမို့၊ ပါဠိက ကျုပ်တို့ မောင်တို့ မြန်မာလို တချို့နေရာမှာ တိုက်ရိုက် မခေါ်ဘဲနဲ့ သွယ်ဝိုက်ပြီး ခေါ်တယ်။ ဥပမာဆိုတော့ မြန်မာလို ၁၉ လို့ ဆိုရင်၊ ပါဠိလိုတော့ ဧကူနဝီသတိ (တစ်ခုယုတ် ၂၀) လို့ ခေါ်တယ်" လို့ ပြောတော့

သူက လူတွေ ရှေ့မှာမို့ ထင်ပါရဲ့။ ရှက်သွားပြီး "အောင်မယ်၊ ခင်ဗျားကြီးက ဘာသိလို့ ပါဠိတွေ ပါဠက်တွေ လုပ်နေရတာတုန်း။ ကျုပ် ပြောတာကို ကျုပ်က အသေအချာ သိလို့ ပြောတာပေါ့" လို့ ပြန်ပြောတယ်'

'အို အဖေက ဘာလို့ ဒီလို အဖိုးမတန်တဲ့ ကောင်ကို သွားပြီး ပြောရတာလဲ အဖေရဲ့။ အဖေက တယ်ခက်တာကိုး။ သူတို့ဘာသာ ဘာဖြစ် နေနေ အဖေက အနေသာချည်းပဲ။ ကြားရတာ ကျွန်တော် သိပ်ပြီး စိတ် မကောင်းတာပဲ'

'ဒါကတော့ ဒီလိုလား သားရယ်။ သည်းညည်းခံ နိဗ္ဗာန်ရောက်ဆို မဟုတ်လား။ အဖေ့သဘောကတော့ ဒီလို ပါးစပ်နဲ့ မရိုမသေ ပြောရုံ မဟုတ် သေးဘူး။ ကိုယ်ထိ လက်ရောက် ရိုက်မယ်၊ ပုတ်မယ် ဆိုဦးတော့ သည်းခံ မှာပဲ'

'အနို့ အဖေ အထိုးအရိုက်များ ခံရသေးသလား'

'ဒီအခြေအနေတော့ မရောက်ပါဘူး'

'နောက်ကို ဒီလို မဖြစ်အောင် သတိနဲ့ နေပါ အဖေရယ်။ အဖေ သည်းခံနိုင်ပေမဲ့ ကျွန်တော် စိတ်မကောင်းပါဘူး'

'စိတ်မကောင်းလည်း မရှိပါနဲ့ ငါ့သားရယ်။ ဒီလို အဖေ့မှာ သည်းခံ တတ်တဲ့ စိတ်သဘော ရှိတဲ့အကြောင်းကို လိပ်ပတ်လည်သွားတဲ့ အခါကျ တော့၊ ဒီလိုလူမျိုးဟာ နောက်ကို အဖေ့ကို ကြည်ညိုလာတာပါပဲ။ ဒီလိုဟာ တွေ အဖေ တွေ့ရဖူးတာ များလှပြီ။ နောက်တော့ သူတို့ အဖေ့ဆီမှာ လာပြီး ဝန်ချတာချည်းပဲ'

'ဒီကောင်လည်း အဖေ ပြောသလို နောင်တ ရလာမယ် ဆိုရင်တော့ ကောင်းပါရဲ့။ ဒါပေမဲ့ လူဆိုတာက အမျိုးမျိုးရှိတာ အဖေရဲ့။ ဘုရားတောင် ချွတ်မရတဲ့ လူတွေ ရှိသေးတယ် မဟုတ်လား'

'သို့သော် အဖေကတော့ဖြင့် မေတ္တာပို့လျက်ပါပဲ။ သူနဲ့ အဖေနဲ့

အဖေ့တစ်သက်မှာတော့ တွေ့ချင်မှ တွေ့ကြတော့မှာ ဖြစ်ပေမဲ့ အဖေ့ရဲ့ မှန်တဲ့ သစ္စာစကားကို တစ်နေ့တော့ သူ နားလည်လာမှာပါပဲ’

မောင်ဒေဝသည် သူ့အဖေ လုပ်ပုံကို သဘော မကျသော်လည်း စိတ်ထား မြင့်မြတ်ပုံကိုကား မကြည်ညိုဘဲ မနေနိုင် ဖြစ်လေသည်။ ခါတိုင်း ခါတိုင်းက သူ့အဖေ၏ စိတ်ထားမြင့်မြတ်ပုံများကို သဘောကျခဲ့ဖူးခြင်းထက် ယခုတစ်ခါတွင် ပို၍ သဘောကျလေသည်။ အဘယ့်ကြောင့်ဆိုသော် အုံ အကြောင်းကို ပြောစဉ်ကလည်း အုံမှာ ဥစ္စာခနေ ရှိရဲ့လား ဆိုသောအကြောင်း တစ်ခွန်း တစ်ပါဒမျှ မေးမြန်းခြင်း မရှိသောကြောင့်တည်း။

## အခန်း ၂၁

မောင်ဒေဝသည် မွန်းတိမ်း တစ်နာရီလောက်တွင် ရှားပင်စုရွာသို့ ပြန်ရောက်လေသည်။ သူ ရောက်သည့် အချိန်တွင် တစ်အိမ်လုံး တိတ်ဆိတ်လျက် ရှိလေသည်။ ဦးထွန်းဘော်နှင့် ဒေါ်အေးမယ်တို့သည် မသာပို့ သွားကြသည်။ မနန်းစိန်မှာ ဖျား၍ နေရှာသည်။ မငွေခင်နှင့် မရွှေမှုံတို့မှာ အားလပ်၍ အိမ်လည်သွားနေကြသည်။ ထမင်းချက်သော မဘွေးဒုတ်ကြီးလည်း ရွာပြင်သို့ ကောက်ရိုးသွားရှက်နေသည်။ မောင်ဒေဝသည် သူတို့စံရာ တင်းကုပ်တော်ထဲသို့ “ဘယ်များ သွားကုန်ကြပါလိမ့်မယ်” ဟူသော စိတ်ဖြင့် အသာ ဝင်သွားလေသည်။ တင်းကုပ် အဝင်ဝတွင် သူ့မှတ်ဆိတ်ကို ဝင်၍ ပျားစွဲလေသည်။

‘အို ကိုဒေဝကလဲ အုံကို လန့်သွားတာပဲ။ အသံမပေး ဘာမပေးနဲ့’

အုံသည် အိပ်မှုန်စုံမွှားနှင့် ထ လာရာ၊ မောင်ဒေဝနှင့် ရတ်တရက် ရင်ဆိုင် သွား၍ တိုးမိလေသည်။ မောင်ဒေဝသည် ဟိုတလောက နွားခြံထဲတွင် ပထမ အစမ်းစာမေးပွဲ အောင်ပြီးသည့် အချိန်က စ၍ ဇက်ရဲလျက်

ရှိလေသည်။ အုကို တွေ့သည်နှင့် တစ်ပြိုင်နက် စင်တိုင်ခြင်း၊ နတ်ကတော် ထွက်ခြင်း၊ ဝန်ကြီးထွက်ခြင်း၊ ရှင်ဘုရင် ထွက်ခြင်းတို့ကို တစ်ခါတည်း ဖာတ်မြှုပ်ပြီးလျှင် နှစ်ပါးသွားက စ၍ ထွက်လေသည်။ မောင်ဒေဝသည် အုကို ရှေ့တည့်တည့်မှ ဆီးပြီးလျှင် လက်နှစ်ဖက်နှင့် ဖက်၍ထားလေသည်။ တခြားသူများ မြင်လမ်းရှိလျှင် ကန့်ကွက်ဦးမည် ဖြစ်သော်လည်း ထို ကောင်း မြတ်သော မင်္ဂလာအခါတွင် ဘယ်သူမျှ မြင်နိုင်လိမ့်မည် မဟုတ်သည်ကို သိသဖြင့် အုသည် ကန့်ကွက်ခြင်း၊ ပြင်ဆင်ချက် သွင်းခြင်းကို မပြု။ "သြော်၊ ကောင်းလေစွ ကောင်းလေစွ" ဟူသော မနသီသဘောဖြင့် ငြိမ်သက်စွာ နေလေသည်။

'ကိုဒေဝလေ အုကို အောက်မေ့တာနဲ့ ချက်ချင်းပဲ ပြန်လာခဲ့တယ်။ အုကော ကိုဒေဝကို မအောက်မေ့ဘူးလား'

"မအောက်မေ့ဘဲ ရှိပါ့မလား ကိုဒေဝရဲ့။ မေးမှ မေးပလေတယ်" ဟု ပါးစပ်က ဖွင့်၍ မပြောသော်လည်း တဒုတ်ဒုတ်နှင့် ခုန်လျက်ရှိသော အု၏ အသည်းနှလုံးတို့က အတွင်းမှ ပြတ်ပြတ်သားသား ပြောလျက် ရှိကြ လေသည်။ မောင်ဒေဝသည် အု၏ မျက်နှာကို အပေါ်က စီး၍ စိန်းစိန်းကြည့် လျက် ရှိလေသည်။ အု၏ စိမ်းသော နားထင်ကြောကလေးတို့သည် မောင် ဒေဝ၏ မျက်စိအာရုံကို ချမ်းသာ ကြည်နူးစေလေသည်။ အုသည် မောင် ဒေဝ၏ ရင်ဘတ်ပေါ်တွင် ခေါင်းကလေးမှေး၍ နေပြီးမှ မရဲတရဲနှင့် မောင် ဒေဝ၏ မျက်နှာကို မော့်၍ ကြည့်လေသည်။ မောင်ဒေဝ၏ ဆာလောင်၍ နေသော မျက်လုံးအစုံသည် အု၏ မွတ်သိပ်နေသော စက္ခုနှစ်ကွင်းဖြင့် နီးကပ်စွာ ပေါင်းသင်းမိကြလေသည်။ ထိုအခိုက်တွင် မောင်ဒေဝနှင့် အု တို့မှာ လောကကြီး တစ်ခုလုံးကို လည်းကောင်း၊ သူတို့နှစ်ဦး၏ ပကတိ သဘောအားဖြင့် တခြားစီဖြစ်သော အဖြစ်ကို လည်းကောင်း မေ့လျော့လျက် မောင်ဒေဝလည်း အု၊ အုလည်း မောင်ဒေဝ ဆိုသကဲ့သို့ နှစ်ကိုယ် ပျောက်၍ တစ်စိတ်တည်း ပေါင်းလျက် ရှိကြလေသတည်း။

အတန်ကြာ၍ ချိန်ညှိ ရှိန် ပြေသောအခါမှ အုသည် သတိရ၍ 'ဒီနေ့ ကျွန်မ နွားနို့ညှစ်ရဦးမယ်။ ဖယ်ပါ' ဟု မောင်ဒေဝ၏ ချိုမြိန်သော ပွေ့ဖက်ထားခြင်း တည်းဟူသော စိန်ကွန်ရက်အတွင်းမှ အသာဖယ်၍ ထွက်လိုက်လေသည်။

သူတို့နှစ်ယောက် နို့ညှစ်ရန် နွားခြံထဲသို့ သွားကြဖို့ ပြင်ဆင်နေစဉ် မဘွေးဒုတ်ကြီးသည် ချွေးတလုံးလုံးနှင့် ကောက်ရိုးထုံးကြီးကို ရွက်၍ ပြန်လာလေသည်။

'မဘွေးဒုတ်ကြီးရေ၊ ကိုဒေဝ ပြန်လာပြီလေ။ အုကို ကိုဒေဝပဲ ကြည့်ပြီး နို့ကူညှစ်ပေးလိုက်မယ်။ မဘွေးဒုတ်ကြီးလည်း မောလာတယ်။ ဒီနေ့ နားပေတော့'

'ကျေးဇူးပါပဲ ကိုဒေဝရယ်၊ မဘွေးဒုတ် မောတာနဲ့ အဆင်သင့်ပဲ'

မဘွေးဒုတ်နှင့် မောင်ဒေဝတို့မှာ နှစ်ဦးလုံး ဆုတောင်းပြည့်ကြလေသည်။

'အု ဒီမှာ၊ ကိုဒေဝ တစ်ခုပြောမယ်။ ဒီကနေ့ကစပြီး ကိုဒေဝကိုလေ သူများတွေ မရှိတဲ့ အခါမှာ ကိုဒေဝလို့ မခေါ်နဲ့တော့'

'ကိုဒေဝကို ကိုဒေဝ မခေါ်လို့ ဘယ်လို ခေါ်ရမှာလဲ'

'ကိုကိုလို့ ခေါ်ပါ'

'ဟင်၊ ရှက်စရာကြီး'

'ဘာရှက်ရမှာလဲလို့။ ကိုဒေဝက အုထက် အပုံကြီး ကြီးတာပဲ။ အုက အခုမှ အသက် နှစ်ဆယ်ထဲမှာ ရှိသေးတယ်။ ကိုဒေဝက အသက် အစိတ်တောင် ရှိနေပြီ။ ကိုကိုလို့ မခေါ်ရင် ကိုဒေဝက စိတ်ဆိုးမှာ ဗျ။ အဲဒါပဲ'

အုသည် "မခေါ်ဘူး" ဟု မငြင်းဆန်တော့။ စင်စစ်သော်ကား အကယ်၍ ကိုကိုဟု ခေါ်ရမည် ဆိုလျှင် သူ့စိတ်ထဲက ခေါ်ချင်နေသည့်အတိုင်း ခေါ်ရခြင်းသာ ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ့်ချစ်သူ

ကို ကိုယ် ယုယစွာ ခေါ်ချင်ခြင်း၊ ချွဲလို နွဲ့လိုခြင်းမှာ နိယာမတစ်မျိုးပင် ဖြစ်သောကြောင့်တည်း။

မောင်ဒေဝသည် အု နွားနို့ညှစ်နေသည့် အနားသို့ ကပ်၍ ထိုင်တည့် ပြီးလျှင်–

'ကိုင်း၊ အု ကိုဒေဝကို ကိုကိုလို့ ခေါ်ကြည့်စမ်းပါ။ ဘယ်လိုနေသလဲ လို့၊ ကြည့်ရအောင်' ဟု ယင်းသွင်းလေသည်။

အုသည် မောင်ဒေဝ မခိုင်းခင်ကြီး ကတည်းကပင် တိုးတိုး တိုးတိုး နှင့် ကိုကို အခေါ်ကျင့်လျက် ရှိသဖြင့် "ဟင့်အင်း ကိုဒေဝရယ်" ဟု ပြော ရမည့်အစား 'ဟင့်အင်း ကိုကိုရယ်' ဟု နှစ်ဦးနှစ်ဝ သဘောကျဖို့ရာ ဝမ်းထဲ တွင် ရှိသည့်အတိုင်း ပါးစပ်က ထွက်သွားလေသည်။

မောင်ဒေဝသည် အကြီးအကျယ် ဖိုးကျိုင်းတုတ် လေသည်။

'ဒီမှာ အု၊ ကိုကို အုကို တစ်ခုပြောချင်တယ်။ လောကမှာ မပြော လည်း မပြီး၊ မတီးလည်း မမြည်ဘူးတဲ့။ ကိုကို ပြောချင်တာက ဒီလိုပါ'

'အို ကိုကိုကလဲ၊ ပြောစရာ ရှိတာ တစ်ခါတည်း ပြောရောပေါ့။ တကတဲ ဇာချဲ့နေလိုက်ရတာ မထိတ်သာ မလန့်သာ'

'ကိုကို ပြောချင်တာက ကိုကိုလေ မကြာခင်ပဲ အိမ်ထောင်ပြုတော့ မယ် ကြံတယ်။ ဒီတော့ ကိုကို့စိတ်ထဲက ကိုကိုဟာလည်း လယ်သမား အလုပ်မှာ ဆိုတော့ ကိုကို အိမ်ထောင်ပြုမယ့် မိန်းမဟာ လယ်အကြောင်း ယာအကြောင်း နားလည်တဲ့ မိန်းမထဲက ဖြစ်စေချင်တယ်။ အုကို အဲဒီမိန်းမ လုပ်ပါလို့ ကိုကိုက တောင်းပန်ချင်တယ်'

အုသည် မောင်ဒေဝကို ချစ်ရိုးမှန်သော်လည်း ထိုကဲ့သို့ မောင်ဒေဝက မေးလိုက်သောအခါ ဝမ်းမသာဘဲ များစွာ နှလုံးနောက်ကျု၍ သွားလေသည်။ အုသည် မောင်ဒေဝနှင့် နီးစပ်သဖြင့် မောင်ဒေဝကို မချစ်ဘဲ မနေနိုင်။ စ၍ ချစ်မိပြီးသောအခါ တစ်နေ့ထက်တစ်နေ့ အချစ်တိုး၍ တိုး၍ လာလေ သည်။ မောင်ဒေဝကို နေ့တိုင်း မြင်၍ မြင်၍ နေရပြန်သဖြင့် မြင်ရတိုင်း၊

မြင်ရတိုင်း တိုး၍ တိုး၍ ချစ်ပြန်လေသည်။ သို့ရာတွင် သူ့စိတ်ထဲ၌ "မိစာအု၊ နင်က ကောင်းတဲ့ ကောင်မ မဟုတ်ဘူး။ နင် သူ့ကိုသွားပြီး မချစ်ချင်နဲ့။ နင်က အမဲရိုး ဟဲ့။ အဲဒီတော့ ဟင်းအိုးကို အားနာဦး" ဟု သူ့ကိုယ်သူ အလီလီ အလာလာ ဆုံးမပြီးလျှင် မောင်ဒေဝကို မချစ်မိရန် များစွာ ဆင်ခြင်ရှာလေသည်။ သူက ဆင်ခြင်သည်ကား ဟုတ်ပါသည်။ သူ့သွေး သူ့သားက သူ ဆင်ခြင်သလို ဆင်ခြင်နိုင်မတဲ့လား။ ဝေးလေ့စွ။ ယမ်းပုံနှင့် မီးစ ထိပါးကြသည့်အခါတွင် ဟုန်းခနဲ မီးထ၍ မတောက်အောင် တားလို့ ရချင်လျှင် ရဦးမည်။ နှစ်ဦးနှစ်ယောက် ချစ်စပျိုးပြီးသော နီးစပ်စွာ နေရသည့် အမိပျို၊ အမောင်ပျိုတို့သည် အချစ် မြင်းသိန္ဓောကို ဇက်ချုပ်နိုင်ကြလိမ့်မည် မဟုတ်။ အုသည် မချစ်ဘဲ မနေနိုင်၍ မောင်ဒေဝကို စက်ကုန်နှိုး၍ ချစ်ကာနေသော်လည်း မောင်ဒေဝနှင့် တင့်တင့်တယ်တယ် ဇနီးမောင်နှံအဖြစ်နှင့် နေကြဖို့ကို တစ်ခါမျှ စိတ်ကူးထဲ၌ ဥပါဒ်၍ မကြည့်မိသောကြောင့် မောင်ဒေဝက "ကိုင်း၊ ကြာပါတယ်ကွယ်။ မင်းနဲ့ ငါနဲ့ ဘုရားသွားဖော် ကျောင်းသွားဖက် လုပ်ကြပါစို့" ဟူသော သဘောကို အတိအလင်း ဖွင့်ပြောလိုက်သောအခါ ထိုပြဿနာမှာ တစ်ယောက် တစ်ယောက် မျက်စိအောက်က အပျောက်မခံချင်ရုံ၊ ချစ်သွေးဝင်ကာ နေရုံနှင့် ပြီးနိုင်သော ပြဿနာ မဟုတ်ဘဲ အလွန်အပြောကျယ်သော မဟာသမုဒ္ဒရာကြီးတမျှ ကျယ်ဝန်း နက်နဲသော ပြဿနာကြီး ဖြစ်လျက် နေသည်ကို တွေ့ရလေသည်။ အုမှာ အငိုကား လွယ်ပါရဲ့၊ အရှိုက်ကား ခက်လျက် နေချေပြီ။

'ကိုကိုရယ် အုကို မယူချင်ပါနဲ့။ အု ကိုကို့ကို ယူလို့ ဖြစ်နိုင်မယ် မဟုတ်ပါဘူး'

'ဘာလို့လဲ၊ အုက ကိုကို့ကို မချစ်လို့လား'

'ကိုကိုရယ်၊ အု ကိုကို့ကို မချစ်ဘူးဆိုလို့ ဟုတ်နိုင်ပါ့မလား။ ချစ်တာပေါ့ ကိုကိုရဲ့။ အု စိတ်ထဲမှာ တကယ်လို့ ယောကျ်ားယူချင်း ယူမယ်ဆိုရင် ကိုကို့ကိုပဲ ယူချင်ပါတယ်။ ဒါပေမဲ့ ကိုကိုကို့ယူလို့ ဖြစ်နိုင်မယ် မဟုတ်ပါဘူး'

'ဘယ်လိုပြောတာလဲ အုရယ်၊ အုမယ် ပြောပြီးဆိုပြီး ရှိလို့လား'

'ဒီလိုကြောင့်လည်း မဟုတ်ပါဘူး ကိုကိုရယ်'

'ဒီလိုကြောင့် မဟုတ်ရင် ဘယ်လိုကြောင့်လဲ အုရဲ့။ ကိုကို စိတ်မကောင်းအောင် မပြောစမ်းပါနဲ့'

'အု ဒီဘဝမယ် အိမ်ထောင်မပြုတော့ဘူးလို့ အောက်မေ့တယ်။ ပြုလို့လည်း ဖြစ်မယ် မဟုတ်ဘူး။ ပြုဖို့လည်း စိတ်မကူးမိဘူး။ အု စိတ်ထဲမှာ ကိုကို့ကို ဒီလိုပဲ ချစ်နေချင်တာပဲ'

'အုဟာက မဟုတ်သေးပါဘူး။ ဒီလိုပဲ နေလို့ ဘယ်ဖြစ်နိုင်မလဲ။ အိမ်ထောင်မပြုချင်ရတာက ဘာလို့လဲ။ ကိုကို့ကို ဟုတ်သလောက် ပြောစမ်းပါ'

'ကိုကိုနဲ့ အုတို့ ဂုဏ်ချင်း တူတာမှ မဟုတ်ဘဲ။ ကိုကို့ အမေများ အဖေများက အုတို့လို ဟာမျိုးနဲ့ ဘယ်သဘောတူမလဲ။ သူတို့သားကို သူတို့လို ဂုဏ်ရှိတဲ့ လူရတတ်သမီးနဲ့ ပေးစားချင်မှာပေါ့'

'ဒါကြောင့်လား၊ ဒါကြောင့်တော့ ဘာမှ ပူစရာ မရှိဘူး။ အမေနဲ့ အဖေကို ကိုကို ပြောပြီးပြီ။ ကိုကို မြို့လှ ပြန်သွားတဲ့ အကြောင်းထဲမှာ ဒီအကြောင်းလည်း တစ်ကြောင်း ပါတာပဲ'

'ဒါပေမဲ့ ကိုကိုရယ်၊ ကိုကို အုကို ယူလို့ ဖြစ်နိုင်မယ် မထင်ပါဘူး။ မယူချင်ပါနဲ့။ ကိုကိုနဲ့ အုနဲ့ မတန်လို့ ပြောတာပါ'

'ဘာလို့ မတန်ရမှာလဲ အုရဲ့။ ကိုကိုက အုကို ဖြူန်းစားကြီး ပြောလို့လား'

'အု စဉ်းစားပါရစေဦးလား ကိုကိုရယ်။ အခုလို ဖြူန်းစားကြီး ဆိုတော့ အု ဘာပြောရမှန်းကို မသိဘူး'

'ဒါဖြင့် ကောင်းပြီ။ အုကို စဉ်းစားဖို့ အချိန်ပေးမယ်။ ဟုတ်တယ်လေ၊ ဒီလို ရောက်မဆိုက် ဖြူန်းစားကြီး ပြောတယ်ဆိုတော့ အဖြေရ ကျပ်

တာပေါ့။ ကိုင်း အု စဉ်းစားချင် စဉ်းစားဦး။ အု စဉ်းစားနေတဲ့ အတွင်းမှာ ဒီအကြောင်းကို ကိုကို ဘာမှ မပြောဘူး’

အုသည် နွားမကို နို့ကောင်းကောင်း မညှစ်နိုင်တော့။ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လျက် ရှိလေသည်။ အုသည် သူ့အရေး သူ တွေး၍ မျက်ရည်များ ဝိုင်းလာလေသည်။

‘ကိုကို အု နွားနို့ညှစ်လို့လည်း မရတော့ဘူး’ ဆိုကာ သူ့ကို ဖက်၍ ထားသော မောင်ဒေဝလက်ကို ဖယ်ရှားလိုက်လေသည်။ မောင်ဒေဝသည် အလိုက်သိစွာ ဖက်ထားသော လက်ကို ဖယ်၍ စကားဖာလျက် ရှိလေသည်။

‘အုက ကိုကို့အမေတွေ အဖေတွေအကြောင်း မသိလို့ပါ။ သူတို့က သိပ်ပြီး သဘောကောင်းတာပဲ။ ရိုးလည်း ရိုးတယ်။ ငွေစလည်း မမက်ကြဘူး။ ဘုရားတရားကိုလည်း သိပ်ကြည်ညိုတာပဲ။ အုလည်း ဘုရားတရား ကြည်ညို တယ် မဟုတ်လား’

‘ဩကာသ ဩကာသ ဆိုပြီး ဘုရားတော့ ရှိခိုးတာပေါ့။ ဘာရယ် လို့တော့ အဓိပ္ပာယ် ဘယ်သိမလဲ ကိုကိုရဲ့’

ထိုသို့ ပြောပြီးနောက် အုသည် သူ့အကြောင်း စကားပြတ်၍ သွား စေခြင်း အကျိုးငှာ ‘ဒါထက် နေပါဦး။ ကိုကို ပြန်လာစတုန်းက ကိုကို့ ကြည့်ရတာ မျက်နှာမသာပါဘူး။ ဘာလို့တုံး’ ဟု စကားရှာ၍ မေးလေသည်။

‘အို တခြားကြောင့် မဟုတ်ပါဘူး။ ကိုကို့အဖေက ဟိုတလောက မြောက်ကုန်းမြို့ကို သူ ကိစ္စတစ်ခု ရှိတာနဲ့ ရောက်သွားရင်းနဲ့ သင်္ဂြိုဟ် ငြင်းကြတော့ သူ့ကို မိမစစ် ဖမစစ် ကောင်တစ်ယောက်က စော်ကားလိုက် တယ် ဆိုတဲ့ အကြောင်း ကြားခဲ့ရလို့ စိတ်က မခံချင်တာနဲ့ပါ။ ကိုကို့ အဖေကလည်း အဖေပဲ။ သင်္ဂြိုဟ်စကားများ ပြောရမယ်ဆိုရင် ထမင်းမှန်း ဟင်းမှန်းတောင် မသိဘူး။ ဒီသင်္ဂြိုဟ်အကြောင်းနှင့် ပတ်သက်လာပြီဆိုရင် ကိုယ်နဲ့ ဆိုင်တာ မဆိုင်တာရယ်လို့ မသိဘူး။ ဘယ်သူ့အထဲ ဖြစ်ဖြစ် ဝင်ပြောတာပဲ။ အဲဒီ မြောက်ကုန်းက ကောင်လေကောင်လွင့် တစ်ကောင်၊

မြေပိုင်ရှင်သား ဆိုလား ဘာဆိုလား။ သူ့အမေက မျက်စိ မမြင်ဘူး တဲ့၊ အဲဒီ အဖိုးမထိုက်တဲ့ အကောင်နဲ့ သွားပြီး သင်္ကြိုဟ်စကား သွားပြောတော့ ဟိုက သူ့ကို မိုက်မိုက်ရိုင်းရိုင်း ပြောလွှတ်လိုက်တာပေါ့။ ဒီလို ကြားရတော့ အုပဲ စဉ်းစားကြည့်ပါလား။ ကိုကို ဘယ်စိတ်ကောင်းနိုင်မလဲ။ အဖေ့ကိုလည်း မှာခဲ့တယ်။ အဖေ ချေးထဲက လောက်ဆိုတာ ချေးထဲမှာပဲ ပျော်တယ်၊ ဒီတော့ သူတို့ ပျော်ရာမှာ နေပစေပေါ့။ ကိုယ်နဲ့ အကင်းကြီးပဲလို့ မှာခဲ့တယ်'

ထိုစကားကို ကြားရသောအခါ အုမှာ မျက်စိမျက်နှာ ပျက်ကာ ရင်တွင်း၊ နှလုံးတွင်းကို မီးပုံ၍ တိုက်လိုက်သကဲ့သို့ ရှိလေသည်။ မောင်ဒေဝ သည် သူ့အဖေ အကြောင်း၌ စိတ်ဝင်စားနေသဖြင့် အု မျက်စိမျက်နှာ ပျက်သည်ကို သတိမပြုလိုက်မိချေ။ အုသည် ဣန္ဒြေဆည်နိုင်သမျှ ဆည်ပြီး နောက် နွားနို့ပုံးများကို ယူ၍ သွားလေသည်။

အုသည် ပန်းသာမောင်မောင်အကြောင်း စကားစပ်၍ ပြောသံ ကြား ရသည့် အခါကစ၍ ယခင်က ဖြစ်ခဲ့သော အကြောင်းများသည် ယခု ဖြစ်ပြန် သကဲ့သို့ စိတ်ထဲတွင် တဖွားဖွား ပေါ်လျက် ရှိလေသည်။

## အခန်း ၂၂

အုသည် အဘယ်ကြောင့် မောင်ဒေဝ၏ အိမ်သူမယ် မလုပ်ချင်ရလေသနည်း။ သူ တစ်ခါငင်လိုက်ရုံနှင့် အုသည် သူ့ဘက်သို့ တစ်ခါတည်း ယိမ်းယိုင်၍ လာလိမ့်မည်ဟု မောင်ဒေဝ ထင်မှတ်ခဲ့သော်လည်း တကယ်တမ်း တွေ့တော့ ဆိုင်ဆိုင် ကျသောအခါ အု သိမ်းမှ သူ ပါရတော့မလို ဖြစ်လျက် ရှိလေသည်။ သို့ရာတွင် မောင်ဒေဝသည် စိတ်မပျက်။ ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက် ဆိုသော စကားလည်း ရှိသေးသည်။ ပြီးတော့လည်း မိန်းမ ဆိုသော သတ္တဝါ မျိုးသည် အင်မတိ အင်မတန် သိနိုင်ဖို့ခက်သော မာယာသည်များလည်း

ဖြစ်သည်။ တစ်ခါတစ်ရံ "ဟဲ့ နင်လိုကောင် အိမ်သာဆင်း ဖိနပ်ခင်းတောင် မခိုင်းဘူး ဟဲ့" ဟု စိတ်ဆိုးမာန်ဆိုးနှင့် ပြောသော်လည်း သူတို့ ဆိုလိုသော အဓိပ္ပာယ်မှာ "ကျွန်မ ရှင်ကလွဲရင် ဖွဲနှင့် ဆန်ကွဲချည်း ထင်ပါသည်" ဟုသာ ဖြစ်သောကြောင့်တည်း။ အချို့မိန်းမတို့သည် "ဟုတ်ကဲ့" ပြောချင်သောအခါ "ဟင့်အင်း" ဟု ပြောတတ်သည် မဟုတ်လော။ မောင်ဒေဝသည် လောကကြီးနှင့် အနှစ်အစိတ်မျှ နေခဲ့ပြီးဖြစ်၍ မိန်းမတို့ သဘောကို အတော်အတန် ရိပ်မိလျက် ရှိလေပြီ။ သို့ရာတွင် မောင်ဒေဝသည် အုက ပြောသော "ဟင့်အင်း" မှာ သူတကာ ပြောသော "ဟင့်အင်း" ထက် ပြကတေ့သဘောအားဖြင့် အဓိပ္ပာယ် လေးနက်ကြောင်းကိုကား မြင်းကောင်းခွာလိပ် မရိပ်မိရှာချေ။ "သူဟာ ငါ့ကို မယူချင်ဘဲနဲ့တော့ ဒီလို ပူးပူးကပ်ကပ် ချစ်ခွင့်ပြုမှာ မဟုတ်ပါဘူး လေ" ဟုလည်း မောင်ဒေဝ တွေးမိလေသည်။ သို့ရာတွင် ကျေးတောသူမ အရိုးအမိုက်မကလေးတို့သည် ငွေမျက်နှာ ကြေးမျက်နှာကို မကြည့်ဘဲ သူတို့ဝမ်းထဲက ချစ်ချင်စိတ် ရှိလျှင်ရှိတိုင်း၊ နောင်ရေးကို နောင်ခါလာ နောင်ခါဈေး ထား၍ "ရွှေ" မေတ္တာ သက်သက်ဖြင့် ချစ်တတ်သည်ကိုမူကား မသိ။

'အုရယ်၊ ကိုကို ပြောတာကို ဘာလို့ လက်မခံရတာလဲ အုရယ်။ အု ကြည့်ရတာက မျက်နှာထားကလည်း တည်က တည်ပါဘိနဲ့'

'ဘာလို့တွေ ညာလို့တွေ မေးမနေချင်ပါနဲ့ ကိုကိုရယ်။ ပြောသလောက်လည်း ကိုကို့ကို ပြောပြီးပြီ မဟုတ်လား။ အုဟာ ကိုကိုနဲ့ မတန်ပါဘူး လို့'

'ဘာလို့ မတန်ရမှာလဲ အုရဲ့။ အုက မင်းစိုးရာဇာ သမီး မဟုတ်လို့လား'

'အဲဒီလိုပဲ ဆိုပါတော့။ ကိုကို့ အပေါင်းအသင်းတွေက အုကို အထင်အမြင် သေးကြမှာပေါ့'

'အုက ကိုကို့ အဖေတို့ အမေတို့ အကြောင်းကို မသိလို့ပါ။ ကိုကို့

အစ်ကို နှစ်ယောက်ကိုတော့ စကားထဲ ထည့်မပြောနဲ့။ ဒီအတွက်တော့ အု ဘာမှ ပူစရာ မရှိပါဘူး။ ဘယ်သူက အထင်မကြီးကြီး၊ ကိုကိုက အထင်ကြီးရင် ပြီးတာပဲ။ အု သူတို့နဲ့ ပေါင်းရမှာမှ မဟုတ်ဘဲ။ ကိုကိုနဲ့ ပေါင်းရမှာပဲ။ ကိုကို ကျေနပ်ရင် ပြီးတာပဲ။ ကိုင်း ဘယ့်နှယ်လဲ၊ ကိုကို့ပိုင်ရှင် လုပ်မယ် မဟုတ်လား။ အုက ကိုကို့ကို မယူနိုင်ဘူးဆိုလို့ မအိပ်နိုင် မစားနိုင် ဖြစ်နေတာကို အု မသိဘူးလား။ တော်တော်ကြာ သူများတွေ ရိပ်မိကုန်လိမ့်မယ်။ ကိုင်းပါ အုရယ်၊ ကိုကို့ကို ယူမယ်လို့ ပြောပါတော့။ ကိုကို့ကို သနားပါဦး။ အခုချက်ချင်း မယူချင်သေးဘူး ဆိုရင်လည်း နောင် ဖြည်းဖြည်း အု သဘောကျတဲ့ အချိန်ထိအောင် ကိုကို စောင့်ပါမယ်'

'မဖြစ်နိုင်ပါဘူး ကိုကိုရယ်၊ မဖြစ်နိုင်လို့ ပြောတာပါ'

'ဒါဖြင့်ရင် အုနားကို ကိုကို လာဖို့ မလိုတော့ဘူးပေါ့။ ဘာလို့လဲ အု၊ အုမှာ ရည်းစားရှိနေလို့လား။ ရှိရင်လည်း စောစောစီးစီးက ပြောပါ။ ဖုံးမထားပါနဲ့'

'ဘာလို့ ဒီလို မေးရက်ရတာလဲ ကိုကိုရယ်။ ဒီလို မမေးပါနဲ့။ အု စိတ်မကောင်းပါဘူး'

'အုမှာ တခြားရည်းစား မရှိဘူးလို့လည်း ကိုကို ထင်ပါတယ်။ ဒါဖြင့်လည်း အုရယ်၊ ကိုကို့ကို ဘာလို့ ဒါလောက်တောင် ဖယ်နေရတာလဲ'

'အု ကိုကို့ကို မဖယ်ရပါဘူး။ အု နားထဲမှာ ကိုကိုက အုကို ချစ်တယ်လို့ ဆိုတာကိုပဲ တကြားတည်း ကြားနေချင်ပါတယ်။ အုနဲ့ တွေ့တဲ့အခါတိုင်း တွေ့တဲ့အခါတိုင်းပဲ အုကို ချစ်တဲ့အကြောင်းကို ပြောပါ။ အု စိတ်မဆိုးပါဘူး'

'ဒါပေမဲ့ ကိုကို့ကို ယူတော့ မယူဘူးပေါ့'

'ယူဖို့ ဆိုတာကတော့ တစ်မျိုးပဲ။ ကိုကို့ကို အုက ချစ်လို့ ကိုကို ကောင်းဖို့ ပြောတာပဲ။ အုလေ ကိုကို့ကို သိပ်ပြီး ချစ်ပါတယ်။ ကိုကို့ကို ယူရမယ် ဆိုရင်လည်း အုမှာ ဘာမှ နစ်နာဖို့ မရှိပါဘူး။ ဝမ်းသာဖို့သာ ရှိပါတယ်။ ဒါပေမဲ့ အု ကိုကို့ကိုယူလို့ မတော်ဘူးဆိုတာ သိလို့ မယူချင်ပါနဲ့

လို့ တောင်းပန်တာပါ။ အု အကျိုး မဟုတ်ပါဘူး။ ကိုကို့အကျိုး ပြောတာပါ'

'ကိုကိုတော့ အုကို ရမှပဲ စိတ်ချမ်းသာမယ်'

'ကိုကို စိတ်ထင်လို့နော်၊ ကိုကို မသိဘူး'

'အု စိတ်ထဲက ငါက တောသူ အရိုင်းမကလေး ဖြစ်တယ်။ သူတို့က မြို့ကြီးသား ဂုဏ်သရေရှိ လူရတတ်တွေ။ အဲဒီတော့ ငါ သူတို့ဆီ လိုက်သွားလို့ ဖြစ်မှာ မဟုတ်ဘူးလို့ အောက်မေ့လို့လား'

'ထားပါတော့ ကိုကိုရယ်'

အု စိတ်ထဲတွင် "သြော် ခက်လိုက်တာ။ ငါ့အကြောင်းကို သိတဲ့လူ တစ်ယောက်ယောက်က လာပြီး ပြောလိုက်ကြရောပေါ့တော်။ မြောက်ကုန်းနဲ့ ဒီနဲ့ဆို ခရီးသိပ်ဝေးတာလည်း မဟုတ်ဘူး။ တစ်ယောက်ယောက်တော့ သိကြမှာပဲ" ဟု အောက်မေ့လျက် ရှိလေသည်။

နောက် သုံးလေးရက်လောက် ကြာသောအခါ နွားစာကျွေးရင်း အုနှင့် မောင်ဒေဝတို့သည် တစ်ယောက်ချင်း တွေ့ကြလေသည်။ မောင်ဒေဝသည် နွားစာဝင်၍ နယ်ချင်ယောင် ဆောင်ပြီးလျှင် နှမ်းဖတ်ရည်များ ပေနေသော အု၏ လက်မောင်းကလေးကို နမ်းလိုက်လေသည်။

'ကိုကို ဘာလို့ ဒီလိုလုပ်သလဲ သိလား'

'အုကို သိပ်ပြီး ချစ်လို့ပေါ့'

'ဟုတ်တယ်၊ ပြီးတော့ နောက်ထပ် တောင်းပန်ချင်လို့'

'နောက် မထပ်ချင်ပါနဲ့တော့ ကိုကိုရယ်'

'အု ကိုကို့ကို ဘာလို့ ဒီလောက်တောင် နှိပ်စက်ချင်ရသလဲ။ ကိုကို စိတ်မချမ်းသာအောင် မလုပ်ချင်ပါနဲ့ အုရယ်။ အု၊ ကိုကို့အချစ်ဆုံး အု၊ ခြောက်ပြစ်ကင်းမကလေး အု။ ဘာလို့ ကိုကို့ကို ယူဖို့ဆိုတဲ့ အကြောင်းကို ဒါလောက် ငြင်းရတာလဲ။ အုကို ကြည့်ရတာလည်း ကိုကို့ကို ချစ်ပုံရလျက်နဲ့'

'ဘယ်တုန်းက သဘောမကျဘူးလို့ အု ပြောဖူးလို့လဲ။ မှတ်မှတ်ရရ

တစ်ခါမှ သဘောမကျဘူးလို့ အု မပြောမိဖူးပါဘူး။ ပြောလည်း မပြောနိုင်ပါဘူး။ ပြောရင်လည်း မှားမှာပေါ့'

အုသည် ပြောရင်းပြောရင်း မချိလာသဖြင့် ငိုမိမည် စိုးသောကြောင့် တခြားသို့ ရှောင်၍ သွားလေသည်။ မောင်ဒေဝသည် နောက်မှ အတင်း လိုက်၍ဆွဲပြီး 'အုရယ်၊ ဒီလို မလုပ်ပါနဲ့။ ကိုကို့ကို ချစ်တယ်ဆိုရင် ကိုကိုက လွဲပြီး ဘယ်သူ့ကိုမှ မယူတော့ဘူးလို့ ပြောစမ်းပါ' ဟု မရမက ပြောပြန်လေသည်။

'အို၊ ကိုကို လွှတ်ပါ ကိုကိုရဲ့။ အု ပြောပါ့မယ်။ အခုသာ အုကို လွှတ်ပါ။ အု အဖြစ်အပျက်တွေကို အကုန်လုံး ပြောပါ့မယ်။ တစ်လုံးမှ မကျန်အောင် ပြောပါ့မယ်'

'အုမယ် အဖြစ်အပျက်တွေ သိပ်များမှာပေါ့နော်။ မွေးခါစ ကလေး ကလေးရဲ့ အဖြစ်အပျက်တွေထက်တောင် များဦးမှာပေါ့။ အု ပြောချင်တာ တွေကို ဘာပဲပြောပြော ပြောချင်သလို ပြောပါ။ ဒါပေမဲ့ တောင်းပန်ပါရစေ။ နောက်ကို အုဟာ ကိုကိုနဲ့ မတန်ဘူးဆိုတဲ့ စကားကို ဘယ်တော့မှ မပြော ပါနဲ့'

'ကိုကို မကြိုက်ရင် အု မပြောပါဘူး။ အု အကြောင်းကို ကိုကို သိချင်တယ် ဆိုရင် နောက် ခုနစ်ရက်လောက် စောင့်ပါ'

'လပြည့်နေ့ထိ ဆိုပါတော့'

'ဟုတ်ကဲ့၊ လပြည့်နေ့ပဲ ထားလိုက်ပါတော့'

အု၏ ဝမ်းထဲတွင် ဗလောင်ဆန်၍ နေလေပြီ။ သူ့စိတ်က မောင်ဒေဝ အား ဝေးစွာ ရှောင်ကြဉ်ဖို့၊ အထူးသဖြင့် ရှောင်ကြဉ်ဖို့ ဆုံးမသော်လည်း သူ့အချစ်ကမူ "ဟဲ့ မိစာအု၊ လသာခိုက် ဗိုင်းငင်လိုက် ဟဲ့။ ဘယ်သူက ဘာပြောပြော နောင်ခါမှ ဘာဖြစ်ဖြစ်။ အခု မောင်ဒေဝကို ရအောင် ယူလိုက် ဟဲ့။ နင့်နှယ်နော်၊ ခိုးချင်ရန်လည်း ပျာလို့၊ လက်နှေးရန်လည်း ချာလို့။ နောက် တကယ်လို့ သိသွားတော့လည်း လျောက်လျှားပေါ့။ ကိုင်း ဘာမှ

ပြောမနေနဲ့။ နက်ဖြန်ခါဆို မောင်ဒေဝနဲ့ တွေ့တာနဲ့ တစ်ပြိုင်နက် ကိုကို၊ ကိုကို့စကားကို အု နားထောင်ပါတော့မယ်လို့ ပြောလိုက်” ဟု အတင်းရော၊ အဓမ္မရော တိုက်တွန်းလျက် ရှိလေသည်။ သူ့အချစ်၏ လေးနက်စွာ တိုက်တွန်းချက်ကို သူ၏ အသွေး၊ သူ၏ အသား၊ သူ၏ အရိုး၊ သူ၏ ခြင်ဆီ၊ သူ၏ အကြော၊ သူ၏ နှလုံး၊ သူ၏ သည်းခြေ၊ သူ၏ ဆံပင် မွေးညင်း စသော သုံးဆယ့်နှစ်ကောဋ္ဌာသသော မဟာမိတ် အပေါင်းတို့က သောင်းသောင်းဖြဖြ သြဘာသံ တညံညံဖြင့် ထောက်ခံချက် ပေးကြလေသည်။

သို့ဖြစ်လင့်ကစား အု၏ ရိုးဖြောင့်သော စိတ်သည် အလျှော့မပေးသေးဘဲ “အု၊ နင့် အကြံဟာ မတော်ပါဘူးဟယ်။ လျှော့လိုက်ပါ။ သူများတွေ မြှောက်ပေးတိုင်း နင် သွေးမြှောက်မနေပါနဲ့” ဟု တဖျက်တည်း ဖျက်လျက် ရှိလေသည်။

ဤနည်းဖြင့် သူ့စိတ်နှင့် သူ့အချစ် ကျွဲနှစ်ကောင် ခတ်ကြရာတွင် ကြားထဲက သူ့ကိုယ် မြေစာပင် မခံနိုင်အောင် ရှိလေသည်။

နေ့များ ရက်များသည် အတော်ခွကျသည်။ မကုန်စေချင်သည့် အခါများတွင် ဖြုတ်ခနဲ ဖြုတ်ခနဲ တစ်နေ့ပြီး တစ်နေ့၊ တစ်ရက်ပြီး တစ်ရက် ကုန်သွားတတ်သည်။ ကုန်စေချင်သည့် အခါများတွင်မူကား နေ့ရက်တို့ကို မပြောဘိ၊ နာရီတို့ မိနစ်တို့တောင်ပင် ရပ်တန့်၍ နေကြသကဲ့သို့ ထင်ရလေသည်။

အုမှာ မောင်ဒေဝကို လပြည့်နေ့တွင် စကားပြန် ပေးဖို့ ချိန်းထားသော်လည်း အေးမည်၊ ပူမည် ထိုနှစ်လီကို အတည်တကျ မဆုံးဖြတ်ရသေးမီပင် နေ့တို့ ရက်တို့သည် ကုန်မှန်းမသိ စွတ်ကယ် စွတ်ကယ် ကုန်သွားလိုက်ကြသည်မှာ မယ်သီလတွေ ဆွမ်းဆန်ခံလာ၍သာ နောက်နေ့မှာ လပြည့်နေ့ပါလားဟု သိရလေတော့သည်။

“ကိုင်း မရွှေအု၊ ဘယ့်နှယ် လုပ်မလဲ။ နက်ဖြန်ခါပဲ လပြည့်တော့

မယ်” ဟု အုသည် အိပ်ရာထဲ၌ စဉ်းစားရင်း သူ့ကိုယ်သူ မေးခွန်းထုတ်လျက် ရှိလေသည်။ ထိုအခိုက်တွင် မနန်းစိန်သည် အိပ်ပျော်နေရာမှ ယောင်၍ “ကိုဒေဝ၊ နန်းစိန်ကို ချစ်ပါနော်” ဟု ပြောလေသည်။

“သူ့ကို ညည်းက မယူဘူးဆိုရင် ဒီမယ် ယူမယ့်လူက အနားက အဆင်သင့်။ သူများ လက်ထဲ ရောက်သွားရင် ညည်း ကြည့်နိုင်ပါ့မလား။ စဉ်းစားနော် မိရွှေအု” ဟု အုသည် မနန်းစိန် ယောင်သံကို ကြားပြီးသည့်နောက် သူ့ကိုယ်သူ ပြောလျက် ရှိလေသည်။

“ဒါလောက်တောင် ရှိလှတာ ယူလိုက်ပါတော့မလေ။ အို၊ ယူလိုက်ပြန်ရင်လည်း နောက် သူ သိသွားရင် သူ့ကို သတ်တာနဲ့ တူနေပါဦးမယ်။ သြော်၊ ခက်လိုက်ပါဘိသနော် မိရွှေအုရယ်။ ညည်း သေတာ ကောင်းပါလိမ့်မယ်”

## အခန်း ၂၃

တစ်နေ့မနက် ထမင်းစားနေကြစဉ် ဦးထွန်းဘော်က ‘ဒါထက် ငါ ညက သာပြည့်ကို သွားပြီး အိပ်မက် မက်နေတယ်။ စိတ်လည်း မတန်းဘဲနဲ့’ ဟု ပြောလေသည်။

‘ဟိုနေ့က ဟိုမိန်းမကြီး ဆံပင်ဆွဲခေါ်သွားတဲ့ သာပြည့်လား ဦးလေးဘော်ရဲ့။ အနို့ သာပြည့်က သူ့သမီးကို ယူလိုက်ရောလား’ ဟု မောင်ဒေဝက မေးလေသည်။

‘ဒီ သာပြည့်ပေါ့ ကိုဒေဝရဲ့။ ဘယ်ကလာ တခြားသာပြည့် ဟုတ်ရမလဲ။ ဒီက ကောင်က သိပ်ပြီး ဇယားရှုပ်တဲ့ အကောင်။ မဒုတ်မ သမီးကို ဗိုက်တန်းလန်းနဲ့ ထားပြီး မယ်အိဆိုတဲ့ မုဆိုးမတစ်ယောက်ကို ငွေစမက်ပြီး သူ သွားလှည့်ပြန်တာကို’ ဟု ဒေါ်အေးမယ်က ပြောလေသည်။

'ဟုတ်တယ်၊ ဟုတ်တယ်။ အေးမယ်ရေ၊ အဲဒီအကြောင်း ပြောစမ်းပါဦးဟော့။ ကိုဒေဝ ကြားရအောင်' ဟု ဦးထွန်းဘော်က တိုက်တွန်းလေသည်။

'ဒီ သာပြည့်ဆိုတဲ့ ကောင်က ကောင်ရှုပ် ကောင်ပွေပဲ။ မယ်အိကို သူ သွားကြံတုန်းကလည်း မယ်အိကို သူ ချစ်လို့ မဟုတ်ဘူးတော့်။ မယ်အိမှာ လယ်ကလေး ယာကလေး နည်းနည်းရှိတာနဲ့ အဲဒါမက်ပြီး သူ သွားကြံတာ။ ဒါနဲ့ တိုတို ပြောတော့ မယ်အိကို သူ ကမန်းကတန်း လူကြီးစုံရာနဲ့ တောင်းရမ်း ယူလိုက်ပါလေရော။ ယူပြီးလို့ အခန်းမှ မအပ်ရသေးဘူး၊ မယ်အိက "ကိုသာပြည့်ရယ်၊ ကျုပ် တော့်ကို ယူရတာတော့ ကောင်းပါရဲ့။ ကျုပ် လယ်ကလေး ယာကလေး ရှိသမျှတော့ တော့်ကို ယူတဲ့အတွက် ကျုပ် ယောက္ခမဟောင်းက သူ့ကြွေးနဲ့နှိမ်ပြီး အကုန်သိမ်းလိုက်ပြီ" လို့ ပြောတာကိုး။ ဒီတော့ ဘာပြောကောင်းမတုံးဆို၊ ဘကြီးသား ကိုသာပြည့် ငယ်ထိပ် မြွေပွေးပေါက်တာပေါ့။ အဲဒီက စပြီး သူတို့ လင်မယားဟာ တကျက်ကျက် ဖြစ်နေတာပဲ။ သာပြည့်ကတော့ မထောင်းတာဘူးပေါ့။ သူက အစကတည်းက ဘာမှ ရှုံးစရာလည်း ရှိတဲ့ အကောင်မှ မဟုတ်ဘဲ။ နစ်နာခြင်း နစ်နာတော့ မယ်အိခမျာက နစ်နာရှာတာပေါ့။ သူ့ခမျာ မြက်မြက်ကလေး စားရမလားလို့ ဆိုင်းထဲ လိုက်မိပါ၊ နဲ့ကြီး တက်နင်းမိတာလို ဖြစ်နေတာပေါ့'

'အေးမယ်ရေ၊ ငါ့အထင်တော့ ဒါဟာ မယ်အိ အပြစ်ပဲ ထင်တယ်။ ဘာလို့လဲဆိုတော့ သူ အစက ဟုတ်တာမှန်တာကို အကုန်ဖွင့်ပြောလိုက်ရင် ဒီလို ဖြစ်မလားလို့'

'ဟုတ်တော့လည်း ဟုတ်တာပေါ့ ကိုထွန်းဘော်ရဲ့။ ဒါပေမဲ့ မယ်အိကလည်း မိန်းမသားတစ်ယောက်တည်း ဆိုတော့ အားကိုးအားထားလေး လိုချင်သေးတာကိုး။ ဟုတ်တဲ့အတိုင်း ဖွင့်ပြောလိုက်ပြန်လည်း သာပြည့်ကို လက်လွတ်သွားဦးမှာ စိုးရသေးတယ်။ ဟော့ကောင်မတွေ၊ ဒွေးလေးမယ် ပြောတာ မဟုတ်ဘူးလား ဟော့'

'တောင်းခါ ရမ်းခါနီးမယ် မအိက ဖွင့်ပြောလိုက်ဖို့ ကောင်းတယ်။ အဲဒီ အခြေအနေကျမှဆိုရင် ကိုသာပြည့်လည်း နောက်ဆုတ်နိုင်မှာ မဟုတ်ဘူး' ဟု မငွေခင်က ထင်မြင်ချက် ပေးလေသည်။

'ဟုတ်တယ်တော့၊ အဲဒီလိုဆိုရင် သူ ဘာမှ တတ်နိုင်မှာ မဟုတ်ဘူး' ဟု မရွှေမှုံက ထောက်ခံလေသည်။

'ငါသာ မအိ ဆိုရင်တော့တော်၊ ကိုသာပြည့်လို လူကိုတော့ လက်မခံကြီးထဲကပဲ။ သူ့ဟာက လူကို ချစ်တာမှ မဟုတ်ဘဲ။ ပစ္စည်းကို မက်လို့ဟာပဲ' ဟု မနန်းစိန်က သူ့ အတ္တနောမတိကို လင်းလေသည်။

'ကိုင်း အုံ၊ ညည်းကကော ဘယ်လို သဘောရသလဲအေ့။ ပြောစမ်းပါဦး'

'ကျုပ်အထင် ပြောရမယ်ဆိုရင် အစကတည်းက မအိက ဟုတ်တဲ့မှန်တဲ့အတိုင်း ဖွင့်ပြောရင်လည်း ပြော၊ ဒီလိုမှ မပြောချင်ဘူး ဆိုရင်လည်း ကိုသာပြည့်ကို လက်မခံနဲ့ပေါ့။ ပြောတတ်ပါဘူးလေ၊ ကျုပ်ထင်တာ ကျုပ်ပြောတာပဲ'

'ငါသာ ဆိုရင်တော့တော်၊ ဟုတ်တဲ့အတိုင်းလည်း ဖွင့်လည်း မပြောဘူး။ ဒင့်ကိုလည်း မရ ရအောင် ယူမှာပဲ။ ယောကျ်ားယူချင်လို့ဟာပဲ၊ ဘာဖြစ်ဖြစ် ရရင် ပြီးတာပဲ။ မရရင် ရတဲ့နည်းနဲ့ ယူမှာပဲ။ ငါက မပြောချင်လို့ သူ့ကို မပြောဘဲ ထားတဲ့အကြောင်းကို တစ်ခွန်းမေးတာနဲ့ တစ်ပြိုင်နက် ဒင့်ကို အကျဉ်းဆွဲပြီး သတ်လိုက်မှာပဲ။ ဒင်းတို့ကို နိုင်ချင် အလွယ်ကလေးဟာပဲ'

မဘွေးဒုတ်ကြီး ပြောသည်ကို အားလုံးသော ပရိသတ်က သဘောကျ၍ သြဘာပေးကြလေသည်။ သို့ရာတွင် အုမှာ ဣန္ဒြေမပျက်ရုံ သူများရယ်၍ ရောကာ ရယ်လိုက်ရသော်လည်း သူ့အကြောင်းကို သူ စဉ်းစားမိ၍ မချိရှာဘဲ ရှိလေသည်။ အုသည် စိတ်မချမ်းမြေ့သောကြောင့် ထမင်းစားဝိုင်းမှ

သူများအလျင် ထ ကာ အပြင်သို့ ထွက်သွားလေသည်။ အကြံသမား မောင်ဒေဝသည် မယောင်မလည် အုနောက်သို့ လိုက်၍ သွားလေသည်။

‘ဒီမှာ အု၊ ဘယ့်နှယ်လဲ ကိုကို ပြောတာ။ ကိုကို့ကို ယူမယ် ဟုတ်လား’

‘မဖြစ်နိုင်ပါဘူး ကိုကိုရယ်၊ မဖြစ်နိုင်ပါဘူး။ ကိုကို့အကျိုးမို့ အု ပြောတာပါ။ မဖြစ်နိုင်ပါဘူး’

‘ဘယ့်နှယ်လဲ အုရဲ့။ စောင့်နေရဦးမယ် ဆိုလို့လည်း ကိုကို စောင့်နေပြီ။ အခုထက်ထိလည်း မဖြစ်နိုင်ပါဘူးပဲ ရှိသေးသလား’

‘မဖြစ်နိုင်ပါဘူး ကိုကို၊ မဖြစ်နိုင်ပါဘူး။ အု ပြောတာ ယုံပါ’

မောင်ဒေဝသည် အုထံမှ “ဟုတ်ကဲ့” ဆိုသော စကားပြန်ကို ရလိမ့်မည်ထင်၍ ပြောရင်းဆိုရင်း သူ့လက်နှစ်ဖက်ကို ဆက်ပြီး အုကို ဝိုင်းကာထားလေသည်။ သည်တစ်ခါတော့ စွန်ဖြစ်တော့မည်ဟု နှာခေါင်း တသွေးသွေးနှင့် နေသော်လည်း အုက မျက်နှာထား တည်တည်နှင့် ပယ်လိုက်သောအခါ လက်ကို နောက်သို့ရုပ်၍ အကြံလျှော့ကာ နေရလေသည်။ အုသည် အချစ်အလိုသို့ လိုက်၍ မောင်ဒေဝ စကားကို မျက်စိမှိတ်ကာ နားထောင်လိုက်တော့မည် အလုပ်တွင် သာပြည့်နှင့် မယ်အိတို့ ရာဇဝင်ကို ကြားရသဖြင့် စိတ်အပျက်ကြီး ပျက်သွားလေသည်။ မောင်ဒေဝလည်း အကြံကုန်သဖြင့် အုဆီမှ ဖယ်လေသည်။ အကြံကုန်သည် ဆိုခြင်းမှာ အကြံလျှော့ခြင်း မဟုတ်။ သည်နည်းနှင့် မရသေးလျှင် ဟိုနည်းနှင့် လုပ်ရန် အကြံထုတ်လျက် နေခြင်းမျှသာ ဖြစ်သည်။ မောင်ဒေဝသည် အုနှင့် ခါတိုင်းကဲ့သို့ အတွေ့ မများ။ ဤနည်းဖြင့် အရက် နှစ်ဆယ်၊ အစိတ် ကြာသွားလေသည်။ မောင်ဒေဝ၏ အကြံသစ်မှာ အုကို တဖြည်းဖြည်း ယင်းသွင်းယူရန် ဖြစ်သည်။ အုသည် အကယ်၍သာ သူ့ကို မချစ်ဘူးဆိုလျှင် တစ်ခါတည်း ပြတ်ပြတ်ကြီး ပြောလိုက်မည်သာ ဖြစ်သည်။ ယခုမှာ ထိုကဲ့သို့ ပြတ်ပြတ်ကြီး မပြောသည်ကို ထောက်ထားသော် အစိမ်းကလေးမို့ ကြောက်နေရှာသေး၍ ဖြစ်မည်ဟု

ယူဆပြီးလျှင် ကိုယ်ထိ လက်ရောက် ပွေ့ဖက်ခြင်းတို့ကို မလုပ်သေးဘဲ၊ ပါးစပ်နှင့်ပင် ယဉ်အောင် "နှုး" ဦးမည်ဟု အကြံရလေသည်။ တစ်နေ့သော နံနက် အရုဏ်တက်လောက်တွင် မောင်ဒေဝသည် အုနှင့် တင်းကုပ်အဝင်ဝ၌ တစ်ယောက်ချင်း တွေ့လေသည်။

'ဘယ့်နှယ်လဲ မရုပ်တေး၊ ခဏကလေး နေစမ်းပါဦး။ ကိုကို ပြောတာ ဘယ့်နှယ်လဲ။ ကိုကို စောင့်နေရတာ ကြာလှပြီ။ ကိုကို နောက်ထပ် မစောင့်နိုင်တော့ဘူး။ အုက ဘယ်လိုသဘောနဲ့ ကိုကို့အပေါ်မှာ ဒီလို လုပ်နေတာလဲ။ ကိုကို တစ်ခါတည်း သိချင်တယ်။ မသိရဘူးဆိုရင် ကိုကို ဒီက ပြေးရလိမ့်မယ်။ ကိုကို့စိတ်ထဲမှာ ဘယ်လို ဖြစ်နေတယ် ဆိုတာ အု မသိဘူးနော်။ တော်တော်ကြာကျတော့ အုရော၊ ကိုကိုရော နှစ်ယောက်စလုံး အရှက်ကွဲနေကြလိမ့်မယ်။ ကိုကို့အတွက်တော့ ဘာဖြစ်ရဖြစ်ရ အရေးမကြီးပါဘူး။ အု အတွက်သာ ကိုကို စိုးရိမ်ပါတယ်။ ကိုင်း ဘယ့်နှယ်တုံး။ ကိုကို ပြောတာ သဘောတူတယ် မဟုတ်လား'

'ကိုကိုကလည်း ခက်လိုက်တာ ကိုကိုရယ်။ အုကို စိတ်ညစ်အောင် မလုပ်စမ်းပါနဲ့။ အု အခုပဲ အိပ်ရာက ထ လာတယ်။ မျက်နှာတောင် မသစ်ရသေးဘူး။ အု ဘာပြောရမှန်း မသိဘူး။ အုကို ရုပ်တေးလေး ဘာလေး မခေါ်ပါနဲ့။ အု မကြိုက်ပါဘူး။ အု ဘယ်တော့မှ မရုပ်ပါဘူး။ အုကို မဟုတ်တာ ခေါ်တာဟာ ကိုကို သိပ်ရက်စက်တာပဲ။ ကိုကို သိချင်တာကို နောက်အေးအေးကျတော့မှ အု ပြောပြပါ့မယ်။ အု စဉ်းစားပါရစေဦး။ ကျေနပ်ပါတော့ ကိုကိုရယ်။ ဖယ်ပေးပါ။ အု သွားပါရစေတော့'

ထိုသို့ ပြောသည့်အခါတွင် အုမှာ နှုတ်ခမ်းအနည်းငယ် စူ၍ နေသော်လည်း စင်စစ်အားဖြင့် စိတ်ဆိုးခြင်း မရှိ။ နှုတ်ခမ်းစူရင်းမှ အမှတ်တမဲ့ ပြုံးတုံးတုံး လုပ်လိုက်သည်ကို မောင်ဒေဝ မြင်လိုက်သဖြင့် တစ်မျိုး အားတက်မိလေသည်။

'ဒါဖြင့် အု ပြောတာ ကိုကို ယုံရတော့မှာပေါ့'

'ယုံပါ ကိုကိုရဲ့၊ အု လိမ်မပြောတတ်ပါဘူး'

'အနို့၊ အု ကိုကို့ကိုတော့ အု ချစ်ရဲ့ မဟုတ်လား'

'မချစ်ရင် ဒီလို နေပါ့မလား ကိုကိုရဲ့'

'ချစ်ရင် ကိုကို့ကို "အု အချစ်ဆုံး ကိုကို" လို့ ခေါ်ရမယ်၊ ခေါ်ပြီးမှ သွားရမယ်'

'ဒီလိုဆိုရင် ကိုကို့ကို ယူပါ့မယ်လို့ ဝန်ခံရာ မရောက်ဘူးလား'

'မရောက်ပါဘူး။ အုက ကိုကို့ကို မယူတောင်ဘဲ ချစ်တော့ ချစ်တယ် ဆိုတဲ့ အဓိပ္ပာယ်ပဲ ရောက်မှာပေါ့'

'ဒါဖြင့် ခေါ်ပါ့မယ်။ "အု အချစ်ဆုံး ကိုကို"၊ ကိုင်း'

'ဟင့်အင်း၊ ကိုကို ကောင်းကောင်း မကြားလိုက်သေးဘူး။ ပြန်ပြီး ခေါ်ဦး'

'ခေါ်ပြီးပါပကောလို့။ ကိုကိုကလည်း သိပ်အနိုင်ကျင့်တာပဲ။ ကိုင်း ခေါ်မယ်။ "အု အချစ်ဆုံး ကိုကို"၊ ကိုင်း'

'ဟင့်အင်း၊ ဟင့်အင်း။ "ကိုင်း" ကြီး ထည့်ခေါ်တာ မလိုချင်ဘူး။ "အု အချစ်ဆုံး ကိုကိုရှင့်" လို့ ခေါ်ရမယ်'

အုသည် သူ့စိတ်ထဲတွင်လည်း ခေါ်ချင်ချင်နှင့် 'အု အချစ်ဆုံး ကိုကိုရှင့်' ဟု ခေါ်လိုက်လေသည်။ မောင်ဒေဝသည် သိန်းထီပေါက်လေသည်။

မောင်ဒေဝသည် အုက သူ့ကို ယူပါမည်ဟု မပြောမချင်း ကိုယ်ထိလက်ရောက်မှုကို မပြုမိရန် စိတ်ပိုင်းဖြတ်ထားခဲ့သော်လည်း သူ့နှာခေါင်းက မအောင့်နိုင်သဖြင့် အု အပြင်သို့ ထွက်၍သွားမည် အပြုတွင် အမှတ်တမဲ့ ပုဆိန်ပေါက် နမ်းလိုက်လေသည်။ ဖူးစာနတ်သည် ထိုအချိန်တွင် ကောင်းချီးသြဘာ ပေးလျက် ရှိလေသည်။

# အခန်း ၂၄

'သြော် ဒီဘွေးဒုတ် ခိုင်းလိုက်ရမှဖြင့် ဒီလိုချည်းပဲ။ အခုထက်ထိ ပြန်မလာသေးဘူး။ ဘယ်အချိန် ရှိနေပလဲ။ နေကို စောင်းလှပြီ။ ပြောင်းရိုးလည်း သွားတိုက်ရဦးမယ်' ဟု ဒေါ်အေးမယ်သည် မြည်တွန်တောက်တီးလျက် ရှိလေသည်။

'ဒွေးလေးမယ်၊ ပြောင်းရိုး ကျွန်တော် သွားတိုက်ပေးမယ်လေ' ဟု မောင်ဒေဝက လောကွတ်လုပ်လေသည်။

'သွားတိုက်ရင်လည်း တိုက်ပေးစမ်းပါ ကိုဒေဝရယ်။ ကိုဒေဝ ဦးလေးလည်း ဘုန်းကြီးက လာခေါ်သွားလို့။ နန်းစိန်တို့ ငွေခင်တို့လည်း ရေခပ်နေကြရတယ်။ ရွှေမှုံလည်းပဲ ထမင်းချက်နေရလို့ မအားဘူး'

'အု နွားစာ ကျွေးပြီးပြီ မဟုတ်လား။ အားရင် ကိုဒေဝနဲ့ အဖော်လိုက်ခဲ့ပါလား'

'အုရေ၊ လိုက်သွားလိုက်ပါအေ။ ညည်းအစ်ကိုနဲ့ အဖော်ရအောင်။ ကိုဒေဝရေ၊ သမုန်းပင်ပေါ်က ပြောင်းရိုးကို မတိုက်ခဲ့နဲ့နော်။ ဟို ရင်းမာပင်ကြီးနားက ဒဟတ်ပင်ပေါ်က ပြောင်းရိုးကို တိုက်ခဲ့ပါ။ ကိုင်း လှည်းပြင်၊ မြန်မြန်လည်း သွားကြ။ အပြန် မိုးချုပ်နေမယ်'

မောင်ဒေဝနှင့် အုတို့မှာ မုတ်ဆိတ် ပျားစွဲကြပြန်လေသည်။

အုသည် ဘာမျှ မပြောဘဲနှင့် စဉ်းစားကာသာ လိုက်ပါသွားလေသည်။

'အုရေ၊ ဟောဟို တည်ပင်ကြီးမှာ တည်သီးတွေ မှည့်လို့ဟေ့၊ စားမလား။ ကိုကို ခူးပေးမယ်' ပြော၍ မောင်ဒေဝသည် လမ်းဘေးတွင် ကပ်၍ပေါက်နေသော တည်ပင်ကြီးမှ တည်သီးခူး၍ အုကို ကျွေးလေသည်။

'ချိုတယ်နော် အု။ ထပ်ခူးရဦးမလား။ ကိုကို့လည်း တစ်ကိုက်ပေးပါလား။ အမယ် တယ်ချိုပါလား။ အု ကိုက်ပြီးသားမို့လို့ ထင်ပါရဲ့။ အုရေ၊ ဒါထက် ကိုကို ပြောတာ ဘယ့်နှယ်လဲ'

'ဪ ကိုကိုကလည်း ခက်လိုက်တာ၊ တစ်မေးတည်းပဲ မေးနေတာပဲ။ အု စဉ်းစားပါရစေဦးလို့ ပြောနေတာပဲ။ ဒါထက် ကိုကို၊ ကိုကို အု ပြောတာကို နားထောင်မလား'

'အု ပြောရင် ကိုကို နားထောင်ရမှာပေါ့။ ဘာလဲ ပြောပါ'

'သူတို့ သုံးယောက်ထဲက တစ်ယောက်ယောက် ကိုကို ယူပါလား၊ အုကို ယူမယ့် အစား'

'ကိုကိုကတော့ အုဆို အုမှပဲ ယူချင်တယ်။ ဘာလို့ ဒီစကား ပြောရသလဲ'

'သူတို့နဲ့ ဆိုရင် ကိုကိုနဲ့ ပိုပြီး လိုက်လို့ပေါ့။ သူတို့လည်း အု ချစ်သလောက်ပဲ ကိုကို့ကို ချစ်ကြတာပဲ'

'အု တော်ကွယ်။ ဒီစကားတွေကို ကိုကို မကြားချင်ဘူး။ ကိုကို မေးတာကိုသာ ပြောစမ်းပါ။ ဒီနေ့တော့ အိမ်ပြန်မရောက်ခင် ပြောရလိမ့်မယ် နော်။ ဒါပဲ အု'

'ကိုကို ဒါလောက်တောင် ပြောစေချင်လို့ရှိမှ ပြောရတာပေါ့။ ဒါပေမဲ့ ကိုကိုရယ်။ ဒီလိုပဲ နေကြတာက ကောင်းပါဦးမယ်'

'အုက ဒီလိုပဲ နေချင်ပေမယ့် ကိုကိုက မနေနိုင်ဘူး ဆရာ။ ဒီကနေ့တော့ သိရမှပဲ'

အုသည် စကားပြန် မပေးဘဲ လိုက်သွားလေသည်။ ထိုအခိုက်တွင် လျှိုရိုးထဲမှ အော်၍ တိုက်လာသော လေနီကြမ်းသည် သူတို့လှည်းဆီသို့ ရောက်လာလေသည်။

'အု ကြောက်သလား၊ ကိုကို့နား တိုး။ ရော့၊ တင်းထိမ်ခြုံထား။ ကိုကို့ပါ ခြုံပေးပါ'

အုသည် မသိမသာ မောင်ဒေဝနားသို့တိုး၍ မောင်ဒေဝ စိမ်ခန့်ခွဲသည့်အတိုင်း တင်းထိမ်ကို နှစ်ယောက်ပူး ခြုံထားလေသည်။

ရာပြည့်စာအုပ်တိုက်

'အုရေ၊ အခုနေများ ကိုကိုတို့ကို တခြားလူများ တွေ့သွားရင် မောင်နှမ လို့တော့ ထင်မှာ မဟုတ်ဘူးနော်'

'အို ကိုကိုကလဲ၊ မတော်တရော်တွေ လျှောက်ပြောမနေပါနဲ့။ နားရှက်ပါတယ်' ဟု ပြောကာ အုသည် ခြုံထားသော တင်းထိမ်ကို ဖယ်ပစ်လိုက်လေသည်။ ထိုအခိုက်တွင် လေလည်း ငြိမ်သွားလေသည်။

'အုရေ၊ ဟောဟိုက တောင်ကမ်းပါးမယ် ကျောင်းပျက်ကြီးလိုလို၊ တိုက်ပျက်ကြီးလိုလို မြင်လား။ အဲဒါဟာ ပန်းသာမြို့စားများ အစဉ်အလာနေသွားခဲ့တဲ့ တောစခန်း တိုက်အိုကြီးပဲ။ အခုတော့ ပျက်နေရှာပါပြီ။ ပန်းသာမြို့စား အမျိုးထဲက အဆက်အနွယ်တော့ မကျန်တော့ပါဘူး။ ကိုကိုလေ၊ ရှေးက မျိုးဟောင်း ဆွေဟောင်းတွေ အကြောင်း သိရရင် လွမ်းသလိုလို၊ ဘာလိုလိုပဲ။ အဲဒီ တိုက်အိုကြီးကို မြင်တိုင်း မြင်တိုင်း သတိရတယ်။ အမျိုးတိမ်ကောသွားတယ် ဆိုတာ သိပ် ကြေကွဲစရာ ကောင်းတာပဲ'

'ဟုတ်တာပေါ့ ကိုကို'

ထို့နောက် ပြောင်းရိုးတင်ထားသော ဒဟတ်ပင်ကို ရောက်၍ မောင်ဒေဝက အပေါ်မှ ပြောင်းရိုးထုံးများကို ချပေးပြီးလျှင် အုက လှည်းပေါ်တွင် ကြည့်၍ တင်လေသည်။

'အုရေ၊ မိုးတွေများ ရွာလာဦးမလား မသိဘူး။ ဟို အနောက်တောင်ဘက်က မိုးတွေ မည်းလာပြန်ပြီ။ မိုးများရွာရင်တော့ နှစ်ယောက်စလုံး အရွှဲပဲ။ ဒါပေမဲ့ ကိုကိုကတော့ ရွှဲရကျိုး နပ်ပါတယ်။ ဘာလို့လဲဆိုတော့ အခု ပြောင်းရိုးတိုက် လာတာကိုက အုနဲ့ ဒီလို လာရအောင်လို့ ဉာဏ်ဆင်လာတာပဲ။ ပြီးတော့ ကိုကို့စိတ်ထဲမှာ အုဆီက စကားပြန်တာကိုလည်း ကြားချင်လှပြီ။ အခုလည်း တကယ်ဆိုတော့ အုကို ကိုကို ပိုင်နေပြီ မဟုတ်လား။ အု အချစ်ကိုတော့လေ'

'ဒါတော့ အုက အထူးပြောနေဖို့ မလိုပါဘူး။ ကိုကို သိတဲ့အတိုင်းပါပဲ။ အု ပြောတာ မဟုတ်ဘူးလား'

'ဟုတ်ပါတယ်၊ ဒါဖြင့်ရင် လူကိုတော့ ဘယ်တော့မှ ပိုင်ရမှာလဲ'

'ဒါတော့ ကိုကို့အတွက် အုက ငဲ့လို့ပါ။ ကိုကို့ကို ပြောစရာ ရှိတာကို မပြောရသေးလို့ပါ'

'ကိုကို စိတ်ချမ်းသာဖို့၊ ကိုကို လောကမှာ တင့်တယ်ဖို့အတွက် ဆိုပါတော့'

ဟုတ်တာပေါ့ ကိုကိုရဲ့။ ကိုကို စိတ်ချမ်းသာဖို့၊ ကိုကို လောကမှာ တင့်တယ်ဖို့ အတွက်ပေါ့'

'ဒါဖြင့်ရင် ကိုကို ပြောမယ်။ ကိုကို့မှာ လယ်တွေ ယာတွေ အများကြီး ရှိတယ်ဆိုရင် တိုက်ကြီးတာကြီးနဲ့နေတဲ့ သူဌေးသမီးကို ယူတာထက် အုကို ယူတာက ပိုပြီး စိတ်ချမ်းသာဖို့ မဖြစ်ဘူးလား။ ဒီတော့ အုကိုပဲ ယူတဲ့အတွက် ကိုကို့မှာ ဘာ အနှောင့်အယှက် ဖြစ်ဦးမှာလဲ။ ဒီအတွက် စိတ်ပူမနေစမ်းပါနဲ့'

'ဒါပေမဲ့ ကိုကို မယူခင် အုရဲ့ အတ္ထုပ္ပတ္တိကို ကိုကို သိစေချင်သေးတယ်။ ပြောပြပါရစေဦး။ အု အတ္ထုပ္ပတ္တိကို သိရရင် အုကို ကိုကို အခု ချစ်သလို ချစ်ချင်မှာ မဟုတ်ဘူး ထင်တယ်'

'ကိုင်း၊ ကိုကို့ အချစ်ကလေးက ဒါလောက်တောင်မှ အတ္ထုပ္ပတ္တိ ပြောချင်လို့ရှိမှ ကိုကိုက နားထောင်ရတာပေါ့။ သိပ်လွမ်းစရာ ကောင်းရင်လည်း မပြောပါနဲ့။ ကိုကိုက တယ်လွမ်းတတ်တယ်။ ကိုင်း ပြောလေ။ "ကျွန်မသည် ကောဇာသက္ကရာဇ် ၁၂၀၀ ခုနှစ်၊ –လ –ရက်နေ့ – နာရီ အချိန်တွင်" '

မောင်ဒေဝသည် အုအ၏ အကြောင်းကို မသိရှာ၍ နောက်တီး နောက်တောက် ပြောနေသော်လည်း အုအဖို့မှာ များစွာ လေးနက်သောအကြောင်း ဖြစ်လေသည်။

'ဟုတ်ကဲ့၊ ကျွန်မ မွေးတာက ပေပင်ကုန်းမှာ မွေးပါတယ်။ ကျွန်မ ကြီးတော့လည်း ပေပင်ကုန်းမှာ ကြီးပါတယ်။ ကျွန်မ ကျောင်းနေတော့လည်း

ပေပင်ကုန်းက မြန်မာစာသင်ကျောင်းမှာ နေပါတယ်။ ကျွန်မ စတုတ္ထတန်း အောင်ပါတယ်။ ပညာဝန်ထောက်ကလည်း ကျွန်မကို ဒီသူငယ်မလေးဟာ တယ်တော်တယ်၊ စတုတ္ထတန်း အောင်ပြီးရင် လက်ထောက်ဆရာမ လုပ်ပစေလို့ ပြောသွားပါတယ်။ ဒါပေမဲ့ ကျွန်မတို့အိမ်မှာ အကြောင်း မညီညွတ်တာနဲ့ ကျွန်မ လက်ထောက်ဆရာမ မလုပ်ရပါဘူး။ အဖေကလည်း အလုပ်ကောင်းကောင်း မလုပ်ရပါဘူး။ ထန်းရည်လည်း ခဏခဏ မူးပါတယ်'

'ကိုင်း ကိုင်း၊ မကြီးရွှေစာ အတ္ထုပ္ပတ္တိကို တော်ပါတော့။ ဒါလောက် ပြောရင် ကိုကို အကုန်သိပါပြီ။ ဒီလို အတ္ထုပ္ပတ္တိမျိုးတွေ ကိုကိုတို့ ကျောင်းနေတုန်းက ဖတ်ရလွန်းလို့ မုန်းနေပါပြီ။ မဆန်းပါဘူး'

'ဒါ့နဲ့၊ ကျွန်မက သူများနဲ့ မတူပါဘူး။ ကျွန်မအဖြစ်က သူများထက်ထူးပါတယ်။ တစ်နေ့တော့....'

'တော်ပါတော့ အုရဲ့။ ဒါလောက် ပြောရင် ကိုကို နားလည်ပါပြီ။ ကိုကို ကောလိပ်ကျောင်းက ထွက်လာတဲ့လူပါ။ ဒါလောက် နားမဝေးပါဘူး။ အရိပ်ပြရင် အကောင် ထင်ပါတယ်'

'ကျွန်မတို့ အမျိုးက အခုတင်က မြင်တဲ့ တိုက်အိုကြီးမှာ ရှေးက နေသွားကြတဲ့ ပန်းသာမြို့စားမျိုး ဖြစ်ပါတယ်။ အခုတော့ ကျွန်မတို့မှာ အမျိုးတိမ်ကောသွားပါပြီ'

'ဩော် အစသတ်တော့ အုက ပန်းသာမြို့စား အဆက်ထဲကကိုး။ အု ပြောမယ်ဆိုတာ ဒီအကြောင်းလား'

'ဟုတ်ပါတယ်'

'ဒါကြောင့်တော့ အု အပေါ်မှာ ကိုကိုက အချစ်လျော့သွားဖို့ မရှိပါဘူး'

'ကိုကိုက မျိုးဟောင်း နွယ်ဟောင်းများကို သိပ်ပြီး အထင်အမြင်သေးတယ်လို့ ဒွေးလေးမယ်က ပြောထားတော့ အု ကြောက်တာပေါ့'

'ဟားဟား ဟားဟား၊ ဒါကြောင့်ကိုး။ ဒွေးလေးမယ် ပြောတာ

နေ့သလောက်လည်း မှန်တာပါပဲ။ ဘာလို့လဲဆိုတော့ မျိုးဟောင်းနွယ်ဟောင်း ဖြစ်လို့ နေရာတကာမယ် တွင်ကျယ်ရမယ် ဆိုတာတော့ ကိုကို မကြိုက်ဘူး သပ်။ ကိုကို့သဘောက အရည်အချင်းနဲ့ ပြည့်စုံတဲ့လူဆိုရင် မျိုးဟောင်းပဲ ဖြစ်ဖြစ်၊ မျိုးသစ် နွယ်သစ်ပဲဖြစ်ဖြစ် တွင်ကျယ်စေချင်တာပဲ။ ဒါပေမဲ့ အုဟာ မျိုးဟောင်း ဆွေဟောင်းထဲက ဖြစ်တယ်ဆိုတာ သိရတော့ ကိုကိုဖြင့် သိပ် သဘောကျတာပဲ။ အုကော အုဟာ အု သဘောမကျဘူးလား'

'အုတော့ သဘောမကျပါဘူး။ စိတ်မကောင်းဖို့ ဖြစ်တယ်တောင် ထင်ပါသေးတယ်။ နန်းစိန်ဆိုလည်း အရင်တုန်းက ဆွေကြီးမျိုးကြီးထဲကပဲ တဲ့။ ဒီတော့ ဘာမှ အကြောင်းထူးတာ မဟုတ်ပါဘူး။ နောက်ဆုံးတော့ သူ့လို ကိုယ်လိုချည်းပါပဲ'

'ဒါပေမဲ့ ဘာပြောပြော ကိုကိုတော့ ဝမ်းသာတာပဲ။ ဩော် အု ပြောမယ် ဆိုတာက ဒါပဲကိုး'

အုသည် ရှေ့ကို အရေးကြီးသော ဇာတ်လမ်း ရောက်အောင် ဆက်၍ မပြောရဲသဖြင့် ပန်းသာမြို့စား အဆက်ထဲက ဖြစ်သည် ဆိုသော အချက် တွင်ပင် ရပ်၍ ထားလိုက်လေသည်။ သတ္တဝါတို့ မည်သည် ကိုယ့်အကျိုးကို ကိုယ် ကာကွယ်လိုမြဲ ဖြစ်သည့်အတိုင်း အုသည် နောက်ဆုံးတွင် သတ္တဝါ တို့၏ သဘောတရားကို မလွန်ဆန်နိုင်ဘဲ ရှိလေသည်။

'အခု အုရဲ့ အကြောင်းကို သိရတာ သူများအတွက်ထက်ပဲ အု အတွက် ကိုကိုက ပိုပြီး သဘောကျတယ်။ ဘာလို့လဲဆိုတော့ လောကမယ် လူတွေက ကောင်းတာ မဟုတ်ဘူး။ ဂုဏ်တွေ ပကာသနတွေ သိပ်ပြီး လိုက်တာ။ အခု သူတို့နည်းနဲ့ သူတို့ဆိုတော့ အုကို သူတို့ ဘာမှ ကဲ့ရဲ့နိုင် တော့မှာ မဟုတ်တော့ဘူး။ အု၊ လောကရေးရာ နားလည်ဖို့ ဆိုတာတော့ ကိုကို သင်ပေးနိုင်တာပဲ။ ကိုကို့အမေလည်း သိပ်ပြီး ဝမ်းသာမှာပဲ။ အုရေ၊ အု နာမည်ကို ဆွေဟောင်းမျိုးဟောင်းမှန်း သိအောင် မစာအုလို့ မခေါ်ဘဲ ဒီကနေ့က စပြီး "ပန်းသာခင်ခင်"လို့ ပြင်ခေါ်ရရင် မကောင်းဘူးလား'

'အုတော့ စာအု စာအုပဲ ကြိုက်တာပဲ'

'အုက မကြိုက်ပေမဲ့ ကိုကိုက ကြိုက်တယ်။ ပန်းသာခင်ခင် ဆိုတဲ့ နာမည်ကို ကိုကိုက အတင်းပြောင်းမှာပဲ။ ဘာမှ မဆိုင်တဲ့ လူတွေတောင် ဒီလို တု တက် ခေါ်နေသေးတာပဲ။ အုလည်း ဘာလို့ မခေါ်ရမှာလဲ။ ဟိုကောင် တစ်ကောင်ဟာတောင် ဘယ်မှာပါလိမ့်မယ်၊ ဒီကောင့်အကြောင်း ကြားဖူးတာ။ ဩော်၊ သတိရပြီ။ မြောက်ကုန်းမယ်၊ မြောက်ကုန်းမယ်။ အဲဒီ အကောင်ပေါ့၊ အဖေနဲ့ စကားများတယ်ဆိုတာ။ ဒင်းတောင်မှပဲ ဒင်းကို ဒင်း ပန်းသာမောင်မောင် လုပ်နေသေးတာပဲ။ အုက ပန်းသာမြို့စားအဆက် အစစ်ပဲ။ ဘာလို့ ပန်းသာခင်ခင်လို့ မခေါ်ရမှာလဲ။ မြေပိုင်ရှင် မောင်ဒေဝနှင့် ပန်းသာခင်ခင်တို့ ထိမ်းမြားမင်္ဂလာ ပြုကြပါလိမ့်မယ်ဆိုရင် ဖိတ်စာတောင် ရေးလို့ သိပ်ကောင်းမှာပဲ'

'ကိုကိုရယ် အုတော့ ပန်းသာခင်ခင်ဆိုတဲ့ နာမည်ကို မကြိုက်ပါဘူး။ ခိုက်တတ်သလား၊ ဘာလားလဲ မသိဘူး'

'ခိုက်တာတွေ ခက်တာတွေ ကိုကို နားမလည်ဘူး။ ဒီနေ့ကစပြီး အုဟာ ပန်းသာခင်ခင် ဖြစ်ပြီ။ အောင်ဖေယျတု၊ အောင်ဖေယျတု၊ အောင်ပါစေသော အောင်စေသော။ ကိုင်း အု အတ္တုပ္ပတ္တိကို ပြောပြီးပြီ။ ကိုကို့ကို ယူပါတော့'

'ကိုကို အုကိုရရင် စိတ်ချမ်းသာမယ်လား၊ သိပ်ပြီး ချမ်းသာမယ် လား၊ အများကြီး ချမ်းသာမယ်လား'

'သိပ်ပြီး ချမ်းသာမယ်၊ အများကြီး ချမ်းသာမယ်၊ အားကြီး ချမ်းသာ မယ်၊ အပုံကြီး ချမ်းသာမယ်'

'ကိုကိုက အုကို မရရင်ဖြင့်ရင် မနေနိုင်ဘူး၊ အုမှာ ဘာအပြစ်ရှိရှိ အုကို ရမှပဲ စိတ်ချမ်းသာမယ်၊ မရဘူးဆိုရင် သေရမှာပဲလို့ ဆိုရင်တော့ အု ကိုကို့ကို အု မငြင်းပါဘူး'

'အု အပြစ်တွေ ဘာတွေ ကိုကို ဘာမှ အရေးမကြီးဘူး။ အုကို

ရမှပဲ။ အုကို ရရင် ဤဘဝ ထိုဘဝ ဘယ်တော့မှ မပစ်ဘူး။ ကိုင်း ကိုကို့ကို ယူမယ်လို့သာ ပြောပါတော့'

မောင်ဒေဝသည် ပြောပြောဆိုဆိုနှင့် အုကို အားရပါးရ ပွေ့ဖက်ကာ နမ်းလေသည်။ ဖူးစာနတ်က ကောင်းချီးဩဘာ ဆုညံ့စွာ ပေးပြန်လေသည်။

အုသည် မောင်ဒေဝကို ယူပါတော့မည်ဟု ဝန်ခံပြီးသည့်နောက် ရှိုက်ကြီးတငင် ငိုရှာလေသည်။

'အို အု ဘယ့်နှယ်ကြောင့် ငိုရတာလဲ အုရဲ့'

'အု ဘယ်လိုဖြစ်မှန်း မသိပါဘူး။ ငါတော့ ကိုကို့မိန်းမ ဖြစ်ရတော့မယ် ဆိုပြီး သိပ်ဝမ်းသာတာနဲ့ ငိုတာပါ'

'ဝမ်းသာတာနဲ့ ငိုရတယ်လို့ အုရယ်၊ မဟုတ်တာပဲ'

'ဩော် အု ဒီဘဝမှာ အိမ်ထောင်မပြုတော့ဘူး ဆိုတဲ့ အဓိဋ္ဌာန် ပျက်သွားလို့ ငိုမိတာပါ'

'ဒါတော့ ကိုကို့ကို ချစ်တယ် ဆိုရင်တော့ အဓိဋ္ဌာန်ပျက်ရမှာပေါ့'

'ဟုတ်တယ် ဟုတ်ပါတယ်၊ ဒါပေမဲ့ လောကကြီးမှ အု အစ ကတည်းက မွေးမလာရင် ကောင်းမှာပဲ'

'အုရယ်၊ ဘယ့်နှယ်ဟာတွေကို လျှောက်ပြောနေတာလဲ။ အုဟာ မိုက်မိုက်ရူးရူး ကလေးမို့လို့သာပေါ့။ မိုက်မိုက်ရူးရူးကလေး မဟုတ်ဘူး ဆိုရင် အု ပြောတဲ့စကားက မကောင်းပါဘူး၊ ဘာလိုလို ညာလိုလိုနဲ့။ ပြီးတော့ ကိုကို့ကိုလည်း ချစ်တယ် ပြောသေးရဲ့၊ လောကကြီးမှာလည်း မနေချင်ဘူး ပြောသေးရဲ့။ ဘယ့်နှယ်လဲ၊ ကိုကို့ကို ချစ်တယ်ဆိုရင် ချစ်တဲ့အကြောင်းကို တစ်နည်းနည်း လုပ်ပြစမ်းပါ'

'ကိုင်း ကိုင်း၊ ချစ်တယ်ဆိုတာ ယုံပလား။ ယုံပလား' ဟု ဆိုကာ အုသည် မျက်ရည်များကို သုတ်၍ မောင်ဒေဝ၏ လည်ပင်းကို စိတ်ပါလက်ပါ ဖက်ပြီးလျှင် မောင်ဒေဝ၏ ပါးနှစ်ဖက်ကို တစ်ဖက်ပြီး တစ်ဖက် အားရပါးရ နမ်းလေတော့သည်။

အဟောဝတ၊ ဩော် ကောင်းလေစွ၊ ဩော် ကောင်းလေစွ။ ဓဝံ၊ ဤသို့၊ သတ္တဘာဂေါ၊ ချစ်သူ ကြိုက်သူ၊ စုံမက်သူ မြတ်နိုးသူ၊ သူသူ ငါငါ လူတကာတို့အား နှုးကာ နှပ်ကာဟု ပူးကာ ကပ်ကာ အမြဲတိုက်တွန်းလေ့ ရှိထသော ဖူးစာနတ်သည် တတိယမ္ဗိ သုံးကြိမ်မြောက်လည်း အာဟ ဆို သတတ်။

"ဩော် မိန်းမများ ချစ်တယ်ဆိုတာ ဒီလိုပါလား" ဟု မောင်ဒေဝ သည် သဘောပေါက်၍ 'အုက ကိုကို့ကို ချစ်ပါတယ်လို့ အစကတည်းက ကိုကို အထင်သားပဲ' ဟု အချိုရှာ သကာတွေ့သော သူ၏ ကျေနပ်ခြင်းမျိုး ဖြင့် ကျေနပ်စွာ ပြောလေသည်။

'အမေ့ဆီကို စာရေးဦးမယ်၊ ကိုကို သဘောတူရဲ့လား'

'ကိုကို သဘောတူတာပေါ့ ကလေးမရဲ့။ ရေးပါ ရေးပါ။ ကိုကို့ စိတ်ထဲမှာတော့ အုကို ကလေးလိုပဲ အောက်မေ့နေတာပဲ။ ဘာမှ မသိရှာဘဲ ဟာကို လို့။ အု အမေက ဘယ်မှာ နေသလဲ'

'အရင်ရွာမှာပေါ့၊ ပေပင်ကုန်းမှာပေါ့'

'ဩော် ပေပင်ကုန်းမှာလား၊ ဒါဖြင့် အုကို အရင်တုန်းကတည်းက ကိုကို မြင်ဖူးတာပေါ့'

'အလှူ ဝတ်လှည့်တုန်းက အမြင်ဖူးသားပဲ။ ကိုကိုကတောင် ဝေဇယန္တာသီချင်း တီးပြပါသေးကော။ အမယ်၊ ဒီတုန်းက ကိုကိုက အုကို တောင် စကားတစ်ခွန်းမှ ပြောမသွားဘူး။ အဲဒါ နိမိတ် မကောင်းတာတော့ ဟုတ်ပါဘူး ထင်ပါရဲ့နော်'

## အခန်း ၂၅

အမေ စာရေးလိုက်သည် မိန်းကလေး။

အကြောင်းမှာ အမေတို့သည် မိန်းကလေး ပို့သသော

မေတ္တာကြောင့် ပိန်းကြာဖက်တွင် ရေမတင် သကဲ့သို့

ကျန်းမာ ချမ်းသာစွာ ရှိကြသည်။ အမေတို့ကလည်း မိန်းကလေး ကျန်းမာပကတိ ချမ်းသာစွာ ရှိစေရန် နေ့စဉ်မပြတ် ဆုတောင်းလျက် ရှိကြ၏။

အထူး အကြောင်းမှာ မိန်းကလေး မေးသော အကြောင်းနှင့် ပတ်သက်၍ အခု အမေ ပြောမည့်စကားကို မြေဝယ်မကျ နားထောင်စေလိုသည်။ အမေ ပြောမည့် စကားမှာ အမေနှင့် မိန်းကလေးနှင့် နှစ်ယောက်ထဲ သိကြဖို့ ဖြစ်သည်။ တခြားသူများကို ဘယ်သူ့မှ မပြောလေနှင့်။ အမေ မှာသည်ကို ကြပ်ကြပ် သတိထားပါ။ အမေသည် အမေ၏ ငယ်စဉ်က အဖြစ်အပျက်များကို မိန်းကလေး အဖေအား တစ်ခုမျှ ပြန်မပြောဖူး။ ပြောဖို့လည်း မလိုဘူး။ ပြောရင်လည်း မိန်းကလေး အဖေက သဘောကျမှာ မဟုတ်ဘူး။ ကိုရင်အောင်က ဂုဏ်ဒြပ်ရှိတဲ့လူ ဆိုတော့ သာပြီး မပြောမိအောင် ဆင်ခြင်ရသည်။ ယခု မိန်းကလေး ရဲ့ လူဟာလည်း ကိုရင်အောင်လို ဂုဏ်ဒြပ်ရှိတဲ့ လူထဲက ဖြစ်မှာပဲ။ ဒီတော့ သူလည်းပဲ မိန်းကလေး အလျင်က ဖြစ်ခဲ့ ပျက်ခဲ့တဲ့ အကြောင်းတွေကို ကြားလို့ ဝမ်းသာမှာ မဟုတ်ဘူး။ အဲဒီတော့ သူ့ကို ဘာဆိုလို့ ဘာမှ သွားပြီး မပြောလေနှင့်။ ဂုဏ်ကြီးဒြပ်ကြီးတွေနှင့် နေကြသော မိန်းမ တွေထဲမှာလည်း မိန်းကလေးလို အရှက်ကွဲခဲ့ရဖူးတာတွေ အများကြီး ရှိတာပဲ။ တခြား ကိုယ်လိုဖြစ်ဖူးတဲ့ မိန်းမတွေမှ သူတို့အကြောင်း သူတို့ မောင်းမခတ်ကြဘဲနှင့်၊ မိန်းကလေး ကျမှ ဘာလို့ ထူးပြီး ကိုယ့်အထုပ်ကို ကိုယ် ဖြေပြချင်ရမှာလဲ။ ပြီးတော့ မိန်းကလေး ဖြစ်ခဲ့ရသည့် အကြောင်းဟာလည်း ကြာလည်း ကြာလှပြီ။ ယခုဆို လေးနှစ်တောင်

ရှိပြီ မဟုတ်လား။ ပြီးတော့ ဖြစ်ရတာကလည်း မိန်းကလေး လျှပ်ပေါ်လော်လည်လို့ ဖြစ်ရတာ မဟုတ်ဘူး။ အဲဒီတော့ ကို မိန်းကလေး သွားပြီးပြောမိလျှင် အမှားကြီး မှားလိမ့်မည်။ အမေ့ သဘောကတော့ မိန်းကလေး အလျှင်တုန်းက ဖြစ်ရသည့် အကြောင်းကို အသစ်ဖြစ်အောင် စားမြုံ့ ထပ်ပြန်မနေစေချင်ဘူး။ အခု မေးလျှင်လည်း အမေ သည်လိုပင် ပြောမည်။ နောက်ကို အခါတစ်ရာလောက် ထပ်မေးလျှင်လည်း အမေ သည်လိုပင် ပြောမည်။ ပြီးတော့ အမေ တစ်ခု သတိပေးချင်တာ ရှိသေးသည်။ မိန်းကလေးက ကလေးစိတ် မကုန်သေးတော့ ဘာပဲဖြစ်ဖြစ် ရိုးရိုးကြီး ပြန်ပြောချင်သည်။ လောကမှာ ရိုးတိုင်း ကောင်းတာ မဟုတ်ဘူး။ ဒါ့ကြောင့် "ဗာလာနံ လူရိုးသည်" လို့ ဆိုတဲ့ စကားဟာလည်း မရိုင်းဘူး။ သည်တော့ ကို မိန်းကလေးရဲ့ အကြောင်းကို ကာယကံနှင့်ရော၊ ဝစီကံနှင့်ရော၊ မနောကံနှင့်ရော ဘယ်တော့မှ သူ့ကို ပြန်မပြောပါဘူးလို့ တာဝန်ခံစေချင်သည်။ အမေတို့ဆီက မိန်းကလေး ထွက်သွားတုန်းကလည်း သည်အကြောင်းကို ဘယ်သူ့မှ မပြောပါဘူးဆိုပြီး တာဝန်ခံသွားတယ် မဟုတ်လား။ ယခု မိန်းကလေး မေးတဲ့ အကြောင်းကို အမေလေ ကိုရင်အောင့်ကိုတောင် အစအနေ ပြောမပြဘူး။ မိန်းကလေး အိမ်ထောင်ပြုမယ် ဆိုတဲ့ အကြောင်းနှင့် ပတ်သက်လို့လည်း မိန်းကလေးအဖေကို ဘာဆိုလို့ ဘာမှ အမေ ပြောမပြဘူး။ ဘာလို့လဲဆိုတော့ သူ့ကို ပြောလိုက်တယ်ဆိုရင် မိန်းကလေး အဖေက ရွာဆုံးရွာဖျား လျှောက်ပြီး ဗလစ် ဗလစ် လုပ်ဦးမှာမို့။ ကိုရင်အောင်ကလည်း မိန်းကလေး သိတဲ့အတိုင်းပဲ။ လူရိုး

တစ်မျိုးပဲ။ အဲသည်တော့ကို အစစအရာရာမှာ အမေ ပြော တာကို သတိထားပါ။ မြောက်ကုန်းမှာဖြစ်တဲ့ အကြောင်းနဲ့ ပတ်သက်လို့ လေသံမျှ မဟပါလေနှင့်။ မိန်းကလေး ဘာမှ အားမငယ်နှင့်။ မိန်းကလေးတို့ မင်္ဂလာဆောင်မှာ ကျွေးဖို့ လက်ဖက်တစ်ပိုနှင့် ဒံ့ခြောက် နှစ်ပိဿာခွဲ အကြွေးခံပြီး ပို့လိုက်မည်။ မိန်းကလေးတို့ဆီမှာ လက်ဖက် ကောင်း ကောင်း၊ ဒံ့ခြောက်ကောင်းကောင်း စားချင်မှ စားရမှာ။ ကြက်သွန်ဖြူ ဥတစ်လုံး ဒေါင်းသိုးထဲက ကောင်းကောင်း ရလျှင်လည်း ပို့လိုက်မည်။ မိန်းကလေး၏ လူကိုလည်း အမေတို့က နေ့စဉ်မပြတ် မေတ္တာပို့လျက် ရှိပါသည်ဟု ပြောပြလိုက်ပါလေ။

**အမေ**

အုသည် သူ့အကြောင်းကို ပြန်ပြောရ ကောင်းမလား၊ မပြောရ ကောင်းမလားဟု မဝေခွဲနိုင်သဖြင့် သူ့အမေထံသို့ စာရေး၍ မေးလိုက်ရာ ပန်းသာမြို့စားကတော် ဒေါ်ဘုမက အထက်ပါစာကို ပြန်လိုက်လေသည်။

အုသည် သူ့အမေထံမှ ပြန်စာကို ဖတ်ရသောအခါ “ဩော် အမေ အမေ၊ အမေကတော့ ပေါ့ပေါ့ကလေးပဲနော်။ ကျုပ် စိတ်ထဲမှာတော့ အမေ့ လို ပေါ့ပေါ့ကလေး မထားနိုင်ဘူး” ဟု အောက်မေ့မိလေသည်။ အုနှင့် ဒေါ်ဘုမတို့မှာ သားအမိပင် ဖြစ်ကြသော်လည်း စိတ်ထားပုံ၊ ယူဆပုံခြင်းမှာ တစ်မျိုးစီ ဖြစ်ကြလေသည်။ အု၏ အလျင်က အဖြစ်အပျက်များသည် ဒေါ်ဘုမ အဖို့တွင် ဘာမျှ အရေးမကြီးချေ။ တစ်ခါတစ်ရံ လမ်းသွားရင်း ချော်လဲသည်ကဲ့သို့သာ ရှိလေသည်။ လောကတွင် ချော်၍ မလဲဖူးသောသူ ဟူ၍ အဘယ်မှာ ရှိမည်နည်း။ ဒေါ်ဘုမ၏ အကြောင်းပြချက်မှာ မဟန်သော် လည်း သူ ညွှန်ကြားသောနည်းမှာ အုအဖို့ လိုက်နာရန် လျောက်ပတ်သော

နည်းပင် ဖြစ်လေရာသည်။ တိတ်တိတ်နေ ထောင်တန်၏ ဆိုခြင်းသည် မှန်ဟန်ရှိသည်။ တိတ်တိတ်နေခြင်းသည် သူ မြတ်နိုးသော မောင်ဒေဝ၏ စိတ်ချမ်းသာခြင်း အကြောင်းဖြစ်ဖွယ် ရှိသည်။

"တိတ်တိတ်ပဲ နေလိုက်ပါမလေ" ဟု အုသည် အောက်မေ့လေသည်။ အုမှာ သူ့အမေမှတစ်ပါး လောကတွင် တိုင်ပင်ဖို့ လူမရှိ။ သူ့အမေကလည်း "အရင်က အကြောင်းနှင့် ပတ်သက်၍ ဘာမျှ ပြန်မပြောလေနှင့်နော်" ဟု အခိုင်အမာ ဩဝါဒ ပေးထားလေပြီ။ သို့ဖြစ်၍လည်း အုသည် စိတ်သက်သာရာ ရလေသည်။ အကယ်၍ ယခုတစ်ကြိမ် မှားခဲ့သည်ရှိသော် သူ့တာဝန် မဟုတ်တော့။ သူ့အမေ တာဝန်သာ ဖြစ်မည်။ အုသည် သူ့တာဝန် ကင်းပြီဟု အောက်မေ့မိသည်နှင့် တစ်ပြိုင်နက် ပျော်ရွှင်စ ပြုလေသည်။ အလျင်က အဖြစ်ကို တစ်ခါတည်း ပြည်ဖုံးကားချ၍ နောင်ရေးအတွက်မှာ မီးစဉ်ကို ကြည့်၍ က တော့မည်ဟု ကြံစည်မိလေသည်။

အု စိတ်တွင် မောင်ဒေဝသည် သူ့ကိုချစ်ရာ၌ အင်မတိ အင်မတန် စိတ်ထား၊ သဘောထား ကြီးသည်။ လောကတွင် ဘယ်မိန်းမမှ သည်ကဲ့သို့ သဘောထားကြီးစွာ ချစ်ခြင်း မခံရစဖူးသေးဟု ထင်မိလေသည်။ မောင်ဒေဝသည် အုအပေါ်တွင် လှိုက်လှိုက်လှဲလှဲ ချစ်သည်မှာ မှန်သည်။ သို့ရာတွင် သဘောထားကြီးစွာ ချစ်သည်ဆိုခြင်းမှာ မှန်သလောက်သာ မှန်သည်။ တင့်တင့်တယ်တယ် လူသိရှင်ကြား တောင်းရမ်းယူငင်ခြင်း မပြုသေးမီတွင် ကျူးကျူးလွန်လွန် မဖြစ်ရအောင် စောင့်စောင့်စည်းစည်း နေခြင်းကို သဘောကြီးသည်ဟု ဆိုလိုသည်ဖြစ်မူ မှန်သည်။ သို့မဟုတ် အခြားနည်းဆိုသော် မမှန်။ အုမှာ ကျားဆိုလျှင် သနပ်ခါးတောင် ဘဲကျား မရိုက်ဝံ့လောက်အောင် ကြောက်၍နေသည့် အခိုက်တွင် မောင်ဒေဝ၏ စောင့်စောင့်စည်းစည်း ရှိခြင်းနှင့် တွေ့ရသောအခါ မောင်ဒေဝကို အထူးပင် ကြည်ညိုမိလေသည်။

'ကိုကို အုကို ယူရမှာ မရှက်ဘူးလား'

'အို အုကလည်း ဘာလို့ ရှက်ရမှာလဲ အုရဲ့'

'ဪ အုက တောကြို တောင်ကြားက အရိုင်းမ မို့လို့။ တကယ်လို့ ကိုကို့ မိတ်ဆွေတွေ သိသွားရင် ကိုကို့ကို လှောင်ကြမှာ စိုးလို့ပေါ့'

'အို ဒီတောသူမက ဘုံကြိုးပြတ်တဲ့ တောသူမပဲ။ နှယ်နှယ့် တောသူမမှ မဟုတ်ဘဲနဲ့'

'တကယ်လို့ သူတို့တစ်တွေက တောသူမ လင်ကို အပေါင်းအသင်း မလုပ်ချင်ဘူး ဆိုရင် ဘယ့်နှယ်လုပ်ပါ့မယ်'

'ဒီတော့ သူတို့နဲ့ မပေါင်းဘဲ နေလိုက်ရုံပေါ့။ ပြီးတော့လည်း တကယ်ဆိုတော့ ပန်းသာမြို့စား အဆက်ထဲက ယူရမလားဆိုပြီး သူတို့ကလည်း ကိုကို့ကို ကဲ့ရဲ့ကြမှာ မဟုတ်ပါဘူး။ ငါ့လူ တယ်တော်ပါလားဟဲ့လို့ ချီးမွမ်းချင်သာ ချီးမွမ်းကြမှာပါ။ ဒီအကြောင်းကို ကိုကိုက အခု အသာဖုံးထားပြီး နောက်ကျတော့မှ သူတို့အကုန်လုံး အံ့သြသွားအောင် ဖွင့်ပြောဖို့ ကြံနေတာ။ ပြီးတော့ ကိုကို ကြံတာကလည်း နောက် အုနဲ့ ကိုကိုနဲ့ ရကြတဲ့အခါမှာ ကိုကိုတို့ မိဘများနဲ့ နီးနီးနေမယ် စိတ်မကူးဘူး။ တစ်ရွာမပြောင်း သူကောင်းမဖြစ် ဆိုသလို ရှမ်းပြည်နယ်ဖြစ်ဖြစ်၊ ယိုးဒယား ဖြစ်ဖြစ် သွားနေမယ်လို့ စိတ်ကူးထားတယ်။ ဒီတော့ တကယ်လို့ အုံကို သူတို့ သဘောမကျဘူး ဆိုရင်လည်း ဘာအရေးကြီးတော့မလဲ လို့။ ဘယ်နှယ့်လဲ အု၊ မလိုက်ချင်ဘူးလား'

'ကိုကိုက အုကို တကယ်ခေါ်မှာလား၊ တကယ်ခေါ်မှာ ဆိုရင်တော့ စူဠကို ရေထဲ လွှတ်သလို နေမှာပေါ့'

အုနှင့် မောင်ဒေဝတို့သည် ဤသို့ပြောကာ နှစ်ယောက်သား ချောင်းရေ စပ်စပ်ထဲတွင် လက်တွဲ၍ ပျော်ရွှင်စွာ လမ်းလျှောက်လျက် ရှိကြလေသည်။

တစ်နေ့သော နေဝင်ရီတရော အချိန်တွင် အုနှင့် မောင်ဒေဝတို့မှာ အိမ်စောင့် ကျပြန်လေသည်။ တကယ်ပင် အခြား အိမ်သားများ ကိစ္စနှင့် တခြားတစ်ပါး သွားကြ၍ အိမ်စောင့်ကြခြင်းလော၊ သို့တည်းမဟုတ်

သာသနာပြု ဦးထွန်းဘော်နှင့် ဒေါ်အေးမယ်တို့၏ ကောင်းမှုပင်လော မသိ။ အုသည် မောင်ဒေဝ အနီးတွင်ထိုင်၍ မျက်နှာကို စိန်းစိန်းပါအောင် ကြည့်လျက် 'ကိုကိုရယ်၊ အုဟာ ကိုကိုနဲ့ မတန်ပါဘူး။ အုကို မယူချင်ပါနဲ့' ဟု ပြောပြန်လေသည်။

'အုရယ်၊ ဒီမတန်ပါဘူး မတန်ပါဘူးဆိုတဲ့ စကားတွေကို မပြောပါနဲ့။ ကိုကို မကြားချင်ပါဘူး။ ဂုဏ်နဲ့ဒြပ်နဲ့ ပြည့်စုံတယ်ဆိုတဲ့ လောကထုံးစံတွေကို လိုက်မနေပါနဲ့။ ကိုကို့သဘောက တည်တည်ကြည်ကြည် ရိုးရိုးဖြောင့်ဖြောင့်နဲ့ လျှပ်ပေါ်လော်လည်ခြင်းကင်းပြီး အုလို နာမည်ပျက်မရှိရင် ဂုဏ်ဒြပ်ရှိတယ်လို့ ထားတာပဲ။ ဒီတော့ ဘာကြောင့် အုက ကိုကိုနဲ့ မတန်ရမှာလဲ'

ထိုစကားကို ကြားရသောအခါ အုသည် ရင်ထဲမှာ ဆို့၍ သွားလေသည်။

'ဟိုတုန်းက တွေ့ကြတုန်းက၊ အု ညီမလေးတွေ မောင်ကလေးတွေနဲ့ နေကြတုန်းက ကိုကို အုကို ဘာလို့ မချစ်သလဲ။ အဲဒီတုန်းက ဆိုရင် အု အသက် ၁၆ နှစ်ပဲ ရှိသေးတယ်။ အဲဒီတုန်းကများ ချစ်ရင် ကိုကိုရယ် သိပ်ကောင်းမှာပဲ'

'ဟုတ်တာပဲ၊ မေးမယ်ဆိုလည်း မေးစရာပေါ့။ ကိုကို့ စိတ်ထဲမှာလည်း အဲဒီတုန်းကစပြီး ချစ်လိုက်ရရင် သိပ်ကောင်းမှာပဲလို့ အောက်မေ့နေတာပဲ။ ဒါပေမဲ့ အုရယ် လွန်ပြီးသားတွေအတွက် ဒါလောက်တောင်ကြီး ယူကျုံးမရ ဖြစ်မနေပါနဲ့။ လွန်ပြီးတဲ့ ဟာကိုတော့ ဘယ်တတ်နိုင်မတုံး။ အခုကစပြီး ရှေ့ကို အတိုးနဲ့ ချစ်ကြရုံပေါ့'

'အဲဒီတုန်းကသာ ကိုကိုက ချစ်မယ်ဆိုရင် ကိုကိုရဲ့ အချစ်ကို အု လေးနှစ်ပိုပြီး ရမှာပဲ။ အခုလို အချိန်တွေ အလကား ကောကုန်ရမှာ မဟုတ်ဘူး။ အုလည်း အခုထက်ပိုပြီး စိတ်ချမ်းသာခြင်း ခံစားရမှာပဲ။ သြော် လောက လောက ဘယ့်နှယ် လောကကြီးပါလိမ့် '

အုသည် တွေးလေ တွေးလေ ဆွေးမပြေသဖြင့် မျက်ရည်များ လည်လာသောကြောင့် ရေသောက်သွားဟန်ပြု၍ ထသွားပြီးလျှင် ခဏနေမှ ပြန်လာလေသည်။

'ဪ အုဟာ အခုထက်ထိ ရှူးရှူးမိုက်မိုက် ကလေးပဲ ရှိသေးတယ် နော်။ ဘာဖြစ်လို့ စကားပြောနေရင်းက ဖြုန်းခနဲဆို ထသွားရတာလဲ။ ကိုကို က မေးစရာရှိလို့ မေးမယ်လို့ လုပ်နေတုန်းမှ'

'အုက ရှူးရှူးမိုက်မိုက်မို့ ကိုကိုက ရိုက်မယ်လား၊ မရိုက်ပါနဲ့ ကိုကို ရယ်။ အု မရှူးတော့ မမိုက်တော့ပါဘူး'

အုသည် ထိုသို့ ပြောပြီးလျှင် မောင်ဒေဝ ဘေးနားသို့ ပူးကပ်လျက် မောင်ဒေဝ၏ လက်မောင်းပေါ်တွင် ခေါင်းကလေးမှီကာ နေလေသည်။

'ကိုကို မေးစရာရှိတယ်ဆိုတာ ဘာတုံး၊ မေးလေ။ အု ပြောမယ်'

'အုဟာ ကိုကို့ကို ချစ်လို့ ကိုကို့ကို ယူမယ်လို့ ဝန်ခံပြီးပြီ။ ဒီတော့ တစ်ခု ကျန်သေးတာက'

'ကိုကို့ကို ယူမယ်လို့ ဆိုပြီးမှ ဘာတစ်ခု ကျန်နေရဦးမှာလဲ'

'ဘယ်နေ့လဲဆိုတာ တစ်ခု ကျန်နေသေးတာပေါ့။ ကိုင်း ဘယ်နေ့ လဲ။ နေ့ကောင်းရက်သာ အု ရွေးမလား၊ ကိုကို ရွေးရမလား။ ကိုကို့အဖို့တော့ အုကို ရတဲ့နေ့ဟာ ဘယ်နေ့ပဲဖြစ်ဖြစ် နေ့ကောင်းပဲ'

'ဒီလိုပဲ နေကြသေးတာပေါ့ ကိုကိုရယ်၊ နေ့ကောင်းရက်သာတွေ လုပ်မနေပါနဲ့ဦး'

'ဒီလိုပဲ နေကြလို့ မဖြစ်ဘူးလေ။ အခါလွန် နှစ်ကူးပြီးရင် ကိုကို့ စီးပွားကို ကိုကို စပြီး လုပ်ချင်ပြီ။ စမိတယ်ဆိုရင် ကိုကို အလုပ်အားတော့မှာ မဟုတ်ဘူး။ ဒီတော့ စီးပွားအလုပ်ကို မစမိခင် အုနဲ့ကိစ္စကို တစ်ခါတည်း ပြီးပြီးပြတ်ပြတ် ဖြစ်စေချင်တယ်'

'မဟုတ်ပါဘူး ကိုကိုရယ်။ အလုပ်တွေ ဘာတွေ စီစဉ်ပြီးမှပဲ အုတို့ ကိစ္စကို အေးအေးလုပ်တာပေါ့။ ဘာဖြစ်ဖြစ် ကမန်းကတန်းကြီး ဆိုရင်

မကောင်းပါဘူး။ ဒီလိုပြောတာ အုက ကိုကိုနဲ့ ခွဲနေရမှာကို သဘောကျလို့ မဟုတ်ပါဘူး’

‘အု ကိုကိုနဲ့ ခွဲနေရမှာကို သဘောမကျဘူး ဆိုတာလည်း ကိုကို သိပါတယ်။ ကမန်းကတန်းကြီး ဆိုတာက သူ့အကျိုးအကြောင်းနဲ့ သူကို အုရဲ့။ အုပါ တစ်ခါတည်း ပါလာတော့ ကိုကို့ကို ကူညီနိုင်တာပေါ့။ ကိုကို့မှာ ကိုယ်ခွဲ ရတာပေါ့။ ဒီတော့ ဘယ်နေ့ဆီလောက်ကို အု သဘောကျသလဲ ဆိုတာသာ ကိုကို့ကို ပြောပါ။ နောက် ဆယ့်ငါးရက်လောက်ဆိုရင် တော် ပလား’

‘ဆယ့်ငါးရက်လောက်ဆိုတော့ မြန်လွန်းပါတယ်။ အု စဉ်းစားချင် တာတွေက အများကြီး ရှိတယ်’

‘အုက ခုတစ်မျိုး ခုတစ်မျိုး လုပ်ပြီ’

မောင်ဒေဝသည် ပြောပြောဆိုဆိုနှင့် အုကို သူ့အနားသို့ ဖြည်းညင်း စွာ ဆွဲလိုက်လေသည်။ ထိုအခိုက်တွင် ဦးထွန်းဆော်နှင့် ဒေါ်အေးမယ်တို့သည် မနန်းစိန်၊ မငွေခင်တို့နှင့် ရောက်၍ လာကြလေသည်။ အုသည် ရှက်ကိုး ရှက်ကန်းနှင့် ကပျာကယာ မောင်ဒေဝ အနားမှ ထတဲ့ပြီးလျှင် စကားဖာကာ နေလေသည်။

‘ကျုပ်က သူ့ပေါင်ပေါ်မှာ ထိုင်နေတာ မဟုတ်ပါဘူးတော်။ သူနဲ့ အဝေးကြီးပါ။ ကျုပ်က တစ်ယောက်ယောက် ဝင်လာလို့ မြင်သွားရင် မတော် တရော် ထင်နေလိမ့်မယ်လို့တောင် ပြောမိပါသေးတယ်။ ဘုရားစူးရပါစေရဲ့၊ တော်တို့ကတော့ ကျုပ်ပြောတာကို ယုံချင်မှ ယုံမှာ။ မယုံ သူ့ မေးကြည့်ပါ တော်’

‘အုရယ်၊ နင်က နင့်ဟာနင် အိုးမလုံလို့ အုံပွင့်မနေပါနဲ့။ နင့်ကို ဘယ်သူကမှ ကိုဒေဝ ပေါင်ပေါ်မှာ ထိုင်နေတယ်လို့လည်း မပြောပါဘူး။ အခု နင် မပြောရင် တို့ ဘာမှတောင် သိမှာ မဟုတ်ဘူး။ အေးမယ်ရေ

အဲဒါမျိုးပေါ့ ဟဲ့၊ အိုးမလုံ အုံပွင့်တယ် ဆိုတာ’ ဟု ဦးထွန်းဘော်က ပြောလေသည်။

ထိုအခါ မောင်ဒေဝက ‘ဦးလေးဘော်၊ ကျွန်တော်နဲ့ အုနဲ့ မကြာခင်ပဲ မင်္ဂလာ ဆောင်ကြတော့မလို့’ ဟု ပြောလေသည်။

‘သြော် ဒီလိုလား၊ ဝမ်းသာပါတယ် ကိုဒေဝရယ်။ ဦးလေးဘော်တို့လည်း နည်းနည်းတော့ အထင်မိသားပဲ။ တကယ်ဆိုတော့ အုကလည်း ဒီလို တောက အလုပ်မျိုးနဲ့ မတော်ပါဘူး။ တယ်ပြီး နုနုနယ်နယ် ရှိတာပဲ။ သူ ရောက်လာတဲ့ နေ့ကတောင် ပြောမိပါသေးတယ်။ ကိုဒေဝတို့လို လယ်ယာအလုပ်နဲ့ စီးပွားရှာမယ့် ပုဂ္ဂိုလ်မျိုး အတွက်ဆိုတော့ သာပြီး ကောင်းတာပေါ့။ အတိုင်းထက် အလွန် တံခွန်နဲ့ ကုက္ကားပေါ့’

ထိုအခိုက်တွင် အုသည် မျက်နှာ မထားတတ်သဖြင့် အမှတ်တမဲ့နှင့် ထွက်သွားလေသည်။ မနန်းစိန်နှင့် မငွေခင်တို့ကလည်း “ဒီကောင်မတော့ တယ် ကံကောင်းတဲ့ ကောင်မပဲ” ဟု အောက်မေ့ကာ စိန်းစိန်းပါအောင် ကြည့်၍နေကြသဖြင့် မျက်နှာမထားတတ်ဘဲ ရှိမည် ဆိုလျှင်လည်း ဟုတ်စရာ ရှိလေသည်။

ထိုနေ့ည အိပ်ရာဝင်ကြသောအခါ မနန်းစိန်၊ မငွေခင်နှင့် မရွှေမှုံ တို့သည် အုကို စောင့်ကာ နေကြလေသည်။ သူတို့သုံးယောက်သည် အု အပေါ်တွင် မနာလို မရှုဆိတ်ဖြစ်သော အခြင်းအရာကို မပြကြ။ အဘယ်ကြောင့် ဆိုသော် နဂိုကပင် မောင်ဒေဝကို သူတို့ ရလိမ့်မည်ဟု မမျှော်လင့်ကြသဖြင့် နောက်ဆုံး တကယ် မရကြသော အခါ၌လည်း ထူး၍ စိတ်မကောင်း မဖြစ်ကြသောကြောင့်တည်း။

‘ဟော့ ဒီကောင်မနဲ့ သူနဲ့ ယူကြတော့မလိုတော့်’ ဟု မနန်းစိန်က အုကို ကြည့်ကာ ပြောလေသည်။

‘ ဟော့ ကောင်မ ဟုတ်ရဲ့လားအေ့’ ဟု မငွေခင်က အုကို မေးလေသည်။

'ဟုတ်တယ် အေ့'

'ဘယ်တော့လဲ အေ့'

'ရက်တော့ မသေချာသေးပါဘူးအေ၊ တစ်နေ့နေ့ပေါ့'

'ညည်းကအေ၊ အခုမှ ဖုံးမနေချင်ပါနဲ့။ ပြောစမ်းပါအေ့ ဘယ်တော့လဲ ဆိုတာ'

'မသိပါဘူး ဆိုမှအေ၊ ညည်းတို့ကလည်း ငါ့ကို စိတ်ညစ်အောင် ပြောမနေကြစမ်းပါနဲ့'

'သြော် ညည်းက အခု ရပ်ကြီးသား ငွေစရှိတဲ့လူနဲ့ ယူတော့မလို့ကိုး။ ကုသိုလ်ထူးတာပေါ့အေ' ဟု မရွှေမှုံက ပြောလေသည်။

အုစ၏ အဖော်သုံးယောက်တို့သည် အုအနားသို့ ဝိုင်း၍ လာကြပြီးလျှင် မငွေခင်က မပြောမဆိုနှင့် အုစ၏ ပါးကို နမ်းလေသည်။

'ဘာလဲအေ့ ငွေခင်ရဲ့။ ညည်းက အုကို ချစ်လို့ နမ်းတာလား။ ဒီနေရာကို သူ့နှာခေါင်း ရောက်မှာပဲဆိုပြီး နှာခေါင်း ချင်းဆုံအောင် လုပ်တာလားအေ့' ဟု မရွှေမှုံက မေးလေသည်။

'ရွှေမှုံကလဲအေ၊ ညည်းက ငါ့ကို ဒီလိုမပြောပါနဲ့။ ညည်းပြောတဲ့ အကြောင်း ငါ သတိလုံးလုံး မရပါဘူး။ မိုးကြိုးကြီး ပစ်ရပါစေရဲ့။ သြော် ဒီကောင်မတော့ သူ့မယား ဖြစ်တော့မယ်ဆိုပြီး ဝမ်းသာလို့ ရိုးရိုးနမ်းမိတာပါ။ မြို့ကြီး ရပ်ကြီးက အစိုးရ သမီးတို့၊ ငွေစ ရှိတဲ့လူ သမီးတို့ ဘာတို့ မယူဘဲနဲ့ ညည်းတို့ ငါတို့လို မြေပဲကောက်နေရတဲ့ တောသူမကို ယူတယ် ဆိုတော့ ကိုယ့် မရပေမဲ့ ဝမ်းသာမိတာပေါ့ အေရဲ့။ ညည်းက ညည်းနဲ့ ချည်း နှိုင်းနှိုင်းပြီး ပြောမနေပါနဲ့'

'ညည်းတို့ အခု ငါ့ကို မမုန်းကြဘူးလား' ဟု အုက မေးသည်။

'ပြောတတ်ပါဘူးအေ၊ မုန်းတော့ မုန်းချင်တာပဲ။ ဒါပေမဲ့ မုန်းလို့ မရပါဘူး' ဟု မနန်းစိန်က ဖြေသည်။

'ဟုတ်တယ်တော့်။ ငါလည်း ဒီကောင်မကို မုန်းလို့ မရဘူးတော့်။ ဘာလို့လဲ မသိဘူး' ဟု မငွေခင်က ထောက်ခံသည်။

'တကယ်ဆိုတော့ သူဟာ ငါ့ကို မယူဘဲနဲ့ ညည်းတို့အထဲက တစ်ယောက်ယောက်ကို ယူဖို့ ကောင်းတာပေါ့'

'ဘာလို့လဲ ကောင်မရဲ့'

'ညည်းတို့က ငါ့ထက် သာတယ်တော့်'

'မဟုတ်တာပဲအေ၊ ညည်းက ပြောင်းပြန် ပြောမနေပါနဲ့။ တို့ကပဲ ညည်းထက် သာရဦးမယ်လို့။ မဟုတ်နိုင်တာကြီးကို'

'ဟုတ်တယ်တော့်၊ ညည်းတို့က မသိဘူး။ ငါက သိလို့ ပြောတာပေါ့'

အုသည် ထိုကဲ့သို့ ပြောပြီးနောက် ထရံဘေးကို ခေါင်းမှီ၍ ရှိုက်ကြီးတငင် ငိုလေသည်။

'ဟော့ ကောင်မ၊ မငိုနဲ့လေ။ တိတ်ပါ အေရဲ့။ ညည်းက တို့ မေးတာ မကြိုက်လို့လား'

'ဟော့ ရေခပ်ပေးကြပါအေ၊ မျက်နှာသစ်ရအောင်'

အု၏ အဖော်တို့သည် အုကို ချော့မော့ကာ သူ့အိပ်ရာထဲသို့ ပြန်ခေါ်သွားကြပြီးလျှင် ချစ်ခင်ကြင်နာစွာ ဝိုင်း၍ နမ်းကြ ရှုပ်ကြလေသည်။

'ညည်းနဲ့ပဲ သူနဲ့ လိုက်ပါတယ်အေ။ တကယ်ဆိုတော့ ညည်းက တို့ထက် အစစ အရာရာမှာ သာပါတယ်။ ညည်းက ရုပ်ကြီးသူနဲ့လည်း ပိုပြီး တူတယ်။ အပြောအဆိုလည်း သူ သင်ပေးထားတာနဲ့ ဟန်နေပြီ။ စာလည်း တတ်တယ်။ ညည်း ဝမ်းမသာဘူးလား' ဟု မငွေခင်က မေးလေသည်။

'ဝမ်းမသာပဲ နေပါ့မလားအေ၊ သာတာပေါ့။ ဒါပေမဲ့ ငါတော့ ညည်းတို့ တစ်ယောက်ယောက်နဲ့ပဲ ရစေချင်တာပဲ'

ထိုညတွင် အိပ်ကြသောအခါ မငွေခင်က မီးငြိမ်းပြီးသည့်နောက်

အုအား 'ဟော့ ကောင်မရေ၊ ညည်းနဲ့ သူနဲ့ နေကြတဲ့ အခါကျတော့ တို့ကို မမေ့ပါနဲ့အေ။ ပြီးတော့ တို့ဟာ သူ့အပေါ်မှာ ဘယ်လို မေတ္တာရှိတယ် ဆိုတာရယ်၊ ညည်းကို သူက ကောက်သွားလို့ တို့က ညည်းကို မုန်းချင် သော်လည်း မုန်းလို့မရဘူး ဆိုတာရယ်၊ တကယ့်ကိုလည်း မမုန်းလည်း မမုန်းဘူး ဆိုတာရယ်၊ တို့ကိုတော့ သူက ဘယ်နည်းနဲ့မှ မကောက်နိုင်ဘူးလို့ တို့ သိတာရယ်၊ အဲဒါတွေကိုလည်း မမေ့ပါနဲ့နော်' ဟု တိုးတိုး ပြောလေ သည်။

ထိုအခိုက်တွင် အု၏ မျက်စိတွင်းမှ ပူနွေးသော မျက်ရည်တို့သည် နားထင်ကို လျှောက်၍ တသွင်သွင် ယိုဆင်းလျက် ရှိပြီးလျှင် အုသည် သူ့အမေက ဘယ်လိုပင် မပြောလေနှင့်ဟု ပိတ်သော်လည်း သူ ဖြစ်ခဲ့သမျှ အကြောင်းတို့ကို ကုန်စင်အောင် ပြန်ပြောတော့မည်ဟု ဆုံးဖြတ်လိုက်လေ သည်။ အဘယ့်ကြောင့်ဆိုသော် သူ့အကြောင်းများကို ဖုံး၍ထားမည်ဆိုလျှင် မောင်ဒေဝအပေါ်တွင် လှည့်ပတ်၍ ယူရာ ရောက်မည့်ပြင် သူ့အဖော်မ ကလေး သုံးယောက် အပေါ်တွင်လည်း တရားရာ ကျမည် မဟုတ်ဟု ထင်သောကြောင့်တည်း။

## အခန်း ၂၆

ဤနည်းဖြင့် အုသည် မဝေခွဲနိုင်ရကား မင်္ဂလာဆောင်ဖို့ ရက်ကို မပေးဘဲ တစ်နေ့ တစ်နေ့နှင့် ရက်ရွှေ့ကာ နေလေသည်။

မောင်ဒေဝသည် အုနှင့် တစ်ယောက်ချင်း တွေ့သည့် အခါတိုင်း 'ကိုင်းပါ အုရဲ့။ ဘယ်နေ့လဲ၊ ပြောပါ' ဟု မေးလေသည်။ အုသည် 'နေစမ်း ပါဦး ကိုကိုရယ်၊ အု ပြောတဲ့နေ့ကျတော့ ပြောပါ့မယ်။ အု အခု စိတ်မဝေခွဲ နိုင်သေးလို့ပါ' ဟုသာ ပြော၍ ရှောင်ရှောင်သွားလေသည်။

တစ်နေ့တွင် မောင်ဒေဝသည် ရေခပ်လမ်းသို့ လိုက်၍သွားရာ အဆင်သင့် လှုပြတ်သည်နှင့် မေးခွင့် ရပြန်လေသည်။

'တစ်နေ့က ဦးလေးဘော်က ပြောနေတယ်။ အခုက စပြီး အလုပ်ကလည်း ပါးပါပြီတဲ့။ အိမ်မှာလည်း ကောင်မလေးတွေ သိပ်ပြီး လိုမယ် မဟုတ်ပါဘူးလို့ ပြောတယ်'

'ဒီလိုပြောတာက အုကို မလိုချင်တော့ဘူးလို့ ပြောတာ ထင်ပါရဲ့။ အုကတော့ အလုပ်ကို သိပ်ကြိုးစားပြီး လုပ်တာပဲ။ ဒါနဲ့မှ မလိုချင်ဘူးဆိုရင်တော့လည်း အု ကံပေါ့'

'ဒီလို၊ အု ပြောသလိုလည်း အုကို မလိုချင်တော့ဘူးလို့ ပြောတာတော့ မဟုတ်ပါဘူး။ တစ်နေ့က ကိုကိုက ကိုကိုနဲ့ အုနဲ့ ယူကြတော့မယ် ဆိုတဲ့ အကြောင်း ပြောတာနဲ့ အုနဲ့ ကိုကိုနဲ့ မင်္ဂလာဆောင်ချင်လည်း ဆောင်နိုင်ပါပြီ၊ အလုပ်မပျက်တော့ပါဘူး ဆိုတဲ့အကြောင်း လောကွတ်ပြောတာနဲ့ တူပါတယ်'

'ကိုကို ပြောတာလည်း ဟုတ်မှာပါပဲ။ ဒါပေမဲ့ အလုပ်မပျက်ဘူးဆိုတောင် ကိုယ့်ကို အလိုမရှိဘူးလို့ ဆိုတဲ့ အဖြစ်မျိုးဟာ တစ်မျိုးတော့ ဝမ်းနည်းစရာ ကောင်းတာပဲ'

'အမယ်လေးကွယ်၊ အုက တယ်ပြီး စကားကြွယ်တာကိုး။ ဝမ်းနည်းစရာတွေ၊ ဝမ်းများစရာတွေ လုပ်မနေပါနဲ့။ အလုပ်မရှိတော့ဘူး ဆိုရင်လည်း ကိုကို့ဆီကို လိုက်ခဲ့ရုံပေါ့'

အုသည် အကယ်၍ မောင်ဒေဝနှင့် မင်္ဂလာမဆောင်ဘဲ နေခဲ့သော် ရှားပင်စုမှ သူ၏ဇာတိ ပေပင်ကုန်းသော်လည်း ပြန်ရမည်။ တခြား အလုပ်တစ်ခုခုရှိသော ရွာကိုသော်လည်း ပြောင်းရလိမ့်မည်။ ပေပင်ကုန်းကိုလည်း မပြန်ချင်။ တခြား တစ်ရွာရွာ၌ အလုပ်ရှာ၍ လုပ်ပြန်သော် မောင်ဒေဝကဲ့သို့သော ရုပ်ကြီးသား ရွှေမင်းသားကလေးနှင့် တွေ့ရတော့မည် မဟုတ်။

'အဲဒီတော့ကို အုရဲ့၊ အုလည်း ဒီကသွားရမယ့် အတူတူ နှစ်သစ်

ကူးပြီးတာနဲ့ တစ်ပြိုင်နက် ကိုကိုပိုင် ပစ္စည်းကလေးလုပ်ပြီး ကိုကိုနဲ့ လိုက်ခဲ့ပါတော့။ ပြီးတော့လည်း ဒီလိုချည်း တစ်သက်လုံး နေလို့လည်း ဘယ်ဖြစ်မလဲလို့'

'အုကတော့ ဒီလိုချည်းပဲ နေချင်တာပဲ။ ဒီလို နေရတာ အုတော့ သိပ်ပျော်တာပဲ။ ကိုကို့ပါးစပ်က အုကို ချစ်ပါတယ်၊ ချစ်ပါတယ် ဆိုတဲ့ အကြောင်း ပြောတာကိုပဲ နားထောင်ပြီး စည်းစိမ်ခံနေချင်တာပဲ'

'ကိုကိုက ချစ်တာကတော့ အမြဲပဲ ချစ်မှာပေါ့။ ချစ်လို့မို့ ကိုကို့ အိမ်သူကလေး ဖြစ်ပါတော့လို့ ပြောတာပေါ့'

'ဟုတ်ပါတယ်လေ၊ ကိုကိုက အုကို ချစ်ပါတယ်။ ကိုင်းပါ ကိုကို ရယ်၊ ဘယ်နေ့ကို ကိုကိုက အုကို တစ်သက်လုံး ပိုင်ပါတော့ ဆိုတာကို ပြောပါတော့မယ်'

ဤနည်းဖြင့် မောင်ဒေဝသည် ဘယ်နေ့တွင် သူ့လက်တွင်းသို့ အု ရောက်တော့မည်ကို သိရလေသည်။ အုနှင့် မောင်ဒေဝတို့သည် အိမ်သို့ ပြန်ရောက်သွားကြသောအခါ ဦးထွန်းဘော်နှင့် ဒေါ်အေးမယ်တို့အား ဘယ်သူ့မှ မပြောပါနှင့်ဦးဟု နှုတ်ပိတ်ပြီးလျှင် သူတို့ မင်္ဂလာဆောင်ကြတော့မည့် နေ့ကို ပြောကြလေသည်။

ဦးထွန်းဘော်နှင့် ဒေါ်အေးမယ်တို့သည် ထိုအခါမှစ၍ အုကို ခါတိုင်းကဲ့သို့ သူတို့ လုပ်သားမ တစ်ဦးအဖြစ် သဘောမထားတော့ဘဲ အထင်အမြင်ကြီးကာ ဧည့်ကောင်း စောင်ကောင်းကို စောင့်ရှောက်သကဲ့သို့ စောင့်ရှောက်ကြလေသည်။ အုမှာလည်း မိုးမမြင် လေမမြင် ချစ်သွေးမွှန်ကာ နေလျက်ရှိလေသည်။

အုသည် မင်္ဂလာဆောင်ရက်ကို သတ်လိုက်ပြီးသော်လည်း သူ့စိတ်မှာ လုံးလုံး မအေးသေးသဖြင့် သူ့အမေထံသို့ စာရေးပြန်လေသည်။

"အမေ၊ အခု ကျုပ်ယူမယ့် ယောကျ်ားဟာ သာမည
ဆင်းရဲသားထဲက မဟုတ်ဘူး။ ဒီတော့ကို နောက် ကျုပ်

အကြောင်းကို သိသွားရင် ခက်လိမ့်မယ် ထင်တယ်။ ဒီတော့
နောင်ခါကျမှ အငိုလွယ်လို့ အရှိက်ခက် ဖြစ်မနေရအောင်
အခုကပဲ တစ်ခါတည်း ဖွင့်ပြောလိုက်တော့မယ်”

ဟု သူ့အမေထံ ရေးလိုက်သော်လည်း သူ့အမေထံမှ စာမပြန်လာချေ။ အုဠ္ဌ တစ်လောကလုံးတွင် တိုင်ပင်စရာဟူ၍ သူ့အမေတစ်ယောက်သာ ရှိသည်။ သူ့အမေထံမှ စာပြန်မလာသောအခါ သူ့ဉာဏ်မီသလောက်နှင့် သူ့ဇာတ်ကို သူ ခင်းရချေတော့မည်။ မင်္ဂလာဆောင်ရက်ကလည်း တစ်နေ့ထက် တစ်နေ့ နီး၍ လာလေသည်။ နှစ်သစ်ကူးပြီးသည်နှင့် တစ်ပြိုင်နက် မောင်ဒေဝ၏ ကြင်ရာသက်ထား ဖြစ်ရတော့မည်။ ဖြစ်ထိုက်ပါသည်လော၊ သူကလည်း မြတ်နိုးသည်။ မောင်ဒေဝကလည်း ချစ်ခင်သည်။ ဘယ့်နှယ်ကြောင့် မဖြစ်ထိုက်ရမည်နည်း။ သို့နှင့်လည်း အဘယ့်ကြောင့် ဖြစ်ထိုက်ပါသနည်း၊ ဤသို့အားဖြင့် အု၏ ပြဿနာမှာ တတန်းလန်းလန်းပင် ကျန်လျက် ရှိလေသည်။

မောင်ဒေဝ၏ အကြံမှာ အုနှင့် မင်္ဂလာဆောင်ပြီးသည်နှင့် တစ်ပြိုင်နက် ၂ လတန်သည်၊ ၃ လတန်သည် တစ်နေရာရာမှာ သွားနေကြပြီးလျှင် အုကို အပြောအဆို အမူအရာမှစ၍ တောသံပျောက်အောင် သင်ပေးမည်။ သင်ပေးပြီးနောက်မှ သူ့အမေ၊ အဖေတို့ဆီ ဆွေပြ မျိုးပြ ခေါ်သွားမည်။ ပြီးမှ တစ်ရွာမပြောင်း သူကောင်းမဖြစ် ဆိုသည့်အတိုင်း ရှမ်းပြည်နယ်ကိုသော်လည်းကောင်း၊ ယိုးဒယားကိုသော် လည်းကောင်း သွား၍ အကြီးအကျယ် လယ်ယာလုပ်ကိုင်မည် ဟူ၍ ဖြစ်သည်။ ထိုအကြံကို မောင်ဒေဝက သူ့စိတ်ကူးနှင့်သူ ကြိုက်သည်။ အုကလည်း တခြား တစ်ပြည်တစ်ရွာသို့ ပြောင်းရွှေ့ နေထိုင်ရလျှင် သူ၏ အလျင်က အဖြစ်အပျက်များကို ဘယ်သူမျှ သိတော့မည် မဟုတ်ဟု သူ့အကြံနှင့်သူ ကြိုက်လျက် ရှိသည်။

“သြော် အခုနေတုန်းမယ် ဟိုကောင်များ လိုက်လာပြီး ‘ဒါ ကျုပ်မယားပါ၊ ကျုပ်မယားကို ဘယ့်နှာကြောင့် ခင်ဗျား ခိုးမယ့်ကြံရတာလဲ’

ဟု ကန့်ကွက်ရင်တော့ ငါ အရှက်လုံးလုံး ကွဲတော့မှာပဲ”ဟု တထိတ်ထိတ်နှင့် နေလေသည်။

ထိုအခိုက်တွင် စာပို့ကုလားသည် ပါဆယ်ထုပ်ကြီး တစ်ထုပ်ကို ယူ၍ လာလေသည်။ မောင်ဒေဝသည် ပါဆယ်ထုပ်ကိုယူ၍ အုကို သူ့အခန်းထဲသို့ ခေါ်သွားပြီးလျှင် ‘ရော့ သမီးတော် ခင်ခင်၊ သမီးတော် ခင်ခင်ဖို့ ကိုကို ရန်ကုန်က မှာလိုက်တဲ့ မင်္ဂလာဆောင် အဝတ်အစားတွေ’ ဟု ပြောကာ ပေးလေသည်။

‘ဩော် ကိုကိုက အုကို သိပ်ချစ်တာပဲနော်။ ကြည့်ပါဦး၊ တို့ပတ်ပဝါကလေးတောင်မှ မကျန်ဘူး၊ စုံနေတာပဲ’

‘အုက ကိုကို့ကို သိပ်ပြီး ကျေးဇူးတင်မနေပါနဲ့ဦး။ ဒါတွေက သူတို့ပွဲထိုင်ကုမ္ပဏီ ဆိုတာက လုပ်ရိုးလုပ်စဉ် လုပ်ပေးလိုက်တာပါ။ ကိုကိုက ဘာရယ် ညာရယ်လို့ အထူးပြောရတာ မဟုတ်ပါဘူး’

‘ကိုင်း၊ အု အခန်းထဲကို ယူသွားပြီး တော်လား မတော်လား သွားဝတ်ကြည့်စမ်းပါဦး။ မတော်လို့ ပြင်စရာ ဆင်စရာရှိလည်း ရွှေစုတို့ စက်ကို သွားအပ်ရအောင်’

အုသည် ဝမ်းသာအားရနှင့် ဆန်းပေ့ သစ်ပေ့ ဆိုသော အဝတ်အစားများကို သူ့အခန်းထဲတွင် ဝတ်ဆင်ကြည့်ရန် ယူသွားလေသည်။ မှန်ရှေ့တွင် မရမ်းစေ့ရောင်အနု ဖဲကြိုးလုံချည်ကို ဖြန့်၍ ဝတ်မည်အလုပ်တွင် ငယ်စဉ်က သူ့အမေ ပြောဖူးသော ဝတ္ထုတစ်ခုကို သွား၍ သတိရမိလေသည်။ ထိုဝတ္ထုထဲတွင် အကျင့် ဖောက်ပြန်ဖူးသော မိန်းမပျိုတို့ ခြုံလိုက်ခဲ့သည်ရှိသော် အရောင်ပြောင်း၍သွားသော မြတဘက် တစ်ခုအကြောင်း ပါလေသည်။ မတော်တဆ သူ ဝတ်မည့် ဖဲကြိုးလုံချည်သည် အရောင်များ ပြောင်း၍သွားခဲ့သော် မခက်ပါလော။

‘ကိုင်း အုရေ၊ နက်ဖြန်ကာ မကျည်းချိုဈေးကို အုနဲ့ ကိုကိုနဲ့ သွားချည်ရအောင်။ သမီးရည်းစားဘဝနဲ့ ဒီတစ်ခါ နောက်ဆုံးပျော်ပျော်နေခြင်း

ဆဲ’ ဟု ပြောကာ မောင်ဒေဝသည် နောက်တစ်နေ့ ဝေလီဝေလင်း အချိန်တွင် မကျည်းချိုဈေးသို့ အုကို လှည်းနှင့်ခေါ်၍ သွားလေသည်။ ဈေးသို့ ရောက်သောအခါ ဝယ်စရာ၊ ခြမ်းစရာများကို နှစ်ယောက် ပျော်ပျော်ပါးပါး ဝယ်ကြ၊ ခြမ်းကြပြီးလျှင် ဈေးကွဲစ အချိန်တွင် ပြန်ကြဖို့ ပြင်ဆင်ကြလေသည်။ ထိုအခိုက်တွင် မောင်ဒေဝသည် အုကို လူရှင်းသော ဈေးရုံဘေးတွင် ခဏထားခဲ့ပြီးလျှင် ကာကာဆိုင် တစ်ဆိုင်သို့ ခေါင်းလိမ်းဆီဝယ်ရန် ထွက်သွားလေသည်။

‘တယ်ချောတဲ့ မိန်းကလေးပါလား ဟေ့’ ဟု ဆင်းရဲနွမ်းပါးသော အသွင်ရှိသည့် လူတစ်ယောက်က အုကို ကြည့်၍ ပြောလေသည်။

‘ချောတော့ ချောပါရဲ့ကွာ။ ငါ သိတာကတော့ ဒီကောင်မလေးဟာ မြောက်ကုန်းမှာ’ ဟု ပြောပြီးလျှင် ပန်းသာမောင်မောင်နှင့် ဖြစ်ပျက်ဖူးသည့် အကြောင်းကို သူ သိသည့်အတိုင်း လျှောက်၍ ပြောလေသည်။ အုသည် မျက်နှာပျက်ပြီးလျှင် ဘေးသို့လှည့်၍ သွားလေသည်။ ထိုအခိုက်တွင် မောင်ဒေဝ ရောက်လာလေရာ အု မျက်နှာပျက်သွားသည်ကို မြင်လိုက်ပြီးလျှင် ဟိုလူတစ်ယောက်က မကောင်း ပြောလိုက်သည်ကိုလည်း ကြားလိုက်သဖြင့် ဘာမျှ မပြောမဆိုဘဲနှင့် ထိုလူအား မေးကို တအားပိတ်၍ ထိုးလိုက်လေသည်။ အထိုးခံရသူမှာ ငိုက်ဆိုက် ငိုက်ဆိုက်နှင့် ဖြစ်သွားပြီးလျှင် ‘ဟာ၊ ကျုပ်က အထင်လွဲလို့ပါ။ ဒီမိန်းကလေး မဟုတ်ပါဘူး၊ သည်းခံပါဗျာ’ ဟု မောင်ဒေဝကို တောင်းပန်လေသည်။ မောင်ဒေဝလည်း “ငါ မှားသွားပြီ” ဟု အောက်မေ့ပြီးလျှင် ‘သည်းခံပါဗျာ၊ ကျုပ်က အထင်မှားသွားလို့ပါ’ ဟု ပြောပြီးနောက် အထိုးခံရသူအား ငါးကျပ်တန် စက္ကူတစ်ချပ် ထုတ်၍ လျော်ကြေးပေးလိုက်လေသည်။ ထို့နောက် အုနှင့် မောင်ဒေဝတို့သည် ဈေးထဲမှ ပြန်သွားကြလေသည်။ အု အကြောင်း မကောင်းပြောသော လူနှစ်ယောက်သည် ထိုနေရာတွင် ကျန်ရစ်ခဲ့ပြီးလျှင် တစ်ယောက်က ‘ဟေ့

ကောင်၊ ဒါဖြင့် ဒီကောင်မလေးဟာ မင်းပြောတဲ့ မြောက်ကုန်းက မဟုတ်ဘူး ပေါ့' ဟု မေးလေသည်။

'ဟုတ်တာပေါ့ကွ၊ ငါက ဟိုလူ စိတ်မကောင်း ဖြစ်သွားမှာစိုးလို့ လူမှားလို့ပါလို့ ပြောလိုက်တာပါ' ဟု အခြားတစ်ယောက်က ပြန်ပြောလေသည်။

မောင်ဒေဝနှင့် အုတို့သည် လှည်းနှင့် ပြန်လာကြရာ လမ်းတွင် အုက 'ကိုကို၊ အုတို့ မင်္ဂလာဆောင်ကို နည်းနည်း ရက်ဆိုင်းထားလို့ မရဘူးလား။ တကယ်လို့ အုတို့က ဆိုင်းချင်တယ် ဆိုရင်ပေါ့လေ' ဟု မျက်နှာမသာဘဲ မေးလေသည်။

'ဘာလို့ ရက်ဆိုင်းရမှာလဲ အုရဲ့။ အုက ဟိုလူက တရားစွဲရင် ကိုကို ရုံးတွေ ဘာတွေ သွားနေရမှာ စိုးလို့လား။ ဒီအတွက် မပူပါနဲ့။ မဖြစ်နိုင်ပါဘူး'

'ဒါကြောင့် မဟုတ်ပါဘူး။ အုက တကယ်လို့ ရက်ဆိုင်းချင်ရင် ဆိုင်းလို့ ဖြစ်သလားလို့ သိချင်လို့ပါ'

'ရက်ဆိုင်းဖို့တွေ ဘာတွေ ရှုပ်မနေပါနဲ့ အုရယ်။ ဒါတွေ အုအလုပ် မဟုတ်ပါဘူး။ ကိုကို့အလုပ်ပါ'

အုသည် လမ်းတစ်လျှောက်လုံး စဉ်းစားကာ လိုက်ပါသွားလေသည်။ နောက်ဆုံးကျမှ "အေးလေ၊ နောက်တော့ တို့လည်း ဒီမယ်နေမှာမှ မဟုတ်ဘဲ။ ဒီလိုဟာမျိုးလည်း နောက်ထပ် တွေ့ရမှာ မဟုတ်ပါဘူး။ တခြားတစ်ပြည် တစ်ရပ်လည်း သူတို့ လိုက်လာနိုင်မှာ မဟုတ်ပါဘူး။ တို့လည်း မြန်မာပြည်မှာ နေမှာမှ မဟုတ်ပဲ" ဟု အောက်မေ့ကာ စိတ်သက်သာရာ ရလေသည်။

ထိုနေ့ည သန်းခေါင်ကျော်လောက်တွင် မောင်ဒေဝ အခန်းထဲမှ ဖြုန်းဖြုန်းဒိုင်းဒိုင်း အသံကြား၍ အုသည် အထိတ်တလန့် ဖြစ်သွားပြီးလျှင် 'ကိုကို ကိုကို၊ ဘာဖြစ်လဲ ဘာဖြစ်လဲ' ဟု မေးလေသည်။

'အို၊ ဘာမှ မဖြစ်ပါဘူး။ ကိုကို အိပ်ရင်းနဲ့ အိပ်မက်မက်ပြီး ယောင်တာပါ။ အိပ်မက်ထဲမှာ မနက်က ဈေးမှာတွေ့ခဲ့တဲ့ အကောင်ကို သွားတွေ့ပြီး နောက်ထပ် ကိုကိုက ထိုးနေရတယ်လို့ မက်လို့ပါ။ ကိုကိုက ဒီလိုပဲ အိပ်မက်မက်ပြီး ယောင်တတ်တယ်။ အု ပြန်ပြီး အေးအေးသာ သွားအိပ်ချေပါ။ ကိုကို့အတွက် ဘာမှ စိတ်မပူပါနဲ့'

အုသည် ပြန်လာခဲ့ပြီးနောက် ကောင်းကောင်း မအိပ်နိုင်တော့ချေ။ မောင်ဒေဝသည် အစွဲအလမ်းကြီးသူတစ်ယောက် ဖြစ်လေသည်။ နောက်မှ သူ့အကြောင်းကို သိသွားလျှင် ခက်လိမ့်မည်။ အုသည် သူ့အကြောင်းကို မပြောဘဲထား၍ ဖြစ်ပါမည်လော။ ဖြစ်မည် မဟုတ်။ နောင်ခါမှ ဘာပဲဖြစ်ဖြစ်၊ အခုတော့ ပြောတော့မည်ဟု အုသည် စိတ်ကို ဆုံးဖြတ်လိုက်လေသည်။ သို့ရာတွင် ဆုံးဖြတ်သည်ကား ဟုတ်ပါ၏။ ဘယ်လိုစ၍ ပြောရပါမည်နည်း။ နှုတ်ဖြင့် ပြောဖို့ကား မဖြစ်နိုင်။ သို့သော် ပြောဖို့ တစ်နည်းရှိသေးသည်။ ထိုနည်းကား စာဖြင့်ရေး၍ ပြောရန်ဖြစ်သည်။ အုသည် ဗလာစာအုပ်မှ စက္ကူများ ဆုတ်ပြီးလျှင် ထိုညတွင် သူ့အကြောင်းကို လုံးစေ့ပတ်စေ့ ရေး၍ စာအိတ်ထဲ၌ ထည့်ပြီးလျှင် ညတွင်းချင်းပင် မောင်ဒေဝ၏ အခန်းတံခါးအောက်မှ ထိုး၍ ထည့်ထားလိုက်လေသည်။ အုမှာ တထိတ်ထိတ်နှင့် မိုးအလင်းကိုသာ စောင့်လျက် ရှိလေသည်။

နံနက်လင်းသောအခါ မောင်ဒေဝသည် အုကို တင်းကုပ်အဝင်ဝတွင် တစ်ယောက်ချင်းတွေ့၍ ဘာမျှ ထူးထူးထွေထွေ မပြောဘဲ ချစ်ခင်ကြင်နာစွာ နမ်းလေသည်။ အု စိတ်တွင် မောင်ဒေဝကို ကြည့်ရသည်မှာ ညှိုးညှိုးပန်းပန်း နေသည်ဟု ထင်မိလေသည်။ သို့ရာတွင် သူ့စာအကြောင်းနှင့် ပတ်သက်၍ ဘာမျှ မပြော။ သူက မပြောဘဲ အုကလည်း စ၍ မမေးဝံ့။ မောင်ဒေဝသည် စာကို ရမှ ရပါ၏လော။ စာရပြီး၍ အု အပေါ်တွင် လွန်ပြီးသားကို လွန်စေ ထားပြီးလျှင် ယခု အခွင့်လွှတ်ပြီ ထင်သည်။ အုသည် မောင်ဒေဝ အခန်းထဲသို့ မယောင်မလည်ဝင်၍ သူ ညက ထားခဲ့သော

စာကို ရှာလေသည်။ မတွေ့။ "ဟုတ်မှာပါပဲ၊ ကိုကိုက ငါ့ကို အပြစ်လွှတ်မှာ ပါပဲ။ တကယ်လို့ စာကို အခု မတွေ့တောင် နောက်ကျတော့လည်း အပြစ် လွှတ်မှာပါပဲ" ဟု အုသည် ယုံကြည်မိလေသည်။ နောက်နေ့ နောက်နေ့များ တွင်လည်း မောင်ဒေဝသည် စိတ်သဘော ပြောင်းလဲသွားသည့် လက္ခဏာကို မပြ။ ဤနည်းဖြင့် မင်္ဂလာဆောင်ရက်သည် ဆိုက်ရောက်လာလေသည်။

ဦးထွန်းဘော်နှင့် ဒေါ်အေးမယ်တို့သည် သူတို့အိမ်ကို အစွမ်းကုန် ပြင်ဆင်မွမ်းမံကြကုန်သည်။ အုသည် ပေပင်ကုန်းက လူတစ်ယောက်မျှ မဖိတ်။ မောင်ဒေဝသည် သူ့အဖေ၊ သူ့အမေများထံ စာရေး အကြောင်းကြား ပြီးလျှင် မင်္ဂလာဆောင်ဖို့ အနည်းဆုံး တစ်ယောက်ယောက် လာဖြစ်အောင် လာခဲ့စေလိုကြောင်းနှင့် စာရေးလေသည်။ မောင်ဒေဝ အစ်ကိုနှစ်ယောက်က အဖက်လုပ်၍ပင် စာမပြန်။ သူ့အဖေနှင့် အမေတို့ကမူ မောင်ဒေဝ လုပ်ပုံ သည် အလျင်စလို ရှိလွန်းလှသည်။ သို့ရာတွင် မောင်ဒေဝမှာ လူလားမြောက် ပြီ ဖြစ်သဖြင့် မိဘများက ဘာမျှ ပြောဖို့ မလိုတော့ကြောင်းနှင့် စာရေးလိုက် ကြလေသည်။

ထိုကဲ့သို့ ဆွေမျိုးက လျစ်လျူပြုကြခြင်းသည် စင်စစ်အားဖြင့် မောင် ဒေဝမှာ အားပျက်ဖွယ်ရာ ဖြစ်ပေသည်။ သို့ရာတွင် အုမှာ ပန်းသာမြို့စား အဆက် ဖြစ်သည်ဆိုသော အချက်အားကိုး ရှိသေးသဖြင့် မောင်ဒေဝသည် စိတ်ပျက်ခြင်း မရှိ။ မောင်ဒေဝ၏ မိခင်၊ ဖခင်တို့သည် အု၏ အဆက်အနွယ် ကို သိကြရသောအခါ အုအပေါ်တွင် အထင်အမြင် ပြောင်းလဲလာမည်ကား ဧကန်တည်း။

အုသည် မောင်ဒေဝ၏ အကဲကိုသာ ခတ်လျက်ရှိသည်။ မောင်ဒေဝ သည် အု ရေး၍ တံခါးအောက်မှ သွင်းထားလိုက်သော စာအကြောင်းနှင့် ပတ်သက်၍ တစ်ခွန်းတစ်ပါဒမျှ ပြောခြင်း မရှိသည့်ပြင် သူ့အပေါ်၌လည်း အပြုအမူ တစ်စုံတစ်ရာ ပြောင်းလဲခြင်း မရှိသည်ကို တွေ့ရသောအခါ မောင် ဒေဝသည် သူ့စာကို ရမည် မဟုတ်ဟု သံသယ ဖြစ်မိလေသည်။ မကျည်းချို

ဈေးမှ ပြန်ပြီး နောက်တစ်နေ့တွင် အုသည် ထမင်းကို ကပျာကယာ စားပြီးလျှင် ထမင်းစားဝိုင်းမှ ထ၍ မောင်ဒေဝ အခန်းထဲသို့ ထပ်ဝင်၍ သူ့စာကို ရှာပြန်လေသည်။ မောင်ဒေဝ အခန်းထဲတွင် နီးကြောဖျာ ခင်းလျက်ထားသည်။ ထိုနီးကြောဖျာသည် အခန်းထဲသို့ ဝင်လာသော တံခါးပေါက်အထိ ရောက်သည်။ အုသည် စိတ်မကျေနပ်သဖြင့် နီးကြောဖျာကို လှန်၍ ကြည့်လိုက်သောအခါ လွန်ခဲ့သော နှစ်ည သုံးညလောက်က ညကြီးမင်းကြီး သူ ရေး၍ ထည့်ထားသော စာအိတ်သည် နီးကြောဖျာအောက်တွင် ခြေရာမပျက်၊ လက်ရာမပျက် ငြိမ်သက်စွာ လဲလျောင်းလျက် ရှိသည်ကို တွေ့ရလေသည်။ သူ့စာသည် အပြင်ဘက်ကနေ၍ တံခါးအောက်မှ ထိုးသွင်းလိုက်သောအခါ နီးကြောဖျာအောက်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်သွားခြင်း ဖြစ်လေသည်။ သို့ဖြစ်ရာ မောင်ဒေဝက သူ့စာအကြောင်းနှင့် ပတ်သက်၍ တစ်ခွန်းတစ်ပါဒမျှ မပြောခြင်းမှာ သူ့စာကို မရသောကြောင့်သာ ဖြစ်လေသည်။

အုသည် မောင်ဒေဝ ဖတ်ရန် ကံဇာတာ မပါသော သူ့စာကို ကပျာကယာယူ၍ ချွေးခံအင်္ကျီအိတ်ထဲ ထည့်လျက် သူ့အခန်းထဲသို့ ယူသွားပြီးလျှင် ဆုတ်ပစ်လိုက်လေသည်။ သူတို့ မင်္ဂလာဆောင်အတွက် တစ်အိမ်ထောင်လုံး ပြင်ကြဆင်ကြ လုပ်နေပြီ ဖြစ်သဖြင့် ယခု အခြေအနေကြီးကျမှ သူ့စာကို ဖတ်စေ၍ မဖြစ်တော့။ အုသည် မျက်စိမျက်နှာ မကောင်း။ မောင်ဒေဝကို တစ်ယောက်ချင်း တွေ့လျှင် ပြောဦးမည်ဟု အလစ်ကိုသာ စောင့်လျက် နေလေသည်။ ဦးထွန်းဘော်နှင့် ဒေါ်အေးမယ်တို့သည် မောင်ဒေဝနှင့် အုတို့ လက်ထပ်ရာတွင် လူကြီးမိဘ အဖြစ်နှင့် ညှော်ခံရန် အဝတ်အစားသစ်များ ဝတ်ဆင်ပြီးကြလေပြီ။ မောင်ဒေဝနှင့် အုတို့သည် တိတ်တိတ်ဆိတ်ဆိတ်နှင့် လက်ထပ်ခြင်း ပြီးစီးရန် အလို့ငှာ သူကြီးနှင့် ရွာရှိ လူကြီးအချို့တို့ကိုသာ ဖိတ်ကြားညှော်ခံ၍ လက်ထပ်ကြရန် ဖြစ်သည်။ အုသည်

မောင်ဒေဝနှင့် တင်းကုပ် အဝင်အထွက်တွင် တစ်ယောက်ချင်း တွေ့လေသည်။

'ကိုကို၊ ကိုကို။ ဒီမှာလေ၊ အုလေ ကိုကို့ကို ပြောပြချင်တာတွေ အပုံကြီး ရှိသေးတယ်။ အု အဖြစ်တွေ....'

'အို၊ အုကလဲ။ ဒီအဖြစ်တွေအကြောင်း၊ ဘာတွေအကြောင်း နောင်အုနဲ့ ကိုကိုနဲ့ နှစ်ယောက်ထဲနေကြမှ ပြောတာပေါ့။ ဒီနေ့ ဘာမှ ပြောမနေစမ်းပါနဲ့။ အနည်းဆုံး ဒီနေ့အဖို့ အုမှာ ဘာမှ အပြစ်မရှိဘူးလို့ ထားလိုက်စမ်းပါ။ နောက်ကျတော့ ကိုကိုလည်း အုကို ပြောစရာတွေ အများကြီး ရှိသေးတယ်။ ကိုကို့ အပြစ်တွေကိုလည်း အုကို ပြောပြဦးမယ်'

'နောက်မှ လုပ်မနေပါနဲ့ ကိုကိုရယ်။ အု အဖြစ်ကိုတော့ အခုပဲ ပြောပါရစေ။ တော်တော်ကြာတော့ အစက ဘာလို့ မပြောရသလဲလို့ ကိုကိုက အုကို အပြစ်တင်စရာ ဖြစ်နေဦးမယ်'

'နောက်မှပဲ ပြောပါ အုရယ်။ အခု လုပ်မနေစမ်းပါနဲ့။ အုနဲ့ ကိုကိုနဲ့ နှစ်ယောက်တည်း နေကြတော့ ကိုကိုကလည်း ကိုကို့အပြစ်တွေကို ပြောပြပါ့မယ်။ ဒါလောက်တောင် စည်းကမ်းကြီးပြီး အခုပဲ ပြောပါရစေတွေ ဘာတွေ လုပ်မနေစမ်းပါနဲ့။ ဒါတွေ ပြောနေရင် စည်းစိမ်ပျက်ပါတယ်။ နောက် ပျင်းတဲ့ နေ့များကျတော့မှ အပျင်းပြေအောင် ပြောကြတာပေါ့'

'ဒါဖြင့်၊ ကိုကိုက မပြောစေချင်ဘူးပေါ့'

'ဟုတ်တယ်၊ မပြောစေချင်ဘူး'

အုမှာ ဖြီးဖို့လိမ်းဖို့ ပြင်ဖို့ဆင်ဖို့ ကိစ္စတွေ များနေသဖြင့် နောက်ထပ်စကားမဆက်နိုင်တော့။ မောင်ဒေဝမှာလည်း အဝတ်အစားလဲဖို့၊ ပြင်ဆင်ဖို့ရှိသေးသည်။ မင်္ဂလာဆောင် သတို့သားနှင့် သတို့သမီးတို့ ဝတ်စားဆင်ယင်ပြီးသည်နှင့် တစ်ပြိုင်နက် ဧည့်ခံရာအခန်းသို့ ထွက်လာကြလေသည်။ အုသည် ကြမ်းကို နင်းရမှန်းမသိဘဲ လိုက်ပါသွားလေသည်။ သူကြီးနှင့် လူကြီးစုံရာ ရှေ့တွင် လက်ထပ်မင်္ဂလာဆောင်ကိစ္စ ပြီးသောအခါ ဘုန်းကြီးကျောင်း

ကို အကန်တော့သွားကြရန် ဗီရိုလှည်းကလေးကို သူတို့နှစ်ယောက်အား ဦးထွန်းဘော်က စီးခိုင်းလေသည်။ အုသည် စကားမပြောဘဲ စဉ်းစား၍ လိုက်သွားလေသည်။

'အုကို ကြည့်ရတာက စိတ်ညစ်ပုံကြီးပဲ'

'ဟုတ်တယ် ကိုကို၊ အု စိတ်မကောင်းဘူး။ အုမှာ စဉ်းစားစရာ အကြောင်းတွေ သိပ်များတာပဲ။ အခု အုတို့ စီးလာကြတဲ့ ဗီရိုလှည်းကို မြင်ရတာလည်း အု စိတ်ထဲမှာ ဘယ်လိုနေမှန်း မသိဘူး။ ကြောက်သလိုလို ကြီးပဲ။ ဒီလှည်းမျိုးလည်း အု အရင်တုန်းက မြင်ဖူးသလိုလိုပဲ။ သိပ်ပြီး ထူးဆန်းတာပဲ။ အိပ်မက်ထဲများ မြင်ဖူးသလား မပြောတတ်ဘူး'

'အေး၊ အုက ဒီလို ထင်ပါရဲ့။ ပန်းသာမြို့စား အဆက်ဝင်တွေဟာ သူတို့ ကောင်းစားကြတုန်းက အစွဲအလမ်းတစ်ခု ရှိတယ်တဲ့။ အဲဒီ အစွဲ အလမ်းက သူတို့....'

'အု တစ်ခါမှ မကြားဖူးဘူး၊ ပြောပြစမ်းပါဦး'

'အဲဒီ အစွဲအလမ်းက ဒီလိုတဲ့။ ပန်းသာမြို့စားကြီး တစ်ဦးဟာ သူ့အိမ်သားများ အမြဲစီးနေကျ ဗီရိုလှည်းထဲမှာ မတော်တဲ့ အမှုကြီးတစ်ခုကို ကျူးလွန်မိတယ်တဲ့။ အဲဒီအခါကစပြီး သူတို့ အဆက်အနွယ်ထဲမှာ တစ်ခုခု ထူးထူးခြားခြား ဖြစ်ချင်ပြီ ဆိုတဲ့အခါကျမှဖြင့် ဒီဗီရိုလှည်းကြီးဟာ ပေါ်ပေါ် လာသတဲ့။ ဥပမာ ဆိုပါတော့၊ အို ဒီအကြောင်းကို အခုပြောလို့ မကောင်း ပါဘူးလေ။ နောက်များကျမှပဲ ပြောပါမယ်။ အဲဒီအကြောင်းကို အုက နားစွန် နားဖျား ကြားဖူးတာနဲ့ သွားပြီး သတိရတယ် ထင်ပါရဲ့'

'ဒီအကြောင်းကို အု အရင်က တစ်ခါမှ မကြားဖူးပါဘူး။ ဘယ်အခါ မျိုးမယ် ဒီဗီရိုလှည်းကြီး ပေါ်ပေါက်လာသတဲ့လဲ ကိုကိုရဲ့။ သူတို့ သေခါနီး မှာလား။ ဒါမှမဟုတ် ပြစ်မှုကြီးတစ်ခုကို ကျူးလွန်ခါနီးမှာလား'

'အို အုကလဲ၊ နောက်မှပြောမယ်လို့ ဆိုနေတာပဲ။ အသာနေရောပေါ့'

မောင်ဒေဝသည် အုအား နမ်းရှုပ်၍ နှစ်သိမ့်စေသည်။

အိမ်သို့ ပြန်ရောက်သောအခါ အုသည် စိတ်ညှိုးနွမ်းလျက် ရှိလေသည်။ အုသည် မောင်ဒေဝ၏ တရားဝင် မယားအဖြစ်သို့ ရောက်လေပြီ။ အုသည် မောင်ဒေဝ၏ မယား ဖြစ်ထိုက်ပါ၏လော။ ပန်းသာမောင်မောင်၏ မယားဟု ဆိုလျှင် သာ၍ မလျောက်ပတ်၊ သာ၍ မမှန်ပါလော။ အုသည် ပြင်းထန်သော အချစ်အဟုန်ဖြင့် မောင်ဒေဝကို ချစ်သည်မှာ မှန်သည်။ သို့ရာတွင် ထိုသို့ ချစ်ကာမျှနှင့် သူ့အပြစ်သည် ပျောက်ပျက်ကောင်းပါသလော။ ဤသို့ ပို၍ နှလုံးဖြူဖြောင့်သူတို့သည် သို့လော သို့လော ဖြစ်ကြလေရာသည်။ ထိုကဲ့သို့ အရေးကိစ္စမျိုးတွင် မိန်းမတို့သည် မည်ကဲ့သို့ ပြုလုပ်အပ်သည်ဆိုသော အကြောင်းကိုလည်း အု မသိ။ သူ့မှာ အကြံပေး ဉာဏ်ပေး လုပ်မည့်သူလည်း မရှိ။ အုသည် မောင်ဒေဝ၏ မယားအဖြစ်သို့ မရောက်မီက သူ အိပ်သော အခန်းထဲသို့ နောက်ဆုံးအကြိမ် ရောက်သွားသောအခါ ဘုရားကို ရှိခိုး၍ 'မြတ်စွာဘုရား ကယ်တော်မူပါ ဘုရား' ဟု ဆုတောင်းမိလေသည်။ စင်စစ်သော်ကား မြတ်စွာဘုရားသည် ကံစီမံရာကို ပြုပြင်တော်မမူ။ သူ့ကို ကယ်နိုင်သည် မဟုတ်။ သူ့လင် မောင်ဒေဝ အချစ်သာ သူ့ကို ကယ်နိုင်လိမ့်မည်ဟု ယူဆမိလေသည်။

"ဩော် ကိုကို ကိုကို၊ ကိုကို့ကို အု ဘာလို့ ဒါလောက်ချစ်ရပါလိမ့်မနော်။ ကိုကိုရယ်၊ အု ချစ်ရပေမဲ့ စိတ်မကောင်းပါဘူး။ အခု ကိုကို ချစ်နေတာ ဒီအု မဟုတ်ဘူး။ ဟိုတုန်းက အုကို ကိုကို ချစ်နေတာ ကိုကိုရဲ့။ ကိုကိုချစ်တဲ့ ဟိုတုန်းက အုက အခု မရှိတော့ဘူး ကိုကိုရဲ့။ ကိုကို့ကို အု သနားလိုက်ပါဘိတော့တယ်။ ဩော် အု သေတာ ကောင်းပါလိမ့်မယ် ထင်ပါရဲ့ ကိုကိုရယ်" ဟု တစ်ယောက်တည်း ညည်းညူမိလေသည်။

အုနှင့် မောင်ဒေဝတို့သည် ထိုနေ့ညနေ နာရီပြန် နှစ်ချက်လောက်တွင် ရှားပင်စုမှ ထွက်ခွာဖို့ အဆင်သင့် ပြင်ဆင်မိကြလေသည်။ သူတို့ လင်မယား နှစ်ယောက်သည် ထိုနေ့ညတွင် အရင်တလော သူတို့ ပြောင်းရှီး

တိုက် သွားကြစဉ်က လှမ်း၍ မြင်ကြသော ပန်းသာဆက်တို့ နေခဲ့ရာ တိုက်အို ပျက်ကြီးအနီး စည်သာရွာ ဘိုတဲတွင် သွား၍ တည်းခိုကြရန် ဖြစ်သည်။ မောင်ဒေဝသည် စည်သာတွင် နမ်းအကြောင်း၊ ပြောင်းအကြောင်း အနည်းငယ် စုံစမ်းရင်း ခေတ္တ သွားရောက်နေထိုင်ရန် ကြံရွယ်လေသည်။ အိမ်သူအိမ်သား အားလုံးတို့သည် အုတို့ ဇနီးမောင်နှံ၏ ရှေ့သွား နောက်လိုက် ညီခြင်းကို ဝမ်းသာကြသော်လည်း အတူတူ နေကြရာမှ ခွဲခွာသွားကြရမည် ဖြစ်သောအခါ ဝမ်းနည်းလျက် ရှိကြလေသည်။

'ကိုကိုရယ်၊ နန်းစိန်တို့ ငွေခင်တို့ ရွှေမှုံတို့ကို သွားပြီး နှုတ်ဆက်လိုက်ပါဦး။ သနားစရာကလေးတွေ'

'ကိုင်း မနန်းစိန်တို့ မငွေခင်တို့ မရွှေမှုံတို့၊ ကိုဒေဝတို့ သွားလိုက်ဦးမယ်နော်။ နောက်ကို ကိုဒေဝတို့ဆီ လာလည်ကြတာပေါ့။ ကိုဒေဝကိုလည်း မောင်အရင်းလို ချစ်ခင်ကြတာပေါ့'

'ဟော့ နန်းစိန်တို့ ငွေခင်တို့ ရွှေမှုံတို့ရေ၊ နောက် တို့ဆီ လာလည်ကြပါအေ။ ငါဖြင့် ညည်းတို့ကို သိပ်အောက်မေ့တာပဲ'

မနန်းစိန်၊ မငွေခင်နှင့် မရွှေမှုံတို့သည် မျက်ရည်ကလေးတွေ တလည်လည်နှင့် ကျန်ရစ်ခဲ့ကြလေသည်။

မောင်ဒေဝသည် ဦးထွန်းဘော်နှင့် ဒေါ်အေးမယ်တို့အား နှုတ်ဆက်ပြီးလျှင် လှည်းပေါ် တက်မည် ပြုလေသည်။

'အို၊ ဒီကြက်ဟာက လုပ်ပြီ။ အသံဆိုးကြီးနဲ့' ဟု ဒေါ်အေးမယ်က သူတို့ ကြက်ဖကြီး တွန်သည်ကို ကြည့်၍ ပြောလေသည်။

'ဒီကြက် တွန်ရင် မကောင်းဘူး။ တစ်ခုခု ဖြစ်တတ်တယ်' ဟု တံခါးဝမှ ကြည့်နေသော သူတစ်ယောက်က ပြောလေသည်။

ကြက်ကြီးလည်း မောင်ဒေဝကို စိန်းစိန်းပါအောင် ကြည့်ပြီးလျှင် တစ်ခါ ထပ်၍ တွန်ပြန်လေသည်။

'ကိုထွန်းဘော်ရယ်၊ ဒီကြက်ကို မောင်းပစ်လိုက်စမ်းပါ'

'ဟဲ့ ကြက်ပုပ်နော်။ နင် ဒီနေ့ညပဲ ဟင်းအိုးဗာ ဖြစ်ချင်သလား၊ ရွှေ.' ဟု ဦးထွန်းဘော်က ကြက်ကို ခြောက်ပစ်လိုက်လေသည်။

'ကိုကိုရယ်၊ ဒီကြက်ဖကြီး တွန်သံ ကြားရတာ အု သိပ်ကြောက်တာပဲ၊ မောင်းပစ်ခိုင်းလိုက်စမ်းပါ။ ကိုင်း၊ ဦးလေးဘော်တို့၊ ဒွေးလေးမယ်တို့ အုတို့ သွားပြီ။ ကိုင်း အားလုံးပဲ အားလုံးပဲ သွားပြီ။ မဒွေးဒုတ်ကြီးလည်း သွားပြီ။ နန်းစိန်တို့ ငွေခင်တို့ ရွှေမှုံတို့ရေ၊ သွားပြီဟေ့ သွားပြီ။ တို့ဆီ လာလည်လှည့်ကြနော်၊ ငါ ဟိုရောက်သွားတော့ စာရေးလိုက်မယ်'

ကြက်ဖကြီးသည် ထိုအခိုက်တွင် ထပ်၍ တွန်ပြန်လေသည်။

မောင်ဒေဝနှင့် အုတို့ သွားကြသောအခါ ဦးထွန်းဘော်သည် သူ့မိန်းမအား 'ဟေ့ အေးမယ်ရေ၊ ဒီကြက်ဟာ အခုလို ညနေစောင်း မတွန်တာ ကြာပြီကွယ့်။ ဒီနှစ်ဆိုလည်း တစ်နှစ်လုံး ဒီတစ်ခါပဲ တွန်သေးတယ်' ဟု ပြောလေသည်။

'ကြက်ပဲတော်၊ တွန်ချင်တဲ့အခါ တွန်မှာပေါ့။ တော် တွေးသလို မဖြစ်နိုင်ပါဘူး၊ ကြံကြံဖန်ဖန်'

## အခန်း ၂၇

မောင်ဒေဝနှင့် အုတို့ လင်မယားသည် ညနေ လေးနာရီခန့် အချိန်တွင် စည်သာ ဘိုတဲသို့ ရောက်ကြလေသည်။ စည်သာ ဘိုတဲတွင် နယ်ပိုင်ဝန်ထောက် နယ်လှည့်လာရင်း တည်းခိုနေခိုက် ဖြစ်သဖြင့် ရော၍ မတည်းလိုသောကြောင့် ပန်းသာဆက်များ နေထိုင်ခဲ့ရာဖြစ်သော တိုက်အိုကြီးတွင် သွားရောက်နေထိုင်ရန် အကြံရလေသည်။ မောင်ဒေဝသည် ထိုတိုက်အိုကြီး အနီး ယာတဲတွင် နေထိုင်သော တောင်သူကြီး တစ်ယောက်အား တိုက်အိုကြီး၌ လှည်းကျင်း ပြင်ဆင်ပေးရန် စရိတ်ပေးလိုက်လေသည်။ မောင်ဒေဝတို့

ဇနီးမောင်နှံ တိုက်အိုကြီးသို့ လေးနာရီခွဲ ကျော်ကျော်လောက်တွင် ရောက်သွားကြလေသည်။

'ကိုင်း မဖုရား၊ မဖုရားတို့စံရာ တိုက်ကြီးကို ရောက်ပြီ' ဟု မောင်ဒေဝက ပြက်ရယ်စကား ပြောလေသည်။ မောင်ဒေဝက ပြက်ရယ်စကား ပြောရက်သော်လည်း အုသည် ပန်းသာဆိုသော စကားကိုပင် နားလန့်လျက်ရှိသဖြင့် ဝမ်းထဲ၌ မချိရှာဘဲ ရှိလေသည်။ တိုက်ပေါ်သို့ တက်ကြသောအခါ အုသည် နံရံ၌ အင်္ဂတေဖြင့် ထုထားသော မိန်းမရုပ်ကြီးကို မြင်သဖြင့် လန့်၍ သွားလေသည်။

'ကိုကိုရယ်၊ အု လန့်လိုက်တာ။ ပြန်ကြပါစို့ ကိုကိုရယ်။ ဘိုတဲမှာပဲ သွားတည်းကြပါစို့။ ဧည့်သည်ရှိလည်း ဘာဖြစ်လဲ၊ တစ်ခန်းစီ နေတာပဲ'

'အို အုကလဲ၊ ဘာမလန့်ရမှာ လန့်နေရတာလဲ။ အရုပ်က ကိုယ့်ကို ဘာလုပ်နိုင်တာ လိုက်လို့။ ဒီမှာဆိုတော့ ကိုကိုနဲ့ အုနဲ့ နှစ်ယောက်ထဲရှိတော့ နေရ ထိုင်ရတာ ပိုပြီး လွတ်လွတ်လပ်လပ် ရှိတာပေါ့'

အု မြင်၍ လန့်သော မိန်းမရုပ်ကြီးများမှာ အုတို့ ပန်းသာဆက်ဝင် မိန်းမများ၏ ရုပ်ပုံများ ဖြစ်လေသည်။ အကျိုးအကြောင်း မသိသူတို့သည် နတ်ရုပ်မှတ်၍ ပူဇော်ပသကြလေသည်။ အချို့သူတို့က စည်သာရှင်မများ ဟုပင် ခေါ်ကြလေသည်။

တောင်သူကြီး လင်မယားသည် ငါးနာရီခွဲလောက်တွင် မောင်ဒေဝတို့ ထမင်းစားရန် လာ၍ ပို့ကြလေသည်။ မောင်ဒေဝသည် ဇလုံတစ်ခုထဲတွင် အုနှင့်အတူတူ စုံတွဲ လက်နှိုက်၍ ဆေးလေသည်။

'ကိုကို့ လက်နှစ်ဖက်လုံး ထည့်ပါ၊ အု ဆေးပေးပါ့မယ်'

'အုလည်း လက်နှစ်ဖက်လုံး ထည့်လေ။ ကိုင်း အုလက်နဲ့ ကိုကို့ လက်နဲ့ ရွေးမရအောင် ရောနေပြီ။ ဘယ်ဒင်းဟာ ကိုကို့လက်လဲ၊ အု ပြောနိုင်လား'

'အားလုံးကုန် ကိုကို့လက်လိုပဲ' ထိုအခိုက်တွင် တစ်မိုးလုံး တိမ်

တောက်လျှက် ရှိလေသည်။ တိမ်ရောင်ဟပ်သဖြင့် အုသည် ပို၍ လှသည် ထင်ရလေသည်။ မောင်ဒေဝသည် အုကို သေချာစွာ ကြည့်ပြီးလျှင် 'အုလေ ကိုကို့မယားမို့ ကိုကို ပြောတာ မဟုတ်ဖူး။ သိပ်လှတာပဲ။ အုဟာ ဘာလို့ ဒါလောက်တောင် လှရတာလဲ' ဟု ပြောကာ ကိုယ့်ငါးချဉ်ကို ကိုယ်ချဉ် လေသည်။

အုသည် ထမင်းစားရန် ပြင်လေသည်။

'အုရေ ငါးခုံးမချက်ကလေးက စားသချင့်ဖွယ်။ အုမျက်နှာကလေးကို ကြည့်ပြီး စားရရင်တော့ ကိုကို သိပ်ပြီး ထမင်းမြိန်ဦးမှာပဲ'

'ကိုကိုက စကားတတ်တိုင်း လျှောက်ပြောမနေပါနဲ့။ ဝမ်းထဲက ပါမှ ပြောပါ'

'အုရေ၊ အု ပန်းကန်ဆေးရ သက်သာအောင် အုနဲ့ ကိုကိုနဲ့ ထမင်း တစ်ပန်းကန်ထဲ နှိုက်စားရင် မကောင်းဘူးလား'

'ကိုကို ကောင်းတယ်ဆိုရင် အုလည်း ကောင်းတာပေါ့။ ကိုကို အစားရ လွယ်အောင် ငါးဟင်းကို အု အရိုးထွင်ပေးမလေ'

'ကိုကို့မယားကို ဒါကြောင့် ချစ်တာပဲ။ အုရေ ကိုကို့ကို လက်မဆေးရ အောင် ခွံ့ပေးပါလားကွယ် လေ့'

'ဒါဖြင့် ကိုကိုက ကလေးလေးပေါ့လေ'

'ဟုတ်တယ်၊ ကိုကိုက ကလေးလေးပေါ့။ အုက အမေကြီး ဆိုပါ တော့'

'ဟင် ဒါတော့ မကောင်းဘူး ကိုကိုရယ်။ ကိုကို့ကို ထမင်းခွံ့ပေး ဆိုရင် ပေးမှာပေါ့။ အုကို ငရဲကြီးအောင် ပြောတာတော့ အု မကြိုက်ဘူး။ ကိုကိုက အုထက် ကြီးတာပဲ။ ကိုကိုကသာ အဖေကြီး ဖြစ်မှာ'

အုသည် သူငယ်ပြန်လျက်ရှိသော မောင်ဒေဝအား ယုယစွာ ထမင်း ခွံ့ပေးလေသည်။ မောင်ဒေဝသည် အု ခွံ့၍ ပေးသော ထမင်းလုတ်ကို စားရသည်မှာ နတ်သုဓာထက်ပင် ကောင်းသေးသည်ဟု ထင်လေသည်။

'အုရယ် ကိုကို စားရတာ သိပ်ပြီး ပါးစပ်ညှောင်းတာပဲ။ ဝါးခွဲ့ ပါလားကွယ်'

'ကိုကိုက သိပ်ကဲတာပဲ ကိုကိုရယ်၊ အု ဝါးခွဲ့တာ မရွံဘူးလားလို့'

'ရွံဘူး ရွံဘူး၊ ဘာလို့ ရွံရမှာလဲ။ ကိုယ့်မေမေခွဲ့တာ ဘာလို့ ရွံရမှာ လဲ။ မေမေ့ချိုချို ကျို့ချင်တယ်'

'ကိုကိုနော်၊ ကျောကြီး အု ထုလိုက်လိမ့်မယ်။ တော်တော်ကြာတော့ အုကို အဆိုးမဆိုနဲ့'

ထိုအခိုက်တွင် တောင်သူကြီး လင်မယားသည် မီးထွန်းရန် မီးခွက် ကို ယူလာကြသဖြင့် မောင်ဒေဝနှင့် အုတို့မှာ စည်းစိမ်ပျက်၍ သွားကြလေ သည်။ တောင်သူကြီး လင်မယားတို့သည် အုတို့ လင်မယား၏ အကဲကို ခတ်မိကြသဖြင့် မီးခွက်ကို ပေးပြီးလျှင် အလိုက်သိစွာ ချက်ချင်း ပြန်သွား ကြလေသည်။

'အုရေ မိုးလည်း ချုပ်တော့မယ်၊ ကိုကိုတို့ ပစ္စည်းတွေလည်း အခု ထက်ထိ မရောက်သေးဘူး။ ဘာများ ဖြစ်နေပါလိမ့်မယ်။ လမ်းမှာ လှည်း ဝင်ရိုးများ ကျိုးနေလို့ပဲလား မပြောတတ်ဘူး။ အခုလောက်ဆိုရင် ရောက်ဖို့ ကောင်းပြီ။ လှည်းမလာရင်တော့ အခက်ပဲ။ ကိုကိုတို့မှာ အဝတ်လဲဖို့တောင် ယူမလာခဲ့မိဘူး'

'ဟုတ်ပါရဲ့၊ လှည်းကလည်း ကြာလိုက်တာ။ ချက်ချင်း လိုက်လာ မယ် ပြောပြီး အခုထက်ထိတောင် မရောက်သေးဘူး'

'အုကို ကြည့်ရတာ ရွှင်ရွှင်ပျပျလည်း မရှိပါလား။ အရပ်ကြီးတွေ မြင်တာနဲ့ လန့်နေသလား။ ဒီလိုမှန်းသိရင် ဒီကို ကိုကို ခေါ်မလာပါဘူး။ အု ကိုကို့ကို တကယ်ချစ်ကဲ့လား'

ထိုသို့ မေးမြန်းခြင်းမှာ မောင်ဒေဝသည် အလျှို့ရှင်မှန်း သိအောင် မဏ္ဍပ်တိုင် တက်ခြင်းမျှသာ ဖြစ်သည်။ စင်စစ်သော်ကား အုသည် သူ့အား အရူးအမူးချစ်သည် ဆိုသည့်အကြောင်းကို မောင်ဒေဝ ကောင်းစွာ သိလေ

သည်။ မောင်ဒေဝ၏ မေးခွန်းမှာ အချစ်စမ်းသော မေးခွန်းမျှသာ ဖြစ်သော်လည်း တစ်ကိုယ်လုံး မောင်ဒေဝကို ချစ်သောစိတ် တစ်ခုတည်းဖြင့် ပြည့်လျှံလျက် နေသော အုသည် "ဩော် ကိုကို့နှယ်၊ မေးမှ မေးရက်ပလေတယ်" ဟု အောက်မေ့ကာ ဝမ်းနည်းပြီးလျှင် ရှိုက်ကြီးတငင် ငိုလေသည်။

'တိတ်ပါ အုရယ် တိတ်ပါ။ ကိုကိုက အလကား ပြောတာပါ။ အုဟာ ကိုကို့ကို ဘယ်လောက်ချစ်တယ်ဆိုတာ ကိုကို မသိဘဲ နေပါ့မလား လို့။ အု ရွှင်ရွှင်ပျပျ မရှိတာက ပစ္စည်းတွေ မရောက်လို့ပါ။ ကိုကို သိပါတယ်။ ကြည့်စမ်း၊ သူငယ်အိပ်ဆိတ် ကြက်တောင် တွန်ပြီ။ အခုထက်ထိ လှည်း မလာသေးဘူး။ လမ်းမှာ တစ်ခုခု ဖြစ်နေပြီ ထင်တယ်'

ထိုအခိုက်တွင် လှေကားမှ ခြေသံ ကြားလေသည်။

'အုရေ ပြောရင်းဆိုရင်း လာပြီထင်တယ် ဟော့။ ကိုကို ထွက်ကြည့်လိုက်ဦးမယ်'

မောင်ဒေဝသည် လှေကားသို့ ထွက်၍ကြည့်ရာ သူတို့ မျှော်နေကြသော လှည်းသမား မဟုတ်ဘဲ လူတစ်ယောက်သည် တောင်ဆုပ်လောက် ရှိသော သေတ္တာငယ်ကလေးနှင့် တူသည့် အထုပ်တစ်ခုကို မောင်ဒေဝ၏ လက်သို့ ပေးလိုက်လေသည်။ ထိုအထုပ်တွင် "ကိုဒေဝ၏ ဇနီးသို့ ပေးရန်" ဟု လိပ်တပ်လျက် ရှိလေသည်။ ထိုအထုပ်မှာ မောင်ဒေဝ၏ အမိအဖတို့ ထံမှ အထူးလူ စေလွှတ်၍ ပေးလိုက်သောအထုပ် ဖြစ်လေသည်။

'အုရေ၊ ဟောဒီမှာ အုဖို့ လက်ဆောင်ဟော့။ အဖေတို့ဆီက ပေးလိုက်တာ ဟော့'

'ဒါဖြင့် အဖေတို့ အမေတို့က အုကို ချစ်မှာပါပဲနော်'

'ကိုကို့ကို ချစ်ရင် အုကိုလည်း ချစ်ရမှာပေါ့ အုရဲ့။ ကိုင်း ရော့၊ အု ကိုယ်တိုင် ဖွင့်ပေတော့'

'ဟင့်အင်း၊ အု မဖွင့်ဝံ့ပါဘူး။ ချိပ်တံဆိပ်ကြီးတွေက ဣန္ဒြေကြီးတွေနဲ့။ အု ကြောက်ပါတယ်။ အုအတွက် ကိုကို ဖွင့်ပေးပါလား ကိုကိုရယ်'

မောင်ဒေဝသည် အထုပ်ကို ဖြေလေရာ အထဲတွင် ကတ္တီပါသေတ္တာကလေးကို တွေ့ရလေသည်။ ထိုကတ္တီပါ သေတ္တာကလေးကို တစ်ခါ ဖွင့်ပြန်ရာ အုအဖို့ စိန်လည်တုန်၊ စိန်နားကပ်၊ စိန်ဘီး၊ စိန်ဆံထိုး အစရှိသော အဖိုးထိုက် အဖိုးတန် ပစ္စည်းများနှင့် စာတစ်စောင်ကို တွေ့လေသည်။ စာမှာ မောင်ဒေဝ အဖေ့ထံမှ ပေးလိုက်သောစာ ဖြစ်လေသည်။ ထိုစာတွင်–

အဖေ စာရေးလိုက်သည် သား မောင်ဒေဝ။

အကြောင်းမှာ ယခုစာနှင့်အတူ သား မောင်ဒေဝ၏ ဇနီးအတွက် စိန်ထည်များ အပြည့်အစုံ ပေးလိုက်သည်။ သည် စိန်ထည်များမှာ သားမောင်၏ မွေးစားသော မိခင် မနှင်းလှက သားမောင် ကြီးပြင်း၍ အိမ်ထောင်ပြုသောအခါ သားမောင်၏ဇနီး ဝတ်ဆင်ရန် ပေးလိုက်ပါဆိုပြီး အဖေ့ထံ အပ်ထားခဲ့သော စိန်ထည်များ ဖြစ်သည်။ အဖေသည် ၎င်း စိန်ထည်များကို ကောင်းစွာ သိမ်းဆည်းထားရာမှ ယခု သားမောင် မင်္ဂလာဆောင်လျှင် ဆောင်သည် ကြားရချင်း ချက်ချင်း ပို့လိုက်သည်။ အဖေတို့သည် သားမောင်တို့ ဇနီးမောင်နှံ ချမ်းသာစွာ ရှိကြစေရန် ဆုတောင်းလျက် ရှိကြ၏။

ဟု ရေးသား ပါရှိလေသည်။

'ဒါဖြင့် ဒီဥစ္စာတွေ အု ပစ္စည်းတွေပေါ့နော် ကိုကို'

'ဟုတ်ပါတယ် အုရဲ့၊ အု ပစ္စည်းတွေပါ။ ကိုကိုက ကိုကို့ပစ္စည်းလို့ မဆိုပါဘူး။ ကိုင်း ပြောနေ ကြာမယ်၊ အု ပစ္စည်းတွေ အု ဝတ်ကြည့်စမ်းပါ။ ဘယ်လိုနေလဲ ကြည့်ရအောင်'

အုသည် စိန်ဘီး၊ စိန်ဆံထိုး၊ စိန်လည်တုန်၊ စိန်နားကပ် စသည်တို့ကို ဝတ်ဆင်လိုက်ပြီးလျှင် မျက်နှာ မထားတတ်ဘဲ ရှိလေသည်။

ပန်းချီဆရာသည် သူ ရေးသောအရုပ် လှ မလှ၊ ဟန် မဟန်ကို သိသာနိုင်ရန် နောက်သို့ ဆုတ်ခွာ၍ ကြည့်ဘိသကဲ့သို့ မောင်ဒေဝသည်လည်း စိန်များဖြင့် မွမ်းမံခြယ်လှယ်ထားသော သူ့မယား အုကို စိန်းစိန်းပါအောင် ပန်းချီကြည့် ကြည့်ပြီးလျှင် 'အုရေ၊ အုဟာ တယ်လှတဲ့ အုပါလား။ ကိုကို အစက အု ဒါလောက် လှမှန်း မသိဘူး' ဟု နှစ်ကြိမ်မြောက် သူ့ငါးချဉ် သူ ချဉ်ပြန်လေသည်။

လူမှာ အဝတ်၊ တောင်းမှာ အကွပ် ဆိုသည် မဟုတ်လော။ ထိုစကားသည် မှန်သည်။ တောမူတောရာ တောလိုက်ဘာဝ တောဝတ်တောစားဖြင့် နေသောအခါ အုသည် ရွက်ကြမ်းရေကျိုမှုပင် ဖြစ်သော်လည်း စိန်၊ ရွှေ အဆင်တန်ဆာဖြင့် ဆင်ယင်ပြုပြင်ပေးလိုက်သော အခါ၌မူကား အတင့်တယ်ဆုံးသော မြို့ကြီးသူ၊ ရပ်ကြီးသူ၊ သူဌေးသမီး၊ မင်းစိုးရာဇာ သမီးတို့ထက် မပိုဘူး ဆိုသည့် တိုင်အောင်ပင် ထပ်တူထပ်မျှ တင့်တယ်ခြင်းနှင့် ပြည့်စုံသည်သာ ဖြစ်လေသည်။

'အခုအတိုင်း ပွဲထိုင်များ သွားလိုက်ရရင်တော့ ကိုကို့မယားကို မြင်သူတိုင်း ငေးကြမှာပဲ။ အေးလေ၊ အုကို ရိုးရိုးကလေး အုလို နေတာပဲ ကိုကို ပိုသဘောကျပါတယ်'

'တော်ပြီနော်၊ ချွတ်လိုက်တော့မယ်နော် ကိုကို။ တော်တော်ကြာနေ ဟိုလူကြီးတွေ မြင်သွားရင် ရှက်ပါတယ်။ အုနဲ့ ကြည့်လို့ မကောင်းဘူးနော် ကိုကို။ ဒါတွေ ရောင်းပစ်ရင် ကောင်းမှာပဲ ထင်ပါရဲ့'

'ဘာလို့ ချွတ်ပစ်ရမှာလဲ အုရဲ့၊ နေပါစေ။ လက်ဆောင်ပေးတဲ့ မင်္ဂလာပစ္စည်း ဆိုတာ ရောင်းလည်း မပစ်ကောင်းဘူး'

မောင်ဒေဝနှင့် အုတို့သည် ထိုကဲ့သို့ ပြောဆိုနေရင်းနှင့် သူတို့ပစ္စည်းများကို မျှော်၍ နေကြလေသည်။ ထိုအခိုက်တွင် လှေကားမှ ခြေသံကြားသဖြင့် မောင်ဒေဝသည် ထွက်၍ ကြည့်လေသည်။

'အုရေ၊ ပြောရင်းဆိုရင်း ပစ္စည်းတွေ ရောက်လာပြီဟေ့။ ဘယ့်နှယ်

မိုးချုပ်လှချည့်လားဗျ။ ကျုပ်တို့ မျှော်လိုက်ရတာ လည်ပင်းများကို ရှည်လို့'

'မိုးချုပ်ဆို ဒီလိုလား မောင်ရင်လေးရယ်။ မောင်ရှင်လေးတို့လှည်းထွက်ခါနီးတုန်းက ဟိုကြက်ဖကြီးဟာ တွန်တယ် မဟုတ်လား။ မောင်ရင်လေးတို့လည်း ထွက်သွားကြရော၊ ကျုပ်လည်း နောက်မကြာခင်ဘဲ ပစ္စည်းတွေနဲ့ လာမယ်လည်း လုပ်ကရော၊ ပြောပဲ မပြောချင်ပါဘူး မောင်ရင်လေးရယ်။ ဟိုမှာ စိတ်မချမ်းသာစရာနဲ့ တွေ့နေရပါလေရော' ဟု ပစ္စည်းများတင်လာသော လှည်းသမားကြီးက ပြောလေသည်။

'ပြောစမ်းပါဦး ဘကြီးရဲ့၊ ဘာတွေများ ဖြစ်ကုန်ကြသလဲ'

'နန်းစိန် ကောင်မလေးရယ်၊ ရွာမြောက်ဘက်က ရေကန်ထဲ ခုန်ချလို့။ ကံကောင်းလို့ လူတွေ သိခင်လို့ မသေတယ်'

'မနန်းစိန်လေ၊ ကျုပ်တို့ ထွက်လာတုန်းကတော့ ဘာမှ မဖြစ်ပါလား။ အကောင်းသားပဲ'

'မောင်ရင်လေးတို့ ထွက်သွားကြပြီး မကြာဘူး၊ နန်းစိန်ဟာက "ဟော့ ငွေခင်ရေ၊ ငါတော့ လောကကြီးမှာ မနေချင်တော့ဘူးအေ" လို့ ပြောသွားပြီး ရေကန်ထဲ ခုန်ချတော့တာပဲ။ ငွေခင်ကလည်း စိတ်ညစ်တယ်ဆိုပြီး ဖိုးပြန့်တို့တဲမှာ တိတ်တိတ် ထန်းရည်ခိုးသောက်ပြီး အေးမယ်တို့ ကောက်ရိုးပုံနားမှာ တုံးဖြစ်ပြီး လဲနေတာပဲ။ ရွှေမှုံကြီး တစ်ယောက်လည်း တစ်ခါတည်း လင်းတမှိုင် မှိုင်တော့တာပဲ။ အဲဒါနဲ့ မောင်ရင်လေးတို့ ပစ္စည်းတွေကို ထုပ်နေ ပိုးနေတုန်း ဒီလိုဖြစ်တော့ ကြန့်ကြာနေတာပေါ့'

'ဒီလိုဆိုတော့ ကြန့်ကြာပေမှာပေါ့။ ကိုင်း ကိုင်း၊ ပစ္စည်းတွေသာ အပေါ်ရောက်အောင် တင်ပေးခဲ့ပါ။ တင်ပြီးရင် အပြန် ညဥ့်နက်နေမယ်။ ခပ်သုတ်သုတ် ပြန်ပေတော့'

အုသည် ပစ္စည်းများ ရောက်လာသော်လည်း ထူး၍ ရွှင်ပျခြင်း မရှိသည်ကို မောင်ဒေဝ တွေ့ရလေသည်။

'မနန်းစိန်တို့၊ မငွေခင်တို့ အကြောင်း အုက အလကားပဲ လာနားထောင်နေရတာကိုး။ ဒါပေမဲ့ သူတို့ ဒီလိုဖြစ်တာနဲ့ အု စိတ်မှာ မကောင်းဖြစ်မနေပါနဲ့ဦး။ မနန်းစိန်က အု သိတဲ့အတိုင်းပဲ ကြွပ်ဆတ်ဆတ်ရယ်'

'သူ့မှာ ဘာမှ ဒီလိုလုပ်ဖို့ အကြောင်းရှိရှာတာ မဟုတ်ဘူး။ လောကကြီးက တယ်ခက်တာပဲ။ သေကြောင်း ကြံထိုက်တဲ့ လူများကတော့ သူတို့အပြစ်ကို သူတို့ ဖုံးထားပြီး နေကြတယ်။ ဘာမှ အပြစ်မရှိတဲ့ လူတွေကတော့ ကိုယ့်ကိုယ်ကို သေကြောင်းကြံတယ်။ ဘယ့်နှာမှန်းလဲ မသိဘူး'

အုသည် မနန်းစိန်တို့ အကြောင်းကို ကြားရသည်နှင့် တစ်ပြိုင်နက် စိတ်တစ်မျိုး ပြောင်းသွားလေသည်။ သူ့ခမျာများမှာ အပြစ်ကင်းသောသူများဖြစ်ကြပါလျက် ကံကြမ္မာသည် ရက်စက်ဘိလေသည်။ ငါ့မှာ ကံကြမ္မာသည် ရက်စက်သင့်ပါလျက် မရက်စက်၊ ငါသည် အသာစံထိုက်သူ မဟုတ်၊ အနာခံထိုက်သူသာ ဖြစ်သည်။

## အခန်း ၂၈

အစွမ်းကုန် အနာခံတော့မည်။ ငါသည် ငါ့အပြစ်ကို ယခုပင် အကုန်အစင် ဖော်၍ ပြောတော့မည်။ ဤသို့ အုသည် မိးခွက်ကို ငေးစိုက်ကြည့်ရင်း ကြံမိလေသည်။ ထိုအခိုက်တွင် မောင်ဒေဝသည် အု၏ လက်ကို ကိုင်လျက် ရှိသည်။

'အုရေ၊ မနက်တုန်းက ကိုကိုနဲ့ အုနဲ့ ပြောကြတာ မှတ်မိသေးလား။ ကိုယ့်အပြစ်ကို ဖွင့်ပြောဖို့ အကြောင်းလေ။ ဒီအကြောင်းကို အုကတော့ ပေါ့ပေါ့ကလေး ပြောလိုက်တယ် ထင်တယ်။ ကိုကိုကတော့ ဒီအကြောင်းကို ပြောမယ်လို့သာ ဝန်ခံရတာယ်။ ကိုကို့ရင်ထဲမှာတော့ အတော် လေးတာပဲ။ ကိုင်း အု၊ ဘယ့်နှယ်လဲ ကြားချင်သလား'

မောင်ဒေဝက ထိုကဲ့သို့ ပြောသောအခါ အုမှာ ငိုချင်ရက် လက်တို့ ဖြစ်လေသည်။ အုမှာ သူ့စိတ်ထဲတွင် အောင့်အည်း၍ ထားရသော အချက်ကို ပြောခွင့်ရတော့မည်ဟု အောက်မေ့ပြီးလျှင် ဝမ်းပင် သာမိလေသည်။

'ကိုကို့မှာလည်း အပြစ်ရှိတယ်လား'

'ဩော် အုက ကိုကို့ကို ခြောက်ပြစ်ကင်းလို့ ထင်နေရှာတယ် မှတ်တယ်။ ဒီလို ထင်နေရင် မှားမှာပေါ့။ ကိုင်း နားထောင်၊ ကိုကို ပြောမယ်။ အစတုန်းကတော့ ကိုကို ဘာလို့ ဒီလို မပြောရသလဲဆိုပြီး ကိုကို့ကို စိတ်မဆိုးနဲ့နော်။ တကယ်ဆိုတော့ အစကတည်းကပဲ ကိုကိုက သိသိသာသာ ဖွင့်ပြောဖို့ ကောင်းတာပေါ့။ ကိုင်း အု၊ ခေါင်းကလေးကို ကိုကို့ရင်ခွင်ထဲမှာ မှီပြီး နားထောင်ပါ'

အုသည် စကားပြန် မပေးဘဲ နားထောင်လျက် ရှိသည်။ မောင်ဒေဝနှင့် အုတို့မှာ စိတ်ထားရော၊ ဖြစ်ပုံရော အတူတူနှင့် အနူနူ ဖြစ်ကြဟန်တူသည်။ သူတို့ချင်း တွေ့မှ တွေ့တတ်ကြပလေသည်။ လောကမှာ များသောအားဖြင့် သည်လိုချည်းပဲများ ဖြစ်လေရော့သလား။

'ကိုကိုက အစက ဖွင့်မပြောတာက တကယ်လို့ ဖွင့်ပြောလိုက်ရင် အု စိတ်ဆိုးမှာပဲ။ အု စိတ်ဆိုးလို့ရှိရင် အုကို ကိုကို မရဘဲ နေလိမ့်မယ်လို့ အောက်မေ့လို့။ အုကို မရရင် ကိုကို နေနိုင်မှာ မဟုတ်ဘူး။ ဒီတော့ ဘယ်ပြောရဲတော့မလဲ။ ဟို လွန်ခဲ့တဲ့ လလောက်တုန်းက အုကို တစ်ခါ ကိုကို ဖွင့်ပြောမယ်လို့ ကြံမိသေးတယ်။ အုက ကိုကို့ကို ယူဖို့ သဘောတူပါပြီလို့ ပြောတုန်းကလေ။ ဒါပေမဲ့ ပြောလိုက်လို့ရှိရင် မတော်တဆ အုက နောက်ဆုတ်သွားမှာလည်း စိုးသေးတာနဲ့ မပြောဖြစ်ဘူး။ ပြီးတော့ မနေ့မနက်ကလည်း တစ်ခါ အု ကိုကို့ကို ရှောင်ချင်လည်း ရှောင်နိုင်ပါစေဆိုပြီး ဘာပဲဖြစ်ဖြစ် ပြောလိုက်တော့မယ်လို့ ကြံမိသေးတယ်။ အဲဒီတုန်းကလည်း မပြောဖြစ်ဘူး။ ဒီနေ့မနက် လူကြီးတွေ အိမ်မလာသေးခင်တုန်းက အုက အုအပြစ်ကို အု ပြောပြချင်တယ် ဆိုတော့လည်း ကိုကို့အပြစ်ကို ပြောမယ်လို့

ကြံမိသေးတာပဲ။ ဒါပေမဲ့ ကိုကို မပြောရဲတာနဲ့ မပြောဘဲ နေလိုက်တယ်။ အခုတော့ အုကို ကြည့်ရတာ ဣန္ဒြေကြီးနဲ့ ရွှင်ရွှင်ပျပျ မရှိတာကို မြင်ရတော့ ကိုကို့စိတ်ထဲမှာ ကိုကို့အပြစ်ကို ကိုကို မပြောဘဲ အောင့်မထားနိုင်တော့ဘူး။ ကိုကို့ အကြောင်းကို ပြောပြရင် ကိုကို့ကို အပြစ်လွှတ်နိုင်ပါ့မလား'

'မုန်းရင် အပြစ်၊ ချစ်ရင် အကျိုး ဆိုတာပဲ။ ကိုကို့ကို အုက ဒါလောက်တောင် ချစ်နေမှ ဘာ အပြစ်မလွှတ်နိုင်စရာ ရှိသလဲ ကိုကိုရဲ့'

'ကိုကို့ကို အပြစ်လွှတ်ဖို့ ဆိုတာက အခု အုပြောသလောက် မလွယ်ဘူး ထင်တယ်။ အုက ကိုကို့အပြစ်ကို တကယ် မသိရသေးလို့ အခုလို ပေါ့ပေါ့ပြောနေတာ ထင်တယ်။ ကိုင်း နားထောင်။ ကိုကို စလုံးရေ စက နေပြီး ပြောမယ်။ ကိုကိုဟာလေ၊ ကိုကို့အဖေများ အမေများက ဒီကောင်ဟာ ပေါက်လွှတ်ပဲစား နေမယ့် အကောင်ပါပဲလို့ ထင်ကြပေမဲ့ ကိုကို့ ပကတိ သဘောကတော့ အုလိုပဲ ကိုယ်ကျင့်တရားကို စောင့်ရှောက်အပ်တယ်ဆိုတာကို ယုံတာပဲ။ ကိုကို့ စိတ်ထဲမှာ လူတို့၏ ဆရာလုပ်ဖို့ ရည်ရွယ်ထားပြီး ရဟန်းဘောင်တောင် ဝင်မယ် ကြံခဲ့မိသေးတယ်။ ကိုယ့်ကိုယ်တိုင် ခြောက်ပြစ်ကင်းအောင် မနေနိုင်သော်လည်း ကိုကိုလေ၊ ကိုယ်ကျင့်တရား ဖြူစင်ခြင်းကို သိပ်ပြီး မြတ်နိုးတယ်။ အဲဒီလို စိတ်ကြီး စိတ်ကောင်း ထားနေခိုက်မှာပဲ ကိုကို့မှာ ရန်ကုန်ကောလိပ်ကျောင်း သွားနေရင်း တစ်နေ့တော့ ချွန်လျှော ပါလေရော။ အဲဒီတော့ ကိုကို့စိတ်ထဲမှာ ဘယ်လောက် မချမ်းမသာဖြစ်မယ်ဆိုတာ အုပဲ စဉ်းစားကြည့်ပေတော့။ ဖြစ်ရတာကတော့ ကိုကို့ချည်းလည်း မဟုတ်ဘူးပေါ့။ ဒါပေမဲ့ စင်စစ်ကတော့ လူတင်ပါလို့ နွား ကျားကိုက်တာပေါ့လေ။ ကိုကိုက လုံးလုံးမပါဘဲနဲ့ ဖြစ်နိုင်တဲ့ ကိစ္စမျိုးမှ မဟုတ်ဘဲ။ အဲဒီတော့ ကိုကိုကလည်း စာမေးပွဲ မအောင်လို့ စိတ်ညစ်ပြီး လျှောက်တေလေလုပ်နေတာကိုး။ တေလေလုပ်နေရင်းနဲ့ ဈေးထဲက လုံးကြီးပေါက်လှ မိန်းမတစ်ယောက်၊ ကိုကို့ထက် ကြီးတာပေါ့လေ။ ကိုကိုတို့ကလည်း သူ့ကို အစ်မကြီး၊ အစ်မကြီးနဲ့ပဲ ခေါ်နေတာပဲ။ တစ်နေ့တော့ အဲဒီမိန်းမကြီးက

ငါ့မောင်ရယ် တဲ့၊ ဒီနေ့ အစ်မကြီးတို့အိမ်မှာ ငါ့မောင် အစ်ကိုကြီး မရှိလို့ အဖော်ရအောင် လာအိပ်လှည့်ပါတဲ့။ ဒီတော့ ကိုကိုကလည်း စိတ်ညစ်ညစ်နဲ့ ကောင်းပါပြီ အစ်မကြီးရယ်ဆိုပြီး သွားအိပ်မိတာပေါ့။ အိပ်မိတော့ သူက ငါ့မောင်ရယ် တဲ့၊ အစ်မကြီးတို့ ဈေးရောင်းရတာ ညောင်းလွန်းလို့ ပေါင်ကို တစ်ချက် နှစ်ချက်လောက် နင်းပေးစမ်းပါတဲ့။ ဒါနဲ့ ကိုကိုကလည်း နင်းပေးရော။ နင်းပေးပြီးတော့ အချိန်ကလည်း တော်တော် ညဥ့်နက်သွားတာကို။ ဒါနဲ့တစ်ခါ သူက ငါ့မောင်ရယ်၊ အစ်မကြီး နောက်ကျောထဲက တက်လွန်းလို့ တံတောင်နဲ့ တစ်ချက် နှစ်ချက်လောက် နောက်ကျောကို ကြိတ်ပေးပါလား ကွယ်လို့ ဆိုပြန်ပါရော။ ဒီတော့ ကိုကိုကလည်း ကြိတ်ပေးရတာပေါ့။ ဒါနဲ့ အချိန်ကလည်း ည ၁၁ နာရီ၊ ၁၂ နာရီလောက် ရှိသွားရော။ အခန်းထဲမှာလည်း သူနဲ့ ကိုကိုနဲ့ နှစ်ယောက်ထဲပဲ ရှိကြတယ်။ ပြီးတော့ သူက ငါ့မောင်ရယ်တဲ့၊ အစ်မကြီး ရင်ခေါင်းထဲက ထိုးထိုးပြီး နာလိုက်တာ၊ ရင်ညွန့်ကို တစ်ချက် နှစ်ချက်လောက် နှိပ်ပေးစမ်းပါ၊ ငါ့မောင်ကို ခိုင်းရတာလည်း အားနာပါရဲ့တဲ့။ ဒီတော့ ကိုကိုကလည်း နှိပ်ပေးရော။ ဒါနဲ့ ရင်ညွန့်ကို နှိပ်ပြီးပြန်တော့ ငါ့မောင်ရယ်တဲ့၊ အစ်မကြီး တစ်ယောက်တည်း မအိပ်ဝံ့လို့ပါတဲ့၊ အစ်မကြီးနဲ့ အတူတူပဲ အိပ်ပါတော့လို့ ဆိုပြီး သူ့ခုတင်ပေါ်မယ် အအိပ်ခိုင်းတာကိုး။ ဒါနဲ့ ကိုကိုလည်း နောက် ၂ ည ၃ ညလောက် ဒီလိုပဲ သူနဲ့ အိပ်အိပ်နေပြီးတော့မှ ဟယ် ငါ မှားကုန်ပါပကောလို့ သတိရပြီး တစ်ခါတည်း ပြန်လာခဲ့ရော။ နောက်လည်း ဒီမိန်းမဆီကို ကိုကို တစ်ခါတည်း မသွားတော့ဘူး။ အဲဒီကတည်းက နောက်ကို ဒီလိုမဖြစ်အောင် ကိုကို သတိနဲ့ နေတာပဲ။ အခု ကိုကို့အပြစ်ကို ကိုကို ဖွင့်ပြောတာက အု စိတ်ထဲက ကိုကို့ကို ခြောက်ပြစ်ကင်းကလေး ထင်နေမှာ စိုးလို့။ ကိုင်း ကိုကို့ကို အပြစ်လွှတ်မယ် ဟုတ်လား'

အုသည် မောင်ဒေဝအား ရင်ဘတ်ကို ခေါင်းနှင့်ကပ်ပြီးလျှင် အပြစ်

လွှတ်ပါသည် ဟူသော သဘောဖြင့် ခေါင်းကလေးကို ညိတ်ကာညိတ်ကာ အားရပါးရ ဖက်ကာ ထားလေသည်။

'ကိုင်း ဒါဖြင့် ဒီအကြောင်း တစ်ခါတည်း ဖျောက်လိုက်ကြစို့။ နောက်ထပ် စဉ်းစားနေရင် အသစ်ဖြစ်ပြီး စိတ်မကောင်းရုံပဲ ရှိမယ်။ တခြား ပျော်ရွှင်ဖို့အကြောင်းကို ပြောကြစို့'

'ကိုကိုရယ်၊ ကိုကို့အပြစ်ကို အု အခွင့်လွှတ်ပါတယ်။ အု အပြစ်ကို ကိုကိုက အခွင့်လွှတ်နိုင်တယ် ဆိုလို့လည်း အု သိပ်ပြီး ဝမ်းသာပါတယ်။ ဒါပေမဲ့ အု အပြစ်ကို မပြောရသေးဘူး။ အုမှာလည်း ပြောပြဖို့ အပြစ် ရှိပါသေးတယ် ကိုကိုရဲ့။ အု အပြစ်ရှိပါတယ်ဆိုတဲ့ အကြောင်းကိုလည်း အစကတည်းက အု တပြောတည်း ပြောနေတာပဲ'

'အင်း အင်း ဟုတ်တယ် ဟုတ်တယ်။ ကိုင်း ပြောစမ်းပါဦး အမိုက်မ လေးရဲ့'

'ကိုကိုက ရယ်နေပေနဲ့ အု အပြစ်က ပေါ့ပေါ့ကလေး မဟုတ်ဘူး နော်။ ကိုကို့အပြစ်လောက်ပဲ ကြီးတယ်။ ကိုကို့အပြစ်ထက် ပိုပြီး ကြီးချင် တောင် ကြီးဦးမှာ'

'ကိုကို့ အပြစ်ထက်တော့ ကြီးနိုင်မယ် မဟုတ်ပါဘူး အုရယ်။ ကိုင်း ပြောပဲ ပြောစမ်းပါဦး'

'ဩော်၊ အု အပြစ်က ကိုကို့အပြစ်ထက် မကြီးနိုင်ဘူးလား။ ဒီလို ဆိုရင်တော့ ကျေးဇူးပါပဲ ကိုကိုရယ်။ ဟုတ်တာပေါ့၊ ကိုကို့အပြစ်ထက်တော့ မကြီးနိုင်ပါဘူး။ ဘာလို့လဲ ဆိုတော့ သဘောတစ်မျိုးတည်းဟာပဲ။ ကိုင်း အု ပြောမယ်။ ကိုကို နားနဲ့မနာ ဖဝါးနဲ့ နာပါ'

စင်စစ်မှာ မောင်ဒေဝ၏ အပြစ်နှင့် အု၏ အပြစ်မှာ ဇာတိသာခြား၊ ဓာတ်မပြားချေ။ မောင်ဒေဝမှာ ယောကျ်ားဖြစ်သည့်အတွက် ကိုယ်ဝန်ဆောင် ရသော တာဝန်မှ ကင်းလွတ်ခြင်းသာလျှင် ထူးသည်။ အမှုကိုယ်သဘောမှာ အရင်းပိုင်းနှင့် အဖျားပိုင်းသာ ဖြစ်သည်။ သူ့အပြစ်မှာ မောင်ဒေဝ အပြစ်

ထက် မဆိုးနိုင်ဘူးဟု မောင်ဒေဝက ပြောသဖြင့် အုသည် ဝမ်းသာအားရ နှင့် ထ၍ပင် ခုန်မိလေသည်။ အုသည် တစ်ဖန် ထိုင်ပြီးနောက် မောင်ဒေဝကို အသာဖက်၍ လက်နှစ်ဖက်ကို သူ့လက်နှစ်ဖက်ဖြင့် ကိုင်ပြီးလျှင် မောင် ဒေဝ၏ နားထင်ကို သူ့နဖူးဖြင့်မှီလျက် မျက်စိကလေးများကို မှေးကာ သူ၏ ဖြစ်ပျက်ခဲ့သမျှသော အကြောင်းတို့ကို နာမောဗုဒ္ဓါ ယသိဒ္ဓါက စ၍ အဆုံးတိုင် အကုန်အစင် ပြန်၍ ပြောပြလေသတည်း။

အုသည် သူ့အဖြစ်အပျက်တို့အား စ လယ် ဆုံး သုံးပါးလုံး ပြောပြီး လေပြီ။ ပြောနေစဉ်တွင် မျက်ရည်လည်း မကျ။ ငိုလည်း မငို။ တုန်လှုပ်ခြင်း လည်း မရှိ။ သူ့အပြစ်ကို သူ ဖော့၍ ပြောချက်လည်း မပါ။ သို့ရာတွင် အပဖြစ်သော အရာဝတ္ထုတို့မှာ တစ်မျိုးတစ်ဖုံ အပြောင်းအလဲကြီး ပြောင်း သွားသည်ဟု ထင်ရလေတော့သည်။ သို့ဖြစ်သော်လည်း စင်စစ်အားဖြင့် စိုးစဉ်းမျှ ပြောင်းလဲသွားခြင်းရှိသည် မဟုတ်ချေ။ အု မှာလည်း မောင်ဒေဝ မှုလကနဦး စ၍ နမ်းရှုပ်စဉ်အခါက ထိုအချိန်တိုင်အောင် သည်အု သည်အု ပင် ဖြစ်လေသည်။ အထည်ဒြပ် ပြောင်းလဲခြင်းမည်သည် မရှိ။ သို့ရာတွင် အတွင်းသဘောမှုကား အပြောင်းလဲကြီး ပြောင်းလဲခဲ့လေပြီ။ အု၏ အတ္တုပ္ပတ် ကို ကြားရပြီးနောက် မောင်ဒေဝသည် သညာကင်းသော သူကဲ့သို့ တွေဝေ လျက် ရှိလေသည်။ ယခင်က အုကို ချစ်ခဲ့၊ ခင်ခဲ့ခြင်းတို့သည် နွေအခါတွင် ချောင်းရေ၊ ရိုးရေတို့ ခန်းခြောက်သွားလေဘိသကဲ့သို့ ရှိလေသည်။ မောင်ဒေဝ သည် မီးစာကို သွား၍ပြင်ခြင်း စသော အဓိပ္ပာယ် မရှိသော အလုပ်ကို လုပ်လျက်ရှိသည်။ အု ပြောချက်တို့သည် ရတ်တရက် အဓိပ္ပာယ် မပေါက် သေးသကဲ့သို့ ရှိလေသည်။ အနည်းငယ် ကြာလာသောအခါ မောင်ဒေဝ မျက်နှာတွင် သွေးမရှိတော့ချေ။ ဘာလုပ်ရ၊ ဘာပြောရမှန်း မသိသဖြင့် မောင်ဒေဝသည် အခန်းထဲတွင် လူးလာခေါက်တုံ့ လျှောက်လျက် ရှိလေ သည်။

'အု ရေ'

ရာပြည့်စာအုပ်တိုက်

'ရှင် ကိုကို၊ အု ရှိတယ်လေ'

'ကိုကိုတော့ ရူးလိမ့်မယ် ထင်တယ်။ အခုတွင်က အု ဘာတွေ ပြောသလဲ။ အု ပြောတာတွေ အမှန်ချည်းပဲနော်။ အု စိတ်နှံ့တယ်နော်။ နှံ့မှာပါပဲလေ။ အု ရေ၊ အချစ်ဆုံးရေ၊ ကိုကို့မယားရေ။ အုကို ကြည့်ရတာ တော့ ဒီလို ဖြစ်လိမ့်မယ်လို့ မထင်ရပါလား အုရယ်။ အသွေးနဲ့ အသွင်နဲ့ ကွာလှချည်လား အုရယ်။ အု စိတ်မနှံ့လို့ ပြောတာ ထင်ပါရဲ့'

'အု စိတ်နှံ့ပါတယ် ကိုကိုရယ်။ အု ပြောတာ အမှန်ချည်းပါပဲ။ အု ကိုကို့အပေါ်မှာ လိမ်မပြောရက်ပါဘူး ကိုကိုရယ်'

'ဒီလိုဆိုရင် အစကတည်းက ကိုကို့ကို အု ပြောဖို့ ကောင်းတယ်။ အေးလေ၊ အု ပြောမယ်တော့ အလုပ်သားပဲ။ ကိုကိုက တားထားလို့ မပြော ရတာပဲ။ အုရေ တစ်ခါဖြင့် ခက်ကြပြီ။ ဘယ့်နှယ် လုပ်ကြမတုံး။ ကိုကိုလည်း ဘာလုပ်ရမှန်း မသိဘူး'

မောင်ဒေဝသည် ဤစကားများကို ပြောသောအခါ အပေါ်ယံပြော မျှသာ ဖြစ်လေသည်။ သူ၏ အတွင်းစိတ်သည်ကား အရပ်ကြီးပြတ် ဖြစ်၍ နေလေပြီ။ မောင်ဒေဝသည် ပြတင်းပေါက်သို့ သွားကာ တံခါးပေါင်ပေါ်တွင် နဖူးတင်လျက် နေလေသည်။ အုသည် အနားသို့ လိုက်သွားပြီးလျှင် မောင် ဒေဝ၏ ခြေသလုံးကို ဖက်ကာ တောင်းပန်လေသည်။

'ကိုကို့ကို အုက အပြစ်လွှတ်သလို အုကိုလည်း ကိုကိုက သနား သဖြင့် အပြစ်လွှတ်ပါ ကိုကိုရယ်'

မောင်ဒေဝသည် စကားပြန်မပေး။ အု တောင်းပန် တိုးလျှိုးနေသည် ကို ကြားမှ ကြားပါလေစ။

'ကိုကို့ကို အုက အပြစ်လွှတ်သလို အုကို ကိုကိုက အပြစ်လွှတ်ပါ ကိုကိုရယ်။ အုကို သနားပါ ကိုကိုရယ်။ အုမှာ ကိုကိုပဲ အားကိုးရှိပါတယ်။ ကိုကို့ကိုလေ အု အပြစ် လွှတ်ပါတယ် ကိုကိုရဲ့'

'ဟုတ်ပါတယ်၊ အုက ပြောတော့ ကိုကို့ကို အပြစ်လွှတ်ပါတယ်။ ဒါပေမဲ့....'

'ဒါပေမဲ့ ကိုကိုက အုကို အပြစ် မလွှတ်ဘူးပေါ့'

'အု၊ ဒီကိစ္စဟာ အပြစ်လွှတ်ရုံနဲ့ ပြီးနိုင်တဲ့ကိစ္စ မဟုတ်ဘူး။ ပြီးတော့လည်း ဒီလို လက်တစ်လုံးကြား လုပ်တာမျိုးကို အပြစ်လွှတ်ရမယ် ဆိုလို့လည်း မဖြစ်နိုင်ဘူး'

မောင်ဒေဝသည် အနည်းငယ် စဉ်းစားပြီးနောက် ဟက်ဟက်ပါအောင် ရယ်လေသည်။

'အုကို သတ်ချင် သတ်လိုက်ပါ ကိုကိုရယ်။ ဒီလိုတော့ မရယ်ပါနဲ့။ အု အခံရ ကျပ်လွန်းလို့ပါ။ အုကို သနားပါ ကိုကိုရယ်၊ အုကို သနားပါ'

မောင်ဒေဝသည် စကားပြန် မပေး။

'ကိုကို ဒီလို ရယ်လိုက်တာဟာ အုရဲ့ စိတ်နှလုံးကို ဘယ်လောက်ထိခိုက်တယ် ဆိုတာကို ကိုကို သိရင်လေ၊ ကိုကိုဟာ ဒီလို ရယ်ရက်မှာမဟုတ်ဘူး။ ဒီလို မရယ်ပါနဲ့ ကိုကိုရယ်၊ အု တောင်းပန်ပါရစေ။ အုလေ ကိုကို့ကို ဘယ်လောက် စိတ်ချမ်းသာအောင် လုပ်ရပါမယ်၊ ဘယ်လို ပျော်အောင် ထားရမယ် ဆိုတာသာ အမြဲ စဉ်းစားနေပါတယ်။ ကိုကို့ကိုများ စိတ်ချမ်းသာအောင် အု လုပ်နိုင်မယ် ဆိုရင် သိပ်ပြီး စိတ်ချမ်းသာမှာပဲ။ ဒီလိုမှ ကိုကို စိတ်ချမ်းသာအောင် အု မလုပ်နိုင်ဘူးဆိုရင် အုဟာ အလကားမိန်းမပဲလို့ အု စိတ်ထဲမှာ အောက်မေ့နေပါတယ် ကိုကိုရယ်'

'ဒါကတော့ ကိုကို သိပါတယ်၊ အထူးပြောဖို့ မလိုပါဘူး'

'ကိုကိုရယ်၊ ကိုကို အုကို ချစ်တယ်ဆိုတာ လူကိုချစ်တာ မဟုတ်လား။ လူကို ချစ်တာလို့ဆိုရင် ကိုကိုဟာ အုအပေါ်မှာ ဒီလို ပစ်ပစ်ခါခါကြီး ပြောဖို့ မထိုက်ပါဘူး ကိုကိုရယ်။ ကိုကို့ကို အု ကြောက်ပါတယ် ကိုကိုရယ်။ ဒီလို မျက်နှာကြီး ထားထားပြီး မပြောပါနဲ့။ အုလေ ကိုကို့ကို စပြီး ချစ်တယ်ဆိုကတည်းက ဘယ်လိုပဲ အပြစ်ရှိရှိ၊ ကိုကို ဘယ်လိုပဲ ပြောင်းလဲသွား

ပြောင်းလဲသွား၊ ရိုးမြေကျပဲ ချစ်တော့မယ်ဆိုတဲ့ သဘောထားနဲ့ ချစ်ပါတယ် ကိုကိုရယ်။ ဘာလို့လဲ ဆိုတော့ အုု အဖို့မှာတော့ ကောင်းလည်း ဒီကိုကိုပဲ၊ ဆိုးလည်း ဒီကိုကိုပဲ ဆိုပြီး သဘောထားလို့ပါ။ အုကလည်း ကိုကိုဟာ အုု ချစ်သလိုပဲ ချစ်စေချင်ပါတယ်။ ဒီတော့ ကိုကိုဟာ အုကို အရင်ကလိုပဲ ဆက်ပြီး ချစ်စေချင်ပါတယ်။ ချစ်ပါလို့လည်း အုု အသနားခံပါတယ်'

'ထူးထူးထွေထွေ ပြောမနေပါရစေနဲ့တော့ အုရယ်။ ကိုကို ချစ်တဲ့ မိန်းမဟာ အုု မဟုတ်ဘူး ဆိုတာကိုပဲ ပြောပါရစေတော့'

'အုု မဟုတ်လို့ ဘယ်သူလဲ ကိုကိုရဲ့'

'အုနဲ့ ရုပ်ရည်တူတဲ့ တခြား မိန်းမတစ်ယောက်ပါ'

အုသည် မောင်ဒေဝ ဆိုလိုသည့် အဓိပ္ပာယ်ကို ရိပ်မိသဖြင့် သာ၍ပင် စိတ်မကောင်း ဖြစ်လေသည်။ မောင်ဒေဝ ယူဆပုံအတိုင်းဆိုလျှင် အုသည် သူ့အပြစ်ကိုသူ တမင် ဖုံးဝှက်ပြီးနောက် မောင်ဒေဝကို လိမ်လည် လှည့်ပတ် ယူသကဲ့သို့ ဖြစ်နေလေသည်။ အုသည် သူ့အဖြစ်ကိုသူ ယူကျုံးမရ ရှိလှသဖြင့် မူးမေ့၍ လဲသွားတော့မလို ဖြစ်လေသည်။

'အုု အသာထိုင်နေ၊ အသာထိုင်နေ။ အုု ကြည့်ရတာ နေမကောင်းဘူး ထင်တယ်' ဟု ပြောကာ မောင်ဒေဝသည် အုအား ဖေးမ ပေးလေသည်။ အုသည် သတိ မရတစ်ချက်၊ ရတစ်ချက်ဖြင့် ထိုင်လိုက်လေသည်။

'ဒါဖြင့် အုဟာ ကိုကို့ပစ္စည်း မဟုတ်တော့ဘူးပေါ့။ အင်း ဟုတ်ပါ တယ်လေ၊ သူ ချစ်တဲ့မိန်းမဟာ ငါ မဟုတ်ပါဘူး၊ ငါ့လို ရုပ်ရည်မျိုးနဲ့ တခြား မိန်းမပါလို့ သူ ပြောနေတာပဲ'

အုသည် ယူကျုံးမရ ဖြစ်ပြီးလျှင် မျက်ရည်ဖြိုင်ဖြိုင် ကျလေသည်။

မောင်ဒေဝသည် အုု ပင်ပန်းကြီးစွာ မျက်ရည်ပေါက်ကြီးငယ် ကျ၍ နေသည်ကို မြင်ရသောအခါ ကရုဏာ သက်မိလေသည်။

'ကိုကို၊ ဒါဖြင့် အုဟာ ကိုကိုနဲ့ အတူတူနေဖို့ မတန်တော့ဘူးပေါ့နော်'

'ကိုကို အခု ဘယ်လိုမှ မပြောတတ်သေးဘူး အုု'

'ဒီလိုဆိုရင် အု ကိုကိုနဲ့ နေပါရစေလို့ နောက်ထပ် မပြောတော့ပါဘူး။ ပြောဖို့ အခွင့်လည်း မရှိတော့ဘူး။ အမေတို့ဆီ၊ ညီမလေးတို့ဆီကို အုနဲ့ ကိုကိုနဲ့ အကြောင်းပါတယ် ဆိုတဲ့ အကြောင်းကိုလည်း စာမရေးတော့ဘူး။ အိပ်ရာခင်း အမြိတ်တပ်ဖို့ ဒေါင်းရုပ်ဇာကိုလည်း ဆက်ပြီး မထိုးတော့ဘူး။ အု ဘာဆိုလို့ ဘာမှ မလုပ်တော့ဘူး။ ကိုကို ဒါကိုလုပ်လို့ ဆိုမှပဲ ကိုကို ခိုင်းတာကို လုပ်တော့မယ်။ ကိုကို တခြားကို သွားတော့မယ် ဆိုရင်လည်း အု မလိုက်ပါဘူး။ ကိုကိုက အုကို စကားမပြောဘဲ နေမယ် ဆိုရင်လည်း အုကို ဘာလို့ စကားမပြောတာလဲ ကိုကိုရယ်လို့ မမေးပါဘူး။ ကိုကိုက မေး ဆိုမှပဲ မေးပါ့မယ်'

'ကိုကိုက ဘာလုပ်ခိုင်းခိုင်း လုပ်မလား'

'ကိုကိုက ခိုင်းမယ်ဆိုရင် "ဟဲ့ မိစာအု၊ နင် လဲသေလိုက်" ဆိုတောင်မှ အု မငြင်းတော့ပါဘူး။ သေပါမယ်။ အု စိတ်ထဲမှာ အုဟာ ကိုကိုရဲ့ ကျွန်ပိုင်လို သဘောထားပါ့မယ်'

'ဒီလိုဆိုရင် အုကို ဘာမှ အပြစ်ပြောစရာ မရှိပါဘူး။ ဒါပေမဲ့ အခု အုရဲ့ ကိုယ်ကျိုးစွန့်တဲ့ သဘောထားနဲ့ အရင်က အုရဲ့ ကိုယ်ရေးကြည့်တဲ့ သဘောထားနဲ့တော့ ကွာလှချည်လား'

အုသည် မောင်ဒေဝက ဘယ်လိုသဘောနှင့် ရည်ရွယ်၍ ပြောသည်ကို သဘောမပေါက်။ မောင်ဒေဝသည် စိတ်ဆိုးနေ၍သာ ထိုကဲ့သို့ သူ့အပေါ်တွင် မသာယာသော စကားကို ပြောသည် ဟုသာ အောက်မေ့ပြီးလျှင် ငိုက်ဆိတ်စွာ နေလေသည်။ ထိုအခိုက်တွင် မောင်ဒေဝ၏ မျက်လုံးများမှ မျက်ရည်တို့သည် ပါးတစ်လျှောက်သို့ တွေတွေ တွေတွေနှင့် ကျဆင်းလျက်ရှိလေသည်။ မောင်ဒေဝသည် ဘယ်လိုကြံရမည် မသိ။ တစ်ခုခုတော့ လုပ်မှ ဖြစ်မည်။ ဘာကို လုပ်ရမည်နည်း။

'အုရေ၊ ဒီအခန်းထဲမှာ ကိုကို ရှိနေလို့ မဖြစ်တော့ဘူး။ ကိုကို အပြင်ကို ခဏ ထွက်လျှောက်လိုက်ဦးမယ်'

အုသည် ဘာမျှ စကားမပြန်။ သူ့စိတ်ကူးနှင့်သူ ရစ်ပတ်နေသဖြင့် ကြားမှ ကြားပါလေစ။ မောင်ဒေဝသည် ဖြည်းညင်းစွာ ထွက်၍သွားလေသည်။ မောင်ဒေဝ လှေကားသို့ ဆင်းသောအခါမှ အုသည် သတိရ၍ ကပျာကယာ ရှောစောင်ကို ခြုံပြီးလျှင် မောင်ဒေဝ နောက်မှ မယောင်မလည် လိုက်သွားလေသည်။ မောင်ဒေဝ၏ စိတ်ထဲတွင် ဘာကိုလုပ်၍ ဘယ်ကို သွားမည် ဆိုသောအကြံ မရှိ။ စိတ်မငြိမ်တိုင်း ခြေဦးတည့်ရာသို့ လျှောက်၍ သွားလျက် ရှိလေသည်။ အုသည် မောင်ဒေဝ၏နောက်မှ အသာကလေး လိုက်သွားလေသည်။ မောင်ဒေဝသည် ခြေသံကြားသောအခါ လှည့်ကြည့် လေသည်။ သို့ရာတွင် အုမှန်း သိသောအခါ ဘာမျှ မပြောဘဲနှင့် ဆက်၍ သွားမြဲ သွားလေသည်။ အုသည် မောင်ဒေဝ၏နောက် မနီးမဝေးမှ ပါသော် လည်း မောင်ဒေဝကို စကားပြောရန် အကြံမရှိ။ မောင်ဒေဝ မျက်စိအောက်က ပျောက်မသွားစေရန်သာ လိုက်သွားခြင်း ဖြစ်လေသည်။ နောက်ဆုံးတွင် အုသည် မောင်ဒေဝကို မီ၍ ဘေးချင်းယှဉ်ကာ ရပ်နေလေသည်။ သို့ရာတွင် မောင်ဒေဝက ဘာမျှ စကားမပြော။ သူ့ဟာသူ စဉ်းစားမြဲသာ စဉ်းစားလျက် ရှိလေသည်။

'ကိုကိုရယ်၊ အု ကိုကို့အပေါ်ကို လိမ်လည်လှည့်ဖြားတာ မဟုတ်ပါဘူး။ ကိုကို့အပေါ်မှာ အု ဘယ်အခါကမှ မကောင်းတဲ့စိတ်လည်း မထားခဲ့ပါဘူး။ အုဟာ ကိုကို့အပေါ်မှာ လိမ်တယ်၊ ကောက်တယ်လို့ ကိုကို ထင်ရင် ကိုကို မှားမှာပဲ။ အုဟာ ကိုကို့ကို တကယ်ချစ်တယ်၊ မချစ်ဘူးဆိုတာ ကိုကို စဉ်းစားကြည့်ရင် သိနိုင်ပါတယ်'

'အုဟာ ကိုကို့အပေါ်မှာ မလိမ်မကောက်ဘူး ဆိုတာလည်း ဟုတ်ပါတယ်။ ဒါပေမဲ့ တော်ပါ အုတယ်။ ဒီစကားတွေ ဆက်ပြီး ပြောမနေပါနဲ့။ ကိုကို အုကို အပြစ်တင်စကား ပြောနေရပါ့မယ်။ အုကို အပြစ် ဘာမှ မပြောတော့ဘူးဆိုပြီး ကိုကို စိတ်ပိုင်းဖြတ်ထားတယ်။ ပိုင်းဖြတ်ထားတဲ့ အတိုင်းလည်း ကိုကို ရှောင်နိုင်သမျှ ကြိုးစားပြီး ရှောင်ပါရစေတော့'

အုသည် အလွန့်အလွန်ကြီး စိတ်မကောင်းဖြစ်လျက် ရှိသည့်အခါ ဖြစ်သောကြောင့် မပြောရမည့်စကား၊ ပြောရမည့်စကား မရွေးဘဲ သူ့စိတ်ထဲမှာ ပေါ်လာသည့်အတိုင်း တောင်းပန်စကား ပြောလေသည်။

'ကိုကိုရယ်၊ ဟိုတုန်းက ဖြစ်ရတုန်းက အုဟာ ကလေးပဲ ရှိပါသေးတယ်။ ယောကျ်ားတွေအကြောင်း ဆိုလည်း ဘာမှ မသိသေးပါဘူး'

'ဒါတွေ အထူးပြောနေဖို့ မလိုပါဘူး။ အု အပြစ်ဟာ အုက လုပ်ရတဲ့ အပြစ် မဟုတ်ဘဲ၊ သူများက လုပ်လို့ အုမှာ ခံရတဲ့အပြစ်ဆိုတာ ကိုကို သိပါတယ်'

'ဒါဖြင့် အုကို အပြစ်လွှတ်ပါလား ကိုကိုရယ်'

'အုကို ကိုကို အပြစ်လွှတ်ပါတယ်။ ဒါပေမဲ့ အပြစ်လွှတ်တာနဲ့ မပြီးသေးဘူး'

'အပြစ်လွှတ်ပြီးတော့ ချစ်မြဲတိုင်း ဆက်ချစ်ပါတော့ ကိုကိုရယ်'

မောင်ဒေဝသည် ချစ်ဖို့အကြောင်းနှင့် ပတ်သက်၍မူကား စကားပြန်မပေး။

'ကိုကိုရယ် သူများတွေလည်း ဒီလိုပဲ ဖြစ်ကြတာပါပဲလို့ အမေက ပြောပါတယ်။ တချို့များ အုထက်တောင် ဆိုးပါသေးတယ်တဲ့။ ဒါပေမဲ့ သူတို့ယောကျ်ားတွေက ဗွေမယူကြပါဘူးတဲ့။ ပြီးတော့လည်း အဲဒီမိန်းမတွေက သူတို့လင်ကို သူတို့ အခု အုက ကိုကို့ကို ချစ်သလိုတောင် မချစ်ကြပါဘူးတဲ့'

'အုရယ်၊ ကိုကို့ကို ဆင်ခြေပေးမနေပါနဲ့တော့။ လူဆိုတာ အမျိုးမျိုးရှိတယ်။ သဘောထား အယူအဆလည်း အမျိုးမျိုး ရှိတာပဲ။ တချို့ ကိုယ့်မယားကိုကိုယ် မကောင်းတဲ့ အလုပ်တောင် အလုပ်ခိုင်းကြတဲ့ လူမျိုးတောင်မှ ရှိကြသေးတာပဲ။ တချို့ ရာထူးတိုးဖို့၊ လခတိုးဖို့၊ ဘွဲ့ထူး ဂုဏ်ထူးရဖို့ ဆိုင်ရာ ဆိုင်ရာကို မယားနဲ့ လက်ဆောင်ထိုးတဲ့ လူမျိုးတွေတောင် ရှိကြသေးတယ် ဆိုတာတွေကို ကိုကို သိပါတယ်။ ဒါပေမဲ့ ကိုကို့စိတ်က သူများနဲ့

တူတာမှ မဟုတ်ဘဲ။ ကိုကိုက ကိုကိုယူတဲ့ မယားဆိုရင် ကလပ်ပေါ်မှာတင်ပြီး ကိုးကွယ်နေချင်တာ။ ဒီတော့ သူများ ဖြစ်တာတွေနဲ့ နှိုင်းနှိုင်းပြီး ပြောနေလို့ အလကား နေမှာပဲ။ ဒီလိုပြောနေရင် ကိုကိုဟာ အုအပေါ်မှာ တောသူမမို့လို့ ဒီလို ပေါ့ဆဆ ယူတယ်ဆိုပြီး ပိုပြီး အထင်အမြင် သေးလာဖို့ ဖြစ်ပါမယ်။ အုဟာ အခု ကိုယ့်ဟာကိုယ် ဘာပြောလို့ ဘယ်ရောက်မှန်း သိတာ မဟုတ်ဘူး'

'အုဟာ တောသူမ ဆိုပေမဲ့ ဆင်းရဲလို့ ဖြစ်နေရတဲ့ တောသူမပါ။ မူလစရိုက်ကြောင့် ဖြစ်နေရတဲ့ တောသူမ မဟုတ်ပါဘူး ကိုကိုရယ်'

'အဲဒါကြောင့် သာပြီး ဆိုးတာပေါ့။ ဟို ရာဇဝင်ဆရာဟာ ဘယ်သူလဲ။ ဆရာညိုလား၊ ဘာလား။ သူကသာ အစကတည်းက ပန်းသာဆက် ရာဇဝင်ကို ဖော်မပေးရင် ကောင်းချင် ကောင်းဦးမှာ။ တော်ပါတော့ အုရယ်၊ ကိုကို့စိတ်ထဲ ရှိတဲ့အတိုင်း နောက်ထပ်ပြောရရင် မကောင်းဘဲ နေပါ့မယ်။ မျိုးရိုးဟောင်းလို့ အုဟာ စရိုက်က မခိုင်တာပေါ့။ ကိုကို့စိတ်ထဲမှာ အစဦးတုန်းကတော့ တောကြီးခေါင်ခေါင်မှာ မျိုးသစ်မျိုးလတ်ထဲက ပေါက်ဖွားတဲ့ သူငယ်မပဲလို့ အောက်မေ့မိတယ်။ အစသတ်တော့ မျိုးအို နောက်ကျသမီး ဖြစ်နေတာကိုး'

'ကိုကိုရယ်၊ အု တစ်ယောက် မကောင်းတာနဲ့ မျိုးရိုးကို ပုတ်ခတ် မပြောပါနဲ့။ ဒီလိုပြောမယ်ဆိုရင် နန်းစိန်တို့ အမျိုးဟာလည်း ဒီလိုပဲ ရှေးက ကောင်းစာခဲ့ဖူးတာပါပဲ။ တခြား ဒီလို ရှေးက ကောင်းစားခဲ့ဖူးတာတွေလည်း အများကြီးပဲ ရှိကြတာပါပဲ။ မျိုးရိုးဟောင်းတာနဲ့ စရိုက်ပါ ယုတ်ညံ့ရမယ်လို့ မထင်ထိုက်ပါဘူး။ တကယ်ဆိုတော့ မျိုးဟောင်း ဆွေဟောင်းထဲ ဝင်စားမိတာဟာ အု တတ်နိုင်တဲ့ အလုပ်မှ မဟုတ်ဘဲနဲ့။ ဒီနယ်တစ်ဝိုက်လုံးမှာ ဒီလို မျိုးဟောင်း ဆွေဟောင်းထဲက အများကြီး ရှိပါတယ်'

'အဲဒါကြောင့် ဒီနယ်တစ်ဝိုက်ဟာ သာပြီး ဆိုးတာပေါ့'

အုသည် မောင်ဒေဝက ငါ့ကို ဘယ်လို ဘယ်လို သူ ဆိုတာပဲဟု

ခွဲခြမ်း၍ မှတ်သားခြင်း မပြုဘဲ မောင်ဒေဝသည် သူ့ကို အလျင်က ချစ်သလို မချစ်တော့ဘူး ဟုသာ ယူဆလေသည်။

မောင်ဒေဝသည် စကားမပြောဘဲ ဆက်လက် လျှောက်သွားမြဲ လျှောက်သွားပြန်ရာ အုလည်း နောက်မှ ဘာမျှမပြောဘဲ တကောက်ကောက် လိုက်သွားလေသည်။

'ဒါဖြင့်ရင် ကိုကိုဟာ အု ရှိနေသမျှ ဒီဘဝမှာ စိတ်ချမ်းသာတော့မှာ မဟုတ်ဘူးပေါ့။ ဒီလိုဆိုရင်လည်း ဟောဟိုချောင်းထဲ သွားပြီး အုကိုယ်အု အစတုံး စီရင်လိုက်မယ်။ အု သေရမှာ မကြောက်ပါဘူး'

'တော်ပါ မယ်မကြီးမ၊ ကျုပ်မှာ ကျုပ်အမှားနဲ့ ကျုပ် အလိုလိုမှ စိတ်မကောင်းနေရတဲ့ အထဲမှာ နောက်ထပ် လူသတ်မှုနဲ့ အဖမ်းခံရအောင် လုပ်တော်မမူပါနဲ့'

'အုဟာအု စိတ်ညစ်လို့ သတ်သေတယ်ဆိုပြီး စာရေးထားခဲ့မှာပေါ့။ ကိုကို့ကို ဘယ်သူကမှ ဘာမှ မပြောနိုင်အောင်လေ'

'တော်စမ်းပါ အုရယ်။ အု ဒီလိုသေတယ်ဆိုလို့လည်း ဘယ်သူမှ သနားမှာ မဟုတ်ပါဘူး။ ရှုပ်လှပွေလှတဲ့ ကောင်မ၊ သေတာက ကောင်းတယ် ပြောပြီးတောင် ရယ်ကြဦးမှာပါ။ အုဟာအု အေးအေးသေရင်တော့ ကောင်းပါရဲ့။ တော်တော်ကြာတော့ ကိုကိုပါ ကျွန်ဝယ်ရာ အဆစ်လိုက်ပြီး သူများ အလှောင်အပြောင် ခံရဦးမယ် ဆိုရင်တော့ နေရာမကျဘူး။ ဒီတော့ တွေ့ကရာတွေ လျှောက်ပြောမနေဘဲ တစ်ဆိတ် ကျေးဇူးပြုပြီး ပြန်ပြီး အိပ်ချေ ပါတော့လို့ တောင်းပန်ပါရစေ'

'ကိုကို ပြန်စေချင်ရင် အု ပြန်ပါ့မယ်'

အုသည် တိုက်သို့ ပြန်ခဲ့ပြီးလျှင် အခန်းထဲသို့ ဝင်၍ အဝတ်အစား လဲကာ အိပ်ရာကို ပြင်လေသည်။ ပြီးလျှင် အိပ်ရာအစွန်းတွင် တင်ပါးလွှဲ ထိုင်ပြီးနောက် ကြမ်းပေါ်ကို ငေး၍ ကြည့်နေလေသည်။ အုသည် နောက်ထပ် ကြောက်ဖို့လည်း မကျန်တော့သည် တစ်ကြောင်း၊ မောင်ဒေဝသည် စိတ်ပြေ

လိမ့်မည်ဟု မျှော်လင့်ဖွယ် မရှိတော့သည်လည်း တစ်ကြောင်းကြောင့် စိတ်နှလုံးကို တုံးတုံးချကာ အိပ်ရာပေါ်တွင် လှဲလိုက်ရာ မကြာမီပင် အိပ်ပျော်ခြင်းသို့ ရောက်လေသည်။

အု အိပ်ပျော်ပြီးနောက် အတော်ကလေး ကြာသောအခါ မောင်ဒေဝသည် မချိသော မျက်နှာထားဖြင့် ပြန်ရောက်လာလေသည်။ မောင်ဒေဝသည် ခြေဖျားထောက်ကာ တိုက်ပေါ်သို့ တက်ပြီးလျှင် အိပ်ခန်းသို့ သွား၍ကြည့်ရာ အုသည် အိပ်ရာပေါ်တွင် ကျကျနန မဟုတ်ဘဲ ကန့်လန့်ကြီး အိပ်ပျော်နေသည်ကို တွေ့ရလေသည်။ မောင်ဒေဝသည် အိပ်ခန်းထဲသို့ မဝင်ဘဲ အောက်ထပ်သို့ ဆင်းပြီးလျှင် ကွပ်ပျစ်ကြီးပေါ်တွင် တဘက်တစ်ခုကို ခင်း၍ စဉ်းစားရင်း စိတ်ပန်း ကိုယ်ပန်းနှင့် အိပ်ပျော်ခြင်းသို့ ရောက်လေသည်။

မောင်ဒေဝသည် မိုးမလင်းတလင်းတွင် အိပ်ရာက နိုးလေသည်။ ထမင်းစားပွဲပေါ်တွင် ညက သူနှင့် အုတို့ သောက်ဖို့ ဖျော်ထားသော လက်ဖက်ရည် နှစ်ခွက်လည်း အပေါ်ရည်များ တင်းလျက် အရာမယွင်းဘဲ ရှိလေသည်။ အခန်းထဲ၌ အခြားပစ္စည်းများမှာ ပွလျက်ရှိပြီးလျှင် "နေကြစမ်းပါဦး၊ အခု ဘယ်လို ဖြစ်နေကြတာတုံး" ဟု မေးနေကြသကဲ့သို့ ထင်ရလေသည်။ မောင်ဒေဝသည် အပေါ်ထပ်သို့ နားစွင့်၍ ထောင်သော်လည်း အု အိပ်ရာမှ ထ သံ မကြားရချေ။ စိတ်မချမ်းမြေ့သော သူတို့သည် စိတ်သက်သာရာရစေခြင်း အကျိုးငှာ ဟိုအလုပ်၊ သည်အလုပ် စသော တောက်တိုမည်ရ အလုပ်တို့ကို ခါတိုင်းထက်ပို၍ လုပ်လေ့ရှိသည့်အတိုင်း မောင်ဒေဝသည် တိုက်အိုကြီးသို့ ရောက်ပြီး နောက်တစ်နေ့ မနက်တွင် အထူးဝီရိယ ကောင်းလျက် ရှိလေသည်။ မောင်ဒေဝ အိပ်ရာမှနိုး၍ မျက်နှာသစ်ပြီးခါစတွင် တောင်သူကြီး၏ မိန်းမသည် နွားနို့ယူ၍ လာလေသည်။ မောင်ဒေဝသည် အုနှင့် သူ၏ပြဿနာကို မဖြေဖြတ်ရမီ အတွင်း၌ သူတို့အနီးတွင် လူစိမ်းသူစိမ်းရှိလျှင် တော်မည် မဟုတ်သည်ကို သိသဖြင့် နွားနို့ပို့လာသော မိန်းမကြီးအား နို့ပုံးကို အပြင်မှာပဲ ထားခဲ့ရန် ပြောပြီးနောက် အခြား ကူညီ

လုပ်ကိုင်စရာ အလုပ်များကိုလည်း သူတို့ လင်မယားပင် လုပ်တော့မည်ဟု ပြောက လွှတ်လိုက်လေသည်။ မိန်းမကြီး ပြန်သွားသည်နှင့် တစ်ပြိုင်နက် မောင်ဒေဝသည် နွားနို့ပုံးကို ဆွဲပြီးလျှင် မီးဖိုထဲသို့ သွားလေသည်။ မီးမွေးခြင်း၊ ရေနွေးတည်ခြင်း၊ နွားနို့ကျိုခြင်း စသော အလုပ်တို့ကို ကောက်ကာငင်ကာ တစ်ခုပြီးတစ်ခု လုပ်ပြီးလျှင် ကော်ဖီဖျော်လေသည်။ မီးဖိုမှ မီးခိုး တလူလူ ထွက်နေသည်ကို မြင်ကြသောအခါ အနီးအနားရှိ လူတို့က သြော် သူတို့ လင်မယားနှစ်ယောက်ဟာ တယ်ပျော်ကြမှာပဲဟု ထင်ကြပေမည်။ ကော်ဖီပွဲကို ထမင်းစားခန်း၌ ကျကျနန ပြင်ပြီးလျှင် ညှော်သည်ကို ပြောသော အပြောမျိုးဖြင့် 'ကော်ဖီ ဖျော်ပြီးပြီ' ဟု အုအား အပေါ်ထပ်သို့ လှမ်း၍ ပြောလိုက်လေသည်။ အုကို လှမ်း၍ပြောပြီးနောက် မောင်ဒေဝသည် အပြင်ကို ထွက်၍ လမ်းလျှောက်ကာ နေလေသည်။ သူ ပြန်၍ ဝင်လာသောအခါ အုမှာ စားပွဲတွင် ရောက်လျက်ရှိပြီးလျှင် ကော်ဖီပန်းကန်များကို အနေအထား ကျနအောင် ဟိုကဟာ သည်ရွှေ့၊ သည်ကဟာ ဟိုရွှေ့ ရွှေ့လျက် ရှိလေသည်။ အုသည် ခေါင်းဖြီးပြီး၊ အဝတ်အစားလဲပြီး အဆင်သင့်ဖြစ်လျက် ရှိသဖြင့် မောင်ဒေဝနှင့် မရှေးမနှောင်းပင် အိပ်ရာကနိုးလျက် ရှိဟန်တူသည်။ အုသည် ဆံပင်ကို မခို့တရို့ နောက်တွဲထုံးလျက် မျက်နှာမှာ ညှိုးညှိုးငယ်ငယ် ရှိလေသည်။ မောင်ဒေဝသည် သူ့အပေါ်တွင် ညဦးကထက် စကား အပြောအဆို ယဉ်ကျေးလျက် ရှိသည်ကို တွေ့သဖြင့် အုသည် အားအနည်းငယ် တက်မိလေသည်။ သို့ရာတွင် မောင်ဒေဝ၏ မျက်နှာထားကို ကြည့်လိုက်သောအခါ ထိုသို့ ခဏပန်း အားတက်မိခြင်းသည် ပျောက်ပျက်ခြင်းသို့ ရောက်လေသည်။ အုနှင့် မောင်ဒေဝတို့မှာ တိုက်အိုကြီးသို့ ရောက်ခါစကကဲ့သို့ အချစ်မီး ထိန်လင်းခြင်း မရှိဘဲ ပွဲပြီး မီးသေ ဖြစ်လျက် ရှိကြလေသည်။ ယခင်ညက အရှိန်ပြင်းစွာ ပူလောင်ခြင်းတို့သည် စိတ်နှလုံး မသာယာခြင်း အဖြစ်သို့ ရောက်လျက် ရှိလေပြီ။ သူတို့ နှစ်ယောက်လုံး၏ အချစ်မီးလျှံသည် ပြန်၍ ထွန်းတောက်နိုင်ဖွယ် မထင်ရတော့ချေ။ အုသည် မောင်ဒေဝနားသို့ မရဲတရဲ

နှင့် ကပ်ပြီးလျှင် ‘ကိုကို’ ဟု ချိုချိုကလေး ခေါ်ပြီးနောက် မောင်ဒေဝအား ရုပ်တရားမှ ရှိပါလေသေးသလားဟု သိလိုလေဟန်ဖြင့် လက်ကလေးနှင့် မောင်ဒေဝ၏ ပခုံးစွန်းကို အသာကလေး ကိုင်ကြည့်လေသည်။

အုသည် အမြင်အားဖြင့် အလွန်လျှင် ဖြူစင်သန့်ရှင်း၍ ပြကတေ့သော တင့်တယ်ခြင်းနှင့် ပြည့်စုံလှရကား မောင်ဒေဝသည် အုအား အသေအချာ စိုက်၍မကြည့်ဘဲ မနေနိုင်အောင် ဖြစ်၍ နေလေသည်။

‘အု’

‘ရှင်၊ ကိုကို’

‘အု ပြောတာတွေဟာ မဟုတ်ဘူးနော်၊ အလကား ပြောတာနော်’

‘ဟုတ်ပါတယ် ကိုကိုရဲ့၊ အု အလကား ပြောတာ မဟုတ်ပါဘူး’

‘အကုန်လုံး ဟုတ်တယ်လား’

‘အကုန်လုံးကိုပဲ ဟုတ်ပါတယ်’

မောင်ဒေဝသည် အုအား ‘အုရယ်၊ မဟုတ်ဘူးလို့ ပြောပါ အုရယ်။ ကိုကိုလေ အုက မဟုတ်ဘူး တစ်ခွန်းတည်းပဲ ပြောရင် ဟုတ်ပေမဲ့ မဟုတ်ဘူး လို့ပဲ ယုံပါမယ်’ ဟု တောင်းပန်သော မျက်နှာထားနှင့် ကြည့်ကာ နေလေသည်။

‘ဟုတ်ပါတယ် ကိုကိုရဲ့၊ အု လိမ်မပြောပါဘူး’

‘အနို့၊ သူ အခု ရှိသေးသလား’

‘ကလေးကတော့ သေသွားတယ်’

‘အနို့ သူတော့ကော....’

‘သူတော့ ရှိသေးတယ်’

‘သူ ဒီမှာပဲ ရှိလား’

‘ဒီမှာဆိုတာ ဘယ်မှာ ပြောတာလဲ’

‘မြန်မာပြည်မှာလေ’

‘ဟုတ်ကဲ့၊ မြန်မာပြည်မှာပဲ ရှိပါတယ်’

'အင်း၊ ဒီတော့ သာခက်တာပဲ အု။ အုကို ကိုကို ယူတဲ့ ဥစ္စာဟာ မိဘစကားကို ဖယ်ရှားပြီးတော့ ပိုက်ဆံကြေးငွေရှိပြီး ဂုဏ်သရေရှိတဲ့အထဲက မယူဘဲ တောသူမ ရိုးရိုးဖြောင့်ဖြောင့်ကလေး ရလိမ့်မယ် ထင်လို့ ယူမိတာ။ အခုတော့ တော်ပါပြီ အုရယ်။ ကိုကို ရှေ့လျှောက်ပြောနေရရင် အုကို အပြစ်တင်တာနဲ့ တူနေပါလိမ့်မယ်။ အပြစ်လည်း မတင်ချင်ပါဘူး'

မောင်ဒေဝသည် ရှေ့ကို ဆက်၍ မပြောတော့။ သို့သော် အုသည် အရိပ် ပြသည်နှင့် တစ်ပြိုင်နက် အကောင် ထင်လေပြီ။ မောင်ဒေဝ သူ့ကို ယူရသည်မှာ ဘယ်ဘက်ကမှ အမြတ်မပေါ်ဘဲ အဘက်ဘက်က အရှုံးခံ၍ ယူရခြင်း ဖြစ်သည်ကို သိသောအခါ အုမှာ သာ၍ပင် စိတ်မကောင်း ဖြစ်လေသည်။

'ဒါဖြင့်လည်း ကိုကိုရယ်၊ အုကို ကွာလိုက်ပါလား'

'ဩော် ကွာတယ် ဆိုတာက ပြောတော့ လွယ်တယ်။ အကြောင်းမဲ့ ကွာပစ်တယ် ဆိုပြန်တော့လည်း လူကြားလို့ ကောင်းနိုင်မလား အုရဲ့'

'အုမှာ အပြစ်ရှိလို့ ကွာတယ်ဆိုပြီး အု အပြစ်ကို ဖော်ပြောတာ ပေါ့'

'ဒီတော့လည်း မင်း အစက မသိဘူးလားဆိုပြီး ကိုကို့ကိုပဲ သူများ တွေက အပြစ်တင်ကြဦးမှာပေါ့။ ပြီးတော့လည်း အုရဲ့ အပြစ်ကို ဘယ့်နှယ် နည်းနဲ့မှ ကိုကို ဖော်ပြီး မပြောရက်ပါဘူး။ ပြောရင် တစ်နည်းတော့လည်း ကိုယ့်ပေါင် ကိုယ်လှန်ထောင်းသလို ရှိမှာပဲ'

'အု စိတ်ထဲမှာတော့ ကိုကို သဘောမကျတဲ့နေ့မယ် အုကို ကွာပစ် နိုင်တာပဲ၊ ဒီတော့ ဘာအရေးကြီးသလဲလို့ အောက်မေ့မိတယ်'

'မိန်းမကို ယူချင်သလို ယူပြီး ကွာချင်သလို ကွာပစ်တဲ့ လူမျိုးဆိုရင် အု ပြောတာ ဟုတ်တာပေါ့။ ကိုကို့စိတ်က သူများစိတ်နဲ့ မတူလို့ ခက်နေတာ'

'အို ဒီလိုဆိုရင် ညကပဲ ကိစ္စပြီးအောင် လုပ်ပစ်လိုက်ရင် ကောင်း မှာပဲ။ အု မလုပ်ရဲတာနဲ့ နေလိုက်တာ'

'ဘာကို မလုပ်ရဲတာလဲ'

အုက စကားပြန် မပေးသောအခါ မောင်ဒေဝသည် အု၏လက်ကို ကိုင်၍ 'မေးတာ ပြောစမ်းပါ၊ ဘာကို မလုပ်ရဲတာလဲ' ဟု မေးလေသည်။

'ကိုယ့်ကိုယ်ကို အစတုံး စီရင်ဖို့ပေါ့'

'ဘယ်တုန်းကလဲ'

'ညတုန်းကပေါ့'

'ဘယ်မှာလဲ'

'အိပ်ခန်းထဲမှာ၊ အိပ်ရာလိပ် ချည်တဲ့ ကြိုးနဲ့ပေါ့'

'သြော် ခက်တော့တာပဲ၊ ဘာလို့ ဒီလို မတော်တရော် ကြံရတာလဲ'

'လောကကြီးမှာ အု နေလို့ ဘာထူးတော့မှာလဲ။ နောက်ဆုံး အု မလုပ်ဖြစ်တာက ကိုယ့်ကိုယ်ကို သူများတွေက ကဲ့ရဲ့စရာ ဖြစ်နေမှာ စိုးတာနဲ့ပဲ မလုပ်ဖြစ်တာ'

'အုကို ကိုကို တစ်ခါတည်း ပြောထားမယ်။ နောက်ကို ဘယ်တော့မှ မကြံပါနဲ့။ အုဟာ ကိုကို့မယား။ ဒီတော့ ကိုကို ပြောတာကို အု နားထောင်ရမယ်။ မှတ်ထား'

'ဟုတ်ကဲ့၊ နောက်ကို အု ဘယ်တော့မှ မကြံပါဘူး။ အု မိုက်မိပါတယ်'

'မိုက်မိရုံတင် မဟုတ်ဘူး။ ဒီလို ကြံတယ် ဆိုတာ အုဖို့လည်း မကောင်းဘူး'

'သြော် အုကတော့ အုအတွက်ကို ဖယ်ထားပြီး ကိုကို စိတ်ချမ်းသာမလားလို့ ကြံတာပဲ။ တကယ် တွေတွေဆိုင်ဆိုင်ကျတော့ ကိုယ့်ကိုယ်ကို သတ်သေဖို့ ဆိုတာဟာ မလွယ်ဘူး။ အုလည်း မသတ်ရဲပါဘူး။ ကိုကိုက ကူပြီး သတ်ပေးရင်တော့ အု သိပ်ပြီး ဝမ်းသာမှာပဲ။ နို့မို့ရင် ကိုကို့မှာ အုအတွက် တာဝန်ကြီး ဖြစ်နေမယ်'

'ဆိုလေ ကဲလေ မန်းလေ ပြလေ လုပ်မနေပါနဲ့'

'ကိုကို မကြိုက်ဘူးဆိုရင် အု မလုပ်ပါဘူး။ အုမှာ အု အလိုရယ်လို့ တခြား မရှိပါဘူး။ ကိုကို့အလိုပဲ ရှိပါတယ်'

အုသည် စားပွဲပေါ်တွင် ဟိုပန်းကန် သည်ရွှေ့၊ သည်ပန်းကန် ဟိုရွှေ့ လုပ်ကာ နေလေသည်။ သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်ရမှာ ကြောက်ကြသည့်အလား စားပွဲတစ်ဖက်တွင် ဘေးချင်း ယှဉ်ကာ ထိုင်ကြလေသည်။ မောင်ဒေဝမှာ မတွေ့ချင် မြင်ချင်လျက်သား ဆိုသကဲ့သို့ ဖြစ်လျက်ရှိသဖြင့် အုကို သူက မတွေ့ချင်သော်လည်း စိတ်က မြင်ချင်လျက် ရှိလေသည်။ နှစ်ယောက်စလုံးသည် လက်ဖက်ရည်ကို "စတိ" သောက်ကြပြီးလျှင်၊ မောင်ဒေဝသည် လက်ဖက်ရည် သောက်ပြီးသည်နှင့် တစ်ပြိုင်နက် ဆယ့်တစ်နာရီလောက်တွင် မနက်စာ စားမည်ဟု ပြောပြီးလျှင် နှမ်းအကြောင်း၊ ပြောင်းအကြောင်း စုံစမ်းရန် သွားဦးမည်ဟု ပြောကာ ထွက်သွားလေသည်။ မောင်ဒေဝ ထွက်သွားသောအခါ အုသည် ပြတင်း ပေါက်မှ မျှော်ရင်း ကျန်ရစ်လေသည်။ မောင်ဒေဝသည် ခပ်လှမ်းလှမ်းရှိ ချောင်းကူးတံတားကို ကျော်၍ မျက်ခြည်ပြတ်သွားသောအခါ အုသည် အခန်း ထဲရှိ ရှင်းစရာ၊ လင်းစရာ ရှိသည်များကို စ၍ ရှင်းလင်းလေသည်။

တောင်သူကြီး၏ မိန်းမသည် အု ထမင်းဟင်း ချက်ပြုတ်ရာတွင် လာရောက် ကူညီလေသည်။ အစတွင် လူစိမ်းတစ်ယောက် ရှိလျှင် သူ အနေရကျပ်မည် ထင်သော်လည်း စင်စစ်အားဖြင့် အုမှာ တောင်သူကြီး မိန်းမ လာရောက် ကူညီပေးသည့်အတွက် စိတ်ပျော် လက်ပျောက်ပင် ရှိလေသည်။ ဆယ့်တစ်နာရီ အချိန်တွင် မောင်ဒေဝသည် ပြန်လာလေသည်။ အုသည် ပြတင်းပေါက်မှ မျှော်နေရင်း မောင်ဒေဝ လာသည်ကို မြင်သည်နှင့် တစ်ပြိုင်နက် မီးဖိုထဲမှ ထမင်းဟင်းတို့ကို ခူးခပ်ပြီးလျှင် ထမင်းစားပွဲ၌ အသင့်ပြင်ဆင်၍ ထားလေသည်။ မောင်ဒေဝသည် ရောက်လာသည်နှင့် တစ်ပြိုင်နက် မီးဖိုထဲသို့ဝင်၍ သူတို့ ရောက်သည့်နေ့က အတူတူ လက်နှိုက်

ရာပြည့်စာအုပ်တိုက်

ဆေးကြသည့် ဇလုံထဲတွင် လက်ဆေးပြီးနောက် ထမင်းစားပွဲသို့ လာလေသည်။

'တယ်ပြီး အချိန်မှန်ပါလား'

'ဟုတ်ကဲ့၊ ကိုကို ပြန်လာတာ အုု မြင်တာနဲ့ အဆင်သင့် ချထား တယ်'

မောင်ဒေဝသည် နှမ်းအကြောင်း၊ ပြောင်းအကြောင်းကို စိတ်မပါ၊ လက်မပါ ပြတ်တောင်းပြတ်တောင်း ပြောရင်း ထမင်းစားလေသည်။ ထမင်း စားပြီးနောက် တစ်နာရီခန့် အတွင်း၌ပင် မောင်ဒေဝသည် ပြန်၍ထွက်သွား လေသည်။ ညနေ ပြန်လာသောအခါ၌လည်း သူ ရေးစရာ၊ ဖတ်စရာရှိသော စာများကို ရေးခြင်း၊ ဖတ်ခြင်းဖြင့်သာ အချိန်ကုန်စေလေသည်။ အုုသည် သူ့အနား၌ ရှိနေလျှင် မောင်ဒေဝတွင် စိတ်အနှောင့်အယှက် ဖြစ်နေမည် စိုးသဖြင့် မီးဖိုထဲသို့ သွားကာ လုပ်စရာ ကိုင်စရာတို့ကို လုပ်ကိုင်ကာ နေလေသည်။ တစ်နာရီခန့် ကြာသောအခါ မောင်ဒေဝသည် မီးဖိုဝသို့လာ၍ 'အုု အုုဟာ ကိုကိုရဲ့မယား။ ကိုကိုရဲ့ အစေခံ မဟုတ်ဘူး။ ဒီတော့ ဒါလောက် မီးဖိုထဲမှာ အပင်တပန်း လုပ်မနေနဲ့' ဟု ပြောလေသည်။ အုုသည် အနည်း ငယ် ဝမ်းသာမိလေသည်။

'အုုလည်း ကိုကို ပြောသလိုပဲ ထင်တော့ ထင်မိပါတယ်။ ဒါပေမဲ့ ကိုကို ဆိုလိုတာက အုုဟာ ကိုကို့မယားလို့ နာမည်ခံရုံ ထင်ပါရဲ့။ တော်ပါ ပြီလေ၊ နာမည်ခံရရင်ပဲ အုု ကျေနပ်ပါပြီ'

'အုုက ထူးထူးထွေထွေ ဘာထင် ညာထင် ထင်နေဖို့ မလိုပါဘူး။ အုုဟာ ကိုကို့မယား အမှန်ပဲ။ နာမည်ခံရုံပဲ ထင်ပါရဲ့ ဆိုတာ ဘာဆိုလိုတာ လဲ'

'အုု ဘာပြောမိမှန်း မသိပါဘူး။ အုုက ဂုဏ်သရေရှိတာ မဟုတ်တော့ အုုဟာ ဟိုအရင်ကြီးကတည်းကပဲ ကိုကို့ကို ပြောတယ် မဟုတ်လား။ အုုဟာ

ကိုကိုနဲ့ မတန်ပါဘူး လို့။ ဒါကြောင့် အုကို မယူပါနဲ့ လို့။ ကိုကို အတင်း တိုက်တွန်းလို့သာ အု ယူရတာပဲ'

အုသည် ထိုကဲ့သို့ ပြောပြီးနောက် ဝမ်းနည်းပန်းနည်းနှင့် ငိုလေသည်။ မောင်ဒေဝသည် မောင်ဒေဝ မဟုတ်ဘဲ တခြားယောကျ်ားတစ်ယောက်သာ ဖြစ်ဘိမူ အုခ၏ ဖြစ်ထွေကို ကရုဏာ သက်၍ လာမည်သာ ဖြစ်သည်။ မောင်ဒေဝသည် အမှတ်ကြီးသူတစ်ယောက် ဖြစ်သည်။ နောက်ပြီးတော့ သူ၏ ချစ်ခြင်းမှာလည်း ပေါ်ယံဝင်း အတွင်း၌ ဩဇာကင်းသော ချစ်ခြင်း ဖြစ်လေသည်။ မိန်းမနှင့် ပတ်သက်လာလျှင် သူ့စိတ်က မထင်ဘူး ဆိုသည့် တစ်နေ့တွင် ပစ်ပစ်ခါခါ စိတ်ထားတတ်သည်။ ဤအချက်တွင် မောင်ဒေဝ မှာ အခြား စိတ်စွဲလွယ်သူတို့နှင့် ခြားနားလေသည်။ စိတ်စွဲလွယ်သူတို့မှာ မိမိတို့ ဆင်ခြင်တုံတရားက မကောင်းဘူးဟု ဆုံးဖြတ်သော အရာကိုပင် စွဲစွဲလမ်းလမ်း ဖြစ်တတ်ကြသည်။

'မြန်မာပြည်မှာရှိတဲ့ မိန်းမ တစ်ဝက်လောက်သာ အုလောက် ဂုဏ်သရေရှိမယ် ဆိုရင် သိပ်ဟန်မှာပေါ့။ အခု အု အကြောင်းကို ပြောနေရတာ ဂုဏ်သရေရှိတာ မရှိတာနဲ့ ဆိုင်တာမဟုတ်ဘူး။ ကိုယ်ကျင့်တရားနဲ့ ဆိုင်တာ'

မောင်ဒေဝသည် အု အပေါ်တွင် စိတ်ထဲက မကျေနိုင်၊ မချမ်းနိုင် ဖြစ်၍နေခိုက် ဖြစ်သဖြင့် ထိုကဲ့သို့ ဒေါသ မကင်းသော စကားများကိုသာ ပြောလျက်ရှိသည်။ သို့ရာတွင် သူ၏ဝမ်းထဲ၌ ကရုဏာမကင်းသော သဘော ရှိရကား အုသာ အကယ်၍ လောကရေးရာ၌ ပါးနပ်လိမ္မာသော မိန်းကလေး ဖြစ်မူ မောင်ဒေဝကို သူ့ဘက်သို့ ပြန်၍ပါလာရန် ဖျောင်းဖျယူနိုင်မည်သာ တည်း။ သို့ရာတွင် အုမှာ သဘောဖြူ အူစင်း ဖြစ်လေရာ မောင်ဒေဝကို သူ့ဘက် ဆွဲငင်ယူရန်ကို စိတ်မကူးမိဘဲ၊ ဖြစ်ရလေသမျှမှာ သူ၏ အပြစ် ချည်းသာ ဖြစ်သည်ဟု စိတ်နှလုံးကို တုံးတုံး ချလျက် ခေါင်းငုံ့ကာသာ ခံရှာလေသည်။ မောင်ဒေဝ အပေါ်တွင် အု၏ ချစ်ခြင်းမှာ စွဲမြဲခိုင်မာလှသဖြင့်

ကြေကွဲဖွယ်ပင် ဖြစ်သည်။ နဂိုသဘောအားဖြင့် စိတ်ဆတ်သော်လည်း အုသည် မောင်ဒေဝ ပြောသမျှ၊ ဆိုသမျှကို မတော်မလျော် တစ်ခွန်းမျှ ပြန်၍ မပြော။ ငါ့ကို ရက်ရက်စက်စက် ပြောလေတယ် ဟူ၍ စိတ်ခုခြင်းလည်း အလျှင်းမရှိ။

'ကိုကို အပြင်ကို သွားဦးမယ်'

အုသည် မောင်ဒေဝကို တံခါးဝထိအောင် လိုက်ပို့ပြီးလျှင် သွားခါနီး တွင် သူ့ကို နမ်းများ နမ်းလေမလားဟု အောက်မေ့ကာ ညာဘက်ပါးကလေး ကို မသိမသာ လှည့်၍ ပေးလေသည်။ သို့ရာတွင် မောင်ဒေဝသည် ချစ်လျက် နှင့် အောင့်ကာ ရှောင်ဖယ်၍ သွားလေသည်။ အုသည် အတော်ပင် ရှက်၍ သွားလေသည်။ ယခင်အခါများကမူ အုက စ၍ မဖိတ်ကြားဘဲနှင့်တောင် မောင်ဒေဝသည် မနမ်းရ နမ်းရအောင် ကြိုးပမ်း၍ နမ်းခဲ့လေသည်။ ယခုမှာမူ ယခင်ကနှင့် မတူတော့ပြီ။

'အု ကိုကို့မှာ ဘယ်လိုလုပ်ရမယ် ဆိုတာကို စဉ်းစားနေရဦးမယ်။ အခုချက်ချင်းကြီး အုနဲ့ ကိုကိုနဲ့ ခွဲသွားကြရင် အုကို သူများတွေက မေးငေါ့ ကြလိမ့်မယ်။ ဒီတော့ကာ ဒီလို မေးမငေါ့နိုင်အောင် အတော်ကြာကြာကလေး တော့ အတူတူနေကြဦးမှ ဖြစ်မယ်။ နေတယ် ဆိုပေမယ့်လည်း ဟန်နေ လောက်ပဲ ကျမှာပဲ'

မောင်ဒေဝသည် ထိုသို့ ပြောပြီးသည်နှင့် တစ်ပြိုင်နက် အုကို တိုက်အို ကြီး၌ ထားခဲ့ပြီးလျှင် အပြင်သို့ ထွက်၍ သွားလေသည်။ သူသည် အုကို မနမ်းခဲ့သော်လည်း စိတ်ထဲကမူကား "ဩော် သူခမျာကလေး သနားစရာ။ တစ်ခါလောက် သူ့အလိုကို လိုက်ပေးလိုက်ရင် ကောင်းလိမ့်မယ် ထင်ပါရဲ့ လေ" ဟု အောက်မေ့မိလေသည်။

ဤနည်းဖြင့် အုနှင့် မောင်ဒေဝတို့မှာ တစ်အိမ်ထဲနေ၍ တစ်ယောက် နှင့် တစ်ယောက် အနီးကြီး နီးလျက်နှင့် အဝေးကြီး ဝေးကာ နေကြလေသည်။ မောင်ဒေဝသည် စိတ်နှလုံး နူးညံ့သိမ်မွေ့ပုံ ရသော်လည်း အဓိဋ္ဌာန်ပါရမီ၌

ထူးခြားစွာ ခိုင်မာလှသဖြင့် သည်ဘဝတွင် မောင်ဒေဝက သူ့ကို အပြစ်လွှတ်တော့မည် မဟုတ်တော့ဟု စိတ်၌ ထင်မိလေသည်။ အုသည် မောင်ဒေဝ အပြင်သွားနေခိုက်တွင် တော်ရာသို့ ပြေးတော့မည်ဟု နှစ်ခါ၊ သုံးခါပင် ကြံမိလေသည်။ သို့ရာတွင် ထိုကဲ့သို့ သူ ထွက်ပြေးလျှင် မောင်ဒေဝကို ထောက်ထားရာ မရောက်ဘဲ လူအများ သိ၍သွားလျှင် ပို၍ အရှက်ကွဲအောင် လုပ်သည်နှင့် တူနေမည် စိုး၍သာ မပြေးဖြစ်ဘဲ ရှိလေသည်။

ထိုအတောအတွင်း၌ မောင်ဒေဝမှာလည်း စိတ်ကောင်းနှင့် နေနိုင်ရှာသည် မဟုတ်။ ဥပမာဆိုသော် မောင်ဒေဝသည် စက်နှိုးပြီးနောက် မခုတ်မောင်းဘဲထားသော ယန္တရားစက်ကြီးနှင့် တူလေသည်။ မောင်ဒေဝ၏ အချစ်စက်မှာ နှိုး၍ပြီးပြီ ဖြစ်သော်လည်း အု၏အပြစ် ပေါ်လာသည်နှင့် တစ်ပြိုင်နက် မခုတ်မောင်းဘဲ ထားရသဖြင့် ရင်တွင်း၊ ဝမ်းတွင်း၌ တဂျုံးဂျုံးဖြစ်လျက် ရှိလေပြီ။ မောင်ဒေဝ၏ သဘောမှာ သူ မြတ်နိုးသော မိန်းမကို သာမည အပေါင်းအဖော်ကဲ့ သို့သာ အောက်မေ့သည် မဟုတ်ဘဲ အစဉ်ထာဝရ ကြည်ညိုမြတ်နိုးဖွယ်ရာဟု အောက်မေ့ရကား ထိုကြည်ညိုမြတ်နိုးဖွယ်ရာသည် တစ်မုဟုတ်ချင်း ပျောက်ကွယ်၍ သွားသောအခါ အုအသည်းအကုန်ကို နုတ်၍ထားသောသူကဲ့သို့ ဝမ်းထဲ၌ အဟာကြီးဟာလျက် မရှုးတမယ်သာ ကျန်တော့သည်။ အုကို ဘယ်လိုမြတ်နိုးမည်၊ ဘယ်လိုပြုစုမည်၊ ဘယ်လို စောင့်ရှောက်မည်၊ ဘယ်လိုချီးမြှင့်မည်၊ ဘယ်လို ဂုဏ်ကျက်သရေ ရှိစေမည် စသော မောင်ဒေဝ၏ စိတ်ကူးတို့မှာ အိုးထိန်းစက်ကဲ့သို့ သွက်သွက်လည်အောင်လှုပ်သော မြေလျှင်ကြီးကြောင့် ဘုံခုနစ်ဆင့်မြင့်သည့် ဗိမာန်ကြီးသည် ရစရာမရှိအောင် ပြိုပျက်၍ သွားသကဲ့သို့ တစ်ခါတည်း ပျက်စီးခြင်းသို့ ရောက်ရှာလေပြီ။ "ဒီတစ်ခါမှ အခက်ကြီး ခက်ပြီ။ ဘယ်လို ကြံလို့ ဘယ်လို လုပ်ရပါ့မယ်" ဟု တိုက်အိုကြီးသို့ ပြန်၍ ရောက်သည့်အခါတွင် မောင်ဒေဝသည် လူးလာခေါက်တုံ့ လျှောက်ရင်း ဆိမန်း မန်းသလို တတွတ်

တွတ် ညည်းညူလျက် ရှိလေသည်။ အုသည် မောင်ဒေဝ ညည်းညူသံကို ကြားသောအခါ မီးလောင်ရာ လေပင့်သကဲ့သို့ ဖြစ်လေသည်။

‘ကိုကို မကြာခင်ပဲ အုနဲ့ ခွဲတော့မယ် ဟုတ်လား’

‘ခွဲမှပဲ ဖြစ်မှာပေါ့။ မခွဲလို့ရှိရင် တော်တော်ကြာတော့ ကိုယ့်ဟာကိုယ် တောင် ငါဟာ တယ် အသုံးမကျတဲ့ အကောင်ပါလား လို့ အထင်အမြင် သေးလာရုံတင် မကဘူး၊ အုကိုပါ အထင်အမြင် သေးလာလိမ့်မယ်။ ဒီတော့ ကို အုနဲ့ ထုံးစံအတိုင်း နေရိုးနေစဉ်နေလို့ ဖြစ်မှာ မဟုတ်ဘူး။ အခုတော့ အုအတွက် ကိုကို စိတ်မကောင်းပေမဲ့ အု အပေါ်မှာ ကိုကို အထင်အမြင် မသေးပါဘူး။ ကိုကို့စိတ်ထဲမှာ ဘယ်လိုဖြစ်နေတယ် ဆိုတာကို အု သိအောင် ကိုကို ရှင်းရှင်းပဲ ပြောမယ်။ အုက ဘယ်လိုမှ မအောက်မေ့နဲ့။ အုရဲ့လင်ဟာ ဓမ္မတာတရားအတိုင်း ဆိုတော့ ကိုကို မဟုတ်ဘူး။ ဟိုလူပဲ။ အဲဒီတော့ ဟိုလူ ရှိနေသေးသမျှမှာ အုနဲ့ ကိုကိုနဲ့ ဘယ်နည်းနဲ့မှ အတူတူနေကြလို့ ဖြစ်မှာ မဟုတ်ဘူး။ သူ မရှိတော့ဘူး ဆိုရင်လည်း တော်သေးရဲ့။ ပြီးတော့ ဒါတင်လည်း မကသေးဘူး။ ကိုယ့်တွင်မဟုတ်ဘဲ တခြားလူကို ထိခိုက်မယ့် အရေးကလည်း ရှိသေးတယ်။ အဲဒါကိုလည်း ထည့်မစဉ်းစားလို့ မဖြစ်ဘူး။ အုနဲ့ ကိုကိုနဲ့ အတူတူနေကြပြီ ဆိုပါတော့။ နေကြတယ်ဆိုရင် အချိန်တန် ကျတော့ သားတွေ၊ သမီးတွေ ရလာကြလိမ့်မယ်။ ရလာတဲ့ အခါကျမှ တစ်နေ့နေ့မှာ အုရဲ့ အဖြစ်ပျက်တွေ ပေါ်လာမယ်ဆိုရင် ကိုကိုတို့ အုတို့ သွေးကလေးတွေဟာ သူများ ကဲ့ရဲ့စရာ မဖြစ်ပေဘူးလား။ သူတို့ကိုယ်တိုင် ကော စိတ်ကောင်း ရှာကြပါ့မလား။ လောကမှာ ဒီနေရာမှာ ဖြစ်တဲ့ အကြောင်းကို ဟိုနေရာက သိတာပဲ။ ဟိုနေရာက ဖြစ်တဲ့အကြောင်းကိုလည်း ဒီနေရာက သိတာပဲ။ အဲဒီ တော့ကို နောင်ခါ သားတွေ သမီးတွေ ရကြတော့မှ “ဟင် ဒင်းတို့အမေက ဘယ်သို့ ဘယ်ညာပဲ” လို့ မေးငေါ့ကြမှာကို အု ကြည့်ရက်နိုင်ပါ့မလား။ ကိုကိုတော့ဖြင့် မကြည့်ရက်နိုင်၊ မကြားရက်နိုင်ဘူး။ ဒီလိုအကြောင်းကို စဉ်းစားပြီးတဲ့နောက်မယ် အုနဲ့ ကိုကိုနဲ့ အတူတူနေကြဖို့

အကြောင်းကို ပြောလို့ ဖြစ်ပါတော့မလား။ ကိုယ့်အပြစ်ကို နောင် လာလတ္တံ့ ဖြစ်တဲ့ သားသမီးကလေးများဆီ ထိအောင် ခွဲဝေမပေးဘဲ ကိုယ့်ဟာကိုယ် ခံကြရင် ပိုကောင်းမယ် ထင်တယ်'

'ဒါလောက်ထိအောင်တော့ အု မစဉ်းစားမိဘူး။ အခု စဉ်းစားမိတော့ ကိုကို ပြောာကို အု သဘောတူပါတယ်။ အု ကိုကိုနဲ့ မနေထိုက်ပါဘူး'

အုသည် မိန်းမတို့ ဓမ္မတာအတိုင်း မျှော်လင့်ခြင်း ကြီးရကား မောင်ဒေဝနှင့်သာ ဆက်လက်၍ အရှည်အကြာ နီးစပ်စွာ နေရမည် ဆိုပါလျှင် တစ်နေ့တွင် မောင်ဒေဝသည် ဘယ်လိုပင် ပြတ်တောင်းသောစိတ် ရှိစေကာမူ သူ့အပေါ်တွင် စိတ်ပြန်၍ လည်ရမည်ဟု ယူဆလေသည်။ လောကတွင် နီးစပ်ခြင်းထက် တစ်ဖက်သား၏စိတ်ကို ပို၍ ယိုဖိတ်စေသောနည်း မရှိသည်ကိုလည်း အုသည် ဝမ်းတွင်းပါဉာဏ်ဖြင့် ရိပ်မိလေသည်။ ထိုသို့ မရိပ်မိသော် အုသည် အဘယ်မှာ မိန်းမဓမ္မတာနှင့် ညီညွတ်အံ့နည်း။ သူ၏ မျှော်လင့်ခြင်းမှာ နီးစပ်စွာ နေခြင်း တည်းဟူသော ပရိယာယ်ပေါ်တွင် တည်နေရကား ဆောက်ဖြစ်မှာသာ ကျောင်းဒကာ ဖြစ်မည့် အခြေမကောင်းသော မျှော်လင့်ခြင်းမျိုး ဖြစ်လေသည်။ သို့ဖြစ်သော်လည်း အုသည် မမျှော်လင့်ဘဲနှင့် မနေနိုင်။ လောကတွင် မျှော်လင့်ခြင်းထက် စိတ်နှလုံးကို နှစ်သိမ့်စေနိုင်သောဆေး မရှိသည်ကို လူအများပင် သိကြသည်။ နီးစပ်စွာ နေရပါလျက် မောင်ဒေဝသည် သူ့အပေါ်တွင် စိတ်ပြန်၍ မလည်ခဲ့သော် သည်ဘဝတွင် မျှော်လင့်ဖို့ မရှိတော့။

အုသည် ထိထိုးထားသောသူကဲ့သို့ သူ့စိတ်ကူးနှင့်သူ မျှော်လင့်ချက် ရှိနေခိုက်တွင် မောင်ဒေဝက နောင်ရေးကို မျှော်တွေး၍ ပြောလိုက်သောအခါ ယခင်က မျှော်လင့်ချက်ကို စွန့်ပစ်၍ အသစ်တစ်ဖန် စဉ်းစားဖို့ ဖြစ်ရပြန်လေသည်။ အုသည် ပြကတေ့ သဘောအားဖြင့် ရိုးဖြောင့်သောနှလုံး ရှိရကား စိတ်ကူးယဉ်သော မောင်ဒေဝက နောင် သားသမီးများ ရလာသည့်အခါ ထိုသားသမီးတို့က အုအပေါ်တွင် မည်ကဲ့သို့ အထင်အမြင် သေးကြမည်

ဖြစ်ကြောင်းနှင့် မဒ္ဒီဒေဝီ ဟိမဝန္တာ ချီးနည်း ချီး၍ ပြလိုက်သောအခါ အုမှာ နောက်ထပ် ဆင်ခြေပေးစရာ မကျန်တော့ဘဲ "ဟုတ်ပါတယ်၊ ငါ့အပြစ်နဲ့ ငါ အေးအေးနေတာပဲ ကောင်းပါလိမ့်မယ်" ဟု စိတ်လျှော့လိုက်ရလေသည်။ မောင်ဒေဝနှင့် ပေါင်းသင်းမည် ဆိုပါက သားသမီး ပေါက်ဖွားလာမည်မှာ လည်း အမှန်ပင် ဖြစ်သည်။ သို့ရာတွင် စဉ်းလဲသော ဓမ္မတာ တရားသည် အုအား ထိုအဖြစ်ကို မတွေးမိစေဘဲ မောင်ဒေဝနှင့် ပေါင်းသင်းရဖို့အရေး တစ်ခုတည်းကိုသာ သတိပေးလျက် နေခဲ့လေသည်။

နောက်ဆုံးတွင် အုသည် မောင်ဒေဝ၏ အကြောင်းပြချက်ကို လက်ခံ ကာ မာန်လျှော့လိုက်ရလေသည်။ သို့ရာတွင် အုသည် မောင်ဒေဝအား "ကိုကိုရယ်၊ အုနဲ့ ကိုကိုနဲ့ မြန်မာပြည်မှာ မနေကြဘဲ ရှမ်းပြည်နယ်ဖြစ်ဖြစ်၊ ယိုးဒယားပြည်ဖြစ်ဖြစ် သွားပြီး လယ်တွေ ယာတွေ လုပ်ကိုင်နေကြရင် အု အကြောင်းကိုလည်း ဘယ်သူမှသိမှာ မဟုတ်ပါဘူး။ အုကိုရော ကိုကို့ ကိုရော ကဲ့ရဲ့မယ့်သူ ရှိမှာ မဟုတ်ပါဘူး" ဟု ပြောလျှင် မောင်ဒေဝသည် သဘောတူကောင်းများ တူမလား မပြောနိုင်ချေ။ သို့ရာတွင် အုသည် အများ သော မိန်းမတို့၏ နည်းအတိုင်း လောလောဆယ် တွေ့ကြုံနေသော အကြောင်းကို ပြုပြင်၍မရသော အကြောင်းကဲ့သို့ ယုံကြည်ကာ ဘာမျှ မပြောဘဲ နေလေသည်။ ထိုသို့ နေခြင်းသည်လည်း ခပ်ကောင်းကောင်းပင် ဖြစ်မည်လော မသိ။ အဘယ်ကြောင့်ဆိုသော် သူနှင့် မောင်ဒေဝအား သူစိမ်း တစ်ရံဆံတို့က မည်သူမျှ ကဲ့ရဲ့ကြမည် မဟုတ်သည့်တိုင်အောင် အစွဲအလမ်း ကြီးသော မောင်ဒေဝ၏ စိတ်ကပင် မောင်ဒေဝကို ပြန်၍ မခံချိ မခံသာအောင် ကဲ့ရဲ့နေမည် ဖြစ်သောကြောင့်တည်း။ အုသည် မိန်းမတို့၏ ဝမ်းတွင်းဉာဏ် ဖြင့် ထိုအဖြစ်ကို တွေးမိလေသည်။

ဤနည်းဖြင့် ညားပြီး၍ မပေါင်းရသော အုနှင့် မောင်ဒေဝတို့ လင် မယားသည် တိုက်အိုကြီးတွင် သုံးရက်မျှ ကြာသွားလေသည်။ မောင်ဒေဝ သည် လူစိတ်ထက် တိရစ္ဆာန်စိတ် ပို၍ များခဲ့သည် ဖြစ်ပါမူ ပို၍ စိတ်နှလုံး

မြင့်မြတ်ကောင်း မြင့်မြတ်ပေလိမ့်မည်ဟု အချို့က ထင်ချင် ထင်ကြပေရာသည်။ သို့ရာတွင် ထိုသို့ ထင်မည် မထင်မည်၊ အကယ်၍ ထင်လျှင် ထိုထင်ချက်မှာ မှားမည် မှန်မည်ကို အပထား၍ မောင်ဒေဝ၏ အချစ်မှာ မည်ကဲ့သို့သော အချစ်မျိုး ဖြစ်သည်ကို သိအပ်ပေသည်။ မောင်ဒေဝ၏ အချစ်မှာ လက်တွေ့ဆောင်ရွက်၍ ဖြစ်နိုင်ကောင်းသော အချစ်မျိုး မဟုတ်ဘဲ အချစ်ခံရသူတို့ မခံသာအောင် စိတ်ကူးယဉ်စွာနှင့် အမွှမ်းတင်ကာ ချစ်သော စိတ္တဇအချစ်မျိုး၊ ရုပ်မဖက်ဘဲ နာမ်သက်သက် အချစ်မျိုး ဖြစ်လေသည်။ မောင်ဒေဝ၏ အချစ်မျိုးနှင့် ချစ်လိုသော သူများသည် သူတို့ ချစ်လိုသော မိန်းမကို ကာယကံမြောက် ပေါင်းသင်းဆက်ဆံခြင်း မပြုဘဲ အဝေးမှသာ နေ၍ ချစ်အပ်မည် ထင်သည်။ အဘယ့်ကြောင့်ဆိုသော် အဝေးက နေ၍ ချစ်သောအခါ ကိုယ့်စိတ်ကူးရှိတိုင်း ကိုယ်ထင်သလို ဖွဲ့နွဲ့ကာ ချစ်နိုင်သော ကြောင့်တည်း။ နီးတကျက်ကျက် ဝေးတသက်သက် ဆိုသည့်အတိုင်းဖြစ်သည်။ အုသည် မောင်ဒေဝ၏ အနီးတွင် ရှိ၍နေသမျှ ကာလပတ်လုံး မောင်ဒေဝသည် အု၏ အပြစ်များကိုသာ ကွင်းကွင်းကွက်ကွက် မြင်၍နေလိမ့်မည်။ သို့ရာတွင် အုသည် သူ့မျက်စိအောက်က ကွယ်ပျောက်သွားသည်နှင့် တစ်ပြိုင်နက် အု၏ အပြစ်တို့သည် ကြက်ပျောက် ငှက်ပျောက် ပျောက်ကြပြီးလျှင် အု၏ ကောင်းခြင်းလက္ခဏာတို့သည် ထင်ရှားပီသစွာ ပေါ်၍ လာလိမ့်မည် သာတည်း။ အု၏ အလှဂုဏ်သည် မောင်ဒေဝအား အု ထင်သလောက် ဆွဲငင်နိုင်သောသတ္တိ မရှိသည့် အဖြစ်ကိုလည်း အု တွေ့ရလေသည်။ သူ့ ချစ်သူမှာ ဒီအု မဟုတ်ဘူး၊ ဒီရုပ်မျိုး ဒီပုံသဏ္ဌာန်မျိုး ရှိသော တခြား အု ဖြစ်သည်ဟု မောင်ဒေဝ ပြောခြင်းမှာလည်း မှန်သည်။

အု၏ ဘယ်ဘက် လက်သူကြွယ်တွင် သူတို့ လက်ထပ်ခြင်း၏ အထိမ်းအမှတ်ဖြစ်သော မြလက်စွပ် ရှိသည်။ ထိုမြလက်စွပ်သည် ယခင်က ဝမ်းမြောက်ခြင်း၏ အကြောင်းဖြစ်သော်လည်း ယခုအခါတွင် သူတို့ကို လှောင်ပြောင်လျက် ရှိလေပြီ။ အုသည် ထိုလက်စွပ် ဝတ်ထားသော ဘယ်

ဘက်လက်ဖြင့် နဖူးကို ထောက်ထားပြီးလျှင် ခေါင်းငုံ့လျက် ညာဘက်လက်ဖြင့် စားပွဲပေါ်တွင် ဟိုခြစ် သည်ခြစ် ခြစ်လျက် ရှိသည်။

'ကိုကို ပြောတာတွေကို အု အကုန်လုံး စဉ်းစားပြီးပါပြီ။ အကုန်လုံးပဲ မှန်ပါတယ်။ ဒီတော့ ကိုကို အုနဲ့ မနေပါနဲ့တော့'

'ကိုကို အုနဲ့ မနေတော့ အု ဘယ်မှာ နေမလဲ'

'အု အမေတို့ဆီ ပြန်မှာပေါ့'

'တကယ် ပြောတာလား'

'တကယ်ပေါ့ ကိုကိုရဲ့။ ကိုကိုနဲ့ အုနဲ့မှ နေလို့ မဖြစ်ကြတော့ဘဲ။ ဒီတော့ မြန်မြန်ခွဲကြရင် ကိစ္စပြီးတာပဲ။ ကိုကို တစ်ခါပြောဖူးတယ် မဟုတ်လား။ အုဟာတဲ့ လူတစ်ဖက်သား စိတ်ကို သူတို့အလိုနဲ့ ဆန့်ကျင်ပြီးတောင် ဆွဲနိုင်တယ်လို့။ အဲဒီတော့ အုဟာ ကိုကို့မျက်စိအောက်မှာ ဆက်ပြီး နေမယ်ဆိုရင် ကိုကို့အလိုနဲ့ ဆန့်ကျင်ပြီး ကိုကိုက အု အပေါ်မှာ စိတ်ပြေချင် ပြေသွားမယ်။ နောက်ပြီးကျတော့မှ ကိုကို့ဟာကိုကို ငါ မှားပြီဆိုပြီး နောင်တရနေရမယ်ဆိုရင် ကိုကို့ဖို့လည်း မကောင်းဘူး။ အုဖို့လည်း ရင်ကျိုးဖို့ ဖြစ်နေမယ်'

'ဒီတော့ အု ရွာကို ပြန်ချင်တယ်ပေါ့'

'ဟုတ်ကဲ့၊ အု ကိုကို့ဆီက ခွာပြီး အိမ်ကိုပဲ ပြန်ချင်တယ်'

'ဒါဖြင့် အု သဘောကျတဲ့ အတိုင်းပဲ ပြန်တာပေါ့'

အုသည် မောင်ဒေဝ၏ စကားကို ကြားရသောအခါ ရင်ဖို၍ သွားလေသည်။ အိမ်ပြန်ဖို့မှာ ပါးစပ်က ပြောသောအခါတွင် လွယ်သော်လည်း တကယ်တမ်း ပြန်ရတော့မည် ဖြစ်သောအခါ သက်လုံမကောင်းနိုင်အောင် ရှိလေသည်။

'နောက်ဆုံးမယ် ဒီရောက်မှာပဲ ဆိုတာ အု သိပါတယ်။ ကိုကို့ကို အု ဘယ်လိုမှ မအောက်မေ့ပါဘူး။ ဒီနည်းပဲ ကောင်းပါတယ်။ ကိုကို ပြောတာကို အု သဘောပေါက်ပါတယ်။ အခု ကိုကိုနဲ့ အု နေမယ်ဆိုရင် အုကို

ဘယ်သူမှ ကဲ့ရဲ့မှာ မဟုတ်သော်လည်း နောက် ကြာလာတော့ တစ်နေ့နေ့မှာ ဘာမှမဟုတ်တဲ့ အကြောင်းကလေး တစ်ခုနဲ့ပဲဖြစ်ဖြစ် အုအပေါ်မှာ ကိုကို စိတ်ဆိုးလို့ရှိရင် နဂိုကပဲ အု အကြောင်းကို ကိုကိုက သိနေပြီးသား ဖြစ်တော့ ကိုကို့စိတ်ထဲက ဒီအပြစ်ကိုပဲ ဖော်ချင်တဲ့စိတ် ပေါ်လာမှာပဲ။ ဒီလို ဖော်တဲ့ အခါမှာ မတော်တဆ အုတို့ သားတွေ သမီးတွေ ကြားသွားမယ် ဆိုရင် အခု အုကို သာမည နာစေမယ့် အလုံးဟာ ဟိုအခါကျတော့ အုကို သတ်မှာ ပဲ။ ဒီတော့ အု မနေပါဘူး၊ နက်ဖြန်ခါပဲ သွားပါမယ်'

'ကိုကိုလည်း ဒီမှာ မနေပါဘူး။ ကိုကိုက စပြီး ပြောရမှာ မပြောရက် လို့သာ နေရတယ်။ စင်စစ်တော့ အုနဲ့ ကိုကိုနဲ့ အတူတူ နေလို့ မဖြစ်ဘူး ဆိုတာ အစကတည်းကပဲ ကိုကို သိတာပဲ။ အနည်းဆုံး ခဏဖြစ်ဖြစ် ခွဲနေ ကြမှပဲ ဖြစ်မယ်။ ဒါမှပဲ ကိုကိုလည်း ကိုယ့်ဟာကိုယ် ဘယ်အခြေအနေမယ် ရောက်နေတယ် ဆိုတာကို အေးအေးဆေးဆေးနဲ့ စဉ်းစားနိုင်မယ်။ နောက် တော့ ကိုကို စာရေးလိုက်မပေါ့'

အုသည် မောင်ဒေဝအား တိတ်တိတ်ခိုး၍ ကြည့်လိုက်ရာ မောင်ဒေဝ မှာ မျက်နှာတွင် သွေးမရှိဘဲ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လျက် ရှိလေ သည်။ သို့ရာတွင် မောင်ဒေဝ၏စိတ်မှာ ခိုင်မာစွာ သန္နိဋ္ဌာန်ချပြီး ဖြစ်သည်ကို တွေ့ရသောအခါ အုမှာ များစွာ စိတ်မသက်မသာ ဖြစ်ရလေသည်။ မောင် ဒေဝကလည်း အု၏ မျက်နှာထားကို မြင်ဟန် တူသည်။

'ကိုကို့စိတ်က တစ်မျိုးပဲ။ လူတစ်ဖက်သားကို ဝေးဝေးနေရမှ ပိုပြီး ခင်မင်တာ။ အခုလို ခွဲနေကြမယ်ဆိုရင် စိတ်ပြေပြီး နောင် စိတ်ချမ်းသာ လက်ချမ်းသာနဲ့ အတူတူ နေချင် နေကြရဦးမှာပေါ့။ ဘယ်ပြောနိုင်မလဲ၊ ဒီလိုပဲ နေကြတဲ့ လူတွေလည်း ဒုနဲ့ဒေးပဲ'

ထိုသို့ပြောပြီးနောက် မောင်ဒေဝတို့ လင်မယားသည် ကိုယ်စီကိုယ်စီ ကိုယ်ဆိုင်ရာပစ္စည်းများကို ထုပ်ကြ ပိုးကြလေသည်။ နံနက် မိုးသောက်လင်း လျှင် တစ်ယောက်နှင့်တစ်ယောက် ခွဲကြရတော့မည့် အဖြစ်ကို နှစ်ယောက်

လုံး သိကြလေသည်။ ယခု တွေ့နေခြင်းမှာ နောက်ဆုံးတွေ့ခြင်းပင် ဖြစ်မည်။ ယခု ခွဲသွားပြီးလျှင် နောက်ကို တစ်ယောက်နှင့်တစ်ယောက် တွေ့ကြရတော့မည် မဟုတ်ဘူး ဟူ၍သာ သိကြပါမူ နှစ်ယောက်လုံးပင် ခွဲချင်မှ ခွဲနိုင်ကြပေမည်။

သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် ခွဲခါစတွင်ပို၍ လွမ်းဆွတ်ကြေကွဲကြမည် ဖြစ်သော်လည်း အချိန်ကြာသောအခါ တစ်စတစ်စနှင့် တစ်ယောက်ယောက်ကို မေ့လျော့ကြလိမ့်မည့် အဖြစ်ကိုလည်း သူတို့နှစ်ယောက်လုံး သိကြသည်။ "ကိုကိုရယ်၊ ကိုကို့အိမ်မှာ အု ထမင်းချက်အဖြစ်နဲ့ လိုက်နေပါရစေ" ဟု ပြောမိလျှင် ရုတ်တရက်အားဖြင့် မောင်ဒေဝသည် သဘောတူချင် တူမည် ဖြစ်သော်လည်း နောင်အချိန်ကြာသွားသောအခါ တစ်ယောက်ကိုတစ်ယောက် မေ့လျော့သွားကြမည့် အဖြစ်ကို တွေးမိသည့် အခါတွင် မောင်ဒေဝသည် သဘောတူလိုမှ တူလိုပေမည်။ သို့ရာတွင် မည်ကဲ့သို့ပင် ဖြစ်စေကာမူ နှစ်ဦးသော သူတို့သည် တူသော ပတ်ဝန်းကျင်ကို စွန့်၍ တူသော အိမ်မှလည်း ဖယ်ခွာသွားကြပြီ ဖြစ်သောအခါတွင် တစ်ယောက် ပျောက်ကွယ်သွားခြင်းကြောင့် ဟာ၍နေသော နေရာတွင် မသိမသာနှင့် အသစ်ဖြစ်သော တွယ်တာမှုတို့ ဖြစ်ပေါ်လာတတ်သည်။ ဤနည်းဖြင့် မရွယ်ဘဲနှင့် ဖြစ်ပေါ်လာသော အကြောင်းကိစ္စတို့သည် ကိုယ့်ရည်ရွယ်ချက်တို့ကို ပိတ်ပင်တတ်၍ အကြံဟောင်းတို့သည် မေ့လျော့ခြင်းအဖြစ်သို့ ရောက်တတ်ကြလေသည်။

## အခန်း ၂၉

မောင်ဒေဝနှင့် အုတို့သည် သိမ်းစရာ ဆည်းစရာများကို သိမ်းဆည်းကြပြီးလျှင် သန်းခေါင်ယံ အချိန်လောက်တွင် ကိုယ့်အိပ်ရာကိုယ် ဝင်ကြလေသည်။

အုသည် တိုက်အပေါ်ထပ် အခန်းတွင် အိပ်၍၊ မောင်ဒေဝသည် တိုက်အောက်ထပ်တွင် သူ စုံမက်သော ဝါးကွပ်ပျစ်ကြီးပေါ်၌ အိပ်လေသည်။ ကိုယ်လက်လှုပ်ရှားမှုတို့သည် စိတ်မချမ်းသာသူတို့အား သက်သာရာ ရစေသည်။ အဘယ်ကြောင့်ဆိုသော် စိတ်သည် ပူပန်ခြင်း တစ်ခုတည်းတွင် အာရုံမစိုက်အားဘဲ အလုပ် လုပ်ကိုင်မှုတွင် ဝေခွဲ၍ အာရုံပြုနေရသောကြောင့်တည်း။ မောင်ဒေဝနှင့် အုတို့သည် စိတ်မောကိုယ်မော မောကြသဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်ခြင်းသို့ ရောက်ကြလေသည်။

ထိုည နာရီပြန် ၂ ချက်လောက် အချိန်တွင် အုသည် သူ၏ အိပ်ခန်းတံခါး ဖွင့်သံ ကြားသဖြင့် အိပ်ရာမှ နိုးလေသည်။ အုသည် မောင်ဒေဝ အကယ်၍ သူနှင့်လာ၍ အိပ်လိုအိပ်ငြား သူ့အိပ်ခန်းတံခါးကို ကန့်လန့်မထိုးဘဲ စေ့ရုံသာ စေ့၍ထားသည်။ အုသည် အိပ်ရာထဲမှ အသာခေါင်းထောင်ကြည့်ရာ တံခါးဖွင့်သူမှာ မောင်ဒေဝ ဖြစ်သည်ကို တွေ့ရလေသည်။ မောင်ဒေဝသည် အု အပေါ်တွင် စိတ်ပြေပြီးလျှင် သူနှင့် ယှဉ်တွဲကာအိပ်ရန်လာလေသလော၊ အုသည် ဝမ်းသာလျက်ပင် ရှိကောင်း ရှိပေလိမ့်မည်။ မောင်ဒေဝသည် အုအား ကြောင်တောင်ကန်းကဲ့သို့ ဘာမျှ မမြင်သော အခြင်းအရာနှင့် စူးစိုက်၍ ကြည့်နေသည်ကို တွေ့ရသောအခါ မောင်ဒေဝ လာခြင်းအတွက် သူ့မှာ ဘာမျှ ဝမ်းသာစရာ မရှိသည့်အဖြစ်ကို အု သိလေသည်။ မောင်ဒေဝသည် အု အနီးသို့ ရောက်သောအခါ ရပ်၍ အုကို အသေအချာ ကြည့်ပြီးလျှင် 'သြော် ငါ့မယားကလေး သေရှာပြီ၊ သေရှာပြီ' ဟု အင်မတိ အင်မတန် မချိသောအသံဖြင့် ပြောလေသည်။ မောင်ဒေဝသည် သူ့စိတ်ထဲက သိပ်စွဲလမ်းသည့် အရေးကိစ္စရှိသော အခါမျိုးတွင် အိပ်မက်မက်၍ ယောင်တတ်လေသည်။ မကျည်းချိုဈေးက အပြန် ညတွင်လည်း အုအကြောင်း မကောင်းပြောလိုက်သောလူကို အိပ်ရင်း ယောင်၍ လက်သီးနှင့် ထိုးခဲ့လေပြီ။ ယခုလည်း အု၏ အဖြစ်အပျက်များကို သူ သိရသည့်အချိန်က စ၍ မရူးတမယ် ကျန်အောင် စိတ်အနှောင့်အယှက် ဖြစ်လျက်ရှိသဖြင့်

အစွဲအလမ်း ကြီးပြီးလျှင် အိပ်ပျော်ရင်း ယောင်၍ အုဆီကို ထ၍လာခြင်း ဖြစ်လေသည်။ အုသည် မောင်ဒေဝ အပေါ်တွင် ယုံကြည်ရင်း ရှိရကား မောင်ဒေဝ ယခုကဲ့သို့ လာသည်ကို ကြောက်လန့်ခြင်း မရှိ။ အုသည် သူ့ယောကျ်ားအပေါ်တွင် အဘယ်မျှလောက် ယုံကြည်ခြင်း ကြီးသနည်း ဟူမူ မောင်ဒေဝသည် အကယ်၍ ဓားမြှောင်ကို ကိုင်၍ ဝင်လာသည် ဖြစ်စေကာမူ ကြောက်လန့်ခြင်း ဖြစ်လိမ့်မည် မဟုတ်။

မောင်ဒေဝသည် အုကို ဖော်ပြခြင်းငှာ မတတ်ကောင်းသော ပူဆွေးခြင်းဖြင့် စူးစိုက်ကာ ကြည့်ပြီးလျှင်–

'ဘယ့်နှယ်လဲ အု၊ အစတုန်းကတော့ ကိုကို့ကို ချစ်တယ်ဆို၊ အခုတော့ ကိုကို့ကို အပစ် စောလှချည်လား။ အု မရှိရင် ကိုကို ဘယ်သူနဲ့ နေရမလဲ၊ ပြောခဲ့ပါဦး။ အလိမ္မာမကလေး၊ ခြောက်ပြစ်ကင်းမလေးရဲ့' ဟု ပြောကာ အိပ်ရာခင်းဖြင့် ထွေးပတ်ပြီးလျှင် ပွေ့ချီသွားလေသည်။ နိုးခိုက်တွင် အောင့်အည်းမျိုသိပ်၍ ထားရသော ချစ်ဖွယ်စကားတို့ကို အိပ်ပျော်နေရင်း ယောင်ယမ်း၍ မောင်ဒေဝ ပါးစပ်မှ ထွက်လာသည်ကို ကြားရသော အခါ အု၏ ပူဆွေးကြေကွဲလျက်ရှိသော စိတ်နှလုံးသည် အဘယ်မျှလောက် နှစ်သိမ့်ရှာပေမည်နည်း။ အကယ်၍ မောင်ဒေဝ၏ ပွေ့ချီထားသော လက်တွင်းမှ ရုန်း၍မထွက်လျှင် မုချဆတ်ဆတ် သေရစေကာမူ အုသည် ရုန်းထွက်ရန် ကြံစည်လိမ့်မည် မဟုတ်။ မောင်ဒေဝ၏ ယုယစွာ ပွေ့ချီထားသော လက်တွင်း၌ တစ်ခဏမျှသော် လည်းကောင်း နေရခြင်းသည် အုအဖို့တွင် ကောင်းကောင်းကြီး သေပျော်လောက်သော စည်းစိမ်ပင် ဖြစ်လေသည်။ အုသည် ဤနည်းဖြင့် မောင်ဒေဝ၏ လက်တွင်း၌ အသက်တောင် ပြင်းပြင်း မရှူဘဲ ငြိမ်သက်စွာ လိုက်ပါ၍ မောင်ဒေဝသည် ဘယ်လိုအကြံနှင့် ဘာများ လုပ်ချင်၍ သူ့ကို ပွေ့ချီသွားရပါလေသနည်းဟုသာ တွေးတောလျက် ရှိလေသည်။

အခန်းပြင်သို့ ရောက်သောအခါ မောင်ဒေဝသည် ဝရန်တာကိုမှီ၍

ခေတ္တရပ်ပြီးလျှင် အုစ၏ မျက်နှာကိုကြည့်၍ 'ဘယ့်နှယ်လဲ ကိုကို့မယားကြီး၊ ခြေဘက်ပြန်ကင်းမကြီးရဲ့။ ကိုကို့ကို ပစ်သွားတော့မလား' ဟု မချိသောနှလုံးဖြင့် ပြောပြန်လေသည်။ မောင်ဒေဝသည် အုကို ဝရန်တာမှ ကျော်၍များပစ်ချလိုက်လိမ့်မည်လော။ နံနက်ပိုးသောက်လျှင် သူတို့လင်မယားမှာ ခွဲကြရတော့မည်။ ခွဲပြီးသည့် နောက်လည်း တစ်ယောက်နှင့်တစ်ယောက် ဒီတစ်သက်တွင် ပြန်၍ တွေ့ချင်မှ တွေ့ကြရတော့မည် ဆိုသော အချက်ကိုအုသည် ကောင်းစွာ သဘောပေါက်လျက် ရှိသဖြင့် မောင်ဒေဝ လက်တွင်းသို့မရေမရာ လိုက်ပါသွားရခြင်းကို ကြောက်ရွံ့တုန်လှုပ်ဖွယ်ဟု မမှတ်ယူရုံမျှမက ကြီးလှသောစည်းစိမ် ဟူ၍ပင် ယူမှတ်လေသည်။ ထိုစကားသည်မှန်သည်။ အဘယ်ကြောင့်ဆိုသော် အုအဖို့တွင် သေခြင်းသည် မောင်ဒေဝနှင့်ခွဲ၍ နေရခြင်းထက် ကြောက်ဖို့ မကောင်းသောကြောင့်တည်း။ စင်စစ်သော်ကား ယခုနှယ်တွင် အုသည် သေ၍များ ရမည်ဆိုလျှင် ချက်ချင်းလက်ငင်းပင် သေလိုသောဆန္ဒ ရှိလေသည်။ အကယ်၍များ သူတို့နှစ်ယောက်ပူး ဝရန်တာပေါ်မှ လိမ့်ကျ၍ နှစ်လောင်းပြိုင်များ ဖက်၍ သေလိုက်ရမည် ဆိုသော်အဘယ်မှာ ပြော၍ ကောင်းတော့အံ့နည်း။ မောင်ဒေဝသည် အု မျှော်လင့်တောင့်တသကဲ့သို့ မပြုဘဲ ဝရန်တာကို အားပြုပြီးလျှင် နေ့အခါတွင် သူမသတိ၍ မနမ်းဘဲ ရှောင်လွှဲကာနေသော အုစ၏ ကံဆိုးရှာသည့် ပါးအို့ကလေး နှစ်ဖက်ကို တစ်ဖက်ပြီးတစ်ဖက် အားရပါးရ တစ်ဝကြီး နမ်းရှုပ်လိုက်လေသတည်း။

ထို့နောက် မောင်ဒေဝသည် အုကို ပခုံးပေါ်တွင် ထမ်း၍ တိုက်ကြီးပေါ်မှ ဆင်းခဲ့လေသည်။ အောက်သို့ ရောက်သောအခါ ဘံခါးကို ပြန်၍စေ့ခဲ့ပြီးနောက် အုအား ချောင်းကူးတံတား ရှိရာဘက်သို့ ထမ်း၍သွားလေသည်။ မောင်ဒေဝသည် ဘယ်လိုအကြံနှင့် သူ့ကို သည်ကဲ့သို့ ထမ်းဆောင်၍သွားသည့်အကြောင်းကို အုသည် အလျှင်းမတွေးမိရှာချေ။ သို့ရာတွင် သူသည် မောင်ဒေဝ ပိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းတစ်မျိုး ဖြစ်သဖြင့်

မောင်ဒေဝသည် သူ့အား ထင်သလို ပြုပိုင်သည်ဟု အုံ ယူဆလေသည်။ နံနက်မိုးသောက်လျှင် ခွဲကြရတော့မည်ဟူသော ဘေးကြီးသည် အနားတွင် မြင့်မြင့်မားမားကြီး ရပ်လျက်ရှိသဖြင့် မောင်ဒေဝသည် အုံအား သူ့မယားဟု အသိအမှတ်ပြုသောအားဖြင့် ဝရန်တာမှ အောက်သို့ ပစ်မချလိုက်သည်ကို အုံသည် များစွာ ကျေနပ်လျက် ရှိလေသည်။

မောင်ဒေဝသည် အုံနှင့် သူတို့ သမီးရည်းစား ဘဝတွင် တောရကျောင်း အသွားလမ်း၌ မနန်းစိန်၊ မငွေခင်၊ မရွှေမှုံနှင့် အုံတို့ လေးယောက်ကို ပွေ့၍ခေါ်ဖူးသည်ကို အိပ်မက် မက်လျက် ရှိဟန်တူသည်။ မောင်ဒေဝသည် အုံကို ထမ်းလျက် ချောင်းကူးတံတားသို့ ရောက်လေသည်။ သို့ရာတွင် မဖြတ်ကျော်ဘဲ လွှန်၍ သွားလေသည်။ အတော် သွားမိသောအခါ တစ်ယောက် ကူးလောက်ရုံရှိသော ချောင်းကူး တံတားငယ်တစ်ခုကို တွေ့ပြန်လေသည်။ ထိုတံတားငယ်မှာ မကြာမီက လေကြီးတိုက်၍ လက်ရန်းလည်း ပြုတ်လျက် ရှိသည်။ မြင်မြင်ထင်ထင် နေ့အခါ၌ပင် နွားကျောင်းသားနှင့် ဘုန်းကြီး ကျောင်းသားကလေးတို့သည် အင်မတန် သတိထား၍ ကူးကြရလေသည်။ ထိုတံတားငယ် အောက်ခြေ၌ ချောင်းရေတို့သည် ကျည်တောက်သွန်သကဲ့သို့ အဟုန်ပြင်းစွာ စီးဆင်းလျက်ရှိသည်။ ငုံ့၍ကြည့်လိုက်လျှင် မူး၍ လိမ့်ကျချမန်း ဖြစ်သည်။ မောင်ဒေဝသည် သူ့မယား အုံကို ထိုချောင်းထဲသို့ ပစ်ချရန်ကြံ၍ သယ်ဆောင်လာလေသလော။ မောင်ဒေဝသည် အုံကို ထမ်း၍ ထိုချောင်းကူးတံတားငယ်ပေါ်သို့ ဖြတ်သွားလေသည်။ အုံသည် အသက်တောင်ပင် အနိုင်နိုင် ရှူဝံ့လေသည်။ အနည်းငယ် ယောင်၍များ လွှန့်မိလျှင် သူတို့ လင်မယား နှစ်ယောက်လုံး ချောင်းထဲ ကျ၍ အရိုးအသားပင် ရှာ၍ တွေ့မည် မဟုတ်။ မောင်ဒေဝသည် အိပ်ပျော်နေသည်သာ မဟုတ်မူ အုံ မပါဘဲ သူတစ်ယောက်တည်းပင် ထိုတံတားငယ်ကို ဖြတ်ကျော်ဝံ့ကောင်းမှ ဖြတ်ကျော်ဝံ့ပေမည်။ အုံ စိတ်၌ အကယ်၍ သူတို့လင်မယားသည် ချောက်ထဲသို့ တစ်ယောက်ကိုတစ်ယောက် ခိုင်မြဲစွာ ဖက်ကာ ကျ၍ သေ

လိုက်မည် ဆိုသော် အဘယ်မျှလောက် ကောင်းပေမည်နည်း။ အသေမြန်သဖြင့် ဝေဒနာလည်း ခံစားလိုက်ရမည် မဟုတ်၊ သေပြီးသောအခါ ဘယ်သူမျှ သူ့ကို ကဲ့ရဲ့နိုင်ကြတော့မည်လည်း မဟုတ်၊ မောင်ဒေဝကိုလည်း သူ့ကို ယူရကောင်းလားဟု ဘယ်သူမျှ ငေါ်ကြတော့မည် မဟုတ်ဟု အောက်မေ့လေသည်။ အု အဖို့တွင် မောင်ဒေဝ ပွေ့ဆောင်၍ လာခဲ့သော နာရီဝက်ခန့်လောက် အတွင်းသော အချိန်သည် သူ့တစ်သက်တွင် အပျော်ရွှင်ဆုံးသော အချိန် ဖြစ်လေသည်။ ဤအပျော်ရွှင်ဆုံးသော အချိန်တွင် သူ့ဘဝ ဇာတ်သိမ်းလိုက်ရလျှင် ကောင်းမည်ပင် ထင်သည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့ အပျော်နှင့် ပိုင်း၍ ဇာတ်မသိမ်းဘဲ ဆက်လက်နေခဲ့မည်ဆိုသော် မောင်ဒေဝသည် အိပ်ရာမှ နိုးသည်နှင့် တစ်ပြိုင်နက် အု အပေါ်တွင် မသတီသောစိတ်ပြန်၍ ပေါ်ပေါက်လာမည် ဖြစ်ပြီးလျှင် ထိုကဲ့သို့သော ခဏမျှ ပျော်ရွှင်လိုက်ရသော အချိန်ကလေးမှာလည်း အိပ်မက် မက်သကဲ့သို့သာ ကျန်ရစ်ရှာတော့မည် ဖြစ်သောကြောင့်တည်း။

သို့ရာတွင် ကိုယ့်အသက်ကို ကိုယ် ခင်မင်သော စိတ်သည် ကြီးမားလှရကား အုသည် လှုပ်ခြင်း၊ လွန့်ခြင်း မပြုဘဲ မျက်စိကိုမှိတ်ကာ လိုက်ပါသွားလေသည်။ အုသည် အကယ်၍ သူ့အသက်ကို သူ မနမြောဟု ဆိုစေကာမူ သူ့အတွက်နှင့် သူ အင်မတန် မြတ်နိုးသော မောင်ဒေဝ၏ အသက်ကို အဘယ်မှာ သေစေနိုင်ရက်ပါမည်နည်း။ စင်စစ်သော်ကား အုသည် မောင်ဒေဝအား သူခိုးသေဖော် ညှိထိုက်ခွင့် မရှိချေ။ မောင်ဒေဝသည် အုကို ထမ်းလျက် တံတားကလေး၏ တစ်ဖက်ရှိ ဘုန်းကြီးကျောင်းပျက်ကြီး ပရိဝုဏ်အတွင်းသို့ ချောမောစွာ ရောက်လေသည်။

ထိုဘုန်းကြီးကျောင်းကြီး ပရိဝုဏ်အတွင်း၌ ချုံနွယ်တို့ ဖုံးအုပ်လျက်ရှိသော ညဇာပင်၊ မာလကာပင်တို့ ရှိသည်။ သရက်ပင်အိုကြီးမှာလည်း ကျီးပေါင်းပင်တို့ဖြင့် ပြည့်လျက်ရှိသည်။ မောင်ဒေဝသည် ကျောင်းတောင်ဘက်ရှိ ကျောက်ခေါင်းကြီး ရှိရာသို့ သွားပြီးလျှင်၊ အုအား ထိုကျောက်ခေါင်း

ကြီးထဲသို့ ဖြည်းညင်းစွာ ထည့်ပြီးလျှင် နောက်ဆုံးနမ်းခြင်း အမှတ်ဖြင့် အားပါးတရ နမ်းပြန်လေသည်။

'ကိုင်း၊ အု သွားပေတော့နော်။ အု ကမှ ကိုကို့ကို မချစ်လို့ ပြစ်သွားပြီဟာကို။ ကိုကို ဘာတတ်နိုင်တော့မလဲ။ ပူရစ်ရုံ ရှိမှာပေါ့' ဟု ပြောပြီးလျှင် မောင်ဒေသည် ကျောက်ခေါင်းကြီးဘေး မြေပြင်ပေါ်တွင် မှောပန်းခြင်းကြောင့် အိပ်မောကျခြင်း အဖြစ်သို့ ရောက်လေသည်။

အုသည် ကျောက်ခေါင်းထဲမှ ထ၍ မောင်ဒေဝကို ကြည့်လေသည်။ မောင်ဒေဝမှာ ခြုံစရာ၊ လွှမ်းစရာလည်း မရှိ။ တဟူးဟူး တိုက်ခတ်သောလေကြောင့် အအေးမိကာ သေခြင်းသို့ပင် ရောက်ဖွယ်ရှိသည်။ မနှိုးဘဲသာ ထားမည် ဆိုသော် မောင်ဒေဝသည် မိုးကြီးထိန်ထိန်လင်းမှပင် နိုးလေရာသည်။ အချို့လူများလည်း အိပ်ရာမှ ယောင်၍ ထသွားပြီးနောက် အကွယ်အကာ မရှိသော အရပ်တွင် သွား၍ အိပ်နေခြင်းကြောင့် အအေးမိပြီး သေဖူးသည်ဟုလည်း အု ကြားဖူးသည်။ အအေးမိခြင်းကြောင့် အကယ်၍ သေဖူးသော သူများ ရှိသည်၊ မရှိသည်ကို အသေအချာ မပြောနိုင်သော်လည်း မောင်ဒေဝအတွက် အု စိတ်၌ စိုးရိမ်ခြင်း ပြင်းစွာ ဖြစ်သည်မှာ မှန်သည်။ အကယ်၍ မောင်ဒေဝကို နှိုးလိုက်ပြန်လျှင်လည်း မောင်ဒေဝသည် သူ့အဖြစ်ကို သူ သိ၍ အရှက်ကြီး ရှက်သွားချေဦးမည်။ သို့ဖြစ်ရာ အုမှာ မကြံတတ်အောင် ရှိလေသည်။ သူ့ကိုယ်တိုင်လည်း ချမ်းလှပြီ။ သူ့မှာ အိပ်ရာခင်းဖြင့် ထွေး၍ ထားပါလျက်နှင့် ထိုမျှလောက် ချမ်းပါမူ ထွေးစရာ ဘာမျှမပါသော မောင်ဒေဝမှာ အဘယ်ဆိုဖွယ်ရာ ရှိမည်နည်း။ သူ့ကိုယ်တိုင်မှာ ထိတ်လန့်နေခိုက်တွင် သွေးပူ၍ ချမ်းမှန်းမသိသော်လည်း အထိတ်အလန့် ပြေသည်နှင့် တစ်ပြိုင်နက် အချမ်းဒဏ်ကို မခံနိုင်တော့။ မောင်ဒေဝကို မနှိုးဘဲ ထားပြန်လျှင်လည်း ဘေးဖြစ်တော့မည်။ နှိုးလိုက်ပြန်လျှင်လည်း ရှက်ရှာတော့မည်။ အုသည် ဘယ်လို ကြံရပါမည်နည်း။ အုသည် အကြံအိုက်၍နေခိုက်တွင် ဖြုန်းခနဲ အကြံပေါ်လေသည်။ ထိုအကြံမှာ မောင်ဒေဝအား နှိုးလည်း

မနိုးဘဲ အသာ ချော့၍ခေါ်ရန် ဖြစ်သည်။ အုသည် မောင်ဒေဝ ညာဘက်လက်မောင်းကို အသာကိုင်၍ 'ကိုကို၊ လာ လာ သွားကြစို့၊ အေးလှပြီ' ဟု ခေါ်လေသည်။ မောင်ဒေဝသည် အု အသံကို ကြားသောအခါ အိပ်မက်ဆက်၍မက်ပြီးလျှင် အု ခေါ်သည့်အတိုင်း ရှောရှောရှူရှူ ထ၍ လိုက်လေသည်။ သူ ဆက်၍မက်သော အိပ်မက်မှာ အုသည် သေပြီးနောက် နတ်သမီးဖြစ်ပြီးလျှင် သူ့အား တုသိတာ နတ်ပြည်သို့ လက်ကိုဆွဲ၍ ခေါ်သည်ဟူ၍ဖြစ်သည်။ အုသည် မောင်ဒေဝအား သူတို့ လာရင်း လမ်းအတိုင်း ပြန်ခေါ်မသွားဘဲ သူတို့ တိုက်အိုကြီးအနီးရှိ တံတားကျယ်ဘက်မှ လှည့်၍ ခေါ်သွားလေသည်။ တိုက်အိုကြီးသို့ ရောက်သောအခါ အုသည် မောင်ဒေဝအား သူ မြတ်နိုးသော ကွပ်ပျစ်ကြီးပေါ်တွင် အသာသိပ်ပြီးလျှင် စောင်များဖြင့် နွေးနေအောင် ခြုံပေးလေသည်။ ထိုအခိုက်တွင် မောင်ဒေဝသည် နိုး၍ လာလျှင် ကောင်းပေမည်ဟု အု စိတ်ထဲက တောင့်တသော်လည်း မောင်ဒေဝသည် စိတ်ပန်းကိုယ်ပန်း ကျနေသဖြင့် မနိုးချေ။

နံနက်လင်းသောအခါ အုနှင့် မောင်ဒေဝတို့သည် ကိုယ့်အိပ်ရာမှ ကိုယ် အသီးသီး ထကြပြီးလျှင် ညက ထုပ်ပိုး၍ မပြီးသော ပစ္စည်းများကို ဆက်လက် ထုပ်ပိုးကြလေသည်။ မောင်ဒေဝသည် ညက အဖြစ်အပျက်များကို သူ့ဟာသူ သတိရဟန် မတူ။ သူ့ကို ကြည့်ရသည်မှာ အအိပ်ပျက်ခြင်း၊ ပင်ပန်းခြင်းကြောင့် နုံး၍ နေပုံ ရလေသည်။ အုသည် ညက ဖြစ်သည့်အကြောင်းကို စကားစ ရှာ၍ မောင်ဒေဝအား ပြောမည် ကြံမိသော်လည်း "သြော် သူ့ခမျာ ရှက်သွားရှာရော့မယ်" အောက်မေ့ကာ မပြောဘဲ ထားလေသည်။ မောင်ဒေဝ ကိုယ်တိုင်လည်း ညက အဖြစ်အပျက်ကို မှုန်တိမှုန်မွှား သတိရကောင်း ရမည်လော မသိ။

သူတို့ မှာထားသောလှည်း ရောက်လာသောအခါ တင်စရာ ရှိသည်တို့ကို တင်၍ တောင်သူကြီး လင်မယားကို ပေးစရာ၊ ချေစရာ ရှိသည်တို့ကို ပေးချေပြီးနောက် နှုတ်ဆက်ကာ ထွက်လာကြလေသည်။ တောင်သူကြီး

လင်မယားက "သြော် သူတို့ဟာကလည်း မြန်လိုက်တာ။ အစတုန်းကတော့ ဒီမှာ တစ်လ ကိုးသီတင်း ဆိုသလိုပဲ နေမလိုလို ဘာလိုလိုနဲ့" ဟု အောက်မေ့ ကြလေသည်။ မောင်ဒေဝကလည်း 'မြို့မှာ အရေးကြီးတဲ့ ကိစ္စတစ်ခု ပေါ် လာတာနဲ့ဗျာ။ နို့မို့ရင်တော့ အတော်ကြာကြာကလေးပဲ နေမလို့ပါပဲ' ဟု စကားဖာလေသည်။ မောင်ဒေဝနှင့် အုတို့ သွားကြရမည့်လမ်းမှာ ရှားပင်စု ကို ဖြတ်၍ သွားရမည် ဖြစ်သဖြင့် ဦးထွန်းဘော်နှင့် ဒေါ်အေးမယ်တို့ကို ဝင်၍ နှုတ်မဆက်ဘဲ မပြီးနိုင်ချေ။ အကယ်၍ မောင်ဒေဝ တစ်ယောက်တည်း သွား၍ နှုတ်ဆက်မည်ဆိုသော် သူတို့ အခြေမဟန်သည့် အဖြစ်ကို ဦးထွန်း ဘော်နှင့် ဒေါ်အေးမယ်တို့ ရိပ်မိသွားကြလိမ့်မည်။ သို့ဖြစ်ရာ အုပါ သွား၍ နှုတ်ဆက်မှသာ အခြေမပျက်ဘဲ ရှိလိမ့်မည်။

မောင်ဒေဝနှင့် အု တို့သည် ဦးထွန်းဘော်နှင့် ဒေါ်အေးမယ်တို့အား မြန်မြန်နှုတ်ဆက်၍ မြန်မြန် ပြန်ရစေခြင်းငှာ လှည်းကို ရွာပြင်၌ ရပ်ထားခဲ့ ပြီးသော် ခြေကျင်ဆင်း၍ လာကြလေသည်။ ရှားပင်စုရွာကို မြင်သည်နှင့် တစ်ပြိုင်နက် သူတို့ သမီးရည်းစား ဘဝက ပျော်ရွှင်စွာ နေခဲ့သည်တို့ကို အောက်မေ့မိကြလေသည်။ ဦးထွန်းဘော်နှင့် ဒေါ်အေးမယ်တို့ အိမ်ကို ဝင်မိ လျှင် မောင်ဒေဝသည် အုကို ပထမအကြိမ် ကာယကံမြောက် ပွေ့ဖက်သော နေရာဖြစ်သည့် နွားခြံကို လည်းကောင်း၊ မောင်ဒေဝ၏ စောင်းသံကို အု ချောင်း၍ နားထောင်သော နေရာကို လည်းကောင်း မြင်ကြလေသည်။

ဦးထွန်းဘော်နှင့် ဒေါ်အေးမယ်တို့သည် အားရဝမ်းသာ ထွက်၍ ကြိုကြလေသည်။ အခြား အိမ်သူအိမ်သားများလည်း ထွက်ကြိုကြလေသည်။ သို့ရာတွင် မနန်းစိန်နှင့် မငွေခင်တို့ကိုမူကား မတွေ့ရ။ 'အုရေ၊ ညည်း ကတော့ တယ်ပျော်မှာ ပေါ့လေ' ဟု အိမ်သူအိမ်သားတို့က စိတ်ရိုး စေတနာ ရိုးနှင့် လောကဝတ်စကား မေးကြ မြန်းကြခြင်းတို့မှာ အု အဖို့တွင် များစွာ စိတ်မချမ်းသာဖွယ်ရာများ ဖြစ်လေသည်။ မောင်ဒေဝနှင့် အုတို့သည် တစ် ယောက်နှင့် တစ်ယောက် ဘာမျှမဖြစ်ကြဘဲ၊ သင့်သင့်မြတ်မြတ် ရှိကြလေ

သကဲ့သို့ ဣန္ဒြေမပျက်အောင် ဟန်လုပ်လျက် ရှိကြသည်။ မနန်းစိန်မှာ သူ့မိဘရပ်ထံ ပြန်သွားပြီ ဖြစ်ကြောင်း၊ မငွေခင်မှာ တခြားရွာသို့ အလုပ်ရှာထွက်သွားပြီ ဖြစ်ကြောင်း၊ မရွှေမှုံမှာ မိန်းကလေးတန်မဲ့ စိတ်ညစ်သောကြောင့် ထန်းရည်သောက်လျက် ရှိကြောင်းကို ကြားရလေသည်။ အုသည် မနန်းစိန်နှင့် မငွေခင်တို့ အကြောင်းကို ကြားရသောအခါ စိတ်မကောင်းသဖြင့် ဣန္ဒြေမဆည်နိုင်လောက်အောင်ပင် ရှိလေသည်။ ကြာကြာနေလျှင် မျက်ရည်ပင် မဆည်နိုင်မည်ကို သိသဖြင့် အုသည် အားလုံးနှင့် စကားပြောနေရာမှ ကပျာကယာ ထွက်သွားပြီးလျှင် သူ နို့ညှစ်နေကျ နွားမကြီးနှစ်ကောင်ကို သွား၍ နှုတ်ဆက်လေသည်။

'လှအုံးမယ်တို့၊ လှလေအုံးတို့၊ ငါ သွားတော့မယ်အေ။ ညည်းတို့နေရစ်ခဲ့ကြပေတော့' ဟု ယုယစွာ နှုတ်ဆက်ပြီးလျှင် အုသည် မောင်ဒေဝနှင့် ထိုနွားမကြီးတွေ အနီးတွင် အချစ်ပင်ပျိုးခဲ့ကြသည့် အဖြစ်ကို ကွင်းကွင်းကွက်ကွက် အကုန်ပြန်၍ သတိရသဖြင့် မျက်ရည်များ တွေတွေကျ၍ လာလေသည်။ အုသည် မျက်ရည်များကို ကပျာကယာ တို့ပတ်ပဝါနှင့် ဘယ်သူမျှ မမြင်ခင် သုတ်ပစ်ရလေသည်။

ပြန်ခါနီးတွင် မောင်ဒေဝနှင့် အုတို့ ယှဉ်၍ ရပ်နေကြသောအခါ သူတို့ လင်မယားမှာ ကိုယ်ပင် ကွဲသော်လည်း စိတ်ထဲမှာ တစ်စိတ်တည်း ဖြစ်ကြလိမ့်မည်ဟု ထင်မှတ်ကြလေသည်။ သို့ရာတွင် သူတို့လင်မယားမှာ အကြီးအကျယ် "သို့သော်" လျက် နေကြသည်ကို သိကြပါမူကား မည်မျှလောက် ကြေကွဲကြလိမ့်မည်နည်း။ မောင်ဒေဝနှင့် အုတို့သည် အမူလုပ်ပြီးလျှင် အပူရပ်နှင့် ပြုံး၍ 'ကျုပ်တို့ သွားမယ်နော်' ဟု "ကျုပ်တို့" ဟူသော ဗဟုဝုစ် စကားဖြင့် ပြောသော်လည်း ထိုဗဟုဝုစ် ကျုပ်တို့မှာ အဆံမပါသော ဟန် "ကျုပ်တို့" မျှသာ ဖြစ်လေသည်။ သူတို့နှစ်ယောက် အခြေမဟန်သည့် အဖြစ်ကို ဦးထွန်းဘော်တို့ လင်မယားသည် ရိပ်မိသလောက် ရိပ်မိကြဟန်တူသည်။ အဘယ်ကြောင့်ဆိုသော် သူတို့ ပြန်သွားသောအခါ ဒေါ်အေးမယ်

က 'ကိုရင်ဘော်ရေ၊ သူတို့နှစ်ယောက် ကြည့်ရတာ တစ်မျိုးကြီးပဲနော်။ အိပ်မက် မက်ရင်း စကားပြောနေကြသလိုပဲ' ဟု ဦးထွန်းဘော်အား ပြောရာ၊ ဦးထွန်းဘော်က 'အေးဟ၊ သူတို့နှစ်ယောက် ကြည့်ရတာ ရွှင်ရွှင်ပျပျလည်း မရှိဘူး။ တစ်မျိုးကြီးပဲ' ဟု ပြန်ပြောပြီးလျှင် အခြား မိန်းမများကလည်း 'ဟုတ်တယ်တော့်၊ တစ်မျိုးကြီးပဲ' ဟု လိုက်ကြသောကြောင့်တည်း။

အုနှင့် မောင်ဒေဝတို့သည် သူတို့ လှည်းစောင့်နေရာသို့ ပြန်လာပြီးလျှင် ပေပင်ကုန်း ရွာဘက်သို့ ရှေးရှု ခရီးဆက်ကြလေသည်။ ပေပင်ကုန်း ရွာဘက်သို့ သွားသော လမ်းခွဲသို့ ရောက်သောအခါ မောင်ဒေဝသည် အုအား မှာစရာ စကားများကို လှည်းသမား မကြားစေလိုသဖြင့် လှည်းပေါ်မှ ဆင်းပြီးလျှင် လှည်းသမားအား 'ကိုင်း မောင်းနှင့်ပေတော့၊ ကျုပ်တို့ အညောင်းပြေ အညာပြေ နည်းနည်း အောက်ကဆင်းပြီး လမ်းလျှောက်ဦးမယ်' ဟု ပြောပြီးလျှင် လှည်းပေါ်မှ ဆင်း၍ သွားကြလေသည်။

'ဒီမှာ အု၊ ကိုကို့အပေါ်ကို ဘယ်လိုမှ အထင်မလွဲနဲ့နော်။ အု အပေါ်မှာ ကိုကို နည်းနည်းမှ စိတ်မဆိုးပါဘူး။ ဒါပေမဲ့ အခုတော့ ကိုကို့စိတ်ထဲမှာ မခံမရပ်နိုင်လောက်အောင် ဖြစ်နေလို့ ခွဲနေဦးမှ ဖြစ်မှာမို့။ ကိုကို စိတ်ကောင်းအောင် ကြိုးစားနိုင်သလောက် ကြိုးစားပါ့မယ်။ အခုတော့ ကိုကိုဟာ အရူးလို ဖြစ်နေသေးတယ်။ ဘာဖြစ်လို့ ဘာဖြစ်မှန်း မသိဘူး။ အဲဒီတော့ ကိုကို့ဟာ ကိုကို စဉ်းစားချင်သေးတယ်။ စဉ်းစားလို့ ရတာနဲ့ တစ်ပြိုင်နက် အု ဆီကို ကိုကို အကြောင်းကြားလိုက်မယ်။ တကယ်လို့ ကိုကို့စိတ်ကို ဖျောက်လို့ ရမယ် ဆိုရင်လည်း အုဆီကို ကိုကို ကိုယ်တိုင်ပဲ လာခဲ့မယ်။ ဒီအတောအတွင်းမှာတော့ အု ကိုကို့ဆီ လာဖို့ရန် စိတ်မကူးစေချင်ဘူး'

မောင်ဒေဝ၏ အမိန့်တော်သည် ပြင်းထန်လှချေသည်။ "ဒီကောင်မငါ့ကို သက်သက် လှည့်ဖြားတာပဲ" ဟု မောင်ဒေဝက အု အပေါ်မှာ ယူဆသည်မှာ ထင်ရှားသည်။ သို့ရာတွင် အကြင် မိန်းမတစ်ယောက်သည် အု ဖြစ်ပျက်သကဲ့သို့ ဖြစ်ပျက်မိခဲ့သည်ပင် ထားပါဦး။ ထိုမိန်းမအား ယခု

မောင်ဒေဝ ပြုသကဲ့သို့ အကြင်နာမဲ့စွာ ပြုအပ်ပါ၏လော။ ပြုအပ်သည် ဖြစ်စေ၊ မပြုအပ်သည် ဖြစ်စေ အုမှာ နောက်ထပ် စောဒကတက်ခွင့် မရတော့။

'အုဆီကို ကိုကို မလာဘဲနဲ့ ကိုကို့ဆီကို အု မလာရဘူးလား'

'ဟုတ်တယ်၊ မလာရဘူး'

'အနို့ ကိုကို့ဆီကို စာကော မပေးရဘူးလား'

'စာတော့ ဖျားနာရှိမယ်၊ တစ်ခုခု လိုချင်တာ ရှိမယ်ဆိုရင် ပေးနိုင်တာပေါ့။ ဒါပေမဲ့ အုက စပြီး စာပေးဖို့ အကြောင်းမရှိဘဲ ကိုကိုကပဲ စပြီး ပေးရလိမ့်မယ်လို့ မျှော်လင့်တာပဲ'

'ကိုကို ပြောတာကို အု ဘာမှ မငြင်းပါဘူး။ အုဟာ ဘယ်လို အပြစ်ဒဏ်မျိုးနဲ့ ထိုက်တန်တယ်ဆိုတာ ကိုကို ပိုပြီး သိတာပဲ။ သို့သော်လည်း အုကို အု ခံနိုင်ရဲလောက်ထက် ပိုပြီးကြီးတဲ့အပြစ် မပေးပါနဲ့။ ဒါ တစ်ခုပဲ တောင်းပန်ချင်ပါတယ်'

အုသည် ဤမျှသာ ပြောလေသည်။ အကယ်၍ အုသည် ပရိယာယ် အနည်းငယ်သုံး၍ မူးခြင်း၊ မေ့ခြင်း၊ သည်းထန်စွာ ငိုကြွေးခြင်း စသည်တို့ကိုသာ ပြုမည် ဆိုပါသော် မောင်ဒေဝသည် မည်မျှလောက်ပင် သူ့စိတ်ထဲ၌ မကျေနိုင်၊ မချမ်းနိုင်အောင် မသတီစိတ် ဖြစ်၍နေသည် ဖြစ်စေကာမူ အု၏ အလိုသို့ လိုက်မိဖွယ် ရှိလေသည်။ သို့ရာတွင် အုသည် စိတ်၏ ဆင်းရဲခြင်း၊ ကိုယ်၏ ဆင်းရဲခြင်းကို အရှည်ကြာခံနေကျ ဖြစ်သဖြင့် အကျင့်ရ၍ နေသောကြောင့် မောင်ဒေဝ ပြောသမျှကို ငုံ့ကာသာ ခံလေသည်။ အကြောင်းအားဖြင့် အုသည် ပန်းသာဆက် စရိုက်အလိုက် မာနကလေး ရှိသောကြောင့် ပြောလိုက်လျှင် သူ့ဘက်သို့ မောင်ဒေဝ စိတ်တိမ်းညွတ်ဖို့ ရှိသော အကြောင်းများစွာကိုပင် မပြောမိဘဲ ရှိလေသည်။

မောင်ဒေဝသည် အုနှင့် ပြောဖို့ စကား ကုန်သောအခါ အုအား တစ်ဆယ်တန် ငွေစက္ကူ အချပ်ငါးဆယ်ပါသော အထုပ်တစ်ထုပ်ကို ပေး

လိုက်လေသည်။ အုအဖို့ လက်ဆောင်ရသော စိန်ထည်များကိုမူကား လုံခြုံစွာ ရှိစေခြင်း အကျိုးငှာ ဘဏ်တိုက်တွင် အပ်နှံထားရန် ပြော၍ သူ ယူသွားလေသည်။ ထိုအကြံကို အုကလည်း သဘောတူလေသည်။

မောင်ဒေဝနှင့် အုတို့သည် လှည်းကိုမီအောင် သွားကြပြီးလျှင် မောင်ဒေဝက လှည်းသမားကို စရိတ်ပေး၍ အုအား ပေပင်ကုန်းရွာထဲ ထိအောင် လိုက်အပို့ခိုင်းပြီးလျှင် နောက်တော်ပါ ထီးတစ်ချောင်းနှင့် မြို့လှဘက်သို့ ခြေကျင် ဆက်၍သွားလေသည်။ မောင်ဒေဝ လမ်းခွဲသောနေရာမှာ ပေပင်ကုန်းရွာနှင့် နီးကပ်လျက် ရှိသဖြင့် လှမ်း၍ပင် မြင်ရလေသည်။ မောင်ဒေဝသည် အုက သူ့ကို လှည့်၍ ကြည့်လိမ့်နိုးနှင့် အု စီးသွားသော လှည်းကို မျက်စိတစ်ဆုံး ကြည့်ကာ နေလေသည်။ သို့ရာတွင် အုမှာ အပူကြီး ပူဆွေး၍ သွားသူ ဖြစ်သဖြင့် ဘာကိုမျှ သတိမရရှာချေ။

အုသည် သူ့အမေ၊ အဖေတို့အား ဘယ်လိုကြံ၍ ပြောရပါမည်နည်း ဟု တွေးမရအောင် ရှိလေသည်။ ပေပင်ကုန်းရွာအနီး တဲတစ်ခုသို့ ရောက်သောအခါ အုသည် လှည်းပေါ်မှဆင်း၍ တဲရှင် အဘိုးကြီးထံ၌ ပေပင်ကုန်းရွာ၏ အကျိုးအကြောင်းများကို ဝင်၍ စုံစမ်းလေသည်။

'ဘကြီးရယ်၊ ရေတစ်ပေါက်လောက် သောက်ပါရစေ ဘကြီးရယ်'

'သောက်ပါ မြေးရယ်၊ သောက်ပါ။ တစ်ပေါက် မကပါဘူး၊ ဝအောင်ပဲ သောက်ပါ'

'ပေပင်ကုန်းမှာ ဘာများ ထူးတဲ့ အကြောင်းကိစ္စများ ရှိပါသလဲ ဘကြီးရယ်'

'အို ပေပင်ကုန်းမှာ ဘာထူးသလဲ ငါ့မြေးရဲ့၊ ပေပင်ကုန်းဟာ ပေပင်ကုန်းလိုပဲ နေတာပေါ့။ ဘကြီးတို့ ငယ်ငယ်တုန်းက ပေပင်ကုန်းဟာ အခုလည်း ပေပင်ကုန်းပါပဲ။ အဲ အဲ ဘကြီးတို့နဲ့ ရွယ်တူတန်းတူတွေတော့ဖြင့် သေကုန်ကြပြီပေါ့။ အနို့ ဒီအတောအတွင်းမှာလည်း မွေးတဲ့ လူတွေလည်း

အများကြီး မွေးလာကြတာပဲ။ လောကဆိုတာ ဒီလိုပေါ့။ အင်း အင်း အကြောင်းမထူးဘူး ဆိုတောင် ပြောလိုက်ရဦးမယ်။ ဦးပန်းအောင်ရဲ့ သမီး တစ်ယောက်တော့ဖြင့် ဟို ရှားပင်စုမှာဆို ထင်ပါရဲ့၊ ရပ်ကြီးသား ငွေစရှိတဲ့ လူတစ်ယောက်နဲ့ အကြောင်းပါသတဲ့။ အဲ သူ့သမက်က လူကုံထံကမို့လို့ ဦးပန်းအောင် အိမ်မှာ လာပြီး ထိမ်းမြားမင်္ဂလာ မပြုဘဲ ရှားပင်စုမှာပဲ ထိမ်းမြားမင်္ဂလာ ပြုတယ်ဆို ထင်ပါရဲ့။ ဒီမှာတော့ ဘာထိမ်းမြားမင်္ဂလာ ပြုမလဲလေ၊ ဟုတ်ပေသပေါ့။ သူ့ခမျာက လက္ခဏာ မရှိရှာပဲ ကိုး။ ဒီမှာ လာပြီး ထိမ်းမြားမင်္ဂလာ မပြုရုံတောင် မဟုတ်ဘူး၊ ဦးပန်းအောင်တို့ အိမ်သား များကို တစ်ယောက်မှတောင် မဖိတ်ဘူးဆို ထင်ပါရဲ့။ ဒါတော့လည်း နည်းနည်း ရိုင်းတယ်ပေါ့ကွယ်။ တကယ် ဆိုတော့ ဦးပန်းအောင်တို့ဟာ လည်း လက္ခဏာ ပါးရှားရှာလို့ဟာကို။ စင်စစ် အမျိုးအဆွေကတော့ ညံ့တဲ့ အထဲကမှ မဟုတ်ဘဲ။ သူတို့က ပန်းသာမြို့စား အဆက်ထဲက ဆိုကိုး မြေးရဲ့။ အခု ဘကြီးတို့ကတောင် ဦးပန်းအောင်ကို ဦးပန်းအောင်လို့ မခေါ်ဘဲ မြို့စား မင်းလို့ ခေါ်ကြတယ်။ မြို့စားမင်းကလည်း မျိုးရိုးအလိုက်ပဲ ရက်ရောရှာ ပါတယ်။ သူ့သမီး မင်္ဂလာဆောင်တဲ့နေ့က ဆိုလည်းပဲ ပေပင်ကုန်း တစ်ရွာ လုံး ဖိတ်ပြီး အကျွေးအမွေးတွေ လုပ်လို့။ ကာလသားတွေ ဆိုလည်းပဲ ချက်ကြီးတဲမှာ ဆူနေကြတာပေါ့။ မြို့စားမင်းကလည်း ပျော်က ပျော်တတ်ပါ ဘိနဲ့။ မြို့စားကတော်ကြီးကလည်း အဲဒီညက သူကိုယ်တိုင် သီချင်းဆိုပြီး ညှော့ခံတာ ညဥ့်ကို အတော် နက်သွားတာပဲ'

အုသည် တဲရှင် အဘိုးကြီး ပြောသည်တို့ကို ကြားရသောအခါ ပေပင်ကုန်းရွာထဲသို့ အထုပ်အပိုး အပြည့်အစုံကို လှည်းကြီးဖြင့် တင်၍ ဝင်သွားဖို့ များစွာ ခက်လျက် နေလေသည်။ သူ့ပစ္စည်းများကို အဘိုးကြီး၏ တဲတွင် ခေတ္တ ထားခဲ့ပြီးနောက် နေဝင်ရီတရော အချိန်လောက်မှ ရွာထဲသို့ မယောင်မလည် ဝင်သွားရန် ကြံလေသည်။

'ဒါထက် ဘကြီးရယ်၊ ကျုပ် စီးလာတဲ့လှည်းက နွားတွေလည်း

ပန်းလာတာနဲ့၊ လှည်းသမားကလည်း သူ့ရွာအရောက် ပြန်ရဦးမှာမို့ ဘကြီးရဲ့ တဲမှာ ကျုပ်ပစ္စည်းကလေးများကို ခဏချထားပါရစေ။ နေအေးတော့မှ ကျုပ် ရွာထဲမှာ လှည်းခေါ်ပြီး ကျုပ် ယူသွားမယ်' ဟု ပြောလေသည်။ တဲရှင် အဘိုးကြီးကလည်း 'ထားတာပေါ့ မြေးရယ်၊ ဘာ အပန်းကြီးတာမှတ်လို့ပဲ' ဟု ပြန်ပြောလေသည်။

အုသည် ညီအစ်ကို မသိတသိ အချိန်လောက်တွင် ပေပင်ကုန်းရွာထဲသို့ မယောင်မလည် ဝင်ခဲ့လေသည်။ ဘယ်သူနှင့်မျှ မတွေ့ချင်မှပင် သူ့ကျောင်းနေဘက် သူငယ်ချင်းမကလေး တစ်ယောက်နှင့် ပက်ပင်းပါသွား၍ တွေ့လေသည်။

'ဟော့ ကောင်မ၊ အုရေ။ ညည်းလင်ကောအေ့၊ ဘယ်မှာ ထားခဲ့သလဲ'

'ကိစ္စရှိလို့ သူ့မြို့ကို ခဏ ပြန်သွားပါတယ်အေ' ဟု ကပျာကယာ ပြောပြီးလျှင် အုသည် သုတ်သုတ် သုတ်သုတ်နှင့် သူ့အမေ၊ အဖေများ အိမ်သို့ သွားလေသည်။

'ဟဲ့ မိန်းကလေး ဘာလို့ ပြန်လာရသလဲ၊ ညည်း မင်္ဂလာဆောင်တယ် မဟုတ်လား၊ အမေတို့ ပို့လိုက်တဲ့ လက်ဖက်နဲ့ ဒန်းခြောက်တွေ ရရဲ့ မဟုတ်လား'

'ရပါတယ် အမေ၊ ရပါတယ်'

'အနို့ ဟိုနေ့က မိန်းကလေးတို့ မင်္ဂလာ မဆောင်ဖြစ်ဘူးလား'

'ဆောင်ဖြစ်ပါတယ် အမေရယ်၊ ဆောင်ဖြစ်ပါတယ်'

'အနို့ မိန်းကလေး ယောကျ်ား ဘယ်မလဲ'

'အို သူ ကိစ္စရှိလို့ မြို့ပြန်သွားတယ်'

'ဘယ်နေ့က ပြန်သွားသလဲ၊ မိန်းကလေးတို့ မင်္ဂလာဆောင်တာက ဘယ်နေ့ကလဲ၊ မိန်းကလေး ပြောတဲ့ နေ့ပဲလား'

'ဟုတ်ပါတယ် အမေ၊ အဲဒီနေ့ကပဲ'

'ဟဲ့ မိန်းကလေးရဲ့၊ ညည်းဟာ ဒီကနေ့မှ ဘယ်နရက် ရှိသေးလို့လဲ လို့၊ အခု သူ သွားပြီလား'

'ဟုတ်ပါတယ် အမေရဲ့'

'အနို့ မိန်းကလေးရဲ့၊ ညည်းဟာ မဟုတ်သေးပါဘူး။ ဒီလို နှစ်ရက်နဲ့ တစ်မွန်းတည့်ပေါင်းပြီး ထွက်သွားတယ်ဆိုတဲ့ ယောကျ်ားမျိုး ဆိုရင်တော့ ဘယ် နေရာကျမလဲ အေ့'

အုသည် ဒေါ်ဘုမ၏ ရင်ခွင်ထဲသို့ ခေါင်းနှင့်ဇော့ပြီးလျှင် ရှိုက်ကြီး တငင် ငိုလေသည်။

'အမေရဲ့၊ ကျုပ် ဘယ့်နှယ် ပြောရမှန်း မသိဘူး အမေရဲ့။ အမေကတော့ ကျုပ်ကို မပြောလေနဲ့လို့ စာရေးလိုက်တာပဲ။ ဒါပေမဲ့ ကျုပ်က မနေနိုင်လို့ သူ့ကို ပြောလိုက်တယ်။ ဒါနဲ့ သူ ထွက်သွားပြီ အမေရဲ့'

'အို မိန်းကလေးက တယ် မိုက်တာကိုး။ သွားပြီး မပြောပါနဲ့လို့ အမေ အတန်တန် မှာလျက်သားနဲ့ သွားပြီး ပြောမိအောင် ပြောသေးတာကိုး အေ့။ ဒါလောက်မိုက်လှတာ ဒီလို ဖြစ်တာပဲ ကောင်းပါတယ်လေ။ ငါတော့ ပြောပဲ မပြောချင်ဘူး'

အုသည် စိတ်ထဲတွင် အောင့်အည်း ချုပ်တည်းထားရလေသမျှကို အားရပါးရ ငိုလိုက်ရသဖြင့် နေသာထိုင်သာ ရှိသွားလေသည်။

'အမေကတော့ မပြောနဲ့ မပြောနဲ့လို့ မှာတာပဲ။ ဒါပေမဲ့ ကျုပ်က နေမှ မနေနိုင်ဘဲကိုး။ ကျုပ်အပေါ်မှာ သူက သိပ်ပြီး ကောင်းတာ အမေရဲ့။ ဒီတော့ ကျုပ်စိတ်ထဲက သူ့ကို လိမ်ပြီးပြောရမှာ ကိုယ်က မပြောရက်ဘူး။ ဟုတ်တာတွေကို ဖုံးထားရင် ကျုပ်ဟာ အင်မတန် နှလုံးမကောင်းရာ ကျမှာ စိုးလို့ ဒီကိစ္စဟာ ကိစ္စအသစ် ဖြစ်ပြီး၊ နောက်ထပ် ပြောရမယ် ဆိုတောင် ကျုပ်တော့ အခုပြောသလိုပဲ ပြောရဦးမှာပဲ။ သူ့အပေါ်မှာတော့ ဘယ်နည်းနဲ့မှ ကျုပ် မဟုတ်တာ မပြောချင်ဘူး။ လိမ်လည်း မပြောလည်း မပြောရဲဘူး'

'ဒါဖြင့်ရင် ညည်းက ဘာလို့ သူ့ကို ယူမိအောင် ယူရသေးသလဲ အေ လို့'

'ယူမိလို့ ခက်တာပေါ့ အမေရဲ့။ ယူမိတာကတော့ သူ သဘောမကျ တဲ့ တစ်နေ့မှာ ကျုပ်ကို လွယ်လွယ်ကူကူနဲ့ ကွာပစ်နိုင်မှာပဲလို့လည်း အောက်မေ့လို့။ ပြီးတော့လည်း ကျုပ်ကလည်း သူ့ကို သိပ်ပြီး ခင်တယ်။ သူ့ကို လက်လွှတ်ရမှာလည်း စိုးတယ်။ သူ့အပေါ်မှာလည်း လှည့်ပတ်ရာ လည်း မကျစေချင်ဘူး။ အို ကျုပ်စိတ်ထဲမှာ ဘယ်လိုဖြစ်နေတယ် ဆိုတာ အမေ သိစေချင်စမ်းတယ်'

အုသည် ထိုသို့ ပြောပြီးလျှင် သူ့အမေ ရင်ခွင်ထဲမှ ထ၍ ထရံကို မှီကာ ထိုင်နေလေသည်။

'အေးလေ၊ လွန်ပြီးတဲ့ အမှုတော့ ဘယ်မယ် ပြင်လို့ ရတော့မလဲ။ လွန်ပစေပဲ ထားရတော့မှာပေါ့။ ငါ့ကံကို ဆိုးပါတယ်။ သူတကာလည်း သမီးတွေ ရှိကြပါရဲ့။ ဒါပေမဲ့ ငါ့သမီးလောက်ပဲ မဖျင်းပါ၊ မအပါဘူး။ ငါ့သမီးပဲ ထူးပြီး ဖျင်းပါတယ်၊ အ ပါတယ်။ ပြောရမှာမှန်းသိ၊ မပြောရမှာမှန်း သိ၊ ဘာပဲဖြစ်ဖြစ် ပါးစပ်က ဗလစ်ဗလစ် လုပ်ချင်တာပဲ။ ဒါမျိုးဆိုတာ တကယ်လို့ သူ့ဟာသူ သိသွားတောင်မှပဲ နောက် ဘာမှ မတတ်နိုင်လောက် အောင် ကြာတော့မှ သိသွားရင် ကိစ္စမရှိသေးဘူး။ ကိုင်း အခုတော့ ကို ရင်အောင်ကို အမေ ဘယ့်နှယ်လုပ် ပြောရမလဲလို့။ မိန်းကလေး အဖေဆိုရင် ဟိုနေ့ မိန်းကလေးတို့ မင်္ဂလာဆောင်မယ်လို့ ကြားတဲ့ နေ့ကတည်းက ရွာထဲမှာ ဟိုးလေးတကျော် လျှောက်ပြီး ပြောထားတာ မိန်းကလေးရဲ့။ မင်္ဂလာဆောင်မယ့် အကြောင်းတင် မဟုတ်ဘူး။ မိန်းကလေးကို အကြောင်း ပြုပြီး ပန်းသာ ဆက်ဟာ နောက်ကို ပြန်ပြီး ထွန်းကားလိမ့်ဦးမယ့် အကြောင်း ကို ချက်ကြီးတို့ တဲမှာရော၊ ငှက်ခါးတောင် ထန်းတောမှာရော အားတိုင်း လျှောက်ပြောထားတယ်။ ဒီတော့ မိန်းကလေးက ဒီလိုဖြစ်ပြီး ပြန်လာတယ် ဆိုတော့ ကိုရင်အောင် ကြားရင် ရင်ကွဲသေဖို့ပဲ ရှိတော့တယ် မဟုတ်လား'

ထိုအခိုက်တွင် ဦးပန်းအောင် ရောက်လာလေသည်။ ဒေါ်ဘုမသည် အုအား 'သွား သွား၊ ညည်း ခဏ ရှောင်နေလိုက်ဦး။ ကိုရင်အောင်ကို အမေ ကြည့်ပြီး ပြောလိုက်ဦးမယ်' ဟု ပြောသဖြင့် အုသည် အိမ်ခန်းထဲသို့ ဝင်သွားလေသည်။ ဒေါ်ဘုမသည် သူ့သမီး၏ အဖြစ်အပျက်ကို ကြားခါစတွင် အတော် တုန်လှုပ်ချောက်ချား၍ သွားသော်လည်း ဦးပန်းအောင် ပြန်ရောက်သော အချိန်တွင် "အို လောကမှာ ဒီလိုပါပဲလေ" ဟု အောက်မေ့ကာ အမှတ်မဲ့သာ ယူဆလေသည်။ ဦးပန်းအောင်သည် သူ့သမီး မင်္ဂလာဆောင်ခြင်း အကြောင်းကို အရပ်ထဲတွင် လျှောက်၍ ပါးစပ်မောင်းခတ်ရာမှ ပြန်လာခြင်း ဖြစ်လေသည်။ သူ့စိတ်ထဲတွင် သူ့သမက်အား ပန်းသာမောင်မောင်ကြီး ဟု နာမည်ပြောင်း၍ ခေါ်ရန်ပင် ကြံစည်လျက် ရှိသည်။ ကြံစည်လျက်ရှိရုံမျှမက ရောက်လေရာ၌လည်း သူ့အကြံကို တွေ့သမျှလူအား ပြောပြလျက် ရှိပြီးလျှင် စကားဆုံးသည့်အခါ၊ ဆုံးသည့်အခါတိုင်း "ယုံလို့ ပြောတာနော်၊ ဘယ်သူ့မှ သွားမပြောနဲ့" ဟု မှာကြားလေသည်။

'ဟော့ ဘုမရေ၊ မိန်းကလေးဆီက စာများ မရဘူးလား ဟေ့'

ဒေါ်ဘုမသည် အုထံမှတော့ မရသည့်အကြောင်း၊ သို့ရာတွင် အုကိုယ်တိုင် ရောက်နေသည့် အကြောင်းတို့ကို ဦးပန်းအောင်အား အကျယ်တဝင့် ပြောပြလေသည်။

'ဘုမရယ်၊ ငါတော့ ပြောပဲ မပြောချင်ဘူး။ ဒီအခြေကျမှ ဒီလိုဖြစ်လာခဲ့ရတယ် ဆိုတော့ လဲသေဖို့ပဲ ကောင်းတာပဲ။ ဒီလိုဆိုတော့ တို့မျိုးရိုးကောင်းရတဲ့အတွက် ဘာမှ ထူးပြီး မကောင်းစားရတော့ဘူး ဆိုတဲ့အစိပ္ပာယ် ရောက်နေတာပေါ့။ ပြီးတော့ ရွာထဲ ငါ လျှောက်ပြီး ဂုဏ်တင်ပြောထားတာတွေဟာလည်း အလကား ဖြစ်ကုန်တော့တာပေါ့။ ချက်ကြီးတို့မျက်နှာတောင် ငါ ဘယ်လိုလုပ် ကြည့်ရမှန်း မသိဘူး။ ငါ့ကို တွေ့ရင်တော့ "ဘယ့်နှယ်လဲ ဘကြီးအောင်ရဲ့၊ ဒါကြောင့် စကားပြော လောဘမကြီးပါနဲ့လို့ ကျုပ်တို့ ပြောတယ် မဟုတ်လား" လို့ လှောင်ကြတော့မှာပဲ။ ဒီလိုသာဆိုရင်

တော့ ဘုမရေ၊ ငါတော့ ရေထဲ ဆင်းသေတော့မယ်။ ဒါပေမဲ့ ဘုမရေ နေစမ်းပါဦး၊ မိန်းကလေးကိုတော့ သူ မင်္ဂလာဆောင်လိုက်သေးတယ် မဟုတ်လား။ မင်္ဂလာဆောင်တယ် ဆိုရင်တော့ သူ ပစ်ထားပေမယ့် ကိစ္စမရှိပါဘူး။ စားစရိတ် တောင်းနိုင်တာပဲ'

'ဟုတ်တော့ ဟုတ်တာပေါ့ ကိုရင်အောင်ရဲ့၊ ဒါပေမဲ့ တော့်သမီးက ဒီလို လုပ်မှာ မဟုတ်ဘူး တော့်'

'အနို့ နေစမ်းပါဦး ဘုမရဲ့၊ ငါ တစ်ခု မေးစမ်းပါရစေဦး။ မိန်းကလေးကို သူ တင့်တင့်တယ်တယ် လူကြီးစုံရာနဲ့တော့ လက်ထပ်ယူရဲ့တဲ့လား။ ဒါမှ မဟုတ်ဘဲနဲ့ အရင်ကောင်လိုပဲတဲ့လား'

ဦးပန်းအောင် ပြောသော စကားကို အခန်းထဲမှ ကြားရသောအခါ အုသည် အထူးပင် စိတ်မချမ်းမသာ ဖြစ်ရှာလေသည်။

အဘယ်ကြောင့်ဆိုသော် သူ ပြောသော စကားများကို သူ့အဖေ ကိုယ်တိုင်ပင်လျှင် ယုံကြည်လိုသောဆန္ဒ မရှိသဖြင့် သူ့အဖြစ်မှာ တော်ရုံတန်ရုံ မဟုတ်ဘဲ အင်မတိ အင်မတန် အခြေမလှလျက် ရှိသည်ကို သိရသောကြောင့်တည်း။ အကယ်၍သာ မောင်ဒေဝသည် ပန်းသာမောင်မောင်ကဲ့သို့ အုကို အတိအလင်း မယူဘဲ ရွက်အုပ်သီး သီးရုံသာ သီးသည် မဟုတ်ပါမူ မင်္ဂလာ ဆောင်ပြီးခါစ အချိန်ကောင်းတုန်းတွင် အဘယ်မှာ အုကို ယခုကဲ့သို့ ပြန်၍ လွှတ်လိမ့်မည်နည်းဟု ဦးပန်းအောင်က တွေးမိဟန်တူသည်။ အုမှာ မောင်ဒေဝက သူ့ကို လက်ထပ်၍ ယူပါသည် ဆိုသည့် အကြောင်းကို ဘုရားစူး ကျမ်းစူးပင် ကျိန်၍ ပြောရမည်ကဲ့သို့ ရှိလေသည်။ ဘုရားစူး ကျမ်းစူး ကျိန်၍ ပြောသည်တိုင်အောင်ပင် ယုံချင်မှ ယုံဦးမည်။ သူ့အဖေ လုပ်သူတောင်မှ သူ့စကားကို မယုံကြည်ဘူးဆိုလျှင် လူစိမ်းသူစိမ်းတို့သည်သာ၍ မကဲပါလေလော။ ဤသို့ဖြစ်ရာ အုသည် သူ၏ ချက်မြှုပ်ရာ ပေပင်ကုန်း ရွာတွင် ကြာရှည်စွာ နေနိုင်ဖို့အကြောင်း မရှိတော့ချေ။ အုမှာ ပန်းသာ

မောင်မောင်နှင့်လည်း အရှက်ကွဲခဲ့ရလေပြီ။ ယခုတစ်ခါပါနှင့် ဆိုလျှင် နှစ်ခါ ရှာလေတော့မည်။

အုသည် ပေပင်ကုန်းတွင် အလွန်ဆုံး လေး ငါး ဆယ်ရက်သာ နေမည်ဟု စိတ်ကို ဆုံးဖြတ်လိုက်လေသည်။ လေး ငါး ဆယ်ရက်လောက် နေသောအခါ ကံအားလျော်စွာပင် မောင်ဒေဝထံမှ စာတစ်စောင် ရောက်၍ လာလေသည်။ မောင်ဒေဝက သူသည် မြန်မာပြည် မြောက်ပိုင်းသို့ သစ်သီး စိုက်ရန် နေရာသွားကြည့်ဦးမည်ဟု စာတွင် ရေးလိုက်လေသည်။ အုသည် ဟန်ကိုယ့်ဖို့၊ မာန်သူ့ဖို့ ဆိုသည့်အတိုင်း ဟန်မပျက်စေခြင်းငှာ ထိုစာကို ရ၍ သူ့ယောက်ျားနောက်သို့ လိုက်၍သွားသည့်ဟန်ဖြင့် ပေပင်ကုန်းမှ ထွက်ခဲ့ လေသည်။ အုသည် သွားခါနီးတွင် သူ့အမေနှင့် အဖေတို့အား တစ်ဆယ် တန် ငွေစက္ကူ အချပ် အစိတ်ဖြင့် ကန်တော့ခဲ့လေသည်။ ပေပင်ကုန်းတွင် အု ဆက်၍ မနေနိုင်သည့် အခြားအကြောင်းတစ်ရပ်မှာ သူတို့လင်မယား ကွဲ၍ နေသည့်အကြောင်းကို လူများ သိသွားလျှင် မောင်ဒေဝကို ကဲ့ရဲ့ကြမည် စိုးသောကြောင့်တည်း။ အုသည် လူကုံထံကတော်၏ ဟန်ဖြင့် 'ကျုပ်အတွက် အမေတို့၊ အဖေတို့ အရှက်ကွဲရ၊ မျက်နှာငယ်ရတာတွေနဲ့ စာမယ် ဆိုရင် ကျုပ် အခုပေးတဲ့ ငွေ နှစ်ရာ့ငါးဆယ်ဟာ အပုံကြီး နည်းပါသေးတယ်။ သို့သော်လည်း အခုတော့ ဒါလောက်နဲ့ပဲ ကျေနပ်ပါဦး။ နောက်တော့ ချောင် ရင် ချောင်သလောက် ကျုပ် ကြည့်ပြီး ကန်တော့ပါဦးမယ်' ဟု မျက်နှာ တည်တည်နှင့် ပြောသောအခါ ပန်းသာမြို့စားနှင့် ကြင်ဖက်တော် မြို့စား ကတော်ကြီး ဒေါ်ဘုမတို့သည် များစွာ ကျေနပ်ကြလေသည်။ အထူးသဖြင့် ဒေါ်ဘုမ စိတ်၌ "အို သူတို့လင်မယားဟာ စိတ်ဆိုးလည်း ခဏပေါ့။ အခု တော့ ချက်ချင်းပဲ ပြန်တည့်သွားကြပြီ" ဟု အောက်မေ့လျက် ရှိလေသည်။

ဦးပန်းအောင်သည် အု ပေးထားခဲ့သော ငွေ နှစ်ရာ့ငါးဆယ်၏ တန်ခိုးဖြင့် ချက်ကြီး၏ တဲတွင်ပင် ဖိုးမင်းကျော်နှင့် နေကုန်နေခန်း အချိန်ကို

ကုန်လွန်စေလေသည်။ ဒေါ်ဘုမလည်း နောက်တော်ပါးမှ ရေပူရေချမ်း ကမ်းလှမ်းကာ အမြဲ ပါလေသည်။

## အခန်း ၃၀

မောင်ဒေဝသည် သူ့မိဘများထံသို့ ပြန်ရောက်သွားလေသည်။ ရောက်သွားလျှင် ရောက်သွားချင်း သူ့အမေက 'ဟဲ့ လူကလေး မောင်ဒေဝ၊ လူကလေးမိန်းမကော ဘယ်မှာ ထားခဲ့သလဲ' ဟု မေးလေသည်။

'သူ့အမေအိမ်မှာ ခဏ ထားခဲ့ပါတယ်။ ကျွန်တော်လည်း ဂျာဗား ကျွန်းကို ကြံစိုက်ဖို့သွားမယ် ကြံတာနဲ့ အရေးတကြီးပဲ အမေတို့ဆီ ပြန်လာခဲ့တယ်'

'ဘာလို့ ဝေးဝေးလံလံ သွားချင်ရတာလဲ ငါ့သားရယ်၊ ဒီမှာပဲ အေးအေးနေရောပေါ့'

'ကျွန်တော် ဒီမှာနေလို့ ကြီးပွားနိုင်မှာ မဟုတ်ဘူး အမေ။ အဲဒီတော့ ကျွန်တော့်အကြံကို မဖျက်ချင်ပါနဲ့တော့'

'ငါ့သား အကြံတော့ ထားပါတော့။ ဒါလောက်တောင် ငါ့သား အာသာရှိရင် အမေ မဖျက်ပါဘူး။ ဒါပေမဲ့ ငါ့သားမိန်းမကို အမေ မကြည့်ရဘူးလား၊ အလကားပဲ သူ့အမေဆီကို ပြန်လွှတ်လိုက်တယ်။ အမေတို့ဆီကို ခေါ်ခဲ့ရောပေါ့'

'ကျွန်တော် အမှန်ပြောရမှာဖြင့် ကျွန်တော့်မိန်းမကို သုံးလတန်သည်၊ လေးလတန်သည် ဆိုသလိုပဲ အမေတို့ဆီကို ခေါ်လာမယ် စိတ်မကူးမိပါဘူး။ အစစ အပြောအဆို အနေအထိုင်များ သင်ပေးပြီးတဲ့ နောက်မှပဲ အမေတို့နဲ့ တွေ့စေမယ်လို့ စိတ်ကူးပါတယ်။ ကျွန်တော့်မိန်းမဟာ အမေ

သိတဲ့အတိုင်းပဲ၊ တောသူမကလေး ဆိုတော့ အပြောအဆို အနေအထိုင် မတတ်ပါဘူး'

'ကိုင်း ကိုင်း၊ ဒါတော့ ရှိပါစေတော့ သားရယ်။ သားရဲ့မိန်းမ ပုံပန်းကို ပြောပြစမ်းပါဦး။ သိပ် ချောမှာပဲလို့ ထင်တယ်'

'ချောတာတော့ အထူးပဲ ချောပါတယ် အမေရယ်၊ အထူးပြောဖို့ မလိုပါဘူး'

'အကျင့်စာရိတ္တလည်း အထူး ကောင်းမှာပေါ့နော်'

'ကောင်းတာပေါ့ အမေရဲ့'

'ဟုတ်ပါပြီ ဟုတ်ပါပြီ၊ အမေ တွေးကြည့်နိုင်ပါပြီ။ အသားကလေး ကလည်း ဖြူဖြူ၊ ကိုယ်လုံးကိုယ်ပေါက် ကလေးကလည်း ကောင်းကောင်း၊ မျက်လုံးကလေးကလည်း လှလှ၊ နှာတံကလေးကလည်း ပေါ်ပေါ်၊ မျက်ခုံး ကလေးကလည်း ချိုချို၊ ဆံပင်ကလေးတွေကလည်း ရှည်ရှည်နဲ့ သိပ်ပြီး ကြည့်ကောင်းမှာပါပဲ။ တစ်ခါတုန်းက ငါ့သားရဲ့ စာထဲမှာ ရေးလိုက်သလို နေမှာပေါ့'

'ဟုတ်ပါတယ် အမေ၊ ဟုတ်ပါတယ်။ ကျွန်တော့်စာထဲမှာ ပါတဲ့ အတိုင်းပါပဲ'

'တောလက်ကျေးရွာမှာ နေရာတယ်ဆိုတော့ ငါ့သားနဲ့ မတွေ့ခင် တုန်းကဆို ယောကျ်ားများကို ကောင်းကောင်းတောင် မြင်ဖူးရှာမှာ မဟုတ် ဘူး ထင်ပါရဲ့'

'ဟုတ်ပါတယ် အမေ၊ အမေ ထင်တဲ့ အတိုင်းပါပဲ'

'ငါ့သားဟာ သူ့အချစ်ဦးပေါ့နော်'

'ဟုတ်တာပေါ့ အမေရဲ့'

'ဒီလိုဆိုရင် တောသူ ဖြစ်တာနဲ့တော့ ငါ့သား ဘာမှ စိတ်မပူနဲ့။ လောကမှာ အခု ငါ့သားမိန်းမလောက်မှ အကျင့်မကောင်းတဲ့ မိန်းမတွေ

လည်း အပုံကြီး ရှိကြတာပဲ။ အမေ့သဘောကတော့ အေးလေ၊ မပြောပါဘူး။ ဒါတော့ ငါ့သား သဘောအတိုင်းပါပဲ။ ငါ့သားက လယ်ယာလုပ်ကိုင် စားသောက်ချင်တယ် ဆိုတော့ လယ်အကြောင်း ယာအကြောင်း နားလည်တဲ့ မိန်းမဆိုရင် ပိုပြီး ကောင်းတာပါပဲ'

မောင်ဒေဝ၏ အဖေမှာ မောင်ဒေဝ၏ အမေလောက် မေးလား၊ မြန်းလား မလုပ်ချေ။ သို့ရာတွင် တစ်ညဉ့် မောင်ဒေဝအား တော်လေးဝဝင်သော မိန်းမမြတ်တို့၏ ဂုဏ်အင်္ဂါများကို မောင်ဒေဝ သိရန် ပြောပြလေသည်။ မောင်ဒေဝမှာ ကြိတ်၍သာ နားထောင်နေရသော်လည်း ဝမ်းထဲ၌ကား မချိချေ။

'ဘယ့်နှယ်လဲ ငါ့သား၊ မင်းအဖေ ပြောတာ ကြားရဲ့ မဟုတ်လား။ လောကမှာ မိန်းမဆိုတာ ကဲ့ရဲ့စရာကင်းဖို့ပဲ အရေးကြီးတာပဲ။ အမေဖြင့် ငါ့သားမိန်းမကို သိပ်ကြည့်ချင်တာပဲ။ အကျင့်စာရိတ္တ ကောင်းတယ်၊ အပြစ်အနာ ကင်းတယ် ဆိုရင် အမေကတော့ သဘောကျတာပဲ'

မောင်ဒေဝသည် သူ့အမေက စိတ်ရိုး၊ စေတနာရိုးနှင့် ပြောသော စကားများမှာ သူ့အဖို့တွင် တရား စောင်းဟောနေသကဲ့သို့ ရှိရကား ဆက်လက်၍ နားထောင်ခြင်းငှာ မတတ်ကောင်းအောင် ရှိလေသည်။ မျက်လုံးများမှာလည်း သံပူရည်ကဲ့သို့ ပူလောင်သော မျက်ရည်တို့ဖြင့် ပြည့်လျက်ရှိသဖြင့် မောင်ဒေဝသည် အခြေမပျက်ခင် ကပျာကယာ ထ၍ သူ့အိပ်ခန်းထဲသို့ ဝင်သွားလေသည်။ သူ့အမေသည် မောင်ဒေဝ၏ အခြေမဟန်သော အဖြစ်ကို ရိပ်မိသဖြင့် သူ့သား အခန်းထဲသို့ လိုက်သွားလေသည်။

'ဘယ့်နှယ်လဲ လူကလေး မောင်ဒေဝ၊ ဘာဖြစ်လို့ လူကလေး ဒီလို ကမန်းကတန်းကြီး ထပြေးရတာလဲ။ လူကလေး ကြည့်ရတာ နေရာမကျဘူး'

'အမေရယ်၊ ကျွန်တော် သိပ်ပြီး စိတ်မကောင်းလို့ပါ'

'သားရဲ့မိန်းမအတွက် မဟုတ်လား၊ အမေ သိပါတယ်။ ကိုင်း ဘာဖြစ်လာကြသလဲ၊ ရန်ဖြစ်လာကြသလား။ ဘာမှ မကြာသေးဘဲနဲ့။ ကိုင်း အမေ့ကို ပြောစမ်းပါဦး'

'ရန်တော့ ဖြစ်တယ်လည်း မဟုတ်ပါဘူး။ သဘော မတိုက်ဆိုင်လို့ပဲ ဆိုပါတော့'

'နေစမ်းပါဦး သားရဲ့၊ သားရဲ့ မိန်းမက သူ့အကြောင်းကို အစစ်အဆေး ခံနိုင်ရဲ့လား'

မောင်ဒေဝ၏ အမေသည် မောင်ဒေဝ၏ အကဲကို ခတ်ပြီးလျှင် ငါ့သားဟာ ဒီလိုအကြောင်းကြောင့်သာ ဒီလို စိတ်မချမ်းမသာ ဖြစ်နေသည်ဟု မိခင်တို့၏ ပြကတေ့ဉာဏ်ဖြင့် ရိပ်မိသောကြောင့် ထိုကဲ့သို့ အချက်ကို ကောက်၍ မေးလိုက်ခြင်း ဖြစ်လေသည်။ မောင်ဒေဝသည် ဘယ်ကဲ့သို့ ဖြေမည်နည်း။ ဟုတ်သည့်အတိုင်း ဝန်ခံမည်လော၊ မဟုတ်မမှန်သော စကားကိုပင် ဇွတ်မှိတ်၍ ဆိုမည်လော။

'အမေ၊ ကျွန်တော့်မိန်းမဟာ ခြောက်ပြစ်ကင်းပါ'

မောင်ဒေဝသည် မဟာအဝိစိ ငရဲမှ မတက်ဘဲ နေကာမှသာ နေရမည်။ ဘယ်နည်းနှင့်မျှ အုစ၏ အရှက်ကို ခွဲနိုင်လိမ့်မည် မဟုတ်။

'ဒီလိုဆိုရင်လည်း ငါ့သားရယ်၊ ဘာမှ စိတ်မကောင်းဖြစ်စရာ မလိုပါဘူး။ အရေးအကြီးဆုံးက ဒါပဲဟာကိုး။ ဒီ့ပြင် အပြောအဆို မတတ်တာကတော့ နောက်ကို သား ပြုပြင်ပေးနိုင်တာပဲဟာ'

မောင်ဒေဝသည် သူ့အမေ၏ စကားကို ကြားရလေလေ၊ မခံချိလေဖြစ်လျက် ရှိလေသည်။ ညအချိန် ရောက်လာသောအခါ မောင်ဒေဝသည် အုအား "ဒင်း မကောင်းတာနဲ့ ငါ့အမေကို ငါ လိမ်ပြောရတယ်" ဟု ယောင်၍ပင် နှုတ်က ထွက်မိလောက်အောင် အမျက်ထွက်လျက် ရှိလေသည်။ ထိုညတွင် မောင်ဒေဝက အထင်အမြင် သေးစွာနှင့် အပြစ်တင်လျက်ရှိသော

အုစ၏ စိတ်၌ လောကတွင် သူ့လင် မောင်ဒေဝထက် စိတ်နှလုံး ဖြူစင် မြင့်မြတ်သူ မရှိဟု အောက်မေ့လျက် ရှိလေသည်။ ထိုအခိုက်တွင် မောင်ဒေဝ တို့ လင်မယားမှာ မောင်ဒေဝ၏ဉာဏ်ဖြင့် တွေးကြည့်နိုင်သည်ထက် ကြီး မားသော အမိုက်တိုက်ကြီးသည် ဖုံးအုပ်လျက် ရှိလေသည်။ ထိုအမိုက်တိုက် ကြီးကား အခြားမဟုတ်။ မောင်ဒေဝ၏ သဘောထား မကြီးခြင်းပင် ဖြစ်လေ သည်။ စိတ်ကောင်းရှိသော မောင်ဒေဝမှာ သူများတကာထက် ဉာဏ်အမြော် အမြင် အထက်တန်းကျသူ တစ်ယောက် ဖြစ်သည်ဟု သူ့ဟာသူ ယူဆသော် လည်း စင်စစ်မှာ အစဉ်အလာ ဓလေ့ထုံးစံ အကိုးအရိုး အစွဲအလမ်းတို့၏ အနှောင်အဖွဲ့မှ လွတ်သေးသူ မဟုတ်။ တစ်ယောက်သော မိန်းမ၏ အကျင့် စာရိတ္တကို ဆုံးဖြတ်ရာတွင် ထိုမိန်းမ အကယ်ပြုသော အမှုတို့ဖြင့် မဆုံးဖြတ် ဘဲ ထိုမိန်းမ၏ ပြကတေ့ သဘောအားဖြင့် မြင့်မြတ်သော အမှုတို့ကို နှစ်သက် တတ်သော စိတ်ထား ရှိသလော၊ မနှစ်သက်တတ်သော စိတ်ထား ရှိသလော ဆိုသည့် အကြောင်းတို့ဖြင့်သာ ဆုံးဖြတ်အပ်သည်ဖြစ်ရာ၊ အုမှာလည်း တရား ကိုယ် သဘောအားဖြင့် ကြည့်မည်ဆိုလျှင် သူ ဖြစ်ပျက်ရသမျှတို့မှာ လျှပ်ပေါ် လော်လည်၍ ဖြစ်ရသည် မဟုတ်သဖြင့် ချီးမွမ်းအပ်သော အကျင့်ရှိသည် ဟုသာ ယူဆထိုက်လေသည်။ ထိုသို့ ယူဆထိုက်သည့် အဖြစ်ကို မောင်ဒေဝ အား ဘယ်ဆရာ၊ ဘယ်ပုရောဟိတ်ကမျှ လာ၍ ပြောမပြချေ။ သူ့ကိုယ်တိုင် ကလည်း ဆရာဉာဏ်၊ ပုရောဟိတ်ဉာဏ် မရ၍ မသိ။ တစ်ကြောင်းအားဖြင့် လည်း သည်ကိစ္စမျိုးတွင် တစ်ယောက်သောသူအား အနီးမှကပ်၍ ကြည့်လျှင် ဖုံးကွယ်မှုအကြောင်း မရှိသဖြင့် ပို၍ အပြစ်များကို တွေ့မြင်တတ်ပြီးလျှင် အဝေးမှ ကြည့်သောအခါကျမှသာ ရှိလေသမျှသော အပြစ်များပင်လျှင် ကောင်းမြတ်သော ဂုဏ်အရည်အချင်းအဖြစ်သို့ ရောက်သွားသည်ကို တွေ့ရ တတ်လေသည်။ မောင်ဒေဝသည် အုစ၏ အပြစ်များကို ဆင်ခြင်ရာ၌ အုစ၏ အကျိုးများကို အလျှင်း သတိမပြုမိချေ။

မောင်ဒေဝသည် ဂျာဗားကျွန်းသို့ သွားရန် သူ့မိဘအိမ်က ထွက်ခွာမည့် နံနက်အချိန်တွင် သူ့ဖို့ သူ့မိဘများ ရည်မှန်းထားသော မခင်သူနှင့် လမ်းတွင် တွေ့လေသည်။ သူတို့နှစ်ယောက်မှာ ကျောင်းနေဘက် သူငယ်ချင်း ဖြစ်ကြသည့်အတိုင်း တစ်ယောက်ကိုတစ်ယောက် ပျူပျူငှာငှာ နှုတ်ခွန်းဆက်ကြပြီးလျှင် ဟိုအကြောင်း၊ သည်အကြောင်း စသည်တို့ကို မေးမြန်း ပြောဆိုကြသောအခါ မခင်သူ့စိတ်တွင် မောင်ဒေဝမှာ သူ ပြောပုံဆိုပုံ၊ ဂနာမငြိမ်ပုံတို့ကို ထောက်ထားခြင်းအားဖြင့် စိတ် ကတောက်ကတက် ဖြစ်နေသည်ဟု ထင်မိလေသည်။ မောင်ဒေဝ စိတ်ဥ္စမှုကား အုသည် မခင်သူကဲ့သို့ အပြစ်ကင်းမည် ဆိုပါက လွန်စွာ ကောင်းလေစွ အောက်မေ့လေသည်။ မခင်သူနှင့် တွေ့ရသဖြင့် မောင်ဒေဝမှာ ပို၍ စိတ်မကောင်း ဖြစ်လေသည်။

မောင်ဒေဝသည် မခင်သူနှင့် တွေ့သည့် ညနေပိုင်းတွင် သူ့မိဘရပ်ထံမှ ထွက်ခွာခဲ့လေသည်။ နောက်တစ်နေ့ နံနက်တွင် သူနှင့် အုတို့ ခေတ္တသွားရောက် တည်းခိုနေကြသော တိုက်အိုကြီးသို့ ဆိုက်ရောက်၍ တောင်သူကြီး လင်မယားအား နောက်ထပ်ပေးဖို့ ငွေအနည်းငယ် ရှိသည်တို့ကို ပေးပြီးလျှင် တိုက်ပေါ်၌ ကျန်ရစ်သော အချို့ပစ္စည်းများကိုလည်း ယူငင်လေသည်။ တိုက်အိုကြီးသို့ ရောက်သောအခါ အောက်ထပ်တွင် သူ အိပ်သော ဝါးကွပ်ပျစ်ကြီးကို လည်းကောင်း၊ အပေါ်ထပ်တွင် တစ်ခါမျှ သူ ဝင်၍ မအိပ်ဖူးသော အု၏ အိပ်ခန်းကို လည်းကောင်း တွေ့မြင်လေရာ စိတ်ထဲတွင် "ဩော် ငါ့ကံနှယ် ဘယ်လိုကံပါလိမ့်မလဲနော်" ဟု တွေးတော ညည်းညူမိလေသည်။ ထို့နောက် သူတို့လင်မယား ဇလုံထဲတွင် လက်အတူတူ နှိုက်၍ ဆေးကြခြင်း၊ အုက သူ့ကို ကလေးငယ်ကဲ့သို့ ယုယစွာ ထမင်းခွံ့ခြင်း စသည်တို့ကို သတိရပြန်သဖြင့် ရင်ထဲတွင် ဆို့၍ မျက်ရည်များ ယိုစီးလာလေသည်။ "မောင်ဒေဝရယ်၊ မင်းလုပ်ပုံဟာ ဟုတ်မှ ဟုတ်ကဲ့လား။ မင်းဟာ အု အပေါ်

မှာ မရက်စက်လွန်းဘူးလား” ဟု သူ့ကိုယ်သူ မေးခွန်း ထုတ်မိပြီးလျှင် “အုရယ်၊ အစကသာ ကိုကို့ကို ဒီလို အု ဖွင့်ပြောရင် ကိုကိုဟာ အုအပေါ်ကို ခွင့်လွှတ်နိုင်မှာပဲ” ဟု ဆွေးပူလျက် ရှိလေသည်။

ထိုအခိုက်တွင် လှေကားမှ ခြေသံကြားသဖြင့် မောင်ဒေဝ လှည့်၍ ကြည့်ရာ သူနှင့် ရင်းနှီးစွာ သိသော မိန်းမတစ်ယောက် လာနေသည်ကို တွေ့ရလေသည်။

‘ကိုဒေဝ၊ ကိုဒေဝတို့ဆီကို ကျုပ် အလည်လာတယ်။ ကိုဒေဝ မိန်းမကော ရှိရဲ့လား’

ထိုစကားကို ပြောသူမှာ အခြားသူ မဟုတ်။ မောင်ဒေဝကို တိတ်တိတ်ခိုး မေတ္တာသက်ဝင်နေသူ တစ်ဦးဖြစ်သော မရွှေမှုံပင် ဖြစ်လေသည်။ မရွှေမှုံမှာ ရိုးရိုးဖြောင့်ဖြောင့် တောသူမကလေး ဖြစ်၍ မောင်ဒေဝ အပေါ်တွင် အု ချစ်သလောက်နီးနီး ချစ်၍ နေရာ လယ်သမားကြီး မောင်ဒေဝ အဖို့ လျောက်ပတ်သော ဇနီး ဖြစ်နိုင်သော အရည်အချင်းနှင့် ပြည့်စုံသူ ဖြစ်လေသည်။ မရွှေမှုံ၏ စိတ်ထဲတွင် ရှိသည့် အကြံကို မောင်ဒေဝက သိသော်လည်း မောင်ဒေဝ စိတ်ထဲတွင် ရှိသည့် အကြံကိုကား မရွှေမှုံ မသိချေ။

‘အခု ဒီမှာ ကိုဒေဝ တစ်ယောက်တည်းပဲ ရှိတယ်။ ပြီးတော့ ကိုဒေဝတို့ ဒီမှာ မနေတော့ဘူး။ မရွှေမှုံက အခု ဘယ်ကိုပြန်မလဲ’

‘ကျုပ် ရှားပင်စုမှာ မနေတော့ဘူး’

‘ဘာလို့လဲ’

မရွှေမှုံသည် မျက်နှာညှိုး၍ သွားလေသည်။

‘ရှားပင်စုမှာ နေချင်စရာမှ မကောင်းတော့ပဲ။ ဒါနဲ့ ကျုပ်လည်း မနေတော့ဘူး’

ဤသို့ ပြောပြီးနောက် မရွှေမှုံသည် မောင်ဒေဝ ခရီးဆက်၍ သွားမည့်ဘက်သို့ ‘ကျုပ်တို့ရွာက ဒီဘက်မှာ ရှိတယ်’ ဟု လက်ညှိုးထိုး၍ ပြလေသည်။

'ဒါဖြင့် ကိုဒေဝ လှည်းနဲ့ လိုက်ခဲ့လေ။ ကိုဒေဝတို့လည်း အဲဒီဘက်ကိုပဲ သွားမလို့'

'ကျေးဇူးပေါ့တော်'

မရွှေမှုံသည် ဝမ်းသာလုံး ဆို၍ သွားလေသည်။

မောင်ဒေဝသည် တောင်သူကြီး လင်မယားအား ပေးစရာ ကျန်သမျှကို ပေးပြီးနောက် လှည်းပေါ်သို့ တက်လေသည်။ မရွှေမှုံလည်း လှည်းပေါ်သို့ တက်၍ မောင်ဒေဝအနီး လှည်းနောက်မြီးတွင် ခြေတွဲလွဲချ၍ ထိုင်လေသည်။ တိုက်အိုကြီးမှ ထွက်ခွာခဲ့၍ နဘူးချုံ တောတန်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက် အလိုက်သိသော လှည်းသမားကြီးသည် မောင်ဒေဝနှင့် မရွှေမှုံတို့အား လွတ်လပ်စွာ ပြောဆိုခွင့်ရနိုင်စေခြင်း အကျိုးငှာ 'ကိုင်း၊ မောင်ရင်လေး လှည်းမောင်းတတ်တယ် မဟုတ်လား။ တစ်ဆိတ် မောင်းခဲ့စမ်းပါ။ ကျုပ် ခဏဆင်းပြီး လှည်းထမ်းပိုးကြီး တစ်ချောင်းလောက် ခုတ်ချင်လို့' ဟု ပြောကာ သာသနာပြုလေသည်။ မောင်ဒေဝမှာလည်း ရေတော်တုန်းတွင် ရေအိုးစင်ကို ဝင်၍ တိုးမိလေသည်။

'မရွှေမှုံ၊ ကိုဒေဝလေ အခု ဒတ်ချ်ပိုင် ဂျာဗားကျွန်းကို သွားမလို့။ မြန်မာပြည်မှာ မနေတော့ဘူး'

'အနို့၊ ကိုဒေဝ မိန်းမက သဘောတူရဲ့လား'

'သူ အခု မလိုက်သေးဘူး။ နောက် တစ်နှစ် နှစ်နှစ်လောက် နေမှ လိုက်လာလိမ့်မယ်။ အခု ကိုဒေဝက ဟိုမှာ လုပ်ခင်း ကိုင်းခင်း ဘယ်လိုနေတယ်ဆိုတာ သွားကြည့်မလို့။ ကြံစိုက်လို့ သိပ်ကောင်းတယ် ပြောလို့'

မရွှေမှုံသည် စကားပြန် မပေးဘဲ စဉ်းစားကာ လိုက်ပါသွားလေသည်။ အတန်ကြာသောအခါ မောင်ဒေဝကပင် စကားစ၍ ပြောပြန်လေသည်။

'မဟိုဒင်းတို့ကော မာကြရဲ့လား၊ မနန်းစိန် တစ်ယောက်ကော ဘယ့်နှယ်နေသလဲ'

'သူ့ကြည့်ရတာ သိပ်ပြီး စိတ်ညစ်နေတယ် ထင်တယ်။ အရင်ကနဲ့ မတူဘူး၊ မျက်တွင်းကြီးတွေလည်း ကျလို့။ ပိန်လိုက်တာလည်း ဝါးခြမ်းပြား ကို ထောင်ထားသလိုပဲ။ အခုနှယ်များ ဆိုရင် သူ့ကို ကြိုက်မယ့်လူတောင် ခပ်ရှားရှား နေမှာ'

'အနို့၊ မငွေခင်ကော'

'သူကတော့ ထန်းရည်စွဲနေပြီ'

'မရွှေမှုံက တကယ် ပြောတာလား'

'တကယ်ပြောတာပေါ့ ကိုဒေဝရဲ့၊ ကျုပ်က ဘာလိမ်ပြောဖို့ ရှိတာ လိုက်လို့'

'မရွှေမှုံလည်း သောက်တယ်ဆို'

'ကျုပ်ကတော့ တစ်ခါတည်းပါ။ ကိုဒေဝတို့ ထွက်သွားကြတဲ့ နေ့က'

'မရွှေမှုံက ဘယ်လို့ ဒီလို လုပ်ရတာလဲလို့'

'ဒါတော့ စိတ်ညစ်တာကိုးတော့်၊ ဘယ့်နှယ်တတ်နိုင်မလဲ။ အခု တော့ ကျုပ် အရင်ကလို သီချင်းတောင် မဆိုတော့ဘူး'

'ဘာလို့ မဆိုရတာလဲ မရွှေမှုံရဲ့။ ပျော်ပျော်နေ သေခဲ ဆိုတဲ့အတိုင်း ပျော်ပျော်နေမှပေါ့'

'ပျော်ပျော်နေ သေခဲ ဆိုတာတော့ ဟုတ်တာပေါ့၊ ဒါပေမဲ့....'

မရွှေမှုံသည် စကားကို ဆက်၍မပြောဘဲ မောင်ဒေဝအား အဓိပ္ပာယ် ကွက်ကွက်ကွင်းကွင်း ပေါ်သော အကြည့်မျိုးဖြင့် ကြည့်လေသည်။

'မရွှေမှုံက ကိုဒေဝလို လူတစ်ယောက် အတွက်နဲ့ ဒါလောက်တောင် ပဲ ဖြစ်နေရသလားလို့။ ကိုင်း ဒါဖြင့်၊ တကယ်လို့ ကိုဒေဝက မရွှေမှုံကို ကိုဒေဝကို ယူမလားလို့ မေးရင် မရွှေမှုံ ဘယ်လို ဖြေမလဲ'

'ဟုတ်ကဲ့၊ ယူမှာပေါ့လို့ ဖြေမှာပေါ့။ ပြီးတော့ ကိုဒေဝမှာလည်း ကိုယ်ချစ်ကို မရဘဲ သူချစ်ကို ရမှာပေါ့'

'မရွှေမှုံ အခုပြောတာ တကယ် ပြောတာနော်'

'တကယ်ပြောတာပေါ့ ကိုဒေဝရဲ့။ ကိုဒေဝက အခုတောင် ကျုပ် စိတ်ထား ဘယ်လိုဆိုတာ မရိပ်မိသေးဘူးလား'

ထိုသို့ပြောပြီး အတော်ကြာသောအခါ လမ်းခွဲသို့ ရောက်လေသည်။ မရွှေမှုံက ထိုလမ်းခွဲမှာ သူတို့ရွာကို သွားသော လမ်းခွဲ ဖြစ်ကြောင်း၊ သူ ထိုလမ်းခွဲကပင် ဆင်းရမည် ဖြစ်ကြောင်း ပြောလေသည်။

မောင်ဒေဝသည် လှည်းကို ရပ်၍ပေးသဖြင့် မရွှေမှုံလည်း လှည်း ပေါ်မှ ဆင်းလေသည်။ လှည်းသမားကြီးလည်း အလိုက်သိတုန်းပင် ရှိသေး သည်။ လှည်းပေါ်သို့ ပြန်မတက်သေး။ မောင်ဒေဝသည် အုတစ်ယောက် အပေါ်တွင် မကျေမနပ် ဖြစ်ကာမျှဖြင့် တစ်လောကလုံး အပေါ်တွင် စိတ်ဆိုး လျက် ရှိလေသည်။ တစ်ခါတစ်ရံ နေချင်သလို နေ၊ ထိုင်ချင်သလို ထိုင်ပြီး လျှင် လောကကြီးကို လက်စားချေတော့မည်ဟု ကြံမိလေသည်။

'မရွှေမှုံ၊ ဂျာဟားကျွန်းကို ကိုဒေဝ တစ်ယောက်တည်း သွားမလို့။ အုကို ကိုဒေဝ ခေါ်မသွားတာ အဝေးကြီးကို သွားရမှာမို့ ခေါ်မသွားတာ မဟုတ်ဘူး။ ကိုဒေဝ မကျေနပ်တာရှိလို့ ခေါ်မသွားတာ။ သူနဲ့လည်း ကိုဒေဝ ဒီဘဝမှာ ပြန်ပေါင်းချင်မှပဲ ပေါင်းဖြစ်တော့မယ်။ ကိုဒေဝက မရွှေမှုံကို ခေါ်ရင် ဘယ့်နှယ်လဲ၊ မရွှေမှုံ လိုက်မလား'

'ကိုဒေဝက တကယ် ခေါ်မှာလား'

'လိုက်မယ်ဆိုရင် တကယ်ခေါ်မှာပေါ့ မရွှေမှုံရဲ့။ ကိုဒေဝက ကောင်း ပေးမယ့် ကိုဒေဝ အပေါ်မှာ မကောင်းကြဘဲ။ ကိုဒေဝကလည်း ကိုယ့်ဟာ ကိုယ် စိတ်သက်သာအောင် ကြံရတော့မှာပေါ့။ မရွှေမှုံက ကိုဒေဝကို ချစ် တယ် ဆိုတာကတော့ ဘယ်သူက ဘာပြောပြော အနည်းဆုံး ကိုဒေဝ အပေါ် မှာ စိတ်ရိုး စေတနာရိုးနဲ့ ချစ်မှာပဲ။ ဒီတော့ လိုက်မယ်၊ မလိုက်ဘူးဆိုတာ ကိုဒေဝ သိချင်တယ်'

'တကယ်ခေါ်ရင် လိုက်မှာပေါ့'

'လိုက်တာတော့ ဟုတ်ပါပြီ၊ ကိုဒေဝက ဘယ်သဘောနဲ့ ခေါ်တယ် ဆိုတာတော့ မရွှေမှုံ သိရဲ့ မဟုတ်လား'

'သိပါတယ် ကိုဒေဝ။ ဟိုမှာ နေတုန်းမှာ ကျုပ် ကိုဒေဝနဲ့ နေရမှာပေါ့။ ဒါလောက် နေရတယ် ဆိုရင်ပဲ ကျုပ် ကျေနပ်တာပဲ'

'နောက်တော့ ကိုဒေဝဟာ အကျင့် မကောင်းဘူးလေး ဘာလေး မပြောရဘူးနော်။ အခုလို မရွှေမှုံကို ခေါ်သွားတာကို သူများတွေကတော့ ကဲ့ရဲ့ကြမှာပဲ'

'သူများ ကဲ့ရဲ့တာတွေကို ကျုပ် အရေးမလုပ်ပါဘူး။ သူတို့က ကဲ့ရဲ့ပေမယ့် ပူတော့ ကိုယ် ပူရတာပဲ။ ကိုယ့်စိတ်ထဲမှာ မချိလာဘူးဆိုတဲ့ တစ်နေ့ကျတော့ ဘယ်မိန်းမမှ ကဲ့ရဲ့တာကို မကြောက်ပါဘူးတော့။ ပြီးတော့ ဒီ့ပြင် နည်းလည်း ရှိတာမှ မဟုတ်ဘဲ'

'ကိုင်း ဒါဖြင့် မပြန်နဲ့တော့၊ လှည်းပေါ် တက်။ တစ်ခါတည်းပဲ လိုက်ခဲ့ပေတော့'

မရွှေမှုံသည် လှည်းပေါ်သို့ ပြန်တက်ပြီးလျှင် မောင်ဒေဝ၏ ဘေးတွင် ထိုင်၍ လိုက်သွားလေသည်။ မောင်ဒေဝသည် မရွှေမှုံ အပေါ်တွင် ချစ်ခင်သော အခြင်းအရာ တစ်စုံတစ်ရာ မပြဘဲ ကွမ်းနှစ်ယာညက်ခန့် လှည်းမောင်း၍ သွားလေသည်။

'မရွှေမှုံ ကိုဒေဝကို အင်မတန်ပဲ မေတ္တာရှိသလား'

'ဩော် ကိုဒေဝက အခုထက်ထိတောင် မေးနေရသေးသလား။ အင်မတိ အင်မတန် မေတ္တာမရှိဘဲနဲ့ ကိုဒေဝ နောက်ကို လိုက်လာပါ့မလား ကိုဒေဝရဲ့။ အခုမှ မေတ္တာရှိတာ မဟုတ်ပါဘူး၊ ဟိုတုန်းက ရှားပင်စုမှာ အတူတူ နေကြတုန်းကတည်းက မေတ္တာရှိနေတာပါ'

'မရွှေမှုံက မေတ္တာရှိနေတာဟာ အုက ကိုဒေဝ အပေါ်မှာ မေတ္တာရှိတာထက် ပိုသေးသလား'

'အု မေတ္တာရှိတာထက်တော့ ဘယ်ပိုနိုင်မှာလဲ ကိုဒေဝရဲ့'

'ဘာလို့ မပိုနိုင်တာလဲ'

'ဘာလို့ရမှာလဲ ကိုဒေဝရဲ့။ အုက ကိုဒေဝကို ချစ်တာထက်တော့ ကိုဒေဝကို ဘယ်သူမှ ပိုပြီး မေတ္တာမရှိနိုင်ဘူး။ အုဟာ ကိုဒေဝ အတွက်ဆိုရင် သူ့လည်ပင်းတောင် စင်းပေးပြီး အသေခံမှာ။ ဒီတော့ ကျုပ်လည်း ဒါထက် ဘယ်ပိုပြီး မေတ္တာရှိနိုင်မှာလဲ'

ရိုးသော တောသူမလေး မရွှေမှုံသည် ဘုရားအကြိုက် တရားလိုက်၍ မှန်သည့်အတိုင်း ပြောမိလေပြီ။ အုသည် နလုံးကောင်းသူ ဖြစ်သောကြောင့် မရွှေမှုံသည် အု အပေါ်တွင် မတရားပြောခြင်းငှာ မတတ်ကောင်း။ မောင်ဒေဝသည် မလှုပ်မယှက် နားထောင်လျက် ရှိလေသည်။ မရွှေမှုံ၏ သဘောဖြူ အူစင်း ဘွင်းဘွင်းကြီး ပြောလိုက်သော စကားတို့သည် မောင်ဒေဝအား ဟုတ်မှန်သည့်အတိုင်း သိမြင်ခြင်းကို ဖြစ်စေလေပြီ။ "အုဟာ ကိုဒေဝ အတွက် ဆိုရင် လည်ပင်း စင်းပြီးတောင် အသေခံမှာ။ ဒီတော့ ကျုပ်လည်း ဒါထက် ဘယ်ပိုပြီး မေတ္တာရှိနိုင်မှာလဲ" ဟု မရွှေမှုံ ပြောလိုက်သော စကားသည် မောင်ဒေဝ၏ နားထဲမှ မထွက်တော့။ မောင်ဒေဝသည် ရင်ထဲ၌ ဆို့၍ လာလေပြီ။

'မရွှေမှုံ၊ ကိုဒေဝ ဘာတွေ လျှောက်ပြောမိမှန်း မသိဘူး။ ကိုဒေဝ ပြောတာတွေကို အတည်မယူပါနဲ့။ ကိုဒေဝ စိတ်မကောင်းလို့ ပြောမိတာပါ။ မရွှေမှုံ၊ ကိုဒေဝနဲ့ မလိုက်ပါနဲ့တော့။ မရွှေမှုံတို့ ရွာကို ကိုဒေဝ ပြန်ပို့ပါ့မယ်'

မောင်ဒေဝသည် လှည်းကို ပြန်လှည့်ပြီး မောင်းလေသည်။

'ကိုဒေဝ အပေါ်မှာ ကျုပ်က ရိုးဖြောင့်တဲ့အတွက် ကိုဒေဝက ကျုပ်ကို ဆုချတာပေါ့လေ။ အမယ်လေး၊ ကျုပ် မပြန်နိုင်ဘူး ကိုဒေဝရဲ့'

မရွှေမှုံသည် မျက်နှာကိုငုံ့ကာ လက်နှစ်ဖက်နှင့် အုပ်ပြီးလျှင် ချုံးချုံးချကာ ငိုရှာလေသည်။

'မရွှေမှုံ၊ အု အပေါ်မှာ မရွှေမှုံ စိတ်ကောင်းထားပြီး ပြောလိုက်တဲ့

အချက်ကလေးဟာ အင်မတန် အဖိုးတန်ပါတယ်။ ဒီအဖိုးတန်နေတဲ့ အချက်ကလေးကို မဖျက်ချင်ပါနဲ့တော့'

မရွှေမှုံသည် တဖြည်းဖြည်းနှင့် မျက်ရည်သိမ်းကာ စိတ်သက်သာစပြုလေသည်။

'ဒီလိုဆိုရင် ကျုပ် မှားပါပြီ။ တော့်နောက်ကို ကျုပ် လိုက်မယ်လို့ ပြောမိတာလည်း သတိလစ်ပြီး ပြောမိတာပါပဲ။ တကယ်ဆိုတော့ မဖြစ်နိုင်ဘူး ဆိုတာ ကျုပ်လည်း သိပါတယ်'

'မဖြစ်နိုင်ဆို မရွှေမှုံလည်း သိတဲ့အတိုင်းပဲ။ ကိုဒေဝမှာလည်း လွတ်လွတ်ကင်းကင်းမှ မဟုတ်ဘဲနဲ့'

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ ကိုဒေဝမှာ သားကြီး မယားကြီးနဲ့ဟာပဲ'

သူ့ဘက်သာ မောင်ဒေဝ ပါပုံ ပေါ်မည် ဆိုလျှင် မရွှေမှုံသည် "ယောကျ်ားကောင်း မောင်းမတစ်ထောင် မဟုတ်လား ကိုဒေဝရဲ့" ဟု မောင်ဒေဝအား ရေလာ မြောင်းပေး ပြောလေရာသည်။

'မရွှေမှုံ၊ ကိုဒေဝ ကလေးစကား ပြောမိတာကို အမှတ်မထားပါနဲ့နော်။ ကိုဒေဝဟာ ဘာမှ အစဉ်းစား အဆင်ခြင် မရှိဘူး'

'ကိုဒေဝကတော့ အမှတ်မထားဘဲ နေလို့ ရတာပေါ့။ ကျုပ်ကတော့ ဘယ် အမှတ်မထားဘဲ နေနိုင်မှာလဲ။ ကျုပ်အဖို့မှာတော့ ကိုဒေဝ ပြောတာတွေဟာ ကလေးစကား မဟုတ်ပါဘူး၊ အင်မတန် လေးနက်တာပဲ'

ထိုအခိုက်တွင် လှည်းသည် မရွှေမှုံတို့ရွာ လမ်းခွဲသို့ ရောက်လေသည်။ လှည်းသမားကြီးလည်း ခပ်လှမ်းလှမ်းကပင် လှည်းကွေ့သည့် ဘက်သို့ ကွေ့ကာ လိုက်လာလေသည်။ မောင်ဒေဝသည် မရွှေမှုံ ပြောသော စကားတို့မှာ ဟုတ်ပါပေသည်၊ သူ့ကို အပြစ် တင်ထိုက်ပါပေသည်ဟု အောက်မေ့လျက် ရှိလေသည်။ မရွှေမှုံသည် လှည်းပေါ်မှ ဆင်းလေသည်။ မောင်ဒေဝလည်း ကပျာကယာ ဆင်း၍လိုက်ပြီးလျှင် 'ကိုင်း မရွှေမှုံ၊ ကိုဒေဝ

အပေါ်မှာ ဗွေမယူပါနဲ့နော်။ ကိုဒေဝကိုလည်း မိတ်ကောင်း ဆွေကောင်း အဖြစ် သဘောထားပါ။ ကိုဒေဝ စိတ်ထဲမှာ ဘယ်လိုဖြစ်နေတယ် ဆိုတဲ့ အကြောင်းကို မရွှေမှုံ သိရင် မရွှေမှုံဟာ ကိုဒေဝ အပေါ်မှာ စိတ်ဆိုးမယ် မဟုတ်ပါဘူး' ဟု တောင်းပန်စကား ပြောလေသည်။ မရွှေမှုံသည် သဘောထား ကြီးသူကလေး ဖြစ်သဖြင့် မောင်ဒေဝ တောင်းပန်သည့်အတိုင်း မောင်ဒေဝ အပေါ်တွင် စိတ်ပြေပြီးလျှင် 'ကိုဒေဝ အပေါ်မှာ ကျုပ် ဘယ်လိုမှ မအောက်မေ့ပါဘူး' ဟု ခွင့်လွှတ်စကား ဆိုလေသည်။

'မရွှေမှုံ၊ ကိုဒေဝ မသွားခင် တစ်ခု မှာလိုက်ပါရစေ။ မငွေခင်နဲ့ တွေ့လို့ရှိရင် ပြောလိုက်ပါ။ မိန်းကလေးတန်မယ့် သောက်လား ပြုလား မလုပ်ပါနဲ့လို့၊ ကိုဒေဝက ဒီလိုပဲ မှာသွားတယ်လို့ ပြောဖြစ်အောင် ပြောလိုက်ပါနော်။ ပြီးတော့ မနန်းစိန်ကိုလည်း လောကမှာ ကိုဒေဝထက် အဖိုးတန်တဲ့ ယောကျ်ာတွေ အပုံကြီး ရှိပါတယ်လို့။ ဒါကြောင့် ကောင်းကောင်း မွန်မွန် လိမ်လိမ်မာမာ နေပါလို့ ပြောဖြစ်အောင် ပြောလိုက်ပါနော်။ ကောင်းကောင်း မွန်မွန် လိမ်လိမ်မာမာ ဆိုတဲ့စကားကို ပြောဖို့ မမေ့ပါနဲ့။ အခု ဒီစကားကို ကိုဒေဝ ပြောတာဟာ သေခါနီး လူအချင်းချင်း နောက်ဆုံးစကား မှာကြားခြင်း အဖြစ်မျိုးနှင့် ပြောတာ အောက်မေ့ပါလို့။ ဘာလို့လဲဆိုတော့ ဒီဘဝမှာ ကိုဒေဝနဲ့ သူတို့နဲ့ တွေ့ချင်မှ တွေ့ကြရတော့မှာမို့။ နောက်ပြီးတော့ မရွှေမှုံကလည်း ဟုတ်တဲ့၊ မှန်တဲ့ စကားကို ပြောလို့ ကိုဒေဝမှာ အမှားကို မပြုမိတဲ့အတွက် မရွှေမှုံကိုလည်း ကိုဒေဝ အများကြီးပဲ ကျေးဇူးတင်ပါတယ်။ မိန်းမများဟာ ဟုတ်မာတယ်လို့ ဆိုကြတာဟာ ဟုတ်ချင်လည်း ဟုတ်မှာ ပါပဲ။ ဒါပေမဲ့ ကိုဒေဝ အထင်တော့ ဒီလိုအရေးမျိုးမှာ သူတို့ဟာ ယောကျ်ား တွေ ယုတ်မာသလောက် မယုတ်မာကြပါဘူး။ ဒီဟာအတွက် တစ်ခုတည်း နဲ့ပဲ မရွှေမှုံရဲ့ ကျေးဇူးကို ကိုဒေဝဟာ မမေ့နိုင်ပါဘူး။ မရွှေမှုံဟာ အခု ရိုးဖြောင့်သလိုပဲ နောင်ကိုလည်း အစဉ်သဖြင့် ရိုးဖြောင့်ပါနော်။ ပြီးတော့ ကိုဒေဝကိုလည်း ဒီကောင်ဟာ ချစ်ရေးကြိုက်ရေးမှာဖြင့် အဖိုးမတန်တဲ့

အကောင်ပဲ။ သို့သော် မိတ်ခန်း ဆွေခန်းမှာဖြင့် မိတ်ကောင်းဆွေကောင်း တစ်ယောက်ပဲလို့ သဘောထားပါနော်'

'ထားပါမယ်တော်၊ ထားပါမယ်။ ကိုဒေဝဟာလည်း ဒီလို စိတ်ကောင်း စေတနာကောင်း ရှိတဲ့အတွက် သားနဲ့ မယားနဲ့ ချမ်းချမ်းသာသာ ပေါင်းသင်းရပါစေလို့ ကျုပ် ဆုတောင်းလိုက်ပါတယ်'

'တောင်းတဲ့အတိုင်း ပြည့်ပါစေ ဗျာ' ဟု ဆိုကာ မောင်ဒေဝသည် လှည်းကို ပြန်၍ မောင်းခဲ့လေသည်။ မရွှေမှုံမှာ မောင်ဒေဝ မျက်စိအောက်က ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက် ပူဆွေးခြင်းသို့ ရောက်၍ လမ်းဘေးတွင် ထိုင်ကာ မှိုင်နေလေသည်။ ထိုနေ့တွင် မရွှေမှုံသည် နေစုပ်စုပ်ဝင်မှ သူ့အိမ်သို့ ပြန်ရောက်လေသည်။ မောင်ဒေဝ ထွက်ခွာသွားသည့် အချိန်နှင့် သူ့အိမ်သို့ ပြန်မရောက်မီ စပ်ကြား အချိန်တွင် မရွှေမှုံသည် မည်ကဲ့သို့ ပူပုံတော်အေး မတွေ့သည့် အကြောင်းကို တွေ့မြင်ရသူ မရှိသဖြင့် မသိရ။

မောင်ဒေဝသည်လည်း မရွှေမှုံနှင့် ခွဲပြီးသည့်နောက်တွင် နေမထိထိုင်မထိ ဖြစ်လောက်အောင် ပူဆွေးလျက် ရှိလေသည်။ သို့ရာတွင် သူ၏ ပူဆွေးခြင်းမှာ မရွှေမှုံအတွက် မဟုတ်ချေ။ ထိုနေ့ညနေတွင် မောင်ဒေဝသည် အုတို့ရွာဘက်သို့ လှည်းလှည့်၍ မောင်းရန်ပင် ကြံမိလေသည်။ သို့ရာတွင် ထိုအကြံမှာ မမြောက်။ မမြောက်သည့် အကြောင်းမှာ အု၏ စိတ်နေစိတ်ထားကို စက်ဆုပ်သောကြောင့် မဟုတ်။ အုသည် မရွှေမှုံ ပြောသကဲ့သို့ မောင်ဒေဝကို ချစ်သည်မှာ မှန်သော်လည်း အု၏ ပျက်ပြီးသော အပျိုရည်သည် ပြန်၍ကောင်းလာပြီ မဟုတ်သောကြောင့်တည်း။ မောင်ဒေဝ၏ အပြုအမူမှာ မူလကပင် မှန်ခဲ့သည်ဖြစ်မူ ယခုလည်း မှားမည် မဟုတ်။ သို့ဖြစ်ရာ သူ လက်ရှိပြုလုပ်ဆဲ အလုပ်သည် မရွှေမှုံနှင့် တွေ့ခဲ့ရသော အကြောင်းထက် ကြီးသော အကြောင်းတစ်ခုခု မပေါ်ပေါက်ဘဲနှင့် ပြောင်းလဲခြင်း ဖြစ်နိုင်လိမ့်မည် မဟုတ်။ အကယ်၍ အုထံသို့ သူ ပြန်လာလိုလျှင် မောင်ဒေဝသည်

ဘယ်အခါမဆို ပြန်လာနိုင်သည် ဖြစ်သောကြောင့် မောင်ဒေဝသည် သူ သွားမည် ဆုံးဖြတ်ထားသည့်အတိုင်း ဂျာဗားကျွန်းသို့ သွားရန် ရန်ကုန်မြို့ သို့ လိုက်ခဲ့လေသည်။ ရန်ကုန်မြို့သို့ ရောက်သောအခါ စီမံသင့်သည်တို့ကို စီမံပြီးလျှင် အစောဆုံး ထွက်သော သင်္ဘောဖြင့် ဂျာဗားကျွန်းသို့ ထွက်ခွာ သွားလေသည်။

## အခန်း ၃၂

မောင်ဒေဝနှင့် ခွဲခဲ့ပြီးနောက် ပေပင်ကုန်းမှ အု ထွက်ခွာခဲ့သည်မှာ ရှစ်လ ကျော် ကိုးလ ရှိလေပြီ။ ထိုအတောအတွင်း၌ မောင်ဒေဝထံမှ စာတစ်စောင် မျှ မရ။ မောင်ဒေဝသည် ဂျာဗားကျွန်းကို ချောချောမောမောမှ ရောက်ပါ လေစ။

ဦးပန်းအောင်နှင့် ဒေါ်ဘုမတို့သည် သူတို့ သမီးနှင့် သမက် မောင် ဒေဝတို့ သင့်မြတ် ကြည်ဖြူကြပြီဟု ထင်ကြလေသည်။ အုမှာ ထိုအချိန်တွင် တစ်ရွာမှ တစ်ရွာကူး၍ အလုပ်အကိုင် ရှာဖွေသော်လည်း မရနိုင် ရှိလေသည်။ မောင်ဒေဝ ပေးခဲ့သော ငွေ ၅၀၀ိ အနက်၊ ၂၅၀ိ ကို သူ့မိဘများထံသို့ ပေးခဲ့သဖြင့် ၂၅၀ိ သာ ကျန်လေရာ၊ ထို ၂၅၀ိ ကို အုသည် မသုံးရက်အောင် ရှိလေသည်။ ငွေစက္ကူ တစ်ဆယ်တန် ၂၅ ချပ်မှာလည်း အသစ်များဖြစ် သဖြင့် အုမှာ မောင်ဒေဝ ကိုယ်စား အလွမ်းပြေ ကြည့်ရန်မှ တစ်ပါး သူ့ အလိုအလျောက် သုံးစွဲပစ်ရန် မကြံမိချေ။ သို့ရာတွင် သူ့အမေ၊ အဖေများ သည် အုထံမှ ခဏခဏ ငွေပို့ရန် မှာကြားသဖြင့် အုမှာ ခဏခဏပင် တင်ပို့ရလေသည်။ နောက်ဆုံးတွင် အု၌ လက်စောင့် ခြေစောင့် ငွေအနည်း ငယ်သာ ကျန်လေတော့သည်။ ထိုအတွင်း၌ ကံအားလျော်စွာ မောင်ဒေဝ၏ ဘဏ်တိုက်မှ မောင်ဒေဝ မှာထားခဲ့သည့်အတိုင်း အုထံသို့ ငွေ ၃၀၀ိ ပို့လိုက်

ရာပြည့်စာအုပ်တိုက်

ဒေါ်ဘုမသည် ပန်းသာမောင်မောင် အပေါ်တွင် မေတ္တာသက်ဝင်ခြင်း မရှိသဖြင့် ပန်းသာမောင်မောင် မေးသော စကားကို ပြန်ပြောချင်သလို၊ မပြောချင်သလို အင်းမလှုပ် အဲမလှုပ်နှင့် အုရှိရာ ဘုရားပျက်ကြီးဘက်သို့ လက်ညှိုးထိုးပြပြီးနောက် သွားမြဲတိုင်း ဆက်၍ သွားလေသည်။ ပန်းသာ မောင်မောင်က 'အိမ်နေဖို့ ရှာမရဘူးလို့ ကြားပါတယ်။ အခုတစ်ခါ ထပ်ရှာ လို့မှ မရဘူး ဆိုရင်၊ ကျွန်တော် တစ်ဆိတ် သိပါရစေ' ဟု မြင်းပေါ်မှ လှမ်း၍ ပြောလေသည်။ ပန်းသာမောင်မောင်သည် ပန်းသာမြို့ထဲသို့ ပြန်၍ မြင်းကို သူ့တည်းအိမ်၌ ထားခဲ့ပြီးလျှင် အု ရှိရာ ရတနာမာန်အောင် ဘုရား ဘက်သို့ လာခဲ့လေသည်။

အုသည် ဘုရားရှေ့ တန်ဆောင်းထဲတွင် ကလေးငယ်များ အိပ်ရန်၊ နေရန် နေရာထိုင်ခင်းများကို ခင်းကျင်းပေးပြီးလျှင် ကလေးများနှင့် အနည်း ငယ် စကားပြော၍ ဘုရားပရိဝုဏ်အတွင်း အနောက်မြောက်ဘက်ထောင့်ရှိ ဇရပ်ပျက်ကြီးနှင့် ဂူအိုကြီးများ ရှိရာသို့ သွား၍ ကြည့်လေသည်။ ထိုဂူအို ကြီးများမှာ ပန်းသာဆက်ဝင်တို့၏ အလောင်းများ မြှုပ်နှံရာ ဂူအိုကြီးများ ဖြစ်လေသည်။ ပန်းသာဆက်များမှာ ရှေးယခင်က များစွာ ထွန်းကားလာခဲ့ ကြသည့်အတိုင်း ပန်းသာမြို့နား တစ်ဝိုက်ရှိ ဘုရားအို၊ ကျောင်းအို၊ ဘုရား ပျက်၊ ကျောင်းပျက် မှန်သမျှတွင် သူတို့၏ မြှုပ်နှံရာ ဂူများနှင့် မကင်းနိုင် ဖြစ်လေသည်။ အုသည် ဇရပ်အောက်သို့ ဝင်မည် အပြုတွင် တံစက်မြိတ် အောက်၌ ဆွဲထားသော ခြစားထားသည့် ကမ္ပည်းကို မြင်လေသည်။ ထို ကမ္ပည်း၌–

"ပန်းသာဆက် သချိုင်းတော်"ဟု ရေးသားထားသည်ကို တွေ့ရ လေသည်။ အုသည် သူ့ဆွေ သူ့မျိုးတို့၏ ဂူကြီးများဖြစ်၍ ကြည့်ရှုလိုသော အာသာ ရှေ့ဆောင်သော်လည်း၊ ဂူအို ဂူပျက်ကြီးများကို လူသူကင်းရာ ဘုရားပျက်ကြီး ပရိဝုဏ်အတွင်း၌ တွေ့ရသောအခါ ကြက်သီးမွေးညင်းများ ထ လေသည်။ ဇရပ် တံစက်မြိတ်အောက်သို့ ဝင်မိပြီးလျှင် ဂူအိုကြီးများကို

အခါ အုသည် မောင်ဒေဝ မှာခဲ့သည့်အတိုင်း သူ့ယောက္ခမ ဦးဖြိုးဒင်ထံ စာရေး၍ ငွေမှာဖို့ပင် ကြံမိလေသည်။ သို့ရာတွင် သူ့ယောက္ခမများသည် သူ့အပေါ်တွင် နဂိုကမှ အထင်အမြင်သေး၍ နေကြရာ ထိုကဲ့သို့ သေးကမ်းပါ၊ ကယ်မပါဟု ဆိုလာသောအခါ သူ့အပေါ်တွင် သာ၍ အထင်အမြင် သေးဖို့ ရာသာ ရှိသဖြင့် သူ့ယောက္ခမများထံသို့ ဘယ်နည်းနှင့်မျှ ငွေမှာငံ့လိမ့်မည် မဟုတ်။ တစ်ခါတစ်ရံ အလုပ်ရှာရာ စိတ်ပျက်မိသဖြင့် ရှားပင်စုသို့ သွား၍ အလုပ်ရှာမည်ဟုလည်း ကြံမိလေသည်။ ရှားပင်စုကိုသာ သွားမည်ဆိုလျှင် ဦးထွန်းဘော်နှင့် ဒေါ်အေးမယ်တို့သည် သနားသဖြင့် သူ့အား အလုပ် တစ်ခုခု ပေးကြမည်ကား မလွဲချေ။ သို့ရာတွင် လူရာတတ် မောင်ဒေဝနှ ဇနီးသည် ပဲကောက်ကာ၊ ကောက်စိုက်ကာ အသက်မွေးနေရသည် ဆိုပါ သော် မောင်ဒေဝကို အများက မကဲ့ရဲ့ကြပါလော။ အုသည် သူ့ကိုယ်တိုင် ဘယ်လောက်ပင် ဆင်းရဲစေကာမူ အပန်းမကြီး။ ခါးကိုနည်း၍ ရေချူးယို ရန် အသင့်ရှိသည်။ မောင်ဒေဝ အပေါ်၌ သူများက အထင်အမြင် သေးခြင်း ကိုကား အလျှင်း ခံနိုင်လိမ့်မည် မဟုတ်။ သို့ဖြစ်ရာ အုသည် ဘယ်နည်းနှင့်မျှ ရှားပင်စုဘက်သို့ ခြေဦးလှည့်ဝံ့လိမ့်မည် မဟုတ်။ သူ သွားရန် ကြံသော မငွေခင် နေသည့် ကျူတောရွာမမှာ သူ့မိဘများနေသော ဆေးင်ကုန်းနှင့် လည်း ဝေးသည်။ ရှားပင်စုနှင့်လည်း မနီး။

အုမှာ ဟိုရွာ သည်ရွာသို့ တစ်ရွာပြီး တစ်ရွာ လျှောက်၍ အလုပ်ရှာ ကာ နေရသော်လည်း သူ့စိတ်မှာ ဒွေးလေးမယ်တို့အိမ်၌ ပျော်ရွှင်စွာ နေထိုင် ခဲ့ရသည် တို့ကိုသာ အောက်မေ့လျက် ရှိလေသည်။ ထိုကဲ့သို့ ပျော်ရွှင်စွာ နေထိုင်ရခြင်းများကို နောက်ထပ် တွေ့ရပါဦးမည်လော။ အုသည် မောင်ဒေဝ နှင့် ညားခဲ့ရခြင်းမှာ အိပ်မက် မက်သလောက်မျှ အခြေမခိုင်ဘဲ ရှိသဖြင့် သူ့စိတ်မှာ ယောင်ခြောက်ခြောက်ဖြစ်လျက် ရှိလေသည်။ ထိုကဲ့သို့ အရူး ရွာလည် ဖြစ်နေရသည့် အခိုက်တွင် မောင်ဒေဝမှာလည်း ဂျာဗားကျွန်း၌ ပျော်ရွှင်စွာ နေနိုင်ရှာသည် မဟုတ်ရုံသာမက ရေလဲမိုးလဲ ဖြစ်သဖြင့် ပြင်း

ထန်သော အဖျားရောဂါ ကပ်ရောက်ပြီးလျှင် ဆေးရုံ၌ တက်၍ နေရလေသည်။ အုသည် သူ့အမေ မှာလိုက်သော ငွေ ငါးဆယ်ကို ခြစ်ခြုတ်စုဆောင်း၍ ပို့ပြီးလျှင် ကျူတောရွာမဘက်သို့ ရှေးရှုခရီးသွားလျက် ရှိလေသည်။ ညနေ နေဝင်ရီတရော အချိန်တွင် ကျူတောရွာမကို လှမ်း၍ မြင်ရလေသည်။ ထိုအခိုက်တွင် ယောကျ်ားတစ်ယောက်သည် နောက်မှ မီလာပြီးလျှင် 'ဟေ့ မိန်းကလေး၊ ကျူတောရွာမ ဘယ်သူ့ဆီ သွားမလို့လဲဟေ့' ဟု မေးလေသည်။

'ကျုပ် သူငယ်ချင်းတစ်ယောက် ရှိတာနဲ့ အလည်သွားမလို့ပါ ဦးကြီးရယ်' ဟု အုက ပြန်ပြောသည်။

ထိုယောကျ်ားသည် အုအား အနားကပ်ကာ အသေအချာကြည့်၍ 'အလို ဟေ့ သူငယ်မ၊ မင်းဟာ မြောက်ကုန်းမြို့က ပန်းသာမောင်မောင်ရဲ့ ဟိုဒင်း မဟုတ်လား။ ငါလည်း ဟိုတုန်းက မြောက်ကုန်းမှာ နေခဲ့တာပဲ။ အခုမှ ကျူတောရွာမကို ပြောင်းလာတာပါပဲ' ဟု ပြောလေသည်။

ထိုယောကျ်ားမှာ အခြားသူ မဟုတ်။ မကျည်းချိုဈေးသို့ သူနှင့် မောင်ဒေဝတို့ သွားကြစဉ်က သူ့အကြောင်းကို မကောင်းပြောသဖြင့် မောင်ဒေဝက လက်သီးနှင့် တအားထိုးလိုက်ခြင်းကို ခံရသောသူပင် ဖြစ်လေသည်။

'ဟေ့ သူငယ်မရဲ့၊ နင်က ရှုပ်ရှုပ်ယှက်ယှက် မလုပ်ချင်ပါနဲ့ဟယ်။ ဟုတ်ရင် ဟုတ်တဲ့အတိုင်း နင့်လူကို ဖွင့်ပြောပါ။ ဟိုနေ့က မကျည်းချိုဈေးထဲမယ် ငါပြောတာ မဟုတ်ဘူးလား။ နင် လိမ်ပြောတဲ့အတွက် ငါ့ကို နင့်လူက အလကားသက်သက် ထိုးတယ်။ တကယ်ဆိုရင် နင် ငါ့ကို ကန်တော့ဖို့ ကောင်းတယ်'

အုသည် ဘာမျှပြန်၍ မပြောဘဲ ဘယ်လိုလုပ်ရပါ့မလဲသာ စဉ်းစားလျက် ရှိပြီးလျှင် ရုတ်တရက် အကြံရကာ လမ်းဘေးတောထဲသို့ အတင်းဝင်၍ ပြေးလေသည်။ ထိုအခိုက်တွင် နေလည်း စုပ်စုပ်ဝင်ပြီ ဖြစ်သဖြင့် အုသည် အမှောင်ကြီးထဲတွင် ပျောက်၍သွားလေသည်။ အုသည် သူ့နောက်

သို့ ဟိုလူကြီး လိုက်မလာမှန်း သိသဖြင့် ကိုယ်ရှိန်သတ်ကာ တဖြည်းဖြည်းချင်း သစ်ပင်ရိပ်ကောင်းရာတွင် ခိုလျှက် နေလေသည်။ ထို့နောက် သစ်ရွက်ခြောက်များကို သစ်ခက်တစ်ခုဖြင့် စုပုံပြီးလျှင် အပေါ်မှ တဘက်ခင်း၍ အမောဖြေရန် ထိုင်နေလေသည်။ ညဥ့်အနည်းငယ် နက်၍လာသောအခါ အုမှာ အကွယ်အကာ မရှိရာတွင် လေလည်း တိုက်ပြန်သဖြင့် ချမ်းစ ပြု၍ လာလေသည်။ ထိုအခိုက်တွင် သူ့စိတ်၌ "ဪ ငါ့လင်တော့ဖြင့် ဂျာဘား ကျွန်းမယ် ဒီအချိန်ဆိုရင် စောင်တွေ နွေးလောက်အောင်ခြုံပြီး အိပ်နေမှာပဲ နော်" ဟု အောက်မေ့လေသည်။ လောကကြီးသည် နှစ်ခွဆုံကြီးဟု ပြောကြသည်မှာ ဟုတ်မှာပဲဟုလည်း အု စိတ်တွင် အောက်မေ့လျှက် သူ့ချက်နားကို သူ့လက်နှင့် စမ်းသပ်ပြီးလျှင် "တော်တော်ကြာရင် ငါလည်း ဖါးအရေးလိပ်ပြီး မျက်တွင်း ဟောက်တောက်နဲ့ ဖြစ်လာမှာပဲ။ အခုပဲ ပြန်ပြီးအိပ်လာရင် ကောင်းပါလေရဲ့" ဟု သံဝေဂပွားလျှက် ရှိလေသည်။

ထိုကဲ့သို့ တွေရာလေးပါးကို စဉ်းစား၍နေခိုက်တွင် သစ်ပင်အပေါ်မှ ညည်းညူသံကဲ့သို့ ထူးဆန်းသော အသံများကို ကြားရလေသည်။ ထိုအသံများမှာ တောခြောက်ခြင်းပေလော။ အုသည် လေတိုက်၍ မြည်သောအသံမှတ်၍ နားစွင့်၍ ထောင်လေရာ လေတိုက်သံ မဟုတ်သည်ကို သိရလေသည်။ တစ်ခါတစ်ရံ ဖျပ်ဖျပ် ဖျပ်ဖျပ်နှင့် မြည်၍ တစ်ခါတစ်ရံ အသက်ပြင်းပြင်းရှူသော အသံကဲ့သို့ ကြားရလေသည်။ တစ်ခါတစ်ရံ သစ်ပင်ပေါ်မှ တစ်ခုခု လိမ့်ကျလာသကဲ့သို့ ကြားရပြီးလျှင် မြေကြီးပေါ်သို့ ရောက်ကာ ဖုန်းခနဲ မြည်လေသည်။ အုသည် ရိုးရိုးတန်းတန်း အခါတွင် များစွာ ကြောက်လန့် တုန်လှုပ်ခြင်း ဖြစ်မည် မှန်သော်လည်း သူ့စိတ်မှာ အရူးတစ်ပိုင်း ဖြစ်လျက် ရှိသောကြောင့် များစွာ ကြောက်လန့်တုန်လှုပ်ဟန် သတိမရမိချေ။ အုသည် ထိုအသံများကို အနည်းငယ် စဉ်းစား၍ နားထောင်သောအခါ သတ္တဝါတစ်မျိုးမျိုးသည် သစ်ပင်ပေါ်မှ လိမ့်ကျနေသော အသံများ ဖြစ်သည်ကို သိရလေသည်။

နံနက်မိုးလင်းသောအခါ အုသည် တောင်မြောက်လေးပါးသို့ ကြည့်ရှု လေရာ ညက သူ ကြားရသောအသံမှာ နေ့ခင်းက တောကစားလာသူတို့ သေနတ်နှင့် ပစ်ထားသဖြင့် နာ၍နေကြသော ငှက်တို့သည် သေနတ်ဒဏ်ရာ နှင့်ပင် သစ်ပင်ပေါ်မှကျ၍ သေကြသောအသံ ဖြစ်သည့်ကို တွေ့ရလေသည်။ အုသည် ပေပင်ကုန်း၌ နေစဉ်က သူတို့ရွာအနီးရှိ ညောင်ပင်ကြီးတွင် သေနတ် နှင့် ငှက်လာပစ်ကြသူတို့ကို မြင်ဖူးသဖြင့် "ဒီလူများသည် သူတစ်ပါးအသက် ကို အသနား မဖက်ဘဲ ရက်စက်စွာ သတ်ဖြတ်သူများ ဖြစ်သည်" ဟု အောက်မေ့မိခဲ့ဖူးလေသည်။

လူတို့သည် ယဉ်ကျေးသည်ဟု ဆိုသော်လည်း ထိုကဲ့သို့ အပြစ်ကင်း စွာ နေထိုင်ကြသော တောငှက်၊ တောကြက်တို့ကို သတ်ဖြတ်၍ "တော ကစား" သည် ဆိုသော အမှုမှာ ယဉ်ကျေးသောအမှု ဖြစ်သည်ဟု မယူဆ နိုင်ဘဲ ရှိလေသည်။ တောကစားသည် ဆိုသော စကားသည်ပင် မှန်သော စကား မဟုတ်ဟု အောက်မေ့မိလေသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့ ဘာသာဘာဝ အပြစ်ကင်းစွာ အစာရှာ၍ စားသောက် နေထိုင်ကြသော ငှက်တို့အား ကြောက်မက်ဖွယ်ကောင်းသော သေနတ် လက်နက်နှင့် ချောင်း မြောင်းကာ မသိကွယ်ရာမှနေ၍ ပစ်ခတ် သတ်ဖြတ်ခြင်းသည် အကယ်၍ ကစားခြင်းတစ်မျိုး ဖြစ်သည်ဟု ဆိုနိုင်စေကာမူ တစ်ဖက်နှင့်တစ်ဖက် ဘက် မညီသော ကစားခြင်းမျှသာ ဖြစ်သည်ဟု ထင်မိသောကြောင့်တည်း။

"ဩော် ဒီငှက်လေးတွေ ဒုက္ခကို မြင်ရတော့ ငါ့ဒုက္ခဟာ ဘာမှ မဟုတ်ပါလား။ ငါ့မှာ ဘာမှ နာကျင်တဲ့ဝေဒနာ ခံစားရတာ မဟုတ်ဘူး။ သူတို့လို ပေါက်ပြဲကျိုးကန်းတဲ့ ဝေဒနာလည်း ဘာမှ မရှိ။ ငါ့ကိုယ်တွေ လက်တွေ ခြေတွေဟာလည်း မိမွေးတိုင်း ဖမွေးတိုင်းပဲ ရှိကြတယ်။ ဒီတော့ ငါ ဘာအားငယ်စရာ ရှိသလဲ။ ငါ အခု ခံစားနေရတယ်ဆိုတဲ့ ဒုက္ခဟာလည်း ပကတိ သဘောအားဖြင့် ဓမ္မတာနှင့် ဆန့်ကျင်၍ ဖြစ်ရတဲ့ဒုက္ခ မဟုတ်ဘူး။ သူများတွေ ကဲ့ရဲ့တာကို မခံချင်တဲ့ အပ ဒုက္ခကလေးပဲ။ ဒီတော့ ငါဟာ

ဘာလို့ ကိုယ့်ဒုက္ခ ကိုယ် ရှာနေတော့မလဲ” ဟု တရားရပြီးလျှင် ယိုစီးသော မျက်ရည်များနှင့် သနားကြင်နာစွာ ငေးစိက်၍ ကြည့်နေရင်းပင် “ဒင်းတို့ တစ်တွေ ဒီလို ဒုက္ခခံနေရတာထက် သေသွားရတာက ကောင်းသေးတယ်။ မြန်မြန် သေကြပါစေတော့” ဟုပင် စိတ်ကူးနှင့် ဆုတောင်းမိလိုက်ရှာလေ၏။

## အခန်း ၃၃

အုသည် နေထန်းတစ်ဖျားလောက် ရှိသောအခါ သူ ခိုအောင်းရာ တောတန်းထဲမှ ထွက်ခဲ့၍ သတိထားကာ လူသူလေးပါးကို ကြည့်လေသည်။ သို့ရာတွင် အနီးအနား၌ မည်သူမျှ မမြင်သဖြင့် ကျူတောရွာမသို့ ဆက်၍ သွားလေသည်။ အုသည် ငှကောင်ကလေးတို့ တုန်လှုပ်ခြင်းကင်းစွာ ဒုက္ခဝေဒနာကို ခံစားရှာကြသည်ကို မြင်သဖြင့် ကိုယ်ချင်းစာ တရားရကာ “သူများ ကဲ့ရဲ့တာကို ဂရုမစိုက်ဘဲ နေရင် ငါ့မှာ ဘာပူစရာ ရှိတာလိုက်လို့” ဟု အားတက်လာလေသည်။ သူများကချည်း ကဲ့ရဲ့ခြင်းဖြစ်မူ ထိုကဲ့ရဲ့ခြင်းကို အုသည် လျစ်လျူရှုကောင်း ရှုနိုင်ပေမည်။ သို့ရာတွင် သူ့ကို ကဲ့ရဲ့ကြသူတို့ အထဲတွင် သူ့ယောက်ျား မောင်ဒေဝ ကိုယ်တိုင် ပါ၍ နေသောအခါ လျစ်လျူရှုရဖို့ မလွယ်ဘဲ ရှိလေသည်။

အုသည် ကျူတောရွာမနားသို့ ရောက်သောအခါ မုန့်ကြော်ဆိုင်ကို တွေ့၍ ဝင်ပြီးလျှင် မုန့်ကြော် ဝယ်၍စားလေသည်။ မုန့်ကြော်ဆိုင်၌ ရှိကြသော ကျူတောရွာမသား ကာလသား သုံးလေးယောက်တို့သည် အုကို ကြည့်၍ ‘တယ်ဟုတ်တဲ့ ဟာကလေးပါလားကွ’ ဟု မကြားတကြား တစ်ယောက် တစ်ယောက် ပြောလျက် ရှိကြလေသည်။ ထိုကာလသားတို့၏ ချီးမွမ်းသံကို ကြားရသောအခါ အုသည် အနည်းငယ် အားတက်မိလေသည်။

ရာပြည့်စာအုပ်တိုက်

အဘယ်ကြောင့်ဆိုသော် ထိုကာလသားများ ချီးမွမ်းကြသကဲ့သို့ တစ်နေ့တွင် မောင်ဒေဝကလည်း သူ့အပေါ်တွင် "တယ်ဟုတ်တဲ့ ဟာမလေးပါလား" ဟု ချီးမွမ်းချင် ချီးမွမ်းဖွယ် ရှိသောကြောင့်တည်း။

မုန့်ကြော်ဆိုင်မှ ထ သွားပြီးနောက် အုသည် ကာလသားများ၏ ရန်မှ အေးစေခြင်းအကျိုးငှာ နဘူးချုံကြီး တစ်ခုထဲသို့ ဝင်ပြီးလျှင် သူ့ မျက်ခုံးမွေးနှစ်ဖက်ကို ပါလာသော ကတ်ကြေးငယ်ဖြင့် အကုန်အစင် ညှပ်၍ ပစ်လေသည်။ ထို့နောက် သူ့ဆီတွင် ကျန်ရစ်နေသော မောင်ဒေဝ ကိုင်နေကျ လက်ကိုင်ပဝါအဖြူ တစ်ထည်နှင့် နားထင်နှင့် မေးအောက်ကို အနာပေါက် သူ၏ အသွင်နှင့် တူလေအောင် သူ့ကိုယ်သူ သိုင်း၍ ချည်ထားလေသည်။ ထိုနောက် သူ့၌ပါလာသော အဟောင်းဆုံး အင်္ကျီနှင့် အဟောင်းဆုံး ထဘီ ကို ဝတ်ကာ နဘူးချုံထဲမှ ထွက်ခဲ့လေသည်။ ရွာတံခါးသို့ ဝင်မိသောအခါ ကင်းတဲ အနီးတွင် စု၍ ဝိုင်းဖွဲ့နေကြသော ကျူတောရွာမသား လူပျို မောင်မောင် တစ်စုနှင့် တွေ့ပြန်လေသည်။ ထိုကာလသား တစ်စုအနက် နှလုံးရိုင်းသော၊ ပြောင်တတ် လှောင်တတ်သော ကာလသားတစ်ယောက်က အုကို ကြည့်ပြီးလျှင် 'ကြည့်ကြစမ်းဟေ့၊ ကြည့်ကြစမ်းဟေ့။ ဟိုမှာ အရူးမ အရူးမ' ဟု အကြင်နာမဲ့စွာ ပြောလေသည်။

ထိုကာလသား၏ လှောင်ပြောင်သံကို ကြားရသောအခါ အုမှာ သူ့အဖြစ်ကိုပင် သူ သနားမိလျက် မျက်ရည်ပေါက်ပေါက် ကျလေသည်။

"ဟယ်၊ ဒင်းတို့ ဘာပြောပြော ငါ မရူးရင် ပြီးတာပဲ။ အခု ကိုကို လည်း ဒီမှာ မရှိဘူး။ ငါ့ကို စောင့်ရှောက်မယ့်လူလည်း ဘယ်သူမှရှိတာ မဟုတ်ဘူး။ ကိုကို မရှိတုန်းမှာ ငါ ဘယ်လိုပဲ အရုပ်ဆိုးဆိုး ဘာအရေးကြီးလဲ။ ခုနယ်မှာ ငါလည်း မလှချင်ပါဘူး။ ဒီဘဝမှာ ငါ လှဖို့လည်း မလိုတော့ပါဘူး။ ကိုကိုက ငါ့ကိုလည်း ဘယ်တော့မှ ချစ်တော့မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ငါကတော့ တခြားယောကျ်ားတွေ အကုန်လုံးကို ဖွဲဆန်ကွဲထားပြီး ကိုကို တစ်ယောက်တည်းကိုပဲ မသေမချင်း ချစ်မှာပဲ။ အခုနေများ ငါဟာ ကိုဒေဝရဲ့

မိန်းမပါပဲ လို့ ပြောတောင် ဘယ်သူမှ ယုံမှာ မဟုတ်ဘူး” ဟု အောက်မေ့ကာ အုသည် ရှာလယ် လမ်းမကြီးအတိုင်း လျှောက်၍သွားလေသည်။ ရှာလယ် ကာကာ ဆိုင်ရှေ့သို့ ရောက်သောအခါ အုသည် မငွေခင်နှင့် ကံအားလျော်စွာ ရင်ဆိုင် သွား၍ တိုးမိလေသည်။

‘အို အုရေ၊ ညည်းမျက်နှာ ဘာဖြစ်လာလဲအေ။ ဘယ်သူများ ရိုက်လွှတ်လို့လဲ။ ကိုဒေဝက ရိုက်တာတော့ ဟုတ်ပါဘူး ထင်ပါရဲ့’

‘ဘာမှ မဖြစ်ပါဘူးအေ၊ ယောကျ်ားတွေက မြင်ရင် ပြောင်မှာ လှောင်မှာစိုးလို့ ငါ တမင် လက်ကိုင်ပဝါနဲ့ စည်းထားတာပါ’

အုသည် ထိုသို့ပြောပြီးနောက် နားထင်နှင့် မေးကို သိုင်း၍ ချည်ထားသော လက်ကိုင်ပဝါကို ဖြုတ်လိုက်လေသည်။

‘ဒါနဲ့ ညည်းတို့ မင်္ဂလာဆောင်တုန်းက ညည်းကို ကိုဒေဝက ပေးတဲ့ လက်စွပ်ကော’

‘ရှိပါတယ်အေ၊ ငါ လူမြင်အောင် မဝတ်ချင်လို့ ကြိုးနဲ့တပ်ပြီး လည်ပင်းမှာ ဆွဲထားပါတယ်။ နို့မို့ရင် ဒီလက်စွပ်အကြောင်း ဟိုလူက မေး၊ ဒီလူကမေး မေးရင် ငါ အဖြေရ ခက်နေမှာမို့။ ပြီးတော့ အခုလို ငါ အလုပ် လုပ်နေတုန်းမှာလည်း ငါဟာ ကိုဒေဝရဲ့ မိန်းမဆိုတာ ဘယ်သူမှ မသိစေချင်ဘူး အေ့’

‘အနို့ ညည်းယောကျ်ားက လူရတတ် မဟုတ်လားအေ့။ ညည်း ယောကျ်ားက လူရတတ်ဆိုပြီး ညည်းမယ် ဒီလိုနေရတယ်ဆိုတာ မတရား ပါဘူး အေ’

‘အို တရားတော့ တရားပါတယ်အေ၊ ငါ့မယ် စိတ်မချမ်းသာရတာ တစ်ခုသာ ရှိပါတယ်’

‘ညည်းဟာ မဟုတ်သေးပါဘူး အုရဲ့၊ သူ့ကို ညည်း ရပြီးမှပဲ။ ဘာ စိတ်မချမ်းမသာဘို့ လိုသေးသလဲ’

‘မိန်းမဆိုတာ ဒီလိုပေါ့အေ။ တစ်ခါတလေတော့လည်း ကိုယ့်အပြစ်

နဲ့ ကိုယ်ပဲ စိတ်မချမ်းမသာ ဖြစ်ကြတာပေါ့။ ယောက်ျားများက ဆိုးလို့တော့ မဟုတ်ပါဘူး'

'အနို့အေ၊ ညည်းမယ် ဘာအပြစ်ရှိတာလိုက်လို့။ ပြီးတော့လည်း သူ့မှာလည်း ဘာအပြစ်မှ မရှိဘူး။ ဒီတော့ ငါဖြင့် ပြည်ပန်းညို ချိုချင်ရက်နဲ့ ဆားဖျက်နေပြီ ထင်တယ်'

'ငွေခင်ရယ်၊ ငါ့ကိုချစ်ရင် ဒီစကားတွေ မပြောပါနဲ့တော့အေ။ နောက် ထပ်လည်း ဘာမှ မမေးပါနဲ့တော့။ ငါ့လင် ဒီမှာရှိတာ မဟုတ်ဘူး။ အခု ငါ အလုပ် လုပ်နေရတာလည်း သူ ပေးထားခဲ့တဲ့ ငွေတွေကို ငါ အကုန် သုံးပစ်မိလို့ပါ။ ငါ့ကို ကိုဒေဝရဲ့ မိန်းမလို့လည်း ဘယ်သူ့ကိုမှ မပြောပါနဲ့ အေ။ ခေါ်ရင်လည်း အရင်တုန်းက ခေါ်သလိုပဲ အုလို့ ခေါ်ပါ။ ဒါထက် ဒီရွာမယ် ငါ့ဖို့ အလုပ် ရနိုင်ပါ့မလား'

'အလုပ်အတွက်တော့ မပူပါနဲ့အေ၊ ငါ ရှိပါတယ်။ ငါ အလုပ်လုပ်တဲ့ အိမ်မှာပဲ အလုပ်တစ်ခုခု ရအောင် ငါ ပြောပေးပါ့မယ်။ တကယ်လို့ တခြား အလုပ်မရှိ ဆိုတောင် ရိုးရည်ရိုတ်အလုပ် ငါ ရအောင် ပြောပေးပါမယ်။ ဒီလို ခေါင်တဲ့အရပ်မှာ ညည်း လာပြီး အလုပ် လုပ်ရတယ် ဆိုတာ ငါ စိတ်မကောင်းဘူး အေ'

'ဒါတော့အေ၊ စိတ်မကောင်းလည်း ဖြစ်မနေပါနဲ့တော့။ လောက ဆိုတာ ဒီလိုပေါ့။ အလှည့်မသင့်တော့ နွားမတောင်ပဲ ဝန်ရုန်းရသေးတာပဲ။ ဒါထက် ညည်းလည်း သိပ်ပြီး သောက်သောက်နေတယ် ကြားတယ်။ ဒီလို မလုပ်ပါနဲ့အေ၊ မကောင်းပါဘူး'

'ဒါတော့ စိတ်ညစ်တာကိုး အေ့'

'စိတ်လည်း မညစ်နဲ့တော့အေ။ စိတ်ညစ်လို့လည်း ဘာမှ မထူးပါ ဘူး။ ဒါထက် ငွေခင်ရေ၊ ငါ ထပ်ပြီး မှာစမ်းပါရစေအေ။ ငါ့ကိုလေ ကိုဒေဝ အကြောင်းနဲ့ ပတ်သက်လို့ ဘာဆိုလို့ ဘာမှ မပြောပါနဲ့နော်၊ ညည်းကို ရှိကြီးခိုးပါရဲ့'

မငွေခင်သည် အုလောက် စိတ်နှလုံး သိမ်မွေ့နူးညံ့ခြင်း မရှိသော်လည်း ယုံကြည်ရသော မိန်းကလေး ဖြစ်သည့်အတိုင်း မောင်ဒေဝအကြောင်းနှင့် စပ်၍ ဘာမျှ မပြောရန် တာဝန်ခံလေသည်။

ထိုနေ့ ညနေစောင်းအချိန်တွင် မငွေခင်သည် သူ အလုပ်လုပ်သော အလုပ်ရှင်၏ အိမ်သို့ အုကို ခေါ်သွားလေသည်။ ထိုအိမ်တွင် အိမ်ရှင် ယောကျ်ားကြီးမှာ နံနက်စောစောကပင် သူ့မယားငယ်နေသော ရွာသို့ ထွက်သွားသဖြင့် အလုပ်ရှင် မိန်းမကြီး တစ်ယောက်တည်းသာ ရှိလေသည်။ အလုပ်ရှင် မိန်းမကြီးက အုအား 'အေးလေ၊ ညည်း ရိုးရည်ဖြောင့်တယ် ဆိုရင်တော့ သူများ ပေးသလိုပဲ ပေးရတာပေါ့။ ဒါပေမဲ့ တို့လယ်အားလုံးကို ကုန်အောင် ရိတ်မပြီးဘဲနဲ့တော့ ညည်း အလုပ်ထွက်လို့ မဖြစ်ဘူး။ ငါ ပြောတာကို သဘောကျရင် ညည်း နက်ဖြန်ခါပဲ စပြီး လုပ်ပေတော့။ နက်ဖြန်ခါ ကျရင် ငွေခင်နဲ့ လိုက်သွား' ဟု ပြောလေသည်။ အုသည် ကောင်းပါပြီ ဝန်ခံခဲ့ပြီးလျှင် မငွေခင်နှင့်အတူ ပြန်ခဲ့ကြလေသည်။

'အုရယ်၊ ညည်း စိတ်ညစ်တယ်လို့ ကြားရတာ ငါ စိတ်မကောင်းပါဘူးအေ၊ တကယ်ပါပဲ။ ဒါပေမဲ့ ညည်း စိတ်ညစ်တယ် ဆိုတာ ညည်း ယောကျ်ား ဒီမှာမရှိလို့ စိတ်ညစ်တာပါ။ တကယ်လို့ ညည်းယောကျ်ားသာ ဒီမှာ ရှိမယ်ဆိုရင် သူက ငွေ တစ်ပြားမှ မပေးနိုင်ဦး၊ ညည်း စိတ်ညစ်မှာ မဟုတ်ပါဘူး။ ညည်းယောကျ်ားသာ ရှိမယ် ဆိုရင် ညည်းဟာ ကျွန်လို လုပ်ခိုင်းတောင် စိတ်ညစ်မယ့်ကောင်မ မဟုတ်ပါဘူး။ ငါ သိပါတယ်'

'ဒါတော့ ဟုတ်တာပေါ့အေ၊ ဘာ အရေးပြောဖို့ လိုသလဲ'

ထိုညတွင် အုသည် သူ ကျူတောရွာမှာ ရှိသည့်အကြောင်း၊ ပေပင်ကုန်းသို့ အကယ်၍ သူ့ယောကျ်ား မောင်ဒေဝထံမှ စာများ လာလျှင် ကျူတောရွာမသို့ ပို့လိုက်ရန် အကြောင်းနှင့် ဒေါ်ဘုမထံသို့ စာရေးလေသည်။ သူ့မှာ ဆင်းဆင်းရဲရဲ ဖြစ်နေရသည့် အကြောင်းနှင့် ပတ်သက်၍ကား တစ်ခွန်းတစ်ပါဒမျှ ထည့်၍ မရေး။ အဘယ့်ကြောင့်ဆိုသော် ထိုအကြောင်း

ကို သူ့အမေများနှင့်တကွ အခြားသူများ သိ၍ သွားလျှင် မောင်ဒေဝကို ကဲ့ရဲ့ပြစ်တင်ခြင်း ပြုကြမည် စိုးသောကြောင့်တည်း။

## အခန်း ၃၄

နောက်တစ်နေ့တွင် အုမှာ ကျူတောရွာမ တောင်ဘက် ခရီးတစ်တိုင် ပျော့ ပျော့လောက်ကွာသော လယ်ပြင်ထဲတွင် မငွေခင်နှင့်အတူ ရိုးရည်ရိတ်လျက် ရှိလေသည်။ အုသည် စိတ်ညစ်သည်နှင့် စကားများစွာ မပြောဘဲ ရိုးရည် များကို တစ်ထုံးပြီးတစ်ထုံး ရအောင်သာ ကုန်း၍ ရိတ်ကာသာ နေလေသည်။ သို့ရာတွင် မငွေခင်မှာမူ ဟိုအကြောင်းပြော၊ သည်အကြောင်းပြောနှင့် စကား စဉ် မပြတ်အောင် ပြောလျက် ရှိလေသည်။ အုစိတ်၌ မငွေခင်သည် အလျင် ရှားပင့်စုမှာ နေကြတုန်းကထက် ပို၍ စကားများသည်ဟု ထင်မိလေသည်။ ထိုသို့ ထင်ခြင်းသည် မှားဟန်မတူ။ အဘယ်ကြောင့်ဆိုသော် မငွေခင်သည် ရေဘူးကို ခဏခဏ မော့်၍ မော့်၍ သောက်လျက် ရှိသောကြောင့်တည်း။

'ဟေ့ အု၊ သောက်ဦးမလားဟေ့။ ရေငတ်ပြေတယ်တော့်'

'ညည်းက ရေသောက်ပြီး ရေငတ်ပြေတယ် လို့ ပြောမှ ပြောပ လေ'

'ညည်းကိုယ်ညည်း ပါးတယ်ဆိုပြီး ငါသောက်တာ ရေမှန်း ဘာမှန်း တောင် မသိဘူးလား အေ့'

မငွေခင်သည် မောင်ဒေဝ အု လက်သို့ ပါသွားသည့် အချိန်ကစ၍ ထန်းရည်ကို သောက်လျက်ရှိရာ မသောက်ရလျှင် မနေနိုင်အောင်ပင် ရှိလေ သည်။

'ဟေ့ ငွေခင်၊ ညည်း အခု ထန်းရည် စွဲနေပြီပေါ့လေ။ မကောင်းဘူး အေ့၊ ဒီလို မလုပ်နဲ့'

'ညည်းက မသိပါဘူးအေ၊ ဒါ သောက်မှ စိတ်ညစ်ပြေတာအေ့။ မယုံရင် ညည်း နည်းနည်းလောက် မြည်းကြည့်စမ်းပါလား'

အုသည် မငွေခင်၏ စကားကို မလွန်ဆန်လိုသောကြောင့် သူ စိတ်ကျေနပ်ပါစေတော့ဟု လက်နှင့်တို့၍ မြည်းကြည့်လိုက်လေသည်။

'ဟင်၊ ညည်းဟာက နံက နံနဲ့'

'ညည်းက ဘာလဲ အေရဲ့၊ အရင်းမရှိ အဖျားမရှိ'

'ငါက ထန်းရည်ကို ပြောတာပါအေ့။ နံက နံနဲ့၊ ချဉ်စုတ်စုတ်ကြီး'

'ညည်းက တယ်ပြီး အ တာကိုးအေ့း နံတယ် မပြောရဘူးတော့၊ အနံ့ကလေးက သင်းသင်းကလေးလို့ ပြောရတယ်'

'ထားပါတော့အေ၊ ညည်းပြောတဲ့ အတိုင်းပါပဲ။ ဒါပေမဲ့ ငါတော့ မကြိုက်ပါဘူး'

ထို့နောက် မငွေခင်သည် ထန်းရည်၏ တန်ခိုးဖြင့် အာဝန္နန်းရွှင်လှက် ရှိရကား သူတို့ ရွာပင်စုရွာမှာ ပျော်ပျော်ပါးပါး နေခဲ့ကြပုံနှင့်တကွ မောင်ဒေဝကို သူတို့ လေးယောက်သား ဝိုင်း၍ ကြိုက်ခဲ့ကြပုံ စသည်တို့ကို ဇာရာ ဇာသိ ပြည်တွင် ဗြဟ္မဒတ်မင်းကြီး နန်းစံသည်က စ၍ မြိန်ရေရှက်ရေ ပြောလေသည်။

'ညည်းကတော့ မသောက်ဘဲ နေမယ်ဆိုလည်း နေနိုင်တာပေါ့အေ။ ညည်းက သူ့ကို ရတာကိုး။ ငါကတော့ သူ့ကို လက်လွှတ်ရတဲ့လူ ဆိုတော့ မသောက်ဘဲ ဘယ်နေနိုင်မလဲ'

မငွေခင်သည် မောင်ဒေဝကို လက်လွှတ်ရသည်မှာ မှန်သည်။ သို့ရာတွင် အုမှာလည်း မောင်ဒေဝနှင့် မင်္ဂလာဆောင်လိုက်ရရုံမှတစ်ပါး မငွေခင် လက်လွှတ်သကဲ့သို့ မောင်ဒေဝလို လက်လွှတ်ရသည် ဖြစ်ရကား ဗျိုင်းနှင့် ဗျိုင်းသာ ဖြစ်လေသည်။ သို့ရာတွင် အကယ် လက်ရှိ ဖြစ်သည်၊ မဖြစ်သည်ကို အပထား၍ မောင်ဒေဝမှာ သူ၏ မင်္ဂလာဆောင်လင် ဖြစ်သောကြောင့် အုမှာ မငွေခင် ပြောသည့်အတိုင်း မောင်ဒေဝကို လက်ရှိ ပိုင်ဆိုင်နေလေသည့်

ဟန်ဖြင့် စကားပြန်မပေးဘဲ မျက်နှာထား တည်စွာနှင့် မောင်ဒေဝ၏ မဟာ ဒေဝီကြီး ကဲ့သို့ နေလေသည်။

'ဟေ့ ကောင်မ အုရေ၊ ရွှေမှုံတို့ နန်းစိန်တို့ကို စာရေးပြီး မှာလိုက် ရရင် မကောင်းဘူးလားဟေ့။ နန်းစိန်လည်း အခုလောက်ရှိရင် မာရော ပေါ့'

ထိုအကြံကို အုက မကန့်ကွက်။ နောက် ခုနစ်ရက်လောက် ကြာ သောအခါ မရွှေမှုံက သူ လာခဲ့မည်ဟု အကြောင်းပြန်လိုက်လေသည်။

တစ်နေ့သောအခါတွင် အုနှင့် မငွေခင်တို့သည် ခါတိုင်းကဲ့သို့ပင် စကားတပြောပြောနှင့် ရိုးရည်ရိတ်လျက် နေကြလေသည်။ ထိုအခိုက်တွင် သူတို့နှင့် ရွယ်တူတန်းတူ ဖြစ်သော မိန်းမပျိုတစ်ယောက် ပေါက်၍ လာလေ သည်။

'အံမယ်၊ ဟေ့ ကောင်မ။ ညည်းတော့ အသက်ရှည်ဦးမယ်။ အခုပဲ ငါနဲ့ အုနဲ့ ညည်းအကြောင်းကို ပြောနေကြသေးတယ်'

'ညည်းတို့က ငါ့အတင်း ပြောနေကြတာပေါ့လေ။ ပြောနိုင်တဲ့အခါ ပြောကြတာပေါ့အေ၊ ငါကတော့ ခံဘက်ကချည်းပါပဲ'

'ရွှေမှုံနော်၊ ညည်း စကားပြောရင် သတိထားပြော။ ညည်း ပြောတဲ့ စကားက အရင်းမရှိ အဖျားမရှိ ဘာလဲ အေ့။ ငါက ပြောလိုက်ရတော့ မကောင်းဘဲ နေရော့မယ်'

'ငါက ရိုးရိုးပြောတာပါ မကြီးငွေခင်ရဲ့။ ညည်းတို့က စကားတတ် လွန်းလို့ ငါ့အပေါ် စကားနိုင်လုလွန်းလို့ ပြောတာ။ ဟေ့ အု၊ ညည်း ရောက် နေတာ ဘယ်လောက်ကြာပလဲ'

'မကြာသေးပါဘူးအေ၊ တစ်နေ့ကပါပဲ'

ထိုသို့ ပြောနေကြစဉ်တွင် သူတို့ ရိုးရည်ရိတ်နေသော လယ်ကွက် နှင့် စပ်လျက်ရှိသော လယ်ကွက်သို့ မိန်းမနှစ်ယောက် လာ၍ ရိုးရည်ရိတ် ကြလေသည်။ ထိုမိန်းမ နှစ်ယောက်မှာ ဝေဠုဝန် နတ်ကွန်းကအပြန် ညတွင်

အုနှင့် ရန်ဖြစ်ဖူးသော ဘွင့်နှင့် ဆင့်တို့ ဖြစ်လေသည်။ အုသည် ရင်ထဲတွင် ထိတ်ခနဲဖြစ်၍ သွားလေသည်။ အုက သူတို့နှစ်ယောက်အား မှတ်မိသော်လည်း ဘွင့်နှင့် ဆင့်တို့က သူ့ကို မှတ်မိပုံ မပေါ်မှ အုမှာ စိတ်သက်သာရာ ရလေသည်။

အုတို့ သုံးယောက်မှာ သူတို့အနီးအနားတွင် သူစိမ်း မိန်းမနှစ်ယောက် ရှိနေသဖြင့် သူတို့ ပြောချင်ဆိုချင်ရာကို လွတ်လပ်စွာ ပြောခွင့်ဆိုခွင့် မရဘဲ ရှိလေသည်။

'ဟော့ ငွေခင်ရေ၊ ဟိုမယ် လူကြီးတစ်ယောက် တို့ဆီကို လာနေတယ်။ ကြည့်စမ်းဟော့'

'ဒါ တို့အလုပ်ရှင် ဒေါ်ရွှေတင်ရဲ့ယောကျ်ား ဦးတောက်ထိန်ပေါ့အေ။ ညည်း ရောက်မယ့်နေ့ မနက်စောစောကပဲ သူ့မယားငယ်ရွာကို ထွက်သွားပြီး အခုမှ ပြန်လာတယ်။ ဒီလူကြီးပေါ့အေ၊ ဟိုတလောက မကျည်းချိုချိုထဲမှာ လူတစ်ယောက်က မျက်နှာကို လက်သီးနဲ့ ပိတ်ထိုးလို့ ဆိုပဲ။ အဲဒီ တုန်းက တို့ ရှားပင်စုမှာပဲ ရှိကြဦးမှာပေါ့'

'သြော် ဟုတ်လား၊ ဖြစ်မှ ဖြစ်ရပလေတယ်' ဟု ပြောပြီးနောက် အုသည် ခေါင်းငုံ့ကာ ရိုးရည်ရိတ်၍ နေလေသည်။ အုသော်သွားမရောက်ခင် လမ်း၌ အုနှင့် တွေ့၍ အု တောတန်းထဲသို့ ဝင်ပြေးရသည်မှာ ဒီဦးတောက်ထိန်ကြောင့်ပင် ဖြစ်လေသည်။

ဦးတောက်ထိန်သည် အုထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် လာပြီးလျှင် 'အလို၊ ငါ ဘသူများလဲလို့။ အစသတ်တော့ မကြီးရွှေစာကိုး။ ဘယ့်နှယ်လဲ၊ ပြေးမယ့်ပြေး လွတ်အောင် ပြေးရတယ်။ ကိုင်း အခုတော့ ဘယ်ပြေးဦးမလဲ' ဟု ပြောပြီးလျှင် လှောင်ပြောင်သော သဘောဖြင့် ဟက်ဟက်ပါအောင် ရယ်လေသည်။

အုမှာ ရှေ့တိုးလည်း ထမ်းပိုး၊ နောက်ဆုတ်လည်း လှည်းထုတ် ဆိုသည့်အလား ဘွင့်နှင့် ဆင့်တို့ကလည်း တစ်ဖက်၊ ဦးတောက်ထိန်ကလည်း

တစ်ဖက် ပိတ်၍ မိနေသဖြင့် "လေးမိသည့် စွန်၊ ကွန်မိသည့် ငါးမိုက်၊ ပိုက်မိသည့် ရွှေယုန်" ကဲ့သို့ ဆင်းရဲပေါင်းကြုံ၍ နေလေသည်။ သို့ရာတွင် ဦးတောက်ထိန်၏ အပြုအမူကို အကဲခတ်ရသည်မှာ သူ့အပေါ်တွင် ရန်လုပ်မည့် အခြင်းအရာကို မတွေ့ရဘဲ၊ မောင်ဒေဝ၏ လက်သီးချက်ကြောင့် အမျက်မပြေနိုင်ဘဲ ရှိနေခြင်းမျှသာ ဖြစ်နေသည်ကို သိရ၍ စိတ်အေးကာ သွားလေသည်။

'နင်က ဟိုတစ်နေ့က ဘာလို့ ထွက်ပြေးရတာလဲ။ နင့်ကို ငါက လူပျိုစကားများ ပြောလိမ့်မယ် ထင်လို့လား။ တချို့ကောင်မတွေဟာ နင့်လိုပဲ ယောကျ်ားမြင်မှဖြင့် သူတို့ကို ကြိုက်လိမ့်မယ်ချည်း အောက်မေ့နေတာပဲ။ အခု နင် ငါ့အကြောင်းကို သိမယ်။ ဘယ့်နှယ်လဲ၊ နင် ငါ့ကို ကန်တော့မလား'

'တော်ကသာ ကျုပ်ကို ကန်တော့ရမှာပါတော်။ ကျုပ်က တော့်ကို ကန်တော့မှာ မဟုတ်ပါဘူး'

'သြော် သြော်၊ ကျုပ်ကပဲ ကန်တော့ရဦးမယ် ဆိုပါတော့။ ကောင်းပါပြီဗျာ၊ ကောင်းပါပြီ။ ကန်တော့ဆိုလည်း ကန်တော့ရတာပေါ့။ နင့်စကား နင် ကောင်းကောင်းမှတ်ထားပါ။ ရှမ်းနဲ့ ဆင် လယ်ပြင်ကြမှ သိရမှာပေါ့။ အခု နင်နဲ့ ငါနဲ့ ဘယ်သူက အရေးသာမယ် ဆိုဘာ စောင့်ပြီး ကြည့်သေးတာပေါ့။ ဒီနေ့ ရိတ်တာ ရိုးရည် ဒါပဲ ရသေးသလား'

'ဒါပဲ ရပါသေးတယ်'

ဦးတောက်ထိန်သည် ဘွင့်နှင့် ဆင့်တို့ကို လက်ညှိုးထိုး၍ ပြပြီးလျှင် 'ကြည့်စမ်း၊ သူများတွေ ရိတ်ထားတာ ဘယ်လောက်များသလဲ။ နင့်လိုပဲ မဟုတ်ဘူး။ ဒို့ပြင်လူတွေလည်း နင့်ထက် များတာချည်းပဲ' ဟု အပြစ်ရှာလေသည်။

'ဒါတော့ ကျုပ်က ရိတ်နေမှ မကျသေးဘဲကိုး။ ပြီးတော့လည်း

ကျုပ် အလုပ်က ပုတ်ပြတ်အလုပ်ပဲ။ ဒီတော့ သော့မှာ ဘာမှ မနစ်နာဘူး။ ပြီးရင် ပြီးသလောက် အခ ပေးရတာပဲ'

'ငါ့မယ် နစ်နာတာပေါ့။ ငါက ဒီအလုပ်ကို နေ့ချင်းညချင်း ပြီးစေချင်တာ။ အခု အရှေ့ဘက်မှာ ရိုးရည် စေးကောင်းနေတယ်။ ရက်ကြာသွားရင် ဈေးမရဘဲ နေတော့ ဘယ်သူက လာယူဦးမှာလဲ'

'ဒီလိုဆိုရင် သူများတွေ အလုပ်သိမ်းတဲ့ အချိန်မယ် ကျုပ် အလုပ်မသိမ်းဘဲ နေစုပ်စုပ်ဝင်အောင် ဆက်ပြီး ရိတ်ပေးမယ်'

'အေး၊ အခု နင် ပြောတဲ့ စကားအတိုင်း ဘည်ဝစေ၊ ဒါပဲ။ ငါ နောက်ထပ် မပြောဘူး'

ဦးတောက်ထိန်သည် မျက်နှာ သုံးခေါက်ချိုးနှင့် ထွက်သွားလေသည်။ အုမှာ ကျူတောရွာမသို့ မလာမီဘဲ ကားပါးစပ်ထဲ ငင်မ်လှူင်တော်ချင် တော်မည်။ ဘယ်နတ်ကယ် ဆော်စမ်၍ သည်အရပ်သို့ ရောက်ရလေသည် မသိ။ အုမှာ ညနေ သူများတွေ အလုပ်သိမ်းကြသော အချိန်၌လည်း မသိမ်းဘဲ ဆက်ကာရိတ်လျက် ရှိလေသည်။ မငွေခင်နှင့် မရွှေမှုံတို့လည်း အုကို စောင့်ရှောက်သော သဘောဖြင့် နေ၍ကြဘဲ ကူ၍ ရိတ်ကြလေသည်။ အခြား ရိုးရည်ရိတ်သမားများ ပြန်ကြ၍ သူဘို့သုံးယောက်သည်းကျန်ရစ်သောအခါ 'ကိုင်း တို့သုံးယောက်ပဲ ကျန်တော့တယ်။ ဟိုတုန်းက အကြောင်းတွေ ပြန်ပြောကြရအောင် အေ' ဟု မငွေခင်က အကြံပေးလေသည်။ ဟိုတုန်းက အကြောင်းများကို ပြန်ပြောကြရမည်ဆိုသော် မောင်ဆဝ အကြောင်း မပါဘဲနှင့် ဇာတ်ကွက်လည်လိမ့်မည် မဟုတ်။ အုသည် သူ့လင် အကြောင်းကို နားထောင်နိုင်ပါမည်လော။

'ဟော့ ကောင်မတို့ရေ၊ ညည်းတို့ ငါ့လင့်အကြောင်း ပြောကြမယ်ဆိုရင် ငါတော့ သဘောမတူဘူးအေ့။ အခု ဒီမှာ ငါ့လင် ရှိတာတော့ မဟုတ်ဘူး။ မဟုတ်ပေမဲ့ သူဟာ ငါ့လင်၊ ငါ့လင်ပဲ။ ဒီတော့ ငါ့လင်အကြောင်းကို သူ့ကွယ်ရာမှာ ပြောနေလို့ မတော်ဘူး ထင်တယ်'

'ညည့်းလင်ကအေ ညည်းတို့ သမီးရည်းစား ဘဝတုန်းကတော့ ညည့်းကို တော်တော်ပဲ ဂရုစိုက်ပါတယ်။ ဒါပေမဲ့ မင်္ဂလာဆောင်ပြီး ညည်းကို တစ်ခါတည်း ပစ်ပြီး သွားတာတော့ မတော်ပါဘူး'

'ဒါတော့ အရေးကြီးတဲ့ကိစ္စ ရှိလို့ဟာကိုအေ့၊ မသွားလို့ မပြီးတဲ့ ကိစ္စရှိလို့ သွားရတာပေါ့။ စိုက်ခင်း ပျိုးခင်း ဘယ်လိုနေမယ်ဆိုတာ သွား မကြည့်လို့ ဘယ့်နှယ်လုပ်မလဲ'

'ညည်း ပြောတဲ့အတိုင်း အရေးကြီးတဲ့ကိစ္စ ရှိတယ်ပဲ ထားပါဦးအေ။ တကယ်ဆို တစ်နွေ တစ်မိုးတော့ ညည်းနဲ့အတူတူ နေသွားဖို့ ကောင်းပါတယ်'

'ဒါတော့ စိတ်အခန့်မသင့်တဲ့အကြောင်း ရှိလို့ဟာကိုးအေ့။ တော်ပြီ အေ၊ ညည်းတို့နဲ့ ငါနဲ့ ဒီအကြောင်း ဆက်မပြောချင်တော့ဘူး။ ညည်းတို့လို ပြောမယ်ဆိုရင် သူ့အပေါ်မှာ ကောင်းကြောင်းပြောဖို့ဟာတွေ အများကြီး ရှိတာပဲ။ ပြီးတော့ အခု သူ သွားတာဟာလည်း သူများယောကျ်ားတွေလို မပြောဘဲ မဆိုဘဲ တိတ်တိတ်ကလေး ထွက်သွားတာမှ မဟုတ်ဘဲ။ ငါ့ကို ပြောပြီးမှ သွားတာ။ ဘယ်တော့ဖြစ်ဖြစ် သူ ဘယ်မယ်နေတယ် ဆိုတာ ငါ သိနိုင်တာပဲ'

အသည် ပြောရင်း ပြောရင်း ငိုသံပါ၍ လာလေသည်။ ထို့နောက် ဘယ်သူကမှ ဘာမျှ မပြောကြဘဲ ကိုယ့်စိတ်ကူးနှင့်ကိုယ် ရိုးရည်ကို ဆက်၍ ရိတ်ကြလေသည်။ အတော်ကြာသောအခါ အမှာ မောဂ၍ လဲသွားလေသည်။

'ဒါကြောင့် ငါ ပြောတာပေါ့အေ့၊ ညည်းနဲ့ ဒီအလုပ်နဲ့ မဖြစ်ပါ ဘူးလို့။ ညည်းက တို့လို မဟုတ်ဘူး၊ သိပ်ပြီး နုတာတော့' ဟု မငွေခင်က ညည်းလေသည်။

ထိုအခိုက်တွင် ဦးတောက်ထိန် ရောက်လာလေသည်။

'ဒါ နင်တို့ ရိုးရည်ရိတ်ကြတာပေါ့လေ။ ငါ မရှိရင် နင်တို့ဟာ ဒီလိုချည်းပဲ'

သွားလေသည်။ ဈေးသည် အမယ်ကြီးမှတစ်ပါး ကျုံတောတောင်ရွာ တစ်ရွာ လုံးမှာ လူသွားလူလာ မရှိဘဲ တိတ်ဆိတ်လျက် ရှိလေသည်။

'အမေကြီးရယ် ရွာထဲမှာ လူတွေ တိတ်လှချည်လား။ အလှူရှိလို့ အလှူလိုက်များ သွားကုန်ကြသလား'

''ဘယ် အလှူရှိချည်မတုန်း မြေးရယ်။ ဘယ်မြို့ကဆိုလဲ မသိပါဘူး၊ ဘုရားအဟောကောင်းတဲ့ လူသူတော်ကလေး တစ်ယောက် တရားဟောမယ် ဆိုလို့ ရွာလယ် ဝတ်ဇရပ်ကို တရားနာသွားကြလို့။ အမေကြီးတောင် သွားပြီး နာအစမ်းချင်သား၊ ဆိုင်စောင့်မယ့်လူ မရှိတာနဲ့ မသွားရဘူး'

အုသည် ရွာလယ် ဇရပ်အနီးသို့ ရောက်သောအခါ ထို လူသူတော် ဆိုသူ၏ တရားဟောသံကို သဲကွဲစွာ ကြားရလေသည်။ ထို လူသူတော်က သူ ဘယ်လို အကျွတ်တရား ရလာပုံ၊ အကျွတ်တရား မရခင်က ဘယ်လို ရှုပ်ပွေ ဆိုးသွမ်းပုံ၊ ကာမဂုဏ်လိုက်စား မက်မောခဲ့ပုံ၊ နောက်ဆုံးတွင် သင်္ဂြိုဟ် ဆရာကြီးတစ်ဦးနှင့် တွေ့၍ ထိုသင်္ဂြိုဟ်ဆရာကြီး ဟောပြောလိုက်သော စကားများကြောင့် တရားရလာပုံတို့ကို စကားစဉ် မပြတ်အောင် တတွတ် တွတ် ပြောလျက် ရှိလေသည်။

အုသည် ထိုလူသူတော် ဟောသောတရားကို ကောင်းသည်၊ ဆိုးသည် ဟု မည်ကဲ့သို့မျှ သဘောမရသော်လည်း သူ့အသံကို ကြားရသောအခါ သူ သိဖူး၊ ကြားဖူးသောအသံ ဖြစ်နေ၍ အထူးပင် အံ့သြမိလေသည်။ ထိုအသံ မှာ မဟုတ်ခါမှသာ လွဲရော့မည်။ ပန်းသာမောင်မောင်၏ အသံပင် ဖြစ်သည် ဟု ယူဆမိလေသည်။ သူ ယူဆမိခြင်းမှာ မလွဲချေ။ အဘယ်ကြောင့်ဆိုသော် ရွာလယ်ဇရပ်၌ တရားဟောနေသော လူသူတော် ဆိုသည်မှာ အခြားသူ မဟုတ်။ လွန်ခဲ့သော ငါးနှစ်ခန့်က အုနှင့် မြောက်ကုန်းမြို့တွင် ဟိုလိုဖြစ်ခဲ့ဖူး သော ပန်းသာမြို့စားအဆက် လက်သစ် "ကံဆိုးကလေး"၏ တိတ်တိတ် ပုန်း ဖခင်၊ ဒေါ်ဘုမ၏ မတော်လိုက်ရသော သမက်၊ အု၏ ပန်းဦးပန် မောင်တော် ပန်းသာမောင်မောင်ပင် ဖြစ်သောကြောင့်တည်း။

နှင့် ပြကတေ့ သန်မာခြင်း၏ တန်ခိုးတို့ကြောင့် မမောပန်းဘဲ ခံနိုင်လေသည်။

'ရွှေမှုံရေ၊ ညည်း မောရင် ပြန်ချင် ပြန်နှင့်တော့လေ။ ငါတို့ ပြီးအောင် ရိတ်ခဲ့မယ်။ နောက်ပြီးတော့မှ တို့ ညီတူမျှတူ ဝေယူကြတာပေါ့အေ့။ ညည်း ခရီးပန်းတာနဲ့ ဘာနဲ့ နားဖို့ တော်ပါပြီ'

မရွှေမှုံသည် 'ကျေးဇူးပေါ့အေ' ဟု ပြောပြီး ပြန်သွားလေသည်။ မငွေခင်သည် ထန်းရည်ကလေးကလည်း တမြမြ ဖြစ်သည့်အပြင် နေကလည်း မှုန်ရီရီ ဖြစ်နေသဖြင့် စိတ်ကူးယဉ်လျက် ရှိလေသည်။

'ငါ့စိတ်ထဲမှာ သူ ဒီလို လုပ်လိမ့်မယ်လို့ မထင်မိဘူး။ သူ့ကိုလည်း ငါ သိပ်ခင်ပါတယ်။ အခု သူ ညည်းလက်ထဲ ရောက်သွားတာကိုလည်း ငါ ဘယ်လိုမှ မအောက်မေ့ပါဘူး။ ဒါပေမဲ့အေ၊ ရွှေမှုံနဲ့ ဒီလိုဖြစ်တယ် ဆိုတာတော့ လွန်လွန်းပါတယ်အေ။ တကယ်ပါပဲ၊ ငါဖြင့် အံ့ပါရဲ့'

အုသည် သူ့အကြောင်းကို ပြောသံကြားသည်နှင့် တစ်ပြိုင်နက် ရင်ထဲ၌ ဒိန်းခနဲ ဖြစ်သွားပြီးလျှင် ကံကောင်း၍ လက်ကို တံစဉ်မပြတ်ဘဲ ရှိလေသည်။

'ဟေ့ ငွေခင်၊ ညည်း အခု ငါ့လင်အကြောင်း ပြောနေတာလား'

'ဟုတ်ပါတယ် တော်ရဲ့။ ညည်းလင်အကြောင်း ပြောတာပါ။ ရွှေမှုံက ငါ့ကို ညည်း အုကိုလည်း ပြန်မပြောနဲ့တဲ့။ ဒါပေမဲ့ ငါက မပြောဘဲ နေနိုင်တဲ့ ကောင်မ မဟုတ်ဘူးအေ့။ မပြောပါနဲ့ဆိုလေ သာပြီး ပြောချင်လေပဲ'

'ကိုင်းပါအေ ပြောရင်လည်း ပြောစမ်းပါ။ တကတဲ ဇာချဲ့မနေစမ်းပါနဲ့။ ညည်းလင်မှပဲ'

'ညည်းလင်ကလေ ရွှေမှုံကို ဂျာဗားကျွန်းကို လိုက်ခဲ့ပါလား လို့ ခေါ်သတဲ့တော့။ ကိုင်း သိပလား'

အုသည် အကြီးအကျယ် မျက်စိမျက်နှာပျက်၍ သွားလေသည်။

'ဒီတော့ ရွှေမှုံက မလိုက်ချင်ဘူးလို့ ပြောသတဲ့လား'

'ဒါတော့ ငါ မသိဘူး။ နောက်တော့ သူ စိတ်ပြောင်းသွားတယ် ပြောတာပဲ'

'ဒါဖြင့် သူ တကယ်ခေါ်တာ မဟုတ်လို့ပေါ့၊ ယောက်ျား ဆိုတာမျိုး ဟာ ဒီလိုပဲ၊ နောက်တတ် ပြောင်တတ်တာပဲ'

'နောက်ပြောင်တာ မဟုတ်ဘူးတော်ရဲ့၊ လှည်းနဲ့ဆောင်မှ နှစ်တိုင် သုံးတိုင်လောက် တင်ခေါ်လာသေးသတဲ့'

'ဒါပေမဲ့အေ နောက်ဆုံးတော့ ခေါ်မသွားဘူး မဟုတ်လား လို့'

မငွေခင်သည် ဘာမျှ ပြန်မပြောဘဲ နေသည်။ အုကာသည် စကား ဆက်၍ မပြော။ အတန်ကြာသောအခါ အုသည် ဘာမပြော ညာမပြော ရှိုက်ကာငင်ကာ ငိုလေသည်။

'အေး ဒါကြောင့် အစကတည်းက ငါ ပြောချင်တာပဲ'

'ကိစ္စမရှိပါဘူးအေ၊ ညည်း အခုလိုပြောတာ အပုံကြီး ကောင်းပါ တယ်။ နို့မို့ရင် ငါဟာ ဒီလိုပဲ အီးအော၊ အီးအောနဲ့ အချိန်ကုန်နေမှာပဲ။ ဒီလိုဆိုမှ ငါလည်း သူ့ဆီကို စာခဏခဏ ရေးဖြစ်မှာ။ သူ့ဆီကို မလိုက်ခဲ့နဲ့ လို့သာ ပြောတာ။ သူ့ဆီကို စာရေးချင်ရင် ရေးချင်သလောက် မရေးရဘူးလို့ ပြောခဲ့တာ မဟုတ်ဘူး။ ဒီတော့ နောက်ကိုဆိုရင် ဒီလို ပေါ့တီးပေါ့ဆနေလို့ မဖြစ်ဘူး။ နေရာတကာမှာ သူ့အလိုအတိုင်း ပင်ထားခဲ့တာဟာ အမှားကြီး မှားတာပဲ'

ဤသို့ ပြောနေခိုက်တွင် နေစကြာသည် အါယာကျွန်းသို့ ယွန်း၍ သွားသဖြင့် အုနှင့် မငွေခင်တို့သည် အလုပ်သိမ်းကြရလေသည်။ ထိုနေ့ည တွင် အုသည် မောင်ဒေဝထံသို့ စိတ်အောက်ထက်သန်စွာဖြင့် စာတစ်စောင် ရေးလေသည်။ သို့ရာတွင် မောင်ဒေဝသည် သူနှင့် ခွဲပြီးနောက် ဘာမျှ မကြာခင်ပင် မရွှေမှုံကို သူ့နောက်သို့ လိုက်ရန် ခေါ်သည် ဖြစ်သောကြောင့် မောင်ဒေဝသည် သူ့ကို သူ့မယားလို့ သဘောထားမှ ထားပါသေးရဲ့လားဟု

မတွေးတတ်နိုင်အောင် ရှိသဖြင့် စာကို အဆုံးမသတ်နိုင်ဘဲ ရှိလေသည်။ ထိုကဲ့သို့ ပူပူနွေးနွေး အခါကြီးတွင်၊ ထိုကဲ့သို့ "ကော်မလွတ် ရွှေပသိန်လို တရေစိမ်မခံ" သည့် ယောကျ်ားတစ်ယောက်ထံ အုသည် မျက်နှာငယ်ခံကာ တောင်းပန်တိုးလျှိုးခြင်း ပြုထိုက်ပါသလော၊ ချင်းစိမ်းနှင့် မိဿလင်လို သူကြင်မှသာ ကိုယ်ချစ်ထိုက်သည် မဟုတ်ပါလော။ ဤသို့ အုသည် သို့လော သို့လော တွေးတောလျက် ရှိလေသည်။

အုသည် သူ့ယောက္ခမများထံသို့ သွားလိုသော ဆန္ဒ မကြာခဏ ပေါ်ခဲ့သော်လည်း တစ်ခါမျှ မသွားဖြစ်။ မောင်ဒေဝမှာ သူ၏ လက်ထပ် လင်ပင် ဖြစ်သော်လည်း တရားကိုယ်သဘောအားဖြင့် သူသည် မောင်ဒေဝ၏ မယား မဖြစ်ထိုက်သော အပြစ်ကြီး ရှိနေရကား အုသည် သူ့ယောက္ခမများ ထံသို့ သွားရန် လိပ်ပြာလုံလိမ့်မည် မဟုတ်။ မောင်ဒေဝက သူ့ထံသို့ စာရေးလိုလျှင် သူ့အဖေ၊ အမေတို့ထံမှတစ်ဆင့် ရေးရန် မှာခဲ့သည်မှာ မှန်သည်။ သို့ရာတွင် အုသည် စိတ်မလုံသဖြင့် တစ်ခါမျှ မရေးဖြစ်။ "အုမှာ ငွေကြေး အခက်အခဲရှိလျှင် အဖေတို့ဆီမှာ မှာလိုက်ပါ" ဟု မောင်ဒေဝက မှာခဲ့သော်လည်း အုသည် တစ်ခါမျှ မှာ၍ မသုံး။ ထို့ပြင် သူ့အမေရင်း၊ အဖေရင်းများထံသို့လည်း သူ့အဖြစ်အပျက်ကို အကြောင်းကြားခြင်း တစ်စုံ တစ်ရာ မပြု။ ဤနည်းဖြင့် သူ့အဖေ၊ အမေများအဖို့တွင် အုမှာ လူ့ပြည်တွင် မရှိလေသကဲ့သို့ ဖြစ်လေသည်။ အုသည် အဘယ်ကြောင့် ထိုကဲ့သို့ သူ့ ယောက္ခမများ ထံသို့ အကျိုးအကြောင်းကို အလျှင်းမပြောဘဲ နေရလေ သနည်း။ မိမိ၌ ရထိုက်ရပိုင်ခွင့် မရှိသော အရာများကို သနားပါ၊ ညှာတာ ပါဟု အောက်ကျ နောက်ကျ ခံလိုသောစိတ် မရှိခြင်းကြောင့် ဖြစ်လေသည်။ မောင်ဒေဝသည် စိတ်ရှုးရှုးရှားရှား ဖြစ်ခိုက်တွင် သူ့ကို သူကြီးနှင့် လူကြီး များ စုံညီရှေ့တွင် တောင်းရမ်းလက်ထပ်ကာ "ကျုပ်မယားပါပဲ" ဟု အသိ အမှတ် ပြုလိုက်ခြင်းကို အကြောင်းပြု၍ တော်စပ်ရသော ယောက္ခမများမှာ အခိုင်အမာ အားထားပြုလောက်အောင် ရင်းနှီးသော ဆွေမျိုးများ ဟုတ်နိုင်

မည် မဟုတ်။ အုမှာ ကြီးပွားလျှင်လည်း သူ့ကိုယ်ပိုင် အရည်အချင်းဖြင့် ကြီးပွား၍၊ ဆုတ်ယုတ်လျှင်လည်း သူ့ကိုယ်ပိုင် အရည်အချင်းဖြင့်သာ ဆုတ်ယုတ်လိုသောဆန္ဒ ရှိလေသည်။ သို့ရာတွင် မောင်ဒေဝသည် သူနှင့် ခွဲခွာသွားပြီးစ ကလေးတွင်ပင် မရွှေမှုံအား ဂူဘားကျွန်းသို့ လိုက်ရန် ခေါ်သည် ဆိုသော သတင်းကို ကြားရသောအခါ ဥပေက္ခာတရားကို ဆက်လက်၍ မကျင့်သုံးနိုင်တော့ဘဲ မခံမရပ်နိုင်သော စိတ်မီးလျှံသည် တပြောင်ပြောင် တောက်လောင်လျက် ရှိလေသည်။

မောင်ဒေဝသည် အဘယ်ကြောင့် သူ့ဆီကို စာ မရေးရသနည်း။ အနည်းဆုံး သူ ဘယ်ဆီ ဘယ်စခန်း၌ ရောက်နေပြီ ဆိုသော အကြောင်းကို သိစေရမည်ဟု ပြောခဲ့သည် မဟုတ်လော။ သို့ဖြစ်လျက် စာတစ်စောင် ကလေးတောင်မှ မရေးနိုင်လောက်အောင် ဖြစ်နေရခြင်းမှာ အစဉ်းစားရ ကျပ်ဘိသည်။ မောင်ဒေဝသည် သူ့အပေါ်မှာ တစ်ခါတည်းပင် မေ့လျော့ လေပြီလော၊ သို့တည်းမဟုတ် မကျန်းမမာများ ဖြစ်နေ၍လေလော၊ မောင် ဒေဝမှာ သူ့အတွက် စိတ်မကောင်းနေသူ ဖြစ်ရကား သူကပင် စ၍ ချော့မော့ ထိုက်သည် မဟုတ်ပါလော။ အုသည် သို့လော သို့လော တွေးတောပြီးလျှင် သူ့ယောက္ခမများထံ ရှေ့မျက်နှာ နောက်ထား၍ ခကြာက်အားနှင့် သွားပြီး လျှင် မောင်ဒေဝထံမှ စာမရ၍ စိတ်မချသည့်အကြောင်း သွား၍ ပြောတော့ မည်ဟု စိတ်ပိုင်းဖြတ်လိုက်လေသည်။ သူ့ယောက္ခမ ဦးဖြိုးဒင်မှာ စိတ်နှလုံး ကောင်းသူ တစ်ယောက် ဖြစ်သည်ဟု ပြောကြသည့်အတိုင်း မှန်လျှင် သူ၏ ချစ်သောသူနှင့် ကွေကွင်းရခြင်းတည်းဟူသော ဒုက္ခအတွက် ကိုယ်ချင်းစာ တရား ဖက်ကာ သက်ညှာစွာ စဉ်းစားလိမ့်မည်ဟု မျှော်လင့်ရန် ရှိလေသည်။ အုသည် သူ့မှာ နေရေးထိုင်ရေး၊ စားရေးသောက်ရေး အဆင်းရဲကို သူ့ဟာသူ ကြိတ်၍ ခံနိုင်သော်လည်း မောင်ဒေဝအတွက် ရတက်မီးကိုကား အရပ်မကျ လူမဝိုင်းဘဲနှင့် ဆက်လက်၍ ခံနိုင်တော့မည် မဟုတ်။

အရေးတော် ပေါ်သည့်အခိုက်တွင် ဒုန်းရိုက်၍သွားမှ ဖြစ်တော့မည်။

ရှင်ပြုံးစာအုပ်တိုက်

မရွှေမှုံကို မောင်ဒေဝက ဂျာဗားကျွန်းသို့ လိုက်ခဲ့ရန် ခေါ်သည့် သတင်းကို ကြားရပြီး နောက်တစ်နေ့၊ အလုပ်အနားရသည့်နေ့ အရဏ်တက်လောက်တွင် အုသည် သူ့ယောက္ခမများ နေရာ မြို့လှဘက်သို့ တောလမ်းခရီးဖြင့် ထွက်ခဲ့လေသည်။ မငွေခင်နှင့် မရွှေမှုံတို့သည် မြို့လှနှင့် မနီးမဝေးသို့ ရောက်အောင် လိုက်၍ ပို့ကြလေသည်။ မငွေခင်နှင့် မရွှေမှုံတို့သည် အုအား အဝတ်အစား သစ်သစ်လွင်လွင် ဝတ်၍ သူ့ယောက္ခမများထံသို့ သွားရန် အကြံပေးကြပြီးလျှင် သူတို့ မပြန်ခင်ပင် ဟန်၊ မဟန် ကြည့်ရအောင် အဝတ်အစား အလဲခိုင်းလေသည်။

'အခုနှယ်များ သူ မြင်ရင်တော့ သိပ်ကောင်းမှာပဲအေ။ ကိုယ့်ကောင်မမို့ ကိုယ် ပြောတာ မဟုတ်ဘူး၊ တကယ်ချောတဲ့ ကောင်မပဲဟေ့' ဟု ငွေခင်က ဟုတ်သည့်အတိုင်း ချီးမွမ်းလေသည်။ မရွှေမှုံကလည်း 'ဟုတ်တယ်ဟေ့' ဟု လိုက်လေသည်။

အုသည် သူ့ယောက္ခမများထံ ရောက်လျှင် ယောက္ခမ အမကြီးအား သူ့အဖြစ်အပျက်တို့ကို အကုန်အစင် ဖွင့်ဟ ပြောဆိုလျှင် မိန်းမချင်း ကိုယ်ချင်းစာသော သဘောဖြင့် စစ်ကူတောင်းပြီးလျှင် မောင်ဒေဝအား ပြန်၍ ယင်းသွင်းနိုင်လိမ့်မည်ဟု အောက်မေ့မိလေသည်။ အုသည် သူ့ယောက္ခမများ အိမ်သို့ နီးလာသောအခါ သူ စီးလာသာ ခုံဖိနပ် တစ်ပတ်ရစ်ကို ချွတ်၍ ကတ္တီပါ ပိန်းတန်းဖိနပ်ကို ချ၍စီးပြီးလျှင် ခုံဖိနပ် တစ်ပတ်ရစ်ကို လူသူ မမြင်လောက်သော လမ်းဘေး မြောင်းထဲတွင် အပြန်မှ ယူမည်ဟူသော သဘောဖြင့် ထားခဲ့လေသည်။ လမ်းသွားလမ်းလာတို့အား မေးမြန်းစုံစမ်းကြည့်သဖြင့် သူ့ယောက္ခမများ အိမ်ကို ခပ်လှမ်းလှမ်းမှ မြင်ရသော်လည်း ထိုအိမ်၌ နေကြသူများမှာ သူနှင့် ဆွေမျိုးတော်စပ်သူများ ဖြစ်သည်ဟု စိတ်ကူးစဉ်းစား၍ မရ။

အုသည် ဦးဖြိုးဒင်တို့ အိမ်ပေါက်သို့ ရောက်သောအခါ အရဲစွန့်ကာ ဝင်ပြီးလျှင် 'အိမ်ရှင်တို့ အိမ်ရှင်တို့' ဟု ခေါ်လေသည်။ ခေါ်ပြီးသည့်နောက်

တွင် နောက်သို့ ပြန်ဆုတ်လမ်း မရှိတော့။ သို့ရာတွင် သူ့ခေါသံကို ဘယ်သူမျှ မကြားသေးသဖြင့် နောက်သို့ ပြန်တုံ့မည်ဆိုလျှင် တုံ့နိုင်သေးသည်။ ဒီအခြေအနေရောက်မှ နောက်ပြန်ဆုတ်၍ တော်တော့မည် မဟုတ်။ ရှေ့သို့ ဇွတ်နှစ်၍ တိုးတော့မှပင် ဖြစ်တော့မည်။ 'အိမ်ရှင်တို့၊ အိမ်ရှင်တို့။ ဒီအိမ်က အိမ်ရှင်တို့' ဟု ဒုတိယတစ်ကြိမ် ခေါ်ပြန်လေသည်။ ဒုတိယတစ်ကြိမ် ခေါ်သောအခါလည်း မည်သူမျှ မထူး။ အုသည် ခရီးကလည်း ပန်း၍ လာသည်။ စိတ်ကလည်း မရဲဖြစ်သောကြောင့် နောက်ထပ် မခေါ်တော့ဘဲ ပြန်၍ ထွက်ခဲ့လေသည်။ သူ့စိတ်ထဲတွင် မကြား ကြားအောင် ခေါ်ချင်စိတ်ရှိသော်လည်း မခေါ်ဖြစ်ဘဲ လှည့်ကြည့် လှည့်ကြည့်နှင့် ပြန်လာရင်း နောက်ထပ် မခေါ်မိသည်ကိုပင် ဝမ်းသာမိသလို ရှိလေသည်။ ပထမအကြိမ် ခေါ်ကတည်းက သူတို့ ကြားမှာပါပဲ။ ကြားလို့ ထွက်ကြည့်ပြီး ငါ့ကို မြင်သွားလို့ ငါမှန်းသိတာနဲ့ တမင် မကြားချင်ယောင် ဆောင်နေတာ ထင်ပါရဲ့" ဟု သံသယဖြစ်လျက် ရှိလေသည်။ ဘယ်လိုမြင်၍ သူမှန်း ဘယ်နည်းနှင့် သိ၍သွားသည်ကိုကား သူ မပြောနိုင်။

အုသည် လမ်းထောင့်ရောက်အောင် လျှောက်သွားပြီးနောက် "ဟယ်၊ ငါ သေချာအောင် ကြည့်ပါဦးမယ်လေ" ဟု အောက်မေ့ပြီးလျှင် အိမ်ဘက်သို့ ပြန်လျှောက်၍ ပြတင်းပေါက်များကို သေချာစွာ ကြည့်ပြန်လေသည်။ ပြတင်းပေါက်များမှာ ပိတ်ထားသည်ကို တွေ့ရလေသည်။ ထိုနေ့မှာ ဥပုသ်နေ့ဖြစ်လေသည်။ "ဪ် သတိရပြီ၊ သတိရပြီ။ ဒီနေ့ ဥပုသ်နေ့ပါလား။ ကိုကိုက သူ့အဖေ အမေများဟာ ဥပုသ်နေ့ဆိုရင် သီလယူဖို့ အမြဲ ဘုန်းကြီးကျောင်းကို သွားတတ်တယ်လို့ ပြောခဲ့သားပဲ" ဟု တွေးမိလေသည်။ အုသည် ဘုန်းကြီးကျောင်းဘက်သို့ လျှောက်၍ သွားလေသည်။ အု ဘုန်းကြီးကျောင်းဝသို့ ရောက်သော အချိန်တွင် ဥပုသ်သည်များသည် ကျောင်းထဲမှ ထွက်၍လာကြလေသည်။ အုသည် ရှေ့သို့ အနည်းငယ် ဆက်၍ သွားပြီးနောက် ကပျာကယာ နောက်သို့ ပြန်လှည့်ခဲ့ရာ ဥပုသ်သည်တို့ စပ်ကြားတွင် ရောက်

လျက် ရှိလေသည်။ အသည် ခပ်သုတ်သုတ် သွားသဖြင့် ဥပုသ်သည်များမှာ နောက်ကျန်၍ နေရစ်လေသည်။ သို့ရာတွင် သူ့ရှေ့၌မူကား လူရွယ်ရွယ် နှစ်ယောက် ဘေးချင်းယှဉ်ကာ သွားလျက် နေသည်ကို တွေ့ရလေသည်။ အသည် ခပ်သုတ်သုတ်လာသဖြင့် ထိုလူရွယ်ရွယ် နှစ်ယောက်ကို မီလေသည်။ သူတို့နှစ်ယောက် ရုပ်ရည်ပုံပန်းကို ကြည့်ရခြင်းအားဖြင့် မောင်ဒေဝ၏ အစ်ကိုနှစ်ယောက် ဖြစ်သည်ကို သိရလေသည်။ မောင်မာဃနှင့် မောင်သူရတို့ကို ကျော်လွန်သွားလေရာ ရှေ့တွင် သူ့ထက် မလှဘူး ဆိုသည့်တိုင်အောင် ရှုချင်စဖွယ် ရှိသည့်နေရာတွင် သူနှင့် နင်လား၊ ငါလား ပြိုင်ဘက်ဖြစ်လောက်သော အရည်အချင်းနှင့် ပြည့်စုံသော မိန်းမပျိုတစ်ယောက်သည် အင်္ဂလိပ်စာတတ်မကလေးတို့၏ မူအတိုင်း လက်တွင် လှပသော လက်ဆွဲအိတ်ကလေးကို ကိုင်၍ အနှင့် သူ့ခဲအိုနှစ်ယောက်တို့ သွားရာဘက်သို့ ရှေးရှု သွားလျက် ရှိသည်ကို တွေ့ရလေသည်။ အ၏ ခဲအိုနှစ်ယောက်တို့သည် အကိုကျော်ပြီးလျှင် ထို မင်းကြိုက်စိုးကြိုက် ဆင်းရဲသားများနှင့် လားလားမျှ မထိုက်သော မိန်းမပျိုကို မြင်ကြလေသည်။ ထိုမိန်းမပျိုမှာ မောင်ဒေဝ၏ မိဘများက မောင်ဒေဝနှင့် ရည်မှန်း၍ ထားခဲ့ဖူးသော မခင်သူ ဖြစ်လေသည်။ မောင်မာဃနှင့် မောင်သူရတို့သည် မခင်သူကို မြင်သောအခါ ခြေလှမ်း ခပ်သုတ်သုတ် သွားကြလေသည်။ အသည် သူ့၌ အခြေပျက်၍ နေသည့် အခါတွင် သူ့ခဲအိုများနှင့် တွေ့ရမည်ကို ကြောက်သဖြင့် သူ့ခဲအိုနှစ်ယောက်တို့ ခြေလှမ်းသုတ်တိုင်း သူလည်း ခြေလှမ်းသုတ်စွာ သွားလေသည်။ အသည် မခင်သူကို မီလု မီခင်တွင် သူ့ခဲအို နှစ်ယောက်တို့သည် သူ့နောက်တွင် နီးကပ်လျက် ရှိကြလေသည်။ အမှာ ဣန္ဒြေပျက်လောက်အောင် ပြေးမှသာ သူ့ခဲအိုနှစ်ယောက် မီ၍ လာခြင်းမှ လွတ်နိုင်ချေတော့မည်။ မည်သည့် မိန်းကလေးသည် ဣန္ဒြေပျက်လောက်အောင် ပြေးလိမ့်မည်နည်း။ အလည်း မတတ်နိုင်သဖြင့် ခပ်မှန်မှန်သာလျှင် သွားလေတော့သည်။ မောင်မာဃနှင့်

မောင်သူရတို့သည် မခင်သူ့ကို ကြည့်၍ မောင်ဒေဝကို အောက်မေ့မိကြလေသည်။

## အခန်း ၃၅

'ရှေ့မှာ မခင်သူဟော့၊ မီအောင် သွားရအောင်'

'ဟုတ်တယ် အစ်ကိုကြီးရေ့၊ မခင်သူကလေးပဲ။ ကျွန်တော်ဖြင့် သူ့ကို မြင်တော့ မောင်ဒေဝ မိုက်တာကိုသာ သွားပြီး သတိရတာပဲ။ ကြည့်စမ်းပါဦး၊ မခင်သူကလေးဟာ အလှအချောမှာလည်း ပြောစရာ မရှိဘူး၊ လိမ္မာတဲ့ဘက်ကလည်း ပြောစရာ မရှိဘူး။ ပညာလည်း တတ်။ ဒါနဲ့များ မောင်ဒေဝက သဘောမကျဘဲ ရွှံ့ထဲရေထဲက ကောက်စိုက်မကို သွားယူတာများ အံ့ပါရဲ့'

'မောင်သူရရယ်၊ ဒါတော့ မွဲချင်တဲ့ခွေး ပြာပုံဝပ် ဆိုသလိုပေါ့။ သူ့တောသူမကို သူက ဘာလို့ ဒါလောက်ဘောင် စုံမက်နေရမှန်း မသိဘူး။ ဆေးများ မိ ထင်ပါရဲ့။ တောကဟာတွေက လုပ်ချင် လုပ်မှာ၊ မပြောနိုင်ဘူး'

'ဟုတ်ချင် ဟုတ်မယ် အစ်ကိုကြီးရေ့။ တချို့ တောသူမများဟာ ပြုတောင် ပြုစားတတ်တယ် ပြောတယ်'

'ဟုတ်မယ်ကွယ့်။ ဒါကြောင့် မင်းကောင် ဒါလောက် စွဲနေတာ ထင်တယ်။ အခု သူ့ကောင်မ သူ့နောက်ကို လိုက်သွားပလား မပြောတတ်ဘူး။ ဒီကောင် ငါ့ဆီလည်း အရင်ကလို စာမပေးတော့ဘူး။ အစစမယ် ခွကျတဲ့ အကောင်ပါပဲကွာ'

'ကျွန်တော့်ဆီလည်း စာမပေးတော့ဘူး။ နဂိုကမှ သူ့စိတ်နေစိတ်ထားကို မကြိုက်ရတဲ့ အပေါ်မှာ သူ့ကောင်မနဲ့ ရတော့ ကျွန်တော်နဲ့လည်း တစ်ခါတည်း လမ်းပြတ်သွားတာပဲ'

ရာပြည့်စာအုပ်တိုက်

ထိုသို့ သူ့ခဲအို နှစ်ယောက်တို့သည် သူ အလွန်မြတ်နိုးသော မောင်ဒေဝအား နောက်ကွယ်ရာမှ အမနာပ ပြောနေကြသည်ကို အုသည် တစ်လုံးမကျန် ကြားရလေသည်။ မောင်မာဃနှင့် မောင်သူရတို့သည် အုကို လွန်ပြီးလျှင် မခင်သူကို မီကြလေသည်။

'ဟယ်လို မခင်သူ ဘယ်လဲ'

မခင်သူသည် ပျူငှာစွာ ပြန်၍ နှုတ်ခွန်းဆက်သပြီးလျှင် စကားစမြည် ပြောကြလေသည်။ အုသည် အချက်ထဲတွင် မတွေ့ချင်သူ သုံးယောက်နှင့် လာ၍ တွေ့နေရသဖြင့် မျက်စိများ ပြာ၍ မြေကြီးကို ခြေနင်းရမှန်း မသိအောင် ရှိသော်လည်း နောက်သို့ ပြန်၍ မတုံ့သာသဖြင့် မျက်နှာပူပူနှင့်ပင် ရှေ့သို့ တိုး၍ သွားရလေတော့သည်။ ထိုအခိုက်တွင် မောင်သူရသည် လမ်းဘေး မြောင်းထဲတွင် အု ဝှက်ထားခဲ့သော ခုံဖိနပ် တစ်ပတ်ရစ်ကို မြင်လေသည်။

'ယောဟိုမှာ ခုံဖိနစ် တစ်ရန်၊ အသစ်ကြီး ရှိပါသေးလား။ သူတောင်းစား တစ်ယောက်ယောက် ပစ်ထားခဲ့တာနဲ့ တူတယ်'

'ဟုတ်တယ် ကိုသူရဲ့၊ အခုကာလ သူတောင်းစားတွေက သိပ်ပြီး ညဏ်များတာ။ သူတို့ကို တခြားသူတွေကမြင်ရင် သူ့ခမျာများ ခြေပူကြီးထဲမှာ ဖိနပ်လည်း မပါရှာဘူး၊ သနားပါတယ် ဆိုပြီး ဖိနပ်ဟောင်း ဖိနပ်စုတ်ကလေးများ ပေးချင်အောင်လို့ သူတို့မှာရှိတဲ့ ဖိနပ်ကို ဒီမှာ ဝှက်ထားခဲ့တာနဲ့ တူတယ်။ ကြည့်စမ်းပါဦး၊ အကောင်းကြီး ရှိသေးတယ်။ သြော် သိပ်ပြီး ယုတ်မာကြတာပဲနော်။ ကျွန်မ အိမ်ယူသွားပြီး မရှိတဲ့လူ တစ်ယောက်ယောက်ကို ပေးလိုက်မယ်။ အမယ် မိန်းမစီးပါလား၊ ဒီ သူတောင်းစားမက တော်တော် လည်တဲ့ သူတောင်းစားမပဲ'

မောင်သူရသည် သူ့တွင်ပါသော တုတ်ကောက်နှင့် ချိတ်၍ အု၏ ကံဆိုးရှာသော ခုံဖိနပ် တစ်ပတ်ရစ်ကလေးကို ယူ၍ မခင်သူ၏ လက်သို့ အပ်လိုက်လေသည်။

အုသည် မြက်မြက် စားချင်၍ ဆိုင်းထဲ လိုက်မိရာတွင် နဲ့ကြီးကို နင်းမိရှာလေသည်။ သူ့ခဲအိုနှစ်ယောက်နှင့်တကွ သူနှင့် လင်လုဘက်ဟောင်း ဖြစ်သော မခင်သူတို့ ပြောသော၊ ဆိုသော စကားများမှာ သူ့ကို တမင် မှိုချိုး မှျစ်ချိုး ပြောသောစကားများ မဟုတ်သော်လည်း အသားနုတက်၍ နေသော အနာကို အပ်နှင့် ဆွသကဲ့သို့ မခံချိနိုင်အောင် ရှိလေသည်။ အု စိတ်၌ မခံချိဖြစ်ခြင်းမှာ သူ့စိတ်ကူးနှင့်သူ ဖြစ်ခြင်းမျှသာ ဖြစ်သည်မှာ မှန်သော်လည်း မခံချိ မဖြစ်ဘဲနေ၍ မရရှာချေ။ ထိုစကားများကို နားနှင့် ဆတ်ဆတ် ကြားရပြီးသော နောက်အဖို့တွင် အဘယ်မှာ အုသည် သူ့ ယောက္ခမများ အိမ်သို့ သွားဝံ့တော့အံ့နည်း။ အုမှာ တပ်လန့်ရှာလေပြီ။ သူ့ယောက္ခမ အထီးကြီး ဦးဖြိုးဒင်နှင့် မတွေ့ရဘဲ သူ့သားနှစ်ယောက်နှင့် သွား၍ တွေ့ရခြင်းကား ကြေကွဲဖွယ် ကောင်းလေသည်။ အဘယ်ကြောင့် ဆိုသော် ဦးဖြိုးဒင်မှာ အခြား နေရာများတွင် သဘောမပြည့်ဝချင် မပြည့်ဝမည် ဖြစ်သော်လည်း ကရုဏာတရားနှင့် ပြည့်စုံသောနေရာတွင် အထူး နှလုံး မြင့်မြတ်သူတစ်ယောက် ဖြစ်သောကြောင့်တည်း။ အုသည် သူ၏ ဂြိုဟ်စီး ဂြိုဟ်နင်း မလွတ်သော ခုံဖိနပ်ကလေးမှာ အလကားသက်သက် အကဲ့ရဲ့ ခံရရှာသည်ကို တွေးမိသောအခါ ထိုခုံဖိနပ်ကလေးမှာသာ မဟုတ်၊ ထိုခုံဖိနပ် ပိုင်ရှင် ဖြစ်သော သူ့ကိုယ်တိုင်မှာလည်း ချွှော်လင့်ဖွယ်ကင်းလျက် နေသည့် အဖြစ်ကို တွေ့ရလေသည်။

'ကိုကို ဝယ်ပေးတဲ့ ဒီကတ္တီပါဖိနပ် အသစ်ကလေး ဟောင်းသွားမှာ စိုးလို့ တောထဲမှာ ဒီခုံဖိနပ်ကလေးကို ငါ စီးလာတယ်ဆိုတာ သူတို့ မသိကြဘူး။ ပြီးတော့ ဒီကတ္တီပါဖိနပ်ကလေးနဲ့ ငါ့ခါးက မရန်းစေ့ရောင်အနု ထဘီကလေးနဲ့ လိုက်အောင် ကိုကိုက ငါ့ကို ဆင်ထားတယ် ဆိုတာလည်း သူတို့ သိကြမှာ မဟုတ်ဘူး။ အေးလေ၊ သိလည်း အလကားနေမှာပါပဲ။ ကိုကို့ ကိုယ်တိုင်ကိုတောင်မှ သူတို့က ဂရုစိုက်ကြတာ မဟုတ်ဘဲ'

အုသည် ထိုသို့ ပြောပြီးနောက် မျက်ရည် တွေတွေ တွေတွေကျပြီး

မောင်ပြည့်စာအုပ်တိုက်

လျှင် သူ့အပေါ်တွင် လောကဓလေ့ ထုံးစံအရ စိရင်ချက်ချထားသူ သူ့လင် မောင်ဒေဝအတွက် ပူဆွေးခြင်းဖြစ်ကာ ဆက်၍ ပြန်ခဲ့လေသည်။ မောင်မာဃ၊ မောင်သူရတို့နှင့် နှိုင်းပြီးလျှင် သူတို့အဖေ ဦးဖြိုးဒင်လည်း သည်ပုတ်ထဲက သည်ပဲ လာမှာပဲဟု ယူဆခြင်းကား အုဓ၏ အမှားပင် ဖြစ်လေသည်။ မိန်းမ တို့၏ ဓမ္မတာအလိုက် အချက်ထဲ ကျသည့် အခါတွင် သူရဲဘောနည်း၍ အားလျော့ခြင်းမှာ သူ့အဖို့တွင် အကြီးကျယ်ဆုံးသော ကံခေချက်ဖြစ်သည် ကိုလည်း မရိပ်မိ။ သူ၏ အဖြစ်မျိုးမှာ ဦးဖြိုးဒင်တို့ လင်မယား ကရဏာ အထူး သက်တတ်သော အဖြစ်မျိုး ဖြစ်လေသည်။

ဦးဖြိုးဒင်တို့ လင်မယားသည် နောက်ဆုံးပိတ် အဆိုးဆုံး အဖြစ်မျိုးသို့ ရောက်အောင် ဒုက္ခဖြစ်၍ နေသူများကို အထူး အကြင်နာဖက်တတ်လေ သည်။ သူတို့ချွေးမ၏ အဖြစ်ကိုသာ သူတို့ သိကြမည်ဆိုသော် ဦးဖြိုးဒင်တို့ လင်မယားသည် သူတို့သမီးရင်းပမာ ကြည့်ရှုစောင့်ရှောက်ကြမည်သာ ဖြစ် လေသည်။ သို့ရာတွင် အုမှာ အကျိုးအကြောင်းကို မစူးစမ်းဘဲ သူ့ယောက္ခမ နှစ်ပါးထံမှ ကျောခိုင်းခဲ့လေပြီ။ ကျောခိုင်းပြီးသည့်နောက်တွင် ကျူတောရွာမ ဘက်သို့ မြန်မြန်ရောက်အောင် ပြန်ဖို့သာ ရှိလေတော့သည်။ လမ်းခရီးတွင် အုသည် မခင်သူအား "ညည်း လုတယ် ဆိုတာမျိုးလောက်တော့အေ ငါက မမှုပါဘူး" ဟု ဆိုဘိသည့်အလား မျက်နှာကို ရဲဝံ့စွာထားပြီးနောက် ခေါင်းကို ခါ၍ "အို ငါဟာ ဘယ်လောက်လှလှ အလကားပါပဲလေ၊ အကျိုးမရှိပါဘူး။ ငါ လှတာကို ဘယ်သူမှလည်း မမြင်ပါဘူး၊ ဘယ်သူမှလည်း ဂရုမစိုက် ပါဘူး။ ငါ့လို မျက်နှာမရှိတဲ့ တစ်ကောင်ကြွက်မ လှပေမယ့်လည်း အလကား ပါပဲ" ဟု ညည်းညူမိလေသည်။

အုသည် သူ့အဖြစ်ကို သူ စဉ်းစားရင်းနှင့် လာခဲ့လေရာ ကျူတော တောင်ရွာသို့ ရောက်လေသည်။ ဈေးဆိုင်ကလေး တစ်ဆိုင်သို့ ဝင်၍ ရေ တောင်းသောက်ပြီးလျှင် အမောဖြေရင်း မန်းမရွေး တစ်ပြားဖိုး ဝယ်စားလေ သည်။ ကျူတောတောင်ရွာမှာ ကျူတောရွာမနှင့် ခွေးတစ်ဟောင်လောက်သာ

ဘွားလေသည်။ ဈေးသည် အမယ်ကြီးမှတစ်ပါး ကျူတောတောင်ရွာ တစ်ရွာလုံးမှာ လူသွားလူလာ မရှိဘဲ တိတ်ဆိတ်လျက် ရှိလေသည်။

'အမေကြီးရယ် ရွာထဲမှာ လူတွေ တိတ်လှချည်လား။ အလှူရှိလို့ အလှူလိုက်များ သွားကုန်ကြသလား'

"ဘယ် အလှူရှိချည်မတုန်း မြေးရယ်။ ဘယ်မြို့ကဆိုလဲ မသိပါဘူး၊ ဘုရားအဟောကောင်းတဲ့ လူသူတော်ကလေး တစ်ယောက် တရားဟောမယ်ဆိုလို့ ရွာလယ် ဝတ်ဇရပ်ကို တရားနာသွားကြလို့။ အမေကြီးတောင် သွားပြီးနာအစမ်းချင်သား၊ ဆိုင်စောင့်မယ့်လူ မရှိတာနဲ့ မသွားရဘူး'

အုသည် ရွာလယ် ဇရပ်အနီးသို့ ရောက်သောအခါ ထို လူသူတော်ဆိုသူ၏ တရားဟောသံကို သဲကွဲစွာ ကြားရလေသည်။ ထို လူသူတော်ကသူ ဘယ်လို အကျွတ်တရား ရလာပုံ၊ အကျွတ်တရား မရခင်က ဘယ်လိုရှုပ်ထွေး ဆိုးသွမ်းပုံ၊ ကာမဂုဏ်လိုက်စား မက်မောခဲ့ပုံ၊ နောက်ဆုံးတွင် သင်္ကြိုဟ်ဆရာကြီးတစ်ဦးနှင့် တွေ့၍ ထိုသင်္ကြိုဟ်ဆရာကြီး ဟောပြောလိုက်သော စကားများကြောင့် တရားရလာပုံတို့ကို စကားစဉ် မပြတ်အောင် တတွတ်တွတ် ပြောလျက် ရှိလေသည်။

အုသည် ထိုလူသူတော် ဟောသောတရားကို ကောင်းသည်၊ ဆိုးသည်ဟု မည်ကဲ့သို့မျှ သဘောမရသော်လည်း သူ့အသံကို ကြားရသောအခါ သူ သိဖူး၊ ကြားဖူးသောအသံ ဖြစ်နေ၍ အထူးပင် အံ့သြမိလေသည်။ ထိုအသံမှာ မဟုတ်ခါမှသာ လွဲရော့မည်။ ပန်းသာမောင်မောင်၏ အသံပင် ဖြစ်သည်ဟု ယူဆမိလေသည်။ သူ ယူဆမိခြင်းမှာ မလွဲချေ။ အဘယ်ကြောင့်ဆိုသော် ရွာလယ်ဇရပ်၌ တရားဟောနေသော လူသူတော် ဆိုသည်မှာ အခြားသူမဟုတ်။ လွန်ခဲ့သော ငါးနှစ်ခန့်က အုနှင့် မြောက်ကုန်းမြို့တွင် ဟိုလိုဖြစ်ခဲ့ဖူးသော ပန်းသာမြို့စားအဆက် လက်သစ် "ကံဆိုးကလေး"၏ တိတ်တိတ်ပုန်း ဖခင်၊ ဒေါ်ဘုမ၏ မတော်လိုက်ရသော သမက်၊ အု၏ ပန်းဦးပန်မောင်တော် ပန်းသာမောင်မောင်ပင် ဖြစ်သောကြောင့်တည်း။

အသည် ပန်းသာမောင်မောင် တရားဟော၍နေသော ဇရပ်ရှေ့သို့ ရောက်သောအခါ အခြား ရှောင်လွှဲသွားစရာလည်း မရှိသောကြောင့် ဇရပ်ရှေ့တည့်တည့်မှပင် ဖြတ်၍ သွားရလေသည်။ ပန်းသာမောင်မောင်သည် ဝတ်ဖြူစင်ကြယ်ကိုဝတ်၍ တဘက်ဖြူ တစ်ခုကို လက်ကတော့ ထိုးပြီးလျှင် လူသူတော်အသွင်ကိုယူလျက် လောကမှာ သုံးဆယ့်တစ်ဘုံက မလွတ်လေသေးသမျှ ဒုက္ခချည်းသာ ဖြစ်သည့်အကြောင်း၊ ဒုက္ခတို့၏ ကုန်ရာ ငြိမ်းရာ ဖြစ်သော နိဗ္ဗာန်သည်သာလျှင် မြတ်သည့်အကြောင်း၊ သူပဲ ငါပဲ အထင်လွဲနေကြလျှင် နစ်မွန်းကုန်ကြလိမ့်မည် ဖြစ်ကြောင်းတို့ကို အမျိုးမျိုးအဖုံဖုံ ယပ်လှဲသံပါပါဖြင့် ဟောပြောလျက် ရှိလေသည်။ အသည် ဇရပ်ရှေ့မှ ဖြတ်၍သွားသောအခါ ပန်းသာမောင်မောင် သူ့ကို မြင်သွားတော့မှာပဲ၊ မြင်သွားတော့မှာပဲဟု အသည်းတထိတ်ထိတ် ဖြစ်လျက် ရှိသည်။ ရှိသည့်အတိုင်းလည်း ပန်းသာမောင်မောင်သည် သူ့ကို မြင်သွားလေသည်။ ပန်းသာမောင်မောင် တရားဟောသည့်အနီးတွင် ကပ်၍ တရားနာနေကြသူတို့အထဲတွင် ကံဆိုးကလေးကို ဝမ်းတွင်း၌လွယ်၍ မြောက်ကုန်းမှ ပြန်လာခဲ့စဉ်က လမ်းတွင် "ဘယ်သူမပြု နင့်အမှု" စသော စာရွက်များ လိုက်၍ ဝေငှနေသော ယောကျ်ားကြီးကိုလည်း တွေ့ရလေသည်။

အသည် မြောက်ကုန်းမှ အိုး၍ ပြန်လာပြီးသည့်နောက်တွင် ပန်းသာမောင်မောင်နှင့် တခါမျှ ထပ်၍ မတွေ့ခဲ့ဘဲ ငါးနှစ်ခန့် အကြာတွင်မှ ကျူတောတောင်ရွာတွင် လာ၍ တွေ့ရလေသည်။ တွေ့ရသော အချိန်မှာ အုတွင် စိတ်မချမ်းမသာဖြစ်၍ နေရသောအခါ ဖြစ်လေသည်။ ပန်းသာမောင်မောင်သည် အကျွတ်တရား ရ၍ ယခင်က သူ ပြုမှားမိခဲ့သမျှကို နောင်တရ၍နေပြီ ဖြစ်သဖြင့် ကြောက်ရွံ့စရာ မရှိသော်လည်း ခဲမှန်ဖူးသော စာသငယ်ကဲ့သို့ အသည် ပန်းသာမောင်မောင်ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ကိုယ့်လိပ်ပြာ ကိုယ် မလုံဘဲ အတော်ကြာပင် ရှေ့မတိုးနိုင်၊ နောက်မဆုတ်နိုင် ဖြစ်၍နေလေသည်။ လောကတွင် လူတို့သည် တစ်နေ့ရွှေ့ တစ်နေ့

ရှေ့ ဆိုသကဲ့သို့ ယနေ့ တံငါ ဖြစ်သောသူသည် မနက်ဖြန်တွင် ဥပသကာ ဖြစ်ချင်လည်း ဖြစ်တတ်သည် မှန်သော်လည်း လွန်ခဲ့သော လေးငါးနှစ်ကပင် မာရ်နတ်၏ ဂိုဏ်းသားတစ်ယောက် ဖြစ်သော ပန်းသာမောင်မောင်သည် အကျွတ်တရားရ၍ ဘုရားသခင်၏ သာသနာတော်ကို ပြုစုနေသည် ဆိုခြင်းကိုကား မယုံနိုင်လောက်အောင်ပင် ရှိလေသည်။ စင်စစ်သော်ကား လောကတွင် လူတို့သည် မိမိတို့၏ အထည်အဝတ်ကို လဲလှယ်ကြသကဲ့သို့ စိတ်နေစိတ်ထားကိုလည်း အမျိုးမျိုး ပြောင်းလဲ၍ နေကြသည်သာ ဖြစ်လေသည်။ ဓမ္မဓိဋ္ဌာန်အားဖြင့် ထိုသို့ ပြောင်းလဲတတ်ကြောင်းကို သိသည်တိုင်အောင်ပင် အကယ် ပြောင်းလဲခြင်း၏ ပုဂ္ဂလဓိဋ္ဌာန် ဥပမာကို တွေ့ရသော အခါ အုသာ မဟုတ်၊ မည်သူမဆို ရုတ်တရက် ယုံကြည်ဖို့ ခဲယဉ်းမည်သာ ဖြစ်လေသည်။ လက်ညှိုးပေါင်း တစ်ထောင်ရအောင် လိုက်၍ဖြတ်နေသော အင်္ဂုလိမာလပင် အကျွတ်တရား ရနိုင်သေးသည် ဖြစ်သဖြင့် ပန်းသာမောင်မောင် အကျွတ်တရား ရသည် ဆိုခြင်းကိုလည်း မယုံကြည်ဘဲနေက သင့်မည် မဟုတ်။ သို့ရာတွင် ပုဂ္ဂိုလ်မင်မှသာ တရားကို ခင်နိုင်မည်။ အမွန်မြတ်ဆုံးသော တရားပင် ဖြစ်စေကာမူ သူ့အပေါ်တွင် နစ်နာအောင် လုပ်ခဲ့ဖူးသော ပန်းသာမောင်မောင်၏ ပါးစပ်က ထွက်လာလျှင် အုမှာ သံသယ ရှိမည်သာ ဖြစ်လေသည်။

အုသည် မှင်တက်မိ၍နေရာမှ သတိရသည်နှင့် တစ်ပြိုင်နက် ပန်းသာမောင်မောင်၏ မျက်စိအောက်မှ အမြန်ဆုံး ကွယ်ပျောက်သွားစေခြင်းငှာ အလျင်အမြန် ထွက်ခွာခဲ့လေသည်။ မလှုပ်မရှား နေစဉ်အခါတွင် အုကို မမြင်သော်လည်း ထွက်သွားသည်နှင့် တစ်ပြိုင်နက် ပန်းသာမောင်မောင်သည် အုကို မြင်လေသည်။ မြင်သည်နှင့် တစ်ပြိုင်နက် ပန်းသာမောင်မောင်မှာ ယမ်းတိုက်နှင့် မီးစ ထိပါးကြသကဲ့သို့ ယခင်က အချစ်မီးကြွင်းမီးကျန်တို့သည် တဟုန်းဟုန်း ထ၍ တောက်လေသည်။

အုသည် နောက်သို့ ပြန်မကြည့်ဘဲ ရှေ့သို့သာ တွင်တွင်ကြီး ဆက်၍

သွားလေသည်။ ယခင်က သူ့ကို သွေးဆောင် ဖျက်ဆီးခဲ့သော သူသည် ယခုအခါတွင် အကျွတ်တရား ရ၍နေပြီး ဖြစ်သော်လည်း သူ့ကိုယ်တိုင်မှာ မူကား အဘယ်ကြောင့် ယခုတိုင် “လိပ်ကျော ကြောင်ကော်၊ ပြောင်ချော် ချော်နှင့်၊ ပျိုစဉ်ယုတ်မာ၊ အိုလျှင် ဆိုးရွား၊ လူအများသည်၊ တရားမရနိုင်ပါ တကား” ဆိုသကဲ့သို့ ဖြစ်နေရလေသနည်း။ ထိုမျှမက သူသည်ပင် အကျွတ် တရား ရပြီးသော ပန်းသာမောင်မောင်ကို ဖျက်ဆီး သွေးဆောင်ရလေဘိ သကဲ့သို့ ဖြစ်၍ နေလေပြီ။

အုသည် နောက်သို့ လှည့်မကြည့်သော်လည်း ပန်းသာမောင်မောင် သည် သူ့ကို နောက်မှ စူးစိုက်ကာ လိုက်ကြည့်နေဘိသကဲ့သို့ ထင်ပြီးလျှင် စိတ်မချမ်းမြေ့နိုင်ဘဲ ရှိလေသည်။ ယခင်က လွန်ပြီးသား အမှုသည် ပြန်၍ ပေါ်ပေါက်တော့မည် မဟုတ်ဟု ထင်ခဲ့သော်လည်း လွန်ပြီးသား အမှုသည် ပြန်၍ပေါ်လျက် နေပြန်လေပြီ။ ကာယကံရှင် ကိုယ်တိုင် သေမင်းနိုင်ငံသို့ လိုက်၍ မသွားသေးသမျှ ကာလပတ်လုံး လွန်ပြီးသား အမှုတို့သည် လုံးလုံး လျားလျားကြီး လွန်ပြီးသား အဖြစ်သို့ ရောက်လိမ့်မည် မဟုတ်။

အုသည် စိတ်ထဲက တထိတ်ထိတ်နှင့် ကျူတောရွာမသို့ ရောက် အောင် ခရီး အပြင်းနှင်၍နေစဉ် နောက်မှ တစ်စုံတစ်ယောက် လိုက်၍ လာသော ခြေသံကို ကြားရလေသည်။ ထိုလိုက်လာသူမှာ ဝတ်ဖြူစင်ကြယ် ဝတ်ဆင်လျက်ရှိသော လူသူတော် ပန်းသာမောင်မောင်ပင်တည်း။ အကယ်၍ အုဠ သေမင်းနိုင်ငံသို့ မလိုက်ပါရမီ ရှေ့အဖို့တွင် တစ်ယောက်ချင်း မတွေ့ လိုသော သူတစ်ဦး ရှိမည်ဆိုလျှင် ထိုသူမှာ ပန်းသာမောင်မောင်ပင်တည်း။ အုမှာ မတိမ်းသာ မရှောင်သာတော့။ ပန်းသာမောင်မောင်သည် မီ၍လာလေ သည်။ ပန်းသာမောင်မောင်မှာ အသက်မှန်မှန် မရှူနိုင်။ ထိုသို့ မရှူနိုင်ခြင်း မှာ မမီ မီအောင် အမြန်လိုက်လာရ၍ မောသောကြောင့် မဟုတ်။ သူ့စိတ် တွင်း၌ အချစ်ဓာတ် ရောဂါဟောင်း ပြန်ပေါ်နေသောကြောင့် ဖြစ်သည်။

'ဒီမှာ အု' ဟု လူသူတော်က ခေါ်လေသည်။ အုသည် လှည့်မကြည့်ဘဲ ခြေလှမ်းကိုသာ နှေး၍ ပေးလေသည်။

'အု၊ ဒီမှာ။ မောင်ကြီး ပန်းသာမောင်မောင်လေ၊ နေပါဦး'

'ကျွန်မ သိသားပဲ'

'အု ပြောပုံဆိုပုံက စိမ်းကားလိုက်တာ အုရယ်။ အင်းလေ၊ စိမ်းကားမယ် ဆိုလည်း စိမ်းကားထိုက်တာပါပဲ။ မောင်ကြီးကမှ အပြစ်မကင်းဘဲကိုး။ အုက အခု မောင်ကြီး ဒီလိုဝတ်စားလာတာကို မြင်ရတော့ ရယ်ချင်တယ် ဆင်ပါရဲ့။ ရယ်ချင်ရင်လည်း ခံရမှာပေါ့လေ။ ဒါတော့ ဒီမှာ အုရဲ့၊ အုတို့ရွာကို မောင်ကြီး သွားပြီးစုံစမ်းတော့ အု မရှိဘူးတဲ့။ ဘယ်သွားတယ်လို့လည်း ဘယ်သူမှ မသိဘူး ဆိုတာနဲ့ မောင်ကြီး ပြန်လာခဲ့ရတယ်။ အခု မောင်ကြီး ဘာလို့ လိုက်လာတယ် ဆိုတာ အု သိရဲ့လား'

'သိပါတယ်။ ဒါပေမဲ့ ရှင် လိုက်လာတာကို ကျွန်မ သဘောမကျပါဘူး'

'ပြောတော့လေ၊ မောင်ကြီးတော့ ခံရမှာပဲ။ မောင်ကြီးမှာ အပြစ်ရှိနေတာကိုး။ ဒါထက် ဇရပ်ပေါ်မှာ တရားဟောနေတုန်းက အုကို မောင်ကြီး မြင်လိုက်တော့ မောင်ကြီးစိတ်မှာ အများကြီး ထိခိုက်ပြီး အတော်ပဲ တုန်လှုပ်ချောက်ချားသွားတယ်။ ဒါပေမဲ့ ခဏနေတော့ မောင်ကြီး တရားနဲ့ ဖြေနိုင်တာပါပဲ။ အဲဒီတော့ အခု မောင်ကြီး လိုက်လာတာကို အုက အထင်မလွဲပါနဲ့။ မောင်ကြီး စိတ်ထဲမှာ မောင်ကြီးကြောင့် အနစ်နာခံရဖူးတဲ့ သူ တစ်ယောက်ကို လမ်းမှန်ရောက်အောင် ကယ်တင်ချင်တဲ့စိတ် ရှိပါတယ်။ အခု လိုက်လာတာဟာ တရားရေအေး တိုက်ကျွေးချင်လို့ပါ။ ဒီ့ပြင်ပယောဂ ဘာမှ မဖက်ပါဘူး'

'သူများကို တရားရေအေး တိုက်ကျွေးဖို့ကို ထားစမ်းပါဦး။ ရှင့်ကိုယ်ရှင်ပဲ တရားရေအေး တိုက်ကျွေးပါဦး'

'အခု အု ပြောတာဟာ ပြောထိုက်ပါတယ်။ မောင်ကြီးမှာ ရှိတဲ့ အပြစ်တွေအတွက် မောင်ကြီးကို အခု အု အပြစ်တင်တာဟာ အပုံကြီး နည်းပါသေးတယ်။ မောင်ကြီးကိုယ်မောင်ကြီး အပြစ်တင်တာလောက် မများ သေးပါဘူး။ ဒါပေမဲ့ မောင်ကြီး ပြောတာကို တစ်ဆိတ် သည်းခံပြီး နားထောင်ပါဦး။ မောင်ကြီး ဘယ်လို တရားရလာခဲ့တယ်ဆိုတာ မောင်ကြီး ပြောပြစမ်းပါရစေ။ ဟို မြို့လှက သင်္ကြိုဟ်ဆရာကြီး ဦးဖြိုးဒင်ဆိုတာ အုလည်း ကြားဖူးမှာပေါ့။ အဲ သူ အဟောကောင်းတာနဲ့ မောင်ကြီး အကျွတ်တရား ရလာတာ။ သူ့နာမည်ကို ကြားဖူးတယ် မဟုတ်လား'

'လူတိုင်း ကြားဖူးတာပေါ့'

'အဲဒီလို ဦးဖြိုးဒင်ဟာ ဟိုလွန်ခဲ့တဲ့ နှစ်နှစ် သုံးနှစ်လောက်တုန်းက မြောက်ကုန်းကို လာပြီး တရားဆွေးနွေးတယ်။ ဒီတုန်းက မောင်ကြီးက သူ့ကို ရိုင်းရိုင်းပျပျ ပြောပြီး လွှတ်လိုက်မိတယ်။ ဒီတော့ သူ့ခမျာက တရားပြည့်ဝသူပင် ဖြစ်လေတော့ မောင်ကြီးအပေါ်မှာ ဗွေမယူရှာဘူး။ ဒါနဲ့ သူက "မောင်တဲ့၊ မောင် တစ်နေ့ကျတော့ ဦးပြောတာကို သဘောပေါက်လာ ပါလိမ့်မယ်တဲ့။ အဲဒီတော့မှ မောင် ဦးကို ကျေးဇူးတင်မယ်တဲ့"။ ဒါနဲ့ သူ ပြောခဲ့တာကို တဖြည်းဖြည်း စဉ်းစားရင်း စဉ်းစားရင်းနဲ့ မောင်ကြီး သဘော ပေါက်ပေါက်လာတာကိုး။ နောက်ဆုံးတော့ မောင်ကြီး အမေလည်း ဆုံးရှာ ရော။ ဒီတော့မှ မောင်ကြီးဟာ တရားအများကြီး ရသွားပြီး လောကမှာ ရှိကြတဲ့ လူများဟာ ငါ သိသလို သိကြပါစေ၊ ငါ တတ်သလို တတ်ကြပါစေ၊ ငါ နားလည်သလို နားလည်ကြပါစေ ဆိုတဲ့ စေတနာထားပြီး တရား လိုက်ဟောနေတာပဲ'

'တော်စမ်းပါရှင်၊ နားငြီးပါတယ်။ ရှင်နဲ့ မတန်တဲ့ စကားတွေ ပြောမနေစမ်းပါနဲ့။ ဘာလဲ၊ ရှင်က လောကမှာ အားရအောင် သူများ သားပျို သမီးပျိုကို ဖျက်ဆီးပြီး ကျွန်မလို မသိနားမလည်တဲ့ မိန်းကလေးများကို အားရအောင် နစ်မွန်းအောင် လုပ်ပြီးလို့ ကြောင်သူတော်စကား ပြောနေ

ဘာလား။ ရှင်လို လူမျိုးတွေဟာ လောကမှာ မနေရှင်တို့ လိုဘအတိုင်း စည်းစိမ်အမျိုးမျိုးခံ၊ ခံလို့ အားရပြီ ဆိုတဲ့ အခါကျတော့ တစ်ခါ တမလွန် ဘဝကိုကူးပြီး စည်းစိမ်ခံဖို့အတွက် အကျွတ်တရား ရတာပါ။ ဒါမျိုးတွေ ဘျွန်မ အယုံမရှိပါဘူး။ ကြားရတာတောင် နားခါးပါသေးတယ်’

‘အုရယ်၊ မောင်ကြီး ပြောတာဟာ စိတ်ထဲကပါလို့ ပြောနေတာပါ။ အုက မောင်ကြီး ပြောတာကို မယုံဘူးလား။ ကိုင်း ဘယ်ဟာကိုလဲ အု မယုံတာ’

‘ရှင် အကျွတ်တရားရတယ် ဆိုတာကိုလည်း မယုံဘူး။ ပြီးတော့ ရှင့် အယူအဆမျိုးကိုလည်း မယုံဘူး’

‘ဘာလို့ အုက မယုံရတာလဲ’

‘ရှင်လိုလူမျိုးဟာ အကျွတ်တရား ရလိမ့်မယ်ဆိုတာဟာ မဖြစ်နိုင်တာချည်းပဲ။ ဘုန်းကြီးနဲ့ ဘီးကမှ လူထွက်ရင် နီးဦးမယ်။ ပြီးတော့ ရှင့် အယူအဆမျိုးကို မယုံတာကတော့ ရှင့်ထက် နားလည်တဲ့ လူတောင်မှ ရှင် အခု ယူဆသလို မယူဆဘဲနဲ့၊ ရှင်က အခုလို ယူဆမယ်ဆိုရင် ဘယ်မယ် မှန်မှာလဲ’

‘သြော် အုက မိန်းမပီပီ ပြောတာပဲကိုး။ နေစမ်းပါဦး၊ မောင်ကြီး ထက် နားလည်တယ် ဆိုတဲ့ လူက ဘယ်သူလဲ။ ပြောစမ်းပါ။ တစ်ဆိတ် သိစမ်းပါရစေ’

‘ရှင် သိချင်တယ် ဆိုတိုင်း ဘယ်ပြောနိုင်မလဲ’

‘ကိုင်း၊ ဒါဖြင့်လည်း နေပါစေတော့။ အခု မောင်ကြီး တစ်ခုပြောပါမယ်။ မောင်ကြီးက မောင်ကြီးကိုယ်ကို မောင်ကြီး လူကောင်းလို့လည်း မပြောပါဘူး။ ကောင်းတယ်ဆိုတဲ့ တရားကို မောင်ကြီး သိတာလည်း မကြာသေးပါဘူး။ ဒါပေမဲ့ တစ်ခါတလေတော့ အသိမကြာသေးတဲ့ လူကပဲ ပိုပြီး အမြင်ကျယ်တတ်ပါတယ်’

‘အဲဒါတော့ ထားပါတော့။ ဒါပေမဲ့ ရှင်ဟာ အကျွတ်တရား ရပြီး

စိတ်ထားတစ်မျိုး ပြောင်းသွားပြီ ဆိုတာကိုတော့ ကျွန်မ ဘယ်နည်းနဲ့မှ မယုံနိုင်ဘူး။ ရှင့်လို စိတ်ကောင်းဝင်တယ် ဆိုတာမျိုးဟာ ခွေးရူးကောင်းစား နှစ်မွန်းတည့် နေမှာပါပဲ'

အုသည် ပြောရင်းဆိုရင် ကျူတောရွာမသို့ သွားသည့် ဖြတ်လမ်းကလေးသို့ ရောက်၍ ခြံစည်းရိုး တံတားကလေးကို ကျော်၍ ဝင်ပြီးလျှင် ပန်းသာမောင်မောင်ဘက်သို့ လှည့်၍ ကြည့်မိလေသည်။ ပန်းသာမောင်မောင်သည် သူ ရင်းရင်းနှီးနှီး သိဖူးမြင်ဖူးသော အု၏ ကိုယ်တစ်လျှောက်လုံးကို ခေါင်းဆုံး ခြေဆုံး စိုက်၍ ကသိဏ်းရှုလေသည်။

'အုနော်၊ မောင်ကြီးကို ဒီအကြည့်မျိုး မကြည့်နဲ့။ ပြောလိုက်ပါပေရဲ့'

အုသည် အမှတ်တမဲ့ ပန်းသာမောင်မောင်ကို စိုက်၍ ကြည့်မိခြင်း ဖြစ်ရာ ပန်းသာမောင်မောင်က ထိုသို့ ပြောလိုက်သည်နှင့် တစ်ပြိုင်နက် ရှက်ကိုးရှက်ကန်းဖြစ်ကာ မျက်စိကို လွှဲလိုက်လေသည်။

'စိတ်မရှိပါနဲ့၊ ကျွန်မ ယောင်ပြီး ကြည့်မိတာပါ'

ဓမ္မတာတရားသည် အုအား လှပသော ကိုယ်ပေါက်ကို ရောက်၍ ထားခြင်းကား ရန်များဖို့ အကြောင်းပင် ဖြစ်လေသည်။

'အို မောင်ကြီးက အလကား ပြောတာပါ။ မောင်ကြီးကို တောင်းပန်နေဖို့ မလိုပါဘူး။ စောစောတုန်းက အု မျက်နှာကို ကောင်းကောင်း မမြင်ရအောင် ခေါင်းကို တဘက်ကြီး ပတ်ထားတယ် မဟုတ်လား။ အခုလည်း အဲဒီလို ပတ်ထားလိုက်ပါလား'

'မျက်နှာ လူမမြင်အောင် တမင်ပတ်ထားတာ မဟုတ်ပါဘူး။ နေမပူအောင် ပတ်ထားတာပါ' ဟု ပြောပြီးလျှင် အုသည် သူ့ခေါင်းကို တဘက်နှင့် ပတ်၍ ထားလေသည်။

'အုကို ဒီလို ဩဇာပေးနေတာ တယ်ရင့်သီးတယ်လို့လည်း မထင်ပါနဲ့။ မောင်ကြီး ပြောရတာက အု မျက်နှာကို မောင်ကြီး ခဏခဏ မမြင်ရဖို့

ပြောရတာပါ။ ခဏခဏ မြင်ရတယ် ဆိုရင် မောင်ကြီးစိတ် မောင်ကြီး ချုပ်တည်းနိုင်မှာ မဟုတ်ဘူး'

'နားရှက်စရာတွေ ပြောမနေပါနဲ့ရှင်၊ သွားပါတော့'

'မောင်ကြီးက ပြောလို့သာ ပြောတာပါ။ တကယ်ဆိုတော့ မိန်းမ အမျိုးမျိုး တွေ့မြင်ရဖူးလို့ မောင်ကြီး စိတ်ထဲမှာ ရိုးနေပါပြီ။ ထူးပြီးကြောက်ဖို့ မရှိတော့ပါဘူး။ ပြီးတော့ ဒီလို ရုပ်ပါရုံတွေ လိုက်စားဖို့ အလုပ်နဲ့ မောင်ကြီး တို့လို လူသူတော်များနဲ့လည်း မဆိုင်ပါဘူး။ သို့သော် တစ်ခုတော့ ရှိတာပေါ့။ ကိုယ့်စိတ်က မေ့လျော့ချင်တဲ့ အကြောင်းကို မမေ့လျော့ဘဲ ပြန်ပြီး သတိရ ဖို့ ဖြစ်ရတာပေါ့။ ဒါလောက်ပါပဲ'

ထိုသို့ ပြောပြီးနောက် မန်းသာမောင်မောင်သည် သူ့နောက်သို့ ဆက်လက် လိုက်လာသဖြင့် "သူ ဘယ်ထိအောင် လိုက်မလို့များပါလိမ့် မလဲနော်" ဟု အု စိတ်၌ အောက်မေ့မိလေသည်။ နောက်ဆုံးတွင် နတ်စင် ကလေးနှင့် ညောင်ပင်ကြီးအနီးသို့ ရောက်လေသည်။ ညောင်ပင်ခြေရင်းတွင် ကျောက်ရပ်လက်ပြတ်ကြီး တစ်ခုကို တွေ့လေသည်။

'ကိုင်း မောင်ကြီး ဒီကပဲ လမ်းခွဲတော့မယ်။ မောင်ကြီး ဒီကနေ့ညနေ လေးအိမ်စုမှာ တရားဟောဖို့ ချိန်းထားတယ်။ ဒါပေမဲ့ အုကို တွေ့ရတာ မောင်ကြီးစိတ်ကို အတော်ကြီးပဲ ထိခိုက်တယ်။ ဘာလို့ ဒါလောက် ထိခိုက် ရတယ် မပြောတတ်ပါဘူး။ ဒီတော့ မောင်ကြီး ဒီကပဲ လမ်းခွဲပြီး သမာဓိ ရအောင် အတော်ကြိုးစားပြီး စိတ်ကို ထိန်းရဦးမယ်။ ဒါထက် အု စကား ပြောပုံ ဆိုပုံဟာ အရင်တုန်းကနဲ့ မတူဘူး။ စကား တယ်တတ်နေပါကလား၊ ဘယ်သူများ သင်ပေးထားသလဲ'

'ဒုက္ခအမျိုးမျိုး တွေ့ရင်း ကြုံရင်းနဲ့ပဲ တတ်ရမှာပေါ့'

'အုမှာ ဘယ်လိုဒုက္ခများ တွေ့ရလို့လဲ၊ ပြောစမ်းပါဦး'

အုသည် မန်းသာမောင်မောင်နှင့် ဆက်သွယ်ခြင်း မကင်းသော သားဦး ကံဆိုကလေး အကြောင်းကို ပြောပြလေသည်။

ရာပြည့်စာအုပ်တိုက်

'ဒါနဲ့များတောင် မောင်ကြီးကို ဘာလို့ အကြောင်းမကြားရသလဲ။ တကယ်ဆိုရင် ဒီလို ဒီလိုပဲ ဖြစ်နေပြီ ဆိုကတည်းက မောင်ကြီးဆီကို စာရေးဖို့ ကောင်းတယ်။ ဘာလို့ စာမရေးရတာလဲ'

အုသည် စကားပြန် မပေး။

'ကိုင်း မောင်ကြီး သွားလိုက်ဦးမယ်၊ နောက်တော့ တွေ့ကြသေးတာပေါ့'

'တောင်းပန်ပါရစေရှင်၊ နောက်ကို ကျွန်မဆီကို မလာပါနဲ့တော့'

'ဒါတော့ မောင်ကြီး စဉ်းစားပါရစေဦး။ ကိုင်း မခွဲခင် ခဏလာပါဦး။ နတ်စင်ကို ကန်တော့သွားပါဦး။ အု ကတော့ နတ်တွေ ဘာတွေ မယုံဘူး ထင်ပါရဲ့။ မယုံ ယုံယုံလေ၊ ဒါကတော့ မမှားနိုင်ပါဘူး။ အရှင်ကြီးကို ကန်တော့ပြီး ဒီကျောက်ရုပ်ကြီး ပခုံးကို ကိုင်ပြီး သစ္စာဆိုရမယ်။ နောက် မောင်ကြီးကိုတွေ့ရင် ကိုယ်အမူအရာနဲ့ ဖြစ်ဖြစ်၊ နှုတ်အမူအရာနဲ့ ဖြစ်ဖြစ် မဖြားယောင်းပါဘူးလို့'

'အံမယ် ကြံကြီးစည်ရာ ရှိလိုက်တာ။ အပိုအလုပ်တွေ လုပ်မနေပါနဲ့။ ရှင့်ကို ကျွန်မကပဲ ဖြားယောင်းရဦးမယ်လို့။ ငါးဖယ်လန်က ပြောင်းပြန် မပြောပါနဲ့'

'ငါးဖယ်လန်တွေ ငါးရံ့လန်တွေ ပြောမနေပါနဲ့၊ ကိုင်း လာမှာ လာပါ'

ပန်းသာမောင်မောင်သည် ပြောပြောဆိုဆိုနှင့် အုဏ် လက်ကို ဆွဲပြီးလျှင် ပိုင်စိုးပိုင်နင်း သစ္စာအဆိုခိုင်းလေသည်။ အုမှာ မငြင်းသာတော့။

'သစ္စာဆိုခိုင်းမယ့်သာ ခိုင်းရပါတယ်၊ တကယ်ဆိုတော့ အုက တိတ္ထိတွေနဲ့ ပေါင်းပြီး သစ္စာတွေ ဘာတွေ ယုံတာ မဟုတ်ပါဘူး။ ကိုင်း ဒါလောက်နဲ့ပဲ တော်ပါပြီ။ မောင်ကြီး အိမ်ပြန်ရောက်မှပဲ အုကို မေတ္တာပို့ရတော့မှာပဲ။ ပြီးတော့ လောကဆိုတာ နောက်ကို ဘယ်လိုဖြစ်ကြဦးမယ်လို့ ဘယ်သူမှ ပြောနိုင်တာ မဟုတ်ဘူး။ ကိုင်း ပြောနေ ကြာရော့၊ မောင်ကြီး သွားပြီ'

ပန်းသာမောင်မောင်သည် အုနှင့် ခွဲ၍သွားပြီးနောက် သူ့စိတ်၌ တုန်လှုပ်ချောက်ချားခြင်း မပြေနိုင် ရှိပြီးလျှင် အိတ်ထဲမှ စာအုပ်ကလေးတစ်ခုကို ဆွဲ၍ ထိုစာအုပ်ကလေးကြားမှ ခေါက်ရိုးပြတ်၍နေသော စာတစ်စောင်ကို ဆွဲကာ ဖတ်လေသည်။ ထိုစာမှာ မြို့လှ ဦးဖြိုးဒင်ထံမှ ပေးလိုက်သောစာ ဖြစ်လေသည်။

ဦးဖြိုးဒင်၏ စာတွင် ပန်းသာမောင်မောင် အကျွတ်တရား ရသည့် အကြောင်းကို ကြားရ၍ များစွာ ဝမ်းမြောက်ကြောင်း၊ တရားဆွေးနွေးဘိုင်ပင်စရာရှိလျှင် ဘယ်အခါမဆို ဆွေးနွေးတိုင်ပင်နိုင်ကြောင်း၊ ကူညီဆောင်ရွက်စေချင်သော အရာများရှိလျှင် ဘယ်အခါမဆို ကူညီဆောင်ရွက်ရန် အသင့်ရှိကြောင်း၊ ယခင်က ဖြစ်ခဲ့သော အကြောင်းကိုလည်း မေ့မယူကြောင်းနှင့် ပါလေသည်။

ပန်းသာမောင်မောင်သည် ကိုယ့်ကိုယ်ကို အားပေးသည့်အလား ဦးဖြိုးဒင်၏ စာကို အခေါက်ခေါက် အခါခါ ဖတ်နေလေသည်။

ပန်းသာမောင်မောင်နှင့် ခွဲခဲ့ပြီးနောက် တစ်အောင့်လောက်အကြာတွင် အုသည် နွားကျောင်း၍နေသော အဘိုးကြီးတစ်ယောက်နှင့် တွေ့လေသည်။

'ဘကြီးရယ်၊ မသိလို့ တစ်ဆိတ်လောက် မေးစမ်းပါရစေ။ ဟိုညောင်ပင်ကြီးအောက်က ကျောက်ရုပ်ကြီးဟာ ဘာလဲ'

'ဟာ ဒီကျောက်ရုပ်ကြီးဟာ ဟိုရှေးရှေးတုန်းက ဓားပြကြီးတစ်ယောက်ကို ကားစင်တင်သတ်ပြီး မြှုပ်ထားတာကို သူ့ဆွေမျိုးများက အထိမ်းအမှတ်ဖြစ်အောင် လုပ်ထားတဲ့ ကျောက်ရုပ်ကြီး တဲ့။ အင်မတန်ခိုက်တဲ့ ကျောက်ရုပ်ကြီးလို့ ပြောကြတယ်'

အုသည် ကြက်သီးမွေးညင်းထပြီးလျှင် အဘိုးကြီးထံမှ ဖယ်ခဲ့လေ

သည်။ ကျူတောရွာမသို့ ရောက်ခါနီး ချောင်းကလေးအနီးတွင် မိန်းမပျို တစ်ယောက်နှင့် ယောကျ်ားပျို တစ်ယောက် စကားပြောနေသည်ကို တွေ့လေသည်။ သူတို့ ပြောနေကြသော စကားများမှာ လျှို့ဝှက်သော စကားများ မဟုတ်။ အထူးသဖြင့် မိန်းကလေးက ပြောသော စကားများမှာ စိတ်ရိုးသက်သက်နှင့် ပြောသော စကားများ ဖြစ်လေသည်။ ထိုမိန်းကလေးသည် အုကို မြင်လျှင်မြင်ချင်း ပျူပျူငှာငှာ ဣန္ဒြေရရ ဆီးကြိုနှုတ်ဆက်လေသည်။ ယောကျ်ားပျိုသည် သုတ်သီးသုတ်ပျာ ထွက်သွားလေသည်။ ထိုမိန်းကလေးမှာ အု၏ သူငယ်ချင်း မရွှေမှုံပင် ဖြစ်လေသည်။ မရွှေမှုံသည် သူ့အရေးထက်ပင် အု၏ အရေးကို ပို၍သိချင်သော စိတ်ဇောပေါ်လျက် ရှိလေသည်။ အုသည် သူ သွားခဲ့သောကိစ္စနှင့် ပတ်သက်၍ အကျိုးအကြောင်းကို ပွင့်ပွင့်လင်းလင်း ပြောပြသောအခါမှ မရွှေမှုံသည် သူ့အကြောင်းကိုသူ ဖွာတ်လှန်လေသည်။

'ဒါ ငါ့ကိုကြိုက်နေတဲ့ သာထွေးဆိုတဲ့ အကောင်ဟာပေါ့အေ။ တို့ ရှားပင်စုမှာ နေကြတုန်းကလည်း ဒီကောင် ခဏခဏ ငါ့ဆီ လာတယ်။ အခုလည်း ငါ ဒီမှာ ရောက်နေတယ်ကြားလို့ သူ လိုက်လာတာ။ သူက ကြိုက်ပေနဲ့ ငါကတော့ သူ့ကို ယူချင်စိတ် မရှိပါဘူးအေ'

အုသည် မရွှေမှုံ ပြောသောစကားများကို နားထောင်၍ နေရသော်လည်း ဘာပြောသည်ဟု အဓိပ္ပာယ် မသဲကွဲ။ သူ့စိတ်ကူးနှင့်သူ စဉ်းစားပြီးလျှင် နှစ်ဦးသား ရွာထဲသို့ ပြန်ကြလေသည်။

အုသည် မြို့လှမှ စိတ်ပျက်လက်ပျက် ပြန်လာပြီးနောက် ရက်ပေါင်း အတော်ကြာသောအခါ လယ်ကွက်ထဲတွင် ရိုးရည်သိမ်းကာ နေလေသည်။ ထိုအခိုက်တွင် ဝတ်ကောင်းစားလှနှင့် ရုပ်ကြီးသား လူရွယ်တစ်ယောက်သည် လယ်ကွက်ထဲမှ ဖြတ်၍ အု ရှိရာသို့ ရှေးရှုလာလျက် ရှိလေသည်။ ထိုလူမှာ ပန်းသာမောင်မောင်ပင် ဖြစ်လေသည်။ ပန်းသာမောင်မောင်သည် အုကို

အျှောတောင်ရွာတွင် မြင်လိုက်ရသည့် အချိန်ကစ၍ သီလညစ်နွမ်းလျက်ရှိပြီးလျှင် ယခုအချိန် အုထံသို့ လာသောအခါတွင် လှသူတော်တို့၏ အဝတ်ကို စွန့်ပယ်၍ သီလညစ်နွမ်းမှန်း သိသိသာသာ အဝတ်အစားများကို ကျနစွာ ဝတ်ဆင်၍ လာလေသည်။ ပန်းသာမောင်မောင်သည် အု၏ အနားသို့ ကပ်ပြီးလျှင် ရုတ်တရက် စကားမပြောသေးဘဲ အု အလုပ် လုပ်နေသည်ကို ဆောင့်ကြည့်နေလေသည်။ အုသည် ပန်းသာမောင်မောင် လာသည်ကို စောစောကပင် သိသော်လည်း မသိဟန်ပြု၍ အလုပ် လုပ်စရာ ရှိသည်ကိုသာ ခေါင်းစိုက်၍ လုပ်နေလေသည်။

'ဒီမှာ အု၊ အုကို မောင်ကြီး တစ်ခု ပြောပါရစေ'

'ရှင့်ကို ကျွန်မ တောင်းပန်ထားတယ် မဟုတ်လား။ ကျွန်မဆီကို နောက်ထပ် မလာပါနဲ့ လို့'

'ဟုတ်တော့လည်း ဟုတ်ပါတယ်။ ဒါပေမဲ့ အရေးကြီးတဲ့ ကိစ္စရှိလို့ လာတာပါ'

'ကိုင်း ဘာလဲ၊ အရေးကြီးရင် ပြော'

'ဟိုတစ်နေ့က အုနဲ့ တွေ့တုန်းက မောင်ကြီး စိတ်ထဲမှာ တမလွန် အရေးကိုသာ စိတ်စောပြီး၊ အု အခု ဘယ်လို နေရထိုင်ရတယ် ဆိုတဲ့ လောလောဆယ် အရေးကို မစုံစမ်းမိဘူး။ ပြီးတော့ အု အဝတ်အစားကလည်း သစ်သစ်လွင်လွင်နဲ့မို့။ အခု မောင်ကြီး မြင်ရတာကတော့ အုမှာ ဟိုအရင် တုန်းကထက်ပဲ ပိုပြီး ဆင်းရဲနေတယ်။ ဒီလို ဆင်းရဲနေရတာ မောင်ကြီး ကြောင့်လို့ ထင်တယ်'

အုသည် စကားပြန်မပေး။ ရိုးရှည်ထုံးများကိုသာ တစ်နေရာမှ တစ်နေရာသို့ ပြောင်း၍ စုပုံလျက် ရှိလေသည်။ ထိုသို့ သူ့အလုပ်ကို ဆက်လက် လုပ်ကိုင်နေခြင်းအားဖြင့် ပန်းသာမောင်မောင်၏ အပေါ်တွင် စိတ်ဝင်စားခြင်းမှ သက်သာရာ ရလေသည်။

'အု အတွက် မောင်ကြီးဟာ အများကြီး သောကထားပါတယ်။ မောင်ကြီး မှားမိတာလည်း မှားမိတာပေါ့။ ဟိုတုန်းက ဖြစ်ခဲ့ရတာတော့ သူ့ချားအပြစ် မဟုတ်ပါဘူး၊ မောင်ကြီး အပြစ်ပါပဲ။ ပြီးတော့ တကယ်ဆိုရင် မောင်ကြီးကတော့ ပန်းသာဆက် အတုမို့ မသိတတ်လို့ဆိုရင် ထားပါတော့။ အုက ပန်းသာဆက် အစစ်ဖြစ်ပြီး ဒီလို ဒီလိုဆိုရင် မတော်ပါလား၊ ဘယ်လို ဘယ်လို ဖြစ်တတ်ပါလားလို့ ပိုပြီး သိဖို့ကောင်းတယ်။ ပြီးတော့ အု မိဘ များကလည်း ဒီလို မတော်တာ မဖြစ်နိုင်အောင် တင်ကြိုပြီး သင်ကြားပေးဖို့ ကောင်းတယ်'

အုသည် ပန်းသာမောင်မောင် တတွတ်တွတ် ဆိုမန်း မန်းနေသမျှကို နားစိုက်ကာ ထောင်နေခြင်းမှတစ်ပါး၊ တစ်ခွန်းတစ်ပါဒမျှ ပြန်လှန်ပြောဆို ခြင်း မပြု။

'ဒါပေမဲ့ မောင်ကြီး အခု လာတဲ့ ကိစ္စကတော့ လွန်ပြီးသားကို နောင်တဖြစ်အောင် ပြောဖို့ မဟုတ်ပါဘူး။ မောင်ကြီးရဲ့ မိခင်အိုကြီးလည်း ဆုံးရှာပြီ။ ဒီတော့ မောင်ကြီးမှာ မောင်ကြီးနဲ့ ပစ္စည်းတွေပဲ ကျန်ရစ်ခဲ့တယ်။ မြောက်ကုန်းက အိမ်ကြီးကို ရောင်းပြီး မောင်ကြီးလည်း သီဟိုဠ်ကို စွယ်တော် ဖူး သွားမလို့။ မဇ္ဈိမဒေသမှာပဲ သာသနာပြုတော့မယ် ကြံတယ်။ အုကတော့ မောင်ကြီး ပါးစပ်က ဒီလိုစကား ထွက်လာတယ်ဆိုရင် ရယ်ချင်မှာပဲ။ ဒါပေမဲ့ မောင်ကြီး အခု ပြောနေတာတွေဟာ အပိုတစ်လုံးမှ မပါပါဘူး။ ဒီတော့ကို အုအပေါ်မှာ အရင်တုန်းက မောင်ကြီး နစ်နာအောင် လုပ်ခဲ့မိတဲ့အတွက် မောင်ကြီးက ပြန်ပြီး ပြုစုနိုင်အောင် မောင်ကြီးကို အခွင့်ပြုစေချင်ပါတယ်။ အခွင့်ပြုဆို တခြား မဟုတ်ပါဘူး။ မောင်ကြီးနဲ့ပဲ တင့်တင့်တယ်တယ် လိုက်ပြီး နေစေချင်ပါတယ်။ တစ်ခါတည်း ကိစ္စပြီးအောင်လို့ အားလုံးပဲ အဆင်သင့် လုပ်လာခဲ့တယ်။ မောင်ကြီး မိခင်ကလည်း သေခါနီးမှာပဲ ငါ့သား တဲ့၊ မင်းဟာ သားမယားယူပြီး ကောင်းကောင်းမွန်မွန် နေရစ်ပါလို့

မှာသွားတယ်' ဟု ပြောကာ၊ ပန်းသာမောင်မောင်သည် ဗလာပန်းကွင်း စက္ကူကတ်ကလေး တစ်ခုကို ထုတ်ပြလေသည်။

'ဒါ ဘာစာရွက်လဲ'

'ဒါက အုနဲ့ မောင်ကြီးတို့ လက်ထပ်ဖို့ ဖိတ်စာရိုက်ရအောင် နမူနာ စာရွက်ပုံစံ'

'အို မဖြစ်နိုင်တာ၊ ကြဲကြဲဖန်ဖန်'

'ဘာလို့ မဖြစ်နိုင်ရမှာလဲ အုရဲ့' ဟု မေးပြီးနောက် ပန်းသာ မောင် မောင်သည် များစွာ စိတ်ပျက်သွားလေသည်။ ထိုစိတ်ပျက်ခြင်းမှာ အု အပေါ် ဆောင့်ရှောက်ပြုစုရန် ဝတ္တရားကို မစောင့်ရှောက် မပြုစုရသောကြောင့်ချည်း မဟုတ်။ ယခင်က အချစ်ဟောင်း ပြန်ပေါ်လာပြီးလျှင် သူ အလိုရှိသလို ချစ်ရဖို့လမ်း မမြင်သောကြောင့် ဖြစ်လေသည်။ ဤတွင် ပန်းသာမောင်မောင် ၏ အလိုနှင့် တာဝန်သည် ညီညွတ်လျက် ရှိလေသည်။ ပန်းသာမောင်မောင် သည် အနီးအနားရှိ လူသူလေးပါး ကြားမည်စိုးသဖြင့် လှည့်၍ ကြည့်ပြီး နောက် 'တကယ်ပြောတာလား အုရယ်' ဟု အသနားခံပြန်လေသည်။

အုသည် သည်လိုပြောရုံနှင့် ပြီးမည်မဟုတ်သည့် အဖြစ်ကို သိသဖြင့် ရိုးရည်တိုက်လာသော လှည်းသမားကြီးအား 'မြို့က ဧည့်သည်နဲ့ စကား ဘစ်ခွန်း နှစ်ခွန်းလောက် ပြောစရာရှိလို့ ခဏ္တ ဟိုနား လိုက်သွားလိုက်ဦး မယ်' ဟု ပြောပြီးလျှင် ပန်းသာမောင်မောင် နောက်သို့ လိုက်၍ သွားလေ သည်။ သူတို့ ပြောသမျှကို ဘယ်သူမျှ မကြားနိုင်လောက်သော နေရာသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ပန်းသာမောင်မောင်သည် စုံဆယ်ဖြာနှင့် ပန်ထွာ ဦးတင်ပြန်လေသည်။

'အုရယ်၊ မောင်ကြီးဆီကို လိုက်ပြီး မောင်ကြီးကို မစောင့်ရှောက် တော့ဘူးလား'

'မဖြစ်နိုင်ပါဘူးရှင်၊ ပြန်မှာသာ အေးအေးပြန်ပါ'

'ဘာလို့ မဖြစ်နိုင်ရမှာလဲ အုရဲ့၊ မောင်ကြီး မှားမိတာကို ဝန်ချပြီး ဟာပဲ။ ရန်သူတောင် လက်နက်ချရင် ကျေရပါသေးတယ်'

'ရှင့်ကိုမှ ကျွန်မ မေတ္တာမရှိဘဲနဲ့'

'မချစ်သော်လည်း အောင့်ကာနမ်းပါဦး အုရယ်။ အခု မချစ်သေးရင် နောက်တော့ သနားဖက်ပြီး သနားချစ် ချစ်လာပါလိမ့်မယ်'

'မထင်ပါနဲ့ရှင်၊ ခဲယဉ်းပါတယ်'

'ခဲယဉ်းပါတယ် ဆိုတော့ လုံးလုံး မဖြစ်နိုင်ဘူးလို့ ဆိုတာ မဟုတ်ဘူး ပေါ့ နော်'

'ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး'

'ဘာကြောင့် ဒါလောက်တောင် ပြတ်ပြတ်တောက်တောက်ကြီး ပြောရတာလဲ အုရယ်'

'ကျွန်မမှာ ကျွန်မ မေတ္တာရှိတဲ့လူ ရှိနေပြီ'

'တကယ်ပြောတာလား အုရယ်။ မောင်ကြီးကို ကျီစားမနေပါနဲ့ အုရယ်။ ဓမ္မတာ တရားနဲ့ရော၊ လောကထုံးစံနဲ့ရော ညီညွတ်မယ့် အမှုကို ဒါလောက်တောင် ငြင်းဆန်ဖို့ မတော်ပါဘူး'

'တော်ပါရှင်၊ စကားမရှည်ပါနဲ့။ မဖြစ်နိုင်ပါဘူး'

'အု လူကို အု အရှည်သဖြင့် မေတ္တာရှိချင်မှ ရှိမှာပါ'

'ဘာမှ အရှည်သဖြင့် မေတ္တာမရှိဖို့ အကြောင်းမရှိပါဘူး'

'ဒီလိုမပြောပါနဲ့ အုရယ်၊ အကြောင်းဆိုတာ ဘယ်သူမှ သိနိုင်တာမျိုး မဟုတ်ပါဘူး'

'သူများ မသိနိုင်ပေမဲ့ ကျွန်မ သိနိုင်ပါတယ်'

'ဒါဖြင့် ဒီလူက ဘယ်သူမို့လဲ'

'ရှင့်ကို ဘာလို့ ပြောရမှာလဲ'

'တည်တည်တံ့တံ့ထဲက ဆိုရင် ဘာလို့ မပြောရမှာလဲ'

'ရှင့်ကို ကျွန်မ မပြောချင်လို့ မပြောတာ။ ဘာမှ ထူးပြီး တည်တည် တံ့တံ့ နေစရာ မလိုဘူး။ အဲဒီလူက ကျွန်မ လက်ထပ်ယောကျ်ားပဲ'

'ဪ ဒီအခြေအနေ ရောက်နေပလား'

'ရှင် မေးလွန်းလို့သာ ကျွန်မ ပြောရတာ။ ကျွန်မ ပြောချင်တာ မဟုတ်ဘူး။ ပြောမယ်လို့လည်း ဘယ်တော့မှ မကြံဘူး။ ဒီပြင်လူ ဘယ်သူမှ အသိပေးတာ မဟုတ်ဘူး။ ဘယ်သူမှလည်း မသိဘူး။ မသကာ သိလှအဆုံး နို့တိုးရိပ်တိပ်ပဲ သိကြမယ်။ ဒီတော့ ကျွန်မကို ဒီအကြောင်းနဲ့ ပတ်သက်လို့ နောက်ထပ် ဘာမှ မမေးပါနဲ့လို့ တောင်းပန်ပါရစေ။ အခု ရှင့်နဲ့ ကျွန်မနဲ့ဟာ သူစိမ်းပြင်ပြင် ဖြစ်နေကြပြီ'

'အုက မောင်ကြီးနဲ့ အုဟာ သူစိမ်းပြင်ပြင်ကြီး ဖြစ်နေကြပြီလို့ ဆိုရက်သပေါ့နော်။ စိမ်းကားပါ အုရယ်၊ စိမ်းကားပါ။ ဒါဖြင့် ဟိုလူဟာ အုရဲ့လင်လား'

'ဘယ်သူလဲ'

ပန်းသာမောင်မောင်သည် ရိုးရည်တိုက်လာသော လှည်းသမားကြီးကို သက်ညှိုးထိုး၍ ပြလေသည်။

'အို ကြံကြီးစည်ရာ'

'ဒါဖြင့် ဘယ်သူလဲ'

'ကျွန်မ မပြောချင်တာကို ရှင် ဘာလို့ မေးချင်ရတာလဲ'

'အု ကောင်းဖို့ မေးနေတာပါ။ မောင်ကြီးလာတဲ့ အကြောင်းဟာလည်း အု အကျိုးကိုဆောင်ဖို့ လာခဲ့တာပါ။ သေးချင်တဲ့သစ္စာ ပေးပါ အုရယ်။ မောင်ကြီးကို ဒီလိုအကြည့်မျိုးနဲ့ မကြည့်ပါနဲ့။ ဒီလို အကြည့်မျိုးနဲ့ကြည့်ရင် မောင်ကြီး ကိုယ်ကျိုးနည်းကုန်ပါလိမ့်မယ်။ အုရဲ့ မျက်လုံးကလေးများလို မြင်ရသူရဲ့ စိတ်နှလုံးကို နေမချိအောင် တတ်နိုင်တဲ့ မျက်လုံးကလေးများဟာ ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်းမှာ ရှိမယ် မဟုတ်ပါဘူး။ ကိုင်း၊ ကိုင်း၊

ကြာကြာကြည့်ရရင် မောင်ကြီး ဒုက္ခဖြစ်လိမ့်မယ်။ မောင်ကြီး မျက်နှာလွှဲနေမှပဲ ဖြစ်တော့မယ်။ အုကို ပြန်ပြီး မမြင်ရခင်တုန်းကတော့ အု အပေါ်မှာ မောင်ကြီး ချစ်ခဲ့သမျှ အချစ်တွေဟာ အကုန်လုံး ပျက်ကုန်ပြီလို့ ထင်မိတယ်။ အခု အုကို မြင်ရတော့မှ မီးခဲပြာဖုံး ဖြစ်နေတယ် ဆိုတာကို သိရတယ်။ မောင်ကြီး စိတ်ထဲမှာတော့ စီးတဲ့ရေ ဆည်တဲ့ ကန်သင်း ဆိုသလိုဖြစ်အောင် အုနဲ့မောင်ကြီးနဲ့ တင့်တင့်တယ်တယ် လင်ရယ်၊ မယားရယ် ဆိုသလို နေကြရင် မောင်ကြီးအဖို့လည်း ကောင်းမယ်၊ အုအဖို့လည်း ကောင်းမယ်လို့ အောက်မေ့ပြီး ဝမ်းသာမိတယ်။ အခုတော့ မောင်ကြီးမှာ ခဲလေသမျှ သဲရေကျ ဖြစ်ကုန်ပြီ။ ဩော် ဒါတော့ မောင်ကြီး ကံပေါ့လေ'

ပန်းသာမောင်မောင်သည် ညှိုးငယ်ဝမ်းနည်းသော မျက်နှာထားနှင့် မျက်လွှာချကာ မြေပြင်ကို ကသိုဏ်းရှုလျက် နေလေသည်။

'ကိုင်း အုဟာ လွတ်လွတ်လပ်လပ် မဟုတ်တော့ဘူးဆိုရင် ဘယ်တတ်နိုင်တော့မလဲ' ဟု ဆိုကာ လက်ထပ်ရန် ဖိတ်စာ စာရွက်ပုံစံကို ဟိုဘက်သည်ဘက် လက်နှစ်ဖက်နှင့်ကိုင်၍ ဆုတ်ဖြဲပစ်ပြီးလျှင် အိတ်ထဲသို့ ထည့်ထားလိုက်လေသည်။

'ကိုင်း ဒါဖြင့် မောင်ကြီးကြံသလို မဖြစ်နိုင်ဘူးဆိုရင်လည်း ရှိပါစေတော့။ သို့သော် အုရယ်၊ အုရော ဘယ်သူ ဘယ်ဝါရယ်လို့ မသိရတဲ့ အုရဲ့ယောကျ်ားကိုရော မောင်ကြီး တတ်နိုင်သမျှ စောင့်ရှောက်ပါရစေ လို့ တောင်းပန်ချင်ပါတယ်။ ဒီပြင်လည်း မောင်ကြီး မေးချင်တဲ့ အကြောင်းတွေတော့ အများကြီး ရှိပါသေးတယ်။ ဒါပေမဲ့ အု မကြိုက်ဘူးဆိုရင် အု အလိုနဲ့ ဆန့်ကျင်ပြီး မောင်ကြီး ဘာမှ မမေးတော့ပါဘူး။ အုရဲ့ယောကျ်ားဟာ ဘယ်သူဘယ်ဝါရယ်လို့ သိရရင်တော့လည်း မောင်ကြီးက ပိုပြီး စောင့်ရှောက်နိုင်မှာပေါ့။ သူ ဒီမှာ အလုပ်လုပ်သလား'

'သူ ဒီမှာ မရှိပါဘူး၊ အဝေးအလံကို သွားနေပါတယ် '

'အလို မြတ်စွာဘုရား၊ အဝေးအလံကို သွားနေတယ်။ ဒါဖြင့် အခု

"ဒီလိုဆိုရင် မရွှေအုရဲ့ တရားဟော ဆရာကြီးတော့ သူ့ရှုံးသူ့ပြန် ဟက်လိမ့်မယ် ထင်တယ်" ဟု ပန်းသာမောင်မောင်သည် အုဆီမှ အပြန်တွင် ရေရွတ်လာခဲ့လေသတည်း။

## အခန်း ၃၇

ပန်းသာမောင်မောင် ပြန်သွားပြီးနောက် လေးငါးရက်လောက် ကြာသော အခါ အုသည် ရိုးရည်ထုံးများကို လှည်းပေါ်သို့ တင်လျက် ရှိလေသည်။ မငွေခင်နှင့် မရွှေမှုံတို့လည်း အသီးသီး သူ့ဘို့ဘာဝန်ကို သူတို့ ရွက်ဆောင် လျက် ရှိကြလေသည်။ အုနှင့်တကွ သူ့အပေါင်း နှစ်ယောက်တို့မှာ ချွေး တလုံးလုံးနှင့် မရပ်မနား လုပ်ကိုင်နေရသောကြောင့် တစ်ယောက်ကို တစ် ယောက် စကားမပြောအားကြ။ မွန်းတည့်ချိန်လောက်၌ ထမင်းစားကြရန် နားမည့်အလုပ်တွင် အဝတ်အစား သိုက်မြိုက်စွာ ဝတ်ဆင်၍လာသော ရပ်ကြီး သား ကာလသားအရွယ် တစ်ယောက်သည် အုတို့ အလုပ်လုပ်နေရာ လယ် ကွက်ဆီသို့ စိုက်စိုက် စိုက်စိုက်နှင့် လာလျက် ရှိလေသည်။

'ဟော့ ဟိုကလာတာ ဘယ်သူလဲဟော့' ဟု မရွှေမှုံက မေးလေသည်။

'ဘယ်သူ့ရည်းစားလဲ မပြောတတ်ပါဘူး အေ' ဟု မငွေခင်က ပြန်ပြောလေသည်။

'ဟော့ ရွှေမှုံရေ၊ ငါတော့ မဟုတ်မှ လွဲရော။ ဒီကောင် ကြည့်ရတာ အုကို နောက်ပိုးဖို့ လာတာနဲ့ တူတယ်'

'မဟုတ်ပါဘူးအေ၊ တရားဟောဆရာ လူသူတော်ပါအေ့။ ကောင်ရုပ် ကောင်ပွေထဲက မဟုတ်ပါဘူး'

'ဟုတ်တယ်တော့်၊ တရားဟောတဲ့ လူသူတော်ပဲ။ ဒါပေမဲ့ ဝတ်စား

လာတာ ခါတိုင်း တရားဟောတုန်းက ဝတ်တဲ့ အဝတ်မျိုး မဟုတ်ဘူး။ ဒီလိုဆိုတော့ ငနဲက ဂိုက်အကျကြီးပဲ အေ့'

'ဟော့ ငါ အုကို ပြောလိုက်မယ် ဟော့'

'နေပါစေ၊ မပြောပါနဲ့။ သူ့ဟာသူ မြင်မှာပေါ့'

'တရားဟောဆရာ လုပ်ပြီး လင်နဲ့မိန်းမကို လာကြာခိုနေတာတော့ မတော်ပါဘူးအေ။ ညည်းအကောင်က တရားဟောဆရာ ဆိုပေမဲ့ တရားဟော ဆရာ လက်သစ်နဲ့ တူပါတယ် အေ့'

'ငါ့ကောင် မဟုတ်ပါဘူးအေ၊ ညည်းက မလုပ်ပါနဲ့။ ငါ တရားဟော ဆရာကတော် မလုပ်ချင်ပါဘူး။ ဟုတ်တယ်တော့၊ ဒီကောင် အုကို ပိုးရအောင် လာတာ'

'ပိုးရအောင် လာပေမဲ့ ကိစ္စမရှိပါဘူးအေ။ အုက မကြိုက်ကြီးထဲ ကပါ။ အုက သူ့လင်ဆို သူ့လင်မှပဲ။ တခြား ယောကျ်ားဆိုရင် ယောကျ်ား လို့တောင် မှတ်တာ မဟုတ်ဘူး။ ပြီးတော့ ညည်းလည်း အသိသားပဲ။ တချို့ ကောင်မများဟာ သူတို့စိတ်က စွဲမိပြီ ဆိုမှဖြင့် ဗွက်ထဲ နစ်နေတဲ့ လှည်းလိုပဲ။ ကုန်းပေါ် ဆွဲတင်ချိန်တန်လို့ တင်တာတောင်မှ ရတာ မဟုတ် ဘူး'

အု သည် ထမင်းစားရန် လယ်ကွက်ထဲမှ ထွက်လာသောအခါ ပန်းသာမောင်မောင် လာနေသည်ကို မြင်လေသည်။

'အို ငါ ဒီမှာပဲ စားပါတော့မယ်အေ၊ ညည်းတို့ သွားကြပါတော့'

ထို့နောက် အုသည် လယ်ကန်သင်းပေါ်ရှိ ဆီးပင်ရိပ်ကလေးတွင် ထမင်းစားလေသည်။ ပန်းသာမောင်မောင်သည် အနားသို့လာ၍ ရပ်တည့် ပြီးလျှင် 'အုရေ၊ မောင်ကြီးတော့ ရောက်လာရပြန်ပြီ' ဟု ပြောလေသည်။

'ရှင် ကျွန်မကို ဘာလို့ ဒါလောက် နှိပ်စက်ချင်ရတာတုံး'

'ဘယ်သူက နှိပ်စက်တာတုံး။ မောင်ကြီးက အုကို နှိပ်စက်တာ လား၊ အုက မောင်ကြီးကို နှိပ်စက်တာလား'

ရာပြည့်စာအုပ်တိုက်

'ရှင့်ကို ကျွန်မက ဘာနိုပ်စက်ရလို့တုံး'

'အုကတော့ မနိုပ်စက်ဘူးလို့ ပြောတာပေါ့။ အု နိုပ်စက်တာ အု မသိဘဲကိုး။ အုက မောင်ကြီးကို ဖမ်းစားထားတယ်။ မောင်ကြီး မျက်စိ ဆဲမှာ အုကို ဖျောက်လို့မရဘူး။ အခုကြည့်လိုက်တဲ့ အုရဲ့ မျက်လုံးကလေး နှစ်လုံးကိုလည်း မောင်ကြီး တမြင်တည်း မြင်နေရတာပဲ။ မောင်ကြီးတို့ရဲ့ သားဦးကလေး အကြောင်းကို ပြောလိုက်တဲ့ အချိန်က စပြီး မောင်ကြီး စိတ်ဟာ တရားဟောတဲ့ဘက်ကို မရောက်တော့ဘဲ အု ဆီမှာချည်း ရောက် နေတော့တယ်။ အဲဒါ အုရဲ့ ပယောဂပေါ့'

'အခု တရားဟောတဲ့ အလုပ်ကို တစ်ခါတည်း စွန့်လိုက်ပြီပေါ့'

'စွန့်လိုက်ပြီဆိုမှ တစ်ခါတည်း စွန့်လိုက်တာပေါ့။ ကြွေးဆပ်တာလို အလီလီ အလာလာ လုပ်နေရဦးမလား လို့။ ဟိုနေ့ကစပြီး တစ်ခါတည်း မသွားတော့တာ ဒီနေ့အထိပဲ။ အသင်းထဲက လူတွေကတော့ ဘယ်လို အောက်မေ့ကြမယ် မသိဘူး။ ဘယ်လိုပဲ အောက်မေ့ အောက်မေ့၊ မတတ်နိုင် တော့ဘူး။ ကိုယ့်စိတ်ထဲကမှ မပါတော့ဘဲနဲ့ ဆက်လုပ်နေလို့ ဘာအကျိုးထူး တော့မှာလဲ။ စိတ်မပါဘဲ သွားလုပ်နေရင် လိမ်တာနဲ့ အတူတူပဲ။ ဒီတော့ လိမ်တော့ မလိမ်ချင်ဘူး။ မောင်ကြီးတော့ ဝဋ်လည်ပြီ။ ဟိုတုန်းကတော့ မောင်ကြီးက အုကို ဖျက်ဆီးခဲ့တယ်။ အခုတော့ အုကြောင့် မောင်ကြီး ရှာန်လှျော့ပြီ။ ဘယ့်နှယ်လဲ နှမလေး အုရဲ့။ အရင်တုန်းက ခေါ်သလို ခေါ်ပါရစေ၊ စိတ်မရှိပါနဲ့။ မောင်ကြီးကတော့ မောင်ကြီး ပြောရိုးဆိုရိုးအတိုင်း ပြောတာပါ။ တကယ်ဆိုတော့ အုမှာ မျက်နှာကလေးရော၊ ကိုယ်ပေါက် ကိုယ်ရောက်ရော ဆက်ပြီး လှမြဲ လှနေတာက လွဲလို့ ဘာအပြစ်မှ မရှိဘူး။ အခုလည်းလေ အုက မမြင်ပေမဲ့ မောင်ကြီးက အဆေးကြီးကတည်းက အုကို မြင်ပါတယ်။ မောင်ကြီး စိတ်ကိုကပဲ အချစ်စိတ်နဲ့ ကြည့်နေလို့လားတော့ မပြောတတ်ဘူး။ အုကို ကြည့်ရတာ ဘယ်နေရာမှာ နေနေ တစ်မျိုးကို ကျက်သရေရှိတာပဲ။ တကယ်ပါပဲ၊ ကိုယ့်ငါးချဉ်မို့ ကိုယ် ချဉ်တာ မဟုတ်ပါ

ဘူး။ အဲလို လှတာများ မြင်ရရင် ဘယ်ရသေ့မှ ချာန်မလျှောဘဲ နေနိုင်မှာ မဟုတ်ဘူး။ မောင်ကြီးတို့လို ပမွှားဆိုတော့ ဘာပြောကောင်းမတုံး'

အဲမှာ အခက်ကြုံ၍ နေလေပြီ။ ပန်းသာမောင်မောင် ပြောပုံဆိုပုံ တို့မှာ မတော်၍ ကန့်ကွက်ရန် ကြံသော်လည်း စီကာပတ်ကုံး ဘယ်လို ပြောရမည် မသိသည်နှင့် ခေါင်းငုံ့ကာသာ နေရလေတော့သည်။

'တော်ပြီလေ၊ မောင်ကြီးတော့ နောက်ဘဝမှ ရမယ့် နိဗ္ဗာန်ကို မလို ချင်တော့ဘူး။ အခုဘဝမှာ ပျော်ပျော်ကြီး နေသွားရမယ့် အဲနဲ့ နေရတဲ့ နိဗ္ဗာန်ကိုပဲ လိုချင်တယ်။ ဒါထက် စကားတစ်ခု အတည် ပြောရဦးမယ်။ ဟိုတစ်နေ့က အဲဆီက ပြန်သွားပြီးတဲ့နောက် သူ ပြောတယ်ဆိုတဲ့ တရား တွေကို မောင်ကြီး အကုန် စဉ်းစားကြည့်တယ်။ သူ ပြောတာတွေဟာ ဟုတ်တာချည်းပဲ။ ဒီတော့ မောင်ကြီး တရားကို မောင်ကြီး စွန့်ပြီး သူ ပြောတဲ့ တရားကိုပဲ မောင်ကြီး လိုက်တော့မယ်။ ဒါ့ထက် နောင်တမလွန်နဲ့ ဆိုင်တဲ့ တရားကိုထားပြီး အခု လောလောဆယ်ဆယ် အရေးအကြောင်းကို ပြောကြဦးစို့။ အခု မောင်ကြီး အဲဆီမှာ ပြန်ရောက်နေပြီ။ ဒီတော့ ငယ်က ချစ်တော့ အနှစ်တစ်ရာ မမေ့သာ ဆိုသလို အရင်ကလိုပဲ ပြန်ပြီး ချစ်ကြဦးစို့ အဲရယ်။ ဘယ့်နှယ်လဲ'

'မတော်တာတွေ မပြောပါနဲ့ရှင်။ အရင်က ဖြစ်တာနဲ့ အခုနဲ့ မဆိုင် ပါဘူး။ အရင်က ဖြစ်ရတုန်းကလည်း ကျွန်မ ရှင့်ကို နှစ်သက်လို့ ဖြစ်ရတာ မဟုတ်ပါဘူး။ တော်ပါရှင်၊ ဒီစကားတွေ ပြောရတာ ကျွန်မ စိတ်မကောင်း ပါဘူး။ ရှင့်တရားကို ရှင် ပြန်ယုံပြီး ဟောမြဲတိုင်းပဲ သွားဟောနေချေပါ။ ကျွန်မကို စိတ်မချမ်းသာအောင် လာလုပ်မနေပါနဲ့'

'ဒါတော့ ဘယ်သူမပြု မိမိမှုပေါ့။ အဲက အစက မောင်ကြီးကို ဘာလို့ ချာန်လျှောအောင် လုပ်ရသလဲ။ မောင်ကြီးဟာ မောင်ကြီး အကျွတ် တရား ရနေတာကို အဲက လာပြီး ဖျက်တာကိုး။ သူ့တရားကို အဲဆီက ကြားရတော့ မောင်ကြီး ဒီလို ဖြစ်တာပေါ့။ မောင်ကြီးကို ဒီလိုဖြစ်အောင်

လုပ်တဲ့အတွက် အုကို အများကြီး ကျေးဇူးတင်ပါတယ်။ ပြီးတော့ အု အကြောင်းကိုလည်း မောင်ကြီး ပိုပိုပြီး သိသိလာလို့ ပိုပိုပြီး သနားလာတယ်။ အုက ဘယ်လိုပဲ ဖုံးနေပေမဲ့ အုမှာ အများကြီး ဆင်းရဲနေတယ် ဆိုတာ မောင်ကြီး သိရပြီ။ တကယ်ဆိုရင် အုရဲ့ လင်က အုကို စောင့်ရှောက်ဖို့ ကောင်းတယ်။ အခုတော့ စောင့်ရှောက်ရမယ့် သူက ဒီလို ပစ်ထားတယ် ဆိုတော့ မောင်ကြီး အထူး မပြောချင်ပါဘူး။ အုဟာ အုပဲ စဉ်းစားကြည့် ပါတော့'

ထိုသို့ ပြောသည်ကို ကြားရသောအခါ အုမှာ စားနေသော ထမင်းလုတ် ကလေးကို မျိုမချနိုင်အောင် ရှိလေသည်။

'ရှင် ဒီလိုပြောတာတော့ ကျွန်မကို မညှာတာရာ ကျပါတယ်။ ကျွန်မကို သက်ညှာတဲ့ သဘောရှိရင် ဒီစကားမျိုးကို မပြောထိုက်ပါဘူး'

'စိတ်မဆိုးပါနဲ့ အု ရယ်။ မောင်ကြီးက ချစ်လို့ ပြောမိတာပါ။ တကယ်ဆိုတော့ မောင်ကြီး လာရင်းက အုကို ရန်ရှာဖို့လာတာ မဟုတ်ပါဘူး။ အု ဒီမှာ ဆင်းဆင်းရဲရဲ အလုပ် လုပ်နေရတာကို မောင်ကြီး မကြည့်နိုင်တဲ့အတွက် ပြောချင်တာကလေး တစ်ခုရှိလို့ လာတာပါ။ အုမှာ မောင်ကြီးရဲ့အပြင် လင်တစ်ယောက် ရှိတယ်လို့ ပြောတယ်။ အဲဒီ လင်ကို မောင်ကြီးလည်း တစ်ခါမှ မမြင်ဖူးဘူး။ သူ့နာမည် ဘယ်သူ ဆိုတာကိုလည်း အု ပြောမပြလို့ မသိရဘူး။ ဒီတော့ အုမှာ တခြားလင် ရှိတယ်ဆိုတာက ဒဏ္ဍာရီ စကားပဲ ထင်ပါရဲ့။ တကယ်လို့ ရှိတယ်ပဲ ထားပါဦးတော့၊ သူ့ထက် မောင်ကြီးက အုနဲ့ ပိုပြီး နီးနေပြီ။ အခုလို ဒုက္ခရောက်နေတာကိုလည်း မောင်ကြီးကမှ လာပြီး ကူညီဖို့ ကြံပါသေးတယ်။ အုရဲ့လင်ဆိုတဲ့ ရှိန်းဆာယာ ပိုမောက်လို့ ကိုယ်ပျောက်နေတဲ့ ဆရာကြီးကတော့ လာပြီး မေးဖော်မြန်းဖော် တောင် မရဘူး။ မောင်ကြီးကတော့ ငယ်ကပေါင်းတော့ အနှစ်တစ်သောင်း မပစ်ကောင်း ဆိုတာလိုပဲ အချစ်ဟောင်းဆိုတော့ မနေနိုင်လို့ လာပြော ရတာပါ။ အသစ်တွေ ဘယ်လို ကောင်းသော်လည်း အဟောင်းကိုတော့

တလည်လည် အောက်မေ့ထိုက်ပါတယ် အုရယ်။ ကိုင်း အု၊ မောင်ကြီးရဲ့ အု၊ သူများအု မဟုတ်တဲ့ အု။ ဘယ့်နှယ်လဲ၊ ဟိုဟာ လမ်းပေါ်မှာ မောင်ကြီး လှည်း စောင့်နေတယ်။ တစ်ခါတည်း လိုက်မယ် မဟုတ်လား'

အုမှာ မျက်နှာများ ပူထူနီမြန်း၍ သွားပြီးလျှင် စကားပြန် မပေးနိုင်ဘဲ ရှိလေသည်။

'အခုလို မောင်ကြီး တရားရနေရာမှ တရားကို ပြန်ပြီး လက်လွှတ်ရတာဟာ တခြားကြောင့် မဟုတ်ဘူး။ အု ကြောင့်ပဲ။ ဒီတော့ အုဟာ မောင်ကြီး အလိုကို လိုက်ပြီး အုရဲ့လင် ငနွားကို ဒီလယ်ပြင် စခန်းကပဲ လမ်းခွဲလိုက်ပါတော့'

အုသည် အနားတွင်ရှိသော ရေသောက်သည့် ကြေးဖ လားနှင့် ဘာမပြော ညာမပြော ပန်းသာမောင်မောင်၏ မျက်နှာကို တအားပေါက်လိုက်လေသည်။ ပန်းသာမောင်မောင်မှာ ရေစိုကုန်သည့်ပြင် နှုတ်ခမ်းလည်း ကွဲသွားပြီးလျှင် နှုတ်ခမ်းမှ သွေးပေါက်ပေါက်ကျလေသည်။ ပန်းသာ မောင်မောင်သည် ရုတ်တရက် စိတ်ဆိုးသွားသော်လည်း စိတ်ကို ချုပ်တည်းပြီးလျှင် အိတ်ထဲမှ လက်ကိုင်ပဝါနှင့် သွေးများကို သုတ်၍ နေလေသည်။ အုသည် ပန်းသာမောင်မောင်ကို ကြည့်ပြီးလျှင် 'ကိုင်း ကျွန်မကို ပြန်ပြီး ရိုက်ချင်လည်း ရိုက်၊ ခြေနဲ့ ကန်ချင်လည်း ကန်။ ပြန်ပြီး ကြိုက်သလို ကလဲ့စားချေပါ။ ကျွန်မ ငုံ့ခံပါ့မယ်။ ရှင်ဟာ ကျွန်မကို ငယ်နိုင်ပါပဲ။ အခုလည်း နိုင်တာပေါ့။ ရှင့်သဘော ကျေနပ်အောင် စီရင်ပါ' ဟု ပြောလေသည်။

'မောင်ကြီး စိတ်မဆိုးပါဘူး အုရယ်။ အုကတောင် လုပ်ရက်သေးတာပဲ၊ မောင်ကြီးက ခံနိုင်ပါတယ်။ တကယ်ဆိုတော့ အုက မောင်ကြီးကို ဒါလောက် စိတ်ဆိုးဖို့ မရှိပါဘူး။ ဟိုတုန်းကလည်း အုကို မောင်ကြီး သားမှတ်မှတ် မယားမှတ်မှတ် ယူပါမယ်လို့ ပြောဖူးပါတယ်။ အုက မယူချင်လို့ မယူချင်ဘဲ နေတာပဲ။ ကိုင်း မောင်ကြီး မပြောဘူးလား၊ ဖြေစမ်းပါဦး'

'ပြောဖူးသားပဲ'

'အဲဒီတော့ မောင်ကြီးမှာ ဘာအပြစ် ရှိသေးသလဲ။ ဒီတော့ မောင်ကြီးက ကောင်းရင်လည်း အုက မောင်ကြီးအပေါ် မဆိုးချင်ပါနဲ့' ဟု ပြောပြီးနောက် ပန်းသာမောင်မောင်သည် စဉ်းစားရင်း စဉ်းစားရင်း စိတ်ထွက်လာလေသည်။

'ကိုင်း မရွှေအု၊ အရင်တုန်းက မရွှေအုကို ကျုပ် နိုင်တယ် မဟုတ်လား။ အခုလည်း မရွှေအုကို ကျုပ် နိုင်တော့မယ်။ မရွှေအု ကျုပ်လက်တွင်းက ဘယ်ပြေးမလဲ။ မရွှေအု ဘာမှ ထူးထူးထွေထွေ ပြောမနေနဲ့။ မရွှေအုဟာ ကျုပ်မယားပဲ'

ထိုအခိုက်တွင် မငွေခင်၊ မရွှေမုံနှင့်တကွ အားလုံးသော အလုပ်သမားတို့သည် ထမင်းစားပြီးကြ၍ အလုပ်ပြန်ဝင်ကြရန် လှုပ်ရှားစ ပြုလေသည်။ ပန်းသာမောင်မောင်သည် ဣန္ဒြေဆည်ပြီးနောက် 'ကိုင်း ဒီစကား ဒီမှာပဲ ဖြတ်ဦးမယ်။ အခု ကျုပ် ပြန်ပြီး ညနေကျမှ တစ်ခါ လျှောက်ခဲ့မယ်။ ကျုပ် ညနေလာရင် ကျုပ်နောက်ကို လိုက်မယ်၊ မလိုက်ဘူး ဆိုတာသာ အတိအလင်း ပြောပါ။ ကျုပ်အကြောင်းကို မရွှေအု မသိသေးဘူး။ မရွှေအု အကြောင်းကို ကျုပ် ကောင်းကောင်း သိတယ်' ဟု ပြောပြီးလျှင် အုၵ် စကားပြန်ကို မစောင့်ဘဲ ထွက်ခွာသွားလေသည်။

## အခန်း ၃၈

ထိုနေ့ညနေ ၃ နာရီခွဲ ၄ နာရီလောက်တွင် အလုပ်ရှင် ဦးတောက်ထိန်လာပြီးလျှင် အုနှင့် လုပ်သား အားလုံးအား ထိုနေ့တွင်ပင် ရိတ်ပြီးသား ရိုးရည်ထုံးများကို ပြီးအောင် တိုက်ချင်သဖြင့် မိုးချုပ်သည့်တိုင်အောင် အကုန်ဝိုင်း၍ အလုပ်လုပ်ကြရမည်၊ ညတွင် လ လည်း သာသည်ဟု အမိန့်ထုတ်လေသည်။

ရာပြည့်စာအုပ်တိုက်

အုမှာ ချွေးတလုံးလုံးနှင့် ရိုးရည်ထုံးများကို လှည်းပေါ်သို့ သယ်၍ တင်လျက် ရှိလေသည်။ သူ့စိတ်၌ကား ပန်းသာမောင်မောင်၏ ရန်မှ ဘယ်လို လွတ်အောင် ရှောင်ရပါမည်နည်းဟုသာ တွေးလျက် ရှိလေသည်။

၄ နာရီခွဲ အချိန်လောက်တွင် ပန်းသာမောင်မောင်သည် အစွမ်းကုန် ဝတ်စားဆင်ယင်၍ လယ်ထဲသို့ လိုက်လာလေသည်။ အုသည် ခပ်လှမ်းလှမ်း ကပင် မြင်ရသော်လည်း မမြင်ဟန်ပြု၍ သူ့အလုပ်ကိုသာ သူ ချွေးဒီးဒီး အကျခံကာ ကုပ်၍ လုပ်နေလေသည်။ ပန်းသာမောင်မောင်သည် အု မြင် လောက်သော နေရာသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ချိုပြုံးသောမျက်နှာ ဖြင့် အိတ်ထဲမှ လက်ကိုင်ပဝါကို ထုတ်ကာ အုဆီသို့ ယပ်၍ ပြလေသည်။ ပန်းသာမောင်မောင်၏ ရွှင်ပျသော မျက်နှာထားကို မြင်ရသောအခါ စိတ်ဆိုး ပြေသွားပြီ ဖြစ်သည်ကို တွေ့ရသဖြင့် အုသည် အကြောက်ပြေ၍ သွားလေ သည်။ ပန်းသာမောင်မောင်သည် သူနှင့် ဘာမျှ မဖြစ်မပျက်ခဲ့ဖူးသော သူစိမ်းတစ်ရံဆံသာ ဖြစ်ပါမူ အုသည် ပန်းသာမောင်မောင်၏ ရန်ကို အနည်း ငယ်မျှ ကြောက်လန့်စရာ အကြောင်း မရှိချေ။ သို့ရာတွင် လက်ထပ်ခြင်း၊ ထိမ်းမြားခြင်း စသော အပြင်ပမှု ဓလေ့ထုံးစံတို့ကို မလုပ်ခဲ့ခြင်းမှတစ်ပါး သူနှင့် ပန်းသာမောင်မောင်တို့မှာ အရေးအကြီးဆုံးအချက်၌ လင်မယားအင်္ဂါ မြောက်ခဲ့ပြီး ဖြစ်သဖြင့် သူ့လက်ထပ်လင် မောင်ဒေဝထက်ပင် ပို၍ ရင်းနှီး ခြင်း ရှိရကား ပန်းသာမောင်မောင်အား သူ၏ ကာမပိုင်လင်ကဲ့သို့ အု၏ အတွင်းစိတ်၌ မှတ်ထင်ချက် အစွဲမကင်းနိုင် ဖြစ်လေသည်။ မငွေခင်နှင့် မရွှေမှုံတို့မှာ သူတို့တာဝန်နှင့် သူတို့ လုံးပန်းနေကြရသဖြင့် အုနှင့် အမော ပြေမျှ စကားစမြည် လာ၍ မပြောနိုင်ကြချေ။ ထိုအခိုက်တွင် တစ်နေ့လုံး အလင်းကို ပေး၍ ပူလောင်ခြင်းကို ဖြစ်စေသော နေမင်းကြီးသည် တစ်နေ့ တာ အတွက် မောပန်းလေပြီ ဖြစ်သည့်အလား နီမြန်းသော မျက်နှာကြီးဖြင့် အနောက် လောကဓာတ်သို့ သွားကာ အနားယူရန် ပြင်ဆင်လျက် ရှိလေ သည်။ နေမင်းကြီးကိုယ်တိုင်ပင် မော၍ အနားယူရန် ပြင်ဆင်လျက် ရှိပြီ

ဖြစ်သော်လည်း အုနှင့်တကွသော လုပ်သားအားလုံးတို့မှာ ခပ်သိမ်းသော ဆင်းရဲနွမ်းပါးသူတို့၏ ဓမ္မတာအတိုင်း ရပ်နားဖို့ စိတ်ကူးမထည့်နိုင်ကြ သေးချေ။ နေမင်းကြီးနှင့် ပြိုင်၍လုပ်ကြရာတွင် နေမင်းကြီးသည် အရှုံးပေး၍ ဝင်ပြေးတော့မည် အပြုတွင် ဖိုးရွှေလသည် တပ်လန်၍ ပြေးရသည့် နေမင်း ကြီးဘက်မှ စစ်ကူပေးရန် အရန့်သင့်စောင့်လျက် ရှိလေသည်။ နေမင်းကြီး၏ အရောင်များကို အမိုက်တိုက်ကြီးက မှိုးဟပ်လိုက်သည်နှင့် တစ်ပြိုင်နက် ဖိုးလမင်းကြီး၏ အရောင်တို့သည် ထွန်းလင်း တောက်ပ၍ လာလေသည်။ အုတို့လည်း သူ့ဆန် စားသဖြင့် ရဲဖို့ လိုအပ်သည့်အတိုင်း မညည်းမညူ ဆက်ကာ လုပ်လျက် နေကြလေသည်။ မငွေခင်နှင့် မရွှေမွှံတို့သည် အုမှာ သူတို့နှစ်ယောက်လောက် ပင်ပန်းမခံနိုင်သည့် အဖြစ်ကို သိသဖြင့် စိုးရိမ် မကင်း ဖြစ်စ ပြုလေသည်။ ထိုအခိုက်တွင် အလုပ်ရှင် ဦးတောက်ထိန်သည် ဘယ်လိုစိတ်ကူးရလေ၍ မသိ၊ အုအနားသို့ လာပြီးလျှင် 'ဟဲ့ နင့်မိတ်ဆွေ စောင့်နေတဲ့ဆီ သွားချင် သွားတော့လေ။ ဒီနေရာမှာ ငါ တခြားတစ်ယောက် ကို ခေါ်ပြီး ခိုင်းမယ်' ဟု လောကွတ်လုပ်လေသည်။ အုက 'ကိစ္စမရှိပါဘူး တော်၊ နေပါစေ' ဟု ပြောကာ ငြင်းလေသည်။ ပန်းသာမောင်မောင်သည် စိတ်ကောင်းဝင်ခိုက် ဖြစ်သဖြင့် အု အလုပ် လုပ်နေရာသို့ မလာဘဲ ခပ်လှမ်း လှမ်းမှသာ စောင့်ဆိုင်း၍ နေလေသည်။ ည ၇ နာရီလောက် ရှိသောအခါ အလုပ်ပြီး၍ ပြန်ကြတော့မည်ဟု ပြင်ဆင်ကြသည်ကို မြင်သည်နှင့် တစ်ပြိုင် နက် ပန်းသာမောင်မောင်သည် အု ရှိရာသို့ သုတ်သီးသုတ်ပျာ ကပ်လာတဲ့ ပြီးလျှင် 'အု မောသလား' ဟု မေးလေသည်။

'ရှင့်ကို ကျွန်မ ဖလားနဲ့ ပေါက်လိုက်တာတောင် မမှတ်သေးဘူး လား'

'ဩော်၊ အုကို ဗွေယူရင် မောင်ကြီး မှားမှာပေါ့။ အုက ဖလားနဲ့ ပေါက်ပေမဲ့ မောင်ကြီးက ပန်းနဲ့ပေါက်သလို အောက်မေ့တာပဲ။ ဩော် ကြည့်စမ်းပါဦး၊ အု လက်ကလေးတွေလည်း တုန်လို့ပါကော၊ မောရှာလွန်းလို့

ထင်ပါရဲ့။ ဟုတ်ပါတယ်၊ မောရှာမှာပဲ။ နေပူကြီးထဲမှာ တစ်နေ့လုံး လုပ်နေရတာ မမောဘဲ ဘယ်ခံနိုင်မလဲ။ အုဟာ အု သက်သက် အပင်ပန်းခံချင်လို့ ခံနေတာပဲ။ တကယ်ဆိုတော့ မောင်ကြီးနဲ့ တွေ့တဲ့ အချိန်က စပြီး အုမှာ ဘာမှ ဒီလို မောကြီးပန်းကြီး လုပ်ဖို့ လိုတာမှ မဟုတ်ဘဲ။ ဘာလို့ ဒီလောက်တောင် ခေါင်းမာနေရတာလဲ အုရယ်။ ခေါင်းမာတယ်ဆိုတာ နေရာတကာတိုင်း ကောင်းတာ မဟုတ်ပါဘူး။ ဒါထက် အုကို အိမ် ရောက်အောင် မောင်ကြီး လိုက်ပို့မယ်နော်'

'ရှင့်သဘောပဲ။ ပို့ချင်လည်းပို့၊ မပို့ချင်လည်းနေ။ ရှင့်ကို ကျွန်မ နိုင်တာ မဟုတ်ဘူး။ ဒါထက် ရှင် အခု ကျွန်မကို လိုချင်တယ် ဆိုတာက ရှင် ကျွန်မ အကြောင်းကို မသိလို့ဟာပဲ။ ရှင့်ကိုကြည့်ရတာ ကျွန်မကိုယ် ကျွန်မ ထင်တာထက် ပိုပြီး ကြင်နာတဲ့သဘော ရှိပုံရတယ်။ ကြင်နာတဲ့ သဘောနဲ့ လုပ်သမျှကိုတော့ ကျွန်မ ကျေးဇူးတင်ပါတယ်။ ဒီ့ပြင်သဘောနဲ့ လုပ်တာတွေ အတွက်တော့လည်း ရှင်ဟာ ဘယ်လိုသဘောနဲ့ လုပ်တယ် ဆိုတာ တွေးလို့ မရဘူး'

'မောင်ကြီးကတော့ အရင်တုန်းက အုနဲ့ မောင်ကြီးနဲ့ ဖြစ်ခဲ့တဲ့ကိစ္စကို လောကထုံးစံနဲ့ အညီ တင့်တင့်တယ်တယ် ဖြစ်အောင် လုပ်ခွင့်ပေးပါလို့ ပြောချင်တာပဲ။ တကယ်လို့ မောင်ကြီး တောင်းပန်တာကို ခွင့်မပြုနိုင်ဘူး ဆိုရင်တော့ အုကို မောင်ကြီး တတ်နိုင်တဲ့ဘက်က ကူညီပါရစေ။ ကူညီတဲ့ အခါမှာလည်း အရင်တုန်းကလို အု မကြိုက်တာကို မောင်ကြီး မလုပ်ပါဘူး။ အုရဲ့ စိတ်နှလုံးကို မထိခိုက်အောင် မောင်ကြီး သတိထားပါမယ်။ တရားဟောတဲ့ အလုပ်ကိုတော့ မောင်ကြီး စွန့်လိုက်ပြီ။ ဒါပေမဲ့ မောင်ကြီး စိတ်ထဲမှာ တရားဟောရတဲ့ ကျေးဇူးကြောင့် စိတ်ကောင်း နှလုံးကောင်း ကလေးများတော့ နည်းနည်းဝင်လာပါတယ်။ ဒီတော့ကို မောင်ကြီး ပြောချင်တာက လောကမယ် ယောကျာ်းနဲ့ မိန်းမတို့ တစ်ဦးနဲ့တစ်ဦး မြတ်နိုးတတ်တဲ့ သဘောတရားကို ထောက်ထားပြီးတော့ မောင်ကြီးအပေါ်မှာ ယုံကြည်စေချင်

ပါတယ်။ မောင်ကြီးမှာ အုကိုယ်တိုင်ရော၊ အုရဲ့ မိဘများ၊ မောင်ကလေး ညီမကလေးများရော မတောင့်မတ မကြောင့်မကြ နေနိုင်ကြဖို့ အတွက် ပစ္စည်းတွေ မကုန်နိုင် မခန်းနိုင်လောက်အောင် ရှိပါတယ်။ အုကသာ မောင်ကြီးအပေါ်မှာ အယုံအကြည် ရှိမယ်ဆိုရင် သူတို့အားလုံးကို ချမ်းချမ်း သာသာ နေရအောင် မောင်ကြီး တာဝန်ထားပါ'

'ရှင် သူတို့နဲ့ မကြာခင်တုန်းက တွေ့ခဲ့သေးသလား'

'တွေ့တာပေါ့၊ အု ဘယ်မှာ နေတယ်လို့ သူတို့ မသိကြဘူး။ အခု အုနဲ့ တွေ့တာတောင် ကံအားလျော်စွာ လာပြီး တွေ့တာ'

ထိုစကား ပြောနေခိုက်တွင် အုနေသော အိမ်ရှေ့က ဒေါင်းဆရစ်ရုံ အောက်သို့ ကပ်မိကြလေသည်။ အု၏ ချွေးနှင့်မြူ လိမ်းကျံလျက် ရှိသော မျက်နှာပေါ်သို့ လရောင်တို့သည် ပန်းနွယ်ကြားမှ ထိုးလျက် ရှိလေသည်။ ပန်းသာမောင်မောင်သည် အုကို စေ့စေ့ကြည့်ကာ ပီတိဖြစ်လျက် ရှိလေသည်။

'ကျွန်မ မောင်ကလေးတွေ ညီမလေးတွေအကြောင်း ထည့်မပြောနဲ့။ သူတို့အကြောင်းကို တွေးမိရင် ကျွန်မ သိပ်ငိုချင်ပါတယ်။ သူတို့ကို ရှင် စောင့်ရှောက်ချင်တယ်ဆိုရင် ရှင့်ဟာရှင် သွားစောင့်ရှောက်။ ကျွန်မကို ဘာမှ မပြောနဲ့။ အို ရှင် စောင့်ရှောက်လို့ မဖြစ်ပါဘူး။ ရှင် ပေးတာ ကမ်းတာကို ကျွန်မအတွက်ပဲ ဖြစ်ဖြစ်၊ သူတို့အတွက်ပဲ ဖြစ်ဖြစ် လက်ခံလို့ မဖြစ်ပါဘူး'

အုသည် ထိုသို့ ပြောပြီးနောက် အိမ်ဝင်းထဲသို့ ဝင်သွားလေသည်။ အိမ်ထဲ၌ အခြားလူများ ရှိသည်ကို သိသဖြင့် ပန်းသာမောင်မောင်သည် အိမ်ဝမှပင် လှည့်၍ ပြန်လေသည်။ အုသည် ကပျာကယာ ရေမိုးချိုး၊ ထမင်း စားပြီးလျှင် မှိုင်းတလူလူ ထွက်လျက်ရှိသော မီးခွက်ကလေးကို သူ့အိပ်ရာ နားသို့ ယူလျက် မောင်ဒေဝထံ အောက်ပါစာကို ရေးလေသည်။

အသနားခံပါသည် လင်ကိုကိုရှင့်။ လင်ကိုကိုလို့
ခေါ်တဲ့အတွက် စိတ်မဆိုးပါနဲ့။ အုဟာ ကိုကိုရဲ့မယား

ဖြစ်ထိုက်တဲ့ ဂုဏ်အင်္ဂါ မရှိတဲ့အကြောင်းကို အု သိပါရဲ့။ သိလျက်နဲ့ မနေနိုင်လို့ လင်ကိုကိုလို့ ခေါ်မိပါတယ်။ အုကို ကယ်ပါဦး ကိုကိုရယ်။ အုမယ် ကိုကိုကလွဲလို့ အားကိုးစရာ မရှိပါဘူး။ အုကို သွေးဆောင်မယ့်လူလည်း အနားမှာ ရောက်နေပါတယ်။ ဘယ်သူ ဆိုတာကို အု မပြောဝံ့ပါ။ အုတော့ဖြင့် ကိုကို့ကိုပဲ ကယ်ပါလို့ ပြောရတော့မှာပဲ။ အုကို ချက်ချင်း လာပြီး ကယ်လှည့်ပါ။ မကယ်ရင် ကိုယ်ကျိုး နည်းပါလိမ့်မယ်။ ခရီးဝေးလို့ ကိုကိုလည်း ချက်ချင်းလာ နိုင်မှာ မဟုတ်ဘူး။ အုတော့ ခက်တော့တာပဲ။ ကိုကိုလည်း မလာဘူး၊ အုလည်း ကိုကို့ဆီကို မလာရဘူးဆိုရင် အု သေရပါလိမ့်မယ်။ ကိုကို အုကို ပေးတဲ့အပြစ်ဟာ ပေးထိုက် ပါတယ်။ ဒီအပြစ်ကို အုဟာ ကောင်းကောင်းကြီး ခံထိုက် ပါတယ်။ ခံထိုက်တယ် ဆိုတာကိုလည်း အု သိပါတယ်။ အု အပေါ်မှာ ကိုကို စိတ်ဆိုးတာလည်း ဆိုးထိုက်ပါတယ်။ ကိုကို ပေးတဲ့ အပြစ်ဟာလည်း တရားပါတယ်။ ဒါပေမဲ့ ကိုကိုရယ်၊ တရားရုံတင် မတရားပါနဲ့။ နည်းနည်းကလေး လောက် သနားလည်း သနားပါဦး။ မသနားထိုက်ဘူး ဆိုတာကိုလည်း အု သိပါရဲ့။ ဒါပေမဲ့ ကိုကိုရယ်၊ နည်းနည်း လောက် အားနာ သနားလေး သနားပြီး ပြန်ခဲ့ပါတော့။ ကိုကို ပြန်လာလို့ ကိုကို့ကို အားရအောင် မြင်ရပြီးရင် အု သေပျော်ပါပြီ။ တကယ်ပြောတာပါ ကိုကိုရယ်၊ မယုံ မရှိပါနဲ့။ ကိုကိုကသာ အခွင့်လွှတ်မယ် ဆိုရင် အုဟာ ဒီဘဝမှာ လူဖြစ်ကျိုး နပ်ပါပြီ။

အုမှာ တခြားစိတ် ဘာမှ မရှိပါဘူး။ ကိုကို့ကိုချစ်တဲ့ စိတ် တစ်စိတ်တည်းပဲ ရှိပါတယ်။ အုကို အခုလို ပစ်ထား

ရာပြည့်စာအုပ်တိုက်

ခဲ့တဲ့ အတွက် အုမှာ ကိုကို့ကို အပြစ်တင်ချင်တဲ့စိတ် လုံးလုံး မရှိပါ။ တင်လည်း မတင်ရက်ပါဘူး။ အလုပ်အကိုင် အတွက် ကိုကို မသွားလို့ မဖြစ်ဘူး ဆိုတာလည်း အု သိပါတယ်။ ကိုကို့ကို အပြစ်တင်စကား ပြောလိမ့်မယ် မထင်ပါနဲ့။ တင်ချင်စိတ် လုံးလုံး မရှိပါဘူး။ အုဆီကို ပြန်ခဲ့ဖို့သာ တောင်းပန်ပါတယ်။ ကိုကို မရှိတဲ့အတွက် အု နည်းနည်းမှ မပျော်ပါ။ အလုပ်လုပ်ရလို့ ဘယ်လောက် ပင်ပန်းပင်ပန်း အု အရေးမကြီးပါဘူး။ ကိုကို့ဆီကသာ ကိုကို ပြန်ခဲ့မယ်ဆိုတဲ့ စာကလေး တစ်ကြောင်းလောက် ဖတ်ရရင် အု ပျော်ပျော်ကြီး စောင့်နေနိုင်ပါတယ်။

ကိုကို့မယား ဖြစ်တဲ့အချိန်က စပြီး အု စိတ်ထဲမှာ သစ္စာစောင့်ဖို့ အလုပ်တစ်ခုတည်းကိုပဲ အမြတ်ဆုံးတရားလို့ သဘောထားပါတယ်။ အုကို ဒီပြင်ယောက်ျားများက သူ တို့ဟာ သူတို့ ကွယ်ရာကနေပြီး မြှောက်သလို ပင့်သလို ရှိသဲ့သဲ့ ပြောရင်တောင် ကိုကို့အပေါ်မှာ အု သစ္စာဖောက် သလို အောက်မေ့ပါတယ်။ ဒွေးလေးမယ်တို့ဆီမှာ နေကြ တုန်းက အုကို ချစ်တာကို အပုံတစ်ရာလောက် ပုံပြီး တစ်ပုံ လောက်ဖြစ်ဖြစ် အုကို ပြန်ပြီးချစ်ပါဦး ကိုကိုရယ်။ အုကို အခုလိုလည်း ပစ်မထားပါနဲ့ ကိုကိုရယ်။ ကိုကိုက စပြီး ချစ်တဲ့ အုဟာ အခု အုပါပဲ ကိုကိုရယ်။ ကိုကိုမုန်းတဲ့ အုနဲ့ အခု အုဟာ တခြားစီပါ။ ကိုကိုကစပြီး ချစ်တဲ့အချိန် က စလို့ အုမှာ ဘာမှ ပြောင်းလဲခြင်း မရှိပါဘူး ကိုကိုရယ်။ အုဟာ ကိုကို ချစ်တဲ့အချိန်ကစပြီး ဘဝသစ်ကို ပြောင်းလာ ပါပြီ။ အရင်က အု မဟုတ်တော့ပါဘူး။ အရင်က အုဟာ သေသွားပါပြီ ကိုကိုရဲ့။ အခု အုဟာ ကိုကို အသစ်ဖန်ဆင်း

ထားတဲ့ အုပါ။ ကိုကို့ကိုယ်ကိုလည်း ကိုကို နည်းနည်း အထင်ကြီးစမ်းပါဦး ကိုကိုရဲ့။ ကိုကိုနဲ့တွေ့မှ အုဟာ ဘယ်လို ဘဝသစ်ကို ပြောင်းလဲလာတယ်ဆိုတာ ကိုကို သိရင် အမိုက်မကလေးဆီကို ပြန်လာချင်မှာပါပဲ။

ကိုကိုဟာ အုကို ဘယ်တော့မှ မုန်းမှာ မဟုတ်ဘူးလို့ ရှုးရှုးမိုက်မိုက်နဲ့ အု ထင်ခဲ့မိတာတွေ မှားကုန်ပြီပေါ့။ အုလို မိန်းမမျိုးဟာ ကိုကို့ရဲ့မယား မဖြစ်ထိုက်ဘူးဆိုတာ အစ ကတည်းက အု သိဖို့ကောင်းလျက်သားနဲ့ အု မသိခဲ့ဘူး။ ခုတော့ အုမယ် ခက်ကုန်ပြီ။ အရင်တုန်းက ပျော်ပျော်ရွှင်ရွှင် နေခဲ့ရတာတွေကို ပြန်ပြီး အောက်မေ့လို့သာ မဟုတ်ပါဘူး။ နှာခေါင်း ကျည်ပွေ့လည်း တွေ့နေရပါပကော ကိုကိုရဲ့။ ဒီဘဝမှာ နောက်ထပ် ကိုကိုနဲ့ တွေ့ရမှာ မဟုတ်တော့ဘူး ဆိုတဲ့ အကြောင်းကို စဉ်းစားမိရင် အု စိတ်ထဲမှာ ဘယ်လို နေမယ် ဆိုတာ ကိုကိုပဲ စဉ်းစားကြည့်ပါတော့။ မျက်စိ နှစ်လုံး ပွင့်တဲ့ အချိန်ကစပြီး အိပ်ပျော်တဲ့ အချိန်ရောက် အောင် အု စိတ်ညစ်နေသလို တစ်နေ့ တစ်နေ့မယ် တစ်အောင့်ကလေး တစ်အောင့်ကလေးလောက် ကိုကို့ကို အု စိတ်ညစ်အောင်များ လုပ်နိုင်ရင် ကိုကိုဟာ ကိုယ်ချင်းစာ တရား ဖက်လာပြီး အုကို သနားစိတ် ပေါ်လာမှာပါပဲ။

အုကို ချောတယ်၊ ချောတယ်နဲ့ သူများတွေက ပြော ကြတယ်။ သူတို့ ပြောတာ ဟုတ်ချင် ဟုတ်ပါလိမ့်မယ်။ အု စိတ်ထဲမှာတော့ ချောချင် လှချင်တဲ့စိတ် လုံးလုံး မရှိ ပါဘူး။ အရင်တုန်းက ချောချင် လှချင်တဲ့စိတ် ရှိမိခဲ့တာ လည်း အုကို ကိုကို ပိုင်တဲ့အတွက် ကိုကို့ စိတ်ထဲမယ် ဩော် ဒင်းမယ် ချောတာ လှတာကလေး တစ်ချက်တော့

ဖြင့် ပြောစရာ ရှိသေးရဲ့လို့ အောက်မေ့စေချင်လို့သာပါ။ အခုတော့ ကိုကိုက အုကို မပိုင်ချင်တော့ဘူး ဆိုတော့ အုမှာ ချောချင် လှချင်တဲ့စိတ် မရှိတော့ပါဘူး။ သူများ တွေက ချောတယ်၊ ချောတယ် ပြောတာတောင် မခံနိုင်လို့ မျက်နှာကို အနာပေါက်သလို အဝတ်ကြီးနဲ့ စည်းထားပါ သေးတယ်။ ဒီအကြောင်းကို ပြောတာ ကြွားချင် ဝါချင်လို့ မဟုတ်ပါဘူး။ အုမှာ ကိုကို သိတဲ့အတိုင်း ကြွားချင် ဝါချင် တဲ့ စိတ် နှမ်းစေ့လောက်မှ မရှိပါဘူး။ ဒီအကြောင်းတွေကို ကိုကို သိရင် အု အပေါ်မှာ ကိုကို ပြန်ပြီး စိတ်လည်ချင် လည်ကောင်းရဲ့လို့ အောက်မေ့လို့သာ ပြောတာပါ။

အုဆီကို ဘယ်နည်းနဲ့မှ ပြန်မလာနိုင်ဘူးဆိုရင် ကိုကို့ ဆီကို အု လာခဲ့ပါရစေ။ အု အများကြီး စိတ်မကောင်းပါဘူး ကိုကိုရယ်။ အု မလုပ်ချင်တာကို လုပ်မိအောင် သွေးဆောင် မယ့် ရန်သူလည်း အု အနားမှာ ရောက်နေပါတယ်။ အု စိတ်ထဲကတော့ ဆံချည် တစ်မျှင်လောက်မှ ယိမ်းယိုင်မယ် မကြံပါဘူး။ ဒါပေမဲ့ မတော်လို့များ ခြေချော်လက်ချော် တစ်ခုခု ဖြစ်သွားရင် ဘယ်အခြေအနေကို ရောက်မယ်လို့ မပြောနိုင်တဲ့အတွက် အု အားကြီး စိတ်ပူနေပါတယ်။ ဒီအကြောင်းကို အု ဆက်ပြီး မပြောပါရစေနဲ့ ကိုကိုရယ်။ ပြောရတာ အု စိတ်မချမ်းသာပါဘူး။ ဒီတစ်ခါ သူ့ကျော့ ကွင်း တိုးမိရင် အလျင်တစ်ခု တိုးမိတာထက် ဆိုးပါလိမ့် မယ်။ အု အဖြစ်ကို အု တွေးမိရင် ကြက်သီးထလွန်းလို့ပါ။ ကိုကို့ဆီကို အခု ချက်ချင်းပဲ လိုက်ခဲ့ပါရစေတော့။ အု မလိုက်ခဲ့ရဘူးဆိုရင်လည်း ကိုကို ချက်ချင်းပြန်ခဲ့ပါ။

ကိုကို့ဆီမှာ ကိုကို့မယား အဖြစ်နဲ့ လိုက်မနေရရင်

ကိုကို့ရဲ့ အစေခံမ အဖြစ်နဲ့ လိုက်နေပါရစေ။ အဲဒီလို နေရရင် အု ကျေနပ်ပါပြီ။ ကိုကို့အနားမှာ နေရပြီး "ဒါ ငါ့လင်ပဲ"လို့ တစိမ့်စိမ့် ကြည့်နေရင် အု သေရမှာတောင် မကြောက်တော့ပါဘူး။

ကိုကို မရှိတဲ့အတွက် အု စိတ်ထဲမှာ ဘာကိုမှ မကြည့်ချင် မမြင်ချင်တော့ပါဘူး။ အရင်တုန်းက ကိုကိုနဲ့အတူတူ ကြည့်နေကျ မြင်နေကျဖြစ်တဲ့ လင်းမြီးဆွဲ ငှက်ကလေးတွေ၊ ပုစဉ်းထိုး ငှက်ကလေးတွေ၊ ချိုးလင်းပြာကလေးတွေကိုလည်း ကိုကို မရှိတဲ့အတွက် အု မကြည့်ချင် မမြင်ချင်တော့ပါဘူး။ အု စိတ်ထဲမယ် ကိုကို့ကို မြင်ချင်တဲ့ အာရုံတစ်ခုတည်းပဲ ရှိပါတယ်။ ဒါကြောင့် ကိုကိုရယ်၊ အုကို ပစ်မထားပါနဲ့တော့။ ဒီစာရရင် ရချင်း အုကို ကယ်လှည့်ပါတော့။ မကယ်ရင် အု ခက်ပါတော့မယ်။

*သစ္စာမှန်သူ၊*
*စိတ်မချမ်းသာသူ*
**အု**

အု ထည့်လိုက်သော စာသည် ဦးဖြိုးဒင် လက်ထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားလေသည်။ ဦးဖြိုးဒင်သည် အုထံမှ ပေးလိုက်သော စာကို ကြည့်ပြီးလျှင် သူ့မိန်းမအား ခေါ်၍ 'ဒီစာဟာ လူကလေး မောင်ဒေဝ မိန်းမဆီက စာနဲ့ တူတယ်' ဟု ပြောပြီးနောက် ထိုစာကို မောင်ဒေဝထံသို့ ထည့်လိုက်လေသည်။ မောင်ဒေဝသည် ဂျာဗားကျွန်း တစ်နေရာမှ တစ်နေရာ ခဏခဏ ရွှေ့ပြောင်းလျက်နေသဖြင့် သူ့ဆီ စာပေးလျှင် ချောချောမောမော ရောက်စေခြင်း အကျိုးငှာ သူ့အဖေဆီမှတစ်ဆင့် ပေးရန် မှာထားခဲ့သောကြောင့် အုသည် မောင်ဒေဝထံ ပေးရန်စာကို ဦးဖြိုးဒင်ထံမှ တစ်ဆင့်ပေးခြင်း

ဖြစ်လေသည်။ မောင်ဒေဝသည် နေရာ ရွှေ့ပြောင်းတိုင်း၊ ရွှေ့ပြောင်းတိုင်း ဦးဖြိုးဒင်ထံသို့ စာပေးသဖြင့် ဦးဖြိုးဒင်မှာ မောင်ဒေဝ၏ နေရပ်ကို အမြဲ သိလေသည်။

မောင်ဒေဝ၏ မိခင်သည် မည်သည့်အခါကမျှ ဦးဖြိုးဒင်အား အပြစ် မတင်ဖူးသော်လည်း အုထံမှ သူ့သား မောင်ဒေဝထံသို့ ပေးလိုက်သော စာအိတ်ကို မြင်ရသောအခါ မောင်ဒေဝ၏ အဖြစ်အပျက်များကို သတိရ သဖြင့် 'အခု ကျွန်မသား ဒီလိုဖြစ်ရတာ ရှင့်ကြောင့်ပဲ' ဟု ဦးဖြိုးဒင်အား အပြစ်တင်မိလေသည်။ ဦးဖြိုးဒင်လည်း "ငါ့အပြစ် ငါ သိပါတယ်ကွယ်၊ မင်းပြောဖို့ မလိုပါဘူး" ဟူသော အနေမျိုးဖြင့် သူ့မိန်းမက အပြစ်တင် သည်ကို ဘာမျှပြန်မပြောဘဲ နေလေသည်။ မောင်ဒေဝအား သူ့အစ်ကိုကြီး နှစ်ယောက်နည်းတူ ဘီအေ အောင်အောင် ပညာဆက်၍ သင်ပေးခဲ့သော်၊ အကယ်၍ မင်းမှုထမ်း လခစား မလုပ်ချင်သည့်တိုင်အောင် ယခုကဲ့သို့ တောက ကောက်စိုက်သမ၊ ပဲကောက်သမကလေးနှင့် တွေ့ရလိမ့်မည် မဟုတ်။ ယခုမူ သူ့အလိုလိုက်ပြီး လယ်ယာစိုက်ပျိုးမှုနှင့် အသက်မွေးစေရန် ကြံ၍ တောသို့ ပို့လိုက်သောကြောင့်သာ သည်ကဲ့သို့ ဖြစ်ရလေသည်ဟု မောင်ဒေဝ၏မိခင် စိတ်တွင် စွဲလမ်း၍ နေလေသည်။ မောင်ဒေဝ၏ မိခင် သည် နဖူးစာ ရွာလယ် ဆိုသော တရားကို ယုံဟန် မတူပေ။

'ပြီးပြီးသား ပြီးပါစေတော့ကွယ်၊ ဘယ်တတ်နိုင်တော့မလဲ။ ငါလည်း မင်းလိုပဲ စိတ်မကောင်းပါဘူး။ ဒါပေမဲ့ သူမြတ်နိုးလို့ ယူတဲ့ဟာကို တို့ ပြောလို့ကော ရမတဲ့ လား' ဟု ဦးဖြိုးဒင်သည် သူ့မယားအား တရားချ လေသည်။

အုနှင့် မောင်ဒေဝသည် မည်သည့် အကြောင်းကြောင့် ခွဲ၍ နေကြ သည်၊ မည်သည့်နေ့ မည်သည့်ရက်ကစ၍ ကွဲနေကြသည် စသော အကြောင်း များကို ဦးဖြိုးဒင်တို့ လင်မယား အသေအချာ မသိကြ။ မောင်ဒေဝတို့ လင်မယား ကွဲ၍နေကြသည့် အကြောင်းမှာ အတော်ကြီးသော အကြောင်း

တစ်ခုခုကြောင့် ဖြစ်သည်ဟု အစ၌ ထင်ရသော်လည်း၊ နောင် မောင်ဒေဝထံမှ ပေးသော စာများ၌ သူ မကြာမီ ပြန်လာပြီးနောက် သူ့မယားကို ခေါ်ရန် ကြံရွယ်ကြောင်းကို တွေ့ရှိရသဖြင့် သူတို့ လင်မယားသည် မကြာမီပင် သင့်သင့်မြတ်မြတ် ဖြစ်ကြလိမ့်မည်ဟု ထင်ကြရလေသည်။ မောင်ဒေဝသည် ဦးဖြိုးဒင်တို့ထံ စာရေးသောအခါ အုမှာ သူ့မိဘ ဆွေမျိုးများထံတွင် နေကြောင်းနှင့် ရေးသဖြင့်၊ ဦးဖြိုးဒင်တို့လည်း အုသည် တကယ်ပင် သူ့ဆွေမျိုးများထံ၌ ရှိသည်ဟု ယုံကြည်လျက် ရှိကြလေသည်။ သူတို့ လင်မယားအကြောင်းမှာ မောင်ဒေဝ ကိုယ်တိုင်က အတိအလင်း ပြောချင်သောအကြောင်း မဟုတ်မှန်း သိသဖြင့် ဦးဖြိုးဒင်တို့ လင်မယားသည် မည်သည့်အခါမျှ ထိုအကြောင်းနှင့် ပတ်သက်၍ စာထဲ၌ ထည့်၍ မရေးကြချေ။

အုသည် သူ့လင်ထံသို့ စာရေးလိုက်သော အခါသည်ကား သူ့လင်သည် ဂျာဗားကျွန်း တောကြီးခေါင်ခေါင်တွင် မြင်းတစ်စီးနှင့် ခရီးသွား၍ နေသောအခါ ဖြစ်လေသည်။ မောင်ဒေဝသည် ဂျာဗာကျွန်းသို့ ကမန်းကတန်း ထွက်၍လာခဲ့ခြင်းမှာ စီးပွားရေး အကြောင်းကြောင့် မဟုတ်လှဘဲ၊ စိတ်နောက်ကျ၍ စိတ်ပျောက်လက်ပျောက် ဖြစ်စေခြင်း အကျိုးသာ ဖြစ်လေသည်။ သို့ရာတွင် အရှူး ရှာလယ် ဆိုသကဲ့သို့ တစ်နေရာတည်း၌ ရပ်တည်၍ မနေရခြင်း အကျိုးမှတစ်ပါး မောင်ဒေဝမှာ ဂျာဗားကျွန်း၌ ရောက်၍ နေရသော်လည်း ထင်သလောက် စိတ်ပျောက်လက်ပျောက် မဖြစ်ရုံမျှမက ပို၍ပင် ယောင်ခြောက်ခြောက်နှင့် စိတ်မကောင်း ဖြစ်ရသေးသည်။ မောင်ဒေဝသည် တစ်ယောက်တည်း ထွေရာလေးပါး စဉ်းစားပြီးလျှင် လောကကြီး၌ "ကောင်းသည် ဆိုသော တရားနှင့် မကောင်းဘူး ဆိုသော တရားများ" ကို အသေအချာ ပြန်၍ စစ်ဆေးဦးမှ "ရေးပုံတော် လှ" မည့် အဖြစ်ကို ဆင်ခြင်မိလေသည်။ လောက၌ ဘယ်လိုလူကို လူကောင်း ခေါ် မည်နည်း၊ အထူးသဖြင့် ဘယ်လို မိန်းမကို မိန်းမကောင်း ခေါ်မည်နည်း၊ တစ်ယောက်သောသူ၏ အကျင့်စာရိတ္တကို ဆုံးဖြတ်ရာတွင် ထိုသူ၏ ကာယကံမြောက် အဖြစ်အပျက်

များနှင့် ဆုံးဖြတ်မည်လော၊ သို့တည်းမဟုတ် ထိုသူ၏ စိတ်ရင်း၊ စေတနာရင်း၊ ရည်စူးရင်း၊ ကြံရွယ်ရင်း အာသီသဖြင့် ဆုံးဖြတ်မည်လော၊ ဖြစ်ပြီးပြုပြီးသော အမှုတို့ဖြင့် စံတင် ဆုံးဖြတ်ခြင်းထက် မိမိစိတ်တွင်းက ဖြစ်လိုပြုလိုသော အမှုတို့ဖြင့် တိုင်းထွာ ဆုံးဖြတ်ခြင်းသည် တစ်ယောက်သောသူ၏ စရိုက်ကို ဆုံးဖြတ်ရာ၌ ပို၍ ဟုတ်တိုင်းမှန်ရာကျမည် မဟုတ်ပါလော။ ဤသို့ မောင်ဒေဝသည် ဆင်ခြင်မိလေသည်။ တရားကိုယ် သဘောအားဖြင့် အကြင်တစ်ယောက်သောသူ၏ အကျင့်ကို ဆုံးဖြတ်ရာတွင် ထိုသူ အကယ်ပြုပြီး ဖြစ်ပြီးသော အမှုတို့ဖြင့် မဆုံးဖြတ်ဘဲ၊ ထိုသူ ပြုရန် တောင့်တအပ်ရည်ရွယ်အပ်သော အမှုတို့ဖြင့် ဆုံးဖြတ်ခြင်းသည် ပို၍ မှန်ကန်သည် ဖြစ်ပါမူ အုကို မည်ကဲ့သို့ ဆုံးဖြတ်ပါအံ့နည်း။ မောင်ဒေဝသည် အကြိမ်ကြိမ် အဖန်ဖန် ဆင်ခြင်၍ရသောစံ အသစ်ဖြင့် အု၏ တရားကို ပြန်၍ ဝေဖန်သောအခါ ကိုယ်ရေးကြံသဖြင့် သက်လုံမကောင်းနိုင်ဘဲ အလျင်စလို အကြင်နာမဲ့စွာ စီရင်ဆုံးဖြတ်ခဲ့မိသည်ကို နောင်တရ၍ စိတ်နှလုံး မချမ်းမသာဖြစ်စ ပြုလေသည်။ မောင်ဒေဝသည် အုအပေါ်၌ ကရုဏာ ဒေါသောဖြင့် အချစ်ကြီး၍ အမျက်ကြီးစွာ ပစ်ခွာထားခဲ့သော်လည်း အကယ်ပင် သူ့ရင်တွင်း၊ နှလုံးတွင်း၊ ရိုးတွင်းခြင်ဆီအတွင်းက ပြတ်ပါ၏လော။ ဂျာဗာကျွန်း၌ တစ်နှစ်ကျော်မျှ ကေစာရီ သုံးပြီးသည့်နောက်၌ပင် အုအပေါ်၌ လုံးလုံးလျားလျား သူ့စိတ် ပြတ်ပြီဟု မဆိုနိုင်ဘဲ ရှိလေသည်။ ထိုသို့ မဆိုနိုင်ခြင်း၏ လိုရင်းသဘောမှာ အုကို အပြစ်လွှတ်တော့မည်ဟု ဆိုသော သဘောပင် ဖြစ်တော့သည်။

မောင်ဒေဝစိတ်၌ ထိုကဲ့သို့ အုအပေါ်တွင် နှစ်လိုစိတ် ပေါ်လာသောအခါသည်ကား အုသည် ကျူတောရွာမ၌ ပင်ပန်းကြီးစွာ ရိုးရည်ရိတ်၍ နေရသောအခါပင် ဖြစ်လေသည်။ သို့ရာတွင် အုသည် သူ့အဖြစ်အပျက်၊ သူ့ဆင်းရဲပုံ၊ သူ့စိတ်မချမ်းသာပုံတို့ကို အရဲစွန့်၍ မောင်ဒေဝထံသို့ စာရေးမည်ဟု မဆုံးဖြတ်ရသေးသော အခါဖြစ်၍ မောင်ဒေဝမှာ သူ့မယား အုသည်

ဘယ်လိုနေ၊ ဘယ်လိုထိုင်သည်ကို မသိရသဖြင့် စိတ်အအိုက်ကြီး အိုက်၍ နေလေသည်။ ထိုသို့ စိတ်အိုက်နေခြင်းကြောင့် "အု ဘာလို့ ကိုကို့ထံ စာ မရေးရသလဲ" ဟု မစုံစမ်းမိ။ "ကိုကို့ထံက စာမပေးဘဲနဲ့၊ ကိုကို့ထံကို စာရေးဖို့ မလိုဘူး" ဟု မောင်ဒေဝက တစ်ချက်လွှတ်အမိန့် ထုတ်ထား ခဲ့သဖြင့် အုသည် ထိုအာဏာသံ ပြင်းလှသော အမိန့်တော်ကို "ဝမ်းထဲယုံ့ယုံ့၊ ယုံ့လျှင်ကျုံ့သို့၊ ဆိုတုံ့မဝံ့ စောင်းမာန်ညွှတ်" ကာ ဦးထိပ်ထက် ရွက်ဆင်နေရှာ ရသဖြင့် ဘယ်ကဲ့သို့ပင် မောင်ဒေဝထံ စာရေးချင်သော်လည်း မရေးဝံ့ဘဲ နေလေသည်။ အုသည် နဂိုသဘောအားဖြင့် ကြောက်ရွံ့စိတ် မရှိသော်လည်း မောင်ဒေဝ၏ အမိန့်ကိုကား လွန်ဆန်ပိုင်ခွင့် ရှိသည်ဟု ဘယ်အခါမျှ မယူဆ။ မောင်ဒေဝ ဆုံးဖြတ်သမျှမှာ အမြဲပင် မှန်ရမည်ဟု သဘောထားကာ ခေါင်းငုံ့ ၍ ခံလေသည်။

မောင်ဒေဝသည် ဂျာဗာကျွန်း အလယ်ကောင် တောခေါင်ခေါင်ကြီး၌ တစ်ယောက်တည်း မြင်းစီး၍ သွားစဉ်တွင် အခြား ခရီးသွားတစ်ယောက် မိ၍ လာလေသည်။ ထိုသူမှာ မြန်မာပြည်မှ တစ်ပြည်တစ်ရွာသို့ ခရီးထွက်ခွာ သွားကြသော မြန်မာလူမျိုး အနည်းငယ်တို့အနက် တစ်ယောက် အပါအဝင် ဖြစ်လေသည်။ မောင်ဒေဝသည် ထိုမြန်မာ ခရီးသွားနှင့် မြန်မာပြည်တွင် နေစဉ်က မသိမကျွမ်းဖူးခဲ့သော်လည်း၊ သူတစ်ပါးရပ်ရွာ၌ သွား၍ တွေ့သော အခါ မိမိတို့ ချက်မြှုပ်ပြည်ရွာမှာ တွေ့ကြသည်နှင့် မတူဘဲ တစ်ယောက်နှင့် တစ်ယောက် များစွာ ချစ်ခင်ကြင်နာခြင်း ရှိကြလေသည်။ ထိုခရီးသွားမှာ လည်း မောင်ဒေဝ ကဲ့သို့ပင် စိတ်မချမ်းမသာ ဖြစ်နေသူ ဖြစ်လေသည်။ သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် မိမိတို့ နေရင်းဌာနေ အကြောင်း ပြောကြရင်း တစ်ယောက်ကိုတစ်ယောက် ယုံကြည်စိတ် ပေါ် ပေါက်လာလေသည်။ လူတို့မှာ မိမိတို့ နေရင်း ပြည်ရွာတွင် မိမိတို့၏ အကြောင်းကို မိမိတို့နှင့် ရင်းနှီးသူများ မသိအောင် များစွာ ဖုံးဖိတတ်ကြသော် လည်း သူစိမ်းတစ်ရံဆံတို့ အပေါ်တွင် ယုံကြည်စိတ်ချစွာ ဖွင့်ဟ ပြောဆိုတတ်

ကြသည်။ အထူးသဖြင့် ရပ်ဝေး ရွာဝေးသို့ ရောက်သောအခါ ထိုကဲ့သို့ ဖြစ်တတ်သည့်အတိုင်း၊ မောင်ဒေဝသည် သူ့အဖေနှင့် အမေတောင် သူ့ အကြောင်းကို အရိပ်အငွေ့မျှ အသိမပေးခဲ့သော်လည်း ထိုသူစိမ်းပြင်ပြင် ဖြစ်သော ခရီးသွားအား သူနှင့် အုတို့၏ စိတ်မချမ်းမြေ့ဖွယ် အဖြစ်အပျက် များကို စုံလင်စွာ ဖွင့်ဟ ပြောဆိုလေသည်။

ခရီးသွားယောကျ်ားမှာ မောင်ဒေဝထက် ဒေသန္တရ ဗဟုသုတများသူ ဖြစ်သည်အားလျော်စွာ သူ၏ များသော အကြားအမြင်တို့ဖြင့် ချင့်ချိန်၍ ကြည့်သောအခါ ထိုသို့ လောကထုံးစံနှင့် မညီညွတ်မှုတို့မှာ ကိုယ်ရေး ကိုယ်တာနှင့် ကြုံသူတို့ စိတ်တွင် အင်မတိ အင်မတန် အရေးကြီးသော်လည်း စင်စစ်အားဖြင့် ပိန္နဲသီးတွင်ရှိသော ဆူးများထက် ပို၍ အရေးကြီးသော မညီညွတ်မှုများ မဟုတ်ကြောင်းနှင့် ပြောပြလေသည်။

ယခင်က မှဲ့စွန်း မလွတ်ခဲ့သည်မှာ မှန်သော်လည်း အု ကဲ့သို့သော မိန်းမတစ်ဦး၏ အတွင်းသန္တာန်၌ ကိန်းအောင်းလျက်ရှိသော နှလုံးကောင်း ခြင်းတို့ကား သာမန်မိန်းမတို့၏ အပျိုရည် မပျက်ခြင်းထက် ပို၍ အဖိုးထိုက် တန်လေသည်။ ကောက်သင်း ကောက်၍ ရသော စကု ဖြတ်ဆန်သည် ပေါ်ခါစ ကောက်လျှင်ကြီးဆန် နီတာလဲထက် ကောင်းသည် မဟုတ်ပါ လော။

ဤသို့ အချစ် နာလန်ထလျက်ရှိသော မောင်ဒေဝသည် အုထံမှ အချစ်မိုး ရွာမည့် အချစ်လွှာ မရောက်မီတွင် အချစ်ပင်ပျိုးလျက် ရှိလေ သည်။

ထိုအတောအတွင်း၌ မောင်ဒေဝ အပြန်ကိုသာ တမ်းတ၍နေသော အုသည် ဝမ်းသာချေ တစ်ခါ၊ ဝမ်းနည်းချေ တစ်လှည့် ဖြစ်လျက်ရှိလေသည်။ ဝမ်းနည်းရသည့် အကြောင်းကား သူတို့ချင်း ကွဲ၍နေရရင်း အကြောင်းသည် ပြောင်းလဲခြင်း ရှိသည် မဟုတ်သည့်ပြင် နီးကပ်စွာ နေရသည့် အခါကမှ မောင်ဒေဝအား စိတ်ပြေအောင် မတတ်နိုင်ဖြစ်ရာ၊ ကွေကွင်း၍ နေရသည့်

အခါတွင် စိတ်ပြေအောင် တတ်နိုင်ဖို့ မျှော်လင့်ဖွယ် မရှိသောကြောင့် ဖြစ်သည်။ သို့ရာတွင် အုသည် မောင်ဒေဝ ပြန်လာသည့်အခါတွင် ဆို၍ပြရန် မောင်ဒေဝ ကြိုက်တတ်သော ဘောလယ်၊ ပတ်ပျိုး၊ တောင်ဆင်းသံ သီချင်း၊ တောင်တက်သံ သီချင်း စသည်တို့ကို အဆို လေ့ကျင့်ကာ နေလေသည်။ လှိုင်ထိပ်ခေါင်တင်၏ ဘောလယ်မှ "သစ္စာတော် စူးပါစေ့ ဆိုဦးကပင်၊ ခင်လေးကို မောင်ကြင်ငဲ့တယ်၊ သည်သက်တွင်ပဲ၊ ရှောင်သွေမလွဲပါဘူး၊ ယုံတော့မေ၊ ပဒုဩောင်ဗွေ၊ သီဟာတင့်တယ်လေး၊ စိုးညာမြင့်နေ" စသော အပိုဒ်တို့မှာ အု အဖို့တွင် ဆိုပြီးရင်း ဆိုချင်ရင်းနှင့် ဆိုလို့ပင် အားမရနိုင်သော အပိုဒ်များ ဖြစ်လေသည်။ အုသည် လယ်ပြင်ထဲ၌ သူ တစ်ယောက်တည်း ရှိသည့်အခါတွင် လှိုင်ထိပ်ခေါင်တင်၏ ဘောလယ်များကို စိတ်ပါလက်ပါ သီဆို၍နေသည်မှာ အင်ကြင်းကျောက်ကဲ့သို့ မာကျောသော နှလုံးရှိသူတို့ပင်လျှင် ကြေကွဲဖွယ် ကောင်းလေသည်။ အုသည် ထိုကဲ့သို့ အလွမ်းပြေ သီချင်းများကို သီဆိုနေခိုက်တွင် "ဩော် ကိုကိုတော့ ဒီဘဝမှာ ငါ့ဆီတော့ ပြန်လာတော့မှာ မဟုတ်ပါဘူး" ဟု တွေးတောမိသောအခါ သူ့ဝိုင်းစက်သော မျက်လုံးများမှ ပူလောင်သော မျက်ရည်တို့သည် ရွှာသွန်းကာ ကျလေသည်။

ထိုနောက် တစ်နေ့သော နေဝင်မိုးချုပ်အချိန်၌ အုသည် အိမ်တံခါးပေါက်တွင် ထိုင်နေလေသည်။ ထိုအခိုက်တွင် အသက် ၁၄ နှစ်နှင့် ၁၆ နှစ် အတွင်းရှိ အပျိုကလေး တစ်ယောက်သည် သူ့မောင်ကလေးနှင့်တူသော သူငယ်တစ်ယောက်ကို လက်ဆွဲ၍ အု ရှိရာသို့ လာပြီးလျှင် 'အို အစ်မကြီး၊ ကျုပ်တို့ ရှာလိုက်ရတာ မောလို့' ဟု ပြောလေသည်။ အုသည် ထိုမိန်းမပျိုအား ရုတ်တရက် မမှတ်မိချေ။

'ဟဲ့ ကြေးမြင့်တို့ စိန်းအောင်တို့ပါလား၊ နင်တို့ ဘာလို့ လိုက်လာကြတုံး'

မိန်းမပျိုနှင့် အဖော် သူငယ်ကလေးမှာ အုစ၏ ညီမနှင့် မောင်ကလေး ဖြစ်လေသည်။ အုသည် သူ့အိမ်မှ ဆေးကွာ၍နေသည်မှာ တစ်နှစ်ကျော်ခန့် ရှိပြီ ဖြစ်သဖြင့် ထိုတစ်နှစ်ကျော်ခန့် အတွင်း၌ မကြေးမြွင်ကလေးမှာ ကိုယ်လုံး ကိုယ်ပေါက် မထွက်သေးသော်လည်း အရပ်မှာ အပျိုကြီးဖားဖား ဖြစ်၍နေပြီ ဖြစ်သောကြောင့် အုသည် ရုတ်တရက် မမှတ်မိခြင်း ဖြစ်လေသည်။

'အမေ အသည်းအသန် ဖြစ်နေလို့တော့။ ကျုပ်တို့ အစ်မကြီးကို လိုက်ရှာလိုက်ရတာ မောနေတာပဲ။ ဆရာကလည်း အမေ့ရောဂါဟာ စိုးရိမ်ရတယ့်တဲ့။ နောက်ပြီးတော့ အဖေလည်း ကောင်းကောင်း မမာဘူး။ ဂုဏ်သရေ ရှိတဲ့ လူတစ်ယောက်ဟာ ဒီလို ကျွဲလို နွားလို အလုပ် လုပ်နေရတာလည်း မတော်ပါဘူးလို့ ပြောတယ်တော့။ ဒီတော့ ကျုပ်တို့လည်း ဘယ်လို လုပ်ရမှန်း မသိဘူး'

အုသည် မကြေးမြွင် ပြောသည်ကို တွေ၍ နားထောင်နေပြီးလျှင်၊ ရုတ်တရက် စကားပြန် မပေးနိုင်ဘဲ ရှိလေသည်။ အတော်ကြာတော့မှ ညီမလေးနှင့် မောင်လေးတို့အား နေရာထိုင်ခင်း ပေးပြီးလျှင် ရှိတတ်သမျှသော ထမင်းဟင်းဖြင့် ကျွေးမွေးလေသည်။ အမေရော အဖေရော နှစ်ဦးစလုံး မမာနေသဖြင့် အုမှာ ချက်ချင်း မပြန်၍ မဖြစ်တော့ချေ။ အလုပ်ပြီးဖို့ ရက်အနည်းငယ် လိုသေးသော်လည်း ရက်စေ့အောင် စောင့်နေလျှင် သူ့အမေ၏ အသက်ကို မီချင်မှ မီမည်။ အုသည် မငွေခင်နှင့် မရွှေမှုံတို့အား အကျိုးအကြောင်းကို ပြောပြပြီးလျှင် အလုပ်ရှင် ဦးတောက်ထိန်အား ကြည့်၍ တောင်းပန်လိုက်ကြရန် မှာထားလျက် မနက် လင်းအားကြီး ထွက်မည့် လှည်းကြုံကိုမေး၍ သယ်နိုင်သမျှသော အဝတ်အစားကလေးများကို ဆွဲခြင်းကြီး တစ်ခုထဲတွင် ထည့်၍ ညီမငယ်၊ မောင်ငယ်ကလေးတို့နှင့်အတူ နေရင်းဆေပင်ကုန်းသို့ ပြန်ခဲ့လေသည်။

# အခန်း ၃၉

အုသည် ပေပင်ကုန်းရွာ အနီးသို့ ရောက်သောအခါ အပျိုစင်ဘဝက မောင်ဒေဝနှင့် ရှေးဦးစွာ တွေ့ခဲ့ရသော ဘုန်းကြီးကျောင်းကို မြင်ရလေသည်။ "ဩော် ကိုကို ကိုကို၊ အဲဒီတုန်းကသာ အုကို မေတ္တာဆက်လိုက်ရင် ကိုကို လည်း အခုလို စိတ်ဆင်းရဲရမှာ မဟုတ်ဘူး။ အုလည်း အခုလို အရှင်မရှိတဲ့ ခွေးလို ဖြစ်နေရမှာ မဟုတ်ဘူး" ဟု အောက်မေ့ကာ ရင်ထဲဆို့၍ လာလေသည်။ သို့ရာတွင် အသည်းအသန် ဖြစ်နေသော သူ့အမေအတွက် ပို၍ နီးကပ်စွာ တောက်လောင်လျက်ရှိသော မီးသည် နီးကပ်၍ နီးကပ်၍လာတိုင်း ပို၍ ပို၍ ပူလာသဖြင့် ကိုယ်ပိုင်အပူကို စိတ်ရှိလက်ရှိ မပူအားဘဲ ရှိလေသည်။

အိမ်သို့ ရောက်သောအခါတွင် ဒေါ်ဘုမမှာ အနည်းငယ် သက်သာနေပြီဟု ကြားရသဖြင့် အုမှာ အေးကွက် အတော်အတန် ရလေသည်။ ဦးပန်းအောင်မှာ လူကြီးဖြစ်သည် တစ်ကြောင်း၊ အသောက် ဖက်သည် တစ်ကြောင်း စသည်တို့ကြောင့် အလုပ်အကိုင် လုပ်နိုင်လောက်အောင် ကျန်းမာသည်ဟု မရှိချေ။ အု၏ ညီမငယ်၊ မောင်ငယ်ကလေးတို့မှာ အု မရှိသည့် တစ်နှစ်ခန့် အတွင်း၌ အတော်ပင် ထွား၍ နေကြလေသည်။ ကလေးများ ကြီးပြင်း၍လာခြင်း ဆိုသည်မှာ အစားအသောက် ပို၍စားလာခြင်း သဘော ဖြစ်လေသည်။ ဒေါ်ဘုမကလည်း မမာ၊ ဦးပန်းအောင်ကလည်း ချူချာလျက် ရှိရာ ကလေးတွေ တစ်ပြုံကြီး၏ တာဝန်မှာ အစ်မကြီး၏ အမိအရာ ရောက်လျက် ရှိသော အု၏ တာဝန်ချည်း ဖြစ်လေသည်။ အုသည် မောင်ဒေဝ ပေးခဲ့သမျှ ငွေစကလေးများကို သူကိုယ်တိုင် မသုံးစွဲရက်ဘဲ ဒေါ်ဘုမတို့ စွတ်ကယ်စွတ်ကယ် တောင်းလေတိုင်း ပေးခဲ့သည် ဖြစ်သော်လည်း သူ့အမေ၊ အဖေများ၏ အခြေအနေမှာ သက်သာချောင်ချိသော လက္ခဏာ မတွေ့ရ။ ဦးပန်းအောင်သည် အုအား အနားသို့ခေါ်၍ 'မိန်းကလေးရေ၊ အဖေတော့

အကြံတစ်ခု ရပြီ’ ဟု ပြောသဖြင့် အုက ‘အဖေ့အကြံက ဘယ်လိုလဲ၊ ပြောစမ်းပါဦး အဖေရယ်’ ဟု မေးလေသည်။

ဦးပန်းအောင်၏ အကြံမှာ မြန်မာပြည်တွင် သုတေသန လိုက်စားသူနှင့် ရှေးဟောင်းပစ္စည်း ရှာဖွေစုဆောင်းသူများထံသို့ အသက်မရှိသော ရှေးဟောင်းပစ္စည်းများကို ရှာဖွေစုဆောင်းခြင်းထက် ရှေးဟောင်း ပန်းသာဆက် မျိုးရိုးဖြစ်သော မြို့စားကြီး ဦးပန်းအောင်အား ထောက်ပံ့စောင့်ရှောက်ခြင်းက ပို၍ အကျိုးကြီးသည့်အကြောင်း ပြော၍ ဝိုင်းဝန်းထောက်ပံ့ ကူညီဖို့ ပြောရန် ဖြစ်လေသည်။

အုသည် ဦးပန်းအောင်၏ မြင့်မြတ်သော အကြံကို မစဉ်းစားအားသေးဘဲ အိမ်၌ လုပ်ကိုင် ဆောင်ရွက်စရာ ရှိသည်တို့ကိုသာ မနေမနား လုပ်လျက် ရှိလေသည်။ အိမ်တွင်းကိစ္စတို့ကို လုပ်ကိုင်ဆောင်ရွက်ပြီးသည်နှင့် တစ်ပြိုင်နက် ထွန်မှုယက်မှု စိုက်ပျိုးမှုတို့ကို လုပ်ဆောင်ရန် ပြင်ဆင်ရပြန်လေသည်။ ဦးပန်းအောင်မှာ ချက်ကြီးတို့ တဲသို့သွား၍ ရံဖန်ရံခါ ဘိုးမင်းကျော် အရှင်ကြီးအား သွားရောက် ဖူးမြော်ခြင်းမှတစ်ပါး လုပ်ရေးကိုင်ရေးတို့ကို အလျှင်းဂရုပြုဟန် မတူချေ။ လူရတတ် မောင်ဒေဝ၏ ယောက္ခမများမှာ အဘယ်မှာ ကိုယ်ဖိရင်ဖိ အလုပ်လုပ်ဖို့ ရှိပါအံ့နည်း။ အလုပ်ကို မလုပ်ရုံသာ မဟုတ်၊ မျိုးစေ့ကိုပါ သုံးစား၍ ပစ်နှင့်လေပြီ။ ဆင်းရဲဇာတာကောင်းစွာ ပါသော အုမှာ ငယ်စဉ်ကစ၍ ပင်ပင်ပန်းပန်း လုပ်ခဲ့ရသည်နှင့် မပြီးဘဲ ကံစွပ်မိ၍ မောင်ဒေဝနှင့် ညားမိပြန်ပါလည်း ရိုးရည်ရိတ်ရသည့် အလုပ်နှင့် မကင်းနိုင်သေးချေ။ ယခုတစ်ဖန် အိမ်သို့ ပြန်ရောက်ပြန်ပါလည်း သက်သာခွင့် လုံးလုံး မရှိ။ အလိုလိုမှ စိတ်မချမ်းသာရသည့် အထဲတွင် တစ်အိမ်ထောင်လုံး စားဖို့ သောက်ဖို့အတွက် တစ်ခါ ကျွဲလုပ် နွားလုပ် လုပ်ရချေဦးတော့မည်။ တစ်နည်းလည်း ထိုကဲ့သို့ အပင်တပန်း အလုပ်လုပ်ရခြင်းသည် ကောင်းသည်။ အဘယ်ကြောင့်ဆိုသော် အလုပ်မအားအောင် လုပ်၍ နေရသူတို့မှာ ပူချိန် ပင်ချိန် မရသောကြောင့်တည်း။

ရာပြည့်စာအုပ်တိုက်

အုသည် သူ့အမေ သက်သာသည်နှင့် တစ်ပြိုင်နက် ယာခင်းပြင်ရန် အလုပ်ဆင်းလေသည်။ မကြေးမြွှင်သည် အုနှင့် အတူကူ၍ လုပ်ပေသည်။ တစ်နေ့တွင် ယာခုတ်ပြီးနောက် အမှိုက်သရိုက်များကို ပုံ၍ မီးရှို့ကာ နေလေသည်။ အချိန်မှာလည်း ညနေ အတော်စောင်းလေပြီ။ မကြေးမြွှင်မှာ ထမင်းချက်ရန်အတွက် ခပ်စောစောကပင် အိမ်သို့ ပြန်နှင့်လေသည်။ အုသည် တစ်ယောက်တည်း ကျန်ရစ်သောအခါ မောင်ဒေဝကို လွမ်းလွမ်းနှင့် "စိန်ခြူးကြာညောင်" ဘောလယ်ကို တကြော်ကြော် သီဆိုလျက် ရှိလေသည်။ တစ်ခါ တစ်ရံ အမှိုက်မီးရှို့သော မီးခိုးလုံးတို့သည် အုကို မမြင်ရအောင် ဖုံးအုပ်လျက် ရှိလေသည်။ အုသည် သီချင်းဆိုရင်းနှင့် "ဩော် ဒီဘဝမှာတော့ ကိုကို့ကို ငါ သီချင်းဆိုပြရတော့မှာ မဟုတ်ပါဘူး ထင်ပါရဲ့" ဟု အောက်မေ့ပြီးလျှင် ဟစ်၍ငိုချင်စိတ် ပေါ်လေသည်။ ထိုအခိုက်တွင် အု၏ ယာကွက်အစွန်းဘက်၌ ခမောက်ကိုဆောင်း၍ ခက်ရင်းခွကို ကိုင်ကာ အမှိုက်များ စုပုံ၍ မီးရှို့နေသော ယာခုတ်သမား တစ်ယောက်ကို တွေ့လေသည်။ အုသည် ခပ်စောစောက သတိမထားမိသဖြင့် ထိုယာခုတ်သမား ရှိသည်၊ မရှိသည်ကို မသိချေ။ သူ့စိတ်၌ အလုပ်မြန်မြန်ပြီးအောင် ဦးပန်းအောင်က ငှား၍ စေလွှတ်လိုက်သောသူများ ဖြစ်လိမ့်မည်ဟု အောက်မေ့လေသည်။ ထိုယာခုတ်သမားသည် ခေါင်းက ခမောက်ကို ချွတ်ပြီးလျှင် အမှိုက်ပုံကို ဆွ၍ ပေးလိုက်ရာ မီးတောက် ထ၍ လာလေသည်။ ထိုအခါမှ လား လား၊ ဘကြီးသား ပန်းသာမောင်မောင် ဖြစ်နေမှန်း သိရလေသည်။ အုမှာ "ဩော် ဘယ်လိုဟာနဲ့များ လာတွေ့နေရပြန်ပါလိမ့်" ဟု အောက်မေ့ကာ ကြက်သီးမွေးညင်း ထ၍ သွားလေသည်။

'ဒါမှ ရှေ့သွားနောက်လိုက် ညီမှာပေါ့ အုရဲ့လို့ ပြောရင် မောင်ကြီးအပေါ် စိတ်ဆိုးချင် ဆိုးမလား မသိဘူး'

'ဘာပြောတယ်'

'အုက တောင်သူမကလေး၊ မောင်ကြီးက တောင်သူထီးကြီးလို့ ပြောတာပါ'

'ရှင် ဒီ ဘာလာလုပ်နေရတာလဲ။ ကျွန်မအတွက် သက်သက် ရှင် လာပြီး လုပ်နေတယ်လို့ ဆိုချင်သပေါ့လေ'

'အခု မောင်ကြီး ဒီမှာလာပြီး လုပ်နေတာဟာ အုကို ကြည့်ချင်တဲ့ အတွက် သက်သက်ပါပဲ။ ခမောက်ကတော့ နောက်မှ အကြံရပြီး ယူလာတာ ပါ။ ခမောက်နဲ့ ဘာနဲ့ဆိုတော့ ရုတ်တရက် မမှတ်မိနိုင်ဘူးပေါ့။ အု အခုလို အလုပ်လုပ်မနေပါနဲ့လို့ တောင်းပန်ဖို့ မောင်ကြီး လိုက်လာတာပဲ'

'ကျွန်မ ကိုယ်တိုင်က ဒီလိုလုပ်ရတာကို သဘောကျနေတာ။ ရှင်က ပူစရာ မရှိပါဘူး။ ကိုယ့်အဖေအတွက် ကိုယ်လုပ်တာ ဘာမလုပ်ချင်စရာ ရှိလဲ'

'အနို့ ကျူတောရွာမက အလုပ်ကော ပြီးခဲ့ပလား'

'ပြီးခဲ့ပြီ၊ ဘာလုပ်မလို့တုံး'

'နောက် ဘယ် သွားလုပ်ဦးမလဲ၊ အုယောကျ်ားနောက် လိုက်သွား မှာပေါ့ နော်'

ပန်းသာမောင်မောင်က ထိုကဲ့သို့ ခပ်လှောင်လှောင် မေးလိုက်ခြင်းကို ကြားရသောအခါ အုမှာ အသည်းကို အပ်နှင့် ဆွသကဲ့သို့ ရှိလေသည်။

'အို မပြောတတ်ဘူး၊ ကျွန်မမယ် ယောကျ်ား မရှိဘူး'

'ဒါလည်း တစ်မျိုးတော့ ဟုတ်တာပေါ့။ အုမှာ ယောကျ်ား မရှိပေမဲ့ မိတ်ဆွေတစ်ယောက်တော့ ရှိပါတယ်။

'ခု မောင်ကြီး လာတာကို အု သဘောမကျမှန်း သိသော်လည်း မောင်ကြီးကတော့ ဝတ္တရားရှိတဲ့အတိုင်း ကူညီဖို့ လာတာပါ။ အု အိမ်ကို ပြန်သွားတော့ အု အတွက် မောင်ကြီး ဘာတွေ ပို့ထားတယ် ဆိုတာ သိမှာပေါ့'

'အို၊ ရှင်က တယ်ခက်တာပဲ။ ရှင့်ဆီက ကျွန်မ ဘာမှ မလိုချင်ပါဘူး။ ရှင့်ပစ္စည်းဆိုရင် ကျွန်မ ဘာမှ လက်မခံနိုင်ဘူး၊ လက်ခံလို့လည်း မတော်ပါဘူး'

'တော်ပါတယ် အုရဲ့၊ တော်ပါတယ်။ မောင်ကြီး ခင်မင်နေတဲ့ မိန်းမ တစ်ယောက် ဒီလို ဆင်းရဲနေတာကို မောင်ကြီး ဘယ့်နှယ် ကြည့်နေရက်ပါ့မလဲ'

'ကျွန်မ ဆင်းရဲတာမှ မဟုတ်ဘဲ။ အခု ကျွန်မ သောကရောက်နေတာက' ဟု ပြောပြီးနောက် အုသည် မျက်ရည်ကျ၍ လာလေသည်။

'အခု အု သောက ရောက်နေရတာက ကလေးတွေအတွက်ဆိုတာ မောင်ကြီး သိပါတယ်။ မောင်ကြီးလည်း သူတို့အတွက်ကိုပဲ စဉ်းစားနေပါတယ်'

ပန်းသာမောင်မောင်သည် အု အား အချက်ကောင်းကို ကိုင်မိလေပြီ။ သူ့စိတ်ထဲ၌ အကြီးဆုံးသော ပူပန်ချက်ကို ပန်းသာမောင်မောင် ဘယ်နည်းနှင့် သိသနည်း။ ယခုတစ်ခေါက် ပေပင်ကုန်းကို ပြန်လာသည့်အခါတွင် အု စိတ်၌ ကလေးများ၏ အတွက်ကိုသာ အထူးပူပန်လျက် ရှိလေသည်။

'တကယ်လို့ အုရဲ့ မယ်တော်ကြီးဟာ မပြောကောင်း ပြောကောင်း ဒီဝေဒနာနဲ့ပဲ လိမ့်လဲသွားမယ် ဆိုရင် ကလေးတွေအတွက် တစ်ယောက်ယောက်က တစ်ခုခုကို လုပ်မှ ဖြစ်မှာပေါ့။ ဘာလို့လဲဆိုတော့ အုရဲ့ ဘတော်ကြီးကလည်း ကောင်းကောင်း မာရှာတာ မဟုတ်ဘူး'

'ကျွန်မတစ်ယောက်လုံး ရှိသားပဲ၊ ကျွန်မ ကူလုပ်မှာပေါ့'

'မောင်ကြီးကလည်း ကူပါရစေဦး'

'မတော်တာ မပြောပါနဲ့ရှင်၊ စကားနောက် တရားပါ'

'အုက အတော်ကို ခက်တာပဲ။ မောင်ကြီးပါ ကူမယ် ဆိုရင် ဘတော်ကြီးက သဘောမကျဘဲ ရှိပါ့မလား။ မောင်ကြီးနဲ့ အုတို့နဲ့ဟာ ပန်းသာဆက်ချင်း ပဲလို့ သူ ထင်နေတာပဲ'

'ကျွန်မတို့နဲ့ ရှင်နဲ့ ဘာမှ မတော်တဲ့အကြောင်းကို ကျွန်မ အကုန်လုံး ပြောပြပြီးပြီ'

'ဒါဖြင့် အုဟာ တော်တော် မိုက်တာပေါ့'

ထိုသို့ ပြောပြီးနောက် ပန်းသာ မောင်မောင်သည် ခမောက်နှင့် ခက်ရင်းတို့ကို မီးပုံထဲ ပစ်လိုက်ပြီးလျှင် ထွက်သွားလေသည်။

အုသည် စိတ်နှလုံးများစွာ တုန်လှုပ် ချောက်ချားလျက် ရှိသောကြောင့် အလုပ်ကို ဆက်၍ မလုပ်နိုင်တော့။ ထိုအချိန်တွင် နေလည်း နည်းလှလေပြီ။ ပန်းသာမောင်မောင် သူ့အဆေဆီများ သွားလေသလော။ အုသည် ယူစရာ၊ ပြစရာ ကလေးများကို ယူ၍ အိမ်သို့ ပြန်ခဲ့လေသည်။ လမ်းတွင် သူ့ညီမငယ် ကလေး တစ်ယောက်နှင့် တွေ့လေသည်။

'အစ်မကြီးရေ၊ အမေလည်း ငိုလို့တော့။ အိမ်မှာလည်း လူတွေ လာလို့။ အမေလည်း အများကြီး သက်သာပြီတော့။ အဖေတော့ သေပြီတဲ့ တော့'

အု၏ ညီမလေးသည် ထိုသို့ ပြောပြီးနောက်၊ အုကို အတန်ကြာ စိုက်ကြည့်နေပြီးမှ ငိုလျက်–

'အစ်မကြီးရေ၊ အနို့ ဒါဖြင့် နောက်ကို အဖေနဲ့ တို့နဲ့ စကားမပြော ရတော့ဘူးပေါ့နော်' ဟု ပြောလေသည်။ အုက 'ဟဲ့ နေစမ်းပါဦးဟဲ့၊ အဖေက သိပ်ပြီး ဖျားတာ နာတာမှ မဟုတ်ဘဲဟာ' ဟု မေးလေသည်။ ထိုအခိုက်တွင် မကြေးမြှင် ပေါက်လာပြီးလျှင် 'ဟုဘ်တယ် အစ်မကြီးရဲ့၊ အခုပဲ အဖေ လေသင်တုန်းဖြတ်လို့ ဖြုန်းခနဲ လဲပြီး သေသွားတယ်' ဟု မျက်ရည် အသွယ် သွယ်ဖြင့် ပြောလေသည်။

သေမည်ထင်သော အေးဘုသည် မသေဘဲနှင့် မသေဘူး ထင်သော ဦးပန်းအောင်သည် သင်္ခါရ သဘောကို မလွန်ဆန်နိုင်သဖြင့် သေမင်းနိုင်ငံ သို့ လိုက်ပါသွားရလေပြီ။

ထိုသို့ ဦးပန်းအောင် ရုတ်တရက် မမျှော်လင့်ဘဲနှင့် သေဆုံးသွား

ခြင်းကား အုတို့ အဖို့တွင် သာမန်ပုပန်ရန် အကြောင်း မဟုတ်ဘဲ၊ ကြီးကြီး ကျယ်ကျယ် ကသိကအောက် ရောက်ရာရောက်ကြောင်း ဖြစ်လေသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့အိမ်မှာ ကြွေးနှင့်ပေါင်၍ ဆုံးပြီးဖြစ်သော ကြောင့် အပေါင်ခံသူက အားနာ၍ ဦးပန်းအောင် တစ်သက်တာ ဆက်လက် နေထိုင်ခွင့် ပြုသောကြောင့်တည်း။ သို့ဖြစ်ရာ ဦးပန်းအောင် သေဆုံးသည်နှင့် တစ်ပြိုင်နက် သိုက်ပြောင်းဖို့ ရှိကြလေတော့သည်။

အုသည် ပန်းသာမောင်မောင်နှင့် အရှက်ကွဲခဲ့ရသည့် အခါကစ၍ ပေပင်ကုန်း တစ်ရွာလုံးကပင် အုတို့ အိမ်သားတစ်စုအား အထင်အမြင်သေး လျက် ရှိကြလေသည်။ အဖေကလည်း ထန်းရည်သမား၊ အမေကလည်း တစ်ခါတစ်ခါ အဆစ်ပါ၊ သမီးကလည်း လင်ယူကောင်း ဖြစ်လေရာ သူတို့ အိမ်သားတစ်စုကိုသာ ရွာ၌ ဆက်၍နေစေမည်ဆိုသော် ပေပင်ကုန်းရွာမှာ ငါးခုံးမ တစ်ကောင်ကြောင့် တစ်လှေလုံး ပုပ်ရချေတော့မည်။ သို့ဖြစ်၍ ဦးပန်းအောင် သေ၍ အိမ်ကို သိမ်းပိုက်ခွင့် ရှိသည်နှင့် တစ်ပြိုင်နက် မြို့စား ကတော်ကြီး ဒေါ်ဘုမ၊ လင်ယူမှားတာ "နှစ်ခိရှာ" သော သမီးကြီး မစာအု၊ သမီးအငယ် မကြေးမြွင်၊ သားအကြီး မောင်စိန်းအောင်နှင့် ကလေးငယ် တစ်စုတို့မှာ "ဒိုင်းဆော် မြိုင်ပေါ်က" ထွက်ကြရတော့မည်။

ပေပင်ကုန်းမှ မထွက်ခွာခင် တစ်နေ့တွင် ဒေါ်ဘုမ၊ မကြေးမြွင်နှင့် မောင်စိန်းအောင်တို့သည် အသိမိတ်ဆွေများအား နှုတ်ဆက်ရန် ထွက်သွား ကြလေသည်။ အုနှင့် ကလေးငယ်များမှာ အိမ်စောင့် ကျန်ရစ်ခဲ့ကြလေသည်။ အုသည် ပြတင်းပေါက်တွင်မှီ၍ သူတို့ အိမ်သားတစ်စုတို့၏ ကံကြမ္မာကို ဆင်ခြင်စဉ်းစားလျက် နေလေသည်။ "ဩော် ငါဟာ ဂြိုဟ်ကောင်မပါလား၊ ငါသာ ပြန်မလာဘူးဆိုရင် အမေတို့ဟာ ဒီအိမ်မှာပဲ လခပေးပြီး နေပါရစေ ဆိုရင် နေခွင့်ရမှာပဲ။ အခုတော့ ငါ ပြန်လာတာနဲ့ အိမ်ရှင်ကရော၊ အများ ကရော မကျေနပ်လို့ ဒီလို ဖြစ်ရတာပဲ" ဟု ယူကျုံးမရနိုင်အောင် ရှိလေသည်။ အု ပြန်လာသောနေ့တွင် ရွာထဲမ ဩဇာရှိ၍ ရှုပ်ရှုပ်ယှက်ယှက် လုပ်ခြင်းကို

မကြိုက်သော လူကုံထံ လူရတတ် အချို့က တွေ့၍သွားလေသည်။ ထို နောက် သချိုင်းကုန်းကိုသွား၍ ကံဆိုးကလေး မြှုပ်သည့်နေရာကို ရှင်းလင်း ပြင်ဆင်နေသည်ကိုလည်း မြင်သူက မြင်သွားကြလေသည်။ ဤသို့ အု ပေပင်ကုန်းသို့ ပြန်ရောက်နေကြောင်း သိကြသောအခါ "ဒီလို ရှုပ်တဲ့ ကောင်မကို လက်ခံထားရကောင်းလား" ဟု ဒေါ်ဘုမကို ဝိုင်း၍ အပြစ်တင် ကြလေသည်။ ဒေါ်ဘုမကလည်း သမီးကို ထိသဖြင့် မခံနိုင်သောကြောင့် 'တော်တို့အိမ် မနေရခါမှရှိရော၊ ကျုပ်သမီးတော့ မစွန့်နိုင်ဘူး' ဟု နှုတ်သီး ကောင်း လျှာပါး ပြန်ပြောလေသည်။ အိမ်ရှင်များကလည်း 'မနေချင်တာပဲ ဝမ်းသာပါတယ်' ဟု ပြောသဖြင့် ဒေါ်ဘုမတို့မှာ သွားဖို့သာ ပြင်ရလေတော့ သည်။ "သြော် ငါ ပြန်လာမိတာ အမှားကြီး မှားတာပဲ" ဟု အုသည် မချိတရိ ညည်းညူမိလေသည်။

လူကြီးများ ဘယ်လို ဒုက္ခရောက်၍ ဘယ်လိုဖြစ်နေသည်ကို မသိရှာ သော ကလေးများသည် ပြောင်းဖို့ရွှေ့ဖို့ ထုပ်ပိုးပြင်ဆင်နေသည်ကို မြင်ရ သဖြင့် ဝမ်းသာကြပြီးလျှင် "သွားတော့မယ်ဆို နေတယ်လို့ ဖြစ်ဖူး၊ ရွှေဟင်္သာ ဖိုမက ငွေဟင်္သာဖိုမက အလို ငိုတယောင်ပါတဲ့မြူး" ဆိုသော သီချင်းကို ကျယ်လောင်စွာ ဟစ်အော် သီဆိုကြလေသည်။

အုသည် သူ့စိတ်ကူးနှင့်သူ အမှတ်တမဲ့ နေသဖြင့် အိမ်ရှေ့တွင် မြင်းနှင့် ရပ်၍နေသော လူတစ်ယောက်ကို မမြင်ချေ။

'အု မောင်ကြီး ရောက်နေတာ မမြင်ဘူးလား' ဟု ပန်းသာ မောင်မောင်က မေးလေသည်။ မြင်းစီး၍ လာသူမှာ ပန်းသာမောင်မောင်ပင် ဖြစ်လေသည်။

'ကျွန်မ သတိမထားမိလို့ မမြင်ဘူး။ မြင်းသံတော့ ကြားတယ်။ ဒါပေမဲ့ ကျွန်မ စိတ်ထဲက မြင်းသံလို့ မမှတ်ဘူး။ ရထားသံ ကြားသလို မှတ်ပြီး နားထောင်နေတယ်'

'သြော် အု ကြားတာ ပန်းသာဆက် ရထားသံကို ကြားလို့ ထင်ပါရဲ့ ပန်းသာဆက်ရထား အကြောင်းကို အု ကြားဖူးတယ် မဟုတ်လား'

'မကြားဖူးပါဘူး။ ဒါပေမဲ့ တစ်ခါတော့ ကျွန်မရဲ့ ဘယ်သူကမှန်း မသိဘူး။ ပြောမယ် လုပ်ပြီး ပြောတော့ မပြောဖြစ်ဘူး'

'အုက ပန်းသာဆက် အစစ်ဆိုတော့ ဒီအကြောင်း မကြားဖူးတာပဲ ကောင်းတယ် ထင်ပါရဲ့။ မောင်ကြီးကတော့ အတုမို့ ကိစ္စမရှိပါဘူး။ ဒီ အကြောင်းက စိတ်မချမ်းသာစရာကြီး။ အဲဒီ ရထားအသံကို ပန်းသာဆက် အစစ်ထဲကမှ ကြားရသတဲ့။ ကြားတဲ့လူ အဖို့မှာလည်း နိမိတ်မကောင်းဘူး တဲ့။ ဟိုအရင်တုန်းက ပန်းသာဆက်ဝင် တစ်ဦးက လူတစ်ယောက်ကို သတ်ပစ်တဲ့ အကြောင်းနဲ့ ဆိုင်သတဲ့'

'ရှင်က ပြောလို့ ရှိမှ ဆုံးအောင်ပြော တော့်'

'အု သိချင်လို့ရှိရင် ပြောရတာပေါ့။ ပန်းသာဆက်ဝင် ယောကျ်ား တစ်ဦးက မိန်းမချောချော တစ်ယောက်ကို ရထားနဲ့ အတင်းတင်ပြီး ခိုးတော့ အဲဒီမိန်းမက ရထားပေါ်က အတင်းခုန်ချမယ် လုပ်တယ်တဲ့။ ဒီတော့ အဲဒီ ပန်းသာဆက် ယောကျ်ားက အဲဒီမိန်းမကို သတ်ပစ်တယ် ဆိုလား၊ အဲဒီ မိန်းမက ပန်းသာဆက် ယောကျ်ားကို သတ်ပစ်တယ် ဆိုလား။ အဲဒါတော့ ကောင်းကောင်း မမှတ်မိတော့ဘူး။ အဲဒီလိုလည်း တချို့က ပြောကြတယ်။ ဒါထက် အုတို့ ပစ္စည်းတွေလည်း ထုပ်လို့ ပိုးလို့ပါလား။ ဒီက ပြောင်းကြ တော့မလို့ ထင်တယ်'

'ဟုတ်တယ်၊ မနက်ဖြန်ခါပဲ ပြောင်းမလို့'

'အုတို့ ပြောင်းကြမယ်ဆိုတာ ကြားတော့ အကြားသားပဲ။ ဒါပေမဲ့ အခုလို ဖြန်းစားကြီး ပြောင်းလိမ့်မယ် မထင်လို့။ အနို့ ဘာပြုလို့ ပြောင်းကြ မှာလဲ'

'အဖေ့တစ်သက်သာ ကျွန်မတို့ ဒီအိမ်မှာ နေခွင့်ရှိတယ်။ အခု အဖေ

သေတော့ ဒီမှာ မနေရတော့ဘူး။ ကျွန်မ မရှိဘဲ အမေတို့ချည်း ဆိုရင်တော့ အိမ်လခ ပေးပြီး ဆက်နေချင် နေရဦးမှာ'

'အု ရှိတော့ ဘာ့ကြောင့်လဲ'

'ကျွန်မက ကောင်းတဲ့ မိန်းမမှ မဟုတ်ဘဲ'

ထိုစကားကို ကြားရသောအခါ ပန်းသာမောင်မောင်မှာ မျက်နှာ ပျက်၍ သွားလေသည်။

'ဒင်းတို့ကတော့ ဘယ်လိုဟာမျိုးတွေမို့ အုကို ဒီစကားမျိုး ပြောရတာလဲ။ ဒင်းတို့ကတော့ လူကောင်း သူကောင်းကြီးတွေပေါ့လေ။ အခု အုတို့ ပြောင်းမှာ ဒါကြောင့်လား။ အုတို့ကို မောင်းထုတ်လိုက်တယ် ဆိုပါတော့'

'မောင်းထုတ်လိုက်တယ်လို့တော့လည်း မဟုတ်ပါဘူး။ ဒါပေမဲ့ သူတို့က ကျွန်မတို့ကို သွားစေချင်ပြီဆိုတဲ့ စကား ပြောတော့ သွားရမယ့် အတူတူ စောစောစီးစီး သွားတာပဲ ကောင်းတယ်ဆိုပြီး သွားဖို့ လုပ်ထားတာပဲ'

'အနို့ ဘယ်ကို သွားကြမှာတုံး'

'ပန်းသာမြို့ကိုပေါ့။ အဲဒီမှာ တဲတစ်ခု ငှားထားတယ်။ အမေ့စိတ်က တစ်မျိုးပဲ။ အဖေ့ဘက်က ဆွေမျိုးများ ရှိရာကို သိပ်ပြီး သွားချင်တာပဲ'

'အုတို့ ကလေးတွေ တစ်ပြုံကြီးနဲ့ တဲကလေးနဲ့ နေလို့ ဖြစ်ပါ့မလား။ ပြီးတော့ ပန်းသာမြို့ ဆိုတာကလည်း မြို့လို့သာ ပြောရတာ၊ ခေါင်က ခေါင်ပါဘိနဲ့။ ဘာမှ လုပ်ခင်းကိုင်ခင်း ကောင်းတာ မဟုတ်ဘူး။ မောင်ကြီးတို့ မြောက်ကုန်းက တိုက်မှာ လိုက်နေကြပါလားလို့။ အဲဒီမှာဆိုလည်း အခု ဘယ်သူမှ ရှိတာ မဟုတ်ဘူး။ ဥယျာဉ်ကြီးကလည်း ကျယ်က ကျယ်ပါဘိသနဲ့။ အုလည်း အသိသားပဲ၊ ဘာအထူးပြောနေဖို့ လိုသလဲ။ အုတို့ လိုက်နေကြမယ် ဆိုရင် နေ့ချင်းညချင်း တိုက်ကို ရေဆေးနိုင်တာပဲ။ ဟိုမှာ

ဆိုရင် ကျယ်ကျယ်ဝန်းဝန်းရှိတော့ အုရဲ့ မယ်တော်ကြီးလည်း စိတ်ချမ်းသာ လက်ချမ်းသာ ရှိမှာပေါ့။ ကလေးတွေကိုလည်း အင်္ဂလိပ်ကျောင်း မောင်ကြီး ထားပေးမှာပေါ့။ မောင်ကြီးမှာ အုကို အများကြီး စောင့်ရှောက်ချင်တဲ့စိတ် ရှိပါတယ်'

'ဒါပေမဲ့ ပန်းသာမြို့မှာ တဲငှားပြီးနေပြီဟာပဲ။ ပြီးတော့ ဟိုကနေပြီး စောင့်....'

'ဘယ်သူ့ကို စောင့်ဦးမှာလဲ အုရဲ့။ လင်ကောင်း ရတနာကြီးကို စောင့်မယ်ပေါ့လေ။ ဒီမှာ အု၊ မောင်ကြီး တစ်ခုပြောမယ်။ မောင်ကြီး ကိုယ်တိုင်က ယောကျ်ားဖြစ်လို့ ယောကျ်ားများရဲ့ သဘောကို သိလို့လည်း တစ်ကြောင်း၊ ပြီးတော့ အခု အုရဲ့ယောကျ်ားနဲ့ အုနဲ့ ကွဲရတဲ့ အကြောင်းကို လည်း သိလို့တစ်ကြောင်း မောင်ကြီးက ပြောတာပါ။ အု ယောကျ်ားဟာ ဘယ်နည်းနဲ့မှ အုဆီကို ပြန်လာမှာ မဟုတ်ဘူးဆိုတာ ပုဏ္ဏား မေးမနေပါနဲ့၊ ပုဏ္ဏား မေးရင် ဆန်ကုန်ရုံပဲ ရှိမယ်။ မောင်ကြီးဟာ အရင်တုန်းက အုရဲ့ ရန်သူ ဖြစ်ခဲ့ပေမယ့် အခု အုရဲ့ မိတ်ဆွေကောင်းကြီး တစ်ဦးပါ။ အု မယုံချင် ခါမှ နေရပါမယ်။ ဒီတော့ကို မောင်ကြီးတို့ မြောက်ကုန်းက တိုက်ကိုပဲ ပြောင်းခဲ့ပါ။ ဟိုမှာ ခု ဥယျာဉ်ကို ပြုပြင်ထားမယ် ဆိုရင် သိပ်ပြီး နေချင်စရာ ကောင်းမှာပဲ။ အုရဲ့ မယ်တော်ကြီးလည်း မသေခင် စိတ်ချမ်းချမ်းသာသာ နေသွားရရော။ ကလေးတွေလည်း အင်္ဂလိပ်ကျောင်း နေရရော'

အုသည် ရင်တခုန်ခုန်နှင့် အသက်ရှူများ မှားလျက် ရှိလေသည်။

'ရှင် အခုပြောတဲ့အတိုင်း လုပ်လိမ့်မယ်လို့ ဘယ်သူမှာ တာဝန်ခံနိုင်မှာ မဟုတ်ဘူး။ ပြီးတော့ ရှင့်စိတ်ကိုလည်း ဘယ်သူမှ အစိုးရတာ မဟုတ်ဘူး။ တကယ်လို့ ရှင့်စိတ် ပြောင်းသွားမယ်ဆိုရင် ကျွန်မတို့မှာ၊ အေးလေ ကျွန်မ အမေတို့မှာ အိမ်မရှိ ယာမရှိ ဖြစ်နေဦးမှာပေါ့'

'အို ဒီလို မဖြစ်စေရပါဘူး အုရယ်။ အု မယုံလို့ရှိရင် မောင်ကြီး စာချုပ်ပြီး ထားပါ့မယ်။ အု စဉ်းစားပါဦး'

အုသည် 'မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး' ဟု ဆိုကာ ခေါင်းခါလေသည်။ ပန်းသာမောင်မောင်သည် ကျားပိန်တွယ် တွယ်ကာ အတင်းကပ်၍ မရမက ပြောလေသည်။

'ဒါဖြင့် အုရဲ့ မယ်တော်ကြီးကိုသာ အကျိုးအကြောင်း ပြောလိုက်ပါ။ ဟိုကို လိုက်နေဖို့ မနေဖို့ဟာ အု သဘောနဲ့ မပြီးနိုင်ပါဘူး။ အုရဲ့ မယ်တော်ကြီး ပြီးမှ ပြီးရမှာပေါ့။ ဟိုကို တစ်ခါတည်း လာနိုင်အောင် နက်ဖြန်မနက်ပဲ တိုက်ကို ရှင်းလင်းပြီး အဆင်သင့် ပြင်ဆင်ထားလိုက်မယ်။ အုလည်း လိုက်ခဲ့ရမယ်နော်၊ ဒါပဲ'

အုသည် ခေါင်းခါ၍ နေသော်လည်း စိတ်ထဲ၌ကား ဘယ်လို စဉ်းစားရမှန်း မသိအောင် ရှုပ်ပွေလျက် ရှိလေသည်။ ပန်းသာမောင်မောင်ကိုလည်း မော်၍ မကြည့်ဝံ့။

'အရင်က အု အပေါ်မှာ မောင်ကြီး မကောင်းခဲ့တဲ့အတွက် အုကို အခု မောင်ကြီး စောင့်ရှောက်ဖို့ ဝတ္တရား ရှိပါတယ်။ ပြီးတော့ မောင်ကြီး လူသူတော်ယောင်ယောင် ဘာယောင်ယောင် ဖြစ်နေတာလည်း အုရဲ့ ကျေးဇူးကြောင့် ပျောက်သွားတယ်။ ဒီတော့ မောင်ကြီး အုကို အပုံကြီး ကျေးဇူးဆပ်ဖို့ ရှိပါတယ်'

'ကျွန်မ သဘောကတော့ ရှင် တရားဟောဆရာ လုပ်ပြီး လိုက်ဟောပြောနေတာကိုပဲ သဘောကျတယ်'

'ကိုင်း စကား အထူး ရှည်မနေပါနဲ့။ နက်ဖြန်ခါကို ပစ္စည်းတွေ ရှိသမျှကို ယူပြီး လာခဲ့ကြပေတော့။ ဘယ့်နှယ်လဲ၊ လာမယ် မဟုတ်လား။ မလာဘဲ မနေနဲ့နော်'

ထိုသို့ပြောပြီးနောက် ပန်းသာမောင်မောင်သည် အု နေသော ပြတင်းပေါက်နားသို့ မြင်းနှင့်ကပ်၍ လာပြီးလျှင် အု၏လက်ကို ဖမ်း၍ ဆွဲလိုက်လေသည်။ အုသည် ပြတင်းပေါက်တံခါးကို ကပျာကယာ ဆွဲ၍ပိတ်လိုက်ရာ ပန်းသာမောင်မောင်၏ လက်ကို တံခါးညပ်၍ သွားလေသည်။

'အမယ်လေးဗျ၊ လက်ကျိုးပါပြီ။ အုက သိပ်ရက်စက်တာပဲ။ အို အုက တမင် လုပ်တာမှ မဟုတ်ဘဲလေ။ မောင်ကြီး စိတ်မဆိုးပါဘူး။ နက်ဖြန်ခါသာ ဆက်ဆက် လာခဲ့ကြနော်။ တကယ်လို့ အု မလာချင်ဘူး ဆိုတောင် အုရဲ့ မယ်တော်ကြီးနဲ့ ကလေးတွေ လာကြပါစေ။ စရိတ်ယူထား လိုက်ဦးမလား'

'ကျွန်မလည်း မလာဘူး၊ ယူလည်း မယူချင်ဘူး။ ရှင့်ငွေစ ဘာလုပ်ဖို့ တုံး။ ကျွန်မမှာ ငွေစ အများကြီး ရှိတယ်'

'အဲဒီ ငွေစတွေ ဘယ်မှာ ထားသလဲ'

'ကျွန်မယောက္ခမ အိမ်မှာပေါ့။ ကျွန်မ မတောင်းချင်လို့ပါ။ တောင်း ချင်ရင် ရတာပေါ့'

'တောင်းချင်ရင်တော့ ရတာပေါ့။ ဒါပေမဲ့ အု စိတ်ကို မောင်ကြီး သိပါတယ်။ အုဟာ ဘယ်တော့မှ တောင်းမှာ မဟုတ်ဘူး။ ငတ်သေခါမှသာ သေရမယ်၊ အုကတော့ တောင်းမှာ မဟုတ်ဘူး'

ထိုသို့ ပြောပြီးလျှင် ပန်းသာမောင်မောင်သည် မြင်းနှင်ကာ ထွက် သွားလေသည်။ ရွာတံခါး အထွက်နားသို့ ရောက်သောအခါ တရားဟော ကြော်ငြာများကို လိုက်၍ ကမ်းနေသော လူကြီးနှင့် တွေ့လေသည်။ ထို လူကြီးက 'ဘယ့်နှယ်လဲ၊ တရားမဟောတော့ဘူးလား' ဟု မေးလေသည်။

'တော်ပါပြီဗျာ၊ ခင်ဗျားတို့တရား ခင်ဗျားတို့ဟာ ခင်ဗျားတို့ ဟော နေကြပါ။ ကျုပ်ကို ကျွန်ဝယ်ရာ အဆစ်ခေါ်မနေပါနဲ့'

## အခန်း ၄၀

အုသည် ပြတင်းပေါက်တွင် ထွေရာစိတ်ကူးရင်း ကျန်ရစ်လေသည်။ အတော် ကြာ ဟိုတွေး သည်တွေး တွေးနေပြီးနောက် သူ့အပေါ်တွင် သူ့လင် မောင်

ဒေဝ ပြုပုံမှာ များစွာ မတရားဟု အောက်မေ့ကာ မျက်ရည်ဖြိုင်ဖြိုင် ကျလေသည်။ အုသည် မောင်ဒေဝ အပေါ်၌ သည်တစ်ခါပဲ မကောင်းထင်မိဖူးလေသည်။ အခြား အခြားသော သူများသည် သူ့အပေါ်တွင် ရက်စက်စွာ ပြုကြသကဲ့သို့ မောင်ဒေဝကလည်း သူ့အပေါ်တွင် ရက်စက်စွာ ပြုသည်မှာ မှန်သည်။ သို့ရာတွင် အုသည် ဘယ်အခါမျှ သူ့လင်အပေါ်၌ အပြစ်မတင်မိဖူးချေ။ အပြစ်မတင်မိဖူးကြောင်းကို ဘုရားပေးပေး ကျမ်းပေးပေး ရဲရဲကြီး ဝန်ခံနိုင်လေသည်။ အုသည် ထိုမျှလောက် မောင်ဒေဝ အပေါ်၌ သည်းညည်းခံခဲ့သော်လည်း ယခုတစ်ကြိမ်တွင် မောင်ဒေဝ၏ စေတနာကို ယုံမှားသံသယ ဖြစ်မိလေပြီ။ သူ့အပေါ်တွင် ရှိသမျှသော အပြစ်များမှာ တမင်လော်လည်လိုသော စိတ်နှင့် ပြုကျင့်၍ ဖြစ်ရသော အပြစ်များ မဟုတ်။ သတိလို၍ ဖြစ်ရသော အပြစ်များသာ ဖြစ်ပါလျက် မောင်ဒေဝသည် အဘယ့်ကြောင့် သူ့ကို အရှည်အကြာ ဆက်လက်ကာ အပြစ်ဒဏ် ခတ်ရက်ရပါသနည်း။

ဤသို့ စဉ်းစားမိသည်နှင့် တစ်ပြိုင်နက် အုသည် စိတ်ကို မချုပ်တည်းနိုင်တော့ဘဲ စာရွက်တစ်ခုကိုယူ၍ အောက်ပါစာကို ရေးလေသည်။

ကိုကို၊ ကိုကို လုပ်ပုံဟာ လုံးလုံး မတရားဘူး။ အု အပေါ်မှာ ဒါလောက် ရက်စက်ဖို့ မရှိပါဘူး။ အု အကုန် စဉ်းစားကြည့်တယ်။ ကိုကို လုပ်ပုံ လုံးလုံး မတရားဘူး။ ကိုကို့ကို အု ဘယ်တော့မှ မကျေဘူး။ ကိုကို့ကို တမင် မကောင်းလုပ်မယ်ဆိုပြီး ဘယ်တော့မှ အု မလုပ်ခဲ့ပါဘူး။ ဒီအကြောင်းကို ဘာမှ အု အထူး ပြောစရာ မလိုပါဘူး။ ကိုကို သိတဲ့ အတိုင်းပါပဲ။ ဒါနဲ့တောင်မှ အု အပေါ်မှာ ကိုကိုဟာ သိပ်ရက်စက်တာပဲ။ ကိုကိုက ဒါလောက်တောင်

ရက်စက်ရင် အုလည်း ကိုကို့ကို မေ့ပါတော့မယ်။ ကိုကို
လုပ်ပုံဟာ ဘာမှ မတရားဘူး။

အု

အုသည် အထက်ပါစာကို ရေးပြီးနောက် ပြတင်းပေါက်မှာ ဆက်လက် စဉ်းစားမြဲ စဉ်းစားနေလေသည်။

မောင်ဒေဝသည် တောင်းပန်တိုးလျှိုး၍ ရတော့မည် မဟုတ်ရကားထိုကဲ့သို့ ရန်စွယ်နှင့်ငေါငေါ ရေးခြင်းသည် ချိုသာ ဝပ်တွား ရေးခြင်းနှင့် ထူးခြားလိမ့်မည် မဟုတ်။ မူလဖြစ်ရင်း အကြောင်းရင်းတို့မှာ ပြောင်းလဲခြင်း မရှိသောကြောင့် မောင်ဒေဝ စိတ်ပြောင်းဖို့ အကြောင်းသစ် မပေါ်ပေါက်ခဲ့။

အုသည် ပြတင်းပေါက်၌ ထွေရာ စိတ်ကူးရင်းပင် မှိုးချုပ်လေသည်။ ဒေါ်ဘုမတို့ သားသမီ သုံးယောက်လည်း ပြန်မလာသေး။ အုသည် ကလေးငယ်များ ရှိရာ၊ မီးခွက်ရှိရာသို့ သွားပြီးလျှင် 'ဒီနေ့ညဟာ အစ်မကြီးတို့ ဒီအိမ်မှာ အိပ်ရတာ နောက်ဆုံးပဲ။ နောက်ကို ဘယ်တော့မှ အိပ်ရတော့မှာ မဟုတ်ဘူး။ အစ်မကြီးတို့ရော၊ ကလေးတို့ရော မွေးကြတာ ဒီအိမ်မှာပဲ။ အခု အစ်မကြီးတို့ရော၊ ကလေးတို့ရော တစ်ခါတည်း ပြောင်းကြရတော့မယ်' ဟု ပြောလေသည်။ ကလေးငယ်များသည် ငြိမ်ဆိမ်စွာ နားထောင်နေကြပြီးလျှင် နေ့လယ်က တစ်နေ့လုံး ပျော်နေကြသော်လည်း မျက်ရည်များ လည်၍ လာပြီးလျှင် ဝမ်းနည်းပန်းနည်း ငိုကြရန် ဟန်ပြင်လျက် ရှိကြလေသည်။ အုသည် အကြောင်းကို သိသဖြင့် ကလေးများ စိတ်ပြောင်းသွားစေခြင်းငှာ ကမ္ဗဋ္ဌာန်း သံပေါက်ကို အရွတ်ခိုင်းလေသည်။

"ချစ်ခင်ပေါင်းသင်း၊ ဆက်ဆံခြင်းကား
ကွေကွင်း နောက်ဆုံး ရှိချေ၏။"
"ဝိညာဉ်ထင်လင်း၊ သက်ရှင်ခြင်းကား
သေခြင်း နောက်ဆုံး ရှိချေ၏။"

ရာပြည့်စာအုပ်တိုက်

"စည်းစိမ်သင်းပင်း၊ ပေါ်များခြင်းကား
ယိုယွင်း နောက်ဆုံး ရှိချေ၏။"

ကလေးတို့သည် အထက်ပါ သံပေါက်ကို သံပြိုင်ရွတ်ကြလေသည်။

အုသည် မျက်ရည်များ လည်လာသဖြင့် ကလေးများဆီမှ ထ၍ ပြတင်းပေါက်သို့ သွားလေသည်။ အပြင်၌ မှောင်ပိန်း၍ နေလေသည်။ ခဏ ကြာသောအခါ ဒေါ်ဘုမတို့ သားအမိ သုံးယောက် ပြန်လာကြလေသည်။ အုသည် အိမ်ထဲမှ မီးခွက် လှမ်း၍ ပြလေသည်။

'မိန်းကလေးရေ၊ ဒီမှာ မြင်းခွာရာနဲ့ မြင်းချေးတွေပါလား ဟေ့။ ဘယ်သူများ လာသလဲ'

'ဘယ်သူမှ မလာပါဘူး အမေရဲ့'

အိမ်ထဲ၌ ဝိုင်း၍ ထိုင်နေကြသော ကလေး လေးယောက်သည် အုအား ကြွေကြီးတွေနှင့် မော့ကြည့်နေကြပြီးလျှင် တစ်ယောက်က 'ဟို လူကြီးတစ်ယောက် မြင်းကြီးနဲ့ လာတာကော အစ်မရဲ့' ဟု ဝင်၍ ထောက်လေသည်။

'အို၊ လမ်းကြုံလို့ မေးသွားတာပါ။ အိမ်ကို လာတာ မဟုတ်ပါဘူး အမေရဲ့'

'ဘယ်သူလဲ မိန်းကလေးရဲ့၊ မိန်းကလေးရဲ့ ယောက်ျားလား'

'ကျုပ်ယောက်ျား မဟုတ်ပါဘူး အမေရယ်၊ ကျုပ်ယောက်ျား ဘယ်တော့မှ လာတော့မှာ မဟုတ်ဘူး'

'အနို့ ဘယ်သူလဲ မိန်းကလေးရဲ့'

'အမေကလဲ အမေရယ်၊ မေးမနေချင်ပါနဲ့။ သူ့ကို အမေလည်း မြင်ဖူးတာပဲ၊ ကျုပ်လည်း မြင်ဖူးတာပဲ'

'ဩော် ဒီလိုလား၊ ဒီတော့ သူက ဘာများ ပြောသွားသလဲ'

'နက်ဖြန်ခါ ပန်းသာမြို့ ရောက်တော့မှ အကုန်လုံး ပြောပြပါမယ်။ တစ်ခွန်းမှ မကျန်စေရပါဘူး'

အသည် ပန်းသာမောင်မောင်ကို ယောကျ်ား မဟုတ်ဘူးဟု ပြော သော်လည်း သူ့ဝမ်းထဲ၌ကား သည်လူသာလျှင် သူ၏ ကာယကံမြောက် ယောကျ်ား ဖြစ်သည် ဆိုသော အချက်ကို ဥပါဒါန် တိုး၍ တိုး၍ စွဲလျက် ရှိလေသည်။

နောက်တစ်နေ့ နံနက်စောစောတွင် အတို့ သားအမိတစ်စုသည် ပါတတ်သမျှသော အိမ်ထောင်ပစ္စည်းများကို တင်၍ လှည်းနှစ်စီးဖြင့် ပန်းသာ မြို့သို့ ထွက်ခဲ့ကြလေသည်။

ဆွမ်းစားချိန်လောက် ရှိသောအခါ လမ်းဆုံတစ်ခု၌ လှည်းစခန်းချ၍ နေကြလေသည်။ ညနေ နာရီပြန် နှစ်ချက်လောက်တွင် လှည်းထွက်ရန် ပြင်ဆင်ကြသောအခါ သူတို့ သွားသောလမ်းကို ဖြတ်၍သွားသော လမ်းမှ လှည်းသုံးစီး မောင်း၍ လာလေသည်။ ထို လှည်းသုံးစီးအနက် နောက်ဆုံး လှည်းတွင် အနှင့် ရွယ်တူတန်းတူဖြစ်သော မိန်းမပျိုနှစ်ယောက် ပါလာလေ သည်။ ထို မိန်းမပျိုနှစ်ယောက်မှာ အစ၏ သူငယ်ချင်းနှစ်ယောက် ဖြစ်လေ သည်။ အသည် ထိုမိန်းမပျို နှစ်ယောက်ထံသို့ အားရဝမ်းသာ ပြေးသွား လေသည်။

'ဟော့ ငွေခင်တို့ ရွှေမှုံတို့၊ အခု ညည်းတို့ ဘယ်သွားကြမလို့လဲ'

'တို့ မြောက်ခွင်ကို သွားကြမလို့၊ အိမ်ပြောင်းလာကြတယ်။ ကျုပ် တောရွာမှာလည်း ညည်း ပြန်သွားတဲ့ အချိန်ကစပြီး ဦးတောက်ထိန်ကြီးက တဆူဆူ တပူပူ လုပ်နေတာနဲ့ တို့လည်း စိတ်ညစ်လို့ သူ့ကို မပြောဘဲ တိတ်တိတ် ထွက်လာခဲ့ကြတယ်။ အလုပ်ပျက်တယ် ဆိုပြီး သူကြီးအိမ် တိုင်ချင်လည်း တိုင်ပစေတော့အေ၊ မတတ်နိုင်ဘူး။ အလိုလိုမှ အလုပ်က ပင်ပန်းလို့ စိတ်ညစ်ရတဲ့ အထဲမှာ သူက သခွတ်ပင်က မီးတကျည်ကျည် လုပ်နေတော့ ဘယ် သူ့ဆီမှာ လုပ်ချင်တော့မှာလဲအေ့။ အခု ညည်းတို့ကော ဘယ်လဲ'

'တို့လည်း အိမ်ပြောင်းလာတာပဲအေ့၊ ပန်းသာမြို့ကို သွားမလို့'

'ဟော့ကောင်မ အုု၊ ဒီနား တိုးစမ်းပါဦးအေ့။ ငါ တိုးတိုး ပြောစမ်းပါရစေ။ ဟော့၊ ကျူတောရွာမမှာ ညည်း နေတုန်းက ညည်းဆီကို လာတဲ့ အကောင် မှတ်မိရဲ့ မဟုတ်လားအေ့။ အဲဒီအကောင်က ညည်း ပြန်သွားပြီးတဲ့ နောက် ညည်း ဘယ်သွားသလဲ ဆိုပြီး တို့ဆီကို လာမေးနေတယ် အေရဲ့။ ဒီကောင်ကို ညည်း သဘောမကျမှန်း သိတာနဲ့ တို့လည်း မသိဘူးလို့ ပြောလိုက်တယ်'

'ညည်းတို့က မပြောလိုက်ပေမဲ့ ငါ တွေ့ပြီးပြီအေ့။ ပေပင်ကုန်းကို လိုက်လာတယ် တော့်'

'ဒါဖြင့် ညည်း အခု ဘယ်ကို သွားမလို့ ဆိုတာကော သူ သိလား'

'သိမှာပေါ့အေ၊ မသိစရာ မရှိပါဘူး'

'အနို့၊ ညည်းယောကျ်ားကော ပြန်လာပလား'

'မလာသေးပါဘူး အေရဲ့'

ထိုသို့ ပြောပြီးနောက် အုနှင့် သူ့သူငယ်ချင်း နှစ်ယောက်တို့သည် လမ်းခွဲ၍ သွားကြလေသည်။

နေအတော်နည်းသွားသောအခါ အုတို့သည် ပန်းသာမြို့နားသို့ ကပ်မိကြလေသည်။ ထိုအခိုက်တွင် ပန်းသာမြို့ဘက်မှ ယောကျ်ားတစ်ယောက်သည် အုတို့ လှည်းနှစ်စီးဘက်သို့ ရှေးရှုလာလျက် ရှိလေသည်။ ထိုယောကျ်ားသည် အုတို့ လှည်းနှစ်စီး၏ အကဲကို ခတ်မိသောအခါ ခပ်သုတ်သုတ်လာပြီးလျှင် 'ခင်ဗျားပဲလား ဦးပန်းအောင်ရဲ့ မိန်းမ ဒေါ်ဘုမ ဆိုတာ' ဟု မေးလေသည်။

'ပန်းသာမြို့စား ဦးပန်းအောင်ရဲ့ ဇနီး မြို့စားကတော်ကြီး ဒေါ်ဘုမ ဆိုတာ ကျုပ်ပေါ့တော်။ အခုတော့ ကျုပ်တို့မှာ မျိုးရိုးတော့ ကောင်းပါလျက်နဲ့ လက္ခဏာများ ပါးရှားနေရတာနဲ့ ကိုယ် နေရင်း ပန်းသာမြို့ကို ပြန်လာတယ် ဆိုပါတော့'

'အို၊ ကျုပ်ကတော့ ဒီအကြောင်းတွေ ဘာမှ မသိပါဘူး။ ခင်ဗျားဟာ

ဦးပန်းအောင်ရဲ့မိန်းမ ဒေါ်ဘုမ ဟုတ်တယ်၊ မဟုတ်ဘူးပဲ သိချင်ပါတယ်။ ဟုတ်လို့ရှိရင် ခင်ဗျား လိုချင်တယ် ဆိုတဲ့ဟာ သူများ ဦးသွားပြီ ဆိုတာ ပြောချင်လို့ပဲ။ ခင်ဗျား ပေးလိုက်တဲ့ စာက ဒီနေ့မနက်မှ ရတယ်။ အဲဒီတော့ တဲကို တစ်နေ့ကပဲ သူများကို ငှားလိုက်တယ်။ ဒါပေမဲ့ တခြား တစ်တဲ တဲတော့ ရနိုင်ပါလိမ့်မယ် ထင်ပါရဲ့'

အုမှာ "တစ်ခါဖြင့် ခက်ပြီ" ဆိုသော မျက်နှာထားမျိုးနှင့် မျက်စိမျက်နှာများ ပျက်၍ သွားလေသည်။ ဒေါ်ဘုမလည်း ငိုမဲ့မဲ့ ဖြစ်၍ သွားလေသည်။

'ကိုင်း မိန်းကလေးရေ၊ တစ်ခါဖြင့် ခက်ပြီ။ ဘယ့်နှယ် လုပ်ကြမလဲ။ ကိုယ့်ဆွေဆက် မျိုးဆက်များ ရှိရာ လာမှပဲ ဒုက္ခတွေ့ဖြစ်အောင် တွေ့မိပေတော့တယ်။ ဒါပေမဲ့အေ တခြားတဲများ ရလိုရငြား မေးကြည့်ကြသေးတာပေါ့'

ဒေါ်ဘုမနှင့် မကြေးမြွင်တို့သည် ပန်းသာမြို့တွင်းသို့ဝင်၍ အိမ်ငယ်၊ တဲငယ် အလွတ်အလပ်များ တွေ့လိုတွေ့ငြား လျှောက်၍ ကြည့်ကြလေသည်။ အုသည် ကလေးငယ်များနှင့် လှည်းတွင် ကျန်ရစ်လေသည်။ တစ်နာရီလောက် ကြာသောအခါ ဒေါ်ဘုမတို့ သားအမိသည် မောကြီးပန်းကြီးနှင့် ပြန်လာကြလေသည်။ အိမ်ငယ် တဲငယ် အလွတ်လည်း မတွေ့ကြ။ ထိုအခိုက်တွင် လှည်းသမားကြီး နှစ်ယောက်က သူတို့နွားများလည်း မောလှပြီ၊ သူတို့လည်း ထိုနေ့ညပင် တုံ့ချင်ကြောင်းနှင့် ပြောလေသည်။

'ကိုင်းပါတော်၊ တော်တို့က ဒါလောက်တောင် ရှိလှတာ၊ ကိုင်း ဒီလမ်းဘေးမှာပဲ ပစ္စည်းတွေ ချခဲ့ပါ'ဟု ဒေါ်ဘုမက ပြောလေသည်။ လှည်းသမားကြီး နှစ်ယောက်လည်း ဒေါ်ဘုမ ပြောတိုင်း လှည်းပေါ်မှ ပစ္စည်းများကို လမ်းဘေး ဘုရားပျက်ကြီး တံတိုင်းအနီး ကပ်၍ ပုံထားခဲ့ကြပြီးလျှင် လှည်းခကို တောင်း၍ ပြန်ကြလေသည်။ လှည်းခ ပေးပြီးနောက် ဒေါ်ဘုမ၌လည်း ငွေစ အနည်းငယ်သာ ကျန်လေသည်။

အုသည် ဘုရားတံတိုင်းဘေး၌ ဖရိုဖရဲ စုပုံလျက်ရှိသော အိမ်ထောင်ပစ္စည်းများကို စိုက်ကြည့်ကာ ငေးမှိုင်လျက် နေလေသည်။ ဒေါ်ဘုမသည် ဘုရားတံတိုင်းတွင်းသို့ ဝင်၍ နေရာထိုင်ခင်း လှည့်လည် ကြည့်ရှုလေသည်။ အတော်ကြာလျှင် ပြန်လာပြီးနောက် 'ကိုင်း လာကြ သမီးတို့ သားတို့၊ ငါတို့ ဒီနေ့ည ဘုရားတန်ဆောင်းထဲမှာပဲ အိပ်ကြမယ်။ ပစ္စည်းတွေ ဘာတွေ ဝိုင်းပြီး တစ်ယောက်တစ်လက် သယ်ကြပေတော့။ ဒီဘုရားဟာ တို့ ပန်းသာ ဆက်ထဲက တည်ထားတဲ့ ဘုရားပဲ။ တန်ဆောင်းမှာ ကမ္ပည်းကြီးထိုးလို့။ ရတနာမာရ်အောင် စေတီတော်တဲ့။ ကိုယ့်ဆွေမျိုးထဲက လှူထားတဲ့ ဘုရားပဲ။ ကိုယ် ခွင့်တောင်းပြီး နေမယ်ဆို နေထိုက်ပါတယ်။ ဟော့ မိန်းကလေးရေ ရော့၊ ဟောဒီ ကန့်လန့်ကာကို ဒီဘေးနားက ပတ်ပြီး ကာလိုက်။ မသကာ ဒီနေ့ တစ်ညတော့ ဒီမှာပဲ အိပ်ကြတာပေါ့။ ဒါပေမဲ့ အမေနဲ့ ကြေးမြွင်နဲ့ မြို့ထဲ ထပ်သွားလိုက်ဦးမယ်။ အိမ်လေး တဲလေးလည်း ကြည့်ရင်း၊ ကလေးတွေ အတွက် စားဖို့သောက်ဖို့လည်း ရှာရင်းဖွေရင်း ဆိုသလိုပဲ။ ဒါထက် မိန်းကလေး ၊ ဒီလိုသာ ဆိုရင်တော့ ငွေစရှိတဲ့ ယောက်ျား ညည်းယူထားတာ အလကားပေါ့ အေ။ ဘာ အကျိုးရှိသလဲ' ဟု ပြောပြီးလျှင် မကြေးမြွင်နှင့် မောင်စိန်းအောင်ကို ခေါ်၍ ထွက်သွားလေသည်။ ပန်းသာမြို့နားသို့ ရောက်သောအခါ လူတစ်ယောက် မြင်းနှင်လာသည်ကို တွေ့လေသည်။ ထိုလူသည် တစ်စုံတစ်ယောက်ကို လိုက်၍ ရှာဖွေနေဟန် တူသည်။ အဘယ့်ကြောင့် ဆိုသော် တောင်မြောက်လေးပါးကို သေချာစွာ ကြည့်ရှုလျက် ရှိသောကြောင့် တည်း။ ဒေါ်ဘုမတို့ သားအမိ သုံးယောက်ကို မြင်သောအခါ ထိုမြင်းပေါ်က လူသည် သူတို့သုံးယောက် ရှိရာသို့ မြင်းနှင်လာပြီးလျှင် 'အို၊ အခု ကျွန်တော် အဒေါ်တို့ကို လိုက်ရှာနေတာပဲ။ အခု ဆွေဆက်မျိုးဆက်ရှိရာ ပြောင်းလာကြပြီ ဆိုပါတော့' ဟု နှုတ်သွက်လျှာသွက်နှင့် ပြောလေသည်။ ထိုသူမှာ ပန်းသာမောင်မောင် ဖြစ်လေသည်။

'ဒါထက် အု တစ်ယောက်ကော ဘယ်မှာပါလိမ့်'

ဒေါ်ဘုမသည် ပန်းသာမောင်မောင် အပေါ်တွင် မေတ္တာသက်ဝင်ခြင်း မရှိသဖြင့် ပန်းသာမောင်မောင် မေးသော စကားကို ပြန်ပြောချင်သလို မပြောချင်သလို အင်းမလှုပ် အဲမလှုပ်နှင့် အုရှိရာ ဘုရားပျက်ကြီးဘက်သို့ လက်ညှိုးထိုးပြပြီးနောက် သွားမြဲတိုင်း ဆက်၍ သွားလေသည်။ ပန်းသာ မောင်မောင်က 'အိမ်နေဖို့ ရှာမရဘူးလို့ ကြားပါတယ်။ အခုတစ်ခါ ထပ်ရှာ လို့မှ မရဘူး ဆိုရင်၊ ကျွန်တော် တစ်ဆိတ် သိပါရစေ' ဟု မြင်းပေါ်မှ လှမ်း၍ ပြောလေသည်။ ပန်းသာမောင်မောင်သည် ပန်းသာမြို့ထဲသို့ ပြန်၍ မြင်းကို သူ့တည်းအိမ်၌ ထားခဲ့ပြီးလျှင် အု ရှိရာ ရတနာမာန်အောင် ဘုရား ဘက်သို့ လာခဲ့လေသည်။

အုသည် ဘုရားရှေ့ တန်ဆောင်းထဲတွင် ကလေးငယ်များ အိပ်ရန်၊ နေရန် နေရာထိုင်ခင်းများကို ခင်းကျင်းပေးပြီးလျှင် ကလေးများနှင့် အနည်း ငယ် စကားပြော၍ ဘုရားပရိဝုဏ်အတွင်း အနောက်မြောက်ဘက်ထောင့်ရှိ ဇရပ်ပျက်ကြီးနှင့် ဂူအိုကြီးများ ရှိရာသို့ သွား၍ ကြည့်လေသည်။ ထိုဂူအို ကြီးများမှာ ပန်းသာဆက်ဝင်တို့၏ အလောင်းများ မြှုပ်နှံရာ ဂူအိုကြီးများ ဖြစ်လေသည်။ ပန်းသာဆက်များမှာ ရှေးယခင်က များစွာ ထွန်းကားလာခဲ့ ကြသည့်အတိုင်း ပန်းသာမြို့နား တစ်ဝိုက်ရှိ ဘုရားအို၊ ကျောင်းအို၊ ဘုရား ပျက်၊ ကျောင်းပျက် မှန်သမျှတွင် သူတို့၏ မြှုပ်နှံရာ ဂူများနှင့် မကင်းနိုင် ဖြစ်လေသည်။ အုသည် ဇရပ်အောက်သို့ ဝင်မည် အပြုတွင် တံစက်မြိတ် အောက်၌ ဆွဲထားသော ခြစားထားသည့် ကမ္ပည်းကို မြင်လေသည်။ ထို ကမ္ပည်း၌–

"ပန်းသာဆက် သချိုင်းတော်"ဟု ရေးသားထားသည်ကို တွေ့ရ လေသည်။ အုသည် သူ့ဆွေ သူ့မျိုးတို့၏ ဂူကြီးများဖြစ်၍ ကြည့်ရှုလိုသော အာသာ ရှေ့ဆောင်သော်လည်း၊ ဂူအို ဂူပျက်ကြီးများကို လူသူကင်းရာ ဘုရားပျက်ကြီး ပရိဝုဏ်အတွင်း၌ တွေ့ရသောအခါ ကြက်သီးမွေးညင်းများ ထ လေသည်။ ဇရပ် တံစက်မြိတ်အောက်သို့ ဝင်မိပြီးလျှင် ဂူအိုကြီးများကို

တစ်ခုစီ တစ်ခုစီ သေချာစွာ ကြည့်ရှုသောအခါ အဟောင်းမြင်းဆုံး ဖြစ်သော ဂူအိုကြီးပေါ်တွင် လူတစ်ယောက် လျောင်း၍နေသော ပုံသဏ္ဌာန်ကို မြင်ရလေရာ ရှေ့သို့ ဆက်၍ မသွားဝံ့ဘဲ တန့်၍နေလေသည်။ ထိုအခိုက်တွင် ထိုလျောင်း၍နေသော ပုံသဏ္ဌာန်သည် အသက်ရှိသော လူပြကတော့ကဲ့သို့ ထ၍ ထိုင်လေရာ အုမှာ 'အမယ်လေး ကယ်တော်မူကြပါ' ဟု ငယ်သံပါအောင် အော်ပြီးလျှင် မေ့၍ လဲသွားလေသည်။ ထိုအခါ ထိုပုံသဏ္ဌာန်သည် အု၏ အသည်းကို နုတ်၍စားမည့် မကောင်းဆိုးရွားကဲ့သို့ အုကို အောက်သို့ လဲမကျမီ ထ၍ ပွေ့ချီလေသည်။ အုသည် သတိရ၍ လာသည်နှင့် တစ်ပြိုင်နက် 'ဣတိပိသော ဘဂဝါ၊ အရဟံ သမ္မာ သမ္ဗုဒ္ဓေါ' ဟု ရွတ်လေသည်။

'မောင်ကြီးပါ အုရဲ့၊ တစ္ဆေ မဟုတ်ပါဘူး။ မကြောက်ပါနဲ့။ မောင်ကြီးက အု စိတ်ကူးပျက်သွားမှာစိုးလို့ အသံမပေးဘဲ အသာကလေး စောင့်ကြည့်နေတာပါ။ အု သိပ်လန့်သွားသလား'

ပုံသဏ္ဌာန်မှာ အခြားမဟုတ်။ ပန်းသာမောင်မောင် ဖြစ်လေသည်။

'အခု အုတို့ ဆွေမျိုး မျိုးများ သိုက်သိုက်ဝန်းဝန်း စုဝေးဖို့ လာကြတာပေါ့နော်။ အောက်က လိုဏ်ခေါင်းကြီးထဲမှာလည်း ပန်းသာဆက် ရုပ်အလောင်းတွေ အများကြီး ရှိသေးတယ် အုရဲ့' ဟု ပြောပြီးလျှင် ပန်းသာမောင်မောင်သည် ဇရပ်ကြမ်းပြင်ကို ခြေနှင့်ဆောင့်၍ နင်းလိုက်ရာ အောက်မှ ဂုန် ဂုန်ဟု လိုဏ်သံပါ၍ လာလေသည်။

'အုက မောင်ကြီးကို ပန်းသာဆက်ကျောက်ရုပ် မှတ်တယ် ထင်ပါရဲ့။ ဘယ်ဟုတ်မှာလဲ အုရဲ့၊ မောင်ကြီးရုပ်က အသိသာကြီးပဲ။ ဒီလိုပေါ့ အုရယ်၊ သင်္ခါရ သဘောတရားဆိုတာ။ ဒီတော့ မောင်ကြီး ခုပြောချင်တာက အုတို့ ပန်းသာဆက် အစစ်ဖြစ်တဲ့ ရုပ်အလောင်းတွေဟာ အုတို့ ကောင်းကျိုးကို ဘာမှ မဆောင်ရွက်နိုင်ပါဘူး။ ဟောဒီ ပန်းသာဆက် အတုကသာ အုတို့ရဲ့ အကျိုးကို ဆောင်ရွက်နိုင်ပါတယ်။ အခု မောင်ကြီးကို အု သဘောကျသလို သာ အမိန့်ပေးပါတော့။ မောင်ကြီး အုအမိန့်ကို နာခံဖို့ အသင့်ရှိပါတယ်'

'သွား၊ ရှင့်ကို ကျွန်မ အလိုမရှိဘူး'

'အုက သွားလို့ အမိန့်ပေးရင် မောင်ကြီး သွားပါမယ်။ အုဆီကို မလာရဘူးဆိုရင် အုရဲ့ မယ်တော်ကြီးကို မောင်ကြီး လိုက်ရှာဦးမယ်။ ဒီမှာ အု၊ မောင်ကြီး အပေါ်မှာ ဒါလောက်တောင် ရိုင်းရိုင်းစိုင်းစိုင်း မပြောချင်ပါနဲ့ အုရယ်'

ပန်းသာမောင်မောင် ထွက်သွားသောအခါ အုသည် ဇရပ်ထဲမှ ထွက်ခဲ့ပြီးလျှင် 'သေမင်းရယ်၊ ငါ့ကို ဘာလို့ အခုထက်ထိ မခေါ်ရသေးတာလဲ ဟယ်။ ခေါ်ရင်လည်း မြန်မြန် ခေါ်ပါတော့' ဟု ညည်းလေသည်။

ထိုအချိန် ထိုအခါတွင် မငွေခင်နှင့် မရွှေမှုံတို့သည် လှည်းပေါ်တွင် တခြား အကြောင်းကို ပြောမသွားဘဲ အုနှင့် မောင်ဒေဝတို့ အကြောင်း၊ ဆန်းကြယ်သော၊ တန်ခိုးရှိသော၊ ဓမ္မတာတရား၏ ဖန်ဆင်းချက်ဖြစ်သော၊ မတူသော လိင်သဘောတို့ တိုက်တွန်းနှိုးဆော်အပ်သည် ဖြစ်သောကြောင့် အုနှင့် ပန်းသာမောင်မောင်တို့ "ဒွေးနှစ်ဖော် သံဝါသို" ခဲ့ဖူးသည့် အဖြစ်အကြောင်း လူ့သတင်း လူချင်းဆောင်၍ သူတို့နှစ်ယောက် ကြားဖူးသမျှကို မြိန်ရှက်စွာ ဆွေးနွေးတိုင်ပင်ကာ သွားကြလေသည်။

'မရွှေမှုံရေ၊ အုတော့ ဒီကောင့်ရန်ကြောင့် ခက်တော့တာပဲ အေ့။ အရင်က ရှင်းရှင်းလင်းလင်း ဆိုရင်လည်း အတော်သေးသားအေ့။ အခုတော့ သူ့ဟာက လူသိရှင်ကြား တောင်းရမ်းမယူတာ တမယ်ဘဲ ကျန်တယ်အေ့။ ဒိုပြင်ဟာမှာတော့ လင်မယားပဲအေ့။ ဒီတစ်ခါ ဒီကောင့်လက်ထဲများ ပြန်ပါသွားရင်တော့ ညည်းကောင်မတော့ အခက်ပဲ။ ကိုဒေဝကိုတော့ ညည်းလည်း မျှော်လင့်စရာ မရှိဘူး။ ငါလည်း မျှော်လင့်စရာ မရှိဘူး။ ဒီတော့ တို့နှစ်ယောက် အုအပေါ်မှာ မနာလို တိုရှည်စိတ် မထားကြဘဲ ဝင်ပြီး အကျိုးဆောင်ပေးကြရင် မကောင်းဘူးလားအေ့။ သူများ အကျိုးဆောင်ရင် ကိုယ့်အကျိုး အောင်တယ်လို့ လူကြီးသူမများ စကားပုံလည်း ရှိတယ်'

'ညည်းက ဘာလဲအေ့၊ ကျွဲနို့အိုးကြီး ကွဲလို့ ရွှေစည်းခံ လှူတာလား အေ့'

'ဒါလည်း ဒါပေါ့အေ၊ စိတ်ထားတတ်ရင် မြတ်တယ် ဆိုတာပဲအေ့။ အခု အုမှာ ဘယ်လို ဒုက္ခဖြစ်နေရတယ်၊ အနားမှာလည်း ဘယ်လိုကြီးတဲ့ ရန်သူ ရောက်နေတယ်ဆိုတာ ကိုဒေဝ သိရင် ပြန်လာပြီး သူ့ကောင်မ သူ ခေါ်သွားမှာပဲအေ့'

'ဒါဖြင့် ကိုဒေဝတို့ဆီ ဒီလို ဒီလိုပဲ ဆိုတာ အကျိုးအကြောင်း တို့ နှစ်ယောက် စာရေးရင် မကောင်းဘူလား အေ့'

ဤနည်းဖြင့် မငွေခင်နှင့် မရွှေမှုံတို့သည် မောင်ဒေဝထံ စာရေးကြမည်ဟု လမ်းတစ်လျှောက်လုံး တိုင်ပင်သွားကြလေသည်။ သို့ရာတွင် မြောက်ခွင်သို့ ရောက်သောအခါ အလုပ်အကိုင် အနေအထိုင် အသားမကျသေးသဖြင့် မအားမလပ် ရှိရကား မောင်ဒေဝထံ စာရေးဖို့ အကြောင်းကို သတိမရဘဲ ရှိကြလေသည်။ နောက်တစ်လခန့်ကြာ၍ အနေအထိုင် အသားကျပြီး အချိန်အားလပ်ခွင့် ရလာကြသောအခါတွင် မောင်ဒေဝလည်း မကြာခင် ဂျာဗားကျွန်းမှ ပြန်ရောက်တော့မည့် အကြောင်းကို သတင်းရကြလေသည်။ သို့ရာတွင် အု အကြောင်းကိုကား လှည်းချင်းဆုံ၍ တွေ့ခဲ့ကြသည့် အခါကစ၍ ဆိုးသည်၊ ကောင်းသည် နောက်ထပ် ဘာမျှ သတင်းမကြားရတော့ချေ။ မငွေခင်နှင့် မရွှေမှုံတို့သည် မောင်ဒေဝ အပေါ်၌ ခင်မင်စိတ်မပြေသေးသည် တစ်ကြောင်း၊ အု အပေါ်၌ ချစ်ခင်စိတ် ရှိကြသည် တစ်ကြောင်းကြောင့် အားလပ်သည်နှင့် တစ်ပြိုင်နက် သူတို့နှစ်ယောက် လှည်းပေါ်တွင် စိတ်ကူးလာကြသည့်အတိုင်း မောင်ဒေဝထံ စာရေးကြရန် ဆုံးဖြတ်လိုက်ကြပြီးလျှင် ခွေးတံဆိပ် လက်ဟောင်း ခဲတံကလေးကို ထက်ထက်ပါအောင် ချွန်၍ တံတွေးဆွတ်ကာဖြင့် အောက်ပါစာကို နှစ်ယောက်သား တိုင်ပင်ကာ ရေးကြလေသည်။

ရှိသေစွာ စာရေး အစီရင်ခံလိုက်ပါသည် ကိုဒေဝ တော့်။ တော့်ကို တော့်မိန်းမက ချစ်သလို တော်က တော့်

ရာပြည့်စာအုပ်တိုက်

မိန်းမကို ချစ်ရင် အခုလို ပစ်မထားပါနဲ့။ တော့်မိန်းမကို ရန်သူတစ်ယောက်ဟာ မိတ်ဆွေယောင် ဆောင်ပြီး ဖြားယောင်း နေပါသည်။ ဝေးဝေးက ရှောင်ထိုက်သူ တစ်ယောက်ဟာ တော့်မိန်းမနား ရောက်နေပါသည်။ မိန်းမဆိုတာ အကြာအရှည် သွေးဆောင်ခြင်းကို ခုခံကာ နေနိုင်တတ်ခဲပါသည်။ တစ်စက် တစ်စက်နှင့် ကျဖန်များသော ရေစက်တို့သည် ကျောက်ဆောင်ကြီးတောင် စားသွားတတ်ပါသည်။ ကျောက်ဆောင်ကြီးသာမက စိန်တုံးကြီးတောင် ခံနိုင်မည် မဟုတ်ပါ။

**အကျိုးဆောင် တောသူမနှစ်ဦး**

အထက်ပါစာကို မောင်ဒေဝ၏ဖခင် ဦးဖြိုးဒင်အိမ်သို့ မောင်ဒေဝ နာမည်နှင့် လိပ်တပ်၍ ပေးလိုက်ကြပြီးလျှင် မငွေခင်၊ မရွှေမှုံတို့သည် သူတို့ ပြုသော ကောင်းမှုကို သူတို့ဟာသူတို့ အကြီးအကျယ် သဘောကျကာ နေကြပြီးနောက် ဝမ်းလည်းသာ၊ ဝမ်းလည်းနည်း ဖြစ်ပြီးလျှင် နှစ်ယောက်သား ခေါင်းချင်းဆိုင်၍ ငိုကြလေသည်။

တစ်နေ့သော ညနေစောင်း အချိန်တွင် ဦးဖြိုးဒင်သည် တစ်စုံတစ်ယောက်သော သူကို မျှော်နေဟန်ဖြင့် တံခါးဝ၌ ထွက်ချည်ဝင်ချည် လုပ်ကာ ဂနာမငြိမ်နိုင်အောင် ရှိလေသည်။ မောင်ဒေဝ၏ မိခင်သည်လည်း ဦးဖြိုးဒင် နောက်မှ တကောက်ကောက် လိုက်လျက် ဦးဖြိုးဒင် တံခါးဝ ထွက်လျှင် ထွက်ချင်း၊ ဝင်လျှင် ဝင်ချင်း ဗျာသင့်လျက် ရှိလေသည်။

'ရောက်တော့ ရောက်လိမ့်မပေါ့ကွယ်။ အချိန်တွေ အပုံကြီး ရှိပါသေးတယ်'

'ရောက်မယ်ဆိုရင် လေးနာရီလောက်ကတည်းက ရောက်ဖို့ ကောင်းတာပဲရှင်။ အခုဆိုရင် ခြောက်နာရီတောင် ထိုးပြီးပြီ။ ဘာလို့များ ဒါလောက်ကြာနေပါလိမ့်မယ်။ စိတ်မကောင်းလိုက်တာ'

ဤနည်းဖြင့် ဦးဖြိုးဒင်တို့ လင်မယားသည် သားထွေး မောင်ဒေဝကို မျှော်တော်ဇောနှင့် မောလျက် ရှိကြသည်။

နေဝင်ဖျိုးဖျ အချိန်လောက်တွင် လှည်းသံကြားသဖြင့် မောင်ဒေဝ ၏ အမေသည် ကမန်းကတန်း ဆင်း၍ ပြေးလေသည်။ ဦးဖြိုးဒင်မှုကား နောက်မှ ခပ်ဖြည်းဖြည်း လိုက်သွားလေသည်။ လှည်းသည် ဦးဖြိုးဒင်တို့ အိမ်ဝင်းပေါက်ရှေ့တွင် ရပ်၍ လှည်းနောက်မြီးဘက်မှ လူတစ်ယောက် ဆင်းလာသည်ကို မြင်ကြရာ သူတို့သား မောင်ဒေဝပင် ဖြစ်သည်ဟု ယူဆ ကြလေသည်။ ထိုသို့ ယူဆခြင်းမှာ သည်အချိန်တွင် မောင်ဒေဝ ဒိဋ္ဌရောက် လိမ့်မည်ဟု အတပ်သိပြီး ဖြစ်သောကြောင့် ဖြစ်လေသည်။ စင်စစ် မောင် ဒေဝဟု တကယ်မှတ်မိ၍ မဟုတ်။ ထိုလှည်းပေါ်က ဆင်းလာသူကို အကယ် ၍ အခြားအချိန်တွင် အခြားနေရာ၌ တွေ့မြင်မည်ဆိုသော် ဘယ်နည်းနှင့်မျှ မောင်ဒေဝဟု ပြောနိုင်ကြလိမ့်မည် မဟုတ်။ အဘယ်ကြောင့်ဆိုသော် ထိုသူမှာ မောင်ဒေဝ အမှန်ပင် ဖြစ်သော်လည်း လွန်ခဲ့သော တစ်နှစ်ကျော် အခါက သူတို့အိမ်က ထွက်၍သွားသော ရုပ်နှင့် အလျှင်း မတူသောကြောင့်တည်း။

'ဘယ့်နှယ်လဲ လူကလေးရေ၊ ပြန်လာပလား။ အမေတို့ မျှော်လိုက် ရတာ၊ လည်ပင်းများ ရှည်လို့။ ကိုင်း လာလာ၊ အိမ်ပေါ်တက် အိမ်ပေါ်တက်'

'လူကလေးရယ်၊ မင်း မသေမပျောက်နဲ့ ပြန်ပြီး ရောက်လာတာပဲ အဖေတို့ ဝမ်းမြောက်ပါပြီ'

အိမ်ပေါ်သို့ရောက်၍ မီးရောင်ဖြင့် မောင်ဒေဝ၏ ရုပ်ဆင်းသဏ္ဌာန်ကို မြင်ရသောအခါ မောင်ဒေဝ၏ အမေသည် အံ့အားသင့်၍ သွားလေသည်။

'ဟင် လူကလေး ဘယ့်နှယ်တုံး။ အိမ်က ထွက်သွားတဲ့ ရုပ်နဲ့လည်း မတူတော့ပါလား'

မောင်ဒေဝ၏ မိခင်သည် မောင်ဒေဝ ရုပ်ပျက် ဆင်းပျက် ဖြစ်၍ လာသည်ကို မြင်သဖြင့် မချုပ်တည်းနိုင်ဘဲ ငိုကြွေးလေသည်။

ဦးဖြိုးဒင်လည်း မောင်ဒေဝ၏ ရုပ်ဆင်းသဏ္ဌာန်ကို မြင်ရသောအခါ

များစွာ စိတ်မကောင်း ဖြစ်လေသည်။ မောင်ဒေဝသည် ဂျာဗားကျွန်းကာ ရာသီနှင့် မတည့်၍ ဖျားနာခြင်းကြောင့် တစ်ကြောင်း၊ စိတ်ညှိုးခြင်းကြောင့် တစ်ကြောင်း အရိုးပေါ် အရေဖုံးလျက် ရှိလေသည်။ မျက်တွင်းကြီးများလည်း လက်တစ်ဆုပ်လောက် ရှိအောင် နက်လျက် ရှိလေသည်။

'ဟိုမှာ ကျွန်တော် မမာဘူး အမေရဲ့၊ ဒါကြောင့် သိပ်ပိန်သွားတာ။ အခုတော့ နေကောင်းပါပြီ' ဟု ပြောသော်လည်း မောင်ဒေဝမှာ ကုလားထိုင်သို့ ထိုင်ရန် အသွားတွင် မူးလဲမည် ဖြစ်သဖြင့် တိုင်ကိုမှီ၍ အတော်ကြာ နေပြီးမှသာ ကုလားထိုင်ဆီသို့ ဆက်၍ သွားနိုင်လေသည်။

'ကျွန်တော့်စာများ မရောက်ဘူးလား အမေ။ အမေတို့ဆီက ပို့လိုက်တဲ့ စာဟာ ကျွန်တော် ခရီးလွန်နေတာနဲ့ အကြာကြီးနေမှ ရတယ်။ ရတာ တောင်မှပဲ ကံကောင်းလို့ ရတာ။ အဲဒီစာသာ စောစောစီးစီးက ရမယ် ဆိုရင် ကျွန်တော် အစောကြီး ပြန်လာမှာပဲ'

'အဲဒီစာဟာ လူကလေး မိန်းမဆီကစာ ဟုတ်စ'

'ဟုတ်ကဲ့၊ ကျွန်တော့် မိန်းမဆီက စာပါပဲ'

'နောက်ထပ် စာတစ်စောင်တော့ ရောက်နေတယ်။ လူကလေး ပြန်လာမယ် ဆိုတာ သိတာနဲ့ လူကလေးဆီ မပို့လိုက်ဘဲ ဒီမှာပဲ ထားတယ်'

စာအိတ်ကို ချက်ချင်း ဖွင့်ဖတ်ရာ အောက်ပါ အုရဲ့စာကို တွေ့ရသဖြင့် မောင်ဒေဝမှာ များစွာ စိတ်မကောင်း ဖြစ်ရလေသည်။

ကိုကို၊ ကိုကို လုပ်ပုံဟာ လုံးလုံး မတရားဘူး။ အု အပေါ်မှာ ဒါလောက် ရက်စက်ဖို့ မရှိပါဘူး။ အု အကုန် စဉ်းစားကြည့်တယ်။ ကိုကိုလုပ်ပုံ လုံးလုံး မတရားဘူး။ ကိုကို့ကို အု ဘယ်တော့မှ မကျေဘူး။ ကိုကို့ကို တမင် မကောင်းလုပ်မယ်ဆိုတဲ့ စေတနာနဲ့ ဘယ်တော့မှ အု မလုပ် ခဲ့ပါဘူး။ ဒီအကြောင်းကို အု ဘာမှ အထူးပြောဖို့ မလိုပါ

ဘူး။ ကိုကို သိတဲ့ အတိုင်းပဲ။ ဒါနဲ့တောင်မှပဲ အု အပေါ်မှာ ကိုကိုဟာ သိပ်ရက်စက်တာပဲ။ ကိုကိုက ဒါလောက် အုကို ရက်စက်မှ အုလည်း ကိုကို့ကို မေ့ပါတော့မယ်။ ကိုကို လုပ်ပုံဟာ လုံးလုံး မတရားဘူး။

အု

မောင်ဒေဝသည် အု၏စာကို ဖတ်ပြီးလျှင် 'ဒါလည်း ဟုတ်တာပဲ၊ ကောင်မလေး စိတ်မှ ပြန်လည်လာပါဦးမလား မပြောတတ်ဘူး' ဟု ညည်းကာ စာရွက်ကို ပစ်ချလိုက်လေသည်။

'အမျိုးအမည် မထင်ရှားတဲ့ တောသူမကလေး တစ်ယောက်အတွက် ဒါလောက်တောင် ပူမနေပါနဲ့ လူကလေးရယ်။ ယောကျ်ားကပဲ'

'အမေ ပြောတဲ့အတိုင်း အမျိုးအမည် မထင်ရှားတဲ့ အထဲက ဖြစ်မယ် ဆိုရင်လည်း အကောင်းသားပဲ အမေ။ အမေတို့က ကျွန်တော့်မိန်းမ အကြောင်း မသိသေးဘူး။ စကားစပ်မိလို့ ရှိမှ ပြောပြရသေးတာပေါ့။ ကျွန်တော့်မိန်းမက ပန်းသာမြို့စားရဲ့ အဆက်အနွယ် ဆွေကြီးမျိုးကြီးထဲက အမေရဲ့။ အခုခေတ်မှာသာ ခနေထွန်းကားတဲ့ ခေတ်မို့လို့ မထင်မရှား ဖြစ်နေရရှာတာ။ ရွှေမရှိတဲ့ ဘုရား ဆိုတာ လူမရှိသေးဘူးပေါ့ အမေရဲ့'

ထိုသို့ သူ့အမေအား ပြောပြီးလျှင် မောင်ဒေဝသည် အခန်းထဲသို့ ဝင်၍ အိပ်လေသည်။ နောက်တစ်နေ့မနက်တွင် မောင်ဒေဝသည် ပြင်းစွာ နေမကောင်း ဖြစ်သဖြင့် အခန်းထဲမှ မထွက်ဘဲ စဉ်းစားခန်းထုတ်ကာ နေလေသည်။ ဂျာဗားကျွန်း၌ နေစဉ်အခါတွင် မောင်ဒေဝသည် သူ့စိတ်ထဲ၌ သူကသာ အုဆီ ပြန်သွားမည်ဆိုလျှင် အုသည် အားရဝမ်းသာနှင့် ဆီးကြို လက်ခံလိမ့်မည်ဟု အောက်မေ့မိခဲ့လေသည်။ သို့ရာတွင် ဂျာဗားကျွန်းမှ ပြန်ရောက်လာသောအခါ သူ့အထင်နှင့် များစွာ ကွာခြားလျက် ရှိသည်ကို တွေ့ရလေသည်။ သူ ငင်လို့ အု မယိမ်း၊ အု သိမ်းမှ သူ ပါရချေတော့မည်။

မောင်ဒေဝသည် မောင်မောင်ခေါ်တုန်းက ဗျာမထူး၊ အောင်ကျော် ခေါ်မှ ဗျာထူးတော့မည်လော။ အုသည် များစွာ စိတ်ကြီးသော မိန်းကလေး တစ်ယောက် ဖြစ်သည်။ အုဆီမှ နောက်ဆုံး ရေးလိုက်သောစာကို ကြည့်ရခြင်းအားဖြင့် အုသည် သူ့အပေါ်၌ အလာနှောင်းသဖြင့် အထင်အမြင် ပြောင်းသွားပြီမှာ ထင်ရှားသည်။ ပြောင်းမည်ဆိုလျှင် ကောင်းကောင်းကြီး ပြောင်းထိုက်သည်ကို သူ ဝန်ခံရပေမည်။ ထိုကဲ့သို့ ဖြစ်နေသည့် အခိုက်တွင် တင်ကြိုပြီး အကြောင်းမကြားဘဲ သူ့မိန်းမဆီကို တိုက်ရိုက်သွားသော် တော်ပါမည်လော။ အု၏ ကြီးသောအချစ်သည် မောင်ဒေဝ၏ အလာနှောင်းခြင်းကြောင့် ကြီးသော အမျက်သို့ ပြောင်းလဲ၍ သွားပြီ ဖြစ်ပါမူ မောင်ဒေဝအား သူ့ယောက္ခမများ၏ရှေ့တွင် ရန်စွယ်နှင့်ငေါငေါ ဆီး၍ ရေရွတ်ပါက မောင်ဒေဝမှာ အရှက်တကွဲ အကျိုးနည်း ဖြစ်ရချေတော့မည်။

သို့ဖြစ်ရာ မောင်ဒေဝသည် ပေပင်ကုန်း သူ့ယောက္ခမများထံသို့ သူ ပြန်ရောက်ပြီး ဖြစ်သည့်အကြောင်း၊ အုလည်း သူ မှာထားခဲ့သည့်အတိုင်း ပေပင်ကုန်းမှာပင် ရှိလိမ့်မည် ထင်ကြောင်းနှင့် စာရေးလိုက်လေသည်။ ငါးရက်၊ ခြောက်ရက်လောက် ကြာသောအခါ ဒေါ်ဘုမထံမှ အောက်ပါစာတိုတိုတစ်စောင် ပြန်လာလေသည်။

> ဒေါ်ဘုမ အကြောင်း ပြန်ကြားလိုက်ပါတယ်။ အကြောင်းမှာ မိန်းကလေးဟာ အခု ဒေါ်ဘုမထံမယ် မရှိပါ။ ဘယ်တော့ ပြန်လာမယ်လို့လည်း အသေအချာ မပြောနိုင်ပါ။ မိန်းကလေး ပြန်လာရင် လာချင်း စာရေးလိုက်ပါမယ်။ အခု မိန်းကလေး ဘယ်ကို ခဏသွားနေတယ်ဆိုတာကို ပြောခွင့် မရှိပါ။ ဒေါ်ဘုမတို့ သားအမိတစ်စုလည်း ပေပင်ကုန်းမှာ မနေတော့ဘူး။
>
> ဒေါ်ဘုမ

ရာပြည့်စာအုပ်တိုက်

မောင်ဒေဝသည် အထက်ပါ စာကို ဖတ်ရသောအခါ အုသည် ကျန်းကျန်းမာမာရှိကြောင်း သိရသဖြင့် ဘယ်မှာနေသည်၊ ဘယ်မှာထိုင်သည် မသိရသော်လည်း စိတ်အေး၍ သွားလေသည်။ စာကို ဖတ်ကြည့်ရခြင်း အားဖြင့် အားလုံးကပင် သူ့အပေါ်၌ စိတ်ဆိုးနေကြသည်မှာ ထင်ရှားသည်။ အု ပြန်လာလျှင် စာရေးလိုက်မည်ဟု ဒေါ်ဘုမ ပြောသည့်အတိုင်း စောင့်မှသာ တော်မည်။ သည်လိုလူ သည်လိုလုပ်မှပဲ နောင်ကြဉ်တော့မည်။ သူ့အချစ်မှာ လှုပ်လှုပ်မျှ မခံသော အချစ် ဖြစ်သည်။ သို့ရာတွင် ဂျာဗားကျွန်း၌ သွား၍ နေစဉ်အတွင်း၌ မောင်ဒေဝသည် အယူအဆ ပြောင်းခဲ့လေပြီ။ "ရေကန်ထဲမှ ရေကြည်ကို သောက်လိုသောသူသည် အမှိုက်သရိုက် မှော် ဒိုက် စသည်တို့ကို ဖယ်ရှား၍ ရေကြည်ကိုသာ သောက်သင့်သကဲ့သို့၊ ငါသည် အုအား အဘယ် ကြောင့် အပြစ်ကို မရှာဘဲ၊ အကျိုးကိုသာ ဆင်ခြင်၍ မချစ်ခဲ့လေသနည်း။ အကျိုးအပြစ်ကို ဆုံးဖြတ်ရာတွင် အမှုကိုယ်ဖြင့် မချိန်ဆဘဲ စေတနာကို လိုက်၍ ဆုံးဖြတ်ခြင်းသည် ပို၍ တရားနည်းလမ်း မကျပါလော" ဟု သူ့ကိုယ်သူ အပြစ်တင်လျက် ယူကျုံးမရ ရှိလေသည်။

မောင်ဒေဝသည် ဒေါ်ဘုမထံမှ ပေးလိုက်မည်ဆိုသော စာကိုလည်း စောင့်ရင်း၊ အားအင်လည်း ဖြည့်ရင်း တစ်ရက် နှစ်ရက်ခန့် စောင့်ဆိုင်းနေ လေသည်။ တစ်ရက် နှစ်ရက်လောက် အနားရသဖြင့် အားအင်ပြည့်၍ လာ သော်လည်း ဒေါ်ဘုမထံမှ ပေးလိုက်မည် ဆိုသော စာကား မရောက်လာ။ မောင်ဒေဝသည် စိတ်မငြိမ်သဖြင့် အုသည် ကျူတောရွာမက နေ၍ ပေးလိုက် သော စာကို ရှာပြီးလျှင် ဖတ်ပြန်လေသည်။ အု ရေးလိုက်သောစာကို ပြန်၍ ဖတ်ရသောအခါ မူလ ဂျာဗားကျွန်းမှာ နေစဉ်က ဖတ်ရသကဲ့သို့ပင် သူ့စိတ် နှလုံးကို များစွာ ထိခိုက်လေသည်။

အုကို ကယ်ပါဦး ကိုကိုရယ်။ အုမယ် ကိုကိုကလွဲလို့<br>
အားကိုစရာ မရှိပါဘူး။ ကိုကိုလည်း မလာဘူး၊ အုလည်း

ကိုကို့ဆီကို မလာရဘူးဆိုရင့် အု သေရပါလိမ့်မယ်။ ဒါပေမဲ့ ကိုကိုရယ်၊ တရားရုံးတင် မတရားပါနဲ့။ နည်းနည်းကလေး လောက် သနားလည်း သနားပါဦး။ ကိုကို ပြန်လာလို့ ကိုကို့ကို အားရအောင် မြင်ရပြီးရင် အုဟာ ဒီဘ၀မှာ လူဖြစ်ကျိုးနပ်ပါပြီ။ ကိုကို့ဆီကသာ ကိုကို ပြန်လာခဲ့မယ် ဆိုတဲ့ စာကလေး တစ်ကြောင်းလောက် မြင်ရရင် အု ပျော်ပျော်ကြီး စောင့်နေနိုင်ပါတယ်။ ဒီဘ၀မှာ နောက်ထပ် ကိုကိုနဲ့ တွေ့ရမှာ မဟုတ်တော့ဘူး ဆိုတဲ့ အကြောင်းကို စဉ်းစားမိရင် အု စိတ်ထဲမှာ ဘယ်လိုနေမယ်ဆိုတာ ကိုကိုပဲ စဉ်းစားကြည့်ပါတော့။ နေ့စဉ်နဲ့အမျှ အု စိတ်ညစ်နေသလို၊ တစ်နေ့တစ်နေ့မယ် တစ်အောင့်ကလေးလောက် ကိုကို့ကို အု စိတ်ညစ်အောင်များ လုပ်နိုင်ရင် ကိုကိုဟာ ကိုယ်ချင်းစာ တရား ဖက်လာပြီး အုကို သနားစိတ် ပေါ်လာမှာပါပဲ။ ကိုကို့ဆီမှာ ကိုကို့မယားအဖြစ်နဲ့ လိုက်မနေရရင် ကိုကို့ အစေခံမ အဖြစ်နဲ့ လိုက်နေပါရစေ။ အဲဒီလို နေရရင် အု ကျေနပ်ပါပြီ။ ကိုကို့နားမှာ နေရပြီး ငါ့လင်ပဲလို့ တစိမ့်စိမ့် ကြည့်နေရရင် အု သေရမှာတောင် မကြောက်တော့ပါဘူး။ အု စိတ်ထဲမယ် ကိုကို့ကို မြင်ချင်တဲ့ အာရုံတစ်ခုတည်းပဲ ရှိပါတယ်။ ဒါကြောင့် ကိုကိုရယ်၊ အုကို ပြစ်မထားပါနဲ့ တော့။ ဒီစာ ရရင် ရချင်း အုကို ကယ်လှည့်ပါတော့။ မကယ်ရင် အု ခက်ရပါတော့မယ်။

အု

ဤစာကို ပြန်၍ဖတ်ပြီးနောက် မောင်ဒေဝ စိတ်၌ အုဆီမှ ဒုတိယ ရေးလိုက်သော စာသည် ဘယ်လိုပင် စိတ်ဆိုးသံ၊ စိတ်နာသံ ပါသော်လည်း

အုသည် သူ့အပေါ်တွင် စိတ်ဆိုးနိုင်၊ စိတ်နာနိုင်လိမ့်မည် မဟုတ်ဟု သဘော ပေါက်ပြီးလျှင် ဒေါ်ဘုမထံမှ စာအလာကို မစောင့်တော့ဘဲ အရေးတော်ပေါ် ခိုက် ဒုန်းရိုက်၍ သွားရန် ဆုံးဖြတ်လိုက်လေသည်။ သူ မရှိသည့် အတော အတွင်း၌ အုသည် သူ့အဖေထံမှ ငွေများ တောင်းဖူးသေးသလားဟု သူ့ အဖေကို မေးရာ သူ့အဖေက တစ်ခါမျှ မတောင်းဖူးကြောင်း ပြောလေ သည်။ ထိုအခါမှသာ အုသည် မာနမချဘဲ အဆင်းရဲခံ၍ နေသည့်အဖြစ်ကို စ၍ သိရလေသည်။ မောင်ဒေဝ၏ မိဘများလည်း မောင်ဒေဝ ပြောသံဆိုသံ များကို ကြားရသဖြင့် သူတို့လင်မယား ဘာလို့ ကွဲနေရသည် ဆိုသော အကြောင်းကို သိလာကြလေသည်။ ဦးဖြိုးဒင်တို့ လင်မယားမှာ လောကတွင် အဆိုးဆုံး အခြေအနေသို့ ရောက်နေသူ တစ်ဦး တစ်ယောက်ကို သနား ကရုဏာ ရှိတတ်ကြသည့်အတိုင်း အု၏ အကြောင်းကို သိသောအခါ အု ဘက်မှ ရှေ့နေလိုက်ကြရန် အသင့် ရှိကြလေသည်။

မောင်ဒေဝသည် အုကို စုန့်သာမြို့နှင့် လိုက်၍ရှာရန် အထုပ်အပိုး ပြင်ဆင်နေဆဲတွင် "ရှိသေစွာ စာရေးအံစီရင်ခံလိုက်ပါသည် ကိုဒေဝတော့" အစချီသော အကျိုးဆောင် တောသူနှစ်ဦး ဖြစ်သည့် မငွေခင်နှင့် မရွှေမှုံတို့ ထံမှ ပေးလိုက်သော စာကို ရလေသည်။

## အခန်း ၄၁

အုနောက်လိုက်ရန် ပြင်ဆင်ပြီးသည်နှင့် တစ်ပြိုင်နက် မောင်ဒေဝသည် လှည်း တစ်စီးနှင့် အိမ်မှ ထွက်ခဲ့လေသည်။ မကြာမီပင် လွန်ခဲ့သော သုံးလေးလ လောက်က အုသည် မျှော်လင့်ခြင်းကြီးစွာဖြင့် လာခဲ့၍ စိတ်ပျက်ခြင်းကြီးစွာ ဖြင့် ပြန်ခဲ့ရသော လမ်းအတိုင်း ကျူတောရွာမဘက်သို့ သွားသော လမ်းခွဲသို့ ရောက်လေသည်။ မောင်ဒေဝသည် အုကို တွေ့ချင်ဇော အားကြီးလှသဖြင့်

သွားမြဲမှန်မှန်သွားနေသော လှည်းကိုပင် အင်မတန် နှေးကန်သည်ဟု ထင်မိလေသည်။ တစ်ခါတစ်ခါ ဆင်း၍ပင် ပြေးသွားချင်လေသည်။ အစဉ်အတိုင်း စိတ်ကူးဖြင့် ရစ်ပတ်၍ လာခဲ့ရာ ပန်းသာမောင်မောင်သည် အုကို အတင်း သစ္စာ အဆိုခိုင်းသော နတ်စင်နှင့် ကျောက်ရုပ်ကြီးသို့ ရောက်လေသည်။ ထိုမှတစ်ဖန် လွန်ပြီးနောက် လှည်းသွားသည်ကို နှေးလွန်းသည် ထင်ခြင်း ကြောင့် တစ်ကြောင်း၊ အဖော်မနီး တစ်ယောက်ထီးတည်း စိတ်ကူးချင်ရာ ကူး၍ သွားလိုခြင်းကြောင့် တစ်ကြောင်း လှည်းကို ပြန်လွှတ်လိုက်ပြီးလျှင် ပါလာသော လက်ဆွဲသားရေအိတ်နှင့် ထီးကိုယူကာ ကိုယ်ပိုင် ခြေတစ်ရှည်းဖြင့် ဖြတ်လမ်းမှ ဖြတ်၍ သုတ်လေသည်။ မောင်ဒေဝသည် ကျူတောရွာမသို့ သွားခြင်းမှာ အုဏ် ပထမစာ၌ ကျူတောရွာမမှနေ၍ ရေးသောစာ ဖြစ်သဖြင့် ကျူတောရွာမမှာပင် အု ရှိလိမ့်နိုး ထင်သောကြောင့် ဖြစ်သည်။ ကျူတော ရွာမသို့ ညနေစောင်းတွင် ရောက်သွားပြီးနောက် 'ကိုဒေဝ၏မယား မစာအု ဘယ်မှာ နေသလဲ' ဟု ရွာထဲသို့ လျှောက်၍မေးရာ 'ဒီနာမည်မျိုးကို ကြား တောင် မကြားဖူးဘူး' ဟု ပြောကြလေသည်။ သို့သော် 'ပေပင်ကုန်းက အုလို့ ခေါ်ကြတဲ့ မိန်းကလေး တစ်ယောက်တော့ လာပြီး ရိုးရည်ရိုတ်ဖူးတယ်' ဟု ပြောကြမှသာ၊ သူ့မယား အုသည် သူ့မယားဖြစ်သည့် အကြောင်းကို တောင် ဘယ်သူ့မျှ မပြောဘဲ ထိမ်ဝှက်ထားသည်ကို သိရလေသည်။ အုသည် သူ မရှိခိုက်တွင် သူ့အဖေများထံမှ ငွေလိုလျှင် မှာရန် ပြောခဲ့သည်ကိုလည်း မမှာသည်က တစ်တန်၊ ယခု ကျူတောရွာမမှာ သွားအလုပ်လုပ်သည့်အခါ၌လည်း သူ့မယား ဖြစ်သည့် အကြောင်းကို ဘယ်သူ့မျှ မပြောဘဲ ဖုံးအုပ် ထားသည် တစ်တန် စသော အကြောင်းနှစ်တန်ကို ထောက်သော် အုဏ် စိတ်ထဲ၌ မောင်ဒေဝနှင့် ကွဲ၍ နေရသည်မှာ ပြန်၍ ချဉ်းဖို့ရန် လမ်းမမြင်သော အကွဲမျိုး ဖြစ်သည်ဟု ယူဆကြောင်း ထင်ရှားလေသည်။

'အဲဒီ အုဆိုတဲ့ မိန်းကလေးတော့ဖြင့် ကိုတောက်ထိန်ဆီမှာ အလုပ် လာလုပ်ဖူးတာပဲ။ အဲဒီလို အလုပ်လုပ်နေရင်း အလုပ်မသိမ်းခင် သူ့နေရပ်

ပေပင်ကုန်း ပြန်သွားလေရဲ့’ ဟု ပြောကြသဖြင့် မောင်ဒေဝမှာ ဒိုင်းဆော်၍ မြိုင်ပေါ်က ပေပင်ကုန်းသို့ လိုက်ရပြန်လေသည်။

ဦးတောက်ထိန်သည် အသပြာမဲ့သော အု အပေါ်တွင် မထီလေးစားပြုကာ နှိပ်စက်ကလူ ပြုသော်လည်း ငွေစရှင်ဖြစ်သော မောင်ဒေဝ လာသော အခါ၌ကား သကာအိုးပေါ် မှောက်လျက်လဲသော မျက်နှာမျိုးဖြင့် လောကွတ်အမျိုးမျိုး လုပ်ပြီးလျှင် မောင်ဒေဝကို သူ့လှည်းနှင့် ည နာရီပြန် နှစ်ချက်တီးလောက် အချိန်တွင် ပေပင်ကုန်းသို့ လိုက်ပို့လိုက်လေသည်။ မောင်ဒေဝသည် ဦးတောက်ထိန်၏ လှည်းကို မိုးလင်းလျှင်လင်းချင်း ပြန်လွှတ်လိုက်ပြီးလျှင် ပေပင်ကုန်းသို့ ကုန်းကြောင်းချီခဲ့ရာ ဆွမ်းခံဝင်ချိန်လောက်တွင် ပေပင်ကုန်းရွာနားသို့ ကပ်မိလေသည်။ ရှေးဦးစွာ အုကို ပထမစ၍ တွေ့ဖူးသော ဘုန်းကြီးကျောင်းကို မြင်သောအခါ “သြော် ငါ့ကံနှယ် ဆိုးလိုက်ပါဘိ၊ ဟိုတုန်းကသာ အုနဲ့ ချစ်ခင်ရင်းနှီးလိုက်ရရင် ဒီလိုဒုက္ခမျိုးနဲ့ တွေ့ရမှာမဟုတ်ဘူး” ဟု အောက်မေ့မိလေသည်။

ရွာထဲသို့ ရောက်၍ အုတို့နေသော အိမ်ကို မေးမြန်းပြီး သွားရာ အုတို့ နေကြသောအိမ်တွင် အုတို့ကို မတွေ့ရဘဲ လူသစ်များ ရောက်လျက်နေသည်ကို တွေ့ရလေသည်။ ထိုလူသစ်များသည် သူတို့အလုပ်ဖြင့် သူတို့နေကြသဖြင့် ယခင်က ဤအိမ်၌ အုတို့ ပန်းသာဆက် မိသားတစ်စုတို့ နေသွားဖူးသည့် အဖြစ်ကိုပင် သတိမရကြ။ စင်စစ်သော်ကား အုတို့ နေသွားဖူးသည်၊ နေမသွားဖူးသည်မှာ သူတို့နှင့် မဆိုင်။ သူတို့အဖို့လည်း အရေးမကြီး။ အနီး ပတ်ဝန်းကျင်ရှိ သစ်ပင်ပေါ်က ငှက်ကျေးများလည်း အုတို့မရှိတော့သည့် အဖြစ်ကို ပမာဏ မပြုဘဲ မြည်ကြ တွန်ကြမြဲသာ မြည်တွန်လျက် ရှိကြလေသည်။ ရွာထိပ် လက်ပံပင်ကြီးပေါ်က ဆက်ရက်တို့လည်း တကျက်ကျက်နှင့် အမြည် မပျက်။ သို့ရာတွင် မောင်ဒေဝ အဖို့မှာမူ ထိုကဲ့သို့မဟုတ်။ အု မရှိတော့ပြီဖြစ်သော ပေပင်ကုန်းရွာသည် ယင်ပျားအပေါင်းတို့စွန့်ပစ်၍သွားသော မစုပ်ပျားအုံကြီးနှင့် လည်းကောင်း၊ ရေမရှိသော မြစ်နှင့်

လည်းကောင်း တူလျက်ရှိလေပြီ။ ပေပင်ကုန်းသည် အု မရှိသဖြင့် ကျက်သရေ မင်္ဂလာ မရှိတော့သကဲ့သို့သာ ထင်ရလေသည်။ ထိုရွာတွင်း၌ရှိသော လေကို အသက်ရှူရသည်ပင် မွန်းသကဲ့သို့ ရှိလေသည်။

မောင်ဒေဝသည် အုတို့ အကြောင်းကို ဖုတ်လေတဲ့ငါးပိ ရှိလေတယ်မှ မမှတ်ကြသော လူသစ်များထံ၌ စုံစမ်း၍ မရသဖြင့် လူဟောင်းများထံ၌ စုံစမ်း၍ ကြည့်ရာတွင် ပန်းသာမြို့စားကြီး ဦးပန်းအောင် ဘဝတစ်ပါး ပြောင်းသွား ကွယ်လွန်ရှာပြီ ဆိုသော အကြောင်း၊ ထို့ကြောင့် မြို့စားကတော်ကြီး မှဆိုးမ ဒေါ်ဘုမနှင့် သားသမီး တစ်စုသည် ပန်းသာမြို့သို့ ပြောင်းရွှေ့သွားကြပြီ ဆိုသော အကြောင်းတို့ကို သိရလေသည်။ ထိုသို့ သိရသည်နှင့် တစ်ပြိုင်နက် ပန်းသာမြို့သို့ လေ၏ အဟုန်ဖြင့် ပြေးသွားချင်လေသည်။ မောင်ဒေဝသည် ဆွမ်းစားချိန်လောက်တွင် ပန်းသာမြို့သို့ သွားရန် လှည်း တစ်စီးငှား၍ ထွက်ခဲ့လေသည်။ ပေပင်ကုန်းမှ ပန်းသာမြို့ဘက်သို့ သွားသော လမ်းမှာ သင်္ချိုင်းကုန်းနားသို့ ကပ်၍ သွားရသဖြင့် သင်္ချိုင်းကုန်းတွင် အုတ်ဂူ အသစ် တစ်ခုကို တွေ့လေသည်။ လှည်းသမားကြီးက ထိုအုတ်ဂူမှာ ဦး ပန်းအောင်၏ အုတ်ဂူ ဖြစ်ကြောင်း ပြောပြလေသည်။ ထိုအခါတွင် မောင် ဒေဝသည် အုတ်ဂူကို ဆင်း၍ကြည့်ရာ ဦးပန်းအောင် ကွယ်လွန်သောနေ့နှင့် တကွ ဦးပန်းအောင်သည် ပန်းသာမြို့စား အဆက်အနွယ် ဖြစ်ကြောင်း ကမ္ပည်း ထိုးထားသည်ကို တွေ့ရလေသည်။ မောင်ဒေဝ ပြန်လာသောအခါ လှည်းသမားကြီးက 'သြော် ပန်းသာမြို့စားကြီး ဦးပန်းအောင်လည်း သူ့ခမျာ သနားစရာပေပဲ။ သူ သေခါနီးမယ် ငါ သေလို့ရှိရင်တဲ့၊ ငါ့အလောင်းကို ပန်းသာမြို့က ငါ့အဆက်အနွယ်တွေရဲ့ အလောင်းများနဲ့ ယှဉ်ပြီး မြှုပ်ကြပါ လို့ မှာသွားရှာတယ်။ ဒါပေမဲ့ ဆုတောင်းမပြည့်ရှာပါဘူး' ဟု ပြောလေသည်။

'အနို့၊ ဦးကြီးရာ ဘာလို့ သူ ပြောခဲ့တဲ့အတိုင်း သူ့အလောင်းကို ပန်းသာမြို့မှာ သွားမမြှုပ်ကြသလဲ' ဟု မောင်ဒေဝက မေးလေသည်။

'ပန်းသာမြို့မှာ သွားပြီး မြှုပ်ဖို့ဆိုတာက ပြောတော့သာ လွယ်တာ

ကိုရင်မောင်ရေ့။ သူ့ခမျာ မဘုမတို့မှာလည်း ငွေစက မရှိရှာကြပဲဟာကိုး။ ဒီတော့ သူ မှာခဲ့တဲ့အတိုင်း မလိုက်နာနိုင်ကြဘူးပေါ့။ ဒီအုတ်ဂူကလေး လုပ်နိုင်တာတောင်မှ အကြွေးရပေလို့ လုပ်နိုင်ကြတာပဲ'

'အနို့၊ ဒီအကြွေး လုပ်ပေးတဲ့လူက ဘယ်သူပါလိမ့်'

'ဟောဒီက မြင်ရတဲ့ အုတ်ဖိုက အုတ်ဖုတ်သမားကြီး ဦးချစ်ညို ဆိုတာက "မဘုမ ရယ်တဲ့၊ နောက် ခင်ဗျားတို့ ချောင်ချောင်လည်လည် ရှိတဲ့ အခါကျတော့ ပေးတာပေါ့လို့" ဆိုပြီး လိုသလောက် အုတ်ကို ထုတ်ပေး ရှာတယ်'

မောင်ဒေဝသည် လှည်းကို ခဏစောင့်ခိုင်းထားပြီးလျှင် အုတ်ဖုတ် သမားကြီး ဦးချစ်ညိုထံ သွား၍ မေးလေသည်။ ဦးချစ်ညိုက ဟုတ်သည့် အကြောင်းကို ပြောသောအခါ ကျသင့်သော အုတ်ဖိုးငွေကို ပေးချေခဲ့လေ သည်။

မောင်ဒေဝသည် အုကို တွေ့ချင်ဇောကြီး၍ နေသဖြင့် လှည်းသွား သည်ကို အင်မတန် နှေးသည်ဟုသာ ထင်လျက် ရှိလေသည်။ လှည်းသည် တစ်ဝက်ခရီးလောက်သို့ ရောက်သောအခါ လှည်းခပေးပြီးလျှင် ပါသော ပစ္စည်းကလေးများကိုယူ၍ ခြေကျင်သုတ်ပြန်လေသည်။ ပန်းသာမြို့သို့ မိုး မချုပ်ခင်ပင် ရောက်လေသည်။ ဒေါ်ဘုမ၏ အိမ်မှာ ဝင်းနှင့် ခြံနှင့် နှစ်ဆောင် ပြိုင် အိမ်ကြီး ဖြစ်လေသည်။ ဒေါ်ဘုမသည် တစ်စုံတစ်ခုသော အကြောင်း ကြောင့် မောင်ဒေဝ လာသည်ကို သဘောကျဟန် မတူ။ ဒေါ်ဘုမသည် တံခါးဝသို့ ကိုယ်တိုင်ထွက်၍ မောင်ဒေဝကို တွေ့လေသည်။ မောင်ဒေဝသည် ဒေါ်ဘုမကို အရင်က တစ်ခါမျှ မမြင်ဘူး။ မောင်ဒေဝသည် သူ့အပူနှင့်သူ ဗျာသင့်နေသဖြင့် အသေအချာ မကြည့်မိသော်လည်း ဒေါ်ဘုမမှာ လူ့အဖိုး တန်များ ဝတ်စားဆင်ယင်သကဲ့သို့ ကောင်းမွန်စွာ ဝတ်စားဆင်ယင်လျက် အသက်နှင့် မလိုက်အောင် အရွယ်တင်သော မုဆိုးမတစ်ဦး ဖြစ်သည်ကို သတိမထားမိချေ။

'ကျွန်တော် မောင်ဒေဝပါ။ သူ့ကို ကျွန်တော် အခုချက်ချင်း တွေ့ချင်ပါတယ်။ စာရေးလိုက်မယ် ဆိုလို့ ကျွန်တော် တစောင့်ထဲ စောင့်နေတယ်။ ပြီးတော့ ရေးလည်း မရေးဘူး'

'သူမှ ပြန်မလာသေးဘဲနဲ့ ဘယ့်နှယ်လုပ် ရေးရမလဲ'

'အနို့ သူ ကျန်းကျန်းမာမာပဲလား'

'ဒါတော့ မောင်ရင် ပိုသိဖို့ ကောင်းတာပဲ'

'ဒါလည်း ဟုတ်ပါတယ်၊ အခု သူ ဘယ်မှာလဲ'

'ဘယ်မှာ နေတယ်လို့တော့ အသေအချာ မပြောတတ်ဘူး။ တလောကတော့....'

'တလောက နေတာ မသိချင်ပါဘူး။ အခု ဘယ်မှာ နေတယ် ဆိုတာသာ သိပါရစေ'

'အဲဒီမှာလည်း အခု မရှိဘူး ပြောတယ်'

ထိုအခိုက်တွင် ကလေးငယ်များသည် ဒေါ်ဘုမ အနားသို့ စု၍ လာကြလေသည်။ အငယ်ဆုံးကလေးက ဒေါ်ဘုမ၏ ထဘီစကို ဆွဲပြီးလျှင် 'အမေ အမေ၊ အစ်မကြီးနဲ့ ယူမယ်ဆိုတာ ဒီလူကြီးလား အမေ' ဟု မေးလေသည်။

'ဟဲ့၊ ဒါ နင့်အစ်မကြီးရဲ့ ယောက်ျားပဲ။ အထဲ သွားနေပါ။ ဘာလို့ လိုက်လာကြတာလဲ'

မောင်ဒေဝသည် ဒေါ်ဘုမကို စ၍ တွေ့ဦးကပင် မူမမှန်သည့် အဖြစ်ကို တွေ့ရပြီးနောက် သူ မေးလေသမျှကိုလည်း ဝေ့လည် ဝေ့လည် ဖြေပြီးလျှင် ဘာတစ်ခုမျှ ဟုတ်တိပတ်တိ ပြောချင်သောဆန္ဒ မပြသည်ကို တွေ့ရလေသည်။

'အနို့၊ ကျွန်တော် တစ်ခု မေးစမ်းပါရစေဦး။ အုက သူ့ဆီကို ကျွန်တော် လိုက်လာစေချင်သေးသလား၊ လိုက်မလာစေချင်တော့ဘူးလား

ဆိုတာ သိချင်ပါတယ်။ တကယ်လို့ လိုက်မလာစေချင်တော့ဘူး ဆိုရင်တော့ အထူးပြောဖို့ မလိုပါဘူး'

'သူ့ဆီကို လိုက်လာစေချင်မယ်လို့ မထင်ဘူး'

'သူ့ဆီကို လိုက်လာစေချင်မှာ မဟုတ်ဘူးလို့ အသေအချာ ပြောနိုင်ပါသလား'

'အသေအချာပါပဲ။ သူ့ဆီကို လိုက်လာစေချင်မှာ မဟုတ်ပါဘူး'

'ဒါဖြင့် ကျွန်တော် ပြန်ရုံပါပဲ'

ဤသို့ ပြောပြီးလျှင် မောင်ဒေဝသည် လှည့်၍ပြန်မည် လုပ်ပြီးမှ အု ပထမ ရေးလိုက်သော အချစ်ဋ္ဌီကာကို သတိရ၍ 'သူ့ဆီကို လိုက်လာစေချင်မှာ အသေအချာပါပဲ။ အု သဘောကို ကျွန်တော် ပိုသိပါတယ်' ဟု ပြောလေသည်။

'မိန်းကလေး သဘောကို မောင်ရင် ပိုသိတယ်ဆိုတာ ဟုတ်ချင်ဟုတ်မှာပါပဲ။ ကျုပ်တော့ အခုထက်ထိ သူ့သဘောကို ဘယ်လိုရယ်လို့ မရိပ်မိသေးဘူး'

'ဒါဖြင့် ခင်ဗျာ၊ သူ ဘယ်မှာ နေတယ် ဆိုတာကိုသာ တစ်ဆိတ် သိပါရစေ။ စိတ်မချမ်းသာနေသူ တစ်ဦးကို သနားစေလိုပါတယ်'

ဒေါ်ဘုမသည် မောင်ဒေဝကို လက်ဦး တွေ့သည့်အချိန်ကစ၍ အကြံအိုက်သောပုံဖြင့် ခေါင်းတကုတ်ကုတ်နေရာ ယခုလည်း ထပ်၍ ခေါင်းကုတ်ကာ နေပြန်လေသည်။

'ကျွန်တော်ဟာ ခရီးအဝေးကြီးက လာခဲ့ရပါတယ် ခင်ဗျာ။ ပြီးတော့ ကောင်းကောင်းမာတာလည်း မဟုတ်ပါဘူး။ သနားသဖြင့် သူ ဘယ်မှာ နေတယ် ဆိုတာ တစ်ဆိတ် သိပါရစေ'

ဒေါ်ဘုမသည် မောင်ဒေဝ တကယ်ပင် စိတ်မချမ်းသာသော အဖြစ်ကို သိသဖြင့် သောင်ကြီးမှာ အု နေသည့် အကြောင်းကို ပြောလိုက်လေသည်။

'ကျေးဇူးပါပဲ ခင်ဗျာ။ သောင်ကြီးမှာ ဆိုတာတော့ ဟုတ်ပါပြီ၊ သောင်ကြီး ဘယ်အရပ် ဘယ်လမ်းမှာ နေပါသလဲ။ သောင်ကြီးက အရင်နဲ့ မတူဘူး။ အခု မီးရထားလမ်း ပေါက်မှ သိပ်ပြီး စည်ကားနေတယ် ကြားပါတယ်'

'ဘယ်အရပ် ဘယ်လမ်းမှာ နေတယ် ဆိုတာတော့ ကျုပ်လည်း မပြောတတ်ပြီဘူး။ သောင်ကြီးမှာ နေတယ် ဆိုတာလောက် သိတာပဲ၊ ကျုပ်ကိုယ်တိုင်လည်း တစ်ခေါက်မှ မရောက်ဖူးဘူး'

ဒေါ်ဘုမ၏ မျက်နှာထားကို အကဲခတ်ရခြင်းအားဖြင့် သူပြောသော စကားများမှာ အမှန်ဖြစ်သည်ကို သိသောကြောင့် မောင်ဒေဝသည် နောက်ထပ် ဆက်၍ မမေးတော့။

'အလိုရှိတာများ ရှိရင် ဘာပဲ အလိုရှိ အလိုရှိ ကျွန်တော့်ပြောပါ'

'အစစမှာပဲ ပြည့်ပြည့်စုံစုံ ရှိပါတယ်၊ ဘာမှ အလိုမရှိပါဘူး'

မောင်ဒေဝသည် ဒေါ်ဘုမတို့ အိမ်ထဲသို့ မဝင်ဘဲ တစ်ခါတည်း ထွက်၍ ခရီးတစ်တိုင်ခွဲခန့် ဝေးသော မီးရထားဘူတာသို့ ခြေကုန်သုတ်ပြန်လေသည်။

မောင်ဒေဝသည် သောင်ကြီးသို့ သန်းခေါင်အချိန်တွင် ဆိုက်ရောက်လေသည်။ ရောက်လျှင် ရောက်ချင်း သောင်ကြီးမှာ ရောက်နေသည့် အကြောင်း သိသာရန် သူ့အဖေထံ ကြေးနန်းရိုက်လိုက်လေသည်။ အချိန်မတော်ကြီးတွင် အုကို လိုက်၍ရှာလျှင် အချည်းနှီးဖြစ်မည် အမှန်ဖြစ်သဖြင့် မောင်ဒေဝမှာ ဘူတာရုံနှင့် မနီးမဝေးရှိ ဟိုတယ်ဆိုင် တစ်ဆိုင်တွင် ဝင်ရောက်တည်းခိုလေသည်။ ညဥ့်နက်၍ အုကို မရှာနိုင်သော်လည်း စိတ်ဂနာမငြိမ်သဖြင့် မောင်ဒေဝသည် ဟိုတယ်ဆိုင်၌ သူ့ပစ္စည်းကလေးများကို ထားခဲ့ပြီးလျှင် ပက်လက် မြင်းရထားတစ်စီးကို ငှား၍ မြို့ကို လျှောက်၍ ကြည့်လေသည်။ တစ်မြို့လုံးသည် တိတ်ဆိတ်လျက် ရှိသဖြင့် ထိုအချိန်တွင် အုလည်း အိပ်၍နေမည်သာ ဖြစ်သည်။ သောင်ကြီးမြို့မှာ ကုန်းစွယ်တွင် တည်ရှိသဖြင့်

ရာသီဥတု မျှတသောကြောင့် တောင်စခန်းမြို့သဖွယ် စည်ကားလျက် ရှိသော မြို့အသစ်တစ်ခု ဖြစ်လေသည်။ မောင်ဒေဝသည် ရထားပေါ်မှ ညဥ့်လေညင်း ကလေးကို ခံရင်း အုသည် ဟိုဆီ ရှိလိမ့်နိုး၊ သည်ဆီ ရှိလိမ့်နိုးနှင့်ပင် နောက်ဆုံး၌ ဟိုတယ်ကို ပြန်၍ အိပ်ရလေတော့သည်။ အိပ်ရာထဲသို့ ဝင်၍ မအိပ်ခင် အု၏စာကို အပြန်ပြန် အလှန်လှန် ဖတ်ပြန်လေသည်။ ထိုညဥ့် အိပ်၍ပျော်ခြင်းသည်ကား မောင်ဒေဝ အဖို့တွင် မဖြစ်နိုင်သော အလုပ်ကြီး တစ်ခု ဖြစ်လေသည်။ ဟိုဘက်စောင်းအိပ်၍ ညောင်းသော် သည်ဘက်စောင်း၊ သည်ဘက်စောင်းအိပ်၍ ညောင်းသော် ဟိုဘက်စောင်းနှင့်ပင် တစ်ညလုံး အချိန်ကုန်ရလေသည်။ ရံဖန်ရံခါလည်း ပြတင်းပေါက်ကို ဖွင့်၍ မျက်စိ တစ်ဆုံး ရှိသမျှသော အိမ်များကို ကြည့်ပြီးလျှင် သည်အိမ်၌ အု ရှိနိုးနိုး၊ ဟိုအိမ်၌ အု ရှိနိုးနိုး ထင်မိလေသည်။ ထိုညအဖို့တွင် မောင်ဒေဝမှာ မအိပ်ဘဲ ငုတ်တုတ် ထိုင်နေသည်နှင့် မခြားနားချေ။ နံနက် ၆ နာရီခန့်တွင် အိပ်ရာမှ ထ၍ ရေမိုးချိုးပြီးနောက် လက်ဖက်ရည်တစ်ခွက် သောက်ပြီးလျှင် ဟိုတယ်မှ ထွက်ကာ စာတိုက်သို့ သွားလေသည်။ စာတိုက်အထွက်တွင် စာပို့ကုလား တစ်ယောက်ကို တွေ့၍ 'ကိုဒေဝ၏ဇနီး မစာအု ဆိုတဲ့ အိမ်ကို သိသလား' ဟု ကုလားလို မေးလေသည်။ စာပို့ကုလားက မသိကြောင်း ပြန်ပြောလေ သည်။

အုသည် သူ့မယား အဖြစ်နှင့် နေချင်မှ နေမည်။ အုဟု သူ့နာမည် ရင်းနှင့်ပင် နေချင် နေမည်ဟု စဉ်းစားမိသဖြင့် မောင်ဒေဝသည် စာပို့ကုလား အား ပြင်၍ မေးလေသည်။

'ဒါဖြင့် ပန်းသာမြို့စားသမီး အု ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ လိပ် ကိုကော သိရဲ့လား'

'ဟင့်အင်း၊ ဒီနာမည်မျိုးလည်း မကြားဖူးဘူး။ ဒီမြို့က ပျံကျလူတွေ နေတာ ဆပ်။ အဲဒီတော့ ဘယ်သိနိုင်မလဲ။ လမ်းနာမည်နဲ့ အိမ်နံပါတ် သိမှပဲ ပြောနိုင်မယ်'

ထိုအတောအတွင်း၌ အခြား စာပို့ကုလားတစ်ယောက် ရောက်လာပြီးလျှင် 'ပန်းသာမြို့စားသမီးတော့ မသိဘူး ဆပ်။ ပန်းသာမမ ဆိုတာတော့ ရှိတယ်။ စံပယ်မြိုင် ဆိုတဲ့ အိမ်မှာ နေတယ်' ဟု ပြောလေသည်။

မောင်ဒေဝသည် ပန်းသာမမ၏ ပုံသဏ္ဍာန်ကို မေးကြည့်ရာ အုန်း၏ ပုံသဏ္ဍာန်နှင့် တစ်ထေရာတည်း တူနေသည်ကို တွေ့ရလေသည်။

'ဟုတ်ပြီ ဟုတ်ပြီ။ သူပဲ။ အဲဒီ စံပယ်မြိုင် ဆိုတဲ့အိမ်က ဘယ်လို အိမ်မျိုးလဲ'

'သိပ်ကောင်းတဲ့အိမ်ကြီး ဆပ်၊ ဒီမှာ အငှားချစားတဲ့ အိမ်ကြီးတွေပဲ များတယ် ဆပ်'

မောင်ဒေဝသည် စာပို့ကုလား နတ်လမ်းညွှန်လိုက်သည့် အတိုင်း စံပယ်မြိုင်အိမ်သို့ တစ်ဟုန်တည်း သွားလေရာ နံနက် နွားနို့ပေးသော ကုလားနှင့် မရှေးမနှောင်း ရောက်လေသည်။ စံပယ်မြိုင်အိမ်မှာ ဝင်းကြီး၊ ခြံကြီး၊ ဥယျာဉ်ပန်းမန်နှင့် အလွန်လျှင် ခံ့ညားတင့်တယ်သော အိမ်ကြီး ဖြစ်ရကား "ပန်းသာမမ ဆိုတာ အုမှ ဟုတ်ပါလေစ။ ဟုတ်ပြန်ရင်လည်း ဒီအိမ်မှာ အစေခံ အဖြစ်နဲ့ပဲ လာနေလေသလား" ဟု မတွေးတတ်နိုင်အောင် ရှိလေသည်။ အကယ်၍ အုသည် စံပယ်မြိုင်အိမ်၌ အစေခံ အဖြစ်နှင့် လာ၍ နေရသည်ဖြစ်မူ အိမ်ရှေ့ပေါက်ကနေ ခေါ်၍ တော်မည် မဟုတ်။ နွားနို့ ကုလားနှင့် အတူ နောက်ဖေးပေါက်သို့ လိုက်သွားမှ တော်လိမ့်မည်ဟု အောက်မေ့မိပြီး နောက်မှ သူ့စိတ်ထဲ၌ မဝေခွဲနိုင်သဖြင့် အိမ်ရှေ့ဘက်မှပင် ဝင်သွားလေသည်။

ထိုအခါ အချိန်လည်း စောသေးသဖြင့် အောက်ထပ်၌ နေသော အိမ်ရှင်မိန်းမကြီးသည် တံခါးဖွင့်၍နေခိုက် ဖြစ်လေသည်။ မောင်ဒေဝသည် ပန်းသာမြို့စားသမီး မစာအု သို့မဟုတ် ပန်းသာမမ ဆိုတာ ဒီမှာ နေပါသလားဟု အိမ်ရှင် မိန်းမကြီးအား မေးလေသည်။

'ဩော် ပန်းသာမမကို တွေ့ချင်လို့လား'

'ဟုတ်ပါတယ် ခင်ဗျာ၊ ဟုတ်ပါတယ်။ ဆွေမျိုးတစ်ယောက်က တွေ့ချင်လို့ ဆိုတာ တစ်ဆိတ် အကြောင်းကြားပေးပါ ခင်ဗျာ'

'အခုအချိန် သူတို့ အိပ်ရာက မထကြသေးဘူး ထင်တယ်။ ဘယ်သူက တွေ့ချင်တယ်လို့ ပြောရမလဲ။ တစ်ဆိတ် နာမည်ကို အမိန့်ရှိပါ'

'သူ့ကိုကိုက တွေ့ချင်လို့လို့ ပြောပါ ခင်ဗျာ'

'နာမည် မပြောဘဲ ဒီလို ပြောရင် သိပါ့မလား'

'သိပါတယ် ခင်ဗျာ၊ သူ့ကိုကိုက တွေ့ချင်လို့ ဆိုတာသာ တစ်ဆိတ် ပြောပေးပါ'

'ဒါဖြင့် သူတို့ အိပ်ရာက ထကြပလား၊ မထကြသေးဘူးလား ဆိုတာ သွားကြည့်လိုက်ပါဦးမယ်။ ထိုင်ပါဦးလား ရှင်'

မောင်ဒေဝသည် အိမ်ရှင်မိန်းမကြီး၏ ဧည့်ခန်းတွင် ထိုင်ကာ ကျန်ရစ်လေသည်။ ပြတင်းပေါက်မှ လှမ်း၍ အပြင်ကို ကြည့်လိုက်ရာ လှပစွာ ပြုစုထားသော ဥယျာဉ် ပန်းမန်များကို မြင်ရ၍ အုသည် သူ ထင်သလောက် ဆင်းဆင်းရဲရဲ ဖြစ်နေသည် မဟုတ်သည်ကို တွေ့ရလေသည်။ အုသည် မောင်ဒေဝကို မွေးစားသော မိခင်ထံမှ လက်ဆောင်ရသော စိန်ထည်များကို တစ်နည်းနည်းနှင့် ရအောင် တောင်းယူပြီးလျှင် ရောင်းစား၍ သူ့အခြေအနေ ဒီလောက်ဟန်နေ ထင်ပါရဲ့ဟုလည်း အောက်မေ့မိလေသည်။ ထိုခဏတွင် တစွင့်တည်း စွင့်၍နေသော မောင်ဒေဝ၏ နားထဲ၌ အိမ်အပေါ်ထပ်မှ ခြေသံကို သဲ့သဲ့ကြားလေသည်။ မောင်ဒေဝသည် ဝမ်းသာဝမ်းနည်း ဖြစ်လေသည်။ ဝမ်းသာသည်မှာ သူ အင်မတိ အင်မတန် တွေ့ချင်နေသော အုနှင့် တွေ့ရတော့မည်ဖြစ်၍ ဝမ်းသာခြင်း ဖြစ်သည်။ ဝမ်းနည်းသည်မှာ သူသည် ရုပ်ပျက် ဆင်းပျက် ဖြစ်လောက်အောင် ပိန်လှီနေသဖြင့် အုက သူ့ကိုမြင်လျှင် ဘယ်လိုများ အောက်မေ့မလဲဟု တွေး၍ ပူပန်သောကြောင့် ဖြစ်သည်။

အုသည် လှေကားဝမှ ထွက်၍ ကြည့်လေသည်။ အု၏ အဖြစ်မှာ မောင်ဒေဝ အထင်နှင့် များစွာ ကွာ၍နေလေသည်။ အုမှာ တစ်မျိုးတစ်မည်

အားဖြင့် လှပတင့်တယ် ရှုချင်ဖွယ် ဖြစ်၍နေလေသည်။ ကောင်းမွန်သစ်လွင်သော အဝတ်သစ် အစားသစ်များကို ဝတ်ဆင်လျက်ရှိသည်မှာ နဂိုလှပြီးကိုတိုး၍ မလှပစေဘူး ဆိုစေကာမူ အထူးပင် ပန်ရလျက် ရှိလေသည်။ မောင်ဒေဝ စိတ်ထဲတွင် စံပယ်မြိုင် အိမ်တွင်း၌ နေ့အခါကြီးဖြစ်လျက် အဘယ်ကြောင့် ငွေသော်တာ လမင်းကြီးသည် ထွန်းလင်းတောက်ပ၍ နေလေဘိသနည်းဟု အောက်မေ့ရမလောက် ရှိလေသည်။ မောင်ဒေဝသည် အုကိုမြင်လျှင် အားရဝမ်းသာနှင့် ပြေး၍ ဖက်တော့မည့်ဟန်ဖြင့် သွားလေသည်။ အုသည် ဆံပင်ကို ကပိုကရို နောက်ဘက်၌ ရစ်ပတ်၍ အဆန်းဆုံးအင်္ကျီ၊ အဆန်းဆုံး လုံချည်၊ ပန်းထိုး ကတ္တီပါ ပုံတော်ဖိနပ်ကို စီးလျက် ငေးကာသာ ကြည့်လျက်နေလေသည်။ မောင်ဒေဝ စိတ်ထဲ၌ အုသည် သူ့ကို တွေ့လျှင် တွေ့ချင်း သူ့ဆီသို့ ဝမ်းသာစွာ ပြေးလာလိမ့်မည် ထင်သော်လည်း အုသည် သူ့ကို တွေ့ရသည့်အတွက် ဝမ်းသာသော လက္ခဏာကို အလျှင်းမပြဘဲ အကြံအိုက်သည့် ပုံဖြင့်သာ နေလေသည်။

'အု၊ ကိုကို ပြန်လာပြီလေ။ ကိုကို့ဆီ မလာတော့ဘူးလား။ ကိုကို သွားနေတဲ့အတွက် စိတ်မဆိုးပါနဲ့နော်။ အု ဒီကို ဘယ်လို ရောက်နေသလဲ'

'ခရီးလွန်ကုန်ပြီ' ဟု ပြောပြီးလျှင် အုသည် မချမ်းမြေ့သောပုံဖြင့် နေလေသည်။

'ကိုကိုက အချစ်မွန်ပြီး အတွက် မှားလို့ပါ။ အခုတော့ ကိုကို သဘောထား ကြီးလာပါပြီ အုရယ်။ ကိုကို့အပေါ်မှာ စိတ်မရှိပါနဲ့တော့'

'လွန်ကုန်ပြီ၊ လွန်ကုန်ပြီ။ အုဆီကို မလာနဲ့တော့'

'ဘာလို့လဲ ကိုကို့မယားကြီးရယ်။ ကိုကို ဖျားနာပိန်ညှော်ပြီး ရုပ်ပျက်လာလို့လား။ ဒီလို စိတ်မပြောင်းလွယ်ပါနဲ့ အုရယ်။ ကိုကို အခု လာခဲ့တာဟာ အုကို ခေါ်ဖို့ တမင် လာခဲ့တာပါ။ အမေနဲ့ အမေတို့ကလည်း ကျေနပ်ကုန်ကြပါပြီ။ အုကို ခေါ်ခဲ့ပါတဲ့ ဆိုပြီး မျှော်နေကြတယ်'

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ ဒါတွေကို အု မငြင်းပါဘူး။ ဒါပေမဲ့

အု ပြောတဲ့အတိုင်းပဲ လွန်ကုန်ပြီ။ အခုမှတော့ မလာပါနဲ့တော့။ အု အကြောင်းကို ကိုကို မသိသေးဘူးလား။ ကိုကို ဒီကို လိုက်လာတာ သိလို့ လိုက်လာတာ မဟုတ်ဘူးလား'

'ဒါတော့ ဒီလိုပဲ မရ ရအောင် မေးမြန်း လာရတာပေါ့ အုရယ်။ အု အကြောင်း ဘာထူးပြီး သိနေရဦးမှာလဲ'

'အုလေ၊ ကိုကို့အလာကို အကြာကြီးပဲ စောင့်ပါတယ်။ ကိုကိုကမှ မလာဘဲကိုး။ နောက်ပြီးတော့ ကိုကို့ဆီ စာရေးပြန်လည်း ကိုကိုက မလာ။ သည်အထဲမှာ သူကလည်း ကိုကို ဘယ်တော့မှ ပြန်လာတော့မှာ မဟုတ်ဘူး တဲ့။ စောင့်နေရင် အလကား မိုက်ရာကျမှာပဲဆိုပြီး တပြောတည်းပဲ ပြောနေ ပြန်ရော။ ပြီးတော့ အဖေ သေသွားပြီးတော့လည်း အု အပေါ်မှာ သိပ်ပြီး စောင့်ရှောက်ပြန်တယ်။ အမေတို့အားလုံး အပေါ်မှာလည်း သိပ်ပြီး စောင့် ရှောက်တာပဲ။ ပြီးတော့ သူက....'

'အု ပြောတာတွေကို ကိုကို နားမလည်ပါဘူး အုရယ်။ ဘာတွေများ လျှောက်ပြောနေတာလဲ'

'အခု အု သူ့လက်ထဲ ပြန်ရောက်နေပြီ ကိုကိုရဲ့'

မောင်ဒေဝမှာ အု ပြောသော အဓိပ္ပာယ်ကို ရိပ်မိသည်နှင့် တစ်ပြိုင် နက် ကြက်သေ သေ၍ ဘာမှ ပြန်မပြောနိုင်ဘဲ ရှိလေသည်။

'သူ အပေါ်မှာ ရှိတယ်။ အခု သူ့ကို အု သိပ်မုန်းလာပြီ။ ကိုကို ဘယ်တော့မှ ပြန်လာတော့မှာ မဟုတ်ဘူးလို့ ဆိုပြီး အုကို လိမ်ပြောလို့။ အခုတော့ ကိုကို ရောက်နေပြီ။ ဒီအကျီ လုံချည်တွေဟာ သူ ဆင်ထားတာ ချည်းပဲ။ အုကို သူ ပြုချင်သလို ပြုတာတော့ အု ဂရုမစိုက်ပါဘူး။ ဒါပေမဲ့ ကိုကိုရယ်၊ အုဆီကို ဘယ်တော့မှ မလာပါနဲ့တော့။ ပြန်ပါတော့'

ထိုသို့ ပြောပြီးနောက် အုနှင့် မောင်ဒေဝတို့သည် စကားမပြောဘဲ တစ်ယောက်ကို တစ်ယောက် ငေး၍ကြည့်ကာ နေကြလေသည်။

'အခုလို ဖြစ်ရတာ တကယ်ဆိုတော့ ကိုကို့ အပြစ်ပါပဲ'

မောင်ဒေဝသည် စကားဆက်၍ မပြောနိုင်ဘဲ တွေဝေကာ နေပြီး လျှင်

အသည် သူ၏ကိုယ်ကို သူ မြစ်လယ်ကောင်တွင် မျောနေသော ခွေးသေကောင်ပမာ မျောချင်ရာ မျောစေတော့ ဟူသော သဘောဖြင့် လျစ်လျူရှု၍ထားသည့် အကြောင်းကို တွေးမိလေသည်။ ဤနည်းဖြင့် တစ်ခဏမျှ ကြာလေသည်။ ထို့နောက် အသည် အိမ်ထဲသို့ ဝင်သွားလေသည်။ မောင်ဒေဝသည် သူ့အဖြစ်ကိုသူ သတိရသည်နှင့် တစ်ပြိုင်နက် ချွေးအေးကြီးများပင် ပြန်၍ လာလေသည်။ ထို့နောက် တစ်ခဏမျှ ကြာသောအခါ မောင်ဒေဝသည် အ၏အိမ်မှ ထွက်ခွာခဲ့လေသည်။ ခြေဦးတည့်ရာ လျှောက်၍ သွားပြီးလျှင် မောင်ဒေဝမှာ အိပ်ပျော်နေရာမှ ယောင်၍ ထ သွားသော သူကဲ့သို့ သူ့ဟာသူ ဘယ်သွား၍ ဘယ်သွားနေမှန်း မသိဘဲ ရှိလေသတည်း။

## အခန်း ၄၂

မောင်ဒေဝသည် ဟိုတယ်သို့ ပြန်ရောက်သောအခါ စားပွဲတွင်ထိုင်၍ တွေဝေငေးမောကာ နံနက်စာ စားလေသည်။ ထမင်းလုတ်များကို ဝါးရိုးဝါးစဥ် ပါးစပ် အကျင့်ပါနေ၍ ဝါးကာ မျိုလိုက်ရသော်လည်း ဘယ်လို အရသာရှိ၍ ဘယ်ဆီဝင်မှန်း မသိချေ။ လည်မျိုဌ်လည်း တစ်ဆို့ဆို့ကြီးဖြစ်ကာ ဆာလည်း ဆာ၊ စား၍လည်း မရ ဖြစ်လျက် ရှိလေသည်။ စားပွဲဌ် ထိုင်၍နေသော်လည်း စားသည့် အချိန်ထက် ငေးနေသည့် အချိန်က များလေသည်။ ထိုသို့ ငေးနေရာမှ ဖြုန်းခနဲ ထပြီးလျှင် ဟိုတယ် အခပေးရန် ကျသင့်သော စာရင်းကို တောင်း၍ ပေးချေပြီးနောက် ပါလာသော လက်ဆွဲသားရေအိတ်ကို ဆွဲကာ ထွက်ခဲ့လေသည်။ ဟိုတယ်မှ ထွက်မည်အပြုတွင် သူ့ထံသို့ ကြေးနန်းတစ်စောင် ရောက်လာလေသည်။ ထိုကြေးနန်းစာဌ် သူ့အစ်ကို မောင်မာဃနှင့်

မခင်သူကို ထိမ်းမြားမင်္ဂလာပြုရန် လူကြီးချင်း သဘောတူ ကြောင်းလမ်းပြီးပြီ ဖြစ်ကြောင်း ပါလေသည်။ မောင်ဒေဝသည် ထိုကြေးနန်းစာကို လက်ထဲ၌ ဆုတ်ခြေပြီးလျှင် ဘူတာရုံသို့ သွားလေသည်။ မီးရထား လာမည့်အချိန်ကို မေးရာ နောက် နှစ်နာရီလောက်ကြာမှ လာလိမ့်မည့် အကြောင်းကို သိရလေသည်။ ၁၅ မိနစ်ခန့် စောင့်ပြီးနောက် ဆက်လက် ရပ်တည်စောင့်ဆိုင်း နေခြင်းငှာ မစွမ်းသဖြင့် ထွက်သွားရန် ပြင်ဆင်လေသည်။ သို့ရာတွင် ဘယ်ကို သွားမည်ဟု စိတ်၌ ကြံရွယ်ထားခြင်း မရှိ။ အလျှင်လိုစရာ အကြောင်း ဘာမျှ မရှိသော်လည်း သည်ကဲ့သို့ အဖြစ်မျိုး ဖြစ်ရသော မြို့မှ မြန်မြန် ထွက်ခွာသွားရလေလေ၊ စိတ်မကောင်း သက်သာလေလေ ဖြစ်ရန် အကြောင်း ရှိလေသည်။ သောင်ကြီးမြို့မှာ ရောက်ခါစက ထိုမြို့၌ အု နေသည် ဆိုသောကြောင့် သူ့စိတ်၌ အလွန်တရာ ပျော်မွေ့ဖွယ် ကောင်းသော မြို့သစ် ကလေး ဟု ထင်မိသော်လည်း အုသည် သူ့ငယ်ပေါင်း ပန်းသာမောင်မောင် နောက်သို့ ပြန်၍ ပါသွားပြီ ဟူသော အကြောင်းကို သိရသည့် အခိုက်ကစ၍ အင်မတိ အင်မတန် မသာယာသောမြို့၊ မနှစ်မြို့ဖွယ်ကောင်းသောမြို့ အဖြစ် သို့ ရောက်လေသည်။ သို့ဖြစ်ရာ မောင်ဒေဝသည် ထိုအသုံးမကျသော မြို့မှ အမြန်ဆုံး ထွက်ခွာမှ ဖြစ်တော့မည်။ မီးရထားကို စောင့်နေလျှင် တစ်နာရီခွဲ ကျော်ကျော် နှစ်နာရီနီးပါး ဖြစ်သောအချိန်ကို လေးသချေ်နှင့် ကမ္ဘာတစ်သိန်း ကြာသည် တိုင်အောင် ကျက်သရေမင်္ဂလာ မရှိသော သောင်ကြီး ဇနပုဒ်၌ ဆက်၍ နေရလိမ့်ဦးမည် ထင်လေသည်။ မောင်ဒေဝသည် ဘယ်နည်းနှင့်မှ သောင်ကြီး မြေပေါ်တွင် ဆက်နေ၍ သောင်ကြီးက လေကို ဆက်ရှူခြင်းငှာ မစွမ်းနိုင်ရကား နောက် တစ်ဘူတာမှ မီးရထားကို ကြို၍စီးရန် မွေးကတည်း က ပါလာသော ကိုယ်ပိုင်ခြေယာဉ်ဖြင့် စက်ကုန် ခုတ်ခဲ့လေသည်။ မောင်ဒေဝ သည် မီးရထားလမ်းနှင့် ယှဉ်၍ ဖောက်ထားသော၊ ကုက္ကိုပင်ကြီးများ အုပ် လျက် ရှိသော တာလမ်းမကြီးအတိုင်း ငိုက်စိုက် ငိုက်စိုက်နှင့် ထွက်လာခဲ့ ရာ မကြာမီ မြို့အထွက်သို့ ရောက်လေသည်။ မြို့နယ်နိမိတ်ကို လွန်မိသည်

နှင့် တစ်ပြိုင်နက် စိတ်ထဲ၌ သောင်ကြီးမြို့ကို နောက်ဆုံး ကြည့်ခြင်းဖြင့် ကြည့်လိုသောစိတ် ပေါ်ပေါက်လာလေသည်။ အဘယ်ကြောင့် ထိုစိတ်မျိုး ပေါ်ပေါက်ရသည်ဟု မသိ။ သို့ဖြစ်ရာ မောင်ဒေဝသည် သောင်ကြီးမြို့ကို သမင်လည်ပြန် လှည့်၍ ကြည့်မိလေသည်။ ဖြောင့်တန်း ဖြူဖွေးသော တာလမ်းမကြီး အလယ်ကောင်တွင် သေးငယ်သော အရာတစ်ခုသည် သူ ရှိရာဘက်သို့ ရွေ့၍ လာနေသည်ကို မြင်ရလေသည်။ မောင်ဒေဝသည် ထိုအရာကို ဂရုမစိုက်ဘဲ ဆက်၍ သွားမြဲ သွားပြန်လေသည်။ အနည်းငယ် သွားမိသောအခါ ဘယ်လို အကြောင်းကြောင့် မသိ။ နောက်သို့ပြန်၍ လှည့်ကြည့်လိုသောဆန္ဒ ပေါ်လာပြန်လေသည်။ ပေါ်လာသည့်အတိုင်း နှစ်ကြိမ်မြောက်သော ကြည့်ခြင်းဖြင့် ကြည့်ပြန်ရာ၊ ပထမ လှည့်ကြည့်စဉ်က မြင်ရသောသူ့ဘက်သို့ ရွေ့၍လာနေသည့် အရာမှာ အတော် သူနှင့် နီးကပ်လျက် ရှိပြီးလျှင် တစ်စုံတစ်ယောက်သောသူသည် သူ ရှိရာဘက်သို့ ပြေးလာနေခြင်း ဖြစ်သည်ကို တွေ့ရလေသည်။ "ဒီမြို့မှာ ငါ့ကို သိတဲ့လူလည်း မရှိပါဘူး။ ဘယ်သူများ ပါလိမ့်မယ်" ဟု တွေးတောရင်း ရပ်၍ စောင့်နေလေသည်။ ထိုပြေးလာသူမှာ နီး၍ နီး၍ လာသောအခါ မိန်းမတစ်ယောက် ဖြစ်သည်ကို သိရလေသည်။ ထိုမိန်းမ အနားသို့ ရောက်လာသောအခါ မောင်ဒေဝသည် မဖြစ်ဖူးမြဲ ထူးကဲသော အရာကို တွေ့မြင်ရသကဲ့သို့ အံ့အား အသင့်ကြီး သင့်၍ သွားလေသည်။ အဘယ်ကြောင့်ဆိုသော် သူ့နောက်မှ တဖုတ်ဖုတ်နှင့် မောကြီးပန်းကြီး ပြေးလိုက်လာသော မိန်းမမှာ အခြားသူ မဟုတ်၊ မောင်ဒေဝ အဖို့တွင် လောက၌ တစ်ပါးတည်းသော ရတနာ ဖြစ်သော "အု" ပင် ဖြစ်သောကြောင့်တည်း။

'အုလည်း ဘူတာရုံဘက်ကို ကွေ့လာရော ကိုကိုလည်း ဘူတာရုံက ထွက်သွားရော။ ဒါနဲ့ ကိုကို့ကို မမီလိုက်ဘဲ နေမှာစိုးလို့ အတင်း ပြေးလိုက်လာတယ်'

အုသည် တုန်တုန်ယင်ယင် မောမောပန်းပန်းနှင့် အသက်မျှပင်

မှန်အောင် မရှုနိုင်ဘဲ ရှိသဖြင့် မောင်ဒေဝသည် ဘာမျှမမေးဘဲ **အု၏လက်**ကို ယုယစွာ ကိုင်ပြီးလျှင် ခေါ်၍ လာခဲ့လေသည်။ လမ်းသွားလမ်းလာများ မတွေ့ရစေခြင်း အကျိုးငှာ တစ်ယောက်စိတ်ကို တစ်ယောက်သိ၍ နေဘိသည့် အလား၊ မောင်ဒေဝနှင့် အုတို့သည် တစ်ယောက်ကိုတစ်ယောက် ဖွင့်၍ မတိုင်ပင်ရဘဲ နှစ်ဦးသဘောတူ တာလမ်းဆား တောအုပ်ထဲသို့ ဖြတ်၍ သွားသော ခြေကျင်လမ်းကလေးကို လိုက်၍ သွားကြလေသည်။ တောအုပ်ထဲသို့ အတော်ဝင်မိ၍ ဥဒဟို လေသိမ်းသဖြင့် တယိမ်းယိမ်း တနွဲ့နွဲ့နေသော သစ်ပင်တို့၏ အောက်သို့ ရောက်သောအခါ မောင်ဒေဝသည် "အု အခု ကိုကို့ကို ပြန်ပြီး ချစ်တော့မယ်လား" ဟူသော မေးပုံ မျက်နှာထားမျိုးနှင့် အုအား စိန်းစိန်းပါအောင် ကြည့်ကာ နေလေသည်။

'ကိုကို'

'ဗျာ၊ အု၊ ကိုကို့ မယားကြီး'

'ကဲ ဘာလို့ ပြေးလိုက်လာတယ် ဆိုတာ ကိုကို သိလား'

'မသိပါဘူး အုရယ်၊ အု ပြောမှ ကိုကို သိမှာပေါ့'

'သူ့ကို အု သတ်ခဲ့ပြီ ဆိုတဲ့အကြောင်း ပြောချင်လို့ အု ပြေးလိုက်လာတာ'

'ဘာပြောတယ် အု'

မောင်ဒေဝသည် အု၏ တုန်လှုပ် ချောက်ချားနေသော အဖြစ်ကို အကဲခတ်ကာ နေလေသည်။

'သူ့ကို သတ်ခဲ့ပြီ။ အု ဘယ်လို လုပ်လိုက်မိတယ် မသိဘူး။ ဒီကောင်ကို အု အတွက်ရော ကိုကို့အတွက်ရော သတ်မှပဲ အေးမှာပဲ။ ဟိုတလောကလည်း သူ့မျက်ခွက်ကို အု ကြေးဖလားနဲ့ ပေါက်လိုက်လို့ နှုတ်ခမ်းကွဲပြီး သွေးတွေ ထွက်လာတယ်။ အဲဒီကတည်းက အု စိတ်ထဲမယ် ငါ့ကို ယယ်ယယ် တုန်းက ဒင်း လှည့်စားတာဟာ ကိုကို့ရဲ့အပေါ်ကို စော်ကားရာကျတဲ့အတွက် ဒင့်းကို ငါ တစ်နေ့နေ့ သတ်ရမှာပဲလို့ အောက်မေ့မိဖူးတယ်။ ကိုကိုနဲ့

အုနဲ့ ကြားမှာ သူ ဝင်ရှုပ်နေတာပဲ။ အခုတော့ အေးပြီ။ နောက်ထပ် ဝင်မရှုပ်နိုင်တော့ဘူး။ ကိုကို့ကို ချစ်သလို သူ့ကို အု ဘယ်တုန်းကမှ မချစ်ပါဘူး။ ကိုကိုလည်း သိမှာပေါ့။ ကိုကို ပြန်မလာဘူး ထင်လို့သာ မလွှဲသာလို့၊ ကလေးတွေ ဝော်မှာစိုးလို့သာ သူ့ဆီကို ပြန်သွားရတာ။ ကိုကို့ကို အုက ဒါလောက် ချစ်မှန်းသိလျက်နဲ့ ကိုကိုက ဘာလို့ ဒီလို အုကို ပစ်ထားရတာတုံး။ အုကို ဘာလို့ ကိုကို ပစ်သွားရက်တယ်ဆိုတာ အု တွေးလို့ မရဘူး။ ဒါပေမဲ့ ကိုကို့ကို အု အပြစ်မတင်ပါဘူး။ အခု အု တောင်းပန်ချင်တာက သူ့ကို အု သတ်ခဲ့ပါပြီ။ ဒါကြောင့် ကိုကို့အပေါ် အု ပြစ်မှားမိတဲ့ အပြစ်ကို ခွင့်လွှတ်ပါလို့။ ပြီးတော့လည်း အု စိတ်ထဲမှာ ဒီလို လုပ်လိုက်ရရင် ကိုကိုနဲ့ အုနဲ့ ပြန်ပြီး ရမှာပဲလို့ ကွင်းကွင်းကွက်ကွက် မြင်တယ်။ ကိုကို့ကို မရရင် အု မနေနိုင်တော့ဘူး။ ကိုကိုက အုကို မချစ်တော့ဘူး ဆိုတဲ့အတွက် အုမယ် ဘယ်လောက် မခံမရပ်နိုင်အောင် ဖြစ်တယ် ဆိုတာကို ကိုကို မသိဘူး။ လင်ကိုကိုရယ်၊ အခု အုကို ချစ်ပါတော့နော်။ သူ့ကိုလည်း အု သတ်ပြီးပါပြီ။ အုကို ချစ်ပါတော့နော် ကိုကို၊ အုကို ချစ်ပါတော့'

မောင်ဒေဝသည် အုကို အားရပါးရ ပွေ့ဖက်ပြီးလျှင် 'အုကို ကိုကို ချစ်ပါတယ် အုရယ်။ အရင်က ကိုကို စိတ်မကောင်းလို့ လုပ်မိတာတွေကို ဘယ်လိုမှ မအောက်မေ့ပါနဲ့။ အခု ကိုကို ချစ်ပါပြီ။ ကိုင်း ဒါကတော့ ဟုတ်ပါပြီ၊ သူ့ကို အု သတ်လာခဲ့တယ် ဆိုတာ တကယ်ပဲလား။ ကိုကို့ကို ပြောစမ်းပါဦး' ဟု မေးလေသည်။

'သတ်လာပြီဆိုမှ တကယ်ပဲပေါ့ ကိုကိုရဲ့'

'ကာယကံမြောက်ကိုပဲ သတ်လာခဲ့တယ်လား'

'ကာယကံမြောက်ပေါ့ ကိုကိုရဲ့။ ဘယ် ပျက်ကယ် ပျက်ကယ် ဟုတ်မလဲ။ အုက ကိုကို ပြန်သွားတော့ အိပ်ခန်းထဲ ဝင်ပြီး ငိုနေတယ်။ ဒီတော့ သူက အိပ်ရာထဲက ကြားပြီး ဟော့ စောစောစီးစီး ဘာလို့ ငိုနေရတာလဲတဲ့။ ဒီတော့ အုက ရှင် ယုတ်မာတဲ့အတွက် ကျွန်မလင်နဲ့ ကွဲရလို့ ငိုတာ

ပေါ့လို့ ပြန်ပြောတယ်။ ဒီတော့ သူက တစ်ခါ၊ နင်တို့ ပန်းသာမျိုးဟာ လင်ကို တစ်ယောက်တည်းယူလို့ အားမရဘူးတဲ့။ ဒီတော့ အုက ရှင်ဟာ တော်တော် စကားပြော မိုက်ရိုင်းနော်လို့ ပြောတယ်။ ဒီတော့ သူက တစ်ခါ၊ ငါတို့ကတော့ စကားပြောရင် ဒီလိုပဲ ပြောတတ်တယ်။ နင့်လင် ခွေးလှေး ကြမ်းပိုးလိုတော့ ပတ်ချွဲနပ်ချွဲ မပြောတတ်ဘူးတဲ့။ ဒီတော့ အုက အုကို ချိုးချိုးဖဲ့ဖဲ့ ပြောတုန်းကတော့ ခံနိုင်သေးတယ်။ ကိုကို့ကို ဒီလို စော်စော် ကားကား ပြောတော့ မခံနိုင်ဘူး။ ဒါနဲ့ အုက ဟဲ့ နင်ဟာ လူလို စကားပြော၊ နင်ဟာ ငါ့ကို စော်ကားရုံနဲ့ အားမရသေးဘဲ ငါ့လင်ကိုပါ စော်ကားရ သလား ဆိုပြီး စိတ်ထဲ မွန်ထူလာတာနဲ့ စားပွဲပေါ်မှာ တင်ထားတဲ့ ရှမ်း ဓားမြှောင်နဲ့ ကောက်ပြီး အိပ်ရာဆီ ပြေးသွားပြီး တစ်ခါတည်း ထိုးလိုက် တာပဲ။ ဒီတော့ "အမယ်လေးဗျ" ဆို တစ်ခွန်းတည်းအော်ပြီး နောက်ထပ် တစ်ခွန်းမှ မအော်နိုင်တော့ဘူး။ ဒါနဲ့ အုလည်း ဓားမြှောင်ကို ဆွဲနုတ်လိုက် ရော၊ သွေးတွေလည်း ပန်းထွက်လာတာပဲ။ ဒီတော့ အုလည်း ကမန်းကတန်း အဝတ်အစားလဲပြီး ကိုကို့ နောက်ကို ပြေးလိုက်လာခဲ့တာပဲ'

မောင်ဒေဝသည် အု ပြောသော စကားများကို နားထောင်နေပြီး နောက် သူ ပြောသည့်အတိုင်း ပန်းသာမောင်မောင်ကို သတ်ခဲ့သည် ဆိုခြင်း မှာ ဟုတ်ပုံပေါ်ကြောင်းကို သိပြီးလျှင် "ဩော် ငါ့ကို ဒီကောင်မကလေး ချစ်ပုံနှယ် ကြောက်စရာလည်း ကောင်းရဲ့၊ သဘောကျစရာလည်း ကောင်း ရဲ့" ဟု အောက်မေ့မိလေသည်။ အုသည် သူ လုပ်ခဲ့သော အပြစ်၏ ကြီးလေး သော အဖြစ်ကို သဘောမပေါက်ဘဲ မောင်ဒေဝ လက်တွင်းသို့ ပြန်ရောက် ရသည့် အတွက်သာ အကျေနပ်ကြီး ကျေနပ်လျက် မောင်ဒေဝ၏ ပခုံးပေါ် တွင် မှီပြီးလျှင် ဝမ်းသာလုံး ဆို့ကာ ငိုလေသည်။

"ဩော် သူတို့ ပန်းသာဆက်များဟာ ဒီလိုပဲ စိတ်နောက်ကိုယ်ပါ သတ်ဖြတ်ခဲ့တဲ့အဆက် များကြတယ်။ ဒါ့ကြောင့် ပန်းသာရထား ပေါ်လာ တယ် ဆိုတဲ့ အစဉ်အလာ ဖြစ်နေတယ် ထင်ပါရဲ့" ဟု မောင်ဒေဝ ခ်တ်ဘွင်

အောက်မေ့မိလေသည်။ အု ပြုလုပ်ပုံမှာ သူ့ကို အချစ်မွန်၍ ပြုလုပ်ခြင်း မှန်သော်လည်း ကြောက်စရာကောင်းသော လုပ်ပုံမျိုး ဖြစ်သည်။ အုသည် တစ်ခဏတာမျှ စိတ်မနှံ့ခြင်း အဖြစ်သို့ ရောက်သွားသည့်အတွက် သည်ကဲ့သို့ ပြုမိသည် ဆိုလျှင်လည်း ကြေကွဲဖွယ်ပင် ကောင်းတော့သည်။ မောင်ဒေဝ သည် သူ၏ ချောက်ချားလျက် ရှိသော စိတ်ကို ထိန်း၍ စဉ်းစားနိုင်သမျှ ဤသို့ စဉ်းစားလျက် ရှိလေသည်။

သို့ရာတွင် အု အဖို့မှာကား ဘာမျှ ထူးထူးထွေထွေ စဉ်းစားခြင်း မရှိဘဲ မောင်ဒေဝ၏ လက်တွင်းသို့ ပြန်ရောက်နေရခြင်း တစ်ခုတည်းနှင့်ပင် ကြီးသော ကျေနပ်ခြင်းဖြင့် ကျေနပ်လျက် ရှိလေသည်။ အု ပြုသောအမှုမှာ ကောင်းသည် ဖြစ်စေ၊ မကောင်းသည် ဖြစ်စေ၊ မှန်သည် ဖြစ်စေ၊ မှားသည် ဖြစ်စေ အုသည် သူ့ထံ၌ ရောက်လျက် ရှိလေပြီဖြစ်ရာ မောင်ဒေဝမှာ အုကို စောင့်ရှောက်ဖို့တာဝန် တစ်ခုတည်းသာ ရှိတော့သည်။ မောင်ဒေဝသည် သူ့ကို ဘယ်အခါမဆို စောင့်ရှောက်မှာပဲဟုလည်း အု စိတ်၌ ယုံကြည်လျက် ရှိလေသည်။ မောင်ဒေဝသည် အုကို ယခင်က ချစ်ရင်းစွဲ ရှိသည်တွင် သနား စိတ် ပိုကဲလျက် ရှိလေပြီ။ မောင်ဒေဝသည် အုကို စိန်းစိန်းပါအောင် ကြည့် ပြီးလျှင် သနားခြင်း ရှေ့ဆောင်သော နမ်းခြင်းဖြင့် ကြိမ်ဖန်များစွာ နမ်းလေ သည်။

'အု၊ ကိုကိုလေ အုကို ဘယ်တော့မှ မပစ်တော့ဘူး။ အု ဘာမှ အားမငယ်နဲ့။ ကိုကို တစ်ယောက်လုံး ရှိပြီ။ အု အရင်တုန်းက မလုပ်သင့်တာ လုပ်ခဲ့တာတို့၊ လုပ်သင့်တာ မလုပ်ခဲ့တာတို့ကို ကိုကို ဘာမှ ဗွေမယူတော့ ဘူး။ အစစ အရာရာမှာ ကိုကို အစွမ်းကုန် စောင့်ရှောက်တော့မယ်။ ဘာမှ အားမငယ်နဲ့တော့'

ထိုသို့ ပြောပြီးနောက် မောင်ဒေဝနှင့် အုတို့သည် တစ်ယောက် ခါးကို တစ်ယောက် ဖက်၍ အကြီးဆုံးသော အရောင့်ရဲ ကျေနပ်ခြင်းဖြင့် တောအုပ်ကြီး အလယ်တွင် လျှောက်၍ သွားကြလေသည်။ အုသည် ခဏ

ခဏ မော့၍ မောင်ဒေဝ၏ မျက်နှာကို ကြည့်လေသည်။ မောင်ဒေဝမှာ အဖျားပျောက်ခါစ ဖြစ်၍ မျက်ကွင်းကြီး လက်တစ်နှိုက်လောက်နှင့် ပိန်ညှော်၍ ကြည့်ရှုမကောင်းအောင် ရုပ်ဆင်းသဏ္ဍာန် ပျက်၍နေသော်လည်း အချစ်ဓာတ်မှန်ဖြင့် ခံ၍ ကြည့်သော အု၏ မျက်စိ၌ကား တင့်တယ်ခြင်း အစု၏ တည်ရာကဲ့သို့သာ ရှိလေသည်။ မုတ်ဆိတ်ဖွားဖွားကြီးနှင့် ကုလားကြီးမှာ အခြားသူတို့ အဖို့တွင် ကိုးရိုးကားရားနှင့် အကြည့်ရ ကျပ်သော်လည်း သူ့မယားအဖို့တွင်မူကား ဖေဇော်ဂျီကဲ့သို့ လှပတင့်တယ်သည်သာ မဟုတ်လော။ သို့ဖြစ်ရာ အု၏ မျက်စိ၌ မောင်ဒေဝမှာ ရွှေမင်းသားကလေးနှင့် မခြားနားဘဲ ရှိလေသည်။ မိုးကျရွှေကိုယ်ပင် မောင်ဒေဝလောက် လှနိုင်မည် မဟုတ်။ ဖြူဖပ်ဖြူရော် ဖြစ်နေသော မောင်ဒေဝ၏ အဖျားပျောက်ခါစ မျက်နှာသည် ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံသော သာယာသည့် နံနက်ခင်း၌ ထွက်သော တက်သစ်စ နေလုလင်ကဲ့သို့ ရှုချင်ဖွယ် ရှိလေသည်။ ယခု မောင်ဒေဝမှာ ယခင် ရှားပင်စု ဒွေးလေးမယ်တို့အိမ်တွင် မြေပဲကောက်စဉ်က တွေ့ရသော မောင်ဒေဝကဲ့သို့ပင် ကြည့်၍ ကောင်းလေသည်။ အဘယ့်ကြောင့် ဆိုသော် သူ့အား ဖြူစင်စွာ ချစ်၍ သူ့အပေါ်၌လည်း ဖြူစင်ခြင်းနှင့် ပြည့်စုံသည်ဟု အထင်အမြင်ကြီးသောသူမှာ တစ်လောကလုံး၌ မောင်ဒေဝ တစ်ဦးတည်းသာ ရှိသောကြောင့်တည်း။

မောင်ဒေဝသည် သောင်ကြီး ဘူတာမှ မူလ ထွက်ခဲ့စဉ်က နောက်တစ်ဘူတာသို့ ရောက်အောင် သွား၍ မီးရထား အလာကို စောင့်မည်ဟု ရည်မှန်းခဲ့သော်လည်း အု လိုက်လာသည့် အချိန်ကစ၍ တောနက်ရာ ဘက်သို့သာ သွားလျက်ရှိလေသည်။ ကိန္နရီမောင်နှံတို့သည် လူသူမနီးသော တောအုပ်ကြီးအလယ်၌ ယှဉ်တွဲကာ လျှောက်နေကြသည့်အလား မောင်ဒေဝနှင့် အုတို့သည် သူတို့နှစ်ယောက် စပ်ကြားတွင် ကြားဖျက်မည့်သူ ကင်းလျက် အပျော်ကြီးပျော်ကာ နေကြလေသည်။ သို့ရာတွင် သူတို့နှစ်ယောက် စပ်ကြား၌ ပန်းသာမောင်မောင်၏ အလောင်း ခြားလျက်နေသည့် အဖြစ်ကိုမူကား

သတိမရကြ။ ဤနည်းဖြင့် အချစ်နာလန်ထသူ နှစ်ဦးသည် တောအုပ်ကြီးထဲ၌ ခြေဦးတည့်ရာသို့ သွားနေကြသည်မှာ မောမှန်းပန်းမှန်း မသိခင် ခရီးလေးငါးခြောက်တိုင် ပေါက်လေသည်။ ထိုအခိုက်တွင် အုသည် အိပ်ရာမှ လန့်၍နိုးသော သူကဲ့သို့ ရုတ်တရက် သတိရကာ 'ဒါထက် ကိုကို၊ အခုအုတို့ ဘယ်ကို သွားနေကြတာတုံး' ဟု မေးလေသည်။

'ဘယ်ကိုရယ်လို့ မဟုတ်ပါဘူး အုရယ်၊ ဘာလို့ မေးရတာလဲ'

'ဘာလို့မှတော့ မဟုတ်ပါဘူး၊ သိချင်လို့ မေးတာပါ'

'ဒီလိုပဲ နှစ်ယောက်သား ဖက်ပြီး သွားနေကြသေးတာပေါ့။ နေစောင်းတော့မှပဲ တော်သလို ကြည့်ပြီး တစ်နေရာရာမှ ဝင်တည်းတာပေါ့။ အု သွားနိုင်သေးရဲ့ မဟုတ်လား'

'အခုလိုသာ ကိုကိုက ဖက်ပြီး သွားနေမယ်ဆိုရင် ဘယ်လောက်သွားရ သွားရ အု သွားနိုင်ပါတယ် ကိုကိုရဲ့'

အုနှင့် မောင်ဒေဝတို့သည် လူသွားလူလာ များသော လမ်းများကို ရှောင်၍ လူအရောက်အပေါက် နည်းသော ခြေလမ်းကလေးများအတိုင်း သွားကြလေသည်။ လူသူ မတွေ့အောင် တိမ်းရှောင်ကာ လာခဲ့ကြသည်မှာ မှန်သော်လည်း အုနှင့် မောင်ဒေဝတို့ စိတ်ထဲတွင် ဘယ်လို ပုန်းအောင်းမည်၊ ဘယ်ဆီ ဘယ်စခန်း သွားကြမည်ဟု စိတ်ကူးကြံစည်ထားခြင်း မရှိ။ ရှေ့ရေးမမြင်သော အကလေး နှစ်ယောက်ကဲ့သို့ သာမန်တွေး တွေးလျက်သာ ရှိကြလေသည်။

မောင်ဒေဝနှင့် အုတို့သည် နေမွန်းတည့် အချိန်လောက်တွင် ရွာတစ်ရွာ အနီးသို့ ရောက်ကြလေသည်။ မောင်ဒေဝသည် အုကို တောထဲ၌ ဝှက်ထားခဲ့ပြီးလျှင် စားစရာ၊ သောက်စရာရှာရန် ရွာထဲသို့ သွားလေသည်။ ကံထောက်မသဖြင့် ရွာထဲသို့ ဝင်မိသည်နှင့် တစ်ပြိုင်နက် ရွာတိုင်း ရွာတိုင်းလောက်သို့ ရောက်၍နေသော ကာကာဆိုင် တစ်ဆိုင်ကို တွေ့လေသည်။ မောင်ဒေဝသည် ထိုကာကာဆိုင်၌ မုန့်သေတ္တာ၊ ငါးသေတ္တာ၊ ထောပတ်၊

ပေါင်မုန့်၊ နို့ဆီ၊ သကြားမှစ၍ လက်ဖက်ရည်အိုး၊ လက်ဖက်ရည် ပန်းကန်ပါ မကျန် စုံလင်စွာ ဝယ်၍ ပြန်ခဲ့လေသည်။ ရိက္ခာ ပြည့်စုံသောအခါ ရှာနှင့် ဝေးအောင် သွားကြပြီးနောက် တောကောင်းရာတွင် ဝင်၍ ကာကာ ဆိုင်မှ ဝယ်ခဲ့သော ပေါင်မုန့်နှင့် ငါးသေတ္တာကို မိုဝဲကြပြီးလျှင် လက်ဖက်ရည် တည်၍ သောက်ကြသည်မှာ နတ်သုဓာထက်ပင် ချိုမြိန်ကောင်းမွန်သည် ထင်ရလေသည်။ စားသောက်၍လည်းပြီး၊ အမောလည်း ပြေကြသောအခါ ကျန်သော စားဖွယ်သောက်ဖွယ်တို့ကို ကောင်းစွာ ထုပ်ပိုး သယ်ဆောင်ပြီး လျှင် ဆက်၍ သွားကြပြန်လေသည်။

'အုရေ ဘယ့်နှယ်လဲ၊ ရှေ့ကို ဆက်သွားနိုင်ပါဦးမလား'

'အုလား၊ ဘယ်လောက်ပဲ ဆက်သွားရသွားရ သွားနိုင်ပါတယ် ကိုကို ရဲ့။ ပေါင်မုန့်နဲ့ ငါးသေတ္တာတွေ အဝကြီး စားထားတာပဲ'

'အခု ကိုကိုတို့ ရိုးမတောင်ခြေကို ရောက်အောင် သွားမယ်။ အဲဒီ ရိုးမတောင်ခြေမှာ တော်တော်ကြာအောင် ပုန်းနေပြီး၊ နောက် အားလုံးက မေ့လောက်ပြီ ဆိုတော့မှ တခြားတိုင်းပြည် ထွက်ပြေးကြတာပေါ့'

အုသည် မောင်ဒေဝအား အားရပါးရ ပွေ့ဖက်ခြင်းမှတစ်ပါး အထူး ဘာမျှ စကားပြန်မပေး။ ထိုနောက် ချစ်သူနှစ်ဦးတို့သည် ရိုးမတောင်ခြေသို့ တည့်တည့်ကြီး မှန်း၍ သွားကြလေသည်။ အင်ဒိုင်း၊ ချိုင့်ဝှမ်း၊ လှိုဂူ၊ ခင်တန်း အမျိုးမျိုးတို့ကို ဖြတ်ကျော်၍ သွားလေရာ ညနေအချိန်တွင် ကြက်ပေါင်စေးပင်များ စိုက်ပျိုး၍ ထားသော ကုန်းတန်းတစ်ခုသို့ ရောက် လေသည်။ ကြက်ပေါင်စေးခင်း၏ အလယ်တွင် ကောင်းမွန်သော အိမ်ကြီး တစ်ဆောင် တွေ့ရလေသည်။ ထိုအိမ်ကြီးမှာ လူနေဟန် မရ။ အိမ်အဝင် လမ်း၌ မြက်များ ပေါက်လျက် ရှိပြီးလျှင် ဝင်းတံခါး၌လည်း ဤအိမ်နှင့် ကြက်ပေါင်ခြံသည် ရောင်းရန် ဖြစ်သည့် အကြောင်း၊ လိုချင်သူများသည် ကြက်ပေါင်သူဌေးထံ၌ စုံစမ်းနိုင်သည့် အကြောင်းနှင့် စာကပ်၍ ထားလေ သည်။

'ကိုကိုရေ၊ ပြတင်းပေါက်တွေ ဖွင့်ထားပါကလား'

'အိမ်အတွင်းကို လေသလပ်အောင် ဖွင့်ထားတာ ထင်ပါရဲ့'

'ကြည့်ပါဦး ကိုကိုရယ်၊ ဒီအိမ်ကြီးတော့ လူလည်း မရှိဘူး၊ တံခါးတွေလည်း ဖွင့်လို့၊ အုတို့တော့ ဘယ်မှာ နေရ အိပ်ရမှန်းတောင် မသိသေးဘူး'

'ဩော် ကိုကို့ မယားကလေး မောရှာလှပြီ မှတ်တယ်။ ခဏနေတော့ နားကြတာပေါ့' ဟု ပြောပြီးလျှင် မောင်ဒေဝသည် အုကို ကြင်နာစွာ နမ်း၍ ရှေ့သို့ ဆက်သွားကြပြန်လေသည်။ ထိုအိမ်ကြီး အလွန်ရှိ ကုန်းမြင့်မြင့်ကလေးမှ လှမ်း၍ ကြည့်လိုက်သောအခါ မနီးမဝေးတွင် မှိုင်းမှိုင်းညို့ညို့နှင့် ရွာကြီးတစ်ခုကို မြင်လေသည်။ ရွာထဲသို့ဝင်၍ တည်းခိုလိုသော်လည်း လိပ်ပြာ မလုံသဖြင့် အကြံလျှော့ပြီးလျှင် သွားမြဲတိုင်း သွားကြပြန်လေသည်။ နောက်ဆုံးတွင် နှစ်ယောက်စလုံး ခြေမသယ်နိုင်အောင် ရှိကြသဖြင့် နားကြရလေသည်။

'ကိုကိုရယ်၊ နေလည်း ဝင်ခါနီးပါပြီ။ ဒီနေ့ ဒီသစ်ပင်တွေ အောက်မှာပဲ အိပ်ကြပါစို့။ ဒီတောထဲမှာ ကျားတွေ သစ်တွေတော့ မရှိပါဘူး ထင်ပါရဲ့'

'ဒီလောက် လူနီးတဲ့ အရပ်မှာ ကျားတို့ သစ်တို့ မနေပါဘူး အုရဲ့။ ဒါပေမဲ့ ကိုကိုက အခုနက မြင်ခဲ့တဲ့ အိမ်ကြီးကို ပြန်ပြီး အိပ်မလားလို့။ အချိန်လည်း ရှိသေးတယ်။ အဲဒီ အိမ်ကြီးကိုပဲ ပြန်ကြစို့'

အုတို့ ဇနီးမောင်နှံသည် ကြက်ပေါင်စေး ခြံတွင်းက အိမ်ကြီးသို့ ပြန်ကြလေသည်။ အိမ်အနီးသို့ ရောက်သောအခါ အုကို ချုံကွယ်၌ ထားခဲ့ပြီးလျှင် မောင်ဒေဝသည် အိမ်၏ အခြေအနေကို စုံစမ်းရန် သွားလေသည်။ မောင်ဒေဝ တော်တော်နှင့် ပြန်မလာသဖြင့် အုမှာ ဘာများ ဖြစ်နေပါလိမ့်မလဲဟု အတော်ပင် ပူမိလေသည်။ နောက်ဆုံးတွင် မောင်ဒေဝသည် ဝမ်းသာအားရနှင့် ပြန်လာလေသည်။

'အုရေ၊ ကိုကို ခြံထဲမှာ နွားကျောင်းသားလေး တစ်ယောက်နဲ့ တွေ့

တယ်။ ကိုကိုက ဒီအိမ်မှာ လူရှိသလားလို့ ဆိုတော့ အခု မရှိပါဘူးဗျာတဲ့။ အိမ်စောင့်တဲ့ မိန်းမကြီးလည်း ရွာထဲမှာပဲ ပြန်နေတယ်တဲ့။ လပြည့်နေ့၊ လကွယ်နေ့များမှပဲ လာပြီး တံခါးများ ဘာများဖွင့်၊ အမှိုက်များ ဘာများ လှည်းကျင်း လုပ်တယ်တဲ့။ အချိန်ကုန်ရင် ရွာထဲ ပြန်တာပဲတဲ့။ ဒီနေ့ လဆုတ် ၉ ရက် မဟုတ်လား။ ဒီတော့ အိမ်စောင့်တဲ့ မိန်းမကြီးဟာ နောက်ကို ၆ ရက် ကြာမှ လာမှာ။ ဒီအတွင်းမှာ ဘယ်သူမှ လာမှာ မဟုတ်ဘူး။ အုနဲ့ ကိုကိုပဲ ရှိမှာပဲ။ ပြတင်းပေါက်က ဖွင့်ဝင်ရင် ရတယ်။ ဒီနေ့ည ဒီမှာ အိပ်ကြမယ်'

မောင်ဒေဝသည် ပြတင်းပေါက်မှ ကျော်၍ဝင်ပြီးလျှင် အု ဝင်နိုင်ရန် တံခါးတစ်ခုကို ဖွင့်၍ ပေးလေသည်။ အိမ်ခန်းထဲ၌ မှောင်အတိကျလျက် ရှိလေသည်။ နှစ်ယောက်သား တစ်ယောက်ခါးကို တစ်ယောက် ဖက်ကာ လှေကားကို စမ်း၍ အပေါ်ထပ်သို့ တက်သွားကြလေသည်။ အိမ်တွင်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက် မောင်ဒေဝနှင့် အုတို့မှာ မှောင်အတိ ဖုံးလွှမ်း အပ်သည်ဖြစ်၍ မည်သူမျှ မတွေ့မြင်နိုင်တော့ချေ။ အပေါ်သို့ ရောက်သော အခါ အလယ်ခန်းမမှ အလင်းရောင် အနည်းငယ် ရသဖြင့် မမှောင်လှချေ။ မောင်ဒေဝသည် အခန်းတံခါး တစ်ခုကို ဖွင့်၍ကြည့်ရာ နှစ်ယောက်အိပ် ခုတင်ကြီးနှင့်တကွ ထိုခုတင်ကြီးပေါ်၌ လိပ်၍ထားသော မွေ့ရာကြီးကို တွေ့လေသည်။ အခန်းတွင်းရှိ အိမ်ထောင်ပရိဘောဂများမှာ စားပွဲ၊ မှန်တင်ခုံ၊ ဗီရို စသော ကောင်းမွန်သော အိမ်ထောင် ပရိဘောဂများ ဖြစ်လေသည်။ မောင်ဒေဝသည် လက်ထဲမှ ပါလာသော သားရေအိတ်နှင့် စားဖွယ် သောက်ဖွယ်များကို ချထားပြီးလျှင် အိပ်ရာလိပ်ကြီးကို ခုတင်ပေါ်၌ ဖြန့်၍ခင်းလေသည်။ အိပ်ရာလိပ်ထဲ၌ ခေါင်းအုံးများလည်း အဆင်သင့် တွေ့ရလေသည်။

'ကိုင်း အုရေ၊ မောရင် ဒီပေါ်မှာ အိပ်ပေတော့။ ကိုကိုတော့ စားစရာ သောက်စရာကလေးများကို ပြင်ဦးမယ်'

အုသည် ခရီးပန်းလှသည်နှင့် ဘာမျှမပြောဘဲ မောင်ဒေဝ ပြောသည့်

အကိုင်း ခုတင်ပေါ်တွင် လှဲ၍ ခေတ္တ အိပ်လေသည်။ ခဏနေလျှင် နေဝင်၍ အိမ်တွင်း၌ မှောင်ကြီးအတိ ကျလေသည်။ မောင်ဒေဝသည် အိမ်အောက်သို့ ဆင်း၍ ရေတွင်းမှ သောက်ရေခပ်ပြီးနောက် ပါလာသော ငါးသေတ္တာနှင့် ပေါင်မုန့်ကို နှစ်ဦးသား မြိန်ရှက်စွာ စားကြလေသည်။

## အခန်း ၄၃

ထိုညသည် လွန်စွာ တိတ်ဆိတ်၍ သစ်ပင်များကို လေတိုးသော အသံနှင့် ရံဖန်ရံခါ ရွာဘက်မှ လေသင့်သဖြင့် ခွေးဟောင်သံ ကြားရခြင်းမှ တစ်ပါး အလုံးစုံ ဆိတ်ငြိမ်လျက် ရှိလေသည်။ သန်းခေါင်ကျော် အချိန်လောက်တွင် အုသည် မောင်ဒေဝအား သူတို့နှစ်ယောက် မင်္ဂလာ ဆောင်ပြီးခါစက တိုက်အိုကြီး၌ တည်း၍နေကြစဉ် မောင်ဒေဝ အိပ်ရာမှ ယောင်၍ ထ လာပြီးလျှင် သူ့ကိုပွေ့၍ ချောင်းကူးတံတားကြီးကိုကျော်ကာ ဘုန်းကြီးကျောင်းပျက်ကြီး ပရိဝုဏ်အတွင်း ကျောက်ခေါင်းကြီးထဲ၌ ထည့်ထားပုံ အကြောင်းတို့ကို အစအဆုံး ပြန်ပြောလေသည်။

'အို ဒီအကြောင်းကို ကိုကို-အခုမှ သိတယ်။ အစတုန်းက ပြောရောပေါ့ အုရယ်။ အစတုန်းက ပြောရင် ဒီလို အုအပေါ်မှာ အထင်မှား အမြင်မှား ဖြစ်ချင်မှ ဖြစ်မှာ'

'ပြီးတာတွေ ပြီးပါစေတော့ ကိုကိုရယ်။ ဒါတွေ ပြောနေလို့ အပိုပါပဲ။ အုတို့ နက်ဖြန်ကျ ဘယ်လိုဖြစ်ကြမယ် သိကြသေးတာလည်း မဟုတ်ပါဘူး'

နောက်တစ်နေ့ မိုးလင်းသောအခါ မောင်ဒေဝသည် အိပ်ရာမှ အစောကြီး ထ၍ စားစရာ၊ သောက်စရာ ရှာရန် ရွာထဲသို့ သွားလေသည်။ ရွာထဲသို့ ဝင်မိ၍ မကြာမီပင် မောင်ဒေဝသည် တောင့်တအပ်သော ကာကာဆိုင် ကော်ဖီဆိုင်ကို တွေ့လေသည်။ လိုသမျှ အရာများကို ဖယောင်းတိုင်၊ မီးခြစ်က

မကျန် အကုန်ဝယ်ပြီးနောက် မီးခိုးမထွက်ဘဲ ချက်နိုင် ပြုတ်နိုင်အောင် မီးသွေးပါဝယ်၍ ပြန်ခဲ့လေသည်။ မောင်ဒေဝသည် နေထန်းတစ်ဖျားလောက်တွင် ပြန်၍ ရောက်လေသည်။ အုသည် မောမောပန်းပန်းနှင့် အိပ်နေရာ မောင်ဒေဝ ပြန်လာမှပင် နိုးလေသည်။

မောင်ဒေဝနှင့် အုတို့သည် မတော်တဆ နွားကျောင်းသားများပင် တွေ့မြင်သွားမည် စိုးသဖြင့် တစ်နေ့လုံး အိမ်ထဲမှ အိမ့်ပြင်သို့ မထွက်ကြ။ သူတို့အိမ်နားတွင် ညညလာ၍ မြည်သော ဇီးကွက်ကဲ့သို့ မိုးချုပ်မှသာလျှင် အညောင်းပြေ အညာပြေ အောက်သို့ ခဏဆင်း၍ လျှောက်ကြလေသည်။ ဤနည်းဖြင့် နေ့ရက်ကုန်မှန်းမသိဘဲ ၅ ရက်မျှ ကြာသွားလေသည်။ မောင်ဒေဝနှင့် အုတို့သည် အိမ်ကြီးထဲ၌ ဘေးကင်းရန်ကင်း အေးချမ်းလုံခြုံစွာ ရှိကြလေသည်။ နေထွက်ခြင်း၊ နေဝင်ခြင်း၊ လေတိုက်ခြင်း၊ သစ်ရွက်ကြွေခြင်း စသည်တို့မှတစ်ပါး ဘာမျှ ထူးခြားသော အခြင်းအရာကို မမြင်ကြရ။ အလျင်က ဖြစ်ခဲ့သမျှသော မသာယာသည့် အကြောင်းများကိုလည်း သူတို့နှစ်ယောက်အနက် ဘယ်သူကမှ စကားစပ်၍ မပြော။ 'အုရေ သိုက်ပြောင်းကြဦးစို့လားကွယ်' ဟု မောင်ဒေဝက ပြောသည့်အခါတိုင်း အုက 'ဘာလို့ ရွှေ့ချင် ပြောင်းချင်ရတာလဲ ကိုကိုရယ်။ ခုလို နေရတာ ဘယ်လောက်အေးသလဲ။ လောကမှာ နောက်ဆုံးကျတော့ ဖြစ်စရာ ရှိတာဟာ ဖြစ်ရမှာပဲ။ ဘယ်လိုမှ ပြုပြင်ရတာ မဟုတ်ပါဘူး။ အပြင်မှာ ဆိုရင်ဖြင့် ဒုက္ခချည်းပဲ။ ဟောဒီအိမ်ထဲမှာဆို ဘယ်လောက် စိတ်ချမ်းသာသလဲ' ဟု ပြောလေသည်။

'အု ပြောတာလည်း ဟုတ်တာပဲ။ အပြင်မှာဆိုရင် စိတ်မချမ်းသာစရာကြီးပဲ။ ဟောဒီထဲမှာ ဆိုတော့ သိကြားမင်း စည်းစိမ်ထက် ကောင်းသေးတယ်။ တစ်ယောက်ကို တစ်ယောက် ချစ်ပြီး၊ တစ်ယောက်အပြစ် တစ်ယောက် သည်းခံလို့'

'ကိုကိုရေ'

'ဗျာ အု၊ ကျုပ်မယား.... ဘာလဲဗျ'

'အခုတော့ ကိုကို ပြောတဲ့အတိုင်း ဟုတ်ပါရဲ့။ နောက်တော့ အုကို ကိုကို အချစ်ပြယ်သွားမှာ စိုးတယ်။ ကိုကို အချစ်ပြယ်သွားတဲ့နေ့ ရောက်အောင် အု မနေချင်ဘူး။ အဲဒီနေ့ မရောက်ခင်ဘဲ အု သေချင်တယ်'

'မတော်တာတွေ ပြောမနေပါနဲ့ အုရယ်။ နိမိတ်မရှိ နမာမရှိ။ အုကို ဘယ်တော့မှ ကိုကို အချစ်ပြယ်တော့မှာမှ မဟုတ်ဘဲ'

'အုလည်း ဒီလိုတော့ ထင်မိပါရဲ့။ ဒါပေမဲ့ အု အဖြစ်ကို အု စဉ်းစားမိတော့ ဘယ်ယောကျ်ားပဲဖြစ်ဖြစ် တစ်နေ့နေ့တော့ အနေးနဲ့ အမြန် ဆိုသလိုပဲ အုကို အချစ်ပြယ်မှာပဲ။ အခုတောင်ပဲ ပြောရင်းပြောရင်းနဲ့ အု အကြောင်းကို အု စဉ်းစားမိပြီး စိတ်မကောင်းဘူး။ အုဟာ ဘယ်လို ဖြစ်တယ် မသိဘူး။ ဟိုတုန်းကဆိုရင် အုဟာ သူများအသက် သတ်ဖို့ကို မပြောနဲ့၊ ငှက်ကလေးတွေ လှောင်အိမ်နဲ့ မွေးထားတာ တွေ့ရင်တောင် မျက်ရည်ကျမိတယ်'

'အုရယ်၊ အလကား လွန်ပြီးသားတွေကို ပြန်ပြီး တွေးမနေပါနဲ့။ အကျိုးမရှိပါဘူး။ လောကမှာ မမှားဖူးတဲ့ ရှေ့နေ၊ မသေဖူးတဲ့ ဆေးသမားရယ်လို့ ဘယ်မှာ ရှိမလဲ။ ဖြစ်ပြီးသား မကောင်းတဲ့အမှုကို ပြန်ပြီး မစဉ်းစားကောင်းဘူး'

'ကိုကို ပြောတာကို အု နားထောင်မယ်နော်။ အု ဘာမှ မစဉ်းစားတော့ဘူး'

ထိုသို့ ပြောပြီးလျှင် အုသည် မောင်ဒေဝနှင့် ပါးချင်းကပ်ကာ နွဲ့လေသည်။

မောင်ဒေဝနှင့် အုတို့သည် ထိုအိမ်ကြီး၌ပင် နောက်တစ်နေ့ ကုန်သွားပြန်လေသည်။ နောက်တစ်နေ့ကား လကွယ်နေ့ ဖြစ်သဖြင့် အိမ်စောင့်မိန်းမကြီး လာမည့်နေ့ဖြစ်သည်။ အိမ်စောင့်မိန်းမကြီးသည် မောင်ဒေဝနှင့် အုတို့ အိပ်ရာက မနိုးခင် ဝေလီဝေလင်း အချိန်တွင် ရောက်လာလေသည်။ အောက်ထပ် တံခါးပေါက်များ ဖွင့်ပြီးလျှင် အပေါ်ထပ်သို့ တက်၍ကြည့်ရာ သူ့အိမ်ထဲ၌ ခြေရာလက်ရာ ပျက်နေသည်ကို တွေ့ရလေသည်။ မသင်္ကာ

သဖြင့် ခြေဖျားထောက်သွားပြီးလျှင် မောင်ဒေဝတို့ အိပ်နေသော အခန်း တံခါးကို အသာကလေး တွန်း၍ တံခါးကြားမှ ချောင်းကြည့်လေသည်။ မောင်ဒေဝတို့ လင်မယားမှာ ခုတင်ကြီးပေါ်၌ စိတ်ချလက်ချ အိပ်ပျော်လျက် နေကြသည်ကို တွေ့ရလေသည်။ အုစ၏ ပါးစပ်ကလေးသည် စွင့်စွင့်ကားကား မပွင့်သေးသော ပန်းပွင့်ကလေးကဲ့သို့ မောင်ဒေဝ၏ ပါးနား၌ မပွင့်တပွင့် ကလေး နေလေသည်။ အိမ်စောင့် မိန်းမကြီးသည် လက်ဦးတွင် သူ့အိမ်ပေါ်၌ ဘယ်က ဟာတွေများ စော်စော်ကားကား လာနေကြသလဲဟု စိတ်ဆိုးမိသော် လည်း အုနှင့် မောင်ဒေဝတို့ သနားစဖွယ် ကောင်းစွာ အိပ်နေကြသည်ကို မြင်သောအခါ စိတ်ဆိုးပြေ၍ ဘယ်က လူကုံထံ သားသမီးတွေများ ထွက် ပြေး လာကြပါလိမ့်မလဲဟု အောက်မေ့မိလေသည်။ အခန်းထဲ၌ ချွတ်၍ထား သော အုစ၏ ဝတ်ကောင်းစားလှများကို တွေ့မြင်သောအခါ အိမ်စောင့် မိန်းမကြီးမှာ သာ၍ပင် စိတ်မဆိုးချင်ဘဲ ရှိလေသည်။ အိမ်စောင့်မိန်းမကြီး သည် တံခါးကြားမှ အားရအောင် ချောင်းကြည့်၍ နေသော အချိန်တွင် အုတို့ ဇနီးမောင်နှံမှာ အိပ်၍ ကောင်းကြတုန်းပင် ရှိလေသည်။ အိမ်စောင့် မိန်းမကြီးသည် သူ့အဖော်များကို သွား၍ခေါ်ရန် ရွာထဲသို့ ကပျာကယာ ပြန်သွားလေသည်။ ထို့နောက် မကြာမီပင် အုနှင့် မောင်ဒေဝတို့ အိပ်ရာမှ နိုးကြလေသည်။ နိုးလျှင်နိုးချင်း သူတို့ကို အခြား တစ်စုံတစ်ယောက်သော သူ တွေ့မြင်သွားလေပြီဟု စိတ်ထင့်လျက် ရှိလေသည်။ အဘယ်ကြောင့် ထိုသို့ စိတ်ထင့်ရသည်ဟု မပြောတတ်။ မောင်ဒေဝသည် အိပ်ရာမှ ထပြီးလျှင် အိမ်၏ အခြေအနေကို ကြည့်ရှု စုံစမ်းလေသည်။

'အု ရေ၊ ဒီမှာ ကိုကိုတို့ ကြာရှည်နေလို့တော့ မဟန်ဘူး။ ချက်ချင်း သွားကြမှ တော်မယ်။ ကိုကို့စိတ်ထဲမယ် ကိုကိုတို့ကို တစ်ယောက်ယောက် တွေ့သွားပြီလို့ ထင်တယ်။ တကယ်လို့ ကိုကို ထင်တဲ့အတိုင်း မဟုတ်ဘူး ဆိုတောင် ဒီနေ့ လကွယ်နေ့ပဲ။ ဒီတော့ အိမ်စောင့်တဲ့ မိန်းမကြီး လာလိမ့် မယ်'

အုသည် စကားပြန် မပေးဘဲ အိမ်ခန်းထဲ၌ ရှင်းလင်း သိမ်းဆည်းပြီးလျှင် ယူစရာ ငင်စရာများကို နှစ်ယောက်သား ယူငင်၍ တိတ်တဆိတ်ထွက်ခဲ့ကြလေသည်။ တောအုပ်စပ်သို့ ဝင်မိသည်နှင့် တစ်ပြိုင်နက် အုသည် အိမ်ကြီးဘက်သို့ လှည့်ကြည့်လေသည်။

'အိမ်ကြီးရေ တို့ သွားတော့မယ်ဟေ့၊ နေရစ်ပေတော့။ ကိုကိုရယ် နောက်ကို အု နေရရင် တစ်လ နှစ်လပေါ့။ ဒီတော့ ဒီမှာပဲ ဆက်ပြီး နေကြပါစို့။ တခြား မသွားချင်ပါနဲ့တော့'

'ဒီလို မပြောပါနဲ့ အုရယ်။ ကိုကိုတို့ မကြာခင်ဘဲ ရိုးမတောင်ခြေကို ကပ်မိတော့မှာပဲ။ ရိုးမတောင်ခြေကို ကပ်မိတာနဲ့ တစ်ပြိုင်နက် ကိုကိုတို့ကို ဘယ်သူမှ တွေ့တော့မှာမှ မဟုတ်ဘဲ။ ကိုကိုတို့ကို သူတို့ ရှာခြင်း ရှာရင်လည်း ရိုးမတောင်ဘက်မှာ ရှာမှာ မဟုတ်ပါဘူး။ နောင် မေ့လောက်ပြီ ဆိုတော့မှ တော်ရာ ကူးသွားကြတာပေါ့ အုရယ်'

'အုတော့ မသိဘူးလေ၊ ကိုကို တော်တယ် ထင်သလိုသာ ကြည့်ပြီး လုပ်ပေတော့'

'ကိုင်း ဒါဖြင့် နေမပူခင် ခပ်သုတ်သုတ်ကလေး သွားကြဦးစို့'

မောင်ဒေဝနှင့် အုတို့သည် ငါးရက်၊ ခြောက်ရက်ခန့် ကောင်းမွန်စွာ နားနေကြရသဖြင့် အားအင်ပြည့်တင်းလျက် ရှိကြပြီးလျှင် ပျော်ရွှင်စွာ ဆက်လက် သွားကြလေရာ မွန်းတည့်လောက်တွင် တောင်သာယာ မြို့အနီးသို့ ရောက်လေသည်။ မိုးချုပ်မှ ခရီးဆက်၍ သွားကြမည်ဟု ကြံပြီးလျှင် တောကောင်းရာတွင် စခန်းချ၍ နေကြလေသည်။ နေဝင်ရီတရော အချိန်တွင် အုကို မြို့ပြင် မနီးမဝေး၌ ဖုက်ထားခဲ့ပြီးလျှင် မောင်ဒေဝသည် မြို့တွင်းသို့ ဝင်၍ ရိက္ခာဝယ်ခြမ်းလေသည်။ တောင်သာယာမြို့ အလွန်တွင် ရော်တောင်ချောင်း ခေါ်သော ချောင်းကြီး ဆီးလျက် ရှိသဖြင့် တောင်သာမြို့တွင်းမှ ဖြတ်၍ တံတားဖြင့် မကူးဘဲနှင့် တစ်ဖက်ကမ်းသို့ ရောက်နိုင်လိမ့်မည် မဟုတ်ရကား၊ အုနှင့် မောင်ဒေဝတို့သည် ညဉ့် လူခြေတိတ်ချိန်တွင် မြို့တွင်းမှ

ဖြတ်၍ သွားကြရလေသည်။ ရော်တောင်ချောင်းကို ဖြတ်ကျော်မိသည်နှင့် တစ်ပြိုင်နက် ရိုးမတောင်ကို မြင်ကြရလေသည်။ ရိုးမတောင်ကြီးသည် သူတို့ နှစ်ယောက်၏ရှေ့မှ မြင့်မြင့်မားမားကြီး ရပ်လျက် ရှိသဖြင့် တစ်ခဏချင်းပင် ရောက်တော့မည်ကဲ့သို့ ထင်ရလေသည်။ သို့ရာတွင် အမြင် နီးသော်လည်း ရိုးမတောင်မှာ ခရီးအတော် ဝေးသေးသည်သာ ဖြစ်သည်။ ရိုးမတောင်ကြီးသည် အုတို့ ဇနီးမောင်နှံအား "ဟဲ့ မြန်မြန် ပြေးခဲ့ကြ" ဟု ပျူပျူငှာငှာ ဖိတ်ခေါ်၍ နေသကဲ့သို့ ထင်ရလေသည်။ ရာဇဝတ် ခြေပိုင် ပြေးနိုင်လျှင် လွတ်သည့်အတိုင်း အုနှင့် မောင်ဒေဝတို့သည် မိမိတို့ ကိုယ်ပိုင် ခြေစကြာကို စက်ကုန် ခုတ်မောင်းကြလေသည်။ ခုနစ်စင်ကြယ်ပြောင် အမြီးထောင်သော အချိန်တွင် ကွင်းပြင်ကြီးတစ်ခု၏ အလယ်ကောင်သို့ ရောက်ကြလေသည်။ ထိုကွင်းပြင်ကြီး အလယ်၌ ထူးဆန်းသော ကျောက်ဗိမာန် အပျက်ကြီးတစ်ခုကို တွေ့ကြလေသည်။

'ကြည့်ပါဦး အုရယ်၊ ကျောက်တိုင်ကြီးတွေနှယ် ကြီးလိုက်တာ။ ဘာ ကျောက်တိုင်ကြီးတွေများ ပါလိမ့်'

'ကြောက်စရာ ကောင်းလိုက်တာ ကိုကိုရယ်၊ ဝီဝီ ဝီဝီနဲ့လည်း မြည်လို့ပါကော'

ထိုမြည်သော အသံမှာ ကျောက်တိုင်ကြီးများ စပ်ကြားသို့ အတားအဆီး မရှိဘဲ တိုက်ခတ်သော လေသံပင်ဖြစ်၍ ကြီးမားသော သတ္တဝါကြီး တစ်ကောင်သည် ဧရာမ ပလွေကြီးကို မှုတ်၍ နေဘိသည်နှင့် တူလေသည်။

မောင်ဒေဝသည် ပါလာသော မီးခြစ်နှင့် ခြစ်၍ကြည့်ရာ ကျယ်ပြန့်သော ကျောက်ဖျာကြီး တစ်ခုကို တွေ့ရလေသည်။ ထိုကျောက်ဖျာကြီး၏ အထက်တွင် ကန့်လန့်တင်ထားသော ကျောက်တုံးကြီး တစ်ခုသည် အမိုးကဲ့သို့ အုပ်မိုးလျက် ရှိသည်။ ထိုမှတစ်ပါး အခြား အမိုးအကာ ဟူ၍ မရှိ။ ကျောက်တိုင် ကျောက်ငုတ်ကြီးတို့မှာ မှောင်ကြီးမည်းမည်းတွင် ကင်းစောင့် သမားတို့ကဲ့သို့ မတ်ရပ်စောင့်လျက် ရှိကြလေသည်။ အုသည် ကြက်သီး မွေးညင်း ထ ၍ သက်ပြင်း ရှူမိလေသည်။

'ဘာဖြစ်သလဲ အု၊ ဘာမှ ကြောက်စရာ မရှိပါဘူး။ ကိုကို အရှိသားပဲ'

'လေတဟူးဟူးနဲ့ လေနတ်သား ဗိမာန်ကြီးပဲ ထင်ပါရဲ့'

'အု ရေ၊ ကိုကို စဉ်းစားမိပြီ။ ဒါဟာ တခြား မဟုတ်ဘူး။ ကိုကိုတို့ မြန်မာပြည်မှာ အရင် အရည်းကြီးတွေ ထွန်းကားတုန်းက အရည်းကြီးတွေ သီတင်းသုံးတဲ့ ကျောင်းကြီးပဲ။ ကြည့်ပါလား၊ ဟောဟို ကျောက်တိုင်ကြီး တွေကလည်း ကျွမ်းစင်ကြီးတွေပဲ။ အရည်းကြီးတွေဟာ မြင်းစီးခြင်း၊ လှံထိုး ခြင်း၊ ရေကူးခြင်း၊ ကျွမ်းထိုးခြင်း၊ လက်ဖွေ့သတ်ခြင်း စတဲ့ ကိုယ်လက် သန်စွမ်းမှုတွေ သိပ်ပြီး လေ့လာကြသတဲ့။ ဒါကြောင့် ရှေးက မြန်မာလူမျိုး တွေဟာ အားအင်ပြည့်စွမ်းပြီး စားချက်၊ လှံချက် နာကြတာလို့ ပြောကြ တယ်'

'ဒါဖြင့် ဒီနေရာဟာ တိတ္ထိ ကျောင်းဟောင်းကြီး ဆိုပါတော့'

'ဟုတ်တယ်၊ ဒီကျောင်းဟောင်းကြီးဟာ သိပ် ရှေးကျတယ်။ မြန်မာ ပြည်မှာ တိုင်းရင်း အဆောက်အဦကြီးတွေ ရှိကြတဲ့အနက် ရှေးအကျဆုံးပဲ။ အုတို့ ပန်းသာမြို့စား အဆက်ထက်တောင် ရှေးကျဦးမယ်။ ကိုင်း ဒါကတော့ ဟုတ်ပါရဲ့၊ တောကောင်းတဲ့ နေရာရောက်အောင် သွားကြဦးမှ ဖြစ်မယ်'

'အုတော့ မောလှပြီ ကိုကိုရယ်။ ရှေ့ဆက် မသွားပါစို့နဲ့တော့။ ဒီမှာပဲ နားကြပါစို့'

'ဒီမှာ နားလို့ မတော်ဘူး ထင်တယ် အုရဲ့။ ဒီနေရာက ကွင်းခေါင် ခေါင်ကြီး။ မိုးလင်းလာတယ် ဆိုရင် အကုန်လုံး ဘေးက မြင်ရမှာ'

အုသည် မောင်ဒေဝ ထိုသို့ ပြောနေခိုက်တွင် မောမောပန်းပန်းနှင့် ကျောက်ဖျာကြီးပေါ်တွင် တက်၍ အိပ်လေသည်။ ကျောက်ဖျာကြီးသည် နေ့အခါတွင် တစ်နေ့လုံး နေပူထဲတွင် ကျ၍နေသဖြင့် အနွေး မပြေသေးသော ကြောင့် လေတဟူးဟူး တိုက်ခတ်၍ အေးစက်နေသည့် အခါတွင် ချမ်းအေး ခြင်းကို ပြေစေလေသည်။ အုမှာ ကျောက်ဖျာကြီးပေါ်၌ မြတဘက်ဖြင့် ထွေး၍ ထားအပ်သကဲ့သို့ နွေးလျက် ရှိလေသည်။

မောင်ဒေဝသည် အုစ၏ ဘေးမှကပ်၍ 'အု မောလှပြီ၊ အိပ်ချင်လှပြီလား' ဟု ဆိုကာ ကြင်နာ ယုယစွာ နမ်းလေသည်။

'ကိုကိုရေ၊ အမေက တစ်ခါ ပြောဖူးတယ်။ ဒီအနီးအနားမှာပဲတဲ့၊ အမေ့မောင် တစ်ယောက် သူရင်းငှားလုပ်ပြီး နွားကျောင်းနေတာ ရှိတယ်တဲ့။ ပြီးတော့ အုတို့ ရှားပင်စုမှာ နေကြတုန်းက ကိုကိုက အုကို ဟဲ့ တိတ္တိမလေး ဘာလေးနဲ့ ဆိုဖူးတယ် မဟုတ်လား။ ဒါကြောင့် ထင်ပါရဲ့၊ အခု ဒီတိတ္တိကျောင်းကြီးထဲ ရောက်နေရတာ၊ အု သိပ်ပြီး ပျော်တာပဲ။ အုတော့ ဒီကပဲ မသွားချင်တော့ဘူး။ တိတ်တိတ်ဆိတ်ဆိတ်လည်း ရှိတယ်။ တခြား ဘယ်သူမှလဲ မရှိဘူး။ ပြီးတော့ တစ်လောကလုံးမှာ အုနဲ့ ကိုကိုနဲ့ နှစ်ယောက်ထဲ ရှိကြသလိုပဲ။ လောကမှာ မကြေးမြွင်ကလေးက လွဲပြီး ဘယ်သူမှ မရှိကြဘူး။ အုနဲ့ ကိုကိုနဲ့ နှစ်ယောက်ထဲ ရှိကြရင် သိပ်ကောင်းမှာပဲနော်'

'အု မောလို့ အိပ်ချင်ရင်လည်း ဒီမှာပဲ ဒီည နားကြတာပေါ့။ မနက်ကျတော့မှပဲ မိုးမလင်းခင် ထ သွားကြတာပေါ့'

မောင်ဒေဝသည် ထိုသို့ ပြောပြီးလျှင် သူ့အပေါ်အင်္ကျီကို ချွတ်၍ အုအား ခြုံပေးပြီးနောက် ဘေးမှယှဉ်ကာ ထိုင်လေသည်။

'ဒီမှာ ကိုကို၊ အု တစ်ခုပြောချင်တယ်။ တကယ်လို့ အု တစ်စုံတစ်ရာ ဖြစ်လို့ရှိရင် မကြေးမြွင်ကလေးကို ကိုကို ကြည့်ပြီး စောင့်ရှောက်လိုက်ပါနော်'

'စောင့်ရှောက်မှာပေါ့ အုရဲ့၊ ဒါတွေ အု ပူစရာ မဟုတ်ပါဘူး'

'ကောင်မလေးက ရိုးလည်း ရိုးတယ်၊ သဘောလည်း ကောင်းတယ်၊ အပြစ်လည်း ဘာမှ ပြောစရာ မရှိဘူး။ ကိုကိုနဲ့ အုနဲ့ကတော့ မကြာခင်ပဲ ကွဲကြရတော့မှာ။ ဒီတော့ ကိုကို့ကို အု တစ်ခု မှာခဲ့ပါရစေ။ အု မရှိတဲ့ နောက်ကျရင် မကြေးမြွင်ကလေးကို ကိုကိုပဲ ဆက်လက် သိမ်းပိုက်လိုက်ပါလို့'

'မတော်တာတွေ ပြောမနေပါနဲ့ အုရယ်။ အုကို ဆုံးရင် ကိုကို့မှာ

ရာပြည့်စာအုပ်တိုက်

အားလုံး ဆုံးတာပါပဲ။ နောက်ပြီး မကြေးမြင့်ကလေး ဆိုတာကလည်း ကိုယ့် ခယ်မကလေးပဲ'

'ဒီလိုပဲ ခယ်မနဲ့ ခဲအို လက်ဆက်ကြတာတွေ ပြည့်လို့ပဲ ကိုကိုရဲ့။ ကောင်မကလေးက သိပ်ပြီး ချစ်ဖို့ကောင်းတယ်။ စကား အပြောကလေးက ချိုတယ်။ အနေအထိုင်လည်း သိမ်မွေ့တယ်။ အရွယ်ကလေးကလည်း ကောင်းတုန်း လှတုန်း။ ပြီးတော့ ကလေးပဲ ရှိသေးတော့ ကိုကို စိတ်တိုင်းကျ သလို ပြုပြင် ယူနိုင်တာပေါ့။ အုမှာလို ဘာမှ အပြစ်ပြောစရာ မရှိဘူး။ သူနဲ့ ကိုကို လက်ဆက်မယ်ဆိုရင် အု သေသွားတောင်မှပဲ ကိုကိုနဲ့ အုနဲ့ မကွဲကြသေးသလို အောက်မေ့နိုင်ပါတယ်။ ဒါကြောင့် အု ပြောတဲ့အတိုင်း မကြေးမြင့်ကလေးကို ကိုကိုပဲ ဆက်လက် သိမ်းပိုက်လိုက်ပါ။ ဒါပဲ အု မှာခဲ့ချင်ပါတယ်'

မောင်ဒေဝသည် စကားပြန်မပေးဘဲ အု ပြောသမျှကို စဉ်းစားကာ နားထောင်လျက် ရှိလေသည်။

'ဒါထက် ဒီမှာ ကိုကို၊ အရည်းကြီးတွေဟာ ဘာကို ကိုးကွယ်ကြ သတဲ့ လဲ'

'မပြောတတ်ပါဘူး အုရယ်၊ အမျိုးမျိုး ပြောကြတာပါပဲ။ ဒါပေမဲ့ ပြောကြတဲ့လူတွေက သူတို့ အယူကို မကြိုက်တဲ့ လူတွေချည်းမို့ ပြောကြ တိုင်းလည်း မယုံရပါဘူး။ ကိုကို့အထင်တော့ ဒီ ကျောက်တုံး ကျောက်တိုင် ကြီးတွေ အရှေ့ကို ဦးညွတ်ပြီး ဆောက်ထားပုံကို ထောက်တော့ နေကို ကိုးကွယ်ကြတယ်လို့ ထင်တာပဲ'

'အုတို့ ရှားပင်စုမှာ နေကြတုန်းက အုရဲ့ အယူဝါဒကို ကိုကို ဘယ်လို မှ မနှောင့်ယှက်ဘူးလို့ ပြောတာ မှတ်မိသေးလား။ ဒါပေမဲ့ ကိုကို့အယူဝါဒ ဟာ ဘာဆိုတာကို အုက သိပြီးသားမို့ ကိုကို့ အယူဝါဒ အတိုင်းပဲ အုက လိုက်ပြီး ယူတာပဲ။ ကိုကို ယုံကြည်တာမှန်ရင် အုလည်း အကုန်ယုံကြည် တာပဲ။ အု စိတ်ထဲက စဉ်းစားပြီး ကောင်းတယ်၊ ဆိုးတယ် နားလည်လို့

မဟုတ်ဘူး။ ကိုကို့အဖို့ ကောင်းရင် အုအဖို့လည်း ကောင်းတာပဲ။ **ဒါတော့** အု တစ်ခု မေးပါရစေ ကိုကိုရယ်၊ ပြောစမ်းပါ။ အုတို့ သေပြီး**တဲ့နောက်** အုနဲ့ ကိုကိုနဲ့ ထပ်ပြီး တွေ့ကြရဦးမှာလား'

မောင်ဒေဝသည် အု အမေးကို မဖြေရစေခြင်းငှာ ဘာမျှ **မပြောဘဲ** အုအား နမ်းလေသည်။

'ဒါဖြင့် နောက်ထပ် မတွေ့ရတော့ဘူးပေါ့။ အုတော့ သေပြီး**လည်း** ကိုကိုနဲ့ သိပ်တွေ့ချင်သေးတာပဲ။ တစ်ယောက်နဲ့တစ်ယောက် ဒါ**လောက်** ချစ်ကြလျက်နဲ့တောင် မတွေ့ရတော့ဘူးလား ကိုကိုရယ်'

'တွေ့ချင်ရင် တွေ့ရတာပေါ့ အုရယ်၊ ဘာလို့ မတွေ့ရဘဲ ရှိမှာလဲ'

မောင်ဒေဝသည် အသေအချာ မသိသော်လည်း အု နှစ်သိမ့်စေခြင်း ငှာ ဤကဲ့သို့ ဖြေလိုက်လေသည်။

အုသည် မှာချင်သမျှကို အားရအောင် မှာပြီးနောက် **ရောင့်ရဲစွာ** အိပ်ပျော်ခြင်းသို့ ရောက်လေသည်။ မောင်ဒေဝသည် အနားမှထိုင်၍ **ယုယ** စွာ အိပ်ဖန်စောင့်ရင်း အိပ်ပျော်သွားလေသည်။ မကြာမီပင် မှောင်မိုက်ခြင်း သည် အုတို့ ဇနီးမောင်နှံကို ဖုံးအုပ်သွားလေသည်။ အရှေ့လောကဓာတ်**မှ** ရောင်နီလာသော အခိုက်တွင် မောင်ဒေဝသည် အိပ်ရာမှနိုး၍ လင်း**ရောင်** ဖြူသောဘက်သို့ ယောင်ယမ်း၍ ကြည့်မိလေရာ၊ သေးငယ်သော မည်းမည်း အရာတစ်ခုသည် သူတို့နေရာ ကျောက်ဆောင်ဟောင်းကြီးဘက်သို့ **ရွေ့၍** လာနေသည်ကို တွေ့ရလေသည်။ ထိုအရာမှာ ကုန်းစောင်းမှ လူတစ်ယောက် ၏ ဦးခေါင်း ထွက်ပေါ်လာခြင်း ဖြစ်လေသည်။ မောင်ဒေဝသည် လိပ်ပြာ မလုံသဖြင့် ထိုလူသည် သူတို့နှစ်ယောက် ရှိရာဘက်သို့ မလာပါစေနှင့်ဟု ဆုတောင်းလေသည်။ သို့ရာတွင် မောင်ဒေဝမှာ ဆုတောင်းမပြည့်။ အဘယ် ကြောင့် ဆိုသော် ထိုသူသည် သူတို့ရှိရာသို့ တည့်တည့်မတ်မတ်ကြီး လာ လျက် ရှိသောကြောင့်တည်း။ ထိုကဲ့သို့ ထိတ်ထိတ်လန့်လန့် ဖြစ်၍ **နေခိုက်** တွင် သူတို့နောက်ဘက်မှ ခြေသံကြား၍ လှည့်ကြည့်လိုက်ရာ တခြား လူ

တစ်ယောက်သည် သူတို့ရှိရာသို့ လာလျက်နေသည်ကို တွေ့ရပြန်လေသည်။ ထိုလူနှစ်ယောက်သည် ဘယ်လိုအကြံနှင့် အရှေ့မှ တစ်ယောက်၊ အနောက်မှ တစ်ယောက် စည်းလားရိုက်၍ ထားသည့်ပမာ တစ်ဖက်တစ်ချက် ညှပ်၍ လာနေကြသနည်း၊ အုကို နှိုး၍ပြေးရသော် တော်မည်လော၊ ပြေးလျှင် လွတ်လမ်း ရှိနိုင်ပါမည်လော။ မောင်ဒေဝသည် သို့လော သို့လော တွေးတော၍ မဝေဖန်နိုင်မီ နောက်ထပ် တောင်ဘက်မှ လူတစ်ယောက်၊ မြောက်ဘက်မှ လူတစ်ယောက် လာလျက် ရှိသည်ကို တွေ့ရပြန်လေသည်။ ထိုအခိုက်တွင် မိုးစင်စင်လင်းစပြုပြီ ဖြစ်သဖြင့် အနောက်ဘက်မှ အရှေ့ဘက်သို့ ရှေးရှုလာလျက်ရှိသော လူ၏ ပုံသဏ္ဌာန်ကို ထင်ရှားစွာ တွေ့မြင်ရလေသည်။ ထိုလူမှာ ခြေလှမ်းလှမ်းပုံ၊ ကိုယ်ထားကိုယ်နေကို ကြည့်ရခြင်းအားဖြင့် အမှုမဲ့ အမှတ်မဲ့နေသော ဆင်းရဲသားထဲက မဟုတ်ဘဲ၊ ကောင်းစွာ လေ့ကျင့်ထားအပ်သော အစိုးရဘက်သားတစ်ယောက် ဖြစ်သည်ကို သိရလေသည်။ အစိုးရဘက်သား လေးယောက်တို့သည် "ဟော့ မပြေးနဲ့" ဆိုသော အမူအရာမျိုးဖြင့် နီးကပ်လာကြလေသည်။ မောင်ဒေဝသည် ကပျာကယာ ထ၍ ကျောက်ခဲ တွေ့လျှင်လည်း ကျောက်ခဲနှင့် ပေါက်၍၊ တုတ်တွေ့လျှင်လည်း တုတ်နှင့် ရိုက်ပြီးလျှင်၊ ဘာကိုတွေ့တွေ့ တွေ့ရာနှင့် ခုခံရန် ပြင်ဆင်လေသည်။ သို့ရာတွင် သူ့အကြံမှာ အချည်းနှီးသာတည်း။ အဘယ်ကြောင့်ဆိုသော် အနီးဆုံးဖြစ်သော အစိုးရဘက်သားသည် သူ့အနားသို့ ကပ်၍နေပြီ ဖြစ်သော ကြောင့်တည်း။

'မိတ်ဆွေ၊ ခုခံနေလို့ အကျိုး မရှိပါဘူး။ ကျုပ်တို့ အခု လာတာ လူ နှစ်ဆယ်တောင်မှပဲ။ ပြီးတော့ ရွာထဲက လူတွေလည်း အပုံကြီး ပါသေးတယ်'၊

'ဒီမှာ ခင်ဗျာ၊ ကျွန်တော့်မိန်းမ တစ်ဆိတ် အိပ်ရေးကလေး ဝအောင် အိပ်ပါစေဦး ခင်ဗျာ။ ခရီး ပန်းနေရှာပါတယ်' ဟု မောင်ဒေဝသည် မာန်လျှော့လေသည်။

အစိုးရဘက်သားတို့သည် နှစ်ခြိုက်စွာ အိပ်ပျော်နေသော အုကို မြင်သောအခါ မသနားဘဲ မနေနိုင်ကြ၍လော၊ သို့မဟုတ် တရားခံမသည် မည်သည့်နည်းနှင့်မျှ ထွက်ပြေးနိုင်မည့် အခြေအနေ မရှိသည်ကို မြင်၍လော မသိ။ မောင်ဒေဝ တောင်းပန်ချက်ကို ခွင့်ပြုပြီးလျှင် အု အိပ်ရာမှ နိုးသည် တိုင်အောင် အနီးတွင်ရှိသော ကျောက်တိုင်ကြီးများနှင့် ယှဉ်ကာ ငြိမ်သက်စွာ ရပ်၍ စောင့်နေကြလေသည်။

ထိုအခိုက်တွင် အရှေ့မှ နေ့စဉ် ရက်ဆက် မှန်မှန်ကြီး ထွက်လေ့ ရှိသော ဖန်နေဝန်းကြီးသည် ပေါ်ထွက်၍ လာပြီးလျှင် အု၏ အဖြစ်အပျက်ကို မသိလေသည့်အလား "ဘယ့်နှယ် မကြီးအု၊ ထ ပါတော့လား" ဟု နှိုးရန် ထိန်လင်းတောက်ပသော ရောင်ခြည်များကို အု၏ မျက်နှာပေါ်သို့ စေလွှတ် လေသည်။ အုသည် မျက်နှာပေါ်သို့ နေရောင်ထိုးသည်နှင့် တစ်ပြိုင်နက် အိပ်ရာမှ နိုးပြီးလျှင် မျက်စိများကို ဖွင့်ကာ တောင်မြောက်လေးပါးကို ကြည့် လေသည်။ မြေကြီးတွင် အမြစ်တွယ်နေသည့်အလား ငြိမ်သက်စွာ ရပ်၍ နေကြသော အစိုးရဘက်သားများကို မြင်သောအခါ အုသည် ကိုယ့် အကြောင်း ကိုယ်သိပြီး ဖြစ်သဖြင့် သူတို့ အဘယ်ကြောင့် ရောက်နေကြသည် ကို သိလေသည်။

'ကိုကိုရေ၊ အုကို ဖမ်းမယ့်လူတွေ ရောက်လာကုန်ကြသလား'

'ဟုတ်တယ် အုရဲ့၊ ရောက်လာကုန်ကြပြီ'

'ရောက်လာကြတာပဲ ကောင်းပါတယ် ကိုကိုရယ်။ အုဖြင့် ဝမ်း တောင် သာပါသေးတယ်။ ဒါလောက် ပျော်ပျော်ကြီး နေရပြီးပြီဟာပဲ။ အု ကျေနပ်ပါပြီ။ ဒါလောက်ပဲ ကောင်းပါတယ်။ ဒီလိုချည်း တစ်သက်လုံး ပျော်ပျော်ကြီးလည်း နေရမှာ မဟုတ်ဘူး။ ဒီ့အတူတူတော့ အခုလို ချစ်တုန်း ခင်တုန်းမယ် ဇာတ်သိမ်းရတာပဲ ကောင်းပါတယ်။ အုကို ဒီလို တစ်သက်လုံး ကိုကို ချစ်နိုင်မှာ မဟုတ်ပါဘူး။ အုအကြောင်း အု သိပါတယ်။ ဒီတော့ လောကမယ် ကိုကိုမုန်းတဲ့နေ့ ရောက်အောင် မနေရတာပဲ ကောင်းပါတယ်'

ထိုသို့ ပြောပြီးသည်နှင့် တစ်ပြိုင်နက် အုသည် အိပ်ရာမှထ၍ အာဏာသားများ ရှိရာသို့ တည့်မတ်စွာ သွားပြီးလျှင် 'ကိုင်း ကျွန်မ လိုက်ဖို့ အသင့်ရှိပါပြီ' ဟု သာကြည်စွာ ပြောလေသည်။

သေလာဝတီမြစ်၏ အရှေ့ဘက်ကမ်း၌ ရှိသော နရသိန်မြို့သည် တောင်များ ဝန်းရံလျက်ရှိသဖြင့် သာယာပျော်မွေ့ဖွယ်ကောင်းသော ရှေးမြို့ဟောင်းတစ်ခု ဖြစ်လေသည်။ ရှေးမြို့ဟောင်း ဖြစ်သည့် အားလျော်စွာ ဘုရားပျက်၊ ကျောင်းပျက်၊ စေတီပုထိုးပျက် စသည်တို့လည်း ပေါများလေသည်။ ပတ်ဝန်းကျင် တောင်များပေါ်ရှိ စေတီတို့၏ ဆည်းလည်းသံများကိုလည်း လေသင့်သည့်အခါတိုင်း ကြည်နူးဖွယ် ကြားရလေသည်။ မြို့၏ အရှေ့ဥပစာတွင်ရှိသော တောင်ပုလုပေါ်တွင် တရုတ်စကားပင်၊ စကားဝါပင်၊ စကားစိမ်းပင်တို့ဖြင့် တင့်တယ်စွာ ခြံရံထားသော ဒေါ်ဘုတ်ဆုံ စေတီတော် ရှိသည်။ ဒေါ်ဘုတ်ဆုံစေတီ ရင်ပြင်တော်မှ တက်၍ကြည့်လျှင် နရသိန်တစ်မြို့လုံးနှင့်တကွ အနောက်ဘက်တွင် ဝန်းလည်စီးဆင်းလျက်ရှိသော သေလာဝတီ မြစ်ရေအလျဉ်ကို ဖန်မြေ၊ မှန်မြေ ခင်းထားသကဲ့သို့ ဖြူဖွေးတောက်ပစွာ တွေ့မြင်နိုင်လေသည်။ ထိုမှတစ်ပါး ကျောင်း၊ ကန်၊ ဘုရား၊ စေတီများနှင့် တိုက်ကြီးတာကြီး၊ ဈေးရုံ အစရှိသော အဆောက်အဦများကိုလည်း ထင်ရှားစွာ တွေ့မြင်နိုင်လေသည်။

တစ်နေ့သောနံနက် မိုးလင်းခါစ၊ လေချိုလေအေး ဆွတ်ဖျန်းလျက်ရှိသော အချိန်တွင် ယောကျ်ားရွယ်ရွယ် တစ်ယောက်နှင့် မိန်းမပျို တစ်ယောက်တို့သည် ဒေါ်ဘုတ်ဆုံ စေတီတော်ရှိရာ တောင်ပုလုပေါ်သို့ သုတ်သီးသုတ်ပျာ တက်လျက် ရှိလေသည်။ ထိုလုလင်နှင့် လုံမပျိုမှာ ညှိုးငယ်သော မျက်နှာ ရှိကြသဖြင့် ဒေါ်ဘုတ်ဆုံစေတီ ကုန်းတော်သို့ တက်နေကြခြင်းမှာ ဝမ်းသာဖွယ်ကိစ္စ ရှိ၍ မဟုတ်သည်ကို ထင်ရှားစွာ သိနိုင်လေသည်။ သာယာသော အချိန်တွင် မြို့၏ သာယာသောအဖြစ်ကို ကြည့်ရှုရန် တက်နေကြခြင်းလည်း မဟုတ်။ သူတို့နှစ်ယောက်ကို အကဲခတ်ရသည်မှာ ဒေါ်ဘုတ်ဆုံစေတီ

ရင်ပြင်ပေါ်မှနေ၍ နရသိန်မြို့တွင်း၌ တစ်စုံတစ်ခုသော နေရာကို ကြည့်ရှုလို၍ တက်နေကြဟန် တူလေသည်။ လုံမပျိုသည် တောင်တက်ဖြစ်၍ မောပန်းသောအခါ အဖော်လုလင်က စောင့်၍ ခေါ်လေသည်။ တစ်ခါတစ်ရံလည်း လုံမပျိုသည် လမ်းအတက်များကို မတက်နိုင်သဖြင့် အဖော်လုလင်က လက်ကို ယုယစွာ ဆွဲငင်၍ တင်ရလေသည်။ ထိုလုလင်မှာ မောင်ဒေဝဖြစ်၍၊ လုံမပျိုမှာ သူ့ခယ်မ မကြေးမြင့် ဖြစ်လေသည်။

မကြေးမြင့်သည် သူ့အစ်မ အုလောက် ကိုယ်လုံးကိုယ်ပေါက် မကြီးသော်လည်း အရွယ်က ဆယ့်ခြောက်နှစ်ခန့် ဖြစ်သဖြင့် လွန်စွာ ကြည့်၍ကောင်းပြီးလျှင် ကြော့ရှင်းသော ကိုယ်ဟန် ရှိလေသည်။ မျက်လုံးများမှာလည်း သူ့အစ်မ၏ မျက်လုံးများကဲ့သို့ များစွာ ကြည်လင်တောက်ပသည်။ ကိုယ်အမူအရာ၊ နှုတ်အမူအရာမှာလည်း အုနှင့် တစ်ထေရာတည်း ဖြစ်သည်။ အု၏ ကိုယ်ပွားဆိုလျှင် မမှားနိုင်။

မောင်ဒေဝနှင့် မကြေးမြင့်တို့သည် ဒေါဘုတ်ဆုံစေတီ ရင်ပြင်တော်ပေါ်သို့ ရောက်၍ အမောမှ မပြေသေးမီတွင် ဈေးထိပ် နာရီစင်ကြီးမှ ၆ နာရီထိုးသံကို လေသင့်သဖြင့် ခပ်သဲ့သဲ့ ကြားရလေသည်။ ထိုနာရီသံကို ကြားရသောအခါ သေမင်း၏ ခေါ်သံကို နားနှင့်ဆတ်ဆတ် ကြားရသည့် ပမာ မျက်စိများ ပြာ၍ သွားကြပြီးလျှင် နရသိန်မြို့၏ အနောက်တောင်ထောင့်၌ ရှိသော ထူးခြားသော အဆောက်အအုံကြီး တစ်ခုဆီသို့ စူးစိုက်ကာ ကြည့်ကြလေသည်။ ထိုအဆောက်အအုံ အဝင်ဝတွင် မျှော်စင်တစ်ခု ရှိသည်။ ထိုမျှော်စင်ထိပ်တွင် သေးသွယ် ဖြောင့်တန်းသော တိုင်တစ်ခု စိုက်ထူလျက် ရှိသည်။ မောင်ဒေဝနှင့် မကြေးမြင့်တို့သည် ထိုတိုင်ကို ရင်တဖိုဖိုနှင့် စိုက်၍ ကြည့်ကြလေသည်။ ထိုအခိုက်တွင် မည်းနက်သော အရာတစ်ခုသည် တိုင်ပေါ်သို့ တက်လာလေသည်။ ထို မည်းနက်သော အရာသည် တိုင်ထိပ်ရောက်အောင် မတက်ဘဲ ကိုင်းဖျားဖက်တွင် ရပ်၍ သေမင်း၏ အောင်လံသဖွယ် တဖတ်ဖတ် တဖျပ်ဖျပ်နှင့် လွင့်ကာ နေလေသည်။ ထိုအရာသည် အလံနက်

ဖြစ်၍ ဝမ်းနည်းခြင်း အထိမ်းအမှတ် ဖြစ်သည်။ မောင်ဒေဝနှင့် မကြေးမြှင် တို့မှာ ထိုအလံနက် တိုင်တစ်ဝက်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် တစ်ယောက်ကို တစ်ယောက် စကားမပြောဘဲ မျက်ရည်များ သွယ်သွယ်ကျလျက် ရှိကြလေသည်။ ထိုအလံနက် မင်းမူလျက်ရှိသော မျှော်စင်နှင့် အဆောက်အအုံကြီးမှာ သာယာပျော်မွေ့ဖွယ်ကောင်းသော နရသိန်မြို့၏ မှဲ့စွန်းကြီး တစ်ခုဖြစ်သော ဗဟိုအကျဉ်းထောင်ကြီး ဖြစ်လေသည်။ ထိုအခိုက်တွင် မောင်ဒေဝနှင့် မကြေးမြှင်တို့သာ မျက်ရည်မဆည်နိုင်ဘဲ ရှိကြသည် မဟုတ်၊ အကျဉ်းသားများပင်လျှင် 'ဩော် ဖြစ်မှ ဖြစ်ရပလေတယ်၊ ဩော် ဖြစ်မှ ဖြစ်ရပလေတယ်' ဟု ကြေကွဲစွာ ညည်းညူလျက် ရှိကြလေသည်။ အဘယ်ကြောင့် ဆိုသော် ထိုအခါကား "တစ်သေကို နှစ်သေ ဖြစ်စေရမည်" ဟူသော တရားဥပဒေ၏ သဘောအရ ပန်းသာမြို့စားကြီး ဦးပန်းအောင်၏ သမီး မစာအုခေါ် "အု"အား အစိုးရရုံးတော်၏ အမိန့်ဖြင့် နရသိန်ထောင်တွင်း၌ လည်ပင်းကို ကြိုးတပ်၍ မသေ သေအောင် သတ်သော အသုဘအခါ ဖြစ်သော်ကြောင့်တည်း။ ။